http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဟေမဝတသုတ္တန်

# တရားတော်

သာသနာ - ၂၅၅၀ ကောဇာ - ၁၃၆၉ ခရစ် - ၂၀၀၇

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဟေမဝတသုတ္တန်

## တရားတော်

သာသနာ - ၂၅၅၀ ကောဇာ - ၁၃၆၉ ခရစ် - ၂၀၀၇

http://www.dhammadownload.com

# ဘုရားရှင်ဟောကြားသည့်

## အဖြေဆောင်ပုဒ်များ

ခြောက်ပါးရှိက လောကဖြစ်သည်၊
ခြောက်ပါးမှာချည်း ပေါင်းသင်းနေသည်။
ခြောက်ပါးကိုစွဲ လူပဲခေါ်သည်၊
ခြောက်ပါး၌အားစိုက် ပင်ပန်းသည်။
ငါးဖြာကာမ ဆဋ္ဌစိတ်တွင်၊
ငါ့ဟာငါပဲ ယူစွဲထင်မြင်။
ထိုမှာဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင်
ဆင်းရဲမှ လွတ်ရယောဂီရှင်။
သီလသန့်ရှင်း အတွင်းမှာပင်၊
ကြံ့ခိုင်မှုရှိ သတိထင်လျှင်။
စိတ်တည်ကြည်ရင်း ဉာဏ်လင်းသိမြင်၊
ဩဃများ ကူးသွားယောဂီရှင်။
ကာမဂုဏ်ထဲ တပ်စွဲရောင်ကြဉ်၊
သံယောဇဉ်များ လွန်သွားလေလျှင်။
နန္ဒီရာဂ ဘဝကုန်စင်၊
ပင်လယ်မြစ် မနစ် ယောဂီရှင်။

http://www.dhammadownload.com

1300

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဟေမဝတသုတ္တန်

တရားတော်

သာသနာနှစ်-၂၅၅၀၊ ကောဇာနှစ်-၁၃၆၉၊ ခရစ်နှစ်-၂၀၀၇

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ်- ၃၂၀၁၅၆၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၃၂၀၁၉၈၀၃၀၇
-
ဆဋ္ဌမအကြိမ်
-
အုပ်ရေ - ၁၀၀၀
-
၂၀၀၇ - ခုနှစ်၊ မတ်လ
-
-
တန်ဖိုး - (        ) ကျပ်


ဦးတင်ဝမ် (၂၄၀)၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊ အမှတ်- ၁၆၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့၊

**ဖြန့်ချိရေး**
မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊
ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊
ဖုန်း - ၅၄၁၉၇၁၊ ၅၄၅၉၁၈

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ

**ကမ္ဘာ့သာသနာပြု**



ကျေးဇူးတော်ရှင် – မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com

# မဟာစည်ဆရာတော်ဘုရားကြီး ဘဝဖြစ်စဉ်အကျဉ်း

ဆဋ္ဌသင်္ဂါယနာ တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် လောင်းလျာ သားရတနာကို ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ၌ အဘ ဦးကံတော်+အမိ ဒေါ်ရွှေအုပ်တို့မှ သက္ကရာဇ် ၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်၊ သောကြာနေ့ (၂၉-၇-၁၉၀၄) တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ **မောင်သွင်** ဖြစ်သည်။

အသက် (၁၂)နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သက်တော် (၂၀)တွင် ရဟန်းပြုသည်။ ပရိယတ္တိစာပေ၊ နေ့ဝါ ညဝါကျမ်းစာအရပ်ရပ်ကို သင်ယူတော်မူပြီး ၁၃၀၃-ခုနှစ်တွင် **"သာသနဓဇ သိရီပဝရဓမ္မာစရိယ"** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံယူရရှိတော်မူသည်။

ငယ်ဆရာများနှင့်တကွ မန္တလေးမြို့အနောက်ပြင် ခင်မကန်တိုက်၌ ကျော်စောသော ဆရာတော်များထံ ပရိယတ္တိကျမ်းဂန်များ သင်ယူဆည်းပူးတော်မူခြင်း၊ **သထုံမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး**ထံ ပဋိပတ်ကို နည်းခံကျင့်ကြံအားထုတ်ခြင်းတို့ဖြင့် ပရိယတ်၊ ပဋိပတ် စွယ်စုံထူးချွန်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူခဲ့လေသည်။

http://www.dhammadownload.com

## (ခ) မဟာစည်ဆရာတော်ဘုရားကြီး ဘဝဖြစ်စဉ်အကျဉ်း

ဆရာတော်သည် သိက္ခာတော် (၂၅)ဝါရအထိ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းနှင့် မော်လမြိုင်တောင်ဝိုင်းကလေး တိုက်ကျောင်းတို့တွင် အခါအားလျော်စွာ သီတင်းသုံး၍ ပရိယတ္တိ, ပဋိပတ္တိ သင်ကြားပို့ချ နည်းနာညွှန်ပြတော်မူခဲ့သည်။

၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်နေ့ (၁၀-၁၁-၁၉၄၉)တွင် ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ပင့်ဆောင်ကိုးကွယ်မှုဖြင့် ရန်ကုန်မြို့၊ သာသန ရိပ်သာသို့ ကြွရောက်တော်မူကာ ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်နေ့ (၄-၁၂-၁၉၄၉)မှစ၍ ယောဂီများအား ဝိပဿနာတရား ဟောကြားပြသတော်မူခဲ့သည်။ ရိပ်သာ၏ အမည်သည်လည်း **မဟာစည်သာသန ရိပ်သာ** ဟု တွင်ခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၁၉-ခုနှစ်တွင်၊ **အဂ္ဂမဟာပဏ္ဍိတဘွဲ့**တံဆိပ်တော်ကို ဆက်ကပ်ခံယူရရှိတော်မူသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် **ဆဋ္ဌသင်္ဂီတိပုစ္ဆက** တာဝန်ကို ဆောင်ရွက်တော်မူသည်။ ၎င်းပြင် **ဆဋ္ဌသင်္ဂါယနာ့ဩဝါဒါစရိယ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော် ဩဝါဒါစရိယ** စသည့် သာသန တာဝန်အရပ်ရပ်ကိုလည်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်တော်မူခဲ့လေ သည်။ ထိုစဉ်က **ဆဋ္ဌသင်္ဂီတိဝိသဇ္ဇကကား တိပိဋကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ** ပင်တည်း။

၁၃၀၅-ခုနှစ်တွင် မဟာစည်ဆရာတော် စီရင်ရေးသားတော်မူသော **ဝိပဿနာရှုနည်းကျမ်းကြီးနှစ်တွဲ**မှာ ကျော်စောထင်ရှားလှပေသည်။

http://www.dhammadownload.com



ဆက်လက်ပြုစုသောကျမ်းများနှင့် ဟောတရားများမှာ စာအုပ်အဖြစ်သို့ ရောက်ရှိလာသော **ကျမ်းစာအုပ်ပေါင်းမှာ (၇၀) ကျော်** ရှိပေသည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် မြန်မာနိုင်ငံအတွင်း **မဟာစည်ဩဝါဒခံရိပ်သာခွဲပေါင်း (၃၀၀) ကျော်** တည်ရှိခဲ့ပြီး ကမ္ဘာအရပ်ရပ်တွင်လည်း သာသနာပြုရိပ်သာခွဲများကို တည်ထောင်ပေးတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး ပြသတော်မူသော ဝိပဿနာတရားပွားများကျင့်ကြံ အားထုတ်ပြီးသူ ရဟန်းရှင်, လူ ယောဂီဦးရေ (၇,၀၀,၀၀၀) ကျော်ရှိခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ ဂျပန် စသော အရှေ့တိုင်းနိုင်ငံများနှင့် ဥရောပ၊ အင်္ဂလန်၊ အမေရိက စသော အနောက်နိုင်ငံများအပါအဝင် ကမ္ဘာအရပ်ရပ်မှ ပင့်ဖိတ်လျှောက်ထားချက်များအရ ကြွရောက်တော်မူပြီးလျှင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားရေးကို ဆောင်ရွက်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် (၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါ ရရှိရာ ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက်နေ့ (၁၄-၈-၁၉၈၂) စနေနေ့တွင် မဟာစည်သာသနာ့ရိပ်သာစ်ကျောင်းတော်၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

* * *

http://www.dhammadownload.com

# အချီးနိဒါန်း

## ဘုရားအစစ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ. . . .

အထက်ပါမေးခွန်း၏အဖြေကို အတိအကျအပြည့်အစုံ သိလိုလျှင် **ဟေမဝတသုတ္တန်တရားတော်** ကိုဖတ်ပါ။ ဤဟေမဝတသုတ္တန်တရားတော်၌ ဘုရားအစစ်၏ ဂုဏ်တော်တို့ကို အပြည့်အစုံ သိနားလည်သော **ဟေမဝတနတ်မင်း**က ဘုရားအစစ် ဟုတ်မဟုတ် ထင်ရှားအောင် စစ်တမ်းထုတ်ထားသည်။ ဘုရားအစစ်ကို ကိုယ်တိုင်တွေ့လာသော **သာတာဂိရိနတ်မင်း**က ဘုရားအစစ်၏ ဂုဏ်များကို အတိအကျ ရှင်းလင်းပြတ်သားစွာ ဖြေဆိုထားပေသည်။

ဤသုတ်ကို (၁)နံပါတ် လက်ဦးတရားတော်ဖြစ်သော ဓမ္မစက္ကပ္ပဝတ္တန-ခေါ် **ဓမ္မစကြာသုတ်** ဟောတော်မူပြီးနောက် ထိုဝါဆိုလပြည့်နေ့ညမှာပင် ဟောတော်မူသောကြောင့် ဤသုတ်တရားတော်သည် (၂)နံပါတ် လက်ဦးတရားတော်လည်း ဖြစ်ပေသည်။

ဤအရာ၌ သဒ္ဓါအားနည်းသူအချို့က ဤသုတ်ကို နောက်ဆရာတို့ ထည့်သွင်းထားသော ထိုးဇာတ်ကလေးဟု မရှိမသေပြောဆိုကြ၏။ အမှန်မှာ ထိုးဇာတ်မဟုတ်၊ သင်္ဂါယနာတင်ဆရာ၊ အဋ္ဌက

http://www.dhammadownload.com



ထာ ဆရာတို့ပြဆိုထားသည့်အတိုင်း ထိုဝါဆိုလပြည့်နေ့ညဉ့်ကပင် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားသော **ဗုဒ္ဓပါဝစန**ဖြစ်ကြောင်း လုံလောက်သော အထောက်အထားရှိပါပေသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်များကို တစ်ဆင့်ကြားကာမျှဖြင့် ကြည်ညိုသဒ္ဓါဖြစ်ပွားသော ဥပါသိကာအမျိုးသမီးတို့တွင် ဧတဒဂ်ရသော ကုရရဃရမြို့သူ **ကာဠီ**သည် ဤသုတ်၏ အချီးနိဒါန်းဖြစ်သော နတ်မင်းနှစ်ဦးတို့၏ အမေးအဖြေကို ကြားရ၍ ကြည်ညိုသဒ္ဓါဖြစ်ပွားပြီးလျှင် သောတာပန်ဖြစ်ရပေသည်၊ ယင်းကာဠီသည် လူ့လောက၌ အမျိုးသမီးတို့တွင် အစအဦး သောတာပန် အရိယာသာဝိကာမလည်း ဖြစ်ပေသည်၊ ဤအကြောင်းကို အင်္ဂုတ္တရနိကာယ် ဧကနိပါတ် ဧတဒဂ္ဂဝဂ်၌ အထင်အရှားပြဆိုထားပေသည်၊ အကယ်၍ ဟေမဝတသုတ်သည် နောက်ဆရာတို့ ထည့်သွင်း ထားသော သုတ်ဖြစ်ခဲ့ပါမူ "ကာဠီ အမျိုးသမီးသည် ဘယ်တရားကို နာရ၍ တစ်ဆင့်ကြားကာမျှဖြင့် ကြည်ညိုသူ ဧတဒဂ်ရဖြစ်သနည်း" ဟူသော ဤမေးခွန်းကို ဖြေ ရှင်းရန် ခဲယဉ်းပေလိမ့်မည်၊ အများက လက်ခံနိုင်အောင် ဖြေရှင်းနိုင်မည် မဟုတ်ပေ၊ ထို့ကြောင့် ဤဟေမဝတသုတ်သည် ဓမ္မစကြာသုတ်ကို ဟောတော်မူသည့် ညဉ့်မှာပင် မြတ်စွာဘုရား ဟောတော်မူခဲ့သော သုတ်ဖြစ်ကြောင်း ရှိသေလေးစား မှတ်သားအပ်ပေသည်။

တစ်ချိန်က ကျေးငူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးတွင် ဓမ္မစကြာသုတ်မှစ၍ အစဉ်ထင်ရှားသော သုတ်တို့ကို မြတ်စွာဘုရားဟောတော်မူသည့် အစဉ်အတိုင်း တစ်သုတ်ချင်း အကျယ်တဝင့်ဟောကြား တော်မူခဲ့လေသည်၊ ရှေးဦးစွာ ဓမ္မစကြာသုတ်

http://www.dhammadownload.com



တရားတော်ကို ၁၃၂၄-ခုနှစ်၊ တော်သလင်းလကွယ်နေ့မှစ၍ သီတင်းနေ့တိုင်း အခွင့်သင့်သလို အကျယ်ဖွင့်ပြ၍ ဟောတော်မူခဲ့လေသည်၊ ဘုရားအဖြစ်သို့ ရောက်တော်မူပုံ၊ သတ္တဋ္ဌာနစံနေတော်မူပုံ၊ တရားဦးဟောရန် မိဂဒါဝုန်သို့ ကြွတော်မူပုံစသော အကြောင်းပြနိဒါန်းနှင့်တကွ အကျယ်ချဲ့၍ ဟောတော်မူခဲ့ရာ ထိုခုနှစ် နှောင်းတန်ခူးလပြည့်နေ့မှာမှ ပြီးဆုံးသွားလေသည်။

ထိုစဉ်အခါက အကျယ်ဖွင့်၍ ဟောကြားသော ထိုဓမ္မစကြာတရားတော်ကို နာကြားကြရသော ဤစာရေးသူနှင့်တကွ ရဟန်း၊ လူ၊ ရှင်-သူတော်စင်တို့မှာ **သဗ္ဗရသံ ဓမ္မရသော ဇိနာတိ** ဟူသည်နှင့်အညီ အရသာထဲတွင် အမြတ်ဆုံးဖြစ်သော တရားအရသာကို ခံစားကြရသဖြင့် နာကြား၍ အားမရနိုင်၊ မရောင့်ရဲနိုင်အောင် ရှိခဲ့ကြပေသည်။ ထိုတရားတော်ကြီး ပြီးဆုံးသွားသောအခါ၌လည်း ထိုတရားတော်ကြီးကို တအောက်မေ့မေ့နှင့် စိတ်ထဲမှာ စွဲလျက်ရှိကြပေသည်။ သို့သော် နောက်ထပ်တစ်ဖန် ဝမ်းသာရန် အကြောင်းပေါ်လာပြန်သည်မှာ-

၁၃၂၄-ခု၊ နှောင်းတန်ခူးလဆုတ် ၆-ရက်နေ့သည် သင်္ကြန်အကျနေ့ဖြစ်သဖြင့် ထိုနေ့မှစ၍ အစဉ်ကျရောက်နေသော ဤဟေမဝတသုတ္တန်တရားတော်ကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဆက်လက်၍ ၆-ကြိမ်တိုင်တိုင် အကျယ်တဝင့်ပင် ဟောတော်မူပြန်လေသည်၊ ထိုအခါ၌ ဤစာရေးသူနှင့်တကွ တရားနာပရိသတ်တို့မှာ ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်များကို တိကျပြည့်စုံစွာ ကြားနာကြရသဖြင့် ဘုရားဂုဏ်တော်များ အောက်မေ့ဆင်ခြင်ကာ **ဗုဒ္ဓါနုဿတိဘာဝနာ**၏ အစွမ်းဖြင့် ပီတိပါမောဇ္ဇများ တဖွားဖွားဖြစ်ပေါ်ကာ ဝမ်းသာဝမ်းမြောက်ခြင်းဟူသော ဘာဝနာအရသာတို့ကို

http://www.dhammadownload.com



များစွာပင် ခံစားကြရပေသည်၊ ထိုစဉ်အခါက ရန်ကုန်မြို့ လန်ကစ္စတာလမ်းနေ တရားမ တရားသူကြီး ဦးသိန်းဟန်က ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်များကို အဖန်ဖန်ထပ်၍ ကြားနာနိုင်ရန် တိတ်ရီကော်ဒါ အသံဖမ်းစက်ဖြင့် ဖမ်းယူထားခဲ့ပေသည်။

ဤစာရေးသူသည်လည်း ထိုအခါက ရန်ကုန်သာသနာ့ရိပ်သာ၌ လက်ထောက်ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်နေဆဲဖြစ်၍ ထိုအသံဖမ်းကြိုးခွေများမှ ဖွင့်၍ ကြားနာတိုင်း ကြားနာတိုင်းပင် ဓမ္မပီတိအရသာထူးများကို ခံစားရသောကြောင့် စာမူဖြင့် ကြည့်ရှုနိုင်ရန်အတွက် ကြိုးခွေတရားမှ စာမူဖြစ်အောင် ကူးယူစေခဲ့ပေသည်၊ ထိုစာမူကို ကြည့်ရှု၍ ဤဟေမဝတတရားတော်ကို ဖျာပုံမြို့၊ အိမ်မဲမြို့၊ ကံဘက်မြို့၊ ဝီးကုန်းမြို့၊ မင်းလှမြို့၊ တောင်ကြီးမြို့-စသော ဌာနပေါင်းများစွာတို့၌ ဤစာရေးသူကိုယ်တိုင်လည်း ဆရာတော်ဘုရားကြီး၏မူအတိုင်း အကြိမ်များစွာပင် ဟောကြားခဲ့ဖူးပေသည်၊ ဟောကြားတိုင်းမှာပင် ကြားနာရသူ ရဟန်း, လူ, ရှင်-သူတော်စင်အပေါင်းတို့မှာ နှစ်ထောင်းအားရ သဘောကျ ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇဟူသော တရားအရသာကို ထူးထူးခြားခြား ခံစားကြရပေသည်၊ သို့ဖြစ်၍ ဤဟေမဝတသုတ္တန်တရားတော်သည် ဆရာတော်ဘုရားကြီးကိုယ်တိုင် မူသန့်ဖြစ်အောင်ပြင်ဆင်၍ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်လျှင် အလွန်ပင် ကျေးဇူးများပေလိမ့်မည်ဟု ဆင်ခြင်ကြံဆ တောင့်တမိခဲ့ပေသည်။

ထိုသို့ တောင့်တ,နေစဉ်ပင် ရန်ကုန်သာသနာ့ရိပ်သာ ရောက်ခိုက်တွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက မူသန့်ပြင်ဆင်ထားသော ဟေမဝတသုတ္တန်တရားတော်စာမူကို

http://www.dhammadownload.com



ဤစာရေးသူထံ ပေးအပ်၍ အချီးနိဒါန်းရေးရန် အမိန့်ချမှတ်တော်မူလေသည်။ ထိုအခါ မိမိမှာ စာရေးသားခြင်း၌ အလေ့အထနည်းပါးသူဖြစ်သောကြောင့် နေရာတကျဖြစ်အောင် ရေးမှရေးနိုင်ပါမည်လားဟု တွေးတောဆင်ခြင်မိပါသည်။ သို့သော်လည်း မိမိနှင့်ထိုက်တန်လို့ တာဝန်ပေးတာပဲဟု နှလုံးသွင်းပြီး စွမ်းနိုင်သမျှ ရေးဖို့ရာ ကြိုးစားရပါတော့သည်။

ရေးရန်အတွက် အထောက်အပံ့ရအောင် စာမူကို ရှေးဦးစွာ ကြည့်ရှုပါသည်၊ ထိုသို့ကြည့်ရှုသောအခါမှာ ယခင်က ကြားနာပြီး အကြိမ်ကြိမ်ဖတ်ရှုပြီးဖြစ်သော်လည်း ဘုရားဂုဏ်တော်များကို ဆရာတော်ကြီးက ဖွင့်ပြဟောကြားထားသည်မှာ အသစ်အဆန်းကဲ့သို့ပင် ထင်မြင်ရပါပေသည်။ ထိုဘုရားဂုဏ်တော်များကို အာရုံပြု၍ တစိမ့်စိမ့် တငြိမ့်ငြိမ့်နှင့် ဝမ်းမြောက်ဝမ်းသာမှု ပီတိသောမနဿနှင့် ကြည်ညိုမှု သဒ္ဓါတရားတွေ တဖွားဖွားဖြစ်ပွားလာသည်ကိုလည်း အကြိမ်များစွာ တွေ့ရပါသည်၊ ထိုသို့တွေ့ရသဖြင့် "နတ်မင်းနှစ်ဦး၏ အမေးအဖြေကို ကြားနာရုံမျှဖြင့် ကာဠီဆိုတဲ့ သူငယ်မလေး ပီတိသောမနဿသဒ္ဓါဖြစ်ပွားပြီး သောတာပန်ဖြစ်သွားသည်ဆိုတာ ဟုတ်လောက်ပါပေသည်။ ဖြစ်လောက်ပါပေသည်"ဟု ဆုံးဖြတ်ထောက်ခံနိုင်သည့် အခြေအနေသို့ ရောက်သွားခဲ့ပေသည်။

သို့ဖြစ်၍ ယခုအခါ၌လည်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဤဟေမဝတသုတ္တန်တရားတော်ကို သဒ္ဓါတရားအားကောင်းသော အမျိုးသမီး, အမျိုးသားတို့ ဖတ်ရှုလေ့လာလျှင် တရားစာကို ဖတ်နေရင်း ကာဠီကဲ့သို့ပင် ပီတိသောမနဿသဒ္ဓါဖြစ်ပွားလျက် သောတာပန်ဖြစ်သွားနိုင်ဖွယ် ရှိပါပေသည်ဟူ၍လည်းကောင်း၊ သောတာပန်အဖြစ်သို့ မရောက်နိုင်စေကာမူ ပီတိသောမနဿတွေ

http://www.dhammadownload.com



အကြိမ်များစွာဖြစ်ပွားလျက်သဒ္ဓါအစရှိသော ဣန္ဒြေငါးပါးရင့်ကျက်သွားမည်မှာ သေချာလှပေသည်ဟူ၍လည်းကောင်း ဆင်ခြင်မိပါသည်၊ မှန်ပေ၏၊ ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါက "မိမိ၏ အလှူဝတ္ထုကို သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ အရှင်မြတ်များ သုံးဆောင်ခြင်းနှင့်စပ်၍ ဆင်ခြင်ခြင်းဖြင့် ပီတိပါမောဇ္ဇဖြစ်ပွား၍ ဣန္ဒြေတို့ကို ပွားစေခြင်း ဣန္ဒြိယ ဘာဝနာဖြစ်ပါလိမ့်မည်"ဟု မြတ်စွာဘုရားအား လျှောက်ထားခဲ့ပေသည်၊ မြတ်စွာဘုရားက ထိုလျှောက်ထားချက်ကို သာဓုခေါ်တော်မူ၍ ချီးမြှောက်အားပေးတော်မူခဲ့ပေသည်။

ယခုဟေမဝတသုတ္တန်တရားတော်ကိုဖတ်လျက် ဘုရားဂုဏ်တော်များကို အာရုံပြုရသည်မှာ ဗုဒ္ဓါနုဿတိဘာဝနာကို လေးလေးနက်နက်ပွားများနေရခြင်းဖြစ်သည်၊ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာ၏ အစွမ်းဖြင့် ပီတိပါမောဇ္ဇ ပဿဒ္ဓိ သုခသမာဓိဖြစ်ပွားလျက် ဣန္ဒြိယဘာဝနာဖြစ်နိုင်သည်မှာ ယုံမှားဖွယ်မရှိ ဖြစ်ပေသည်။

ထို့ပြင် ဤဟေမဝတသုတ္တန်တရားတော်ကို ဖတ်ရှုခြင်းဖြင့် ဘုရားစစ်ဘုရားမှန်၏ ဂုဏ်တော်များကို နက်နက်နဲနဲသိရ၍ မူလကထက်သာပြီး ခိုင်မြဲသော ဩကပ္ပနသဒ္ဓါ ဖြစ်ပွားမည်မှာလည်း ယုံမှားဖွယ်မရှိ ဖြစ်ပေသည်။

ထို့ပြင် ဤဟေမဝတသုတ္တန်၌ ဝိပဿနာမဂ်ဖိုလ်နှင့်စပ်သော အမေးအဖြေများလည်း ပါဝင်လျက်ရှိရာ ထိုအချက်များကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အများနားလည်အောင် ဖွင့်ပြထားသဖြင့် ဝိပဿနာ မဂ်ဖိုလ်တရားထူးများ ဖြစ်ပုံကို ပိုင်ပိုင်နိုင်နိုင် သိနားလည်ရမည်မှာလည်း ယုံမှားဖွယ်မရှိ ဖြစ်ပေသည်။

http://www.dhammadownload.com

# အချီးနိဒါန်း

သို့ဖြစ်၍ ဤစာရေးသူက အောက်ပါပတ္ထနာမင်္ဂလာဆုတောင်းများဖြင့် အချီးနိဒါန်းကို နိဂုံးချုပ်လိုက်ပါတော့သည်။

(၁) ဤပဟေဝတသုတ္တန်တရားတော်ကို ဖတ်ရှုရင်း ကာဠီအမျိုးသမီးကဲ့သို့ အရိယမဂ်ဖိုလ် တရားထူးကို ရကြပါစေ။

(၂) ထိုသို့ မရနိုင်လျှင်လည်း ပီတိပါမောဇ္ဇ စသည်ဖြစ်ပွားလျက် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဟူသော ဣန္ဒြေငါးပါးကို ပွားစေသောအားဖြင့် တရားထူးရကြောင်းဖြစ်သော ဣန္ဒြေပါရမီ ရင့်ကျက်မှုကို ရကြပါစေ။

(၃) ဝိပဿနာရှုပုံ, မဂ်ဖိုလ်ဉာဏ်ဖြစ်ပုံများကို ဖတ်ရှုရသောအားဖြင့် ထက်သန်သော သဒ္ဓါဆန္ဒ ဖြစ်ပွား၍ သတိပဋ္ဌာန် ဝိပဿနာ အလုပ်ကို အပြည့်အစုံအားထုတ်ကြလျက် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။

**အရှင်ဝဏ္ဏိတ**

ကမ္မဋ္ဌာနာစရိယနာယကဆရာတော်

မဟာစည်သာသနာ့ရိပ်သာ

(၈)လမ်း၊ ဖျာပုံမြို့။

၁၃၃၅ - ခုနှစ်၊

ဝါခေါင်လဆုတ် (၇)။

http://www.dhammadownload.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

## ပထမပိုင်း ( စာမျက်နှာ- ၁ မှ ၆၂ ထိ)


■ တရားပလ္လင်ခံ ... ၁
■ လူကိုင်းနဲ့ သင့်လျော်ပါတယ် ... ၂
■ အဲဒီသုတ်ကို ဟောတဲ့နှစ် ... ၃
■ ဓမ္မစကြာ ဟောတဲ့အချိန် ... ၄
■ တရားဦးနာရ၍ တရားထူးရသူတွေ ... ၅
■ စိတ်တည်ငြိမ်မှုက အရေးကြီးတယ် ... ၅
■ အချိုးကျကျ တရားနာပုံ ... ၆
■ ကာမဂုဏ်တွေက လှည့်စားတတ်တယ် ... ၈
■ မိတ်ဆွေကို ဖိတ်ခေါ်ဖို့ သွားတယ် ... ၉
■ နတ်စကားကြားရတဲ့ အမျိုးသမီး ... ၁၁
■ သာတာဂိရိနတ်က ဖိတ်ခေါ်ပုံ ... ၁၂
■ အရဟံဂုဏ်တော် ... ၁၅
■ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ... ၂၀
■ ဗုဒ္ဓဂုဏ်တော် ... ၂၁
■ ဖိတ်ခေါ်ပုံဆောင်ပုဒ် ... ၂၂
■ ဟေမဝတ၏စိစစ်ပုံ (၁) ... ၂၃
■ စိတ်ကို အညီအမျှထားနိုင်ပါရဲ့လား ... ၂၃
■ စိတ်ကိုနိုင်နင်းပါရဲ့လား ... ၂၄
■ အမေးခံရတာ ကြောက်စရာကောင်းတယ် ... ၂၇
■ သာတာဂိရိ၏အဖြေ(၁) ... ၂၉

http://www.dhammadownload.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


- စိတ်ကိုအညီအမျှထားနိုင်ပါတယ် ... ၂၉
- အလွန်ကြည်ညိုစရာကောင်းပါတယ် ... ၃၁
- မဟာကရုဏာဖြစ်တော်မူပုံ ... ၃၃
- အိုနာသေသို့ ဆောင်ပို့နေသည် ... ၃၃
- အားကိုးဖွယ်မရှိ ... ၃၇
- လမ်းမှားရောက်နေသူက သာပြီးသနားစရာကောင်းတယ် ... ၄၀
- ကောရဗျမင်းနှင့် အရှင်ရဋ္ဌပါလ အမေးအဖြေ ... ၄၁
- ကိုယ်ပိုင်ဥစ္စာ မရှိပါတကား ... ၄၃
- အလိုမပြည့်ပါတကား ... ၄၆
- ဘုကျကျမေးခွန်း ... ၅၁
- ပညာရှိမေးခွန်း ... ၅၂
- စိတ်အကြွနိုင်နင်းတော်မူပုံ ... ၅၃
- နှစ်သက်ဖွယ်ကို စက်ဆုပ်ဖွယ်ဖြစ်အောင်ရှုနိုင်တယ်. . ၅၅
- စက်ဆုပ်ဖွယ်ကို နှစ်သက်ဖွယ်ဖြစ်အောင်ရှုနိုင်တယ်. . ၅၆
- အရှင်မဟာကဿပနှင့် လူနူ၏လက်ပြတ် ... ၅၇
- လျစ်လျူရှုနိုင်တယ် ... ၅၇
- သာတာဂိရိ အဖြေဆောင်ပုဒ် (၁) ... ၆၀

http://www.dhammadownload.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

## ဒုတိယပိုင်း (စာမျက်နှာ- ၆၃ မှ ၁၀၂ထိ)


- တရားအနုသန္ဓေ ... ၆၃
- သင့်ဘုရားက ကာယဒုစရိုက် ကင်းပါရဲ့လား ... ၆၆
- ဟေမဝတ၏ စိစစ်ပုံ (၂) ... ၆၆
- ခိုးယူမှု ကင်းပါရဲ့လား ... ၆၇
- ညှဉ်းဆဲမှု မေ့လျော့မှု ကင်းပါရဲ့လား ... ၆၈
- ကဿပတက္ကတွန်းကြီး၏ ရိုင်းသောစကား ... ၆၉
- ဈာန်ဝင်စားမှု ရှိပါရဲ့လား ... ၇၁
- သာတာဂိရိ၏ အဖြေ(၂) ... ၇၂
- ခိုးယူခြင်းလည်း ကင်းပါတယ် ... ၇၂
- ဘုရားတု ဂိုဏ်းဆရာကြီးများ ... ၇၄
- အသတ်ခံရ အခိုးခံရမှာ လူတိုင်းပင်အလိုမရှိကြ... ၇၅
- သမုစ္ဆေဒဝိရတီဖြင့် လုံးဝကင်းသည် ... ၇၆
- ကိုယ်ချင်းစာတရားရှိလျှင် မခိုးနိုင် ... ၇၇
- ဝိပဿနာဖြင့် ခိုးမှုကင်းပုံ ... ၇၈
- အရိယမဂ်ဖြင့် ခိုးမှုကင်းပုံ ... ၇၉
- ညှဉ်းဆဲမှုလည်း ကင်းတယ် ... ၈၂
- သတ်နိုင်သေးရင် သောတာပန်မဟုတ် ... ၈၄
- မေ့လျော့ရေးမှ ဝေးကွာပါသည် ... ၈၆
- သာတာဂိရိ အဖြေဆောင်ပုဒ် (၂) ... ၈၉

http://www.dhammadownload.com

## မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


- သမထစျာန် ... ၉၀
- ဝိပဿနာစျာန် ... ၉၁
- သာဓုခေါ်တုန်း စျာန်ဝင်စားတော်မူသည် ... ၉၄
- မြန်မာသာဓုနှင့် သီဟိုဠ်သာဓု ... ၉၄
- သမာပတ်ပေါင်း ကုဋေနှစ်သန်းလေးသိန်း ... ၉၆
- မမေ့မှုဖြင့် ဝိပဿနာစျာန်ပွားနေပုံ ... ၉၈


### တတိယပိုင်း (စာမျက်နှာ- ၁၀၃ မှ ၁၅၃ ထိ)


- တရားအနုသန္ဓေ ... ၁၀၃
- သင့်ဘုရားက ဝစီဒုစရိုက် ကင်းပါရဲ့လား (စိစစ်ပုံ-၃) ... ၁၀၄
- ဝဿကာရ၏ ကုန်းတိုက်ပုံ ... ၁၀၅
- သာတာဂိရိနတ်၏ အဖြေ (၃) ... ၁၀၈
- သာတာဂိရိ အဖြေဆောင်ပုဒ် (၃) ... ၁၁၄
- စကား၆-ခွန်းတွင် ၂-ခွန်းသာ ပြောသည် ... ၁၁၅
- မြတ်စွာဘုရား ပြောဆိုတဲ့စကား ၂-ခွန်း ... ၁၂၀
- သုဂတဂုဏ်တော် ... ၁၂၃
- သင့်ဘုရားက မနောဒုစရိုက် ကင်းပါရဲ့လား ... ၁၂၄
- ဟေမဝတ၏ စိစစ်ပုံ (၄) ... ၁၂၄
- မိစ္ဆာဒိဋ္ဌိကြီး သုံးပါး ... ၁၂၆

http://www.dhammadownload.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


- သာတာဂိရိနတ်၏ အဖြေ (၄) ... ၁၂၉
- ကာမရာဂလည်း ကင်းတယ် ... ၁၂၉
- ဒေါသလည်း ကင်းတယ် ... ၁၃၀
- မောဟလည်း ကင်းတယ် ... ၁၃၁
- နိယတဗျာဒိတ်ရကတည်းက မိစ္ဆာဒိဋ္ဌိကင်းခဲ့တယ်. . . ၁၃၂
- လူသေလူဖြစ်ဆိုတာနဲ့ ကိုက်ညီနေတယ် ... ၁၃၃
- မိစ္ဆာဒိဋ္ဌိ ဘယ်တော့ကစ၍ ဖြစ်ပေါ်လာခဲ့သလဲ... ၁၃၅
- မောဟအားလုံးကင်းတယ် ... ၁၃၆
- ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူပါတယ် ... ၁၃၇
- စက္ခုငါးပါး ... ၁၃၇
- ဗုဒ္ဓစက္ခု ... ၁၃၉
- တတိယ ဒါရုစီရိယဝတ္ထု ... ၁၃၉
- အာသယာနုသယဉာဏ် ... ၁၄၁
- သာတာဂိရိ အဖြေဆောင်ပုဒ်(၄) ... ၁၅၀


## စတုတ္ထပိုင်း (စာမျက်နှာ- ၁၅၄ မှ ၂၁၆ ထိ)


- တရားအနုသန္ဓေ ... ၁၅၄
- ဟေမဝတနတ်၏ စိစစ်ပုံ (၅) ... ၁၅၅
- သာတာဂိရိအဖြေ (၅) ... ၁၅၅
- သာတာဂိရိ အဖြေဆောင်ပုဒ် (၅) ... ၁၅၈

http://www.dhammadownload.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


- ဝိဇ္ဇာသုံးပါး ... ၁၅၉
- ပုဗ္ဗေနိဝါသဉာဏ် ... ၁၅၉
- ဒိဗ္ဗစက္ခုဉာဏ် ... ၁၆၀
- ဒိဗ္ဗစက္ခုဖြင့် ပြိတ္တာတွေကို မြင်သည် ... ၁၆၂
- အာသဝက္ခယဉာဏ် ... ၁၆၄
- ဝိဇ္ဇာရှစ်ပါး ... ၁၆၆
- ဝိပဿနာဉာဏ် ... ၁၆၇
- မနောမယိဒ္ဓိနှင့် ဣဒ္ဓိဝိဓဉာဏ် ... ၁၇၄
- စေတောပရိယဉာဏ် ... ၁၇၄
- အဘိညာဉ်ရတဲ့ မာတိကမာတာ ဒကာမကြီး ... ၁၇၅
- စိတ်ကူးအကြံများတဲ့ရဟန်း ... ၁၈၀
- စိတ်အကြံသိသူ နားမှာနေရင် မတော်တာ မကြံဝံ့ဘူး ... ၁၉၁
- ဒိဗ္ဗသောတဉာဏ် ... ၁၉၃
- စရဏတစ်ဆယ့်ငါးပါး ... ၁၉၄
- ဝိဇ္ဇာစရဏနှင့်ပြည့်စုံသူ အမြတ်ဆုံးပဲ ... ၂၀၂
- ယခုယောဂီတွေလည်းဝိဇ္ဇာစရဏနှင့်ပြည့်စုံတယ်... ၂၀၉
- သုပ္ပဗုဒ္ဓဝတ္ထု ... ၂၁၀
- နောက်ဆုံးအဖြေ ၂-ချက် ... ၂၁၅
- တစ်ဆင့်ကြားဖြင့် ကြည်ညိုသူထဲက အမြတ်ဆုံး... ၂၁၆

http://www.dhammadownload.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

## ပဉ္စမပိုင်း (စာမျက်နှာ- ၂၁၉ မှ ၂၈၅ ထိ)


- တရားအနုသန္ဓေ ... ၂၁၉
- အပြန်အလှန် ချီးမွမ်းဖိတ်ခေါ်ခြင်း ... ၂၂၀
- နောက်ဆုံးဖိတ်ခေါ်ပုံဆောင်ပုဒ် ... ၂၂၂
- မြတ်စွာဘုရားထံ ခွင့်တောင်းပုံ ... ၂၂၆
- ဟေမဝတ၏ အမေး(၁) ... ၂၂၇
- မြတ်စွာဘုရား၏ အဖြေ (၁) ... ၂၂၈
- (က) ခြောက်ပါးရှိက လောကဖြစ်သည် ... ၂၂၆
- (ခ) ခြောက်ပါးမှာချည်း ပေါင်းသင်းနေသည် ... ၂၃၆
- မျက်စိနှင့် မြင်သိစိတ်က အဆင်းနှင့်ပေါင်းသည်... ၂၃၇
- နားနှင့်ကြားသိစိတ်က အသံနှင့်ပေါင်းသည် ... ၂၄၀
- နှာခေါင်းနှင့် နံသိစိတ်က အနံ့နှင့်ပေါင်းသည် ... ၂၄၁
- လျှာနဲ့စားသိစိတ်က အရသာနှင့်ပေါင်းသည် ... ၂၄၃
- ကိုယ်ရုပ်နှင့် ထိသိစိတ်က ထိစရာနှင့်ပေါင်းသည်... ၂၄၂
- ဖောင်းတာ ပိန်တာဟာ ကိုယ်အမူအရာပဲ မဟုတ်ပါလား ... ၂၄၄
- စိတ်ကူးက သဘောအာရုံနှင့်ပေါင်းသည် ... ၂၄၅
- ကိုယ်ပင်ပန်းတိုင်း အတ္တကိလမထအကျင့်မဟုတ်... ၂၄၈
- မြတ်စွာဘုရား၏ တိုက်တွန်းတော်မူပုံ ... ၂၅၀
- ကာမသုခလ္လိကနှင့် အတ္တကိလမထ ခွဲပုံ ... ၂၅၂

http://www.dhammadownload.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

■ သမထနှင့် ဝိပဿနာခွဲပုံ ... ၂၅၄
■ နယ်မကျွံစေရ ... ၂၅၆
■ အရိဋ္ဌရဟန်း၏ မိစ္ဆာအယူ ... ၂၅၈
■ သမာဓိနယ်ကိုလည်း မကျော်စေရ ... ၂၅၉
■ (ဂ) ခြောက်ပါးကိုစွဲ လူပဲခေါ်သည် ... ၂၆၁
■ (ဃ) ခြောက်ပါး၌ အားစိုက်ပင်ပန်းသည် ... ၂၆၁
■ မြတ်စွာဘုရား အဖြေဆောင်ပုဒ်(၁) ... ၂၆၄
■ ပောမဝတ၏ အမေး(၂) ... ၂၆၅
■ မြတ်စွာဘုရား၏ အဖြေ(၂) ... ၂၆၆
■ မာလုကျပုတ္တရဟန်းအား တရားပေးပုံ ... ၂၇၃
■ မြင်ရာ၌ ဖြစ်ထိုက်သည့် တဏှာကိုပယ်ပုံ ... ၂၇၅
■ ကြားရာစသည်၌ ဖြစ်ထိုက်သည့်တဏှာကိုပယ်ပုံ... ၂၇၆
■ မြတ်စွာဘုရား အဖြေဆောင်ပုဒ် (၂) ... ၂၈၁
■ ဒုတိယအဖြေ၏နိဂုံး ... ၂၈၁

## ဆဋ္ဌမပိုင်း (စာမျက်နှာ- ၂၈၆ မှ ၃၃၂ ထိ)

■ တရားအနုသန္ဓေ ... ၂၈၆
■ ပောမဝတ၏ အမေး(၃) ... ၂၈၇
■ မြတ်စွာဘုရား၏ အဖြေ (၃-က) ... ၂၈၈
■ ကာမရေစီးကြောင်း ... ၂၈၉

http://www.dhammadownload.com

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


- ■ ဘဝ ရေစီးကြောင်း ... ၂၉၀
- ■ ဒိဋ္ဌိ ရေစီးကြောင်း ... ၂၉၁
- ■ အဝိဇ္ဇာ ရေစီးကြောင်း ... ၂၉၃
- ■ ကူးမြောက်နိုင်ရန် ပထမအရည်အချင်း ... ၂၉၅
- ■ ကူးမြောက်နိုင်ရန် ဒုတိယအရည်အချင်း ... ၂၉၇
- ■ ကူးမြောက်နိုင်ရန် တတိယအရည်အချင်း ... ၂၉၈
- ■ ဧကောဓမွှာ အရမ်းပြောနေကြသည် ... ၂၉၉
- ■ အဖြေဆောင်ပုဒ် (၃-က) ... ၃၀၂
- ■ မြတ်စွာဘုရားအဖြေ (၃-ခ) ... ၃၀၅
- ■ အဖြေဆောင်ပုဒ်(၃-ခ) ... ၃၀၇
- ■ ဟေမဝတ၏ ချီးကျူးပုံ ... ၃၀၈
- ■ ဟေမဝတတို့၏ အတိတ်အကြောင်း ... ၃၁၀
- ■ ငယ်ရွယ်စဉ် တရားအားထုတ်နိုင်လျှင် သာ၍ကောင်းသည် ... ၃၁၄
- ■ ရဟန်းဖြစ်ပြီးခါစ အားထုတ်နိုင်လျှင် ပိုပြီးကောင်းသည် ... ၃၁၇
- ■ ဟေမဝတတို့၏ အကြောင်းအဆက် ... ၃၁၈
- ■ ဟေမဝတ၏ ကြေညာချက် ... ၃၂၈
- ■ ဟေမဝတ၏ကြေညာချက် ဆောင်ပုဒ် ... ၃၃၀
- ■ နိဂုံးချုပ် တရားသိမ်းဆုတောင်း ... ၃၃၂


**(ဟေမဝတသုတ္တန်တရားတော် မာတိကာပြီး၏။)**

http://www.dhammadownload.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ■ သံဃဥပုသ်ပြုရာ၌ တစ်ပါးတည်း ဥတ်ထား၍ စိစစ်ပုံ | ... ၃၃၃ |
| ■ ပါတိမောက်ပြပုံအကျဉ်း | ... ၃၃၈ |
| ■ သံဃပဝါရဏာပြုပုံအကျဉ်း | ... ၃၃၉ |
| ■ သံဃပဝါရဏာပြုပုံအကျယ် | ... ၃၄၂ |


* * *

http://www.dhammadownload.com

# ဟေမဝတသုတ္တန်တရားတော်

## ပထမပိုင်း

၁၃၂၄-ခုနှစ်၊ တန်ခူးလဆုတ် ၆-ရက်၊ သင်္ကြန်အကျနေ့

ဟောသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### တရားပလ္လင်ခံ

ဒီကနေ့ ၁၃၂၄-ခုနှစ်၊ တန်ခူးလဆုတ် ၆-ရက်နေ့ဖြစ်တယ်၊ ဒီကနေ့ဟာ ယခုနှစ် ကုန်ဆုံးခါနီး သင်္ကြန်အကျနေ့လည်းဖြစ်တယ်၊ ဒီကနေ့ကစပြီး သင်္ကြန်ရက်အတွင်းမှာ ဟေမဝတသုတ္တန်တရားတော်ကို ဟောကြားဖို့ရာ အစီအစဉ်ပြုလုပ်ထားတယ်၊ ဆောင်ပုဒ်စာရွက်ကလေးများလည်း ဝေထားတယ်။

http://www.dhammadownload.com



ဒီတရားတော်ကို ဒီကနေ့ဟောရခြင်း၏ အကြောင်းကတော့ လွန်ခဲ့တဲ့ တော်သလင်းလကွယ်နေ့ကစပြီး ဓမ္မစကြာတရားကို ဟောလာခဲ့တာဟာ သီတင်းပတ်ပေါင်း ၂၀-လောက်ရှိခဲ့တယ်၊ လွန်ခဲ့တဲ့ တန်ခူးလပြည့် သီတင်းကမှ ပြီးဆုံးသွားတယ်၊ အဲဒီဓမ္မစကြာတရား ပြီးဆုံးသွားတော့ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ ဒေသနာအစဉ်အားဖြင့်ဆိုရင် ဒီဟေမဝတသုတ္တန်က အလှည့်ကျနေတယ်၊ ဒီသုတ်က ဂါထာလေးများနှင့် တိုတိုကျဉ်းကျဉ်း ဟောထားတဲ့ သုတ်ဖြစ်တဲ့အတွက် သိပ်မထင်ရှားဘူး၊ ဓမ္မစကြာသုတ်ကို ဟောတော်မူပြီးတဲ့နောက် အနတ္တလက္ခဏသုတ်ကို ဟောတော်မူတယ်လို့သာ အများက သိနေကြတယ်၊ ဒါပေမယ့် ဒီဟေမဝတသုတ်က ဓမ္မစကြာသုတ်ဟောတော်မူပြီးတော့ အဲဒီညမှာပဲ ဟောထားတဲ့သုတ် ဖြစ်ပါတယ်၊ သုတ်အစဉ်အားဖြင့်ဆိုရင် ဒုတိယသုတ်ပေါ့၊ အဲဒီလိုအစဉ်ကလည်း ကျရောက်ပြီးတော့ ဒီသုတ်တရားကို နာချင်တဲ့ပုဂ္ဂိုလ်များကလည်းလျှောက်ထားတောင်းပန်ကြတဲ့အတွက် ဒီကနေ့ကစပြီး သင်္ကြန်တွင်းမှာ ဒီဟေမဝတသုတ္တန်တရားကို ဟောဖို့စီစဉ်ထားပါတယ်။

## လူတိုင်းနဲ့ သင့်လျော်ပါတယ်

ဒီသုတ်က လူတိုင်းနဲ့ သင့်လျော်ပါတယ်၊ ဒီသုတ်၏ အချီးနိဒါန်းမှာ ဟေမဝတနတ်နှင့် သာတာဂိရိနတ်တို့ အမေးအဖြေထဲမှာ အလွန်ကြည်ညိုဖွယ်ကောင်းတဲ့ ဘုရားဂုဏ်တွေလည်း ပါတယ်၊ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေ ကျင့်သင့်ကျင့်ထိုက်တဲ့ အကျင့်လမ်းစဉ်တွေလည်း ပါတယ်၊ ဒီမှာမေးဖြေထားတဲ့ ဘုရားဂုဏ်တော်တွေဟာ အင်မတန်ကြည်ညိုစရာကောင်းပါတယ်၊ ဒါကြောင့် အဲဒီ

http://www.dhammadownload.com



နတ် ၂-ဦး အမေးအဖြေပြုလုပ်နေစဉ်မှာ ကြားရတဲ့ အမျိုးသမီး တစ်ယောက်ဟာ ဘုရားပွင့်မှန်းတော့ စောစောကမသိသေးဘဲနဲ့ အဲဒီဘုရားဂုဏ်တော်တွေကို အာရုံပြုပြီး ကြည်ညိုနေရင်း သောတာပန်ဖြစ်သွားသတဲ့၊ ယခု ဘုန်းကြီးဟောတဲ့တရားကို နာကြားနေကြတဲ့ ပုဂ္ဂိုလ်တွေကလည်း ဒီအမျိုးသမီးလို တရားထူးကို ရသွားကြမယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ ဘာကြောင့်လည်းဆိုတော့ ဟိုတုန်းက နတ် ၂-ဦးပြောကြတာက တိုတိုကျဉ်းကျဉ်း တစ်ခဏ လေးပါ။ ယခုဘုန်းကြီးဟောမှာကတော့ အဲဒီအချိုးနိဒါန်းကို တစ်နေ့ ၂-နာရီထက်မနည်း သုံးလေးရက်လောက် ဟောရမှာဖြစ်တယ်၊ အချိန်ရော အနက်အဓိပ္ပာယ်ရော အများကြီး ပိုပြီးကျယ်ပြန့် ပြည့်စုံပါလိမ့်မယ်၊ ဒါကြောင့် ဘုန်းကြီးဟောတာကို နာနေရင်း အဲဒီအမျိုးသမီးလို သောတာပန်ဖြစ်မယ်ဆိုရင်လည်း ဖြစ်နိုင် ပါတယ်၊ သောတာပန် မဖြစ်တောင်မှ သောတာပန်ဖြစ်ဖို့ ပါရမီက တော့ ကောင်းကောင်းကြီးဖြစ်သွားပါလိမ့်မယ်။

## အဲဒီသုတ်ကို ဟောတဲ့နှစ်

အဲဒီသုတ်ကို ဟောတော်မူခဲ့တာ ဘယ်လောက်ကြာသွားပြီ လဲဆိုတော့ မြတ်စွာဘုရားက ဓမ္မစကြာတရားတော်ကို ဟောတော်မူ ပြီးတဲ့နောက် ၄၅-နှစ် ကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါတွေကို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ပါတယ်၊ အဲဒီလို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးတော့ ပရိနိဗ္ဗာန် စံတော်မူခဲ့ပါတယ်၊ အဲဒီ ပရိနိဗ္ဗာန်စံတော်မူသည်မှစပြီး ရေတွက်လာ ခဲ့တဲ့ သာသနာတော်နှစ်ဟာ ယခု ၂၅၀၆-နှစ်ရှိသွားပါပြီ၊ ၂၅၀၆- နှစ်ထဲမှာ ပရိနိဗ္ဗာန်မစံမီက ၄၅-နှစ်ကို ပေါင်းထည့်လိုက်ရင်

http://www.dhammadownload.com



၂၅၅၁-နှစ်ဖြစ်တယ်၊ ဒါကြောင့် ဓမ္မစကြာသုတ်ကို အဲဒီလွန်ခဲ့တဲ့ ၂၅၅၁-နှစ်က ဟောတော်မူခဲ့တယ်၊ ဒီဟေမဝတသုတ်ကိုလည်း အဲဒီ ဓမ္မစကြာ သုတ်ဟောတဲ့ညမှာပဲ ဟောတော်မူခဲ့တဲ့အတွက် လွန်ခဲ့တဲ့ ၂၅၅၁-နှစ်ကပဲ ဟောတော်မူခဲ့တယ်လို့ မှတ်ထားကြရမယ်၊ ဓမ္မစကြာသုတ်ပြီးရင် ဒီသုတ်ဟာ ရှေးအကျဆုံး တရားလက်ဟောင်းကြီး ဖြစ်တယ်လို့လည်း မှတ်ထားကြရမယ်။

## ဓမ္မစကြာတရား ဟောတဲ့အချိန်

အဲဒီ လွန်ခဲ့တဲ့ ၂၅၅၁-နှစ်က ကဆုန်လပြည့်နေ့ညအဆုံး အရုဏ်တက်လုနီးအချိန်မှာ မြတ်စွာဘုရားဟာ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဗောဓိမဏ္ဍိုင် ပလ္လင်တော်နှင့်တကွ ၇-ဌာနမှာ ခုနစ်ရက် ခုနစ်လီ ၄၉-ရက် သီတင်းသုံး စံနေတော်မူခဲ့တယ်၊ အဲဒီကနောက် တရားဦးဟောဖို့ရာ ဗာရာဏသီ မိဂဒါဝုန်တောအရပ်သို့ ကြွတော်မူခဲ့တယ်၊ အဲဒီ မိဂဒါဝုန်တောအရပ် ပဥ္စဝဂ္ဂီ ရဟန်းငါးပါးတို့၏ နေရာဌာနမှာ ဓမ္မစကြာသုတ် တရားတော်ကို ဟောတော်မူတယ်၊ အချိန်ကတော့ အဲဒီလွန်ခဲ့တဲ့ ၂၅၅၁-နှစ်က ဝါဆိုလပြည့်နေ့ ညနေချမ်းအချိန် နေဝင်လုဆဲဆဲမှာဖြစ်တယ်၊ အနောက်အရပ်မှာ နေလုံးကြီးက ရဲရဲကြီးဖြစ်ပြီး ကွယ်လုကွယ်ခါနီးဖြစ်နေတယ်၊ အရှေ့အရပ်ကလည်း လပြည့်ဝန်းကြီးကလည်း ပေါ်လာခါစ ဝါဝါဝင်းဝင်းကြီးဖြစ်နေတဲ့ အချိန်ဖြစ်တယ်၊ အဲဒီအချိန်မှာ ဓမ္မစကြာသုတ်တရားတော်ကြီးကို **"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"** စသည်ဖြင့် စတင်ဟောတော်မူပါတယ်။

http://www.dhammadownload.com



## တရားဦးနာရ၍ တရားထူးရသူတွေ

အဲဒီအခါမှာ စကြဝဠာ တိုက်တစ်သောင်းမှ ဗြဟ္မာတွေ၊ နတ်တွေလာရောက်ပြီး တရားနာကြတယ်၊ အဲဒီ ဓမ္မစကြာသုတ်တရားတော်ကိုနာစဉ်က လူသားထဲက **အရှင်ကောဏ္ဍည** သောတာပန်ဖြစ်တယ်၊ ဗြဟ္မာတွေက ၁၈-ကုဋေ၊ နတ်တွေက မရေမတွက်နိုင်များစွာပင် တရားထူးကို ရကြတယ်၊ ဒါကြောင့် မိလိန္ဒပဉှာ (နှာ ၃၃၁) မှာ "အဋ္ဌာရသ ဗြဟ္မကောဋိယော-၁၈-ကုဋေသော ဗြဟ္မာတို့သည်လည်းကောင်း၊ အပရိမာဏာစ ဒေဝတာယော-အတိုင်းမသိများစွာသော နတ်တို့သည်လည်းကောင်း၊ အဘိသမိံသု- တရားထူးကို သိမြင်ကြလေကုန်ပြီ"လို့ ပြဆိုထားပါတယ်။

အဲဒီ ဓမ္မစကြာတရားပွဲမှာ သာတတောင်၌နေလို့ သာတာဂိရိခေါ်တဲ့ နတ်ဘီလူးမင်း ပါတယ်၊ သူကတော့ ဓမ္မစကြာတရားတော်ကို ကြားနာရတဲ့အခါ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ သူ့မိတ်ဆွေ ဟေမဝတနတ်ဘီလူးမင်းဟာ သူလိုပဲ တရားကို နာပါရဲ့လား၊ တရားပွဲထဲမှာ ပါရဲ့လားလို့ ကြည့်လိုက်တဲ့အခါ မမြင်မတွေ့ရတာနဲ့ သူ့မိတ်ဆွေ ဟေမဝတနတ်မင်းအား တရားနာစေချင်တဲ့စိတ်တွေက အလွန်အကဲဖြစ်နေတယ်၊ "ကဿပမြတ်စွာဘုရား၊ သာသနာတော် ကွယ်သွားသည့်နောက် နှစ်ပေါင်းသိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ကြာသွားပြီ၊ ယခုမှ ဒီတရားကို နာရတယ်၊ ငါ့မိတ်ဆွေဘာ့ကြောင့် တရားနာဖို့ မလာပါလိမ့်မလဲ" စသည်ဖြင့် ကြံတွေးပြီး စိတ်ပျံ့လွင့်နေတာနဲ့ သူ့မှာတော့ တရားထူးကို မရဘဲ ရှိနေပါသတဲ့။

## စိတ်တည်ငြိမ်မှုက အရေးကြီးတယ်

တရားနာရင်း တရားထူးရတယ်ဆိုတာ စိတ်တည်ငြိမ်မှု ပြည့်

http://www.dhammadownload.com



စုံနိုင်တယ်၊ တရားနာတဲ့သူက ဟောတဲ့တရားကိုသာ စိတ်ကိုစိုက်ပြီး နာနေမှ စိတ်တည်ငြိမ်မှု သမာဓိဖြစ်တယ်၊ သမာဓိဖြစ်မှ ဉာဏ်ဖြစ်တယ်၊ တရားနာနေရင်း ဟိုအကြောင်း ဒီအကြောင်းတွေကို လျှောက်ပြီး တွေးတောနေလို့ရှိရင်၊ အိမ်အကြောင်း စီးပွားရေးအကြောင်းတွေ၊ လောကရေးအကြောင်းတွေကို လျှောက်ပြီး စဉ်းစားနေလို့ရှိရင် သမာဓိ မဖြစ်ဘူး၊ စိတ်ပူပန်စရာ သွားစဉ်းစားမိရင် သာဆိုးတာပဲ၊ **ကာမစ္ဆန္ဒ**တို့ **ဗျာပါဒ**တို့ ဖြစ်နေရင် **ဥဒ္ဓစ္စ**-စိတ်ပျံ့လွင့်မှု၊ **ကုက္ကုစ္စ** -စိတ်ပူပန်မှုဆိုတာတွေ ဖြစ်နေရင် တရားအရသာက မပေါ်နိုင်ဘူး၊ သမာဓိမရှိတဲ့အတွက် ဉာဏ်ကလည်း မဖြစ်နိုင်ဘူး၊ ဝိပဿနာဉာဏ်တောင် မဖြစ်ရင် မဂ်ဖိုလ်တရားထူးဆိုတာ ဘယ်မှာဖြစ်နိုင်တော့မလဲ၊ မဖြစ်နိုင်တော့ဘူး၊ ဘာကိုမျှ ကြောင့်ကြမှု၊ တောင့်တမှုမထားဘဲ ဟောတဲ့တရား တစ်ခုတည်းကိုသာ စူးစိုက်ပြီးနာနေမှ သမာဓိဖြစ်ပြီး ဉာဏ်လည်း ဖြစ်နိုင်တယ်၊ ဒါကြောင့် ကဿပသံယုတ်မှာ တရားနာပုံကို ဒီလိုပြထားတယ်။

## အချိုးကျကျ တရားနာပုံ

**သဗ္ဗံ တံ**-ကုသိုလ်နှင့်စပ်သော ထိုတရားအလုံးစုံကို၊ **အဋ္ဌိကတွာ**-အလိုရှိသည်ကိုပြုလျက်၊ **ဝါ**- စီးပွားသဖွယ် ပြုလျက်၊ **မနသိကတွာ**- စိတ်၌ထား၍ **ဝါ**-နှလုံးသွင်း၍ (လိုလိုချင်ချင် နှလုံးသွင်းပြီး နာရမယ်တဲ့၊ တစ်နည်းအားဖြင့် စီးပွားဥစ္စာလို သဘောထားပြီး နာရမယ်တဲ့၊ အရောင်းအဝယ်အလုပ်နဲ့ စီးပွားရှာတဲ့သူတွေကို ကြည့်ပါ၊ ရောင်းတဲ့သူကလည်း တစ်ပြားတစ်ချပ်မျှ တန်ဖိုးမလျော့ရ မနစ်နာရအောင် ပြောဆိုပြီးရောင်းတယ်၊ ဝယ်တဲ့သူကလည်း ပစ္စည်းတန်ဖိုးထက် တစ်ပြားတစ်ချပ်မျှမပို ရ၊

http://www.dhammadownload.com



မနစ်နာရအောင် ဈေးဆစ်ပြီး ဝယ်တယ်၊ ကောက်ပဲသီးနှံ စိုက်ပျိုးတဲ့ သူတွေကလည်း သီးနှံတွေကို သိမ်းတဲ့အခါ ပဲသီးတစ်တောင့်ပဲ ဖြစ်ဖြစ် စပါးတစ်နှံပဲဖြစ်ဖြစ် အလဟဿလေလွင့်ပျက်စီး မသွား ရအောင် ရှိုရှိုသေသေ ကောက်ယူတယ်၊ ရွှေတို့ ကျောက်တို့ ဒီလို အဖိုးတန်ပစ္စည်းတွေ မပျောက် မပျက်ရအောင် ထိန်းသိမ်းစောင့် ရှောက်ပုံကိုတော့ အထူးပြောစရာ မလိုပါဘူး၊ အဲဒီ စီးပွားဥစ္စာကို တစ်ပြားတစ်ချပ်, တစ်နှံတစ်တောင့်, တစ်စုံတစ်ခုမျှ မယုတ်လျော့ မဆုံးရှုံးရအောင် စောင့်ရှောက်သလိုပဲ၊ တရားနာတဲ့ ပုဂ္ဂိုလ်ကလည်း ဟောနေတဲ့တရားသံထဲက စကား တစ်လုံးမျှ နားထဲက လွတ်ထွက် မသွားရအောင် စူးစိုက်ပြီး နာရမယ်၊ စကားအခွန်းတိုင်း အခွန်း တိုင်းမှာ ဘာပြောသလဲ ဘာကိုဆိုလိုသလဲ ဆိုတာကို အမြဲမပြတ် ဆင်ခြင်ပြီး နာရမယ်တဲ့၊ ဒါကြောင့် **အဋ္ဌိကတွာ မနသိ ကတွာ**- စီးပွားသဖွယ်ပြုကာ နှလုံးသွင်း၍၊ **သဗ္ဗစေတသာ သမန္နာ ဟရိတွာ**- စိတ်အားလုံးဖြင့် ကောင်းစွာနှလုံးသွင်း၍၊ (စိတ်တိုင်း စိတ်တိုင်းဖြင့် တရားကိုသာ နှလုံးသွင်းနေရမယ်တဲ့) **ဩဟိတသော တော**-နားစွင့်လျက်၊ **ဓမ္မံ သုဏာတိ**- တရားကို နာမည်ဟု၊ **သိက္ခိတဗ္ဗံ**-ကျင့်ရမယ်တဲ့။

အဲဒါဟာ အချိုးကျကျ တရားနာပုံပါပဲ၊ အဲဒီအတိုင်း နာနေ လို့ရှိရင် တရားထဲမှာသာ စိတ်ရောက်ပြီး စိတ်တည်ငြိမ်နေတယ်၊ နီ ဝရဏကင်းနေတယ်၊ စိတ္တဝိသုဒ္ဓိဖြစ်နေတာပေါ့၊ အဲဒီလိုဖြစ်နေပုံကို ပါဠိတော်များမှာ **ဝိနီဝရဏစိတ္တံ**-နီဝရဏကင်းတဲ့ စိတ်ရှိနေတယ် လို့လည်း ဖော်ပြထားပါတယ်၊ အဲဒီလိုအခါ သစ္စာလေးပါးတရားကို နာကြားပြီး တရားထူးတွေကို ရသွားတဲ့ အကြောင်းလည်း ပြဆိုထား ပါတယ်၊ အဲဒီ **ဓမ္မစကြာတရားတော်**ကို ဟောတော်မူတုန်းကလည်း

http://www.dhammadownload.com



**အရှင်ကောဏ္ဍည** အမှူးရှိသော ကျွတ်တမ်းဝင်ကြတဲ့ နတ်ဗြဟ္မာတွေဟာ အဲဒီလို စူးစူးစိုက်စိုက်နာပြီး တရားထူးကို ရသွားကြတာပဲ၊ ဒီသုတ်နဲ့ ဆိုင်တဲ့ **သာတာဂိရိနတ်**ကတော့ သူ့မိတ်ဆွေ **ဟေမဝတနတ်** အတွက် တွေးတောစဉ်းစားနေတာနဲ့ တချို့တရားစကားလုံးတွေ လွတ်ချင်လည်း လွတ်သွားပါလိမ့်မယ်၊ မလွတ်သော်မှ အနက်အဓိပ္ပာယ်ကိုတော့ လေးလေးနက်နက် တစ်စပ်တည်း နှလုံးမသွင်းနိုင်ဘဲ ရှိပါလိမ့်မယ်၊ ဟောတဲ့တရားကိုတော့ သူနားလည်သဘောပေါက်တဲ့လက္ခဏာ ရှိပါတယ်၊ ဒါပေမယ့် "ဒီလိုတရားပွဲကြီးမှာ ငါ့မိတ်ဆွေ မလာဘူး၊ ဘာကြောင့်ပါလိမ့်၊ ကာမဂုဏ်အာရုံတွေက သူ့ကို လှည့်စားဖြားယောင်းထားတဲ့အတွက် ကာမဂုဏ်အာရုံတွေနဲ့ ပျော်နေလို့ ဖြစ်မှာပါပဲ။ ဖြစ်မှဖြစ်လေခြင်း" စသည်ဖြင့် စဉ်းစားနေတဲ့အတွက် တရားထူးကို မရဘဲရှိပါတယ်တဲ့။

## ကာမဂုဏ်တွေက လှည့်စားတတ်တယ်

**သာတာဂိရိနတ်**၏ စဉ်းစားချက်ထဲမှာ "**ဝဉ္စိတော**-လှည့်စားဖြားယောင်းအပ်တယ်" ဆိုတဲ့စကားပါတယ်၊ ဟုတ်တယ် ကာမဂုဏ်အာရုံတွေက တကယ်အနှစ်သာရမရှိပါဘဲနဲ့ အနှစ်သာရရှိသလိုလို ထင်မြင်စေပြီး လှည့်စားတတ်တယ်၊ တချို့လူတွေက လောကရေးရာတွေ, ကာမဂုဏ်အာရုံတွေထဲ စိတ်ဝင်စားနေတာနဲ့ ယခုလိုတရားနာဖို့တောင် မလာနိုင်ဘူး၊ တရားအားထုတ်ဖို့ကျတော့ သာပြီးဝေးနေတာပဲ၊ "တရားဆိုတာက နောက်မှအားထုတ်ရင်ဖြစ်တယ်၊ စားဝတ်နေရေး, လောကရေး, ကာမဂုဏ်အရေးတွေက ပိုပြီးအရေးကြီးတယ်၊ ယခုလောလောဆယ်လုပ်ဖို့ အရေးကြီးတယ်"လို့ ဒီလိုထင်မြင် နေတတ်ကြတယ်၊ အဲဒါဟာ

http://www.dhammadownload.com



ကာမဂုဏ်တွေက လှည့်စားထားတာပဲ။ အမှန်တကယ် အရေးကြီး တာကတော့ တရားကျင့်ဖို့က ပိုပြီး အရေးကြီးတာပဲ၊ တရားကျင့် တယ်ဆိုတာ သာသနာတော်တွင်းမှ အပြည့်အစုံကျင့်နိုင်တာပဲ၊ ကာမဂုဏ်တွေဆိုတာက ဘယ်အခါမဆို ရှိနေတာပဲ၊ ဒါကြောင့် စားဝတ်နေရေးဘက်က အသင့်အတင့်ပြည့်စုံနေရင် တရားကို အလေးပြုပြီး ကျင့်သုံးသင့်တာပဲ၊ တရားကျင့်သုံးလို့ တစ်မဂ်တစ် ဖိုလ်လောက် ရသွားရင်ကို အပါယ်လေးပါးမှ လွတ်မြောက်သွားမယ်၊ မဂ်ဖိုလ်မရသေးတောင်မှ သူတော်ကောင်းတရားတွေ သက်ဝင်ပြီး ကုသိုလ်တွေပွားများသွားမယ်၊ အဲဒီကုသိုလ်တွေကြောင့် နောင်သံသ ရာ တစ်လျှောက်လုံးမှာ လူ့ဘဝ, နတ်ဘဝ မြင့်မြတ်တဲ့ဘဝတွေချည်း ဖြစ်ပြီး ကြီးပွားချမ်းသာသွားမယ်၊ ကာမဂုဏ်ရေးရာတွေနဲ့သာ အချိန်ကုန်နေရင်တော့ နောက်ဆုံး သေရမည့်အချိန်ကျတော့ ဘာမျှ လုံလောက်တဲ့ အားကိုးစရာမရှိဘဲ ဖြစ်သွားနိုင်တယ်၊ ဒါကြောင့် ကာမဂုဏ်တွေက အရေးမကြီးဘဲနဲ့ အရေးကြီးတဲ့အနေဖြင့် ထင်မြင်စေတာဟာ လှည့်စားထားတဲ့ သဘောပါပဲ၊ အဲဒီလို **သာတာဂိရိနတ်**က သဘောပေါက်ပြီးတော့ "ငါ့မိတ်ဆွေဟာ ကာမဂုဏ်တွေက လှည့်စားထားတဲ့အတွက် ကာမဂုဏ်အာရုံတွေနဲ့ ပျော်နေလို့ ဒီတရားပွဲကို မလာနိုင်တာပဲ" စသည်ဖြင့် ကြံတွေးပြီး စိတ်ပျံ့လွင့်နေတာနဲ့ တရားထူးကို မရဘဲ ရှိနေပါတယ်တဲ့။

## မိတ်ဆွေကို ဖိတ်ခေါ်ဖို့ သွားတယ်

ဓမ္မစကြာတရားပွဲပြီးတဲ့အခါ **သာတာဂိရိနတ်**က **ဟေမဝ တနတ်**ကို ဖိတ်ခေါ်ဖို့သွားတယ်၊ ယက္ခသေနာပတိ-နတ်ဘီလူး စစ်သူကြီးဆိုတော့ သူတစ်ယောက်တည်း သွားတာမဟုတ်ဘူး၊

http://www.dhammadownload.com



သူ့အခြွေအရံ နတ်ဘီလူးငါးရာနှင့်တကွ ဆင်ယာဉ်, မြင်းယာဉ်, ဂဠုန်ယာဉ် စသည်တွေ ဖန်ဆင်းပြီးတော့ အဲဒီယာဉ်တွေကို စီးပြီး သွားတယ်လို့ ဆိုပါတယ်၊ **ဟေမဝတနတ်ဘီလူး**စစ်သူကြီးကလည်း ဟိမဝန္တာတောမှာ ထူးထူးကဲကဲ ပန်းတွေပွင့်နေတာကိုတွေ့ရလို့ နတ်ပျော်ပွဲကြီး ကျင်းပပြီး အတူတကွ ပျော်ရအောင် သူ့မိတ်ဆွေ **သာတာဂိရိနတ်**ကို ခေါ်ဖို့လာပါသတဲ့။ သူကလည်း သူ့အခြွေအရံ ငါးရာနှင့်တကွ ယာဉ်အမျိုးမျိုးကို စီးပြီးလာပါတယ်။ မြောက်အရပ် ဟိမဝန္တာက လာတယ်ဆိုတော့ တောင်ဘက်ကို ကောင်းကင်ခရီး ဖြင့် လာတာပေါ့။ သာတာဂိရိနတ်ကတော့ ဟိမဝန္တာဆီ ဦးတည်ပြီး မြောက်ဘက်ကို လာတယ်၊ နတ်ပရိသတ် ၂-စုဟာ **ရာဇဂြိုဟ်**မြို့ ပေါ်မှာ ဆုံမိကြတယ်၊ ရှေ့ပြေးတပ်ဦးချင်း ဆုံမိကြတဲ့အခါ အချင်းချင်းမေးမြန်းပြီး မိတ်ဆွေများဖြစ်ကြောင်း သိကြရတယ်။

အဲဒီမှာ မြောက်ဘက်သို့ ဦးတည်လာတဲ့ **သာတာဂိရိနတ်** အစုဟာ **ရာဇဂြိုဟ်မြို့**ပေါ် ရောက်တဲ့အခါ **ဟေမဝတနတ်**အစုနှင့် ဆုံမိကြတယ်ဆိုတော့ **သာတာဂိရိနတ်**၏နေရာ သာတတောင် ဆိုတာဟာ **ရာဇဂြိုဟ်မြို့**၏ တောင်ဘက်အရပ်မှာရှိကြောင်း၊ နောက်ပြီးတော့ အဲဒီအရပ်ဟာ **မဇ္ဈိမဒေသ**ထဲက ဖြစ်တယ်လို့ အဋ္ဌကထာမှာ ပြဆိုထားတဲ့အတွက် **မဇ္ဈိမဒေသ**နယ်ပယ်ထဲက တောင်တစ်ခု ဖြစ်ကြောင်း ဒါလောက်ပဲသိရပါတယ်၊ ဘယ်တောင် ရယ်လို့တော့ တိတိကျကျမသိရပါဘူး၊ အဲဒီမှာ နတ်ဘီလူး စစ်သူကြီးများ ဖြစ်ကြတဲ့ နတ်မင်းကြီး ၂-ဦးဆုံမိကြတဲ့အခါ **ဟေမဝတနတ်မင်း**က ဒီလိုစပြီး ပြောတယ်၊ "အဆွေတော် **သာတာဂိရိနတ်မင်း**၊ ဟိမဝန္တာတောင်မှာ တစ်ခါမျှ မကြုံစဖူး ပန်းတွေအထူးပွင့်နေပါတယ်၊ အဲဒါထူးခြားလွန်းလို့ အဆွေတော်

http://www.dhammadownload.com



နှင့် ပျော်ပွဲကျင်းပရအောင် အဆွေတော်ကို လာပြီးဖိတ်ခေါ် ပါတယ်"လို့ပြောပါတယ်။

အဲဒီလို ပန်းတွေ ထူးထူးခြားခြားပွင့်ခြင်း၏ အကြောင်းကို တော့ သိပါရဲ့လားလို့ **သာတာဂိရိနတ်မင်း**က မေးတယ်၊ မသိကြောင်း **ဟေမဝတနတ်မင်း**က ဖြေတယ်၊ ဒီတော့ **သာတာဂိရိ နတ်မင်း** က "ဒီလိုပန်းတွေ ထူးထူးခြားခြားပွင့်တာဟာ ဟိမဝန္တာ တစ်ခုတည်းမှာသာမဟုတ်ဘူး၊ တစ်ကမ္ဘာလုံးမှာ အနှံ့အပြား နေရာ တိုင်းမှာ မပွင့်စဖူး အထူးပဲ ပွင့်နေကြပါတယ်၊ အဲဒါဟာ တခြား အကြောင်းကြောင့် မဟုတ်ဘူး အဆွေတော်၊ လောကမှာ **သမ္မာ သမ္ဗုဒ္ဓမြတ်စွာဘုရား** ပွင့်တော်မူတာ ၂-လတောင်ရှိနေပြီ၊ ယနေ့ ညနေချမ်းမှာ ဓမ္မစကြာဆိုတဲ့ တရားဦးကို ပူဇော်တဲ့အနေအားဖြင့် ဒီပန်းတွေ ထူးထူးခြားခြားပွင့်ခြင်း ဖြစ်ပါတယ်၊ အဲဒီ**ဓမ္မစကြာ** တရားတော်ကို ဟောတော်မူနေစဉ်တုန်းက အဆွေတော်ကို မတွေ့ ရလို့ အများကြီး သတိရနေခဲ့ပါတယ်၊ ယခု အဆွေတော်ကို ဘုရား ဖူးဖိတ်ခေါ်ရန်အတွက် လာခြင်းဖြစ်ပါတယ်" လို့ပြောပါတယ်။

## နတ်စကားကြားရတဲ့ အမျိုးသမီး

အဲဒီလို နတ်မင်း ၂-ဦးပြောဆိုနေတဲ့အခါမှာ **ရာဇဂြိုဟ်** မြို့က **ကာဠီ**ဆိုတဲ့ သူဌေးသမီးကလည်း လေသာပြတင်းကို ဖွင့်ပြီး သူ့ပြာသာဒ် တိုက်ခန်းမှာ လေညင်းခံနေဆဲဖြစ်တယ်၊ ဝါဆိုလ ဆိုတာ မန္တလေး, ရွှေဘိုတို့ အပူပိုင်းဒေသများလိုပဲ အိန္ဒိယအလယ် ပိုင်းက **ရာဇဂြိုဟ်မြို့**ဆိုတာကလည်း မိုးခေါင်ရေရှား ပူအိုက်တဲ့ အရပ်ပါပဲ၊ ဒါကြောင့် **ကာဠီ**က သူ့မှာလည်း ကိုယ်လေးလက်ဝန် ရှိနေတာကလည်း တစ်ကြောင်း၊ ရာသီဥတု ပူအိုက်တာကလည်း

http://www.dhammadownload.com



တစ်ကြောင်းကြောင့် အဲဒီလို လေညင်းခံနေခိုက်မှာ အထက် ကောင်းကင်က စကားပြောသံကြားလို့ နားစိုက်ပြီး အာရုံပြုနေ တယ်၊ ဒီစကားသံတွေဟာ လူတွေရဲ့အသံတော့ မဟုတ်ဘူး၊ နတ်တွေပြောတဲ့အသံ ဖြစ်မှာပဲလို့လည်း စဉ်းစားပြီး နားထောင် နေပါသတဲ့၊ အဲဒီတုန်းက **ကာဠီ**ဟာ ဘယ်အရွယ်လောက်ရှိမလည်း ဆိုရင် အိန္ဒိယမလေ့အရ သားဦး **ကိုယ်ဝန်**ဆိုတော့ ၁၆-နှစ် ၁၇- နှစ်အရွယ်လောက် ဖြစ်ဟန်ရှိပါတယ်၊ အဲဒီသားဦးကလည်း သာမာန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ နောင်တစ်ချိန်မှာ အရွတ်အဖတ် အသံ ကောင်းတဲ့အရာတွင် **ဧတဒဂ်ရ သောဏကုဋိကဏ္ဏမထေရ်** ဖြစ် မည့် အလောင်းအလျာဖြစ်ပါတယ်။

## သာတာဂိရိနတ်က ဖိတ်ခေါ်ပုံ

**အဇ္ဇ ပန္နရသော ဥပေါသထော၊ ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ၊**
**အနောမနာမံ သတ္ထာရံ၊ ဟန္ဒ ပဿာမ ဂေါတမံ။**

အဲဒါဟာ သာတာဂိရိနတ်က ဟေမဝတနတ်ကို ဘုရား ဖူးဖို့ ဖိတ်ခေါ်လိုက်ပုံပါပဲ။

**သမ္မ**- အဆွေတော် ဟေမဝတနတ်မင်း၊ **အဇ္ဇ**-ယနေ့သည် ကား၊ **ပန္နရသော**- တစ်ဆယ့်ငါးရက်မြောက်ဖြစ်သော၊ **ဥပေါသထော**- ဝါဆိုလပြည့် ဥပုသ်နေ့ဖြစ်ပါပေသည်၊ (ဒီကနေ့ဟာ အာသဠ္ဟီနက္ခတ်နှင့်စန်းယှဉ်တဲ့ ဝါဆိုလဆန်း ဆယ့်ငါးရက် တိထိ ရက်စေ့ ဝါဆိုလပြည့်နေ့ ဖြစ်ပါတယ်၊ သူတော်ကောင်းတွေ ဥပုသ် စောင့်သုံးတဲ့ ဥပုသ်နေ့ နေ့ထူးနေ့မြတ် အခါကြီးရက်ကြီး ဖြစ်ပါ တယ်တဲ့၊ အဲဒီစကားကို ရွတ်ဆိုလို့လည်းကောင်းအောင် ရှစ်လုံး ဘွဲ့ဆောင်ပုဒ်ကလေးစီထားတယ်၊ "လပြည့်စက်ဝန်း တက်ထွန်း

http://www.dhammadownload.com



စင်ကြယ်"တဲ့၊ ဒါကြောင့်-

**သမ္မ**-အဆွေတော် ဟေမဝတနတ်မင်း၊ **အဇ္ဇ**-ယနေ့သည်ကား၊ **ပန္နရသော**-တစ်ဆယ့်ငါးရက်မြောက်ဖြစ်သော၊ **ဥပေါသထော**-ဝါဆိုလပြည့် ဥပုသ်နေ့ဖြစ်ပါပေသည်၊ **ဒိဗ္ဗာ**-နတ်ပြည်၌ဖြစ်သော **ဝါ**-နတ်ပြည်နှင့်သက်ဆိုင်သော။ **ဝါ**-နတ်တို့၏ အရောင်အဆင်းတို့နှင့်စပ်ဆိုင်သော၊ **ရတ္တိ ဥပဋ္ဌိတာ**- သာယာစင်ကြယ်သော ညဥ့်ဖြစ်ပါပေသည်။

ယနေ့ဟာ မြတ်စွာဘုရားက **ဓမ္မစကြာတရားဦး**ကို ဟောတော်မူတဲ့နေ့ဖြစ်တဲ့အတွက် ပန်းတွေကလည်း မပွင့်စဖူး အထူးပွင့်ကြတယ်၊ အဆွေတော်ရဲ့ ဟိမဝန္တာမှာသာမဟုတ်ဘူး ကျုပ်တို့ သာတတောင်တစ်ဝိုက် အရပ်တွေမှာလည်း သစ်ပင်တွေဟာ ပင်လုံးကျွတ်ပွင့်နေကြပါတယ်၊ ကမ္ဘာတစ်ဝန်းလုံး အနံ့အပြားပွင့်နေကြပါတယ်၊ အဲဒါတွေဟာ ဓမ္မစကြာတရားတော်ကို ပူဇော်တဲ့အနေနဲ့ ပွင့်ကြတာပါပဲ၊ နောက်ပြီးတော့ အဲဒီ ဓမ္မစကြာတရားပွဲကြီးကို လာကြတဲ့နတ်တွေ, ဗြဟ္မာတွေ၊ နတ်မင်းကြီးတွေ ဗြဟ္မာမင်းကြီးတွေ မရေမတွက်နိုင်အောင် အလွန်ပဲများပြားပါတယ်၊ အဲဒီနတ်တွေ ဗြဟ္မာတွေ၏ ကိုယ်ရောင်ကိုယ်ဝါဖြင့်လည်း ထွန်းလင်းတောက်ပနေတဲ့ ညဥ့်ဖြစ်ပါတယ်၊ အရှေ့လောကဓာတ်မှ အာသဠ္ဌီနက္ခတ်နှင့် ယှဉ်ပြီးတက်ထွန်းနေတဲ့ လမင်းကြီး၏ အရောင်ဖြင့်လည်း ပျံ့နှံ့ပြီးလင်းနေတဲ့ ညဥ့်ဖြစ်ပါတယ်၊ အဲဒီလိုပန်းတွေကလည်း ပွင့်လို့၊ နတ်ဗြဟ္မာတို့၏ ကိုယ်ရောင်ဖြင့်လည်း တောက်ပလို့၊ လဝန်းကြီး၏ အရောင်ဖြင့်လည်း ထွန်းလင်းနေလို့ အလွန်ကြည်လင်စင်ကြယ်တဲ့ ညဥ့်ထူးညဥ့်မြတ်ဖြစ်တယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့် "လပြည့်စက်ဝန်း တက်ထွန်းစင်ကြယ်၊ ပန်းစုံဖူးပွင့်

http://www.dhammadownload.com



နတ်ညဉ့် ပျော်ဖွယ်"လို့ ဆောင်ပုဒ်စီထားတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာ အနံ့အပြား သစ်ပင်အမျိုးမျိုးက ပန်းမျိုးစုံ ပင်လုံးကျွတ် ဖူးပွင့်နေကြတယ်ဆိုတော့ နတ်မျက်စိနဲ့ မျှော်ကြည့်လိုက်ရင် အင်မတန်သာယာလှပနေမှာပါပဲ၊ အဲဒီလိုပန်းတွေ ဝေဝေဆာဆာနဲ့ ပွင့်နေတာကို လူမျက်စိနဲ့ကြည့်ရင်တောင် အင်မတန်လှပြီး အင်မတန်ကျက်သရေ ရှိတာပဲ၊ တစ်ခါက ကျိုက်ထီးရိုးဘုရားဖူးသွားတယ်၊ ၁၂၉၃-ခုနှစ်၊ တပို့တွဲလဆန်း ၁၄-ရက်ညကပါပဲ၊ အဲဒီတုန်းက လဝန်းကြီးဟာ ပြည့်လုနီးပါးဖြစ်ပြီး ထွန်းပနေတယ်၊ ကျိုက်ထီးရိုးတောင်မှာ လျှိုမြောင်ကြီးတွေ ချောက်ကြီးတွေရှိတယ်၊ အဲဒီမှာ လရောင်ဖြင့် ထိန်ထိန်လင်းနေတဲ့အတွက် လျှောက်ပြီး တောင်တန်းပေါ်က မျှော်ကြည့်လိုက်တဲ့အခါ တောတောင်စခန်းတွေ အလွန်သာယာနေတာကို တွေ့ရတယ်၊ တချို့ သစ်ပင်တွေကလည်း ပန်းတွေဝေဝေဆာဆာပွင့်နေတာကို တွေ့ရတယ်၊ အနိမ့်အမြင့် အဆင့်ဆင့်ဖြစ်ပြီး သစ်ပင်တွေဟာ အစီအရီနဲ့ အင်မတန် ရှုမျှော်ခင်းကောင်းနေတာကိုလည်း တွေ့ရတယ်၊ အဲဒါနဲ့ နှိုင်းစာကြည့်မယ်ဆိုရင် မြတ်စွာဘုရား **ဓမ္မစကြာသုတ္တန်** တရားတော်ကြီးကို ဟောတော်မူစဉ်က ကမ္ဘာတစ်ဝန်းလုံးမှာ ပင်လုံးကျွတ်ပွင့်နေကြတဲ့ တောတောင်လျှိုမြောင်စခန်းတွေကို နတ်မျက်စိနဲ့ မျှော်ကြည့်လိုက်ရင်တော့ အင်မတန်ကို သာယာပြီး စိတ်ကြည်နူးဖွယ် ဖြစ်နေမှာပါပဲ၊ ဒါကြောင့် အဲဒီလောက၏ သာယာကြည်နူးဖွယ် တွေပါ ဖော်ပြပြီးတော့ ဘုရားထံသွားဖို့ ဘုရားဖူးဖို့ရာ ဒီလိုဖိတ်ခေါ်လိုက်ပါတယ်။

**အနောမနာမံ**-မယုတ်ညံ့သော အမည်တော်များ ရှိတော်မူသော၊ **ဝါ**-အလွန်မြင့်မြတ်သော အမည်တော်များ ရှိတော်မူသော၊ **ဂေါတမံ**-ဂေါတမနွယ်ဖွား ဖြစ်တော်မူသော၊ **သတ္ထာရံ**-ငါတို့ဆရာ

http://www.dhammadownload.com



လွန်စွာထူးခြား မြတ်စွာဘုရားကို၊ **ဟန္တ**-ယခု၊ **ပဿာမ**-သွားရောက် ဦးခိုက်၍ ဖူးလိုက်ကြပါကုန်စို့။

ငါတို့၏ ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားကို ယခုပဲ သွားပြီးဖူးကြပါစို့၊ ငါတို့ဆရာဘုရားဟာ အမျိုးအနွယ်အားဖြင့် မြင့်မြတ်တဲ့ ဂေါတမအနွယ်မှ သာကီဝင်မင်းမျိုးထဲက **သိဒ္ဓတ္ထ**ဆိုတဲ့ မင်းသားက ဥရုဝေလတောမှာ ၆-နှစ်ပတ်လုံး တရားကျင့်သုံးပြီး ပွင့်ထွန်းတော်မူလာတဲ့ ဘုရားဖြစ်ပါတယ်၊ အမည်နာမတော်တွေကလည်း အရဟံအစရှိသော ဂုဏ်တော်၉-ပါး၊ ဂုဏ်တော်အနန္တတို့နှင့် သက်ဆိုင်တဲ့ မြင့်မြတ်တဲ့ ဘွဲ့တော် အမည်တော်တို့နှင့် ပြည့်စုံတော်မူပါတယ်လို့ ချီးကျူးပြီး ဖိတ်ခေါ်ပါတယ်၊ အဲဒီမှာ မြင့်မြတ်တဲ့ အမည်တော်တွေထဲက **အရဟံ**ဆိုတဲ့ အမည်တော်တစ်ပုဒ်ကို ရှင်းပြလိုက်ရင်ပဲ မြင့်မြတ်ပုံ အလွန်ထင်ရှားသွားပါလိမ့်မယ်၊ ဒါကြောင့် အဲဒီ **အရဟံ** ဂုဏ်ပုဒ်ကို အကျဉ်းချုပ် ထုတ်ပြမယ်။

## အရဟံဂုဏ်တော်

**အရဟံ**- ဆိုတာ ထိုက်တန်တယ်လို့ အနက်ရှိတယ်။ ဘာကို ထိုက်တန်သလဲလို့ဆိုတော့ ပူဇော်အထူးကို တိုက်တန်တာပါပဲ၊ လောကမှာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေက ပူဇော်ကြတယ်၊ မိမိတို့ ယုံကြည်အားကိုးတဲ့ ဘာသာတရားအရ ပူဇော်ကြတယ်၊ တချို့က သစ်ပင်ကို ပူဇော်ကြတယ်၊ တချို့က တောကို ပူဇော်ကြတယ်၊ တချို့က တောင်ကို ပူဇော်ကြတယ်၊ တချို့က သမုဒ္ဒရာပင်လယ်ကို ပူဇော်ကြတယ်၊ တချို့က ကောင်းကင်က နေတို့၊ လတို့၊ ဂြိုဟ်တို့၊ နက္ခတ်တို့၊ ဒီလိုဟာတွေကို ပူဇော်ကြတယ်၊ တချို့က နတ်အမျိုးမျိုးတွေကို မှန်းဆပြီး ပူဇော်ကြတယ်၊ တချို့က ကောင်းကင်ဘုံက ဘုရားကို ပူဇော်ကြ

http://www.dhammadownload.com



တယ်၊ တချို့က ဖြဟ္မာကို ပူဇော်ကြတယ်၊ တချို့ကတော့ လူထဲက ဂိုဏ်းဆရာကြီးတွေကို ပူဇော်ကြတယ်၊ အဲဒီလို အမျိုးမျိုး အထွေထွေကို ပူဇော်ကြတာဟာ ဘာကြောင့်တုံးဆိုရင် ဘေးရန်အန္တရာယ် ကင်းချင်ကြလို့၊ ကြီးပွားချမ်းသာချင်ကြလို့ပါပဲ၊ လူတိုင်း လူတိုင်း ဘေးရန်အန္တရာယ်ကင်းချင်ကြတယ်၊ အနာရောဂါ ကင်းချင်ကြတယ်၊ အသက်ရှည်ချင်ကြတယ်၊ လာဘ်လာဘ ရချင်ကြတယ်၊ ပစ္စည်းဥစ္စာပေါများချင်ကြတယ်၊ ချမ်းသာချင်ကြတယ်၊ လူတွေသာမဟုတ်ဘူး၊ နတ်တွေလည်း အတူတူပဲ၊ ချမ်းသာတိုးတက်ချင်ကြတာချည်းပဲ၊ လူတွေမှာ ကိုယ့်အစွမ်းသက်သက်နဲ့ မအောင်မြင်နိုင်တာတွေ အောင်မြင်ရအောင် မပြည့်စုံနိုင်တာတွေ ပြည့်စုံရအောင် မမြင်ရတဲ့ နတ်တွေကို အားကိုးကြတယ်၊ သစ်ပင်စောင့်နတ် တောစောင့်နတ် စသည်ကို အားကိုးပြီး သစ်ပင်တောတောင် စသည်ကို ပူဇော်ကြတယ်၊ တချို့ကလည်း ကမ္ဘာနဲ့ သတ္တဝါတွေကို ဖန်ဆင်းတဲ့ ဘုရားတော့ ရှိတန်ရဲ့လို့ ယူဆပြီး အဲဒီဖန်ဆင်းတဲ့ ဘုရားသခင်ဆိုတာကို မှန်းဆပြီး ကိုးကွယ်ကြ ပူဇော်ကြတယ်၊ ဒါပေမယ့် အဲဒီဖန်ဆင်းတဲ့ ဘုရားက ဘယ်လိုပုံသဏ္ဍာန်ရှိသလဲ၊ ဘယ်မှာနေသလဲ၊ ဘယ်သူတွေ့ဖူးသလဲလို့ မေးမြန်းကြည့်ရင် တွေ့ဖူးပါတယ်လို့ ဝန်ခံနိုင်တဲ့လူ မရှိဘူး၊ ဟိုရှေးတုန်းက လူတစ်ယောက်လောက်က တွေ့ဖူးတယ်ဆိုတာနဲ့ ယုံကြည်ပြီး ကိုးကွယ်ပူဇော်နေကြတာပဲ၊ အဲဒီလို တွေ့ဖူးတယ်ဆိုတာကလည်းအိပ်ပျော်နေတုန်း တွေ့ရတာဆိုတော့ အိပ်မက်လို့ ထင်စရာပါပဲ။

ဒါပေမယ့် သူ့ဘာသာနဲ့သူဆိုတော့ စဉ်းစားဝေဖန်ခြင်းမရှိဘဲ အစဉ်အဆက် ယုံကြည်ကိုးကွယ် လာကြတော့တာပါပဲ၊ ယခုလို သိပ္ပံပညာတွေ ထွန်းကားတဲ့ခေတ် စဉ်းစားဝေဖန်လေ့ရှိတဲ့ ခေတ်မှာ

http://www.dhammadownload.com



ပေမယ်လို့ မိရိုးဖလာယုံကြည်မှုတွေက စွဲမြဲလျက်ရှိနေတာပါပဲ၊ သေသေချာချာစဉ်းစားကြည့်မယ်ဆိုရင်တော့ ကိုးကွယ်ပူဇော်တဲ့ သူတွေကို ကယ်မတယ်လို့ဆိုတဲ့ အယူဝါဒတွေဟာ ယုံကြည်စရာ အခြေအမြစ် ဘာမျှမရှိဘူး၊ လောကမှာ လူတွေဟာ ဆင်းရဲတဲ့ လူတွေက များနေတာပဲ၊ ကိုးကွယ်တဲ့သူတွေထဲမှာလည်း ဆင်းရဲတဲ့ လူတွေက များနေတာပဲ၊ အကယ်၍သာ ကိုးကွယ်တဲ့သူကို နတ်တို့၊ ဘုရားတို့က ကယ်မ,တယ်ဆိုရင် ရှိရှိသေသေ ကိုးကွယ်တဲ့ လူတွေ ဟာ အကုန်လုံးပဲ ချမ်းသာစရာ ကောင်းတယ်၊ ယခုတော့ ဒီလို မဟုတ်ဘူး၊ မကိုးကွယ်တဲ့ လူတွေထဲမှာလည်း ချမ်းသာတဲ့လူတွေ ရှိနေတာပဲ၊ အဲဒါ သေသေချာချာ စိစစ်ကြည့်ရင် **ကြီးပွားချမ်းသာ စေနိုင်တဲ့အလုပ်ကို လုပ်ကိုင်တဲ့ သူတွေဟာ ကြီးပွားချမ်းသာ နေကြတယ်၊ လူတိုင်း လူတိုင်းဟာ ထိုက်တန်တဲ့အလုပ်ကို လုပ်ရင် ထိုက်တန်သလောက် ချမ်းသာကိုရတယ်၊ မလုပ်ရင် မရဘူး** ဆိုတာ ထင်ရှားတွေ့ရတယ်၊ အဲဒါဟာ ကိုယ်လုပ်တဲ့ အမှုကံက အကျိုးပေးနေတာပဲ၊ ကိုးကွယ်ရာ နတ် စသည်က ကယ်မတာမဟုတ်ဘူး။

ဗုဒ္ဓမြတ်စွာဘုရားကတော့ ငါ့ကို ကိုးကွယ်ရင် ကယ်မ,မယ် လို့ ဒီလိုမဟောဘူး၊ ကိုယ့်အမှုကံနဲ့ကိုယ် ကောင်းကျိုးဆိုးကျိုးကို ခံ စားရတယ်လို့သာ ဟောတယ်၊ သီလ အစရှိသော ဂုဏ်ထူးနှင့် ပြည့်စုံ တဲ့ ပုဂ္ဂိုလ်ကို လှူဒါန်းပူဇော်ရင်, အရိုအသေပြုရင် ထူးခြားတဲ့ ကုသိုလ် ဖြစ်တယ်၊ အဲဒီကုသိုလ်က အကြောင်းညီညွတ်ရင် ယခုမျက်မှောက် မှာလည်း အကျိုးပေးတယ်၊ နောက်သံသရာဘဝတွေမှာတော့ ကေန်မုချ ကောင်းကျိုးတွေကို ပေးတယ်လို့ ဒီလိုဟောတယ်၊ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေက ကြီးပွားချမ်းသာချင်ကြလို့ ကိုးကွယ်ကြ

http://www.dhammadownload.com



ပူဇော်ကြတယ်၊ အဲဒီလို ကိုးကွယ်ပူဇော်ရာမှာ သီလ အစရှိသော ဂုဏ်နှင့် ပြည့်စုံလို့ ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ကို ပူဇော်မိရင် မိမိတို့ ရည်ရွယ်မျှော်လင့်တဲ့ ကောင်းကျိုးတွေကို ရနိုင်တယ်၊ သီလအစရှိသော ဂုဏ်မရှိလို့ မပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို ပူဇော်ရင် ကိုးကွယ်ရင်တော့ မိမိတို့ မျှော်လင့်တဲ့ အကျိုးကိုမရနိုင်ဘူး၊ ဥပမာအားဖြင့် ရွှေစင်ကျောက်စစ်မဟုတ်တဲ့ အုတ်ခဲ, ကျောက်ခဲတွေကို အဖိုးတန်ပစ္စည်းထင်မှတ်ပြီး သိမ်းထားတယ်ဆိုပါတော့၊ အဲဒီအုတ်ခဲ, ကျောက်ခဲတွေကို ထုတ်ရောင်းရင် ရွှေစစ်, ကျောက်ပတ္တမြားအစစ်တန်ဖိုးရပါ့မလား၊ မရနိုင်ပါဘူး၊ ဘာမျှတန်ဖိုးမရှိတဲ့အတွက် အလကားစွန့်ပစ်လိုက်ရမှာပဲ၊ ရွှေအစစ် ကျောက်ပတ္တမြားအစစ်ကို သိမ်းထားရင်တော့ အလိုရှိတဲ့အခါ အဲဒါတွေကို ထုတ်ရောင်းရင် ရွှေအစစ်တန်ဖိုး, ပတ္တမြားအစစ်တန်ဖိုးကိုရနိုင်တယ်၊ ဒါလိုပဲ သီလအစရှိတဲ့ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်မြတ်ကို ပူဇော်ရင် အဲဒီပူဇော်တဲ့ ကုသိုလ်ကံက မျှော်လင့်အပ်တဲ့ ကောင်းကျိုးချမ်းသာတွေကို ရစေနိုင်တယ်၊ မြတ်စွာဘုရားမှာတော့ တစ်လောကလုံးထက် မြင့်မြတ်တဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် အစရှိတဲ့ အမြင့် အမြတ်ဆုံးဖြစ်တဲ့ ဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံတော်မူတယ်၊ ဒါ ကြောင့် မြတ်စွာဘုရားကို ပူဇော်ခြင်းဖြင့် လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ သတ္တဝါတွေဟာ မိမိမျှော်လင့်တဲ့ ကောင်းကျိုး ချမ်းသာတွေကို အပြည့်အစုံရနိုင်တယ်၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတွေကိုလည်း ရနိုင်တယ်၊ နိဗ္ဗာန်ချမ်းသာကိုလည်း ရနိုင်တယ်၊ အဲဒီလိုရနိုင်တာဟာလည်း မြတ်စွာဘုရားက ပေးတာတော့ မဟုတ်ဘူး မြတ်စွာဘုရားအား ပူဇော်ရိုသေတဲ့ ကောင်းမှုကုသိုလ်က ပေးတာပဲ၊ အဲဒီလို ပူဇော်ခြင်းဖြင့် မိမိတို့ မျှော်လင့်တောင့်တအပ်တဲ့

http://www.dhammadownload.com



ကောင်းကျိုး ချမ်းသာတွေကို ရစေနိုင်တဲ့အတွက် မြတ်စွာဘုရားဟာ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်တယ်၊ ဒါကြောင့် **အရဟံ** ဆိုတဲ့ ဘွဲ့တော်အမည်တော်ကို ရတော်မူပါတယ်တဲ့၊ အဲဒီဘွဲ့တော်အမည်တော်ကို အကြောင်းပြုပြီးတော့လည်း **အနောမ နာမံ**-မယုတ်ညံ့သော အမည်တော် မြင့်မြတ်သော အမည်တော်တို့နှင့် ပြည့်စုံတော်မူတယ်လို့ ချီးကျူးပါတယ်၊ ကဲ အဲဒီဂုဏ်ပုဒ်ကို ရွတ်ဆိုပြီး အာရုံပြုကြရ, ကြည်ညိုကြရမယ်။

**အရဟံ- လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။**

နောက်အနက်တစ်ခုကတော့ **အရဟံ**ဆိုတာ **အာရကာ**-ပုဒ်မှ ဖြစ်လာတယ်၊ ဝေးကွာတယ်လို့ အနက်ရှိတယ်၊ ဘာမှဝေးကွာလည်းဆိုရင် စိတ်အညစ်အကြေးကိလေသာတွေမှ ဝေးကွာစင်ကြယ်တော်မူပါတယ်၊ လောကမှာ သတ္တဝါတွေဟာ လိုချင်နှစ်သက်စရာကို တွေ့ရင် လိုချင်တပ်မက် နှစ်သက်တယ်၊ လောဘဖြစ်တယ်၊ စိတ်ဆိုးစရာ မုန်းစရာကို တွေ့ရင် စိတ်ဆိုးတယ်, မုန်းတယ်, ဒေါသဖြစ်တယ်၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း အလွဲသိ၊ အမှားသိ **မောဟ**ကတော့ ဖြစ်နေတာပဲ၊ မြတ်စွာဘုရားမှာတော့ ဘယ်လိုကောင်းတဲ့ အာရုံနဲ့ တွေ့ပေမယ့် လိုချင်မှု နှစ်သက်မှု မဖြစ်ဘူး၊ **လောဘ**ကင်းတယ်၊ ဘယ်လိုဆိုးတဲ့ အာရုံနဲ့တွေ့ပေမယ့် စိတ်ဆိုးမှု, မုန်းမှု, ရွံရှာမှု, မဖြစ်ဘူး၊ **ဒေါသ**ကင်းတယ်၊ **မောဟ**ကင်းတယ်၊ ဒါကြောင့် **အရဟံ**-လောဘ၊ ဒေါသ၊ မောဟ အစရှိသော သဘောတရားတွေကိုလည်း သဘောမှန်အတိုင်း သိနေတယ်၊ အလုံးစုံသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူတယ်ဆိုတဲ့ ဘွဲ့တော် အမည်တော်ကိုလည်း

http://www.dhammadownload.com



ရတော်မူတယ်၊ အဲဒါကိုလည်း ရည်ရွယ်ပြီးတော့ **အနောမနာမံ-** မြင့်မြတ်သော အမည်တော်နှင့် ပြည့်စုံတော်မူတယ်လို့ ချီးကျူး ပါတယ်၊ ကဲ အဲဒီဂုဏ်ပုဒ်ကို ရွတ်ဆိုပြီး အာရုံပြုကြရ၊ ကြည်ညိုကြ ရမယ်။

**အရဟံ-လောဘ ဒေါသ မောဟ အစရှိသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော မြတ်စွာဘုရား။**

ဒီနေ့ဟာ သင်္ကြန်အကျနေ့ဆိုတော့ ကျက်သရေမင်္ဂလာ အထူးရှိတဲ့ မြတ်စွာဘုရားဂုဏ်တော်တွေကို နှုတ်ဖြင့်ရွတ်ဆိုပြီး အာရုံပြုကြ ပူဇော်ကြရတာဟာ အင်မတန် ထူးမြတ်တဲ့ ကုသိုလ် မင်္ဂလာတွေ ဖြစ်ပါတယ်။ **အရဟံ** ဂုဏ်ပုဒ်၏ အနက်ကတော့ ဒီ၂-နက်နဲ့ တော်လောက်ပါပြီ။

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

နောက်တစ်ပုဒ်က **သမ္မာသမ္ဗုဒ္ဓေါ**တဲ့၊ သမ္မာ-မှန်စွာ+ သံ- ကိုယ်တိုင်+ ဗုဒ္ဓေါ-သိတယ်တဲ့၊ ပေါင်းလိုက်ရင် **သမ္မာသမ္ဗုဒ္ဓေါ-** မှန်စွာ ကိုယ်တိုင်သိတော်မူသော မြတ်စွာဘုရားတဲ့၊ မြတ်စွာဘုရား အလောင်းတော်ဟာ စောစောပိုင်းက **အာဠာရ ရသေ့၊ ဥဒက ရသေ့** တို့ထံမှာ သမထကမ္မဋ္ဌာန်းနည်းကို ခံယူဖူးပါတယ်၊ ဒါပေ မယ့် ဘုရားဖြစ်တဲ့အခါကျတော့ အဲဒီနည်းတွေနဲ့ ဖြစ်တာ မဟုတ်ဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ အာနာပါနစျာန်များကို ရအောင် အားထုတ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ဆင်ခြင်ပြီး သိတော်မူတယ်၊ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ရှုပြီးတော့ သစ္စာလေးပါး တရားအလုံးစုံ

http://www.dhammadownload.com



ကိုသိပြီး ဘုရားအဖြစ်သို့ ရောက်တော်မူတယ်၊ အဲဒါဟာ ကိုယ်ပိုင် ဉာဏ်ဖြင့်ပင် မှန်စွာသိပြီး ဘုရားဖြစ်တော်မူပုံ အကျဉ်းချုပ်ပါပဲ၊ ဒါကြောင့် **သမ္မာသမ္ဗုဒ္ဓေါ-** သစ္စာလေးပါးခပ်သိမ်းသော တရား တို့ကို မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူ တယ်ဆိုတဲ့ ဘွဲ့တော် အမည်တော်ကိုလည်း ရတော်မူပါတယ်၊ အဲဒါလည်း **အနောမ နာမံ**-အရ မြင့်မြတ်တဲ့ အမည်တော်နှင့် ပြည့်စုံပုံပါပဲ၊ ကဲ အဲဒီဂုဏ်ကို ရွတ်ဆိုပြီး ကြည်ညိုကြရမယ်။

**သမ္မာသမ္ဗုဒ္ဓေါ-သစ္စာလေးတန် အမှန်လေးပါး ခပ်သိမ်း သောတရားတို့ကို မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန် စွာ သိတော်မူပေသော မြတ်စွာဘုရား။**

အဲဒီ **သမ္မာသမ္ဗုဒ္ဓဂုဏ်**ဖြင့် သစ္စာလေးပါး အမှန်တရားတွေ ကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် အမှန်အတိုင်းသိပြီး ဘုရားအဖြစ်သို့ ရောက်တော်မူပုံကို ပြတယ်၊ ဘုရားဖြစ်တယ်ဆိုတာ အဲဒီသစ္စာလေး ပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း ဉာဏ်အလင်းပေါက်ပြီး သိ သွားတာပါပဲ။

## ဗုဒ္ဓဂုဏ်တော်

အဲဒီလို ဘုရားဖြစ်တော်မူတော့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တရားအလုံးစုံကိုလည်း အကြွင်းမရှိ အကုန်သိတော်မူတယ်၊ ဘယ် အရာမဆိုဆင်ခြင်လိုက်ရင် ချက်ချင်းပဲ သိတော်မူတယ်၊ မသိနိုင် တာရယ်လို့ မရှိဘူး၊ ဒါကြောင့်၊ ဗုဒ္ဓေါ- ရှိရှိသမျှ တရားအလုံးစုံကို အကုန်အစင်သိမြင်တော်မူတယ်ဆိုတဲ့ ဘွဲ့တော် အမည်တော်နှင့် လည်း ပြည့်စုံတော်မူပါတယ်၊ အဲဒါကို အကြောင်း ပြုပြီးတော့လည်း **အနောမ နာမံ**-မြင့်မြတ်သော အမည်တော်နှင့် ပြည့်စုံတော်

http://www.dhammadownload.com



မူတယ်လို့ သာတာဂိရိနတ်က ချီးကျူးပါတယ်၊ ကဲ အဲဒီဂုဏ်ကိုလည်း ရွတ်ဆိုပြီး ကြည်ညိုကြရမယ်။

**ဗုဒ္ဓေါ-ရှိရှိသမျှ တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား။**

ဘုရားဂုဏ်ပုဒ် အမည်တော်တွေကတော့ အများကြီးပဲ၊ တစ်ရာလည်း မကဘူး၊ တစ်ထောင်လည်း မကဘူး၊ တစ်သောင်း၊ တစ်သိန်း၊ တစ်သန်းလည်း မကဘူး၊ ဘုရားတစ်ဆူက ဘုရားတစ်ဆူ၏ ဂုဏ်တွေကို တစ်ကပ်ပတ်လုံး ပြောဟောနေမယ်ဆိုတောင်မှ မကုန်နိုင်ဘူးတဲ့၊ ဒါကြောင့် ယခုပြောခဲ့တဲ့ ၄-ပုဒ်တည်းနဲ့ပဲ တော်လောက်ပါပြီ၊ အဲဒီလို မြင့်မြတ်တဲ့ ဂုဏ်ပုဒ်အမည်တော်တို့နှင့် ပြည့်စုံတော်မူတဲ့ ငါတို့၏ဆရာ ဂေါတမမြတ်စွာဘုရားကို ယခုပဲ သွားပြီးဖူးရအောင်လို့ သာတာဂိရိနတ်က ဟေမဝတနတ်ကို ဖိတ်ခေါ်ပါတယ်၊ အဲဒါကို လွယ်လွယ်နဲ့ ရွတ်ဆိုမှတ်သားနိုင်အောင် ရှစ်လုံးဘွဲ့ဆောင်ပုဒ် စီထားတယ်၊ "လပြည့်စက်ဝန်း တက်ထွန်းစင်ကြယ်၊ ပန်းစုံဖူးပွင့် နတ်ညဥ့်ပျော်ဖွယ်၊ အရှင်ဂေါတမ မည်ရမျိုးနွယ်၊ တို့ဘုရား ခုသွားဖူးစို့ကွယ်"တဲ့၊ ကဲ အဲဒါကို ဆိုကြရမယ်။

**ဖိတ်ခေါ်ပုံဆောင်ပုဒ်**

**လပြည့်စက်ဝန်း တက်ထွန်းစင်ကြယ်၊**
**ပန်းစုံဖူးပွင့် နတ်ညဥ့်ပျော်ဖွယ်၊**
**အရှင်ဂေါတမ မည်ရမျိုးနွယ်၊**
**တို့ဘုရား ခုသွားဖူးစို့ကွယ်။** (သာတာဂိရိ)

အဲဒါဟာ သာတာဂိရိနတ်က ဖိတ်ခေါ်ပုံပဲ၊ အဲဒီကနောက်

http://www.dhammadownload.com



တော့ ဟေမဝတနတ်က ဘုရားစစ် ဘုရားမှန် ဟုတ်မဟုတ် စစ်တမ်းထုတ်တယ်၊ သာတာဂိရိနတ်က ဖြေကြားတယ်၊ အဲဒီအမေးနှင့်အဖြေတွေကျတော့ အမေးကို ဆောင်ပုဒ်မစီတော့ဘဲ အဖြေကိုသာ ဆောင်ပုဒ်စီထားတယ်၊ ဒါကြောင့် အဲဒီဆောင်ပုဒ်တွေမှာ (သာ)(သာ)လို့ လက်သည်းကွင်းနဲ့ပြထားတယ်၊ အဲဒီ ခေတ်တုန်းက ပုရာဏကဿပ, မက္ခလိဂေါသာလအစရှိတဲ့ ဂိုဏ်းဆရာကြီးခြောက်ယောက်ကလည်း ဘုရားအဖြစ်ဝန်ခံပြီး ဟောပြောနေကြတယ်၊ ဒီတော့ ဘုရားအစစ် ဟုတ်မဟုတ် စစ်တမ်းထုတ်ဖို့ရာ လိုပါတယ်၊ ဒါကြောင့် ဟေမဝတနတ်က ဒီလိုစပြီး မေးမြန်းလိုက်ပါတယ်။

## ဟေမဝတ၏ စိစစ်ပုံ(၁)

**ကစ္စိ မနော သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော။**

**ကစ္စိ ဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကပ္ပ'ဿ ဝသီကတာ-တဲ့။**

**သမ္မ**-အဆွေတော် သာတာဂိရိနတ်မင်း၊ **ကစ္စိ**-အသို့နည်း၊ **တဝ သတ္ထု**-သင့် ဆရာဘုရားသည်၊ **မနော**-စိတ်နှလုံးကို၊ **သုပဏိဟိတော**- ကောင်းစွာထားနိုင်ပါ၏လော၊ (ဘယ်လိုထားနိုင်ရမှာလည်းဆိုတော့) သဗ္ဗဘူတေသု-အလုံးစုံသော သတ္တဝါတို့အပေါ်၌၊ **တာဒိနော**- အထူးပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍၊ **သုပဏိဟိတော**- ကောင်းစွာ ထားနိုင်ပါ၏လောတဲ့။

## စိတ်ကို အညီအမျှထားနိုင်ပါရဲ့လား

အဆွေတော် သာတာဂိရိ-လောကမှာ ဘုရားလို့ဝန်ခံနေတဲ့ ပုဂ္ဂိုလ်တွေက အများသားပဲ၊ မေးစမ်းပါရစေဦး၊ အဆွေတော်ရဲ့ ဆရာဘုရားဟာ သူ့စိတ်ကို ကောင်းကောင်းညီညီမျှမျှ ထားနိုင်ပါရဲ့လား၊

http://www.dhammadownload.com



ကိုယ့်ဘက်သား သူ့ဘက်သား၊ ကိုယ့်တပည့် သူ့တပည့် မခွဲခြားဘဲ သတ္တဝါတွေအားလုံးရဲ့အပေါ်မှာ ညီတူညီမျှ ထားနိုင်ပါရဲ့လား၊ ချမ်းသာစေလိုတဲ့ မေတ္တာစိတ်ကို အညီအမျှ ထားနိုင်ပါရဲ့လား၊ သနားတဲ့ ကရုဏာစိတ်ကို အညီအမျှ ထားနိုင်ပါရဲ့လားလို့ ဆိုလို ပါတယ်၊ ဟုတ်ပေတယ်၊ မေးသင့်တဲ့ ပြဿနာပေပဲ၊ ဘာကြောင့် လည်းဆိုရင် တချို့က ဘုရားပါလို့ ဝန်ခံနေပြီးတော့ မေတ္တာစိတ်, ကရုဏာစိတ်ကို အညီအမျှ မထားနိုင်ဘူး၊ မိမိအား ရိုသေ ကိုးကွယ် တဲ့ သူတွေကို ကယ်မမယ်၊ မရိုမသေ မကိုးကွယ်တဲ့သူတွေကိုတော့ မကယ်မဘူး၊ ဒဏ်ခတ်မယ်၊ ထာဝရငရဲကို ပစ်ချမယ်လို့ ဆိုနေရင် အဲဒီလိုဘုရားဟာ စိတ်ကို အညီအမျှ မထားနိုင်ဘူး၊ စိတ်ကို အညီအမျှမထားနိုင်ရင် စင်စစ်အားကိုးထိုက်တဲ့ ဘုရားမဟုတ်ဘူး ပေါ့၊ ဘုရားအစစ်ဆိုရင် သတ္တဝါတွေကို ညီတူညီမျှ မေတ္တာစိတ် ကရုဏာစိတ် ထားနိုင်မှာပေါ့၊ ဒါကြောင့် ဟေမဝတနတ်က "အဆွေ တော်ရဲ့ဘုရားဟာ သတ္တဝါတွေအားလုံး အပေါ်မှာ စိတ်နှလုံးကို ညီတူညီမျှ ကောင်းကောင်းထားနိုင်ပါရဲ့လား" လို့မေးပါတယ်၊ နောက်ပြီးတော့-

**ကစ္စိ**-အသို့နည်း၊ **အဿ**-ထိုသင့်ဆရာဘုရားသည်၊ **ဣဋ္ဌေ စ**-အလိုရှိအပ်သည့် ကောင်းမြတ်သော အာရုံ၌လည်းကောင်း၊ **အနိဋ္ဌေ စ**-အလိုမရှိအပ်သည့် မကောင်းသော အာရုံဆိုး၌လည်းကောင်း၊ **သင်္ကပ္ပါ**-အကြံအစည်တို့ကို၊ ဝသီကတာ-အလိုရှိတိုင်း မဆိုင်းပိုင် ပိုင်ပြုနိုင်ပါ၏လော-တဲ့။

## စိတ်ကို နိုင်နင်းပါရဲ့လား

လောကမှာ လူအများဟာ ကောင်းတဲ့အာရုံနဲ့ တွေ့ရတဲ့အ

http://www.dhammadownload.com



ခါ ဝမ်းမြောက်ဝမ်းသာနဲ့ နှစ်သက်သာယာနေကြတယ်၊ ဝမ်းမသာအောင် မနှစ်သက်အောင် ထိန်းမထားနိုင်ကြဘူး၊ မကောင်းတဲ့အာရုံဆိုးနဲ့တွေ့ရတဲ့အခါကျတော့လဲ နှလုံးမသာဖြစ်ပြီး စိတ်ဆိုးကြစိတ်ပျက်ကြတယ်၊ အဲဒီလို မဖြစ်အောင်လည်း စိတ်ကို ထိန်းမထားနိုင်ကြဘူး၊ အာရုံနောက် စိတ်ကလိုက်ပါနေလေ့ရှိကြတယ်၊ ဘုရားဆိုရင်တော့ အာရုံနောက်ကို မလိုက်ဘဲ စိတ်အကြံကို နိုင်နင်းသင့်ပါတယ်၊ ဒါကြောင့် ဟေမဝတနတ်က "ဘယ့်နှယ်လဲ အဆွေတော်၊ သင့်ဆရာ ဘုရားဟာ စိတ်အကြံကို ကိုယ့်အလိုအတိုင်း နိုင်နင်းပါရဲ့လား၊ လိုချင်နှစ်သက်ဖွယ် သာယာဖွယ် ဣဋ္ဌာရုံမှာရော၊ မုန်းဖွယ်, ရွံဖွယ်အလို မရှိအပ်တဲ့ အနိဋ္ဌာရုံမှာရော စိတ်အကြံကို ကိုယ့်အလိုအတိုင်း ပိုင်နိုင်ပါရဲ့လား၊ အလိုအတိုင်း ကြံနိုင်ပါရဲ့လား"လို့ မေးပါတယ်၊ ဒါလည်း အရေးကြီးတဲ့ ပြဿနာပဲ။

ယခု လူတွေမှာဆိုရင် အာရုံနောက် စိတ်နောက်ကို လိုက်နေ ကြရတယ်၊ ပြုံးစရာအာရုံနဲ့တွေ့ရင် ပြုံးကြရတယ်၊ မဲ့စရာအာရုံနဲ့တွေ့ရင် မဲ့ကြရတယ်၊ ရယ်စရာအာရုံနဲ့တွေ့ရင် ရယ်ရွှင်ဝမ်းသာကြရတယ်၊ ငိုစရာအာရုံနဲ့တွေ့ရင် ငိုကြရဝမ်းနည်းကြရတယ်၊ စိတ်ကသွားချင်ရင် သွားကြရတယ်၊ မတော်တဲ့နေရာကိုဆိုရင် အစပထမကတော့ သွားရန်မတော်ဘူးလို့ စဉ်းစားပြီး အောင့်နေပါသေးတယ်၊ ဒါပေမယ့် တော်တော်ကြာတော့ စိတ်က အတင်းတိုက်တွန်းတာနဲ့ အဲဒီမတော်တဲ့နေရာကိုလည်း သွားရတာပဲ၊ စိတ်က ဒီစကားကို ပြောချင်တယ်၊ ဒီဟာကို ပြုလုပ်ချင်တယ်ဆိုရင် မသင့်တော်ဘူး ထင်လို့အောင့်နေပေမယ့် တော်တော်ကြာတော့ စိတ်ကအတင်းတိုက်တွန်းတာနဲ့ အဲဒီစကားကိုလည်း ပြောရတာပဲ၊ အဲဒီလို အမှုကိုလည်း ပြုလုပ်ရတာပဲ၊

http://www.dhammadownload.com



အဲဒါတွေဟာအာရုံနောက် စိတ်နောက်ကို လိုက်နေကြရတာတွေပါပဲ။

အခြားသူတွေ ထားပါဦး၊ တရားအားထုတ်နေတဲ့ ယောဂီတွေထဲမှာတောင် တချို့က စိတ်အလိုနောက် လိုက်နေသေးတာပဲ၊ ဘယ်လိုလဲဆိုတော့ကာ တချို့က တရားမတက်နိုင်တဲ့အတွက် စိတ်ပျက်လာတယ်၊ ကမ္မဋ္ဌာန်းက ထွက်ချင်တဲ့စိတ်ဖြစ်လာတယ်၊ ထွက်တော့မယ်ကြံပြီးတော့ အထုပ်အပိုးတွေတောင် ပြင်ပြီးပြီ၊ အဲဒီလို ယောဂီကို ကမ္မဋ္ဌာန်းဆရာတွေက တရားဟောပြောပြီး တားရတယ်၊ အဲဒီလို ဟောပြောတာကို သဘောကျပြီး အိမ်မပြန်ဘဲ အားထုတ်မြဲ ဆက်အားထုတ်သွားလို့ မကြာခင် တရားတက်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတာတွေလည်း ရှိပါတယ်၊ ဒါပေမယ့် တချို့ယောဂီကတော့ ဘယ်လိုဟောလို့ ပြောလို့မှ မရတော့ဘူး၊ သူ စိတ်ကူးထားတဲ့အတိုင်း ကမ္မဋ္ဌာန်းကျောင်းက ထွက်သွားတော့တာပဲ၊ အဲဒါဟာလည်း စိတ်နောက်ကိုလူက လိုက်ပါသွားတာပါပဲ၊ တချို့များ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ရောက်လို့ ခြောက်သွေ့သွေ့ ဖြစ်နေတာကို တွေ့ရတာနဲ့ စိတ်ပျက်ပြီး ပြန်သွားတာလည်း ရှိတယ်၊ အဲဒီအနေမှာ ဆက်ပြီးရှုမှတ်နေရင် မကြာခင် တရားပြည့်စုံဖို့ ရှိနေပါတယ်၊ ဒါပေမယ့် စိတ်ကို မထိန်းနိုင်တာနဲ့ ပြန်သွားတော့တာပဲ၊ အင်မတန် နှမြောစရာကောင်းပါတယ်၊ ဒါပေမယ့် အများအားဖြင့်တော့ ကမ္မဋ္ဌာန်းဆရာတွေ ပြောတဲ့အတိုင်း စိတ်ကို ထိန်းသိမ်းနိုင်တာကပဲ များပါတယ်။

လောကဘက်မှာလည်း ဗုဒ္ဓသာသနာဝင်တွေအနေနဲ့တော့ စိတ်ကို ထိန်းသိမ်းနိုင်ကြတာတွေလည်း တော်တော်များများ ရှိပါတယ်၊ ဗုဒ္ဓတရားတော်က စိတ်ကိုထိန်းသိမ်းဖို့ ဟောထားတဲ့ တရားတော်

http://www.dhammadownload.com



ဖြစ်တယ်၊ အဲဒီလို တရားကို ကြားနာမှတ်သားထားတဲ့ သူတွေက စိတ်ကို အတော်အတန်တော့ ထိန်းနိုင်ကြပါတယ်၊ အဲဒီလို တရားကို မကြားနာဖူးတဲ့ အပြင်ပပုဂ္ဂိုလ်တွေမှာတော့ ရှက်ရမှာလည်း မသိဘူး၊ ကြောက်ရမှာလည်း မသိဘူး၊ စိတ်အလိုအတိုင်း ပြုလုပ် ပြောဆိုနေကြတာပဲ များပါတယ်၊ အဲဒီလို အာရုံနောက် စိတ်အလိုနောက် လိုက်နေကြတဲ့ လောကထဲမှာ အဆွေတော် သာတာဂိရိရဲ့ ဘုရားဟာ စိတ်အကြံအစည်ကို မိမိအလိုအတိုင်း ထားနိုင်၊ ကြံနိုင်ပါရဲ့လားလို့ မေးပါတယ်၊ အလွန်သင့်လျော်တဲ့ မေးခွန်းပါပဲ။

## အမေးခံရတာ ကြောက်စရာကောင်းတယ်

မေးခွန်း ပေမယ့် အချက်ကျကျမေးဖို့ အရေးကြီးပါတယ်၊ တစ်နေ့ တော်တော်ဆီတုန်းက မန္တလေးမြို့ အိမ်တစ်အိမ်မှာ ဆွမ်းကပ်ပြီးတော့ အာလာပ သလ္လာပ စကားပြောကြရာမှာ ထင်ရှားကျော်စောတဲ့ ဆရာတော်ကြီးတစ်ပါးက ဒီလိုပြောတယ်၊ တစ်ခါက သူ့ထံမှာ အမေရိကန်က လူတစ်ယောက်ရောက်လာပြီး မေးခွန်းတွေကို မေးတယ်၊ နှိုက်နှိုက်ချွတ်ချွတ် မေးတတ်တဲ့လူတွေပဲ၊ အမေးခံရတာ အင်မတန်ကြောက်စရာကောင်းတယ်တဲ့၊ နောက်ဆုံးဘာမေးသွားသလဲ ဆိုတော့ အရှင်ဘုရား ဒီတရားကို ဘယ်လောက်ကြာအောင် အားထုတ်ဖူးပါသလဲ၊ အားထုတ်တဲ့အခါမှာ ဘယ်လိုအာရုံနိမိတ်များထင်ပါသလဲလို့ မေးသွားပါသတဲ့၊ အဲဒီလိုမေးတဲ့အတွက် အဲဒီဆရာတော်ကြီးက အလွန်ကြောက်စရာ ကောင်းတယ်လို့ဆိုတာပဲ၊ ဘုန်းကြီးအမြင်နဲ့တော့ သူဟာ မေးသင့်လို့ မေးတာပဲလို့သာ မြင်မိပါတယ်၊ ဘာကြောင့်လည်းဆိုတော့ တရားဘက်က စုံစမ်းလေ့လာတဲ့ ပုဂ္ဂိုလ်ဆိုတာ တရားဘက်က ကိုယ်တိုင်တွေ့

http://www.dhammadownload.com



သိနားလည်လောက်တဲ့ ပုဂ္ဂိုလ်ကို ဒီလိုမေးရမှာပဲ၊ စာပေကျမ်းဂန်လည်း ကောင်းကောင်းတတ်တယ်၊ အရွယ်အားဖြင့်လည်း ခုနစ်ဆယ်ကျော် ရှစ်ဆယ်ရှိနေတယ်၊ ထင်ရှားကျော်စောတဲ့ ဆရာတော်လည်း ဖြစ်တယ်ဆိုရင် **တရားနဲ့စပ်ပြီး ကိုယ်တိုင်တွေ့ကို** သိချင်တဲ့သူက ဒီလိုမေးရမှာပဲ၊ မြန်မာနိုင်ငံက ယခုနေအခါမှာ ဗုဒ္ဓတရားတော်ဘက်က အထူးထင်ရှားနေတဲ့အတွက် ဒီလို မထေရ်ကြီးကို တွေ့ရတဲ့အခါ ဒီလိုပဲ နိုင်ငံခြားပုဂ္ဂိုလ်တွေက မေးကြပေလိမ့်မယ်လို့ပဲ ထင်မြင်မိပါတယ်၊ အရေးကြီးတာကတော့ သူများကမေးတဲ့အခါ ကိုယ်တွေ့တရားကို ရဲရဲရင့်ရင့် ဖြေနိုင်ဖို့က အရေးကြီးပါတယ်။

ယခုပြောနေတဲ့ ဟေမဝတနတ်ဆိုတာက သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ကဿပမြတ်စွာဘုရားလက်ထက်က တပည့်ပရိသတ်ငါးရာကို စာပေပို့ချလာခဲ့တဲ့ စာပေကျမ်းဂန်တတ် ဆရာတော်ကြီးက ဖြစ်လာတဲ့နတ်ဖြစ်တယ်၊ ဒါကြောင့် သူကဘုရားဂုဏ်နဲ့လိုက်လျောတဲ့ ပြဿနာကို မေးတတ်တာပဲ၊ အမေးခံရတဲ့ သာတာဂိရိနတ်ကလည်း သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ သူကလည်း ကဿပဘုရားလက်ထက်က အဲဒီ ဟေမဝတအလောင်း ဆရာတော်ကြီးနဲ့အတူ သာသနာဝင်ပြီး ရဟန်းပြုခဲ့တဲ့ သီတင်းသုံးဖော် ဆရာတော်ကြီးတစ်ပါးက ဖြစ်လာတာပဲ၊ အဲဒီတုန်းက သူလည်း တပည့်ငါးရာကို စာပေပို့ချလာခဲ့တဲ့ စာပေကျမ်းဂန်တတ် မထေရ်ကြီးပါပဲ။

သူတို့အကြောင်း အကျယ်ကိုတော့ နောက်မှပြောရမယ်၊ ဒီကနေ့ သူတို့အကြောင်း ပြောနေရင် တရားသားကို ဟောဖို့အချိန်ရှိမှာမဟုတ်ဘူး၊ ဒါကြောင့် နောက်မှပြောရမယ်၊ အဲဒီ စာတတ်မထေရ်ကြီးက ဖြစ်လာတဲ့ နတ်ဖြစ်တဲ့အတွက် သာတာဂိရိနတ်ကလည်း အကွက်ကျကျ ဒီလိုဖြေလိုက်ပါတယ်။

http://www.dhammadownload.com



## သာတာဂိရိ၏ အဖြေ (၁)

**မနောစ'ဿ သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော။**
**အထော ဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကပ္ပ'ဿ ဝသီကတာ-တဲ့။**

**သမ္မ**-အဆွေတော် ဟေမဝတနတ်မင်း၊ **အဿ**-ငါတို့ဆရာဖြစ်တော်မူသော ထိုဘုရားရှင်သည်၊ **သဗ္ဗဘူတေသု**- အလုံးစုံသော သတ္တဝါတို့အပေါ်၌၊ **တာဒိနော**-အတူပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍၊ **မနောစ**-စိတ်နှလုံးကိုလည်း၊ **သုပဏိဟိတော**- ကောင်းစွာပိုင်ပိုင် ထားနိုင်ပါပေသည်၊ **အထော**-ထို့ပြင်၊ **အဿ**-ငါတို့ဆရာဖြစ်တော်မူသော ထိုဘုရားရှင်သည်၊ **ဣဋ္ဌေ စ**-အလိုရှိအပ်သည့် ကောင်းမြတ်သော အာရုံ၌လည်းကောင်း၊ **အနိဋ္ဌေ စ**-အလိုမရှိအပ်သည့် မကောင်းသော အာရုံဆိုး၌လည်းကောင်း၊ **သင်္ကပ္ပါ**-အကြံအစည်တို့ကိုလည်း၊ **ဝသီကတာ**- အလိုရှိတိုင်း မဆိုင်းပိုင်ပိုင် ပြုနိုင်ပါပေသည် အဆွေတော်-တဲ့။

## စိတ်ကို အညီအမျှ ထားနိုင်ပါတယ်

အဲဒါဟာ သာတာဂိရိနတ်မင်းရဲ့ အဖြေပဲ၊ ဆိုလိုတာ အကျယ်ကတော့ အဆွေတော် ဟေမဝတနတ်မင်းရေ၊ ကျုပ်တို့ဆရာဖြစ်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားဟာ အားလုံးသော သတ္တဝါတွေ အပေါ်မှာ စိတ်နှလုံးကို အညီအမျှကောင်းကောင်း ထားနိုင်ပါပေတယ်၊ သတ္တဝါတွေဟာ ဘုရားကို ကြည်ညိုတာတွေလည်း ရှိတယ်၊ မကြည်ညိုတာတွေလည်း ရှိတယ်။

ဓမ္မစကြာတရားတော်ကို နာရတဲ့အတွက် တရားထူးရကြတဲ့ တပည့်အရင်းတွေလည်း ရှိတယ်၊ သရဏဂုံလောက်သာ တည်တဲ့ သာမန်တပည့်တွေလည်း ရှိတယ်၊ ဒါကြောင့်သရဏဂုံတည်ပြီး

http://www.dhammadownload.com



ဗုဒ္ဓသာသနာဝင် ဖြစ်နေကြတာတွေလည်း ရှိတယ်၊ သရဏဂုံ တောင်မတည်သေးတဲ့ ဗုဒ္ဓသာသနာအပြင်က သတ္တဝါတွေလည်း ရှိတယ်၊ မာရ်နတ်အသင်းဝင်ဖြစ်တဲ့ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တွေ လည်းရှိတယ်၊ အဲဒီသတ္တဝါတွေအားလုံးကို ကျုပ်တို့ဆရာဘုရားက ညီတူညီမျှပဲ နှလုံးသွင်းတော်မူနိုင်ပါတယ်၊ ညီတူညီမျှပဲ ချမ်းသာစေ လိုတဲ့ မေတ္တာစိတ်ရှိတော်မူတယ်၊ ညီတူညီမျှပဲသနားတဲ့ ကရုဏာ စိတ်ရှိတော်မူပါတယ်တဲ့၊ ယခုပြောခဲ့တာကတော့ ဘုရားပွင့်တော် မူစက အခြေအနေနဲ့ ပြောခဲ့တာပဲ၊ နောက်ကာလကပါ ထည့်သွင်း ပြီး ပြောရမယ်ဆိုရင်တော့၊ မြတ်စွာဘုရားအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနေတဲ့ ဒကာ ဒကာမတွေဆိုတာလည်း ရှိတယ်၊ မြတ်စွာဘုရားကို အတိုက်အခံ ဆန့်ကျင်ဘက် ပြုလုပ်နေတဲ့ ဗြာဟ္မဏလူမျိုးတွေနဲ့ တိတ္ထိဘက်သားတွေလည်း ရှိတယ်၊ အဲဒီနှစ် မျိုးသောလူတွေကို ညီတူညီမျှပဲ မေတ္တာကရုဏာ ထားတော်မူတယ်၊ လူ့ဘဝက ရခဲ့တဲ့သားတော် ရာဟုလာနဲ့ သေရာသေကြောင်း ကြံ စည်ပြုလုပ်နေတဲ့ ဒေဝဒတ်ကိုလဲ ညီတူညီမျှပဲ မေတ္တာ, ကရုဏာ ထားတော်မူတယ်၊ အတွင်းသား အပြင်သားရယ်လို့ ခွဲခြားခြင်း မရှိဘူး၊ သတ္တဝါအားလုံးကို ညီတူညီမျှပဲ ချမ်းသာစေလိုတဲ့စိတ် ရှိတော်မူတယ်၊ ညီတူ ညီမျှပဲ သနားတဲ့စိတ် ရှိတော်မူတယ်။

ဒါကြောင့် "အသ-ငါတို့ဆရာဖြစ်တော်မူသော ထိုဘုရား ရှင်သည်၊ သဗ္ဗဘူတေသု- အလုံးစုံသော သတ္တဝါတို့အပေါ်၌၊ တာဒိ နော- အတူပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍၊ မနော စ-စိတ်နှလုံးကိုလည်း၊ သုပဏိဟိတော- ကောင်းစွာ ပိုင်ပိုင် ထားနိုင် ပါသည်"လို့ဖြေပါတယ်။

အဲဒါကို အလွယ်တကူ မှတ်ရအောင်လို့ **"ငါတို့ဘုရား၊ စိတ်**

http://www.dhammadownload.com



**ထားကောင်းစွာ၊ သူခစ်သိမ်းအား၊ သနားညီညာ"** လို့ ဆောင်ပုဒ်စီထားတယ်။

## အလွန်ကြည်ညိုစရာကောင်းတယ်

အဲဒါ သေသေချာချာ စဉ်းစားကြည့်ရင် အလွန်ကြည်ညိုစရာကောင်းပါတယ်၊ သူသူငါငါ လောကသားတွေဆိုတာ အတွင်းသား အပြင်သား ခွဲခြားမှုရှိနေကြတာပဲ၊ ကိုယ့်ဘက်ကလူ ကိုယ့်ကိုအားပေးတဲ့လူဆိုရင် တတ်နိုင်သမျှ အကျိုးများအောင် ဆောင်ရွက်ပေးမယ်၊ မဆောင်ရွက်နိုင်တောင် ချမ်းသာစေလိုတဲ့စိတ်တော့ သာသာထိုးထိုးရှိနေမယ်၊ ကိုယ်နဲ့ဆန့်ကျင်ဘက်လူဆိုရင် ကူညီဆောင်ရွက်လိုစိတ်မရှိဘူး၊ အကျိုးမဲ့ပြုလိုတဲ့စိတ်တောင် ရှိနေတတ်သေးတယ်၊ ဆန့်ကျင်ဘက်မဟုတ်ပေမယ့် ကိုယ့်အကျိုး မဆောင်ရွက်ဖူးတဲ့ သူ့အတွက်ဆိုရင်လည်း ကူညီဆောင်ရွက်ဖို့ရာ စိတ်မထက်သန်ဘဲ ရှိတတ်တယ်၊ ညီတူညီမျှ မေတ္တာ၊ ကရုဏာထားဖို့ အလွန်ခက်ပါတယ်၊ အဲဒီ အဝေးကလူတွေအတွက်ဆိုတာ ထားလိုက်ပါဦးတော့၊ ကိုယ့်တစ်အိမ်ထဲမှာရှိတဲ့ လူတွေပဲ ညီတူညီမျှ သဘောထားဖို့ဆိုရင် တချို့မှာ မလွယ်ဘဲ ရှိနေကောင်း ရှိနေပါလိမ့်မယ်။

သာမန်လူတွေမှာ ညီတူညီမျှစိတ်ထားဖို့ ခက်တာကို ထားလိုက်ပါဦးတော့၊ ဘာသာတရားတွေမှာ ကိုးကွယ်ရာလို့ယူဆပြီး ကိုးကွယ်နေကြတဲ့ ဘုရားသခင်တွေကို စိစစ်ကြည့်ကြစမ်းပါ၊ သတ္တဝါအားလုံးကို ညီတူညီမျှစိတ်ရှိတဲ့ ဘုရားက ရှားပါလိမ့်မယ်၊ "ငါ့ ကိုးကွယ်တဲ့ သူတွေကို ကယ်မယ်၊ မကိုးကွယ်တဲ့သူတွေကို မကယ်မဘူး၊ အပြစ်ဒဏ်ခတ်မယ်၊ ထာဝရငရဲကို ပစ်ချမယ်"လို့ ဒီလိုအဆိုရှိတဲ့ ဘုရားတွေကိုသာ တွေ့ရပါလိမ့်မယ်၊ အဲဒီတော့

http://www.dhammadownload.com



အဲဒီလို ဘုရားတွေနှင့် နှိုင်းယှဉ်ကြည့်လိုက်ရင် အတွင်းသား အပြင်သား မခွဲခြားဘဲ သတ္တဝါအားလုံးကို ညီတူညီမျှ စိတ်သဘောထား ရှိတော်မူတဲ့ ဗုဒ္ဓမြတ်စွာဘုရားဟာ အလွန်ပဲ ကြည်ညိုဖွယ် ကောင်းလှပါပေတယ်။

မြတ်စွာဘုရားဟာ သားတော်ရာဟုလာအား ချမ်းသာစေချင်သလိုပင် အားလုံးသော သတ္တဝါတွေအားလည်း ချမ်းသာစေချင်တယ်၊ ချမ်းသာစေချင်တဲ့ မေတ္တာစိတ် အညီအမျှပဲ ရှိနေတယ်၊ သားတော် ရာဟုလာအား မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရစေချင်သလိုပင် အားလုံးသော သတ္တဝါတို့အားလည်း မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရစေချင်တဲ့ ဆန္ဒ ရှိတော်မူတယ်၊ သားတော်ရာဟုလာအား သနားတော်မူသလိုပင် အားလုံးသော သတ္တဝါတို့အား သနားတော်မူတယ်၊ လောကသားတွေ အနေနဲ့ဆိုရင်တော့ ညီတူညီမျှ ချစ်ခင်ဖို့၊ သနားဖို့ အလွန်ခက်ပါတယ်၊ ကိုယ့်အုပ်စုကလေးအတွင်းမှာတောင်မှ တစ်ဦးတစ်ယောက် အပေါ်မှာ မေတ္တာ၊ ကရုဏာ မညီမျှဘဲ အပိုအလိုရှိနေတတ်တာပဲ၊ သေသေချာချာ စဉ်းစားကြည့်ရင် အညီအမျှ စိတ်ထားဖို့ဆိုတာဟာ ကိုယ့်တွေ့အားဖြင့် အလွန်ခက်ခဲကြောင်း တွေ့ရပါလိမ့်မယ်၊ မြတ်စွာဘုရားမှာတော့ မဟာကရုဏာသမာပတ် ဝင်စားတော်မူတဲ့အခါမှာ-

"**ဗဟုကေဟိ အာကာရေဟိ**-တစ်ရာမက၊ တစ်ထောင်မက၊ များစွာသော အခြင်းအရာတို့ဖြင့်၊ **ပဿန္တာနံ**-မြင်တော်မူကုန်လျက် **သတ္တေသု**-သတ္တဝါတို့အပေါ်၌၊ **မဟာကရုဏာ**-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ **ဩက္ကမတိ**- သက်ရောက်လေတော့သည်"လို့ ဆိုထားတဲ့အတိုင်း များစွာသော အခြင်းအရာတို့ဖြင့် သတ္တဝါအားလုံးကို သနားတော်မူပါတယ်၊ အဲဒီများစွာသော

http://www.dhammadownload.com



အခြင်းအရာထဲက အချို့အနည်းငယ်ကို ဒီမှာ ထုတ်ပြဦးမယ်။

**မဟာကရုဏာ ဖြစ်တော်မူပုံ**

**ဥပနီယတိ လောကော အဒ္ဓုဝေါတိ ပဿန္တာနံ**
**ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။**
**(ပဋိသမ္ဘိဒါမဂ်-၁၂၁)။**

**လောကော**-သတ္တဝါအပေါင်းဟူသော လောကကို၊ **ဥပနီယတိ**-အိုခြင်း၊ နာခြင်း၊ သေခြင်းသို့ အဆင့်ဆင့်ပို့ဆောင်အပ်၏။ **အဒ္ဓုဝေါ**-မခိုင်မြဲ မတည်တံ့ပါတကား၊ **ဣတိ**-ဤသို့၊ **ပဿန္တာနံ**-ဘုရားမျက်စိဖြင့် စေ့စေ့ငုငုကြည့်ရှုလျက်၊ မြင်တော်မူကုန်လျက်ဝါ-မြင်တော်မူကုန်သော၊ **ဗုဒ္ဓါနံ ဘဂဝန္တာနံ**-မြတ်စွာဘုရားတို့အား **သတ္တေသု**-သတ္တဝါတို့အပေါ်၌၊ **မဟာကရုဏာ**-ကြီးစွာသော သနားခြင်းသည်၊ **ဩက္ကမတိ**-သက်ရောက်ဖြစ်ပွားလေတော့၏-တဲ့။

## အိုနာသေသို့ ဆောင်ပို့နေသည်

မြတ်စွာဘုရားက ဘုရားဉာဏ်မျက်စိဖြင့် တစ်လောကလုံး ကို ဖြန့်ပြီး ကြည့်ရှုတော်မူတဲ့အခါ သနားစရာကောင်းတဲ့ သတ္တဝါတွေကို မြင်ပြီး သနားတော်မူတယ်၊ ဥပမာအားဖြင့် သနားတတ်တဲ့ လူဟာ ကိုယ့်မျက်စိအောက် အတိဒုက္ခရောက်နေတဲ့ သူတွေကို မြင်ရတော့ သနားသလိုပေါ့၊ ဒါပေမယ့် သာမန်ပုဂ္ဂိုလ်သနားတယ် ဆိုတာကတော့ တော်ရုံသင့်ရုံလောက်ပါပဲ၊ သိပ်ပြီး မနက်နဲပါဘူး၊ မြတ်စွာဘုရားသနားတော်မူတာကတော့ အလွန်နက်နဲပြီး အလွန်လည်း ကြီးမားကျယ်ပြန့်ပါတယ်၊ ယခုလောလောဆယ်မှာ ဒုက္ခရောက်နေတာတွေကို မြင်ပြီးတော့လည်း သနားတော်မူတယ်၊ ယခု

http://www.dhammadownload.com



လောလောဆယ်မှာ ချမ်းသာပေမယ်လို့ မကြာမီမှာပင် ငရဲ, တိရစ္ဆာန်, ပြိတ္တာဘုံတွေ ရောက်ပြီး ဒုက္ခရောက်သွားမှာတွေကို မြင်ပြီးတော့လည်း သနားတော်မူတယ်၊ တစ်ဘဝ တစ်ဘဝမှာ ဖြစ်လာပြီး မကြာခင်ပဲ အိုလိုက် နာလိုက်နဲ့ ဒုက္ခရောက်ပြီး အဖန်ဖန် သေသေသွားကြရတာတွေကို မြင်ပြီးတော့လည်း သနားတော်မူတယ်၊ ယခုလူတွေကိုပဲကြည့်ပါ၊ ဘဝအသစ် လူရယ်လို့ ဖြစ်လာပြီး သိတတ်တဲ့ အရွယ်ရောက်လာရင် အသက်မွေးဝမ်းကျောင်းအတွက် ပညာတွေ သင်ကြားရတယ်၊ အဲဒီလို ပညာသင်လို့ အသက် ၂၀-ကျော်လောက်ရှိတဲ့ အခါကျတော့ လောကရေးရာ အလုပ်တွေကို လုပ်ကိုင်ကြရတယ်၊ အဲဒီအတွင်းမှာပဲ နုပျိုတဲ့ရုပ်တွေ တဖြည်းဖြည်းချင်း အိုမင်းရင့်ရော်လိုက်လာတယ်၊ အိုရာကနေပြီးတော့ မကျန်းမမာ နာရတယ်၊ ဆေးကုလို့ မရနိုင်လောက်အောင် နာပြီးတဲ့အခါကျတော့ သေသွားတယ်။

အဲဒီလိုဖြစ်ရာမှာ လူတွေက အမှုမဲ့ အမှတ်မဲ့ နေကြပေမယ့် ကိုယ်ထဲက ရုပ်တွေကတော့ နုပျိုရာက အိုဖို့ရာဘက်ကို ပို့ဆောင်နေကြတယ်၊ အိုရာက နာဖို့ရာဘက် ပို့ဆောင်နေကြတယ်၊ နာရာက သေဖို့ရာဘက်ကို ပို့ဆောင်နေကြတယ်၊ အဲဒီလိုသေလုနီးပါး အသည်းအသန် နာတဲ့အခါကျတော့မှ သေတော့မယ်ဆိုတာ၊ ရိပ်မိကြတော့တယ်၊ အဲဒီလိုအခါကျတော့ အိမ်သူအိမ်သားတွေ, ဆွေမျိုးတွေ, မိတ်သင်္ဂဟတွေက အနီးအပါးမှာ ရင်တမမနဲ့ ကြည့်ရှုစောင့်ရှောက်ကြတယ်၊ တချို့ကလည်း မျက်ရည်စက်လက်နဲ့ ငိုယိုပြီး အလွန်စိတ်နှလုံးမသာ ဖြစ်နေကြတယ်၊ အဲဒီလို ကြည့်ရှုနေကြရင်းကပဲ သေသွားတယ်၊ သေသွားတဲ့အခါ ကျန်ရစ်တဲ့အလောင်းကို သုသာန်လိုက်ပို့ကြတယ်၊ သုသာန်ရောက်တဲ့အခါ ငိုယို

http://www.dhammadownload.com



မြည်းတမ်းပြီး သင်္ဂြိုဟ်လိုက်ကြရတယ်၊ အဲဒီကနောက်လည်း ရက်-လ အနည်းငယ်လောက်အတွင်းမှာ သေသွားတဲ့ သူကို လွမ်းတပြီး နေကြသေးတယ်၊ တော်တော်ကြာတော့ မေ့သွားကြတာပါပဲ၊ အဲဒါဟာ တစ်ဘဝတာစခန်းပဲ။

အဲဒီကပြီးတော့ နောက်တစ်ဘဝလည်း ဒီလိုပဲ နုပျိုရာက အိုရမယ်၊ အိုရာက နာရမယ်၊ နာရာက သေရမယ်၊ ဒီပုံဒီနည်းဖြင့် ဘဝတိုင်း ဘဝတိုင်း နုပျိုရာက အိုမင်းစခန်း ပို့ဆောင်တယ်၊ အိုရာက ဖျားနာစခန်း ပို့ဆောင်တယ်၊ နာရာက အသေစခန်း ပို့ဆောင်တယ်၊ အဲဒီလို အိုစခန်း, နာစခန်း, သေစခန်းသို့ ပို့ဆောင်နေတာကို မြတ်စွာဘုရားက မြင်တော်မူတယ်၊ အိုစခန်းရောက်နေတဲ့ သတ္တဝါတွေကိုလည်း သန်းပေါင်းများစွာ မြင်တော်မူတယ်၊ နာစခန်းရောက်လို့ ဘေးနားက ဆွေမျိုးတစ်စု နှလုံးမသာ ဖြစ်နေကြတာတွေကိုလဲ သန်းပေါင်းများစွာ မြင်တော်မူတယ်၊ သေစခန်းရောက်လို့ ငိုယိုမြည်းတမ်းပြီး ဒုက္ခရောက်နေကြတာတွေကိုလည်း သန်းပေါင်းများစွာမြင်တော်မူတယ်၊ ယခု ဒီမှာ သန်းပေါင်းများစွာလို့ ပြောရတာဟာ ယခုခေတ်ပြောနေကျ စကားမို့ ပြောရတာပါပဲ၊ အဲဒီလို ဒုက္ခရောက်ရောက်နေကြတဲ့ သတ္တဝါတွေကတော့ အသင်္ချေ အနန္တ မရေမတွက်နိုင်အောင် များပါတယ်၊ သတ္တဝါ တစ်ယောက်တစ်ယောက်ရဲ့ ဖြစ်စဉ်ကိုပဲ အိုနေပုံ, နာနေပုံ, သေနေပုံ အရုပ်ကားတွေ ရေးပြီး စီထားမယ်ဆိုရင် မြေပြင်တောင် ဆံ့မှာ မဟုတ်ပါဘူး၊ အဲဒီလို ဘဝအသစ်ဖြစ်ရာက အိုအောင်၊ အိုရာက နာအောင်၊ နာရာက သေအောင် အစဉ်မပြတ် ပို့ဆောင်နေပုံတွေကို မြတ်စွာဘုရားက မြင်တော်မူတယ်တဲ့၊ အဲဒီလိုမြင်ရတော့တယ် သနားစရာကောင်းတဲ့ သတ္တဝါတွေပဲလို့ ဆင်ခြင်ပြီး သနားတဲ့ မဟာကရုဏာဖြစ်တော်မူပါတယ်တဲ့၊ အဲဒါကို သံဝေဂအဖြစ် ရွတ်ဆို နှလုံးသွင်း

http://www.dhammadownload.com



ရအောင်လို့ ဆောင်ပုဒ်စီထားတယ်၊ "အို, နာ, သေသို့၊ မောင်းနှင်ပို့၊ လူတို့ မမြဲပါတကား" တဲ့၊ အဲဒါကို ဆိုကြရမယ်။

**အို, နာ, သေသို့၊ မောင်းနှင်ပို့၊ လူတို့ မမြဲပါတကား။** (ဆို)

သတ္တဝါတွေဟာ အိုလိုက်, နာလိုက်, သေလိုက်, အိုလိုက်, နာလိုက်, သေလိုက်နဲ့ ဒီလိုအပြန်ပြန်ဖြစ်ပြီး ဒုက္ခရောက်နေကြရတယ်။ ဒီအိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ငါဘုရားသာလျှင် ကယ်တင်နိုင်တယ်၊ ငါဘုရားမှ တစ်ပါး ကယ်တင်နိုင်တဲ့ ပုဂ္ဂိုလ်ရယ်လို့မရှိတော့ဘူး၊ ဒီသတ္တဝါတွေဟာ ငါဘုရား၏ တရားအတိုင်း လိုက်နာပြီး ကျင့်ကြမှသာလျှင် ဒီဆင်းရဲမှ လွတ်မြောက်ကြမယ်၊ မကျင့်ကြရင်တော့ ဒီနည်းအတိုင်းပဲ အိုလိုက်, နာလိုက်, သေလိုက်နဲ့ ဒုက္ခတွေကိုသာ ခံစားနေကြရလိမ့်မယ်၊ အကုသိုလ်က အကျိုးပေးတဲ့အခါ ငရဲရောက်ပြီးတော့ အတိုင်းမသိတဲ့ ဆင်းရဲတွေကို ခံစားကြရလိမ့်မယ်၊ ပြိတ္တာဖြစ်ပြီးတော့လည်း ဆင်းရဲတွေကို ခံစားကြရလိမ့်မယ်၊ တိရစ္ဆာန်ဖြစ်ပြီးတော့လည်း ဆင်းရဲတွေကို ခံစားကြရလိမ့်မယ်၊ အဲဒီလို ဆင်းရဲဒုက္ခရောက်သွားကြရမယ့် အရေးတွေကို မြင်တော်မူတဲ့အတွက် မြတ်စွာဘုရားမှာ သားတော်ရာဟုလာကို သနားသလိုပင် အားလုံးသော သတ္တဝါတွေကို ညီတူညီမျှသနားခြင်း ကရုဏာဖြစ်တော်မူပါတယ်တဲ့၊ ဒါကြောင့် "သဗ္ဗ ဘူတေသု-အတွင်းသား အပြင်သား အားလုံးသော သတ္တဝါတို့၌၊ တာဒိနော-အတူပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍၊ မနော-စိတ်နှလုံးကို၊ သုပဏိဟိတော-ကောင်းစွာ ထားတော်မူနိုင်ပါသည်"လို့ သာတာဂိရိနတ်က ဖြေတယ်၊ အဲဒါကို "ငါတို့ဘုရား စိတ်ထားကောင်းစွာ၊ သူခပ်သိမ်းအား သနားညီညာ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com



ငါတို့ဘုရား စိတ်ထားကောင်းစွာ
သူခပ်သိမ်းအား သနားညီညာ။

**အားကိုးဖွယ်မရှိ**
**အတာဏော လောကော အနဘိဿရောတိ ပဿန္တာနံ**
**ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။**
**(ပဋိသံ ၁၂၁)**

**လောကော**-သတ္တဝါအပေါင်းဟူသော လောကသည်၊ **အတာဏော**-စောင့်ရှောက်သူ မရှိပါတကား၊ **အနဘိဿရော**-အားကိုးရမည့်သူ မရှိပါတကား၊ **ဣတိ**-ဤသို့၊ **ပဿန္တာနံ**-မြင်တော်မူကုန်လျက်၊ **ဗုဒ္ဓါနံ ဘဂဝန္တာနံ**-မြတ်စွာဘုရားတို့အား၊ **သတ္တေသု**-သတ္တဝါ တို့အပေါ်၌၊ **မဟာကရုဏာ**-ကြီးစွာသော သနားခြင်းသည်၊ **ဩက္ကမတိ**-သက်ရောက်ဖြစ်ပွားလေတော့၏-တဲ့။

သတ္တဝါတွေမှာ အားကိုးရမည့် စောင့်ရှောက်သူ မရှိဘူးလို့ မြင်ပြီးတော့လည်း သနားတော်မူပါတယ်တဲ့၊ မျက်မှောက်လောကတွင်တော့ အားကိုးရမည့် စောင့်ရှောက်သူ ရှိတန်သလောက် ရှိပါတယ်၊ သားငယ် သမီးငယ်ကလေးတွေကို မိဘတွေက စောင့်ရှောက်ကြပါတယ်၊ အမိအို အဘအိုတွေကိုလည်း လိမ္မာတဲ့ သားသမီးတွေက စောင့်ရှောက်ကြတယ်၊ တပည့်ကို ဆရာက စောင့်ရှောက်တယ်၊ ဆရာကိုလည်း တပည့်တွေက စောင့်ရှောက်ကြတယ်၊ ညီအစ်ကို, မောင်နှမဆွေမျိုးတွေ အချင်းချင်းလည်း စောင့်ရှောက်ကြတယ်၊ ဒီလို အစောင့်အရှောက် ရှိတန်သလောက်တော့ ရှိပါတယ်၊ ဒါပေမယ့် မအိုရအောင်တော့ သားသမီးကလည်း မိဘကို မစောင့်ရှောက်နိုင်ဘူး၊ မိဘကလည်း သားသမီးကို မစောင့်ရှောက်နိုင်ဘူး၊ ဘယ်သူ

http://www.dhammadownload.com



ကမှ ဘယ်သူ့ကို မစောင့်ရှောက်နိုင်ဘူး၊ မိဘတွေ အိုမင်းနေတာ သက်သာအောင် သားသမီးတွေက ခွဲဝေယူလို့လည်း မဖြစ်နိုင်ဘူး၊ ထို့အတူပင် မနာအောင်လို့လည်း ဘယ်သူကမှ ဘယ်သူ့ကို မ စောင့်ရှောက်နိုင်ဘူး၊ ဆေးဆရာတွေကတော့ အတော်အတန် သက်သာအောင် စောင့်ရှောက်နိုင်ပါရဲ့၊ ဒါပေမယ့် မပျောက်နိုင် လောက်တဲ့ အနာရောဂါကျတော့ ဆေးဆရာကြီးတွေကလည်း မ တတ်နိုင်တော့ဘူး၊ အဲဒါတွေထက် မသေအောင်လို့တော့ သာပြီး မတတ်နိုင်ကြတာပဲ၊ သေခါနီးကျတော့ သားသမီးတွေ, မိဘတွေ, ဆွေမျိုးသားချင်းတွေ, ရင်းနှီးတဲ့ မိတ်ဆွေတွေ ဒီလိုစပ်ဆိုင်ရာ ပုဂ္ဂိုလ်တွေက အနားက ကြည့်ရုံသာ ကြည့်နေကြရတော့တယ်၊ အဲဒီလိုကြည့်နေရင်းပဲ သေသွားကြရတယ်၊ ဒါကြောင့် သတ္တဝါ တွေမှာ မအိုရအောင်, မနာရအောင်, မသေရအောင် စောင့်ရှောက် နိုင်တဲ့ ကိုးကွယ်ရာမရှိဘူးတဲ့ သေပြီးတဲ့နောက်လည်း ငရဲမကျရ အောင်၊ တိရစ္ဆာန်မဖြစ်ရအောင်၊ ပြိတ္တာမဖြစ်ရအောင်၊ လူဆင်းရဲ မဖြစ်ရအောင် စောင့်ရှောက် ကယ်မနိုင်တဲ့သူ မရှိဘူးတဲ့။

ဗုဒ္ဓမြတ်စွာဘုရားများသာလျှင် ကယ်မစောင့်ရှောက်နိုင် တယ်၊ အဲဒါကလည်း ချမ်းသာရာချမ်းသာကြောင်း နည်းကောင်း လမ်းမှန်ကို ဟောကြားညွှန်ပြခြင်းဖြင့်သာ ကယ်မနိုင်တယ်၊ အဲဒီ ဟောကြားတဲ့ နည်းလမ်းအတိုင်း လိုက်နာပြီး ကျင့်တဲ့သူများသာ အိုဘေး၊ နာဘေး၊ သေဘေး၊ အပါယ်ဘေး၊ သံသရာဘေးတွေမှ လွတ်မြောက်နိုင်တယ်။ ဥပမာအားဖြင့် ဆေးဆရာက လူမမာကို ကုသစောင့်ရှောက် သလိုပါပဲ၊ ဆေးဆရာက ရောဂါပျောက်စေနိုင် တဲ့ ဆေးကိုပေးတယ်၊ သင့်, မသင့်တဲ့ အစာ၊ အနေထိုင်စသည်ကို ညွှန်ကြားတယ်၊ ဒါလောက်ပဲ တတ်နိုင်တယ်၊ 'ပျောက်စေ'လို့တော့

http://www.dhammadownload.com



အမိန့်မပေးနိုင်ဘူး၊ လူမမာက အဲဒီ ဆရာပေးတဲ့ဆေးကို စားရမယ်၊ ဆရာက ညွှန်ကြားတဲ့အတိုင်း လိုက်နာရမယ်၊ ဒါမှ အနာရောဂါပျောက်ကင်းနိုင်တယ်၊ ဆရာ့စကားကို မလိုက်နာရင်တော့ ရောဂါကို မပျောက်စေနိုင်ဘူး၊ အဲဒါလိုပဲ မြတ်စွာဘုရားတို့က ကယ်မစောင့်ရှောက်နိုင်တယ်ဆိုပေမယ့် ချမ်းသာရာ ချမ်းသာကြောင်း နည်းကောင်းလမ်းမှန်တရားကို ဟောကြားညွှန်ပြရုံသာ တတ်နိုင်တယ်၊ အဲဒီညွှန်ကြားတဲ့အတိုင်း လိုက်နာပြီး ကျင့်တဲ့သူတွေသာ အပါယ်ဘေးမှ လွတ်မြောက်နိုင်ကြတယ်၊ အိုခြင်း, နာခြင်း, သေခြင်း အစရှိသော သံသရာဘေးမှလည်း လွတ်မြောက်နိုင်ကြတယ်။

မြတ်စွာဘုရားဆိုတာ ကမ္ဘာပေါင်းများစွာကြာမှတစ်ခါတစ်ရံလောက်သာ ပွင့်ထွန်းတော်မူကြတယ်၊ ပွင့်ပြီးတော့ အသက်တမ်းရှိသမျှသာတည်ပြီး ပရိနိဗ္ဗာန်စံတော်မူသွားကြတယ်၊ ဒါ့ကြောင့်ဘုရားကိုယ်တော်တိုင် ဟောတဲ့တရားကို နာရဖို့ရာကလည်း အလွန်ပဲခဲယဉ်းပါတယ်၊ ဒါပေမယ့် ဗုဒ္ဓသာသနာတော် မကွယ်သေးခင်တော့ဗုဒ္ဓသာသနာဝင်ဖြစ်တဲ့ ပညာရှိသူတော်ကောင်း ရဟန်းတော်တွေ၊ လူပုဂ္ဂိုလ်တွေက မြတ်စွာဘုရားရဲ့ တရားတော်ကို တစ်ဆင့်ဟောကြားနေကြရတဲ့အတွက် အလိုရှိတဲ့သူတွေဟာ လိုက်နာကျင့်ကြံပြီး အပါယ်ဆင်းရဲ, သံသရာဆင်းရဲမှ လွတ်မြောက်နိုင်ကြပါတယ်၊အဲဒီလိုဟောကြားတဲ့ ဆရာကောင်းတွေကိုလည်း အခါခပ်သိမ်း ဘဝတိုင်းဘဝတိုင်း ရနေကြမှာ မဟုတ်ဘူး၊ လောကမှာ ကိုယ့်အယူနဲ့ကိုယ် ဘာသာ တရားတွေ, အယူဝါဒတွေကလည်းများပါဘိနဲ့၊ အလွဲအမှားကို ဟောကြားညွှန်ပြတဲ့ ပုဂ္ဂိုလ်တွေနဲ့လည်း တွေ့ကြုံသွားနိုင်တယ်၊ အဲဒီလိုပုဂ္ဂိုလ်နဲ့တွေ့

http://www.dhammadownload.com



ရလို့ တရားမှားလမ်းမှားလိုက်မိရင် သာပြီးကြောက်စရာကောင်းတာပဲ၊ ဘာကြောင့်လည်းဆိုရင်အဲဒီလို လမ်းမှားကျင့်နေတဲ့သူတွေမှာ ကျင့်လေကျင့်လေ အကုသိုလ်အပြစ်များလေလေ ဖြစ်ပြီး သံသရာဆင်းရဲတွင်း နက်သည်ထက်နက်သွားဖို့ ရှိတာကြောင့်ပါပဲ၊ ဒါကြောင့် မြတ်စွာဘုရားက မိမိအားကိုးကွယ်ကြတဲ့ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေကို သနားသလိုပဲ အဲဒီဘာသာခြား လမ်းမှားရောက်နေတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ညီတူညီမျှပဲ သနားတော်မူပါတယ်၊ "**ကုမ္မဂ္ဂပဋိပန္နော လော ကော**-တဲ့၊ **လောကော**-သတ္တဝါအပေါင်းဟူသော လောကသည်၊ **ကုမ္မဂ္ဂပဋိပန္နော**-လမ်းမှားကို သွားနေကြပါတကား"လို့ ဒီလို ဆင်ခြင်ပြီး သနားတော်မူပါတယ်။

## လမ်းမှားရောက်နေသူက သာပြီးသနားစရာကောင်းတယ်

အမှန်စင်စစ်ကတော့ အဲဒီလို လမ်းမှားရောက်နေတဲ့ လူတွေက သာပြီး သနားစရာကောင်းတာပဲ။ သူ့ခမျာတွေ ချမ်းသာချင်လို့ လမ်းကောင်းရှာကြရာမှာ လမ်းမှားကိုပင် လမ်းကောင်းထင်ပြီး လိုက်နေကြတယ်၊ လိုက်လေလိုက်လေ ဆင်းရဲများဖို့ရာ ဖြစ်လေလေ ဖြစ်သွားရှာကြမှာပဲ၊ ယခု ဗုဒ္ဓသာသနာဝင် ဖြစ်နေကြတဲ့သူတွေကလည်း ငါတို့မှာလမ်းမှန်ရနေတယ်လို့ စိတ်အေးမနေကြနဲ့၊ အနည်းဆုံး တစ်မဂ်တစ်ဖိုလ်လောက်တော့ ရအောင် အားထုတ်ကြရမယ်၊ ဒါမှ စိတ်ချရတယ်၊ အရိယမဂ်ဖိုလ်ကို မရောက်သေးရင် စိတ်မချရဘူး၊ ယခု ဗုဒ္ဓဘာသာဝင်ဖြစ်နေပေမယ့်လို့ နောက်ဘဝတွေကျတော့ ယခုမိဘ, ယခုဆရာတွေနဲ့ချည်း တွေ့နေရမှာ မဟုတ်ဘူး၊ အခြားဘာသာဝင် မိဘတွေနဲ့လည်း တွေ့သွားနိုင်တယ်၊ အဲဒီအခါကျတော့ ဗုဒ္ဓမြတ်စွာဘုရား၏ လမ်းစဉ်မဟုတ်တဲ့ လမ်းမှားကို

http://www.dhammadownload.com



ရောက်သွားနိုင်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက အိုဘေး၊ နာဘေး၊ သေဘေး၊ အပါယ်ဘေး၊ သံသရာဘေး၊ မိစ္ဆာအယူဘေး တွေမှ ကာကွယ်စောင့်ရှောက်မည့်သူ မရှိဘဲ ကိုးကွယ်ရာမဲ့နေကြတဲ့ သတ္တဝါတွေကို မြင်တော်မူပြီး အတွင်းသား အပြင်သားမခွဲခြားဘဲ သတ္တဝါအားလုံးကို ညီတူညီမျှသနားတော် မူပါတယ်တဲ့။

## ကောရဗျမင်းနှင့် အရှင်ရဋ္ဌပါလ အမေးအဖြေ

လောကမှာ အခြွေအရံများတဲ့ တန်ခိုးကြီးတဲ့၊ မင်းတွေဆို တာ ရှိကြတယ်။ အဲဒီမင်းတွေမှာ စစ်တပ်တွေ အစောင့်အရှောက် တွေ များစွာရှိနေတဲ့အတွက် သူတို့မှာ လောကဘက်ကတော့ အား ကိုးစရာရှိတယ်လို့ဆိုရမှာပဲ၊ ဒါပေမယ့် အဲဒီမင်းတွေဟာ တစ်နေ့ ကျတော့ အိုရတာပဲ၊ မအိုရအောင် ဘယ်စစ်တပ်မျှ မကာကွယ် မစောင့်ရှောက်နိုင်ဘူး၊ တစ်နေ့ကျတော့ နာရတာ သေရတာပဲ၊ မနာအောင် မသေအောင် ဘယ်စစ်တပ်ကမှ မကာကွယ် မစောင့် ရှောက်နိုင်ဘူး၊ မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက **အရှင်ရဋ္ဌပါလ** ဆိုတဲ့ ရဟန္တာမထေရ်တစ်ပါးရှိတယ်၊ အဲဒီ မထေရ် ဟာ လူဝတ်နဲ့နေတုန်းက **ကောရဗျမင်း**၏ သူငယ်ချင်း မိတ်ဆွေ ဖြစ်တဲ့သူဌေးသားပါပဲ၊ တစ်နေ့သောအခါမှာ **ကောရဗျမင်း** ကအဲဒီမထေရ်ကို "ဘာကြောင့် ရဟန်းပြုပါသလဲ" လို့ မေးတယ်။

**အရှင်ရဋ္ဌပါလ**က"သတ္တဝါတွေဟာ အိုခြင်း၊ နာခြင်း၊ သေ ခြင်းသို့ ပို့ဆောင်ခံနေကြရတယ်၊ စောင့်ရှောက်မယ့်သူ ကိုးကွယ်ရာ လည်းမရှိဘူး'' စသည်ဖြင့် မြတ်စွာဘုရားဟောထားတဲ့ ဓမ္မုဒ္ဒေသတရားလေးပါးကို ကြားနာရတဲ့အတွက် ရဟန်းပြုတဲ့ အကြောင်း ဖြေကြားပါတယ်။

http://www.dhammadownload.com



အဲဒီအခါ **ကောရဗျမင်း**က သဘောမပေါက်လို့ ထပ်ပြီးမေး ပြန်ပါတယ်၊ "အရှင်ဘုရား၊ တပည့်တော်တို့ မင်းများမှာ ဆင်တပ် မြင်းတပ် စသည်တွေ များစွာရှိနေပါတယ်၊ ဒါကြောင့် အားကိုးစရာ အစောင့်အရှောက်တွေရှိနေပါတယ်၊ ဘယ်လိုအနက်ကို ရည်ပြီးတော့ အားကိုးစရာ အစောင့်အရှောက်မရှိဘူးလို့ ဟောတော်မူပါသလဲ" လို့ ထပ်ပြီးမေးပါတယ်။

အဲဒီတော့ **အရှင်ရဋ္ဌပါလ**က ဒီလိုဖြေရှင်းပါတယ်၊ "အရှင် မင်းကြီးမှာ တစ်ခါတစ်ရံ ရောဂါဝေဒနာ အပြင်းအထန် မဖြစ်ဖူး ဘူးလား"၊ "ဖြစ်ဖူးပါတယ်ဘုရား" "အဲဒီလို ရောဂါအပြင်းအထန် ဖြစ်နေတဲ့အခါမှာ အသင်မင်းကြီး အခံရသက်သာအောင် ရောဂါ ဝေဒနာကို ဆွေမျိုးမိတ်ဆွေများအား ခွဲဝေပေးလို့ ဖြစ်နိုင်ပါသ လား၊ သို့မဟုတ် သင်မင်းကြီး တစ်ယောက်တည်းပဲ ရောဂါ ဝေဒနာကို ခံစားရပါသလား"၊ "ရောဂါဝေဒနာကို ခွဲဝေပေးလို့ မဖြစ်ပါ အရှင်ဘုရား၊ တပည့်တော်တစ်ယောက်တည်းသာ ခံစား ရပါတယ်"၊ ဟုတ်ပြီ "အရှင်မင်းကြီး အဲဒါကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရားက 'သတ္တဝါတွေမှာ စောင့်ရှောက်မယ့်သူ ကိုးကွယ်ရာ မရှိဘူး' လို့ ဟောတော်မူပါတယ်" လို့ ဖြေရှင်းလိုက်ပါတယ်။

ဒါကြောင့် လောကဘက်က အကာအကွယ် အစောင့်အ ရှောက်တွေ ဘယ်လောက်များပြားစွာရှိနေပေမယ့် မအိုရအောင်, မနာရအောင်, မသေရအောင် အပါယ်လေးပါး မကျရအောင် ဆင်းရဲဒုက္ခနဲ့ မတွေ့ရအောင် စောင့်ရှောက်မည့်သူ ကိုးကွယ်ရာ အစစ်ကတော့ မရှိဘဲ ဖြစ်နေပါတယ်၊ အားငယ်စရာပါပဲ၊ အဲဒါကို ဆောင်ပုဒ်စီထား တယ်၊ "စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနွဲ့လှချေ ပါတကား"တဲ့၊ သတ္တဝါတွေမှာ မအို, မနာ, မသေရအောင် အပါယ်

http://www.dhammadownload.com



ဆင်းရဲ စသည်မှ လွတ်ရအောင် စောင့်ရှောက်မယ့်သူ အားကိုးစရာ မရှိပါတကားတို့ မြင်တော်မူပြီးတော့လည်း ညီတူညီမျှ သနားတော်မူပါတယ်တဲ့၊ ကဲ ဆိုကြရမယ်။

**စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနွဲ့လှချေပါတကား။**(ဆို)

## ကိုယ်ပိုင်ဥစ္စာ မရှိပါတကား

**အဿကော လောကော၊ သဗ္ဗံပဟာယ ဂမနီယန္တိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။**

**(ပဋိသံ -၁၂၁)**

**လောကော**-သတ္တဝါအပေါင်းဟူသော လောကသည်၊ **အဿကော**-ကိုယ်ပိုင်ဥစ္စာ မရှိပါတကား။ **သဗ္ဗံ ပဟာယ**-အလုံးစုံကို စွန့်ပစ်ထားခဲ့၍၊ **ဂမနီယံ**-ဘဝတစ်ပါးသို့ သွားရမှာချည်းပါတကား၊ **ဣတိ**-ဤသို့၊ **ပဿန္တာနံ**-မြင်တော်မူကုန်လျက်၊ **ဗုဒ္ဓါနံ ဘဂဝန္တာနံ**-မြတ်စွာဘုရားတို့အား၊ **သတ္တေသု**-သတ္တဝါတို့ အပေါ်၌၊ **မဟာကရုဏာ**-ကြီးစွာသော သနားခြင်းသည်၊ **ဩက္ကမတိ**-သက်ရောက်ဖြစ်ပွား လေတော့၏-တဲ့။

သတ္တဝါတွေမှာ ကိုယ်တစ်ဦးတည်းသာပိုင်တဲ့ ကိုယ်ပိုင်ဥစ္စာဆိုတာဘာမျှမရှိဘူးတဲ့၊ လူတွေအမြင်နဲ့တော့ ကိုယ့်ဟာကိုယ် ရှာဖွေစုဆောင်းထားတဲ့ ဥစ္စာတွေ ရှိနေတာပါပဲ၊ ရွှေတို့, ငွေတို့, ဆန်စပါးတို့ ကျွဲ, နွား, ဆင်, မြင်းတို့၊ ယာဉ်ရထားတို့၊ အိမ်မြေ လယ်ယာတို့၊ စက်ရုံ, အလုပ်ရုံတို့၊ ဒီလိုပစ္စည်းဥစ္စာတွေဟာ ထိုက်သည့်အားလျော်စွာရှိနေကြပါတယ်။ ဒါပေမယ့် အဲဒါတွေကို နောက်ဆုံးတစ်နေ့ကျတော့ အကုန်လုံးစွန့်ပြီးသွားကြရမှာပဲ၊ ကိုယ့်ကိုယ်မှာဝတ်ဆင်ထားတဲ့ ပစ္စည်းတောင် ယူမသွားနိုင်ကြဘူး၊ စွန့်ပစ်သွားကြ

http://www.dhammadownload.com



ရမှာပဲ၊ ကိုယ့်ကိုယ်ကြီးကိုတောင် စွန့်ပစ်သွားကြရမှာပဲ၊ အဲဒီ နောက်ဆုံးတစ်နေ့ဆို တာကလည်း တချို့ပုဂ္ဂိုလ်တွေမှာ ယနေ့ နက်ဖြန်လည်း ဖြစ်နေတတ်တယ်၊ ဒါ့ကြောင့် ဝေးသေးတယ်လို့ ကျိန်းသေမပြောနိုင်ဘူး၊ မသေခင်အတွင်းမှာလည်း တိတ်တဆိတ် ခိုးယူသွားရင်လည်း ကိုယ့်ဟာမဟုတ်ဘဲ သူ့ဟာ ဖြစ်သွား တော့တာ ပဲ၊ လူနိုင်တွေက အတင်းလုယူသွားရင်လည်း ကိုယ့်ဟာ မဟုတ်ဘဲ ဖြစ်သွားနိုင်တယ်။

ဒါ့ကြောင့် အဲဒီလိုလောကီပစ္စည်းဥစ္စာတွေကတော့ ကိုယ် ပိုင်အစစ် မဟုတ်ဘူးတဲ့။

ကိုယ်ပိုင်ဥစ္စာအစစ်ကတော့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ ဒီလိုကုသိုလ်ကံတွေသာ ကိုယ်ပိုင်ဥစ္စာအစစ်ဖြစ် တယ်၊ အဲဒီကုသိုလ်ကံဆိုတဲ့ ကိုယ်ပိုင်ဥစ္စာတွေကိုတော့ ဘယ်သူကမျှ ခိုးမယူနိုင်ဘူး၊ လုမယူနိုင်ဘူး၊ ဘဝအဆက်ဆက်မှာလည်း ယူသွား နိုင်တယ်။ အဲဒီကုသိုလ်ဥစ္စာ ပေါများကြွယ်ဝနေတဲ့ သူတွေဟာ ဘဝအဆက်ဆက်မှာ ချမ်းသာသွားကြမယ်၊ ဒါ့ကြောင့် အဲဒီကုသိုလ် ဥစ္စာမမွဲဖို့ အရေးကြီးတယ်၊ ကုသိုလ်ဥစ္စာမရှိသေးဘဲ မွဲနေရင် မမွဲအောင် အားထုတ်ကြရမယ်- တတ်နိုင်သမျှပေါ့၊ ဒါနကုသိုလ် လည်း မမွဲစေနဲ့၊ သီလကုသိုလ်လည်း မမွဲစေနဲ့၊ ဘာဝနာကုသိုလ် လည်း မမွဲစေနဲ့၊ ဝိပဿနာဘာဝနာကုသိုလ်က ပိုပြီးအရေး ကြီးတယ်၊ တတ်နိုင်မျှအားထုတ်ကြရမယ်၊ တစ်ရက်၊ နှစ်ရက် တတ် နိုင်ရင်လည်း တစ်ရက်၊ နှစ်ရက်ပေမယ့် အားထုတ်ရှုမှတ်ကြပေါ့၊ အဲဒီလို တစ်ရက်၊ နှစ်ရက်လောက် ရှုမှတ်လို့ နည်းရသွားရင် ကိုယ့်အိမ်မှာလည်း အချိန်ရသလောက် ရှုမှတ်အားထုတ် သွားနိုင်ပါတယ်၊ ဘာမျှ စရိတ်မကုန်ဘဲ ကုသိုလ်တွေ ပွားနေတာ၊ သိပ်နေရာကျတယ်။

http://www.dhammadownload.com



အဲဒီကုသိုလ်ဥစ္စာရှိနေတဲ့သူတွေဟာ သေတဲ့အခါကျတော့ အဲဒီကုသိုလ်တွေကို အားကိုးရတယ်၊ အချိုးကျအောင် ရှုမှတ်ထားလို့ရှိရင် သေပေါက်သေဝကျတော့ ကိုယ့်တရားနဲ့ကိုယ်နှလုံးသွင်းပြီးတော့ ချမ်းချမ်းသာသာနဲ့ သေသွားနိုင်တယ်၊ သေပြီးတော့လည်း နတ်ရွာသုဂတိ ရောက်ဖို့ရာ သေချာပါတယ်၊ ဒါ့ကြောင့် အဲဒီ ကိုယ်ပိုင်ဥစ္စာ အစစ်ဖြစ်တဲ့ ဒါန, သီလ, ဘာဝနာကုသိုလ်တွေကို အထူးဂရုစိုက်ပြီး ပွားများကြရမယ်။

ရွှေ, ငွေ အစရှိတဲ့ လောကီပစ္စည်းဥစ္စာတွေကတော့ သေတဲ့အခါ စွန့်ပစ်သွားရမှာချည်းပဲ၊ ဒါ့ကြောင့် ကိုယ်ပိုင်ဥစ္စာလို့ မဆိုနိုင်ဘူး၊ အများနဲ့စပ်တဲ့ ဘုံဆိုင်ဥစ္စာတွေချည်းပဲ၊ အဲဒီလို ပစ္စည်းတွေကို စွဲလမ်းပြီးသေသွားရင် ပြိတ္တာဖြစ်တတ်တယ်လို့တောင် ဆိုထားပါသေးတယ်၊ ဘဝတိုင်း ဘဝတိုင်း ရနိုင်သမျှ ပစ္စည်းတွေကို စုစုပြီး သေတဲ့အခါ စွန့်ပစ်ထားခဲ့ကြရတာတွေကို မြင်တော်မူပြီးတော့ မြတ်စွာဘုရားက သတ္တဝါတွေကို ညီတူညီမျှ သနားတော်မူပါတယ်တဲ့၊ အဲဒါကို ဆောင်ပုဒ်စီထားတယ်-"ကိုယ်ပိုင်ဥစ္စာမရှိပါ၊ စွန့်ကာသွားရမည်တကား"တဲ့။ ကဲ-အဲဒါကို ဆိုကြရမယ်။

**ကိုယ်ပိုင်ဥစ္စာ မရှိပါ၊ စွန့်ကာသွားရမည်တကား။ (ဆို)**

## အလိုမပြည့်ပါတကား

**ဦနော လောကော အတိတ္တော တဏှာဒါသောတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။**

**(ပဋိသံ - ၁၂၁)**

**လောကော-** သတ္တဝါအပေါင်းဟူသော လောကသည်၊ **ဦနော**-မပြည့်စုံဘဲ ယုတ်လျော့နေသည်ဖြစ်၍၊ **အတိတ္တော**-မရောင့်

http://www.dhammadownload.com



ရနိုင်ပါတကား၊ **တဏှာဒါသော**- တဏှာ၏ကျွန် ဖြစ်နေပါတကား၊ **ဣတိ**-ဤသို့၊ **ပဿန္တာနံ**-မြင်တော်မူကုန်လျက်၊ **ဗုဒ္ဓါနံ ဘဂဝန္တာနံ**-မြတ်စွာဘုရားတို့အား၊ **သတ္တေသု**-သတ္တဝါတို့အပေါ်၌၊ **မဟာကရုဏာ**-ကြီးစွာသော သနားခြင်းသည်၊ **ဩက္ကမတိ**-သက်ရောက်ဖြစ်ပွားလေတော့၏-တဲ့။

သတ္တဝါတွေရဲ့ အခြေအနေကို မြတ်စွာဘုရားက ဉာဏ်ဖြင့် ဖြန့်ပြီး ကြည့်လိုက်တဲ့အခါ ဆာလောင်တောင့်တတဲ့ တဏှာဆိုတဲ့ တရားက လွှမ်းမိုးအုပ်စိုးနေတာကို မြင်တော်မူတယ်၊ တဏှာဆိုတဲ့ တရားက ထမင်းဆာတာ၊ ရေဆာတာလိုပဲ။ သူက အာရုံကောင်းတွေ လိုချင်နှစ်သက်ပြီး ဆာနေတယ်၊ အဆင်းအာရုံကောင်းတွေကို ကြည့်လို့မြင်လို့လည်း အားမရနိုင်ဘူး၊ အသံအာရုံကောင်းတွေကို ကြားရလို့လည်း အားမရနိုင်ဘူး၊ အနံ့ကောင်းတွေ နမ်းရှူရလို့လည်းအားမရနိုင်ဘူး၊ အရသာကောင်းတွေ စားရလို့လည်း အားမရနိုင်ဘူး၊ အတွေ့အထိကောင်းတွေ တွေ့ထိခံစားရလို့လည်း အားမရနိုင်ဘူး၊ ဘဝကောင်းတွေဖြစ်ရလို့ အသက်ရှည်ရလို့လည်း အားမရနိုင်ဘူး၊ ချီးမွမ်းဖွယ်ဂုဏ်တွေနဲ့ ဘယ်လောက်များစွာ ပြည့်စုံရပေမယ့်လို့လည်း အားမရနိုင်ဘူး။

ပစ္စည်းဥစ္စာ အသုံးအဆောင်တွေလည်း တစ်ခုရပြီးရင် နှစ်ခု၊ သုံးခုရချင်တယ်၊ နှစ်ခု၊ သုံးခု ရပြီးရင်လဲ လေးငါး၊ ဆယ်ခု စသည် ရချင်ပြန်တာပဲ၊ အခြွေအရံဆိုရင်လည်း တစ်ယောက်ရပြီးရင် နှစ်ယောက်၊ သုံးယောက် ရချင်တယ်၊ နှစ်ယောက်၊ သုံးယောက် ရပြီးရင်လည်း လေးငါး၊ ဆယ်ယောက် စသည် ရချင်ပြန်တာပဲ၊ တော်လောက်ပါပြီလို့ အပြီးသတ်တယ်။ အားရတယ်လို့ မရှိဘူး။ ရတိုင်းရတိုင်း ဆာလောင်တောင့်တနေတာပဲ၊ ယခုခေတ်မှာ သုံးလို့

http://www.dhammadownload.com



မကုန်နိုင်အောင် ကုဋေသိန်းသန်း များစွာကြွယ်ဝတဲ့ သူဋ္ဌေးကြီးတွေ ဆိုတာ တချို့နိုင်ငံတွေမှာ ရှိကြတယ်၊ အဲဒီသူဋ္ဌေးကြီးတွေမှာလည်း တော်လောက်ပါပြီလို့ နှုတ်ခမ်းသတ်ခြင်းမရှိဘူး၊ တိုးတက်သည်ထက် တိုးတက်အောင် အားထုတ်နေကြတာပဲ၊ မင်းတွေဟာလည်း အင်အားရှိရင် နယ်ချဲ့ဖို့ရာ ကြံနေကြတာပဲ၊ နှုတ်ခမ်းသတ်တယ်လို့ မရှိဘူး။

လူတွေထက် နတ်တွေက ဆာလောင်တောင့်တမှုသာပြီး အားကြီးပုံရတယ်၊ တန်ခိုးကြီးတဲ့ နတ်တစ်ဦးဦးမှာ နတ်သမီးအခြွေအရံတွေ ငါးရာ, တစ်ထောင် စသည်ဖြင့် အများကြီးရှိနေတယ်၊ ဒါလည်း သူတို့မှာ တော်လောက်ပြီလို့ နှုတ်ခမ်းမသတ်နိုင်ဘူး၊ ရရင် အလိုရှိနေကြသေးတဲ့အကြောင်း စာပေကျမ်းဂန်တွေထဲမှာ တွေ့ရတယ်၊ သူတို့မှာ အာရုံတွေ ခံစားရလို့လည်း အားမရနိုင်ဘူး၊ ထပ်တလဲလဲခံစား နေချင်တာပဲ၊ အာရုံတွေ ဆာနေတာပဲ၊ ဒါ့ကြောင့် မစားရလို့ ဆာနေတဲ့ ပြိတ္တာတွေနဲ့ တူနေတယ်လို့တောင် သိကြားမင်းက ပြောပါသေးတယ်။ (ဇာ ၄ ၆၊ ၁၂၃)။ ဒါကြောင့်-

**လောကော**-သတ္တဝါအပေါင်းဟူသော လောကသည်၊ **ဦနော**-အလိုမပြည့်နိုင်ဘဲ ယုတ်လျော့မြဲပင် ယုတ်လျော့နေသည် ဖြစ်၍၊ **အတိတ္တော**-မရောင့်ရဲနိုင်ပါတကား၊ **တဏှာဒါသော**-တဏှာ၏ကျွန် ဖြစ်နေပါတကားလို့ မြတ်စွာဘုရားက မြင်တော်မူပါတယ်။

ဟုတ်တယ်၊ သတ္တဝါတွေဟာ တဏှာခိုင်းသမျှကို လိုက်ပြီး လုပ်နေကြရတယ်၊ တဏှာက ဒီဟာလိုချင်တယ်ဆိုရင် အဲဒီဟာ ရအောင်လုပ်ရတယ်၊ အသက်ပေမယ့် စွန့်ပြီးလုပ်ရတယ်၊ တချို့မှာ အဲဒီလို တဏှာခိုင်းတာကို ရအောင်ရှာနေရင်း သေဘေးသင့်ပြီး သေသွားကြရတာပဲ၊ တဏှာခိုင်းသမျှကို တစ်နေ့ပြီး တစ်နေ့, တစ်

http://www.dhammadownload.com



လပြီး တစ်လ, တစ်နှစ်ပြီး တစ်နှစ် လုပ်ကိုင်နေကြရတယ်၊ နောက်ဆုံး သေသည့်အထိ လုပ်သွားကြရတာပဲ၊ သေပြီးတော့လည်း နောက်ဘဝမှာ နည်းတူပဲ တဏှာခိုင်းတာတွေကို လုပ်သွားကြရတယ်၊ ဘယ်တော့မှ နားရတယ်လို့မရှိဘူး။

လောကမှာ ကျွန်ဆိုတာကတော့ အပိုင်းအခြား အကန့်အသတ်ရှိတယ်၊ ကြာလှမှ တစ်ဘဝပဲ၊ ဒီတဏှာရဲ့ ကျွန်ခံရတာကတော့ အကန့်အသတ်မရှိဘူး၊ အရဟတ္တမဂ်ဖိုလ်ရောက်လို့ ရဟန္တာဖြစ်မှ လွတ်မြောက်တယ်၊ ရဟန္တာဖြစ်တဲ့အခါကျတော့ တစ်လောကလုံးမှာ နှစ်သက်သာယာစရာ ဘာမျှမရှိတော့ဘူး၊ ရဟန္တာမဖြစ်ခင်တုန်းကတော့ အဝိဇ္ဇာက နှစ်သက်သာယာဖွယ်ထင်အောင် ဖန်တီးပေးနေတယ်၊ ဒါ့ကြောင့် နှစ်သက်သာယာဖွယ်တွေထင်ပြီး တဏှာက နှစ်သက်သာယာနေတယ်၊ အဲဒါတွေကိုရအောင် တဏှာက တိုက်တွန်းတဲ့အတိုင်း သတ္တဝါတွေက ရှာကြံအားထုတ်နေကြရတယ်၊ အလိုပြည့်ဝတယ်၊ အားရရောင့်ရဲတယ်လို့လည်း မရှိဘူး၊ အမြဲတမ်း ဆာလောင်တောင့်တပြီး ဒုက္ခရောက်နေကြရတယ်၊ အဲဒါတွေကို မြင်တော်မူပြီး မြတ်စွာဘုရားက အဲဒီသတ္တဝါအားလုံးကို ညီတူမျှတူပဲ သနားတော်မူပါတယ်၊ အဲဒီအကြောင်းနဲ့စပ်ပြီး ဆောင်ပုဒ်စီထားတယ်၊ "လိုမပြည့်ဝ အားမရ တဏှာ့ကျွန်ချည်းပါတကား"တဲ့၊ အဲဒါကို လိုက်ဆိုကြရမယ်။

**လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ကျွန်ချည်းပါတကား။ (ဆို)**

"အိုနာသေသို့၊ မောင်းနှင်ပို့၊ လူတို့မမြဲပါတကား" ဆိုတာက တစ်ပုဒ်။

"စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနွဲ့လှချည်ပါတကား" ဆိုတာက တစ်ပုဒ်။

http://www.dhammadownload.com



"ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ။ စွန့်ကာသွားရမည်တကား" ဆိုတာက တစ်ပုဒ်။

"လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ကျွန်ချည်းပါတကား" ဆိုတဲ့ ဒီနောက်ဆုံးပုဒ်က တစ်ပုဒ်။

ဒီလေးပုဒ်ဟာ အရှင်ရဋ္ဌပါလ ကြားနာပြီး သံဝေဂရခဲ့တဲ့ **ဓမ္မုဒ္ဒေသ လေးပါး**ကို ဘာသာပြန်ဆိုထားတဲ့ ဆောင်ပုဒ်တွေပါပဲ၊ ဒီအကြောင်းတွေက **မဟာကရုဏာဖြစ်ပုံထဲမှာလည်း** ပါဝင်နေတယ်၊ ဒါကြောင့် **သတ္တဝါတွေကို** မြတ်စွာဘုရားက ညီတူညီမျှ သနားတော်မူပုံထဲမှာ ထည့်သွင်းပြီး ဟောပါတယ်။

မဟာကရုဏာ ဖြစ်တော်မူပုံကတော့ အလွန်များပါတယ်၊ သတ္တဝါတွေဟာ သံသရာ့စစ်တလင်းထဲသို့ ထွက်နေကြရပုံ၊ ဘေးရန် အန္တရာယ်တွေနဲ့ ရင်ဆိုင်တွေ့နေကြရပုံ၊ ရာဂ, ဒေါသ, မောဟ အစရှိသော တစ်ဆယ့်တစ်သီးသော မီးတို့ဖြင့် အလောင်ခံ နေကြရပုံ စသည်ဖြင့်လည်း မြင်တော်မူပြီးတော့-

"ငါမှတစ်ပါး ကယ်တင်နိုင်မည့်သူ မရှိပါတကား"လို့ ဆင်ခြင်တော်မူကာ ကရုဏာသက်တော်မူပုံ စသည်တွေလည်း အများကြီးရှိပါသေးတယ်၊ ဒါပေမယ့်လို့ ယခုပြောခဲ့တဲ့ ကရုဏာသက်ပုံ လောက်ဆိုရင်ပင် ညီတူညီမျှ သနားတော်မူပုံကို သဘောပေါက်လောက်ပါပြီ၊ ဒါကြောင့် "ငါတို့ဘုရား စိတ်ထားကောင်းစွာ၊ သူခပ်သိမ်းအား သနားညီညာ"လို့ဆောင်ပုဒ်က ဆိုထားပါတယ်။ အဲဒါကို ထပ်ပြီးဆိုကြပါဦး။

**"ငါတို့ဘုရား စိတ်ထားကောင်းစွာ၊**
**သူခပ်သိမ်းအား သနား ညီညာ"**

အဲဒီမှာ သနားညီညာဆိုတဲ့စကားအရ "ညီတူညီမျှ သနား

http://www.dhammadownload.com



တယ်"ဆိုရင် "ချမ်းသာစေလိုတဲ့ မေတ္တာလည်း ညီတူညီမျှပဲ ရှိတယ်" ဆိုတာ သိနားလည်နိုင်ပါတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားမှာ သတ္တဝါတွေအားလုံးနှင့်စပ်ပြီး ညီတူညီမျှပဲ ချမ်းသာစေချင်တယ်၊ ညီတူညီမျှပဲ သနားတော်မူတယ်ဆိုတာကို ရည်ရွယ်ပြီးတော့ သာတာဂိရိနတ်က "**သဗ္ဗဘူတေသု**-အလုံးစုံသော သတ္တဝါတို့ အပေါ်၌၊ **တာဒိနော**-အတူပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူပါတယ်" လို့ ဟေမဝတနတ်အား ဖြေကြားဝန်ခံလိုက်ခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့-

**အထော**-ထို့ပြင်၊ **ဣဋ္ဌေစ**-အလိုရှိအပ်သည့် ကောင်းမြတ်သောအာရုံ၌လည်းကောင်း၊ **အနိဋ္ဌေစ**-အလိုမရှိအပ်သည့် မကောင်းဆိုးယုတ်သော အာရုံ၌လည်းကောင်း၊ **အသ္မာ**-ငါတို့ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ **သင်္ကပ္ပါ**-သုံးပါးသော အကြံအစည်တို့ကို၊ **ဝသီကတာ**-အလိုရှိတိုင်း စိတ်ညွှတ်ကိုင်းလျက် မဆိုင်းပိုင်ပိုင် ပြုလုပ်နိုင်ပါသည် အဆွေတော်လို့လည်း ဖြေကြားပါတယ်။

လောကသားတွေမှာ လိုချင်နှစ်သက်စရာကောင်းတဲ့ ဣဋ္ဌာရုံနဲ့တွေ့ရရင် လိုချင်နှစ်သက်မှု၊ သာယာမှုဖြစ်သွားတော့တာပဲ၊ မထိန်းနိုင်ကြဘူး၊ ရွံ့မုန်းစက်ဆုပ်စရာ စိတ်ဆိုးစရာ အနိဋ္ဌာရုံနဲ့ တွေ့ရရင်လည်း ရွံ့မုန်းစက်ဆုပ်မှု စိတ်ဆိုးမှု ဖြစ်သွားတော့တာပဲ၊ မထိန်းနိုင်ကြဘူး၊ အဲဒီ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတွေမှာ အာရုံနောက် မလိုက်ဘဲ စိတ်အကြံအစည်ကို ကိုယ့်အလိုအတိုင်း ကြံနိုင်၊ နှလုံးသွင်းနိုင်ပါရဲ့လားလို့ ဟေမဝတနတ်က မေးထားတယ်၊ အဲဒါကို သာတာဂိရိနတ်က"မြတ်စွာဘုရားဟာ ဣဋ္ဌာရုံမှာပဲဖြစ်ဖြစ်၊ အနိဋ္ဌာရုံမှာပဲဖြစ်ဖြစ် အာရုံနောက်ကို စိတ်မလိုက်စေဘဲ

http://www.dhammadownload.com



မိမိအလိုတော်အတိုင်း ကြံစည်နိုင်ပါတယ်၊ အလိုတော်အတိုင်းပဲ နှလုံးသွင်းနိုင်ပါတယ်" လို့ဖြေကြားလိုက်ပါတယ်။

မေးတဲ့နတ်ကလည်း မေးသင့်တဲ့ ပြဿနာကိုမေးတယ်၊ ဖြေတဲ့နတ်ကလည်း တိတိကျကျ ရှင်းရှင်းလင်းလင်းဖြေတယ်၊ သိပ်နေရာကျတာပဲ။

## ဘုကျကျမေးခွန်း

ယခုခေတ်မှာ တချို့ပုဂ္ဂိုလ်တွေ သူနဲ့စပ်တဲ့လူကို ကုသိုလ်ဖြစ်စေချင်လို့ ကျုပ်တို့ဆရာဘုန်းကြီးထံလာပါ၊ တရားနာလာပါ စသည်ဖြင့် ဖိတ်ခေါ်တတ်တယ်၊ ကျောင်းက နည်းနည်းဝေးနေတဲ့သူမှာ ကုသိုလ်ကလေး နည်းနည်းပါးပါး ဖြစ်တန်သလောက် ဖြစ်ပါစေတော့လို့ စေတနာကောင်းနဲ့ ဖိတ်တာပါပဲ၊ ဒါပေမယ့် အဖိတ်ခံရတဲ့ပုဂ္ဂိုလ်က ဘုကျကျပြောလွှတ်တာလဲရှိတတ်တယ်၊ ဘယ်လိုပြောတတ်သလည်းဆိုတော့-

"ခင်ဗျားဘုန်းကြီးက ဘာစွမ်းသလဲ၊ ဗေဒင်ဟောတဲ့ဘက်က စွမ်းသလား၊ ဓာတ်ရိုက်ကောင်းသလား၊ စီးပွားတိုးတက်အောင် လုပ်ပေးနိုင်သလား၊ ကွဲကွာနေတဲ့ လင်မယားကို ပြန်ပြီး စေ့စပ်ညီညွတ်အောင် လုပ်ပေးနိုင်သလား၊ ပျောက်ဆုံးနေတဲ့ပစ္စည်းကို ပြန်ရအောင် လုပ်ပေးနိုင်သလား၊ ရာထူးတိုးတက်အောင် လုပ်ပေးနိုင်သလား၊ ရာထူးနေရာ တည်မြဲအောင် လုပ်ပေးနိုင်သလား"

စသည်ဖြင့် ဘုကျကျမေးခွန်းတွေကို ထုတ်တတ်တယ်၊ အဲဒါဟာ ဘုန်းကြီးက အတွေးနဲ့ ပြောတာမဟုတ်ဘူး၊ ဒီလိုအတွေ့အကြုံရှိတဲ့ သူတွေထံမှ ကြားရဖူးလို့ ပြောတာပါ၊ အဲဒီလိုမေးခွန်းမျိုးကတော့ သဒ္ဓါတရားမရှိတဲ့ ပညာမဲ့လူညံ့တွေရဲ့ မေးခွန်းပဲ။

http://www.dhammadownload.com



## ပညာရှိ မေးခွန်း

ယခု ဒီမှာဟေမဝတနတ်၏ မေးခွန်းကတော့ တကယ်မေးသင့်တာကို မေးတဲ့ ပညာရှိ မေးခွန်းဖြစ်ပါတယ်၊ ဘာကြောင့်လည်းဆိုရင် ဗုဒ္ဓမြတ်စွာပွင့်တော်မူတဲ့ အဲဒီခေတ်ကာလတုန်းက အလုံးစုံကိုသိတဲ့ ဘုရားပါလို့ ဝန်ခံပြီး ဟောပြောနေကြတဲ့ ဘုရား အတုအပတွေက ရှိနေပါတယ်။

၁။ **ပုရာဏကဿပ** ဆိုတဲ့ ဂိုဏ်းဆရာကြီးကတစ်ယောက်၊

၂။ **မက္ခလိဂေါသာလ** ဆိုတာက တစ်ယောက်၊

၃။ **အဇိတ ကေသကမ္ဗလ** ဆိုတာက တစ်ယောက်၊

၄။ **ပကုဓ ကစ္စာယန** ဆိုတာက တစ်ယောက်၊

၅။ **နိဂဏ္ဌနာဋပုတ္တ** ဆိုတာက တစ်ယောက်။

၆။ **သိဥ္စည်း** ဆိုတဲ့ ဂိုဏ်းဆရာကြီးက တစ်ယောက်။

အားလုံးခြောက်ယောက်တောင်ရှိနေတယ်၊ သူတို့မှာလည်း အသီးသီး တပည့်ပရိသတ်တွေ၊ ဒကာဒကာမတွေ များစွာရှိကြတာပဲ၊ အဲဒီသူတို့ရဲ့ တပည့်တွေက အဲဒီဆရာကြီးတွေကို အတိတ်, အနာဂတ်, ပစ္စုပ္ပန် အကုန်လုံးသိတယ်လို့ ယုံကြည်ပြီး ဘုရားအနေနဲ့ ကိုးကွယ်နေကြတာပဲ။

ဒါပေမယ့် ဟေမဝတနတ်လို ပညာရှိတွေကတော့ အဲဒီဆရာကြီးတွေမှာ အကောင်းအဆိုး ဣဋ္ဌာရုံ, အနိဋ္ဌာရုံတွေကို အတူပြု၍ ရှုနိုင်တဲ့ တာဒိဂုဏ်လည်း မရှိဘူး၊ စိတ်အကြံကိုအလိုအတိုင်း ပိုင်နိုင်ခြင်းလည်း မရှိဘူးဆိုတာကို သိနေကြတယ်၊ ဒါကြောင့် အဲဒီဂိုဏ်းဆရာကြီးတွေလို ဘုရားအတုအပမဟုတ်ဘဲ တကယ့်ဘုရားအစစ်မှ ဟုတ်ပါရဲ့လားလို့ သိရအောင် မေးစစ်နေခြင်းဖြစ်ပါတယ်၊ သာတာဂိရိနတ်ကလည်း အကောင်းအဆိုး အာရုံတိုင်းမှာ စိတ်

http://www.dhammadownload.com



အကြံကို အလိုတော်အတိုင်း ပိုင်နိုင်တဲ့ ဘုရားအစစ်ဖြစ်ကြောင်း ဝန်ခံပြီး ဖြေရှင်းပြပါတယ်။

## စိတ်အကြံ နိုင်နင်းတော်မူပုံ

အဲဒီမှာ မြတ်စွာဘုရား၏ စိတ်အကြံတွေ နိုင်နင်းပုံက ဘယ်လိုလည်းဆိုလျှင် မြတ်စွာဘုရားဟာ ပဋိကူလ ကို အပဋိကူလ ဖြစ်အောင် နှလုံးသွင်းနိုင်တယ်၊ အပဋိကူလကိုလည်း ပဋိကူလ ဖြစ်အောင် နှလုံးသွင်းနိုင်တယ်၊ ပဋိကူလဖြစ်စေ၊ အပဋိကူလဖြစ်စေ ပဋိကူလအပဋိကူလ သဘောကိုပယ်ပြီးတော့လည်း လျစ်လျူရှုနိုင်တယ်၊ ဘယ်လိုလည်းဆိုရင်-

**ဘယ်လိုလှပတင့်တယ်တဲ့ ချစ်စဖွယ်ရုပါရုံ ဖြစ်စေကာမူ စက်ဆုပ်ဖွယ်အသုဘအာရုံထင်အောင် ရှုနိုင်တယ်၊ မာဂဏ္ဍီ တို့လို လူ့ကိုယ်ဆိုရင် ဆံပင်, မွေးညှင်းစသည် သုံးဆယ့်နှစ်ပါး သော စက်ဆုပ်ဖွယ် အစုအပုံကြီးအနေဖြင့် ချက်ချင်းရှုနိုင်တယ်၊ မာရ်နတ်မင်း၏ သမီးတော်များ တဏှာ, အရတိ, ရဂါ တို့၏ ကိုယ်ကိုလည်း ခဏမစဲ တစ်ပျက်တည်း ပျက်နေဆဲ ရုပ်အစု အဝေးအဖြစ်ဖြင့် စက်ဆုပ်ဖွယ် ထင်အောင် ရှုနိုင်တယ်။**

မြတ်စွာဘုရားသာ မဟုတ်ပါဘူး၊ မြတ်စွာဘုရား၏ တပည့် ရဟန္တာအရှင်မြတ်တွေလည်း ထိုနည်းတူပဲ ပဋိကူလကို အပဋိကူလဖြစ် အောင် ရှုနိုင်ကြပါတယ်၊ အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းနေကြတဲ့ ပုဂ္ဂိုလ်တွေလည်း အသုဘထင်အောင် အတော်အတန်တော့ နှလုံး သွင်းနိုင်ကြပါတယ်၊ ဒါ့ကြောင့် သီဟိုဠ်ကျွန်း စေတိယတောင်က ဆွမ်းခံကြွလာတဲ့ **မဟာတိဿမထေရ်**ဟာ လမ်းမှာ ရယ်တဲ့ မာတုဂါမ၏ သွားကို မြင်ရာက အသုဘနိမိတ်ထင်ပြီး ဈာန်ရတယ်၊

http://www.dhammadownload.com



ချာန်မှုထပြီး ဝိပဿနာရှုသဖြင့် ရဟန္တာဖြစ်သွားတော်မူတယ်၊ ဝိပဿနာရှုတဲ့သူတွေမှာလည်း **ဘင်္ဂဉာဏ်** သန်သန်ကြီး ဖြစ်နေခိုက်မှာဆိုရင် ခဏမစဲ ပျက်ပျက်သွားတာကို မြင်ပြီး အနိဋ္ဌာရုံအဖြစ် ရှုနိုင်ပါတယ်။

ဒါပေမယ့် သာမန်ပုဂ္ဂိုလ်တွေအနေနဲ့ကတော့ တင့်တယ်တဲ့ ဣဋ္ဌာရုံကို စက်ဆုပ်ဖွယ်ထင်အောင် ရှုဖို့ဟာ မလွယ်ပါဘူး၊ အလွန်ခဲယဉ်းပါတယ်၊ ဆံပင်, မွေးညင်း စသည်ဖြင့် အသုဘထင်အောင် နှလုံးသွင်းပေမယ့်လို့ မျက်နှာ, မျက်လုံး စသော ကိုယ်အင်္ဂါတွေကို လှပတယ်၊ တင့်တယ်တယ်လို့ စိတ်ထဲက ထင်မြဲထင်နေတတ်ပါတယ်၊ တစ်ခါက လူတစ်ယောက် ပြောပုံကတော့ အရိုးစုအသုဘကောင်တောင် သူ့မှာ သုဘအာရုံဖြစ်ပြီး ထင်သေးသတဲ့။

ဘယ်လိုလည်းဆိုတော့ တစ်ခါက သူဟာ မှန်ဗီရိုနဲ့ ထည့်ထားတဲ့ အရိုးစုရုပ်ကို ကြည့်မိသတဲ့၊ အဲဒီလိုကြည့်နေရင်း "ကျွန်မ ၁၈-နှစ်ပါ"လို့ ရေးထားတဲ့စာကို ဖတ်မိတော့ အသားတွေပါပြည့်လာပြီး ၁၈-နှစ်သမီးရုပ်ပုံ ပေါ်လာပါသတဲ့၊ အဲဒါဟာ ဘာဝနာလက်မဲ့ဖြစ်တဲ့ လူတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်သဘောပဲ၊ ဒါကြောင့် လှပတင့်တယ်တဲ့ ဣဋ္ဌာရုံကိုအနိဋ္ဌာရုံဖြစ်အောင် ရှုဖို့ရာဟာ သာမန်ပုဂ္ဂိုလ်အနေနဲ့တော့ အလွန်ခဲယဉ်းပါတယ်။

## နှစ်သက်ဖွယ်ကို စက်ဆုပ်ဖွယ် ဖြစ်အောင် ရှုနိုင်တယ်

မြတ်စွာဘုရားမှာတော့ စိတ်အကြံတွေကို ကောင်းကောင်းကြီး နိုင်နင်းပြီးဖြစ်နေတဲ့အတွက် ဘယ်လိုလှပတင့်တယ်တဲ့ ဣဋ္ဌာရုံဖြစ်စေကာမူ အနိဋ္ဌာရုံ အသုဘအာရုံဖြစ်အောင် ရှုနိုင်တယ်၊ ဘယ်လိုသာယာတဲ့ အသံကောင်းတွေပဲဖြစ်ဖြစ်၊ ဘယ်လိုမွှေးကြိုင်တဲ့

http://www.dhammadownload.com



အနံ့ကောင်းတွေပဲဖြစ်ဖြစ်၊ ဘယ်လိုအရသာကောင်းတဲ့ စားဖွယ်တွေပဲဖြစ်ဖြစ် အသုဘအနိဋ္ဌာရုံဖြစ်အောင်လည်း ရှုနိုင်တယ်၊ ခဏမစဲ ဖြစ်ပျက်နေလို့ နှစ်သက်ဖွယ်ကင်းတဲ့ အာရုံဖြစ်အောင်လည်း ရှုနိုင်တယ်။

စားသောက်ဖွယ်ကိုတော့ **အာဟာရေ ပဋိကူလသညာ** ရှုနည်းဖြင့် လေးလေးနက်နက် ရှုဆင်ခြင်လျှင် စက်ဆုပ်ဖွယ် ထင်နိုင်ပါတယ်၊ **ဘင်္ဂဉာဏ်** သန့်သန့်ကြီးဖြစ်နေတဲ့ ယောဂီဆိုရင်လည်း ရှုမှတ်ပြီး စားနေရင် ခဏမစဲ ပျက်နေတဲ့ သဘောထင်ပြီး နှစ်သက်ဖွယ်ကင်းမဲ့တဲ့အနေ ထင်တတ်ပါတယ်၊ တချို့ယောဂီတွေကတော့ "မလွဲသာလို့သာ စားနေရတယ်၊ သာယာဖွယ်မရှိဘူး" လို့တောင် ပြောတတ်ကြပါသေးတယ်။

ဒါပေမယ့် သာမန်ပုဂ္ဂိုလ်တွေအနေနဲ့ကတော့ အရသာကောင်းတွေကို အလွန်မက်မောသာယာနေကြပါတယ်၊ အဲဒါတွေကို စက်ဆုပ်ဖွယ်ထင်အောင် ရှုဖို့ရာဟာ အလွန်ပဲ ခဲယဉ်းပါတယ်၊ တချို့က "စားဖွယ်တွေကို မြိန်မြိန်ရှက်ရှက စားကောင်းအောင် တမင်လုပ်ထားရတာပဲ၊ ဒါတွေကို စက်ဆုပ်ရွံရှာဖွယ် ဖြစ်အောင် ရှုဆင်ခြင်ဖို့ မတော်ဘူး"လို့တောင် ပြောတတ်ကြသေးတယ်။

နောက်ပြီးတော့ ကတ္တီပါအိပ်ရာခင်း အစရှိတဲ့ အတွေ့အထိကောင်းတွေကိုလည်း ခဏမစဲ ဖြစ်ပျက်နေပုံကို မြင်ပြီး စက်ဆုပ်ဖွယ်ထင်အောင် မြတ်စွာဘုရားက ရှုတော်မူနိုင်ပါတယ်၊ ယခုပြောတာတွေဟာ ဣဋ္ဌာရုံ ဆိုတဲ့အာရုံကောင်းတွေကို အနိဋ္ဌာရုံဖြစ်အောင် ရှုနိုင်ပုံတွေပါပဲ။

http://www.dhammadownload.com



## စက်ဆုပ်ဖွယ်ကို နှစ်သက်ဖွယ်ဖြစ်အောင် ရှုနိုင်တယ်

အနိဋ္ဌာရုံကို ဣဋ္ဌာရုံဖြစ်အောင် ရှုပုံကတော့ မုန်းဖွယ်ကောင်းတဲ့ သတ္တဝါတွေကို မြတ်စွာဘုရားက မေတ္တာပွားပြီး ချစ်ဖွယ်အာရုံဖြစ်စေနိုင်ပါတယ်၊ ကရုဏာပွားပြီးတော့ သနားဖွယ်အာရုံလည်း ဖြစ်စေနိုင်ပါတယ်၊ သားတော်ရာဟုလာလိုပင် ချစ်ဖွယ်, သနားဖွယ် ထင်နေရင် မုန်းဖွယ် အနိဋ္ဌာရုံ ကင်းသွားတော့တာပဲ၊ ဒါ့ကြောင့် မြတ်စွာဘုရားက **ဂိဇ္ဈကုဋ်တောင်ထွတ်**ပေါ်က ကျောက်တုံးကြီးဖြင့် လှိမ့်ချပြီး သေကြောင်းကြံတဲ့ **အရှင်ဒေဝဒတ်**ကို သားတော်ရာဟုလာလိုပဲ မေတ္တာဖြင့် ချမ်းသာစေလိုတော်မူတယ်၊ ကရုဏာဖြင့်သနားတော်မူတယ်၊ စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်တဲ့ အညစ်အကြေး အနိဋ္ဌာရုံတွေကိုလည်း ဓာတ်သဘောမျှ အဖြစ်ရှုပြီး ဣဋ္ဌာရုံအဖြစ်သို့ ရောက်စေနိုင်တယ်။

ဒါ့ကြောင့် မြတ်စွာဘုရားက **ပုဏ္ဏာ**ဆိုတဲ့ ကျွန်မ၏ အလောင်းက ဆာရီအဝတ်ကိုလည်း ပံ့သကူကောက်ပြီး ရွံ့ရှာခြင်းမရှိဘဲ ဝတ်ရုံတော်မူနိုင်တယ်၊ **မလ္လိကာ**၏ ထဘီခါးပိုက်ထဲက မုန့်ကိုလည်း ရွံ့ရှာခြင်းမရှိဘဲ ဘုဥ်းပေးတော်မူနိုင်တယ်၊ **ပဥ္စဂ္ဂဒါယက**ပုဏ္ဏား၏ စားနေဆဲထမင်းခွက်ထဲမှ အကြွင်းအကျန်ကိုလည်း လက်ခံပြီး ဘုဥ်းပေးတော်မူနိုင်တယ်။

## အရှင်မဟာကဿပနှင့် လူနူ၏လက်ပြတ်

ဒီနေရာမှာတော့ အရှင်မဟာကဿပ မထေရ်၏ ရွံ့ရှာမှုကင်းပုံက ပိုပြီးထင်ရှားတယ်၊ တစ်ခါက အရှင်မဟာကဿပ မထေရ်ဟာ နူနာရှိတဲ့ လူတစ်ယောက် ထမင်းစားနေရာမှာသွားပြီး ဆွမ်းရပ်တယ်၊ အဲဒီနူနာစွဲကပ်နေတဲ့လူကို သနားလို့ နောက်ဘဝ

http://www.dhammadownload.com



တွေမှာ ချမ်းသာကြောင်း ကောင်းမှုကုသိုလ်ဖြစ်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွမ်းရပ်တာပါပဲ၊ အဲဒီ လူနူကလည်း စားနေဆဲ ထမင်းကို သဒ္ဓါတရားဖြင့် အရှင်မဟာကဿပအား လောင်းလှူလိုက်ပါတယ်၊ အဲဒီလို ဆွမ်းလောင်းထည့်လိုက်တဲ့အခါ လက်ချောင်းတစ်ခုက ပြတ်လုနီးဖြစ်နေတဲ့အတွက် သပိတ်ထဲမှာ ပြတ်ကျနေရစ် ပါသတဲ့၊ အဲဒါကို ရှင်မဟာကဿပမထေရ်ကြီးက ဖယ်မထုတ်ဘူး၊ ဆွမ်းကို ရွံရှာခြင်းမရှိဘဲ ဘုဉ်းပေးသုံးဆောင်တော်မူပါသတဲ့။ (ထေရဂါထာ အမှတ် ၁၀၅၇-၉)

အဲဒါဟာ အနိဋ္ဌာရုံဖြစ်တဲ့ စားဖွယ်ကို ခတ်သဘောအဖြစ် ဆင်ခြင်ပြီး ဣဋ္ဌာရုံအဖြစ်နဲ့ သုံးဆောင်ခြင်းပါပဲ၊ ရဟန္တာပုဂ္ဂိုလ်ဆိုရင် အခြားပုဂ္ဂိုလ်တွေလည်း နည်းတူပင်၊ အနိဋ္ဌာရုံကို ဣဋ္ဌာရုံဖြစ်အောင် ဆင်ခြင်နိုင်ကြတာချည်းပါပဲ၊ မြတ်စွာဘုရားကိုတော့ အထူးပြောစရာ မလိုပါဘူး။

## လျစ်လျူရှုနိုင်တယ်

နောက်ပြီးတော့ မြတ်စွာဘုရားဟာ ဣဋ္ဌာရုံဖြစ်ဖြစ်၊ အနိဋ္ဌာရုံဖြစ်ဖြစ် အကောင်းအဆိုးကို ပယ်ဖျောက်ပြီး လျစ်လျူလည်းရှုနေတော်မူနိုင်ပါတယ်၊ အရေးကြီးတာကတော့ ကိုယ်ထဲမှာ ပေါ်လာတဲ့ ဒုက္ခဝေဒနာတွေကို မညည်းမညူဘဲ လျစ်လျူရှုနေနိုင်တာဟာ အင်မတန် အံ့ဩစရာကောင်းပါတယ်၊ မြတ်စွာဘုရားမှာ **ဒေဝဒတ်** လှိမ့်ချလိုက်တဲ့ ကျောက်တုံးဖြင့် တိုက်မိတဲ့ ကျောက်တောင်ထွတ်က ပဲ့ထွက်လာတဲ့ ကျောက်ခဲဒဏ်ကြောင့် လွန်စွာနာကျင်တဲ့ ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်ကြတယ်၊ အဲဒါတွေကို မညည်းမညူဘဲ လျစ်လျူရှုတော်မူနိုင်ပါတယ်၊ နောက်ဆုံးဝါမှာလည်း

http://www.dhammadownload.com



ပရိနိဗ္ဗာန်စံရလောက်အောင် အလွန်ပြင်းထန်တဲ့ ရောဂါဝေဒနာ ဖြစ်တယ်၊ အဲဒီဒုက္ခဝေဒနာကိုလည်း မညည်းမညူဘဲ လျစ်လျူရှုနေတော်မူနိုင်ပါပေတယ်။

မြတ်စွာဘုရားသာမဟုတ်ဘူး၊ ရဟန္တာပုဂ္ဂိုလ်တွေလည်း အာရုံအကောင်းအဆိုးတွေကို နည်းတူပဲ လျစ်လျူရှုနေနိုင်ပါတယ်၊ အဲဒါကို **ဆဠင်္ဂုပေက္ခာ** လို့ ခေါ်တယ်။

**ဝိပဿနာ ယောဂီ**ပုဂ္ဂိုလ်လည်း **သင်္ခါရုပေက္ခာဉာဏ်** ဖြစ်နေခိုက်မှာဆိုရင် အာရုံအကောင်းအဆိုးတွေကို သိရုံမျှ သိရုံမျှ လျစ်လျူရှုနေနိုင်ပါတယ်၊ အဲဒါဟာ ဘုရားရဟန္တာပုဂ္ဂိုလ်မြတ် တွေ၏ ဂုဏ်တစ်စိတ်တစ်ဒေသနှင့် အခိုက်အတန့်မျှ ပြည့်စုံနေတာပဲ၊ ဒါကြောင့် အဲဒီဉာဏ်ရောက်နေတဲ့သူဟာ သိပ်ဝမ်းသာစရာ ကောင်းတာပဲ။

နောက်ပြီးတော့ **သင်္ကပ္ပ**-စိတ်အကြံဆိုတာ. . .

(၁) **ကာမသင်္ကပ္ပ**-လိုချင်စရာတွေကို နှစ်သက်ပြီးကြံခြင်း၊

(၂) **ဗျာပါဒသင်္ကပ္ပ**- သေပျက်စေလိုလျက် ကြံခြင်း၊

(၃) **ဝိဟိံသာသင်္ကပ္ပ**- ညှဉ်းဆဲလိုလျက် ကြံခြင်း၊

ဆိုတဲ့ အကုသိုလ်စိတ်အကြံက သုံးပါးရှိတယ်၊ အဲဒီ အကုသိုလ်စိတ် အကြံတွေကတော့ ပယ်ရမည့် ကင်းရမည့် အကြံအစည်တွေပဲ။

နောက်ပြီးတော့. .

(၁) **နေက္ခမ္မသင်္ကပ္ပ**-နှစ်သက်လိုချင်မှု၏ ဆန့်ကျင်ဘက် စိတ်အကြံ၊

(၂) **အဗျာပါဒသင်္ကပ္ပ**- ချမ်းသာစေလိုတဲ့ စိတ်အကြံ၊

(၃) **အဝိဟိံသာ သင်္ကပ္ပ**- သနားတဲ့ စိတ်အကြံ၊

http://www.dhammadownload.com



ဆိုတဲ့ ကုသိုလ်စိတ်အကြံကလည်း သုံးပါးရှိတယ်၊ အဲဒါတွေကတော့ ပြည့်စုံစေရမည့် အကြံအစည်တွေပဲ။

လောကသားတွေ အနေအားဖြင့် အာရုံကောင်းနဲ့တွေ့တဲ့အခါ နှစ်သက်လိုချင်တဲ့ ကာမအကြံတွေ ဖြစ်တတ်တယ်၊ အာရုံဆိုးနဲ့ တွေ့တဲ့အခါ ဖျက်ဆီးချင် ညှဉ်းဆဲချင်တဲ့ **ဗျာပါဒအကြံ**, **ဝိဟိံသာ** အကြံတွေ ဖြစ်တတ်တယ်။

မြတ်စွာဘုရားမှာတော့ အဲဒီ အကုသိုလ်အကြံတွေက လုံးဝကင်းနေပါတယ်၊ **နေက္ခမ္မသင်္ကပ္ပ** အစရှိတဲ့ ကောင်းမြတ်တဲ့ အကြံတွေသာရှိပါတယ်၊ ဒါကြောင့် အာရုံအကောင်းတွေနဲ့ တွေ့တဲ့အခါလည်း လိုချင်နှစ်သက်မှုမှ ထွက်မြောက်လွတ်ကင်းတဲ့ စိတ်အကြံကောင်းတွေကိုသာ အလိုရှိတိုင်း ဖြစ်စေနိုင်ပါတယ်၊ အာရုံဆိုးတွေနဲ့ တွေ့တဲ့အခါလည်း မေတ္တာ, ကရုဏာနှင့်ယှဉ်တဲ့ စိတ်အကြံကောင်းတွေကိုသာ အလိုရှိတိုင်း ဖြစ်စေနိုင်ပါတယ်၊ သက်မဲ့အာရုံဆိုးတွေမှာလည်း တရားသဘောကို ဆင်ခြင်ပြီး ကောင်းမြတ်ကြည်လင်တဲ့ စိတ်အကြံတွေကိုသာ အလိုရှိတိုင်း ဖြစ်စေနိုင်ပါတယ်။

အတိုချုပ်ပြောရမယ်ဆိုရင် အာရုံအကောင်း အဆိုးတွေကို သင့်တော်အောင် နှလုံးသွင်းခြင်း၊ အဖြစ်အပျက်ကို ရှုခြင်း စသည်ဖြင့် ကောင်းမြတ်တဲ့စိတ်အကြံသုံးပါးကို အလိုရှိတိုင်း ဖြစ်စေနိုင်ပါတယ်၊ **ဈာန်သမာပတ် ဖလသမာပတ်** ဝင်စားသောအားဖြင့်လည်း ကောင်းမြတ်တဲ့ စိတ်အကြံတွေကို တစ်ခဏဖြစ်ဖြစ်, တစ်နေ့လုံး တစ်ညလုံးဖြစ်ဖြစ်, တစ်ရက်လုံးဖြစ်ဖြစ်, ခုနစ်ရက်ပတ်လုံး ဖြစ်ဖြစ် အလိုရှိတိုင်း ဖြစ်စေနိုင်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့် သာတာဂိရိနတ်က. .

**အသ**-ငါတို့ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရား သည်၊ **ဣဋ္ဌေစ**-အလိုရှိအပ်သည့် ကောင်းမြတ်သော အာရုံ၌လည်း ကောင်း၊ **အနိဋ္ဌေစ**-အလိုမရှိအပ်သည့် မကောင်းဆိုးယုတ်သော အာရုံ၌ လည်းကောင်း၊ **သင်္ကပ္ပါ**-သုံးပါးသော စိတ်အကြံတို့ကို၊ ဝသိကတာ-အလိုရှိတိုင်း စိတ်ညွှတ်ကိုင်းလျက် မဆိုင်းပိုင်ပိုင် ပြုလုပ် နိုင်သည်-လို့ ဖြေကြားလိုက်ပါတယ်။

အဲဒါကို "အာရုံ ကောင်းဆိုး၊ ကြံမျိုးသုံးဖြာ၊ လိုရှိတိုင်း မဆိုင်း ပြုနိုင်ပါ"လို့ ဆောင်ပုဒ်စီထားတယ်။

အာရုံကောင်းဖြစ်ဖြစ်၊ အာရုံဆိုးဖြစ်ဖြစ် တွေ့ကြုံရတဲ့ အာရုံ မှာ လိုချင်နှစ်သက်မှုကင်းတဲ့ နေက္ခမ္မ အကြံအစည်၊ ဖျက်ဆီးလိုမှုကင်း တဲ့ အဗျာပါဒ အကြံအစည်၊ ညှဉ်းဆဲလိုမှုကင်းတဲ့ အဝိဟိံသာ အကြံ အစည်ဆိုတဲ့ ကောင်းမြတ်တဲ့ အကြံအစည် သုံးပါးကို အချိန်မရွေး အလိုရှိတိုင်း မြတ်စွာဘုရားက ဖြစ်စေနိုင်ပါတယ်တဲ့၊ အဲဒါကို ရှေး ၂-ပုဒ်ပါ ပေါင်းပြီးဆိုကြရမယ်။

## သာတာဂိရိ အဖြေဆောင်ပုဒ်(၁)

**ငါတို့ဘုရား စိတ်ထားကောင်းစွာ၊**
**သူခပ်သိမ်းအား သနားညီညာ၊**
**အာရုံကောင်းဆိုး ကြံမျိုးသုံးဖြာ၊**
**လိုရှိတိုင်း မဆိုင်းပြုနိုင်ပါ။**

မြတ်စွာဘုရားဂုဏ်တော်တွေဟာ တယ်ကြည်ညိုစရာ

http://www.dhammadownload.com



ကောင်းတာပဲ၊ မြတ်စွာဘုရားမှာ မိမိနှင့်စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ၊ မိမိအား ကြည်ညိုကိုးကွယ်သည်ဖြစ်စေ၊ မကိုးကွယ်သည်ဖြစ်စေ၊ မိမိအား ရှိသေသည်ဖြစ်စေ၊ မရှိသေရန်မူသည်ဖြစ်စေ၊ အတွင်းသား အပြင်သား မခွဲခြားဘဲ အားလုံးသော သတ္တဝါတွေကို ညီတူညီမျှပဲ ချမ်းသာစေလိုတဲ့ မေတ္တာစိတ်ရှိတော်မူပါတယ်၊ ညီတူညီမျှပဲ သနားတဲ့ ကရုဏာစိတ် ရှိတော်မူပါတယ်၊ ကောင်းမြတ်တဲ့ ဣဋ္ဌာရုံမှာ ဖြစ်စေ၊ ဆိုးဝါးယုတ်ညံ့တဲ့ အနိဋ္ဌာရုံမှာဖြစ်စေ၊ ကောင်းမြတ်တဲ့ အကြံအစည်သုံးပါးကို အလိုတော်ရှိသည့်အတိုင်း ဖြစ်စေနိုင်ပါတယ်၊ ပိုင်နိုင်တော်မူပါတယ်တဲ့၊ ဒါ့ကြောင့် အလွန်ကြည်ညိုစရာ ကောင်းပါတယ်။

သကြံန်တွင်းမှာ ရက်တိုတို အခွင့်ရသလောက် တရားအားထုတ်ရတဲ့သူတွေကလည်း တော်တော်များတယ်၊ အဲဒီပုဂ္ဂိုလ်တွေကို ကမ္မဋ္ဌာန်းစစ်မေးပြီး ပြုပြင်ပေးဖို့ရာလည်း လိုပါသေးတယ်၊ အဲဒီလို ပြုပြင်ပေးမှ တရားက တိုးတက်သင့်သလောက် တိုးတက်ပါတယ်၊ ဒါ့ကြောင့် တရားဟောတဲ့အချိန်က သိပ်များလို့မတော်ဘူး၊ ဒါလောက်ဆိုရင် တော်လောက်ပါပြီ၊ ယခုသာတာဂိရိနတ်၏ အမြေဖြစ်တဲ့ ဂါထာကို ရွတ်ဆိုဟောကြားပြီးအဆုံးမှာ သာဓုခေါ်ပြီး တရားသိမ်းရမယ်။

**မနောစ'ဿ သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော။**

**အထော ဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကပ္ပ'ဿ ဝသီကတာ။**

**သမ္မ**-အဆွေတော် ဟေမဝတနတ်မင်း၊ **အဿ**- ငါတို့ဆရာဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **သဗ္ဗဘူတေသု**-

http://www.dhammadownload.com



အတွင်းသား အပြင်သား အားလုံးသော သတ္တဝါအများတို့အပေါ်၌၊ **တာဒိနော**-အတူပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ **မနောစ**-စိတ်နှလုံးတော်ကိုလည်း၊ **သုပဏိဟိတော**-ကောင်းစွာပိုင်ပိုင် ထားနိုင်ပါသည်၊ **အထော**-ထို့ပြင်၊ **ဣဋ္ဌေစ**-အလိုရှိအပ်သည့် ကောင်းမြတ်သော အာရုံ၌လည်းကောင်း၊ **အနိဋ္ဌေစ**-အလိုမရှိအပ်သည့် မကောင်းဆိုးယုတ်သော အာရုံ၌လည်းကောင်း၊ **သင်္ကပ္ပါ**-သုံးပါးသော အကြံအစည်တို့ကိုလည်း၊ **အဿ**-ငါတို့ဆရာ ဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **ဝသီကတာ**-အလိုရှိတိုင်း စိတ်ညွှတ်ကိုင်းလျက် မဆိုင်းပိုင်ပိုင် ပြုလုပ်နိုင်ပါပေတော့သတည်း။

သာဓု သာဓု သာဓု။

**ဟေမဝတသုတ္တန်တရားတော် ပထမပိုင်းပြီး၏။**

http://www.dhammadownload.com

# ဟေမဝတသုတ္တန်တရားတော်

## ဒုတိယပိုင်း

### ၁၃၂၄-ခုနှစ်၊ တန်ခူးလဆုတ် ၇-ရက်၊ သင်္ကြန်အကြတ်နေ့ ဟောသည်

### တရားအစမှုသစနှ

ဟေမဝတသုတ္တန် တရားတော်ကြီးကို မနေ့ကစပြီး ဟောခဲ့တယ်၊ အဲဒီဟောပြီးကို နည်းနည်းထပ်ပြောရဦးမယ်၊ သာတာဂိရိနတ်က မြတ်စွာဘုရားကိုလည်း ဖူးရတယ်၊ မမွစကြာတရားတော်ကိုလည်း နာရတယ်၊ ဒါ့ကြောင့် ဘုရားအစစ်ဖြစ်ကြောင်း သူကသိပြီးတော့ သူ့မိတ်ဆွေ ဟေမဝတနတ်ကို ဘုရားဖူးဖို့ ဖိတ်ခေါ်တယ်၊ သူဖိတ်ခေါ်ပုံက-

http://www.dhammadownload.com



**အဇ္ဇ ပန္နရသော ဥပေါသထော၊ ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ။**
**အနောမနာမံ သတ္ထာရံ၊ ဟန္ဒ ပဿာမ ဂေါတမံ-တဲ့။**

**သမ္မ**-အဆွေတော် ဟေမဝတနတ်မင်း၊ **အဇ္ဇ**-ယနေ့သည်ကား၊ **ပန္နရသော**-တစ်ဆယ့်ငါးရက်မြောက်ဖြစ်သော၊ **ဥပေါသထော**-ဝါဆိုလပြည့် ဥပုသ်နေ့ဖြစ်ပါပေသည်၊ **ဒိဗ္ဗာ**-နတ်ပြည်လောကနှင့်ဆိုင်သော၊ **ဝါ**-နတ်၏ ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့်တောက်ပသော၊ **ရတ္တိ**-ညဥ့်ထူးညဥ့်မြတ်သည်၊ **ဥပဋ္ဌိတာ**-ဖြစ်ပေါ်လျက်ရှိပါပေသည်။ **အနောမ နာမံ**-မယုတ်ညံ့သော အမည်တော်ရှိသော၊ **ဝါ**-အလွန်မြင့်မြတ်သော အမည်တော်များနှင့် ပြည့်စုံတော်မူသော၊ **ဂေါတမံ**-ဂေါတမနွယ်ဖွား ဖြစ်တော်မူသော၊ **သတ္ထာရံ**-ငါတို့ဆရာ လွန်စွာထူးခြားမြတ်စွာဘုရားကို၊ **ဟန္ဒ**-ယခု၊ **ပဿာမ**-သွားရောက်ဦးခိုက်၍ ဖူးလိုက်ကြပါကုန်စို့-လို့ သာတာဂိရိနတ်က ဖိတ်ခေါ်တယ်၊ အဲဒါကို ရွတ်ဆိုမှတ်သားလို့လွယ်အောင်-

**လပြည့်စက်ဝန်း တက်ထွန်းစင်ကြယ်၊**
**ပန်းစုံဖူးပွင့် နတ်ညဥ့်ပျော်ဖွယ်၊**
**အရှင်ဂေါတမ မည်ရမျိုးနွယ်၊**
**တို့ဘုရား ခုသွားဖူးစို့ကွယ်-လို့**

ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဟောခဲ့ပါပြီ၊ အဲဒီတော့ ဟေမဝတနတ်က ဘုရားအစစ် ဟုတ်မဟုတ် သေသေချာချာ သိရအောင်"အဆွေတော် သာတာဂိရိနတ်မင်း၊ သင့်ဘုရားက စိတ်နှလုံးကို သတ္တဝါအားလုံးအပေါ်မှာ ညီတူညီမျှ ထားနိုင်ပါရဲ့လား၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ စိတ်အကြံအစည်ကို ပိုင်နိုင်ပါရဲ့လား"လို့ မေးတယ်၊ သာတာဂိရိနတ်က ဒီလိုဖြေပါတယ်။

**အနောစ'သ သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော။**

http://www.dhammadownload.com



**အထော ဣဋ္ဌေ အနိဋ္ဌေ စ၊ သက်ပ္ပ'သ ဝသီကတာ-တဲ့။**

**သမ္မ**-အဆွေတော်ဟေမဝတနတ်မင်း၊ **အဿ**-ငါတို့ဆရာဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **သဗ္ဗဘူတေသု**-အတွင်းသား အပြင်သား အားလုံးသော သတ္တဝါများတို့အပေါ်၌၊ **တာဒိနော**- အတုပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့်ပြည့်စုံသည်ဖြစ်၍၊ **မနောစ**-စိတ်နှလုံးတော်ကိုလည်း၊ **သုပဏိဟိတော**-ကောင်းစွာပိုင်ပိုင် ထားနိုင်ပါသည်၊ **အထော**-ထို့ပြင်၊ **ဣဋ္ဌေ စ**-အလိုရှိအပ်သည့် ကောင်းမြတ်သော အာရုံ၌လည်းကောင်း၊ **အနိဋ္ဌေ စ**- အလိုမရှိအပ်သည့် မကောင်းဆိုးယုတ်သော အာရုံသည်လည်းကောင်း၊ **သက်ပ္ပါ**-သုံးပါးသော အကြံအစည်တို့ကိုလည်း၊ **အဿ**-ငါတို့ဆရာဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **ဝသီကတာ**-အလိုရှိတိုင်း စိတ်ညွှတ်ကိုင်းလျက် မဆိုင်းပိုင်ပိုင် ပြုလုပ်နိုင်ပါသည် အဆွေတော်လို့ ဖြေကြားလိုက်ပါတယ်။ အဲဒါကိုလည်း-

**ငါတို့ဘုရား စိတ်ထားကောင်းစွာ၊**<br>
**သူခပ်သိမ်းအား သနားညီညာ၊**<br>
**အာရုံကောင်းဆိုး ကြံမျိုးသုံးဖြာ၊**<br>
**လိုရှိတိုင်း မဆိုင်းပြုနိုင်ပါ။**-လို့

ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုလည်း ဟောခဲ့ပြီ၊ မနေ့က ဒီဂါထာနှစ်ပုဒ်ပဲ ပြီးသေးတယ်၊ ဒီကနေ့လည်း အဲဒီလို နည်းနည်းပြီးမှာပါပဲ၊ ဂါထာက တိုတိုပေမယ့် သူ့အနက်တွေက အလွန်ကျယ်ဝန်းနက်နဲပါတယ်၊ မှတ်သားစရာလည်း အင်မတန်ကောင်းပါတယ်၊ ဒီအထဲမှာ လူငယ်ကလေးတွေမှစပြီး ကြည်ညိုစရာ, ကျင့်စရာတွေ အများကြီးပါတယ်၊ ဒါကြောင့် ဒီနတ် ၂-ဦး မေးလိုက်ဖြေလိုက်နဲ့ ဆွေးနွေးကြတဲ့ တရားစကားတွေကို ကြားနာရတာနဲ့

http://www.dhammadownload.com



**ရာဇဂြိုဟ်မြို့က ကာဠ**ဆိုတဲ့ အမျိုးသမီးဟာ သောတာပန် ဖြစ်သွားပေတာပဲ။

ယခုလည်း ဘုန်းကြီးဟောတာကိုကြားနာပြီး သောတာပန်ဖြစ်မယ်ဆိုရင်ဖြစ်နိုင်ပါတယ်။ သောတာပန်မဖြစ်တောင်မှ သောတာပန်ဖြစ်ဖို့ ပါရမီကတော့ ထက်ထက်သန်သန်ကြီး ဖြစ်သွားနိုင်ပါတယ်။ လေးလေးနက်နက်စူးစိုက်ပြီး နာကြရမယ်။

## သင့်ဘုရားက ကာယဒုစရိုက် ကင်းပါရဲ့လား

မနေ့က ဟောခဲ့တဲ့ အဖြေဖြင့်ပင် ဘုရားစစ် ဘုရားမှန်ပဲလို့ ဆုံးဖြတ်နိုင်လောက်ပါပြီ။ ဒါပေမယ့် သေချာသည်ထက် သေချာအောင် ဟေမဝတနတ်က ကာယဒုစရိုက် စသည်ဖြင့် အသေးစိတ်ဝေဖန်ပြီး မေးစစ်ပြန်ပါတယ်။

## ဟေမဝတ၏ စိစစ်ပုံ (၂)

**ကစ္စိ အဒိန္နံ နာဒိယတိ၊ ကစ္စိ ပါဏေသု သညတော။**
**ကစ္စိ အာရာ ပမာဒမှာ၊ ကစ္စိ ဈာနံ န ရိဉ္စတိ။**

**သမ္ဘ**-အဆွေတော်သာတာဂိရိနတ်မင်း၊ **တဝသတ္ထာ**-သင့်ဆရာဘုရားသည်၊ **ကစ္စိ**-အသို့နည်း၊ **အဒိန္နံ**-ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို၊ **န အာဒိယတိ**-မယူဘဲရှိပါ၏လော၊ **ဝါ**-မလုယက် မခိုးယူဘဲ ရှိပါ၏လော၊ (ဂါထာမို့ ဂရုလဟု ဆန်းဂိုဏ်းညီဖို့ရာလိုတဲ့အတွက် အဒိန္နာဒါနကစပြီး စပ်ဆိုထားတယ်၊ဒါကတော့ဆန်းဂိုဏ်းကိုလေ့လာဖူးတဲ့သူမှ သဘောပေါက်နိုင်မှာ၊ သိပ်လည်းအရေးမကြီးလှပါဘူး၊ မြန်မာလက်ာမှာကာရန်ကိုင်ငဲ့ပြီး ရှေ့နောက် ပြန်လှန်စီထားတာမျိုးပါပဲ) **ကစ္စိ**-အသို့နည်း၊

http://www.dhammadownload.com



**အဒိန္န-** ပိုင်ရှင်က **မပေးအပ်သော** သူတစ်ပါးဥစ္စာကို၊ **န အာဒိယတိ-** မလုယက် မခိုးယူဘဲ ရှိပါ၏လော-တဲ့။

## ခိုးယူမှုကင်းပါရဲ့လား

ပိုင်ရှင်က **မပေးတဲ့**ဥစ္စာကို ယူရင် ခိုးတယ်လို့ဆိုရတယ်၊ ခိုးတယ်ဆိုတာကလည်း **တိတ်တဆိတ်** ပုန်းကွယ်ပြီး ယူတာလည်း ရှိတယ်၊ အတင်းလုယူတာလည်း **ရှိ**တယ်၊ အဲဒီနှစ်မျိုးလုံးကို ခိုးတယ်လို့ပဲ ဆိုရတယ်၊ ဒီနေရာမှာ "**သင့်ဆရာဘုရားဟာ** ခိုးယူမှုကင်းရဲ့လား"လို့ မေးတဲ့စကားဟာ ယခုဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင်နဲ့ဆိုရင် "ရိုင်းစိုင်းတယ် **မသင့်တော်ဘူး**"လို့ ထင်စရာရှိပါတယ်၊ ဘုရားကို မဆိုထားနဲ့ ယခုခေတ် ဘုန်းကြီးကိုတောင်မှ "ခင်ဗျား ဆရာ ဘုန်းကြီးဟာ ခိုးမှုကင်းရဲ့လား"လို့မေးရင် သူ့ဘုန်းကြီးကို စော်ကားတယ်လို့ ဆိုပေလိမ့်မယ်၊ ဒါပေမယ့် အဲဒီခေတ်တုန်းက အခြေအနေအရဆိုတော့ မေးသင့်တဲ့ မေးခွန်းလို့ပဲ ဆိုသင့်ပါတယ်၊ ဘာကြောင့်လည်းဆိုရင်- အဲဒီခေတ်တုန်းက ဘုရားမျှော်တဲ့ခေတ် ဖြစ်တဲ့အတွက် ဘုရားပါလို့ ဝန်ခံတဲ့ အတုအပ ဘုရားတွေက ရှိနေကြပါတယ်။

မနေ့ကပြောခဲ့တဲ့ **ပူရာဏကဿပ** အစရှိတဲ့ ဂိုဏ်းဆရာကြီး ၆-ယောက်ဆိုတာဟာ ဘုရားအနေနဲ့ ဝန်ခံနေကြတဲ့ ပုဂ္ဂိုလ်တွေပဲ၊ သူ့ဆိုင်ရာဆိုင်ရာ တပည့်တွေကလည်း **ဘုရားအစစ်** အနေနဲ့ ကိုးကွယ်နေကြတာပဲ၊ အဲဒီဆရာကြီးတွေက အများအားဖြင့် ကုသိုလ်, အကုသိုလ်ကိုပယ်ပြီး ဟောနေကြတယ်၊ ဒါကြောင့် အဲဒီလို ဟောနေတဲ့ ဆရာကြီးတွေဟာ **အဒိန္နာဒါန** ကို ရှောင်ကြဉ်မည့် လက္ခဏာမရှိဘူး၊ နောက်ပြီးတော့ ဒီ**ဟေမဝတ**နှင့် **သာတာဂိရိ**တို့

http://www.dhammadownload.com



နတ်ဖြစ်နေတာက ကြာလှပြီ၊ **ကဿပမြတ်စွာဘုရား** သာသနာ နောက်ပိုင်းမှ **ဂေါတမ မြတ်စွာဘုရား** ပွင့်တော်မူလာသည်အထိ သူတို့မှာ အတွေ့အကြုံတွေ များစွာပင် ရှိပါလိမ့်မယ်၊ မင်းလောင်း မျှော်တဲ့ခေတ်မှာ ဘာမဟုတ်တဲ့ လူတွေက မင်းလောင်းလုပ်ပြီး ပေါ်ကြတာလို ဘုရားမျှော်တဲ့ခေတ်မှာ ပေါ်တော်မူဘုရား အတု တွေလည်း များစွာပင်ရှိခဲ့ကြပါလိမ့်မယ်၊ အဲဒီ ဘုရားအတုတွေမှာ တော့ အဒိန္နာဒါန် ဒုစရိုက်တွေလည်း ကင်းမှာမဟုတ်ပေဘူး၊ ဒါ့ ကြောင့် ဟေမဝတနတ်က သူတွေ့ဖူးတဲ့ ဘုရားအတုမျိုးတွေ ဖြစ်မှာ စိုးလို့ ဒုစရိုက်နဲ့ မေးစိစစ်ဟန်ရှိပါတယ်။

ယခုခေတ်မှာ ဗုဒ္ဓသာသနာအပြင်ဘက်က ဘုရားအဖြစ်နဲ့ ယုံကြည်ကိုးကွယ်နေကြတဲ့ ဘုရားသခင်တွေဆိုတာနဲ့လည်း နှိုင်း ယှဉ်ကြည့်နိုင်ပါတယ်၊ ဖန်ဆင်းတဲ့ ဘုရားသခင်ဆိုတာဟာ သူတို့ ကျမ်းစာတွေအရအားဖြင့် ဒုစရိုက်ကင်းတဲ့ လက္ခဏာမရှိပါဘူး၊ ဘာ့ကြောင့်လည်းဆိုရင် သေအောင်၊ ပစ္စည်းဥစ္စာတွေ ပျက်စီး အောင် ဒဏ်ခတ်တယ် ဆိုတာတွေဟာ ဗုဒ္ဓတရားတော်အရအားဖြင့် ဒုစရိုက်တွေ ဖြစ်နေတဲ့အတွက်ကြောင့်ပါပဲ၊ ဒါ့ကြောင့် မေးသင့်တဲ့ မေးခွန်းပဲလို့သာ ယူရပါ တယ်၊ အဒိန္နာဒါန်ပြီးတော့-

## ညှဉ်းဆဲမှု မေ့လျော့မှုကင်းပါရဲ့လား

**ကစ္စိ**-အသို့နည်း၊ **ပါဏေသု**-သတ္တဝါတို့၌၊ **သညတော**- ညှဉ်းဆဲသတ်ဖြတ်မှုမှ စောင့်စည်းပါ၏လော၊ **ကစ္စိ**-အသို့နည်း၊ **ပမာဒ မှာ**-မေ့လျော့ခြင်းမှ၊ **အာရာ**-ဝေးကွာကင်းရှင်းပါ၏လော။

မေ့လျော့ခြင်းမှ ကင်းပါရဲ့လားဆိုတဲ့ မေးခွန်းက အလွန် သိမ်မွေ့နက်နဲတယ်၊ **ပမာဒ**-မေ့လျော့တယ်ဆိုတာ ကာမဂုဏ်အာရုံ

http://www.dhammadownload.com



တွေကို အလိုရှိတိုင်း ခံစားဖို့ စိတ်ကိုလွှတ်ထားရင် မေ့လျော့တယ်လို့ ဆိုရတယ်၊ ဒီမှာတော့ **ကာမေသုမိစ္ဆာစာရ**, **အဗြဟ္မစရိယ** သိက္ခာပုဒ်များ အရ မေထုန်ကာမမှီဝဲခြင်းကို မေ့လျော့ခြင်းလို့ ဆိုလိုပါတယ်၊ ဒါက ယဉ်ကျေးတဲ့ သာသနာ့ဝေါဟာရဖြစ်တယ်၊ သာသနာတွင်းက ပညာရှိတွေဟာ ရိုင်းစိုင်းကြမ်းတမ်းတဲ့ အရပ်သုံးစကားတွေကို ပြောရမည့်နေရာမှာ ယဉ်ကျေးတဲ့ သာသနာ့ ဝေါဟာရစကားကို သုံးလေ့ရှိတယ်၊ ဒါ့ကြောင့် ကိုယ်ထဲက အညစ် အကြေးတွေကို အစာဟောင်းတဲ့၊ ကျင်ကြီးတဲ့၊ ကျင်ငယ်တဲ့၊ ဒီလို စကားလုံးတွေကို သုံးနေကြတယ်၊ မေထုန်မှုကိုလည်း **အဗြဟ္မစရိယ**-မမြတ်သောအကျင့်လို့ ပြောကြတယ်၊ မတရားတဲ့ မေထုန် အမှုကိုတော့ **ကာမေသုမိစ္ဆာစာရ**-ကာမဂုဏ်တို့၌ မှားသော အကျင့်လို့ ပြောကြတယ်၊ ဒါတွေဟာ သာသနာ့ယဉ်ကျေးမှုတွေပါပဲ။

## ကဿပ တက္ကတွန်းကြီး၏ ရိုင်းသောစကား

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် အနှစ်လေးငါးဆယ်လောက်က **ကဿပ**ဆိုတဲ့ တက္ကတွန်းကြီးဟာ အရှင်ဗာကုလထံ ရောက်လာတယ်၊ တက္ကတွန်းဆိုတာ အဝတ်မရှိတဲ့ ပရိဗိုဇ် ရသေ့ရဟန်းတစ်မျိုးပါပဲ၊ ဘုရားလက်ထက်တော်က **နိဂဏ္ဌနာဋ ပုတ္တ**လို့ ထင်ရှားကျော်စောခဲ့တဲ့ ဂိုဏ်းဆရာကြီး၏ တပည့်အဆက်အနွယ်တွေပါပဲ၊ သူတို့ကို ဂျိန(ဂျိန်း) ဘာသာဝင်တွေလို့လည်း ခေါ်ကြတယ်။

ဘုန်းကြီးတို့ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီ၊ မိဂဒါဝုန်ရပ် ရောက်စဉ်တုန်းက ဂျိန်းဘုန်းကြီးကျောင်းကို ဝင်ပြီး ကြည့်ရှုလေ့လာခဲ့တယ်၊ ဂျိန်းရဟန်းတွေရဲ့ ပန်းချီဆေးရေးရုပ်ပုံ၊ ဓာတ်ပုံကားတွေကို တွေ့ရ

http://www.dhammadownload.com



တယ်၊ သူတို့ဘာသာဝင်တွေရဲ့ အထွတ်အမြတ် အရဟတ် ပုဂ္ဂိုလ်ကြီးတွေရဲ့ ပုံတွေပါပဲ၊ အဲဒီမှာ မုနိမုနိလို့ စာရေးထား တာလည်း တွေ့နိုင်တယ်၊ မုနိဆိုတာ ရဟန်းလို့ အနက်ရတယ်၊ ဒီတော့ ဘုန်းကြီးက စဉ်းစားမိတယ်၊ တို့ဗုဒ္ဓဘာသာဝင် မုနိ-ရဟန်း ကတော့ သင်္ကန်းကို လုံလုံခြုံခြုံဝတ်ရုံထားတယ်၊ သူတို့မုနိတွေကတော့ အဝတ်မရှိတဲ့ မုနိတွေပါတကားလို့ စဉ်းစားမိတယ်၊ အဲဒီလို အဝတ် မရှိတဲ့ တက္ကတွန်းမုနိတွေဟာ ဂင်္ဂါမြစ်ဆိပ်မှာလည်း တွေ့နိုင်ပါ တယ်၊ အဲဒီလို အဝတ်မရှိတဲ့ တက္ကတွန်းတွေကို **ဒိဂမ္ဗရ**-လို့လည်း ခေါ်တယ်၊ **ဒိသာ**-အရပ်မျက်နှာ၊ **အမ္ဗရ**-အဝတ်၊ **ဒိဂမ္ဗရ**-အရပ်မျက်နှာလျှင် အဝတ်ရှိတဲ့သူ၊ အဝတ်မရှိဘူး ဆိုတာကို ယဉ်ယဉ်ကလေးနဲ့ ဖော်ပြထားတဲ့စကားပဲ၊ သူတို့ရဲ့ ရဟန်းပြုပုံ ပြုနည်းကတော့ လွယ်ပါတယ်၊ ဝတ်ထားတဲ့ အဝတ်ကိုပယ်ပြီး ကိုယ်တုံးလုံးနေလိုက်ရင် တက္ကတွန်းရဟန်းဖြစ်သွားတော့တာပဲ။

အဲဒီ **ကဿပတက္ကတွန်းကြီး**က လူ့ဘောင်တုန်းက မိတ်ဆွေဖြစ်တဲ့ အရှင်ဗာကုလထံရောက်လာပြီးတော့ "မိတ်ဆွေ၊ ဗုဒ္ဓသာသနာမှာ ရဟန်းပြုတာ ဘယ်လောက်ကြာပြီလဲ"လို့ မေး တယ်၊ အရှင် ဗာကုလက"အနှစ် (၈၀)ရှိပြီဖြစ်ကြောင်း"ပြောတယ်၊ "အဲဒီရဟန်းပြုတဲ့ အနှစ် (၈၀)အတွင်းမှာ မေထုန်အမှုကို ဘယ် နှစ်ကြိမ်မှီဝဲဖူးပါသလဲ"လို့ ကဿပတက္ကတွန်းကြီးက မေးမြန်း ပါတယ်၊ အဲဒါဟာ မယဉ်ကျေးတဲ့ ဘာသာတရားမှာ တက္ကတွန်း ရဟန်းပြုထားတဲ့အတွက် မယဉ်ကျေးတဲ့ မေးခွန်းကို မေးတာပါပဲ။

အဲဒီတော့ အရှင်ဗာကုလက "ငါ့ရှင်ကဿပ၊ အဲဒီလို ရှုန့် ရင်းရိုင်းစိုင်းတဲ့ မေးခွန်းကို မမေးကောင်းဘူး၊ 'ဒီအနှစ် (၈၀) အတွင်းမှာ ကာမဂုဏ်ကို အမှတ်ရတဲ့ ကာမသညာ ဘယ်နှစ်ကြိမ်

http://www.dhammadownload.com



ဖြစ်ဖူးပါသလဲ'လို့ယဉ်ယဉ်ကျေးကျေး မေးရတယ်"လို့ သင်ပေးတယ်၊ အဲဒီတော့ မှ အရှင်ဘကုလက သင်ပေးတဲ့အတိုင်း မေးတယ်၊ အရှင်ဗာကုလက "ငါဟာ ရဟန်းပြုပြီးလို့ ရှစ်ရက်မြောက်မှာ ကိလေသာကုန်ခမ်းတဲ့ ရဟန္တာဖြစ်ခဲ့တယ်" ရဟန်းပြုတဲ့အချိန်မှစ၍ အနှစ် (၈၀) အတွင်းမှာ ကာမသညာတစ်ကြိမ်မျှ မဖြစ်ဖူးပါဘူး"လို့ ဖြေပါတယ်။

အဲဒီတော့ ကဿပတက္ကတွန်းကြီးက အလွန်အံ့သြပြီး သာသနာတော်ကို ကြည်ညိုပြီး ဗုဒ္ဓသာသနာတော်ကို ရဟန်းပြုပြီးတော့ တရားအားထုတ်သဖြင့် ရဟန္တာဖြစ်သွားပါတယ်။

အဲဒီမှာ ကဿပတက္ကတွန်းကြီး၏ ရိုင်းစိုင်းတဲ့ မေးခွန်းဟာ သာသနာ့ယဉ်ကျေးမှုကို မကြားဖူးတဲ့အတွက်ကြောင့်ပါပဲ၊ အခုပြောနေတဲ့ ဟေမဝတနတ်ကတော့ သာသနာယဉ်ကျေးမှုတွေ ပြည့်ဝနေတဲ့အတွက် အဲဒီလို ရုန့်ရင်းရိုင်းစိုင်းတဲ့ မေထုန်အကျင့်ဆိုတဲ့ ဝေါဟာရကို "**ပမာဒ**-မေ့လျော့ခြင်း" လို့ဒီမှာဆိုထားပါတယ်၊ ဒါကြောင့် "**ပမာဒ** ဆိုတဲ့ မေ့လျော့မှုမှ ဝေးစွာစင်ကြယ်ပါရဲ့လား" လို့ ဆိုတာဟာ "**အဗြဟ္မစရိယာ**"ဆိုတဲ့ မမြတ်သော အကျင့်မှ ကင်းရှင်းစင်ကြယ်ပါရဲ့လား" လို့မေးတာပါပဲ၊ နောက်ပြီးတော့-

## ဈာန်ဝင်စားမှု ရှိပါရဲ့လား

**ကစ္စိ ဈာနံ န ရိဉ္စတိ**-ဆိုတဲ့ နောက်ဆုံးအပုဒ်မှာ **ကစ္စိ**-အသို့နည်း၊ **ဈာနံ**-အာရုံသို့ ကပ်၍ ရှုမှုဈာန်ကို၊ **နရိဉ္စတိ**-မကင်းစေဘဲ ရှိပါ၏လောတဲ့၊ ဈာန်ဆိုတာ အောက်ဆုံး ပထမဈာန်မှစပြီး **နီဝရဏ**တွေ ကင်းရတယ်၊ အဲဒီ **နီဝရဏ**တွေထဲမှာ ကာမအလိုဆန္ဒဆိုတာက အရင်းခံလိုဖြစ်နေပါတယ်၊ ဒါကြောင့် ဈာန်သို့ရောက်ပုံကို

http://www.dhammadownload.com



ပြတဲ့အခါမှာ **ဝိဝိစ္စေဝ ကာမေဟိ**-လိုချင်စရာအာရုံနှင့် လိုချင်မှုဟူသော ကာမတို့မှ ကင်းဆိတ်၍သာလျှင်လို့ ပြဆိုထားတယ်၊ လိုချင်စရာ ကာမအာရုံဆီကို ရောက်ရောက်သွားတတ်တဲ့ လိုချင်မှုကိလေသာ ကာမမှကင်းမှ ပဌမဈာန်ရောက်တယ်လို့ ဆိုလိုပါတယ်။

အဲဒီတော့ ဈာန်ကို ပွားများစေမှု မကင်းဘဲ ရှိနေတယ်ဆိုရင် ခုတွင်က မေးခွန်းအရ မေ့လျော့မှုမှ ကင်းဝေးစင်ကြယ်မှုလည်း ကောင်းကောင်းကြီး ပြဆိုနိုင်ပါတယ်၊ ဒါကြောင့် အဒိန္နာဒါန် မေးခွန်း၊ ပါဏာတိပါတမေးခွန်း၊ အဗြဟ္မစရိယမေးခွန်းဆိုတဲ့ ကာမဒုစရိုက်မေးခွန်း၃-ခုတို့ရဲ့ နောက်မှာဆက်ပြီးတော့ ဒီဈာန် မေးခွန်းကို ထည့်သွင်းမေးထားခြင်းဖြစ်ပါတယ်၊ အဲဒီမေးခွန်းလေးခု ကို သာတာဂိရိနတ်က ဒီလိုဖြေလိုက်ပါတယ်။

## သာတာဂိရိအဖြေ(၂)

**နသော အဒိန္နံ အာဒိယတိ၊ အထော ပါဏေသု သညတော။**
**အထော အာယာ ပမာဒမှာ၊ ဗုဒ္ဓေါ ဈာနံ န ရိဉ္စတိ။**

**သမ္ဗု**-အဆွေတော် ဟေမဝတနတ်မင်း၊ **သော**-ငါတို့၏ ဆရာဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **အဒိန္နံ**-ပိုင်ရှင်က မပေးအပ်သော သူတစ်ပါးဥစ္စာကို၊ **န အာဒိယတိ**-ယူခြင်းမရှိပါ။

## ခိုးယူခြင်းလည်း ကင်းပါတယ်

အဆွေတော် ဟေမဝတနတ်မင်း၊ ငါတို့ဆရာမြတ်စွာဘုရားဟာ ဘုရားအတုအပတွေလိုသူတစ်ပါးဥစ္စာကို လုယက်ခိုးယူခြင်းမရှိဘူး၊ အဒိန္နာဒါနမှ လုံးဝစင်ကြယ်ပါတယ်-လို့ ဆိုလိုပါတယ်၊

http://www.dhammadownload.com



ဘာ ကြောင့် ဒီလို ရဲရဲရင့်ရင့် ဝန်ခံဖြေဆိုနိုင်ပါသလဲဆိုရင် မြတ်စွာဘုရားက **ဓမ္မစကြာတရားတော်**ထဲမှာ **မဇ္ဈိမပဋိပဒါ**ခေါ်တဲ့ အလယ်လမ်းကို ငါတွေ့လာပြီလို့လည်း ဝန်ခံပြီး ဟောတော်မူတယ်၊ နောက် ပြီးတော့ **မဂ္ဂသစ္စာ** ကို အပြည့်အစုံပွားစေပြီးပြီလို့လည်း ဝန်ခံပြီး ဟောတော်မူတယ်၊ အဲဒီ **မဇ္ဈိမပဋိပဒါ**နှင့် **မဂ္ဂသစ္စာ**ဟာ မဂ္ဂင်ရှစ်ပါးပဲ၊ အဲဒီမဂ္ဂင်ရှစ်ပါးထဲမှာ **သမ္မာကမ္မန္တမဂ္ဂင်**ဆိုတာ **ပါဏာတိပါတာ**-သတ္တဝါသတ်မှုမှ ကြဉ်ရှောင်ခြင်း၊ **အဒိန္နာဒါန**-မပေးအပ်တဲ့ သူ့ဥစ္စာကို ခိုးယူမှုမှကြဉ်ရှောင်ခြင်း၊ **ကာမေသု မိစ္ဆာစာရ**-ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်းနှင့် **အဗြဟ္မစရိယ**- မမြတ်သောအကျင့်မှ ကြဉ်ရှောင်ခြင်းဆိုတဲ့ ဒီ**ဝိရတီတရား**တွေပဲ။

အဲဒီမှာလည်း သီလသိက္ခာပုဒ်ကို ဆောက်တည်ထားခြင်း မရှိဘဲနဲ့ ကြဉ်ရှောင်တာကို **သမ္ပတ္တဝိရတီ**ခေါ်တယ်၊ သီလသိက္ခာပုဒ်ကို ဆောက်တည်ထားတဲ့အတိုင်း မပျက်ရအောင် ကြဉ်ရှောင်တာကို **သမာဒါနဝိရတီ**ခေါ်တယ်၊ **အရိယမဂ်**ဖြင့် အမြစ်ပြတ်အပြီးအပြီးငြိမ်း ကြဉ်ရှောင်မှုပြီးစီးတာကို **သမုစ္ဆေဒဝိရတီ**ခေါ်တယ်။

ဓမ္မစကြာတရားထဲမှာ **အရိယမဂ္ဂသစ္စာ**ကို အပြည့်အစုံပွားစေပြီးပြီလို့ ဝန်ခံပြီး ဟောတော်မူတဲ့အတွက် ဒုစရိုက်တွေမှ ကြဉ်ရှောင်မှု ဝိရတီကိစ္စတွေ အကုန်လုံး ပြည့်စုံနေတယ်ဆိုတာကို သာတာဂိရိနတ်က သိပြီးဖြစ်နေပါတယ်၊ ဒါကြောင့် "ငါတို့ ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ သူတစ်ပါးဥစ္စာကို လုယက်ခိုးယူမှု အဒိန္နာဒါနမှ ကင်းရှင်းစင်ကြယ်တော်မူပါတယ်"လို့ ရဲရင့်စွာ ဝန်ခံပြီး ဖြေကြား လိုက်ပါတယ်၊ အဲဒါကို **"မပေးဝတ္ထု ယူမှုကင်းကွာ"**လို့ ဆောင်ပုဒ် စီထားပါတယ်၊ ပိုင်ရှင်က မပေးတဲ့ ဝတ္ထုပစ္စည်းကို လုယူခြင်း, ခိုးယူခြင်း ကင်းပါတယ်လို့ ဆိုပါတယ်။

http://www.dhammadownload.com



## ဘုရားတုဂိုဏ်းဆရာကြီးများ

ဒီနေရာ၌ ဘုရားမှာ ခိုးယူမှုကင်း မကင်းမေးမြန်းခြင်းနှင့် စပ်ပြီး ထပ်မံရှင်းပြချင်သေးတယ်၊ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူတဲ့ ခေတ်တုန်းက ဘုရားမပွင့်မီကတည်းက **ဆသတ္ထာရ**လို့ခေါ်တဲ့ ဂိုဏ်းဆရာကြီး ၆-ယောက်က ဘုရားအနေနဲ့ သူတို့က ရှေးဦးစွာ ပွင့်နှင့်နေကြတယ်။ အဲဒီ ၆-ယောက်ထဲက-

**ပုရာဏကဿပ**ဆိုတဲ့ ဆရာကြီးက သတ်ခြင်း၊ လုယက်ခိုးယူခြင်းအစရှိတဲ့ မကောင်းမှုကိုပြုပေမယ့် အကုသိုလ်မဖြစ်ဘူး၊ မကောင်းကျိုးမပေးနိုင်ဘူးလို့လည်း ဟောနေတယ်၊ ပေးလှူခြင်းအစရှိတဲ့ ကောင်းမှုကို ပြုပေမယ့် ကုသိုလ်မဖြစ်ဘူး၊ ကောင်းကျိုးမပေးနိုင်ဘူးလို့လည်း ဟောနေတယ်။

**မက္ခလိဂေါသာလ**ဆိုတဲ့ ဆရာကြီးကတော့ သတ္တဝါတွေမှာ ဆင်းရဲခြင်း၏ အကြောင်းလည်းမရှိ၊ ချမ်းသာခြင်း၏အကြောင်းလည်းမရှိ၊ ကိန်းသေသတ်မှတ်ချက်ရှိတဲ့အတိုင်းသာ သတ္တဝါတွေ ဆင်းရဲကြရတယ်၊ ချမ်းသာကြရတယ်၊ ဘယ်လိုပင် ဆိုးသွမ်းနေသော်လည်း သံသရာရှည်သည်ဟူ၍မရှိ၊ ဘယ်လိုပင်ကျင့်ကြသော်လည်း လျင်မြန်စွာ ဆင်းရဲမှ လွတ်သည်ဟူ၍မရှိ၊ သတ်မှတ်ချက်ရှိတဲ့အတိုင်း သူ့အချိန်တန်တဲ့အခါ သံသရာမှ လွတ်မြောက်ကြတယ်လို့ ဟောနေတယ်။

**ပကုဓကစ္စာယန** ဆရာကြီးက သတ္တဝါဆိုတာ ဓာတ်ကြီး ၄-ပါးနှင့် သုခ၊ ဒုက္ခ၊ ဇီဝဆိုတဲ့ ဒီတရားခုနစ်ပါးအပေါင်းမျှပဲ၊ ဓားနဲ့ခုတ်လိုက်ရင်လည်း အဲဒီဓာတ်ခုနစ်ပါးအကြောင်းကို ဝင်သွားတာပဲ၊ သတ္တဝါကို မခုတ်နိုင် မသတ်နိုင်ဘူး စသည်ဖြင့် ဟောနေတယ်။

http://www.dhammadownload.com



**အဇိတ**ဆရာကြီးကတော့ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးမရှိ၊ တမလွန်ဘဝမရှိ စသည်ဖြင့် ဟောနေတယ်၊ လူတွေက သတ်ချင်၊ ခိုးချင်၊ မကောင်းမှုပြုချင်နေကြရာမှာ အဲဒီဆရာကြီး တွေ ဟောပုံအရအားဖြင့်ဆိုတော့ အားပေးရာရောက်နေတယ်၊ သတ်ဖို့၊ ခိုးဖို့ တိုက်တွန်းရာရောက်နေတယ်။

## အသတ်ခံရ အခိုးခံရမှာ လူတိုင်းပင် အလိုမရှိကြ

စင်စစ်ဆိုတော့ သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ အသက်ရှည်ချင်ကြတာချည်းပဲ၊ အသတ်ခံရမှာ ကြောက်ကြတာချည်းပဲ၊ ခဲခဲယဉ်းယဉ်း ရှာဖွေစုဆောင်းထားရတဲ့ ပစ္စည်းဥစ္စာကိုလည်း သူတစ်ပါးခိုးယူမှာ၊ လုယက်ယူမှာ အလိုမရှိကြတာချည်းပဲ၊ ဒါကြောင့် မည်သူမဆို သူတစ်ပါးကို သတ်လည်း မသတ်သင့်ဘူး၊ ကုသိုလ်ပြုဖို့၊ ယဇ်ပူဇော်ဖို့စသည်ဖြင့် ဘယ်လိုအကြောင်းကြောင့်မှ မသတ်သင့်ဘူး၊ သူတစ်ပါးပစ္စည်းကိုလည်း မခိုးယူသင့်ဘူး၊ မလုယက်သင့်ဘူး၊ မိမိအတွက်ဖြစ်ဖြစ်၊ သူများအတွက်ပဲဖြစ်ဖြစ်၊ ဘယ်သူ့အတွက်မှ မလုယက်၊ မခိုးယူသင့်ဘူး။

ဒါပေမယ့် ဟိုခေတ်တုန်းက အဲဒီဂိုဏ်းဆရာကြီးတွေက အကုသိုလ်မဖြစ်ဘူး၊ မကောင်းကျိုးလည်း မပေးဘူးလို့ ဟောနေတော့ သူတို့ကိုယ်တိုင်လည်း သတ်မှုခိုးမှုတွေ ရှောင်ကြဉ်လိမ့်မယ်လို့ ယူဆဖွယ်မရှိဘူး၊ ဘုရားအစစ်ဆိုရင်တော့ သတ်မှု၊ ခိုးမှုအစရှိတဲ့ မကောင်းမှုတွေမှ ကိုယ်တိုင်လည်း ကင်းသင့်တယ်၊ သူတစ်ပါးကိုလည်း ကင်းအောင် ဟောသင့်တယ်၊ ဒါကြောင့် ဟိုခေတ်က အတုအပဘုရားကြီးတွေနှင့် နှိုင်းယှဉ်ပြီးတော့ "သင့်ဆရာဘုရားဟာ ခိုးယူမှုမှ ကင်းပါရဲ့လား"လို့ ဟေမဝတနတ်က မေးခြင်းဖြစ်တယ်၊

http://www.dhammadownload.com



အဲဒီမေးခွန်းအရ သာတာဂိရိနတ်က "ငါတို့၏ဆရာဖြစ်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားဟာ လုယက်ခိုးယူမှုမှ ရှောင်ကြဉ်မှုကိစ္စ လုံးဝ ပြီးစီးတဲ့ **သမ္မာကမ္မန္တ အရိယမဂ္ဂင်**နှင့် ပြည့်စုံတော်မူတဲ့အတွက် ခိုးယူမှုလုံးဝကင်းတော်မူတယ်" လို့ ဖြေကြားလိုက်ခြင်း ဖြစ်ပါတယ်။

## သမုစ္ဆေဒဝိရတီဖြင့် လုံးဝကင်းသည်

**သမ္မာကမ္မန္တ အရိယမဂ္ဂင်**နှင့် မပြည့်စုံသေးရင် **အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**- အရှင်မပေးတဲ့ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏"လို့ ဆောက်တည်ထားပေမယ့်လို့ သိပ်ပြီး စိတ်မချရဘူး၊ ခိုးဖို့ရာ အကြောင်းအခွင့်သင့်တဲ့အခါ တချို့ပုဂ္ဂိုလ်မှာ ခိုးယူမှုဖြစ်တတ်သေးတယ်၊ ထင်ရှားတဲ့သာဓကကို ပြရရင်တော့ ဗြိတိသျှအုပ်ချုပ်ရေးဘက်က ဆုတ်ခွာသွားပြီး ဂျပန်စစ်တပ်တွေ ဝင်လာခါစ အုပ်ချုပ်ရေး လစ်လပ်နေတဲ့ ရက်ပိုင်းအချိန် ကာလတုန်းက အချို့ မြို့က လူတွေ ထွက်ပြေးကြတယ်၊ အဲဒီအခါ မြို့မှာ ကျန်နေတဲ့ ပစ္စည်းတွေကို တောရွာတွေကလူတွေ တော်တော်များများဟာ သွားပြီးယူကြတယ်၊ ပစ္စည်းတွေ အမျိုးစုံပါပဲ၊ တချို့မှာဆိုရင် သူတို့ အိမ်ကုတ်ကလေးနဲ့ မတန်တဲ့ ဗီရိုကြီးတွေယူလာပြီး သူတို့အိမ်မှာ ထားကြတာဟာ အမြင်မတော်အောင် ဖြစ်နေတယ်လို့ ပြောသံကြားရဖူးတယ်။

အဲဒီလူတွေဟာ အစကတော့ ငါးပါးသီလစောင့်နေတဲ့လူတွေပဲ များပါလိမ့်မယ်၊ ဒါပေမယ့် အပြစ်ပေးမည့်အစိုးရမရှိတော့ သူတို့မှာ သီလပျက်ကုန်တယ်၊ အဲဒါဟာ **သမုစ္ဆေဒဝိရတီ**ဆိုတဲ့

http://www.dhammadownload.com



အရိယမဂ္ဂင်နှင့် မပြည့်စုံသေးလို့ပါပဲ၊ **သောတာပတ္တိမဂ်**ကို ရောက်ပြီး **သမုစ္ဆေဒဝိရတီ**နှင့် ပြည့်စုံနေရင်တော့ ခိုးယူမှု အစရှိတဲ့ အဲဒီဒုစရိုက်မျိုးတွေ လုံးဝကင်းပါတယ်၊ မြတ်စွာဘုရားမှာတော့ အရိယမဂ်လေးပါးမှာ ပါဝင်တဲ့ **သမ္မာကမ္မန္တ**နှင့် အကြွင်းမဲ့ ပြည့်စုံတော်မူပြီးဖြစ်တဲ့အတွက် ခိုးမှု, သတ်မှုအစရှိသော ကာယဒုစရိုက်တွေ လုံးဝကင်းစင် ဝေးကွာနေပါတယ်၊ ဒါကြောင့် အဲဒီအကြောင်းကို "မပေးဝတ္ထု ယူမှုကင်းကွာ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**မပေးဝတ္ထု ယူမှုကင်းကွာ။ (ဆို)**

## ကိုယ်ချင်းစာတရားရှိလျှင် မခိုးနိုင်

သူတစ်ပါးဉစ္စာ ခိုးယူတယ်ဆိုတာ ကိုယ်ချင်းစာသူတော်ကောင်းတရား ကင်းမဲ့တဲ့ သူယုတ်မာတွေရဲ့အလုပ်ပဲ၊ "ကိုယ့်ဉစ္စာကို သူများက တိတ်တိတ်ခိုးယူသည်ဖြစ်စေ၊ အနိုင့်အထက်ပြုပြီး အတင်းလုယက်ယူသည်ဖြစ်စေ၊ ကိုယ်ကမကြိုက်ဘူး၊ ထို့အတူပဲ ကိုယ်က သူများဉစ္စာကို လုယက်ခိုးယူလို့ရှိရင်လည်း သူများက မကြိုက်ပေဘူး" လို့ ဒီလိုကိုယ်ချင်းစာ သူတော်ကောင်းတရားရှိတဲ့ သူတော်ကောင်းဆိုရင် သီလဆောက်တည်ထားခြင်း မရှိတောင်မှ သူတစ်ပါးဉစ္စာကို မခိုးယူရက်ဘူး၊ ရှောင်ကြဉ်တတ်ပါတယ်၊ ဒီလို သီလဆောက်တည် ခြင်းမရှိဘဲ ရှောင်ကြဉ်တာက **သမ္ပတ္တဝိရတီ**ပဲ၊ သီလကို ဆောက်တည်ပြီးတော့ အသက်ပမာ ရိုသေစွာ စောင့်ရှောက်နေတဲ့ သူတော်ကောင်းကလည်း မခိုးယူရဲဘူး၊ သီလမပျက်ရအောင် ရှောင်ကြဉ်တယ်၊ အဲဒါက **သမာဒါနဝိရတီ**ပဲ။

သူတစ်ပါးဉစ္စာ မခိုးသင့်တဲ့အကြောင်းနှင့်စပ်ပြီး ဂျိန်းဘာ

http://www.dhammadownload.com



သာဝင် ဆရာတစ်ယောက်ရဲ့ အဆိုကတော့ "ပစ္စည်းဥစ္စာဆိုတာ လူ၏အပြင်ပ အသက်ဖြစ်တယ်၊ ပစ္စည်းဥစ္စာကို လုယက်ခိုးယူရင် ပစ္စည်းဥစ္စာရှင်၏ အသက်ကို လုယက်သတ်ဖြတ်ရာ ရောက်တယ်၊ ဒါကြောင့် သူ့ဥစ္စာကို မလုယက် မခိုးယူသင့်ဘူး"လို့တောင် ကြံဖန် ပြီးဆိုထားသေးတယ်၊ သူ့အဆိုလည်း စဉ်းစားကြည့်ရင် တကယ် မဟုတ်သော်လည်း အသင့်ယုတ္တိရှိတန်သလောက်တော့ရှိတယ်။

အဲဒီ ဂျိန်းဆရာဆိုလိုတာကတော့ ကိုယ်တွင်းက ရုပ်နာမ် အသက်ကို သေအောင်ပြုလုပ်ရင် ပါဏာတိပါတကံ ထိုက်သလို သူ့ဥစ္စာခိုးရင်လည်း အပြင်ပအသက်ကို သတ်ရာရောက်တယ်လို့ ဆိုလိုတာပါပဲ။ တချို့လူတွေမှာ သက်စွန့်ကြိုးပမ်း ရှာဖွေထားရတဲ့ ပစ္စည်းဥစ္စာတွေ၊ မစားရက်မသုံးရက် သိမ်းဆည်းစုဆောင်းထား ရတဲ့ ဥစ္စာတွေကို လုယက်ခိုးယူသွားရင် သေရမလောက် ဆင်းရဲ ဒုက္ခ ရောက်တတ်ကြပါတယ်၊ တချို့ဆိုရင် တကယ်လည်း သေသွား တတ်ကြပါတယ်၊ ဒါကြောင့် ပစ္စည်းဥစ္စာကို လူ၏အပြင်ပ အသက် လို့ ဆိုတာဟာ ဥပစာနည်းအရအားဖြင့် အသင့်ယုတ္တိရှိတန်သ လောက်ရှိနေပါတယ်။

## ဝိပဿနာဖြင့် ခိုးမှုကင်းပုံ

ဒါကြောင့် လောဘမကင်းသေးလို့ လိုချင်မှုရှိတောင်မှ သူတစ်ပါးဥစ္စာကို ကိုယ်ချင်းစာတရားနဲ့ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ဆောက်တည်ထားတဲ့သီလကို ငဲ့ပြီးတော့ဖြစ်စေ၊ ခိုးယူမှုမှ ရှောင် ကြဉ်သင့်ပါတယ်၊ ဖြစ်ပေါ်လာသမျှ ရုပ်နာမ်ကို မပြတ်ရှုနေတဲ့ ယောဂီပုဂ္ဂိုလ်မှာတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ခိုးမှုအစရှိသော ဒုစရိုက် အကုသိုလ်တွေမှ ရှောင်ကြဉ်မှုကိစ္စ ပြီးပြီးသွားတယ်၊

http://www.dhammadownload.com



ဘယ်လိုလဲဆိုတော့ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်းသော အာရုံတွေကို ရှုမှတ်ပြီး ခဏမစဲ ပျက်ပျက်သွားလို့ မမြဲတဲ့ သဘောမျှပဲ၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲပဲ၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ အနတ္တပဲလို့ သိသိသွားရင် အဲဒီသိရတဲ့ အာရုံနဲ့ စပ်ပြီး ခိုးလိုတဲ့စိတ်, သတ်လိုတဲ့စိတ်စသည်တောင်မှ မဖြစ်နိုင်တော့ဘူး၊ ခိုးမှုစသည် ဖြစ်ဖို့ကတော့ သာပြီးဝေးတော့တာပဲ၊ ဒါကြောင့် မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဒုစရိုက် အကုသိုလ်မှ ရှောင်ကြဉ်မှု ဝိရတီကိစ္စဟာ သူ့အလိုလို ပြီးနေတယ်။

## အရိယမဂ်ဖြင့် ခိုးမှုကင်းပုံ

ဝိပဿနာဉာဏ် ရင့်သန်တဲ့အခါမှာ အဲဒီလိုရှုမှတ်နေရင်းထဲကပဲ ရုပ်နာမ်သင်္ခါရ လုံးဝချုပ်ငြိမ်းတဲ့သဘောကို အရိယမဂ်ဖြင့် မျက်မှောက်တွေ့သွားတယ်၊ အဲဒီအခါကျတော့ ခိုးမှုအစရှိတဲ့ အကုသိုလ်ဒုစရိုက်တွေကို ပြုလိုတဲ့စိတ်တောင် မဖြစ်နိုင်တော့ဘဲ လုံးဝကင်းငြိမ်းသွားတယ်၊ အဲဒါဟာ အရိယမဂ် ဝိရတီက **သမုစ္ဆေဒပဟာန်**ဖြင့် ဒုစရိုက် အကုသိုလ်တွေကို အမြစ်ပြတ် အပြီးအငြိမ်းပယ်သွားတာပါပဲ၊ မြတ်စွာဘုရားမှာ အရိယမဂ်လေးပါးထဲပါဝင်တဲ့ ဝိရတီဖြင့် ဒုစရိုက်အကုသိုလ်ဟူသမျှတွေကို အကြွင်းမဲ့ ပယ်ပြီးဖြစ်နေပါတယ်၊ အဲဒီလို ပယ်တာဟာ အထက်မဂ်တွေရောက်မှ မဟုတ်ပါဘူး၊ အောက်ဆုံး သောတာပတ္တိမဂ် ရောက်ရင်ကို ငါးပါးသီလနှင့်စပ်တဲ့ ဒုစရိုက်တွေကို အမြစ်ပြတ်ပယ်ပြီး ဖြစ်သွားပါတယ်။

ဒါကြောင့် **ဓမ္မဒါယာဒသုတ်**မှာ သောတာပန်ဖြစ်ရင် "**ဗုဒ္ဓေ**- မြတ်စွာဘုရား၌၊ **အဝေစ္စပသာဒေန**-ဉာဏ်ဖြင့်

http://www.dhammadownload.com



သက်ဝင်မြင်သိ၍ ယုံကြည်သော သဒ္ဓါတရားနှင့်၊ **သမန္နာဂတော-**
ပြည့်စုံသည်" စသည်ဖြင့် ဟောထားတဲ့အတိုင်း တရားကို
မြင်တဲ့အတွက် ဘုရား၏ စွမ်းရည်ဂုဏ်တော်တွေကိုလည်း ဉာဏ်ဖြင့်
သိတန်သလောက်သိမြင်ပြီး ခိုင်မြဲတဲ့ယုံကြည်မှု သဒ္ဓါတရား
ဖြစ်တယ်၊ ထို့အတူ တရားတော်၊ သံဃာတော်၏ စွမ်းရည်ဂုဏ်
များကိုလည်း သိတန်သလောက်သိမြင်ပြီး ခိုင်မြဲတဲ့သဒ္ဓါတရား
ဖြစ်တယ်၊ **အရိယကန္တ** ခေါ်တဲ့ အရိယာတို့ မြတ်နိုးအပ်တဲ့ ငါးပါး
သီလနဲ့လည်း အစဉ်ထာဝရ ပြည့်စုံသွားတယ်၊ အဲဒါကို ဘုန်းကြီးက-

**"ဗုဒ္ဓစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။**
**ဓမ္မစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။**
**သံဃစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။**
**အရိယကန္တ၊ ငါးသီလ၊ လုံးဝပြည့်စုံရာ"** လို့

ဆောင်ပုဒ်ပေးပြီး ဉာဏ်စဉ်တရားထဲမှာ ထည့်သွင်းဟော
နေပါတယ်၊ တချို့ယောဂီဟောင်းတွေက အဲဒီ**ဓမ္မာဒါသ** တရား
ဆောင်ပုဒ်တွေကို နှုတ်တက်တောင် ရနေကြပါလိမ့်မယ်။

အဲဒီဆောင်ပုဒ်တွေထဲမှာ "**အရိယကန္တ**၊ ငါးသီလ၊ လုံးဝပြည့်
စုံရာ" ဆိုတဲ့ ဆောင်ပုဒ်အရ အရိယာတွေက ငါးပါးသီလကို အလွန်
မြတ်နိုးတယ်၊ သူ့သဘာဝအတိုင်းပင် ငါးပါးသီလကို မပျက်စေချင်
ကြဘူး၊ သီလပျက်မှာ စိုးရိမ်လေ့ရှိကြတယ်၊ သူများကဲ့ရဲ့မှာ ကြောက်
လို့ စောင့်ရှောက်ရတာ မဟုတ်ဘူး၊ သူ့အလိုလိုပဲ စိတ်ကစင်ကြယ်
နေလို့ အဲဒီ ငါးပါးသီလ လုံခြုံနေတာ၊ ဒီဘဝမှာသာ မဟုတ်ဘူး၊
နောက်နောက်ဘဝတွေမှာလည်း ဘယ်တော့မှ ဒီသီလ မပျက်တော့
ဘူး၊ ရှေးဘဝက တရားအားထုတ်ခဲ့တာ သောတာပန် ဖြစ်ခဲ့တာကို
တော့ သိချင်မှသိမယ်၊ ဒါပေမယ့် သူ့မှာ ငါးပါးသီလကတော့ လုံခြုံ

http://www.dhammadownload.com



စင်ကြယ်နေတာပဲ။

ယခုနေအခါမှာ ထူးထူးဆန်းဆန်း တစ်ဦးတလေ တွေ့ရတာရှိတယ်၊ အဲဒီလိုလူဟာ ငယ်ငယ်ကတည်းက သတ်ခြင်း, ခိုးခြင်း စသော မကောင်းမှုကို မပြုဘူး၊ မိဘစသည်က သင်ပေးလို့လည်း မဟုတ်ဘူး၊ သူ့သဘောအတိုင်းပဲ ငါးပါးသီလ လုံခြုံစင်ကြယ်နေတယ်၊ ရှေးဘဝကတည်းက တရားထူး ရလာလေသလားလို့ တွေးစရာပဲ၊ တချို့ကလည်း မိရိုးဖလာ ဘာသာခြား ဖြစ်နေပါလျက်နဲ့ ဗုဒ္ဓဘာသာတရားကို သဘောကျနေပါတယ်၊ ဝေးလံတဲ့ အရပ်ကလာပြီး တရားအားထုတ်တယ်၊ အဲဒါကတော့ ရှေးဘဝက ဗုဒ္ဓတရားတော်ကို ကျင့်သုံးဖူးလို့ ဖြစ်မယ်လို့ ယူဆရပါတယ်၊ အဲဒီလို ထူးခြားပုံတွေကတော့ တရားအလေ့အလာ အထုံဝါသနာတွေ လိုက်ပါတတ်ပုံကို နှိုင်းချိန်ကြည့်ဖို့ရာတွေပါပဲ။

သောတာပန်အစစ် ဖြစ်နေတဲ့သူမှာတော့ "**အရိယကန္တ** ငါးသီလ၊ လုံးဝပြည့်စုံရာ" ဆိုတဲ့အတိုင်း ငါးပါးသီလ၏ ဆန့်ကျင်ဘက် ဒုစရိုက် အကုသိုလ်တွေကို **သမုစ္ဆေဒပဟာန်**ဖြင့် အကြွင်းမဲ့ပယ်ပြီး ဖြစ်တဲ့အတွက် လောဘ, ဒေါသ မကင်းသေးပေမယ့် သတ်မှု၊ ခိုးမှု စသည်ကို ပြုလုပ်နိုင်လောက်အောင် အားကြီးတဲ့ လောဘ ဒေါသ တွေကတော့ မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် ခြင်, မှက်, ကြမ်းပိုး စသည် အကိုက်ခံရလို့ စိတ်ဆိုးပေမယ့် သတ်လိုတဲ့ စိတ်တော့ မဖြစ်ဘူး၊ အသုံးကျတဲ့ ပစ္စည်းတစ်စုံတစ်ခုကို လိုချင်ပေမယ်လို့ လုယူဖို့, ခိုးယူဖို့ မတရားသဖြင့် ယူဖို့တော့ မကြံစည်ဘူး၊ ဝယ်ယူဖို့ တောင်းယူဖို့ အလှူခံယူဖို့ ဒီလို တရားသဖြင့် ရဖို့သာ အလိုရှိတယ်၊ အဲဒါဟာ သာမန်အရိယာပုဂ္ဂိုလ်မှာ **သောတာပတ္တိမဂ်**ဖြင့် ခိုးမှုစသည် လုံးဝကင်းနေပုံပါပဲ။

http://www.dhammadownload.com



မြတ်စွာဘုရားမှာတော့ အရိယမဂ်လေးပါးမှာ ပါဝင်တဲ့ ဝိရတီဖြင့် ဒုစရိုက်အကုသိုလ်ဟူသမျှကို အကြွင်းမဲ့ပယ်ပြီး ဖြစ်နေတဲ့အတွက် ခိုးယူမှုမှကင်းကြောင်း အထူးပြောစရာ မလိုတော့ပါဘူး၊ အဲဒီ ဒုစရိုက် အကုသိုလ်ဟူသမျှကို အကြွင်းမဲ့ပယ်ပြီး ဖြစ်ကြောင်းကိုလည်း ဓမ္မစကြာတရားတော်ထဲမှာ အရိယမဂ္ဂသစ္စာကို ပွားစေအပ်ခဲ့ပြီဆိုတဲ့ စကားဖြင့် မြတ်စွာဘုရားက ဝန်ခံတော်မူပါတယ်၊ ဒါကြောင့် သာတာဂိရိနတ်က-

**သော**-ငါတို့ဆရာဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **အဒိန္နံ**-ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို၊ **န အာဒိယတိ**-ယူခြင်းမရှိ ကင်းရှင်းစင်ကြယ်ပါတယ်လို့ ရဲရဲရင့်ရင့် ဝန်ခံပြီး ဖြေကြားလိုက်ခြင်းဖြစ်ပါတယ်၊ အဲဒီမှာ မေးတဲ့ နတ်ကလည်း သာမန်သီလတည်ဆောက်ပြီးခိုးမှုမှ တဒင်္ဂအားဖြင့် ကင်းတာလောက်ကို မေးတာမဟုတ်ဘူး၊ အရိယမဂ်ဖြင့် အကြွင်းမဲ့ပယ်ပြီးတော့ **သမုစ္ဆေဒပဋိပ္ပဿဒ္ဓိ**အားဖြင့် ကင်းတာကို မေးတာဖြစ်တယ်၊ မေးတဲ့နတ်ကလည်း **သမုစ္ဆေဒပဋိပ္ပဿဒ္ဓိ** အားဖြင့် ကင်းကြောင်းကိုပဲ ဝန်ခံပြီး ဖြေခြင်းဖြစ်တယ်၊ ဒါကြောင့် အမေးရော, အဖြေရော အလွန်နက်နဲပါတယ်၊ ဒုတိယအဖြေကတော့-

## ညှဉ်းဆဲမှုလည်းကင်းတယ်

**အထော**-ထို့ပြင်လည်း၊**သော**-ငါတို့ဆရာဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **ပါဏေသု**-သတ္တဝါတို့၌၊ **သညတော**- ညှဉ်းဆဲသတ်ဖြတ်မှုကင်းလျက် စောင့်စည်းခြင်းနှင့်လည်း ပြည့်စုံပါသည် တဲ့။

သတ္တဝါတွေကိုညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်းကင်းပါတယ်

http://www.dhammadownload.com



လို့ဖြေလိုက်ပါတယ်၊ ဒီအမေး အဖြေဟာလည်း ဘုရားနဲ့မတန်ဘူး။ ရှန့်ရင်းတယ်လို့ ထင်စရာရှိပါတယ်၊ ဒါပေမယ့် ဟိုခေတ်တုန်းက ဘုရား အတုတွေနဲ့ နှိုင်းယှဉ်ပြီး မေးတာ, ဖြေတာဖြစ်တဲ့အတွက် သင့်လျော်ကယ်လို့ပဲ ယူဆပါတယ်၊ နောက်ပြီးတော့ ဖန်ဆင်းတဲ့ ဘုရားဆိုတာကို ယုံကြည်ကိုးကွယ်နေကြတဲ့လူတွေလည်း များစွာပင် ရှိနေပါတယ်၊ အဲဒီ ဘုရားက သူ့အလိုနဲ့ ဆန့်ကျင်တဲ့သူတွေကို ဒဏ်ခတ်တယ်လို့ သူတို့ ကျမ်းစာတွေထဲမှာ အတိအလင်း ပြဆိုထားတာ ရှိပါတယ်။

ဒဏ်ခတ်တယ်ဆိုတာဟာ လူတွေသေကုန်အောင် လေမုန်တိုင်း တိုက်စေခြင်း၊ ရေလွှမ်းမိုးစေခြင်း၊ မြေငလျင် အကြီးအကျယ် လှုပ်စေခြင်း၊ စားသောက်ဖွယ် အသီးအနှံအပင်များကို ပျက်စေခြင်း၊ ဝက်မွှတ်စေခြင်း စသည်ဖြင့် သေကျေပျက်စီးစေတာပါပဲ၊ အဲဒီအတိုင်း သာဟုတ်မှန်ခဲ့လို့ရှိရင် အဲဒီဘုရားသခင်ဟာ သတ္တဝါတွေကို သတ်ဖြတ်ညှဉ်းဆဲမှုမှ မကင်းပေဘူး၊ အဲဒီလို အယူအစွဲတွေနှင့်လည်း နှိုင်းယှဉ် ပြီး မေးခြင်းဖြစ်တဲ့အတွက် သင့်လျော်တဲ့အမေးအဖြေလို့ပဲ ဆိုနိုင်ပါ တယ်၊ ရှေ့နားပိုင်းကလဲ ဒီအကြောင်းကို ရှင်းပြခဲ့ပါပြီ။

ကိုယ့်ကို သူများက ညှဉ်းဆဲမယ် သတ်မယ်ဆိုရင် ကိုယ်က မကြိုက်ဘူး၊ သူတစ်ပါးကို ကိုယ်ကညှဉ်းဆဲမယ် သတ်မယ်ဆိုရင်လည်း သူတစ်ပါးက မကြိုက်ပေဘူး၊ ဒါကြောင့် ကိုယ်ချင်းစာတရားနဲ့ ဆင်ခြင်ကြည့်ရင် ညှဉ်းဆဲသတ်ဖြတ်မှုဟာ မည်သူမျှ မပြုသင့်တဲ့ အမှုပါပဲ၊ ရှောင်ကြဉ်သင့်တဲ့ အမှုပါပဲ၊ ဒါ့ကြောင့် **"ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ-** သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်ခြင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏"လို့ သီလဆောက်တည်ပြီးတော့လည်း ကြဉ်ရှောင်ရတယ်၊ သီလ

http://www.dhammadownload.com



မဆောက်တည်ဘဲနဲ့လည်း သတ်စရာ အကြောင်းဆုံလာတဲ့အခါ ကြဉ်ရှောင်ရတယ်၊ အဲဒီလို သီလမဆောက်တည်ဘဲ ကြဉ်ရှောင်တာက **သမ္ပတ္တ ဝိရတီ**ပဲ၊ သီလဆောက်တည်ပြီး ကြဉ်ရှောင်တာက တော့ **သမာဒါန ဝိရတီ**ပဲ။

ဝိပဿနာ ရှုနေတဲ့ယောဂီမှာတော့ ဒွါရခြောက်ပါးမှ ပေါ်လာသမျှကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီသတ်မှုမှ ကြဉ်ရှောင်ခြင်းကိစ္စ ပြီးပြီးသွားတယ်၊ အဲဒီလို ရှုမှတ်နေရင်း ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံလာတဲ့အခါမှာ အရိယမဂ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင် သွားတယ်၊ အဲဒီအခါမှာ သတ္တဝါကို သတ်ခြင်းစသော ဒုစရိုက် အကုသိုလ်တွေကို အကြွင်းမဲ့ ပယ်သတ်သွားတယ်၊ အဲဒါက အမြစ် ပြတ် ကြဉ်ရှောင်တဲ့ **သမုစ္ဆေဒဝိရတီ**ပဲ၊ ဒါ့ကြောင့် သောတာပန်ဖြစ်သွားရင်ကို သတ္တဝါ သတ်မှု လုံးဝကင်းတော့တာပဲ။

## သတ်နိုင်သေးရင် သောတာပန်မဟုတ်

တစ်ခါက စာရေးဆရာကြီးတစ်ယောက်က "သောတာပန်ဟာ သူတစ်ပါးအသက်ကို မသတ်ဘူးဆိုပေမယ်လို့ ကိုယ့်ကိုသတ်တော့မည့်သူကိုတော့ ခံမနေဘူး၊ သတ်နိုင်သေးတယ်လို့" စာစောင်တစ်ခုထဲမှာ သူကရေးလိုက်တယ်၊ အဲဒီလို ဆိုနိုင်ခြင်း၏ အကြောင်းကိုလည်း သူက ဒီလိုပြလိုက်သေးတယ်၊ "သူဟာ လူ့ရဲ့ စိတ်ဓာတ်အကြောင်း လေ့လာလာတာကြာပြီ၊ ဒါကြောင့်ပါပဲ"တဲ့။

ရယ်စရာကောင်းတာပါပဲ၊ ဘယ်သူတွေရဲ့ စိတ်များ သူလေ့လာပါလိမ့်မလဲလို့ ဘုန်းကြီးက စဉ်းစားကြည့်မိတယ်၊ သူတစ်ပါးရဲ့ စိတ်ကိုလည်း သူမသိနိုင်ဘဲနဲ့ သူတစ်ပါးစိတ်ကို သူဘယ်လို လေ့လာပါ လိမ့်၊ ဘယ်သောတာပန်ရဲ့စိတ်ကို လေ့လာပါလိမ့်

http://www.dhammadownload.com



စသည်ဖြင့် စဉ်းစားကြည့်တဲ့အခါ သူ့စိတ်သူလေ့လာတာ ဖြစ်လိမ့်မယ်လို့ ပေါ်လာတယ်၊ သူက သူ့ကိုယ်သူ သောတာပန်လို့ ထင်နေဟန်ရှိပါတယ်၊ သူတစ်ပါးက သတ်မယ်လုပ်လို့ရှိရင် ကိုယ့်လက်ထဲမှာလည်း လက်နက်ကောင်း ရှိနေလို့ရှိရင် ကိုယ်က အသေခံမလား၊ သို့မဟုတ် ကိုယ်က အဲဒီရန်သူကို သတ်မလားလို့ စဉ်းစားကြည့်ပါလိမ့်မယ်၊ အဲဒီလိုစဉ်းစားကြည့်တဲ့ အခါ ကိုယ်က ဦးအောင်သတ်မယ်ဆိုတဲ့စိတ်ကူး သူ့မှာဖြစ်လာပါလိမ့်မယ်၊ အဲဒီတော့ "သူ့ကိုယ်သူလည်း သောတာပန်လို့ ထင်နေတယ်၊ အရေးကြီးတဲ့ ကိစ္စနဲ့ကြုံလာရင် ရန်သူကို သတ်မယ်ဆိုတဲ့ စိတ်ကလည်း ရှိနေတယ်" ဆိုတဲ့ အဲဒီအကြောင်းအရာတွေကို အတည်ပြုပြီး သူက "သောတာပန်ဟာ လူကို သတ်နိုင်သေးတယ်"လို့ ဆုံးဖြတ်လိုက်ဟန် တူပါတယ်၊ ဗုဒ္ဓတရားတော်အရ ကြည့်လိုက်ရင် တကယ့်ကို ရယ်စရာပါပဲ။

သူ့စိတ်ထဲမှာ သတ်နိုင်တယ်လို့ထင်တာဟာ သောတာပန်မဟုတ်သေးလို့ ထင်တာပေါ့၊ မည်သူမဆို သတ္တဝါကို သတ်နိုင်သေးရင် ဗုဒ္ဓတရားတော်အရ ပုထုဇဉ်ပဲ၊ သောတာပန် မဟုတ်ဘူးဆိုတာ ကိန်းသေမှတ်ထားကြရမယ်၊ သောတာပန်အစစ်ဆိုရင်တော့ လူကို မပြောနဲ့ ခြင်၊ မှက်၊ ကြမ်းပိုးမှ စပြီး ဘယ်လိုသတ္တဝါကိုမှ မသတ်နိုင်တော့ဘူး၊ သတ်နိုင်လောက်အောင် ကြမ်းတမ်းတဲ့ စိတ်မရှိတော့ဘူးဆိုတာလည်း ကိန်းသေမှတ်ထားကြရမယ်။

ဗုဒ္ဓမြတ်စွာဘုရားမှာတော့ အရိယမဂ်လေးပါးထဲမှာပါဝင်တဲ့ ဝိရတီဖြင့်ဒုစရိုက်အကုသိုလ်ဟူသမျှတွေကို **အနုသယ**ပါမကျန် အကြွင်းမဲ့ပယ်ပြီးဖြစ်နေပါတယ်၊ အဲဒီအကြောင်းကို ဓမ္မစကြာတရားထဲမှာ ထုတ်ဖော်ဟောကြားထားပြီးလည်း ဖြစ်နေပါတယ်၊

http://www.dhammadownload.com



ဒါကြောင့် သာတာဂိရိနတ်က "ငါတို့ဆရာ ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ သတ္တဝါတို့၌ ညှဉ်းဆဲသတ်ဖြတ်ခြင်းကင်း၍ စောင့်စည်းခြင်းနှင့်လည်း ပြည့်စုံတော်မူပါတယ်"လို့ ရဲရဲရင့်ရင့် ဝန်ခံပြီး ဖြေကြားလိုက်ပါတယ်၊ အဲဒါကို "ညှဉ်းဆဲသတ်မှု၊ မပြုသည်သာ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒီဆောင်ပုဒ်ကို ပထမအပိုဒ်ပါ တွဲပြီး ဆိုကြရမယ်။

**မပေးဝတ္ထု၊ ယူမှုကင်းကွာ၊**
**ညှဉ်းဆဲသတ်မှု မပြုသည်သာ။** (ဆို)

**အာဒိန္နာ**-မပေးတဲ့ဝတ္ထု၊ **အာဒါန**-ယူမှု၊ မပေးတာကိုယူရင် လုယက်ခိုးယူခြင်းပါပဲ၊ ဒါကြောင့် မပေးဝတ္ထု ယူမှုကင်းကွာ ဆိုတဲ့ စကားဖြင့် လုယက်ခိုးယူမှုမှ ကင်းဝေးစင်ကြယ်ပါတယ်၊ ခိုးလိုတဲ့ စိတ်တောင် မရှိပါဘူးလို့ ဆိုလိုပါတယ်၊ **ပါဏေသု သညတော**-သတ္တဝါတို့၌ စောင့်စည်းတယ်ဆိုတာနဲ့ ညှဉ်းဆဲသတ်မှုကို မပြုဘူး ဆိုတာဟာ အတူတူပါပဲ၊ ညှဉ်းဆဲမှု၊ သတ်မှုမှ စောင့်စည်းပါတယ်။ ညှဉ်းဆဲလို၊ သတ်လိုတဲ့စိတ်တောင်မရှိပါဘူး၊ လုံးဝစင်ကြယ် နေပါတယ်လို့ ဆိုလိုပါတယ်၊ အဲဒီကနောက် တတိယအဖြေကတော့-

## မေ့လျော့ရေးမှ ဝေးကွာပါတယ်

**အထော**-ထို့ပြင်၊ **သော**-ငါတို့၏ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ **ပမာဒမှာ**-မေ့လျော့ခြင်းမှ၊ **အာရာ**-ဝေးကွာတော်မူပါသည်တဲ့။

မေ့လျော့တယ်ဆိုတာ လောကမှာ အများအားဖြင့် သိနေကြတာက ပစ္စည်းတစ်ခုခုကို တစ်နေရာမှာ ကျထားပြီး မေ့ကျန်နေရစ်တာ၊ လူ့အမည် စသည်ကို ဖော်မရတာ၊ အမြင့်က လိမ့်ကျ

http://www.dhammadownload.com



ခြင်း၊ ရေနစ်ခြင်း၊ ရောဂါနှိပ်စက်ခြင်း စသည်တို့ကြောင့် သတိမရဘဲ မေ့မြောနေတာ၊ ဒီလိုဟာတွေကိုသာ မေ့တယ်လို့ သိနေကြတယ်၊ ယခုဒီမှာ **ပမာဒ**-မေ့တယ်ဆိုတာကတော့ အဲဒါမျိုးတွေ မဟုတ်သေးဘူး၊ "**ပဉ္စသု ကာမ ဂုဏေသု**-ငါးပါးသော ကာမဂုဏ်တို့၌၊ **စိတ္တဿဝေါဿဂ္ဂေါ**-စိတ်ကို လွှတ်ထားခြင်းသည်၊ ပမာဒေါ-မေ့ခြင်းမည်သည်"လို့ ဆိုထားတဲ့အတိုင်း ကာမဂုဏ်အာရုံတွေထဲ စိတ်လွှတ်ထားတာ၊ ကာမဂုဏ် အာရုံတွေဆီ စိတ်ရောက်နေတာကို **ပမာဒ**- မေ့တယ်လို့ ဆိုလိုပါတယ်။

နွားများကို ချည်နှောင်ထားတဲ့ ကြိုးဖြတ်ပြီး"သွားချင်ရာ သွားပေတော့၊ စားချင်ရာ စားပေတော့"လို့ စားကျက်လွင်ပြင်ထဲ လွှတ်လိုက်သလို စိတ်ကို မထိန်းသိမ်းတော့ဘဲ ကာမဂုဏ်အာရုံတွေထဲ လွှတ်ထားတာ၊ ကာမဂုဏ်အာရုံတွေကို အလိုရှိတိုင်း ကြံစည်စိတ်ကူးနေတာတွေဟာ **ပမာဒ**ခေါ်တဲ့ မေ့လျော့ခြင်းတွေပါပဲ၊ ဒါက အမေ့ကောင်းကြီး မေ့နေတာပဲ၊ သွားလာရင်း, စားသောက်ရင်း, ပြောဆိုရင်း, ရယ်မောရင်း, ပျော်ရွှင်နေရင်း မေ့တဲ့ အမေ့ကောင်းကြီးပါပဲ၊ လူတွေက ဒီအမေ့ကောင်းကြီးကို ကြိုက်နေကြတယ်၊ လှပတဲ့ မိန်းမ, ယောကျ်ားတို့၏ အဆင်းအာရုံကောင်းတွေကို ကြည့်ရှုကြံစည်ပြီးတော့လည်း ပျော်နေကြတယ်၊ အသံကောင်းတွေကို နားထောင်ကြံစည်ပြီးတော့လည်း ပျော်နေကြတယ်၊ အနံ့ကောင်းတွေကို နမ်းရှူပြီးတော့လည်း ပျော်နေကြတယ်၊ အရသာကောင်းတွေကို စားသောက်ပြီးတော့လည်း ပျော်နေကြတယ်၊ အတွေ့အထိကောင်းတွေကို တွေ့ထိပြီးတော့လည်း ပျော်နေကြတယ်၊ အသုံးအဆောင် ပစ္စည်းကောင်းအမျိုးမျိုးတွေကို ကြံစည်ပြီးတော့လည်း ပျော်နေကြတယ်၊ တကယ်မရှိတောင်မှ အဲဒီကာမ

http://www.dhammadownload.com



ဂုဏ်အာရုံတွေကို ကြံစည်စိတ်ကူးနေရမှပျော်တယ်၊ အိပ်ပျော်နေတဲ့ အခါမှ တစ်ပါး ဒီကာမဂုဏ်အာရုံတွေကို ကြံစည်နေကြတာပဲ၊ တစ်နေ့လုံးလည်း ကြံစည်နေကြတာပဲ၊ တစ်သက်လုံးလည်း ကြံစည် နေကြတာပဲ၊ ဒီကာမဂုဏ်အာရုံတွေကို မကြံရဘူး၊ စိတ်မကူးရဘူး ဆိုရင် လူတွေဟာ ပျင်းရိငြီးငွေ့ကုန်မှာပဲ၊ "စိတ်ကူးကြံစည်စရာ ဒီကာမဂုဏ်အာရုံတွေမရှိတော့ဘူး၊ စိတ်ကူးပေမယ့် ဒီလို အာရုံ တွေကို မရနိုင်တော့ဘူး"ဆိုလို့ရှိရင် လူတွေဟာ လောကထဲ နေချင်မှာတောင် မဟုတ်တော့ဘူး။

အဲဒီလို ကာမဂုဏ်အာရုံတွေနဲ့ ပျော်နေကြတာကို ဒီမှာ **ပမာဒ**-မေ့နေတာလို့ဆိုပါတယ်၊ အထူးအားဖြင့် **အဗြဟ္မစရိယ**-မမြတ်သော အကျင့်ခေါ်တဲ့ မေထုန်ကာမဂုဏ်ကို သုံးဆောင် ခံစားနေတာဟာ လိုရင်းဖြစ်တဲ့ **ပမာဒ**-မေ့လျော့မှုပါပဲ၊ အရပ်သုံး စကားနဲ့ဆိုရင် သင့်ဆရာဘုရားဟာ မေထုန်မှီဝဲမှု ကင်းပါရဲ့လား လို့ ဆိုလိုတာပါပဲ၊ အဲဒါကို ဟေမဝတနတ်က ယဉ်ကျေးတဲ့ သာသ နာ့ဝေါဟာရဖြင့် "ပမာဒခေါ်တဲ့ မေ့လျော့မှုမှ ဝေးကွာ စင်ကြယ် ပါရဲ့လား" လို့မေးထားပါတယ်၊

သာတာဂိရိနတ်ကလည်း "မေ့လျော့ခြင်းမှ ဝေးကွာ စင်ကြယ်ပါတယ်"လို့ ဖြေလိုက်ပါတယ်၊ အဲဒီအဖြေမှာတော့ မေ့လျော့မှု-**ပမာဒ** ဟူသမျှကို အကုန်လုံး ယူမယ်ဆိုရင်လည်း သင့်လျော်ပါတယ်၊ ဘာကြောင့်လည်းဆိုရင် မြတ်စွာဘုရားမှာ ဒုစရိုက်သုံးပါးဆီ စိတ်လွှတ်ထားတဲ့ မေ့လျော့မှု-**ပမာဒ**မှလည်း ကင်းဝေးတော်မူတယ်၊ ကာမဂုဏ်ငါးပါးဆီ စိတ်လွှတ်ထားမှု ပမာဒမှလည်း ကင်းဝေးတော်မူတယ်၊ မေထုန်ခေါ်တဲ့ ကိုယ်အတွေ့ ကာမဂုဏ်တစ်ခုတည်းမှသာမဟုတ်ဘူး၊ အတွေ့အထိ အတွေ့ကာမ

http://www.dhammadownload.com



ဂုဏ်အားလုံးမှလည်း ကင်းဝေးတော်မူတယ်၊ အဆင်း, အသံ, အနံ့, အရသာဆိုတဲ့ ကာမဂုဏ်အားလုံးမှလည်း ကင်းဝေးတော်မူတယ်၊ နောက်ပြီးတော့ သတိပဋ္ဌာန်အစရှိသော တရားတို့ကို မပွား များခြင်းဆိုတဲ့ ပမာဒမှလည်း ကင်းဝေးတော်မူပါတယ်၊ ဒါကြောင့် "**ပမာဒ**မှာ- မေ့လျော့ခြင်းမှ၊ **အာရာ**-ဝေးကွာစင်ကြယ်တော် မူပါ သည်လို့ သာတာဂိရိနတ်က ဖြေလိုက်ပါတယ်၊ အဲဒါကို "မေ့လျော့ ရေးမှ ဝေးလှပေစွာ" လို့ ဆောင်ပုဒ်ဖြေဆိုထားတယ်၊ ရှေးနှစ်ပိုဒ်ပါ ပေါင်းပြီး ဆိုရမယ်၊

**သာတာဂိရိ အဖြေဆောင်ပုဒ်(၂)**

**မပေးဝတ္ထု ယူမှုကင်းကွာ**
**ညှဉ်းဆဲသတ်မှု မပြုသည်သာ**
**မေ့လျော့ရေးမှ ဝေးလှပေစွာ**
**တို့ဘုရား ဈာန်ပွားမဆိတ်ပါ။**

အဲဒီမှာ နောက်ဆုံးအပိုဒ်ကတော့ **"ဗုဒ္ဓေါ ဈာနံ န ရိဉ္စတိ"** ဆိုတဲ့ ပါဠိရဲ့ မြန်မာပြန်ပါပဲ၊ အနက်ကတော့-

**ဗုဒ္ဓေါ**-တရားအလုံးစုံကို အကုန်သိမြင် ဘုရားရှင်သည်၊ **ဈာနံ**-ရှုမှုဈာန်ကို၊ **နရိဉ္စတိ**-မကင်းဆိတ်စေဘဲ အမြဲပင် ပွားလျက် ရှိပါသည်တဲ့။

ဈာန်ဆိုတာ ရှုမှုပဲ အဲဒီရှုမှုဈာန်က နှစ်မျိုးရှိတယ်။ (၁) ကသိုဏ်းအစရှိသော သမာဓိနိမိတ်အာရုံကိုကပ်ပြီး စွဲစွဲမြဲမြဲရှုတဲ့ **သမထဈာန်**ကတစ်မျိုး၊ (၂) ရုပ်နာမ်တရားတို့၏ အနိစ္စအစရှိသော လက္ခဏာကို ကပ်ကပ်ပြီး ရှုသိတဲ့ ဝိပဿနာဈာန်က တစ်မျိုး ဒီလို နှစ်မျိုးရှိတယ်၊ ဒါကြောင့် ဘုန်းကြီးက"**သမထဈာန်၊ ဝိပဿဈာန်၊**

http://www.dhammadownload.com



**နှစ်တန်ကွဲပြားသည်၊ တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထစျာန် ခေါ်သည်၊ လက္ခဏာသုံးရပ် ရှုသိမှတ်၊ ဝိပဿနာစျာန်ခေါ် သည်**"လို့ ဆောင်ပုဒ်စီထားတယ်၊ ကြာပါပြီ၊ **ဥဒ္ဒေသဝိဘင်္ဂသုတ်** ကိုစပြီး ဟောခါစကပါပဲ၊ ၁၃၀၅-ခုနှစ်လောက်က ဖြစ်ပါလိမ့်မယ်၊ ကောင်းကောင်းမှတ်မိသွားအောင် အဲဒီဆောင်ပုဒ်များကိုလည်း ဆိုကြရမယ်။

**သမထစျာန်၊ ဝိပဿနာစျာန်၊ ၂-တန် ကွဲပြားသည်။ (ဆို)**

**သမထစျာန်**

**တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထစျာန်ခေါ်သည်။(ဆို)**

**ပထဝီကသိုဏ်း**စသည်ကို ပထဝီ- ပထဝီ၊ မြေ-မြေစသည် ဖြင့် ရှုနေတာဟာ စိတ်တည်ငြိမ်ရုံမျှပဲ၊ အဲဒီလိုရှုတဲ့အတွက် ရုပ်နာမ် အဖြစ် စသည်ကို သိခြင်းမရှိဘူး၊ စိတ်က တစ်ခုတည်းသာ အာရုံမှာ စိုက်ပြီး တည်နေတော့ ကာမအာရုံကို လိုချင်နှစ်သက်ပြီး ကြံမှု **ကာမစ္ဆန္ဒ** အစရှိသော **နီဝရဏ**ကိလေသာတွေ ဖြစ်ခွင့်မရဘဲ ကင်း ကွာနေတယ်၊ အဲဒီလို **နီဝရဏ**တွေကို ကင်းစေပြီးတော့ ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်ဆိုတဲ့ စျာန် ၄-ပါး ကိုရတယ်၊ အဲဒီစျာန်၏ ကသိုဏ်းအာရုံကိုခွာပြီး တစ်ဆင့်တက် ရှုရင် **အရူပစျာန်** ၄-ပါးကိုလည်း ရနိုင်တယ်။

အဲဒီ ရူပစျာန် အရူပစျာန်တွေဟာ စိတ်တည်ငြိမ်ရုံမျှပဲ၊ အဲဒီ စျာန်တွေကို ရတဲ့အတွက် ရုပ်နာမ်ကိုသိခြင်းလည်း မရှိဘူး၊ အဖြစ် အပျက် အနိစ္စလက္ခဏာ စသည်ကို သိခြင်းလည်း မရှိဘူး၊ ဒါကြောင့် "တည်ငြိမ်ရုံမျှ ရှုနေက သမထစျာန်ခေါ်သည်" လို့ ဆိုထားပါတယ်၊ အဲဒီစျာန်တွေကို အခြေတည်ပြီး လေ့လာရင်တော့

http://www.dhammadownload.com



**ဒိဗ္ဗစက္ခု**ဆိုတဲ့ အမြင်ထူး၊ **ဒိဗ္ဗသောတ**ဆိုတဲ့ အကြားထူး၊ **ပုဗ္ဗေနိဝါသ**ဆိုတဲ့ ရှေးဘဝတွေကို ပြန်လည်အောက်မေ့နိုင်တဲ့ အသိထူး၊ **စေတောပရိယ**ဆိုတဲ့ သူတစ်ပါးစိတ်ကို သိတဲ့ဉာဏ်အထူး၊ အဲဒီလို အသိဉာဏ်ထူးများကိုလည်း ရနိုင်ပါသေးတယ်။

နောက်ပြီးတော့ အဲဒီစျာန်တွေကို အခြေခံအဖြစ် ဝင်စားပြီးတော့ ဝိပဿနာရှုရင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကိုလည်း ရနိုင်ပါသေးတယ်၊ ဒါကြောင့် သမထပါဆိုပြီးတော့လည်း အထင်မသေးသင့်ပေဘူး၊ **အာနာပါနကမ္မဋ္ဌာန်း, ဓာတ္တိံသာကာရကမ္မဋ္ဌာန်း**များကို ရှုရင်လည်း စိတ်တည်ငြိမ်ပြီး စျာန်ကိုရနိုင်တယ်၊ အဲဒီစျာန်ကို အခြေခံ အဖြစ် ဝင်စားပြီး ဝိပဿနာရှုရင် ဝိပဿနာဉာဏ်, မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို ရနိုင်တယ်၊ ဒါပေမယ့် ဖြစ်ခိုက်, ထင်ပေါ်ခိုက် ရုပ်နာမ်ကို မရှုဘဲ သမထအာရုံသက်သက် ရှုနေရင်တော့ စိတ်တည်ငြိမ်ရုံ, သမာဓိဖြစ်ရုံမျှပဲ၊ နောက်တစ်ပုဒ်ကို ဆိုကြရမယ်။

## ဝိပဿနာစျာန်

### လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿ်စျာန်ခေါ်သည်။(ဆို)

လက္ခဏာသုံးရပ်ဆိုတာ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ဒီသုံးပါးပါပဲ၊ အဲဒီ လက္ခဏာသုံးပါးကို ရှုမှတ်ပြီး သိတာက ဝိပဿနာစျာန်တဲ့၊ ဒါပေမယ့် လက္ခဏာသုံးပါးက စပြီးရှုလို့တော့ မဖြစ်ဘူး၊ ဒွါရ ၆-ပါးမှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်၊ ထင်ပေါ်လာတဲ့ ရုပ်အာရုံဆိုတာတွေရဲ့ ပင်ကိုယ်ရင်း သဘောကို စပြီး ရှုမှတ်ရတယ်၊ ရှုမှတ်ပုံကတော့ မဟာသတိပဋ္ဌာနသုတ်မှာ **"ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ**-သွားလျှင်မူလည်း သွားသည်ဟု သိ၏"

http://www.dhammadownload.com



စသည်ဖြင့် ပြထားတဲ့အတိုင်းပါပဲ၊ ဒါကြောင့် ဒီသာသနာ့ရိပ်သာမှာ သွားတယ်၊ ကွေတယ်၊ လှမ်းတယ်၊ ချတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ အိပ်တယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ မြင်တယ်၊ ကြားတယ် စသည်ဖြင့် ရှုမှတ်နေကြရတာပဲ။

အဲဒီလို ရှုမှတ်လို့ ဖြစ်ဆဲ ထင်ဆဲ ရုပ်တရား နာမ်တရား၏ ပင်ကိုသဘောကို သိလာတဲ့အခါမှာ အသစ်သစ်ဖြစ်ဖြစ်လာတာကို လည်း သိရတယ်၊ ကုန်ကုန်ဆုံးဆုံးသွားတာ ပျောက်ပျောက်သွားတာ ကိုလည်း သိရတယ်၊ အဲဒီတော့မှ ဖြစ်ပေါ်ပြီးပျောက်ပျောက်သွားလို့ မမြဲဘူးလို့လည်း သိမြင်သဘောကျလာတယ်၊ အဲဒါ အနိစ္စလက္ခဏာ ကိုရှုပြီး အနိစ္စသဘောကို သိတာပါပဲ၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ဖြစ်ပျက်မှုက မပြတ်နှိပ်စက်နေလို့ ဆင်းရဲချည်းပဲလို့လည်း သိမြင် သဘောကျလာတယ်၊ အဲဒါ ဒုက္ခလက္ခဏာကိုရှုပြီး ဒုက္ခသဘောကို သိတာပါပဲ၊ ကိုယ့်အလိုအတိုင်း မဖြစ်ဘူး၊ သူ့သဘောအတိုင်း သူ့ဟာသူဖြစ်ပျက်နေလို့ အစိုးမရတဲ့ အနတ္တ သဘောတရားမျှပဲလို့ သိမြင်သဘောကျလာတယ်၊ အဲဒါ အနတ္တ လက္ခဏာကိုရှုပြီး အနတ္တ သဘောကို သိတာပါပဲ။

အဲဒီလိုသိတာဟာ ဉာဏ်စဉ်အနေအားဖြင့် **သမ္မသနဉာဏ်** ပိုင်းကစပြီး ဖြစ်တယ်၊ အဲဒီ **သမ္မသနဉာဏ်** ဖြစ်ခိုက်မှာ မှတ်စရာ အာရုံကို ရှာကြံရတယ်၊ ထပ်ခါထပ်ခါလည်း သုံးသပ်ဆင်ခြင်တယ်၊ ပီတိသုခလည်း အတော်အသင့်ထင်ရှားတယ်၊ မှတ်မိတဲ့ အာရုံဆီ ပြေးပြေးကပ်တဲ့ **ခဏိကသမာဓိ**လည်း ထင်ရှားတယ်၊ ဒါ ကြောင့် အင်္ဂါငါးပါးရှိတဲ့ ပထမဈာန်နှင့်တူပါတယ်၊ **ဥဒယဗ္ဗယ ဉာဏ်** ရောက်တဲ့ အခါကျတော့ မှတ်စရာအာရုံကိုလဲ မရှာကြံရဘူး၊ အာရုံက တစ်ခုပြီးတစ်ခု သူ့အလိုလို ထင်ပေါ်ပေးနေသလို

http://www.dhammadownload.com



ဖြစ်နေတယ်၊ ပေါ်လာသမျှကို သိရုံသိရုံပဲ သိသိသွားနေတယ်၊ ထပ်ခါထပ်ခါ သုံးသပ် ဆင်ခြင်းမှုလည်းမရှိဘူး၊ ဒါကြောင့် အဲဒီအခိုက်မှာ **ဝိတက်**နှင့် **ဝိစာရ** တို့က မထင်ရှားဘူး၊ **ပီတိ**နှင့် **သုခ**တွေကတော့ အလွန်အကဲ ဖြစ်နေတယ်၊ စိတ်တည်ကြည်မှု သမာဓိလည်း ထင်ရှားနေတယ်၊ ဒါကြောင့် **ဥဒယဗ္ဗယဉာဏ်** အနုပိုင်းမှာ အင်္ဂါသုံးပါးရှိတဲ့ ဒုတိယဈာန်နှင့်တူပါတယ်။

**ဥဒယဗ္ဗယဉာဏ်** အရင့်ပိုင်းကျတော့ အရောင်အလင်း, ပီတိ စသော ဝိပဿနာညစ်ညူးကြောင်းတွေ ကင်းသွားတယ်၊ သုခနှင့် သမာဓိ ၂-ပါးကတော့ ထင်ရှားနေတယ်၊ ဒါကြောင့် အဲဒီအခါမှာ သုခ, ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၂-ပါးရှိတဲ့ တတိယဈာန်နှင့် တူနေပါတယ်၊ **ဘင်ဉာဏ်**စသည်မှာတော့ သုခတောင် မထင်ရှားဘဲ ပျက်ပျက်သွားတာကလေးတွေကိုသာ သိသိသွားနေတယ်၊ အဲဒီ အခါမှာ ဥပေက္ခာ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ၂-ပါးသာရှိတဲ့ စတုတ္ထ ဈာန်နှင့် တူနေပါတယ်။ အထူးသဖြင့် အဲဒီဥပေက္ခာနှင့် ဧကဂ္ဂတာ ဟာ **သင်္ခါရုပေက္ခာဉာဏ်** ကျမှသာပြီး ထင်ရှားတတ်ပါတယ်၊ ယခုပြောခဲ့တဲ့ ဖြစ်ပုံတွေကို အဲဒီ ဝိပဿနာဉာဏ်တွေ ဖြစ်ဖူးတဲ့ ယောဂီတွေမှာ ကိုယ်တိုင်တွေ့အားဖြင့် သိနိုင်ပါတယ်။

နောက်ပြီးတော့ မဂ်ဖိုလ်ကိုလည်း **နိဗ္ဗာန်၏ တထ လက္ခဏာ**ကို ကပ်၍ ရှုတတ်သောကြောင့် ဈာန်လို့ခေါ်ရသေး ကြောင်း အဋ္ဌကထာ များမှာ ပြထားပါတယ်၊ မြတ်စွာဘုရားမှာ ဈာန်မကင်းဆိတ်ပါဘူးလို့ဆိုတဲ့ သာတာဂိရိနတ်၏ အဖြေဟာ ယခုပြောခဲ့တဲ့ ဈာန်အားလုံးနှင့် ဆိုင်ပါတယ်။

http://www.dhammadownload.com



## သာဓုခေါ်တုန်း ဈာန်ဝင်စားတော်မူသည်

မြတ်စွာဘုရားမှာ ဈာန်ပွားမှု မကင်းဆိတ်ပုံကတော့ အလွန်ပဲ ကြည်ညိုစရာကောင်းပါတယ်၊ ဘယ်လိုလည်းဆိုတော့ မြတ်စွာဘုရားဟာ တရားဟောနေတဲ့အခါ တရားနာပရိသတ်က တရားကို သဘောကျလို့ သာဓုခေါ်တဲ့အခိုက်ကလေးတောင်မှ အလွတ်မထားဘူး၊ ဖလသမာပတ်ဆိုတဲ့ ဖိုလ်ဈာန်ကို ဝင်စားနေတယ်၊ သာဓုခေါ်သံဆုံးတဲ့အခါ ဖိုလ်ဈာန်မှ ထပြီး တရားကို ဆက်ဟောပါသတဲ့၊ သိပ်အံ့သြစရာ ကောင်းတာပဲ။

## မြန်မာသာဓုနှင့် သီဟိုဠ်သာဓု

ယခု ဘုန်းကြီးတို့ဟောတဲ့အခါလည်း တစ်ခါတစ်ရံ ပရိသတ်က သာဓုခေါ်တာရှိပါတယ်၊ ဒါပေမယ့်ဘုန်းကြီးတို့ ဟောတဲ့အခါမှာတော့ သာဓုခေါ်စရာအကွက်က တယ်မရှိလှဘူး၊ မြန်မာပြည်မှာ သာဓုခေါ်ကြတာက ဂါထာဖြစ်စေ၊ စုဏ္ဏိယဖြစ်စေ၊ ပါဠိတစ်ရပ်ကို အနက်ပေးတဲ့ အဆုံးမှာ ဓမ္မကထိကပုဂ္ဂိုလ်က "ဖြစ်ကြလေတော့သတည်း . ." စသည်ဖြင့် အသံကို ရှည်ရှည်ဆွဲပြီး ချလိုက်တဲ့အခါ သာဓုခေါ်ဆိုလေ့ ရှိကြတယ်၊ တရားသားအနက်အဓိပ္ပာယ်က ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အဲဒါကိုတော့ မစဉ်းစားကြဘူး၊ သတည်း . . ဆိုတဲ့အသံကိုသာ အမှတ်ပြုပြီး သာဓုခေါ်ကြတော့တာပဲ။

ဥပမာ-ဝေဿန္တရာဇာတ်မှာ လေးငါးနှစ်အရွယ်ရှိတဲ့ ကဏှာဇိန်နဲ့ ဇာလီတို့ကို ဝေဿန္တရာမင်းကြီးက ဇူဇကာပုဏ္ဏားအား လှူလိုက်တဲ့အခန်းမှာ ပုဏ္ဏားကြီးက မင်းသား မင်းသမီးကလေးတွေကို "**အကောဒ္ဓ ယန္တော-** ရက်ရက်စက်စက် ပြင်းထန်စွာ

http://www.dhammadownload.com



ရိုက်နှက်လျက်၊ **တေ**-မျက်ရည်ယိုစီးနေသော ထိုကလေးငယ်တို့ကို၊ **နေတိ**-မညှာမတာ ဆွဲငင်ကာဖြင့် မကြင်နာ မသနားဘဲ ဆောင်ရွက်သွားလေတော့သတည်း . . "လို့ အသံရှည်ရှည် ဆွဲချလိုက်ရင် တရားနာပရိသတ်က သာဓု သာဓု သာဓုလို့ ဆိုကြတော့တာပဲ၊ အဲဒါဟာ ဝမ်းသာရမည့်အရာ ကောင်းချီးပေးရမည့်အရာတော့ မဟုတ်ဘူး၊ ဝမ်းနည်းရမည့်အရာ သနားရမည့်အရာသာဖြစ်တယ်၊ ဒါပေမယ့် မြန်မာပြည်မှာတော့ အဲဒီလိုအရာမှာလည်း သာဓုခေါ်ပြီး ကောင်းချီးပေးကြတော့တာပဲ။

သီဟိုဠ်မှာတော့ အဲဒီလိုမဟုတ်ဘူး၊ တရားထဲမှာ ကြည်ညိုဖွယ်ရာ စကားလုံးကို ကြားရတဲ့အခါ သူတို့က သာဓုခေါ်ကြတယ်၊ ရဟန္တာဖြစ်တယ်၊ နိဗ္ဗာန်ရောက်တယ် အစရှိတဲ့ ဒီလိုစကားကိုကြားရတဲ့အခါ သူတို့က သာဓုခေါ်ကြတယ်၊ သူတို့ သာဓုခေါ်ပုံက သဘာဝ ကျပါပေတယ်။

ဘုရားလက်ထက်တော် ကာလတုန်းကတော့ ကြည်ညိုဖွယ်ရာကို ကြားရတဲ့အခါ အနက်အဓိပ္ပါယ်ကို အထူးသက်ဝင်သဘောပေါက်သွားတဲ့အခါ စသည်မှာ သာဓုခေါ်ကြာတာ ဖြစ်ပါလိမ့်မယ်၊ အဲဒီလို သာဓု-သာဓု-သာဓုလို့ ဆိုနေတဲ့ အချိန်မှာ ဟောနေပေမယ့် ကောင်းကောင်းကြားရမှာ မဟုတ်လို့ မြတ်စွာဘုရားက မဟောဘဲ ရပ်ထားပါတယ်၊ ဒါပေမယ့် အဲဒီလောက် တိုတောင်းတဲ့ အချိန်လေးကိုလည်း အလဟဿ ကုန်မသွားစေဘူး၊ ချက်ချင်းပဲ ဖလသမာပတ်ကို ဝင်စားလိုက်ပါတယ်၊ သာဓုသံဆုံးသည်နှင့် တစ်ပြိုင်နက် သမာပတ်ကထပြီး မူလရပ်ထားတဲ့ တရားအနုသန္ဓေက ဆက်ပြီး ဟောသွားပါသတဲ့၊ သိပ်အံ့ဩစရာလည်းကောင်း သိပ်ကြည်ညိုစရာလည်း ကောင်းတာပဲ။

http://www.dhammadownload.com



ယခုကာလ ဓမ္မကထိကတွေထဲမှာတော့ ဖလသမာပတ်ဝင်စားနိုင်တဲ့ ပုဂ္ဂိုလ်က ရှားပါလိမ့်မယ်၊ ဝင်စားနိုင်တောင်မှ အဲဒီလိုသာဓုခေါ် သံ သုံးကြိမ်လောက်အတွင်းမှာတော့ သမာပတ် ရောက်အောင် ရှုမှတ်နိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ရှိမယ်မဟုတ်ပါဘူး၊ အများအားဖြင့် အဲဒီသာဓုခေါ် ချိန်မှာ နားနေရုံမျှဖြစ်ပါလိမ့်မယ်၊ ဒါမှ မဟုတ်ရင်လည်း ဆက်ဟောဖို့ရာကို စဉ်းစားနေတာ ဖြစ်ပါလိမ့်မယ်။

မြတ်စွာဘုရားမှာတော့ ဟောဖို့တရားက ကျက်မှတ်ထားရတာရယ်လို့မရှိဘူး၊ ဆင်ခြင်လိုက်ရင် ဟောသင့်တဲ့အနက်တွေ ပေါ်လာတာပဲ၊ ဒါကြောင့် မြတ်စွာဘုရား၏ ဉာဏ်တော်ကို အာဝဇ္ဇနပဋိဗဒ္ဓ- ဆင်ခြင်မှုနှင့် စပ်တယ်လို့ ဆိုထားတယ်၊ 'ဆင်ခြင်တိုင်းဆင်ခြင်တိုင်း အလိုရှိရာကို သိသိသွားတယ်၊ မသိနိုင်တာ မရှိဘူး'လို့ဆိုလိုပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားမှာတော့ ဟောဖို့ရာတရားကို စောစောက ကြိုတင်ပြီး စဉ်းစားထားဖို့ မလိုဘူး၊ သမာပတ်ကထလျှင်ထချင်း အလိုရှိရာကိုဆက်ပြီး ဟောသွားနိုင်တယ်၊ အဲဒီလိုသာဓုခေါ် ချိန်ကလေးတောင် အလကားမထားဘဲ ဖလသမာပတ်ကို ဝင်စားတာလည်း ဈာန်ကိုမကင်းဆိတ်စေဘဲ အမြဲဝင်စားနေတော်မူပုံ တစ်ရပ်ပါပဲ။

## သမာပတ်ပေါင်း ကုဋေနှစ်သန်းလေးသိန်း

နောက်ပြီးတော့ နေ့စဉ်နေ့တိုင်း သတ္တဝါတွေကို ကြည့်ရှုလျက်သနားခြင်း ကရုဏာနှင့်ယှဉ်သော မဟာကရုဏာ သမာပတ်ကအကြိမ်ပေါင်း ကုဋေတစ်ဆယ့်နှစ်သိန်း၊ အရဟတ္တ ဖလသမာပတ်ကလည်း အကြိမ်ပေါင်း ကုဋေတစ်ဆယ့်နှစ်သိန်း ၊၂-ရပ်ပေါင်း ကုဋေနှစ်သန်း လေးသိန်းသော ဈာန်သမာပတ်များကို ဝင်စားတော်မူပါတယ်၊

http://www.dhammadownload.com



(ဒီဋ္ဌ ၃၊ ၅၅)အဲဒါလည်း ဈာန်ကို မကင်းဆိတ်စေဘဲ အမြဲဝင်စားနေတော်မူပုံတစ်ရပ်ပါပဲ၊ ဒါကြောင့် သာတာဂိရိနတ်က **“ဗုဒ္ဓေါ**-တရားအလုံးစုံကို အကုန်သိမြင်ဘုရားရှင်သည်၊ **ဈာနံ**-ရှုမှုဈာန်ကို၊ **နရိဉ္စတိ**-မကင်းဆိတ်စေအဲ့ အမြဲပင်ပွားလျက်ရှိပါသည်” လို့ ဖြေကြားလိုက်ပါတယ်၊ အဲဒါကို “တို့ဘုရား ဈာန်ပွားမဆိတ်ပါ”လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ရှေ့သုံးပိုင်း ပေါင်းပြီးဆိုလိုက်ကြဦးစို့။

**မပေးဝတ္ထု ယူမှုကင်းကွာ၊**
**ညှဉ်းဆဲသတ်မှု မပြုသည်သာ၊**
**မေ့လျော့ရေးမှ ဝေးလှပေစွာ၊**
**တို့ဘုရား ဈာန်ပွား မဆိတ်ပါ။**

မြတ်စွာဘုရားမှာ တရားအလုံးစုံကို အကုန်သိနေသောကြောင့် ဟောပြောရေးအတွက် စောစောက ကြိုတင်ပြင်ဆင်ဖို့ စဉ်းစားထားဖို့ ဘာမျှမလိုဘူး၊ တရားနာမည့်ပုဂ္ဂိုလ်၏ အလိုအလျှာသယ ဣန္ဒြေအနုအရင့်ကိုကြည့်ပြီး သင့်လျော်တဲ့တရားကို ဟောလိုက်ရုံပဲ ရှိတယ်၊ အဲဒီလို ဟောပြောဆုံးမပြီးတဲ့အခါမှာဆိုရင် ဈာန်သမာပတ် တစ်ပါးပါးကို ဝင်စားနေရုံပဲ၊ ခုတွင်က ပြောခဲ့တဲ့အတိုင်း တရားဟောနေရင်း သာဓုခေါ်တဲ့ အချိန်ကလေးမှာတောင်အလဟာသ မဖြစ်စေဘဲ အရဟတ္တ ဖလသမာပတ်ကို ဝင်စားလိုက်သေးတယ်ဆိုတော့ ဒီပြင်အချိန်တွေမှာလည်း အခွင့်ရတိုင်း သမာပတ်တစ်ပါးပါးဝင်စားနေ လိမ့်မယ်ဆိုတာ ခန့်မှန်းပြီး သိနိုင်လောက်ပါတယ်။

အဲဒီလို ဈာန်သမာပတ်တရားကို မြတ်စွာဘုရား မပြတ်ဝင်စား ပွားများနေတာဟာ စဉ်းစားကြည့်လိုက်ရင် အလွန်ပဲကြည်ညိုဖွယ် ကောင်းပါတယ်၊ အဲဒါကို အာရုံပြုပြီးတော့လည်းကြည်ညိုရမယ်၊ အဲဒီလို ကြည်ညိုနေရင်း ပီတိဖြစ်လာရင် အဲဒါကို

http://www.dhammadownload.com



လည်း ရှုမှတ်ကြရမယ်၊ အဲဒီလို ရှုမှတ်ခြင်းဖြင့် အဲဒီ ဝမ်းမြောက်မှု ပီတိ ကုန်ကုန်သွားတာ, ပျောက်ပျောက်သွားတာကို သိသိပြီး ဝိပဿနာဉာဏ် ဖြစ်နိုင်တယ်။ အဲဒီ ဝိပဿနာက ရင့်သန်ပြီး အရိယမဂ်ဖိုလ်ကိုလည်း ရောက်သွားနိုင်တယ်။

ဒီကနေ့လည်း တရားဟောချိန်က တစ်နာရီ ကျော်သွားပြီး သကြံန်တွင်း ယောဂီသစ်တွေကို တရားစစ်ပြီး ပြုပြင်ပေးဖို့ အချိန် ကလည်း ရှိဦးမှ တော်မယ်၊ ဒါကြောင့် "မြတ်စွာဘုရားမှာ မေ့လျော့မှု ပမာဒမှ ဝေးကွာတော်မူတယ်" ဆိုတဲ့ ဖြေရှင်းချက်အရ ယခု ဒီသာသနာ့ရိပ်သာမှာ မမေ့မှု အပ္ပမာဒတရား အားထုတ်နေ ကြပုံနှင့် "မြတ်စွာဘုရားမှာ ဈာန်ပွားမှု မဆိတ်ဘူး" ဆိုတဲ့ ဖြေရှင်း ချက်အရ အဲဒီမမေ့မှု အပ္ပမာဒအလုပ်ဖြင့် ဝိပဿနာဈာန် ဖြစ်ပွား နေပုံတွေကို အနည်း ငယ်ပြောပြီး တရားသိမ်းတော့မယ်။

## မမေ့မှုဖြင့် ဝိပဿနာ ဈာန်ပွားနေပုံ

ယခု ဒီသာသနာ့ရိပ်သာမှာ မြင်တိုင်း, ကြားတိုင်း, တွေ့ တိုင်း, သိတိုင်း မမေ့စေဘဲ ရှုမှတ်နေကြတာဟာ အပ္ပမာဒတရားပဲ။ ဒွါရ ၆-ပါးက ဖြစ်ပေါ်တိုင်း, ထင်ပေါ်တိုင်းသော တရားတွေကို အကုန်စေ့အောင်လိုက်ပြီး မရှုနိုင်သေးခင်မှာ အခြေခံအနေနဲ့ ဝမ်းဗိုက်၏ တောင့်တင်းလှုပ်ရှားမှု ဝါယောဓာတ်ကို ရှုမှတ်နေကြ ရတယ်၊ "ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်"လို့ ဒီကစ ပြီး ရှုမှတ်နေကြရတယ်၊ အဲဒီလို မှတ်နေရင်း စိတ်ကူးကြံစည်မှု တစ်ခုခုဖြစ်လာရင် အဲဒါကိုလည်း စိတ်ကူးတယ်၊ ကြံစည်တယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်လိုက်တော့ ဖြစ်ပေါ်လာ တဲ့စိတ်ကို သဘောမှန်အတိုင်း သိရတယ်၊ အဲဒါဟာ **စိတ္တာနုပဿ နာ**ပဲ။

http://www.dhammadownload.com



ကိုယ်ထဲက ညောင်းတာ ပူတာ နာကျင်ကိုက်ခဲတာ အခံခက်တာ တစ်မျိုးမျိုး ဖြစ်လာရင် အဲဒါကိုလည်း ညောင်းတယ်, ပူတယ်, စသည်ဖြင့် ရှုမှတ်ရတယ်၊ အဲဒါကို ရှုမှတ်လိုက်တော့ ဖြစ်ပေါ်လာတဲ့ ဝေဒနာကို သဘောမှန်အတိုင်း သိရတယ်၊ အဲဒါက **ဝေဒနာနုပဿနာ** ပဲ။

မြင်တာ၊ ကြားတာ စသည်ထင်ရှားလာရင် မြင်တယ်, ကြားတယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ အဲဒီလိုရှုမှတ်လိုက်တော့ မြင်ခိုက်, ကြားခိုက် စသည်မှာ ထင်ရှားတဲ့ သဘောတရားကို အမှန်အတိုင်း သိရတယ်၊ အဲဒါက **ဓမ္မာနုပဿနာ** ပဲ၊ နှစ်သက်လိုချင်ရင် နှစ်သက်တယ် လိုချင်တယ်လို့ ရှုမှတ်ရတယ်၊ စိတ်ဆိုးစိတ်ပျက်ရင် စိတ်ဆိုးတယ်၊ စိတ်ပျက်တယ်လို့ ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်လိုက်တော့ **ကာမစ္ဆန္ဒဗျာပါဒ** ဆိုတဲ့ တရားတွေကို သဘောအမှန်အတိုင်း သိရတယ်၊ အဲဒါလည်း **ဓမ္မာနုပဿနာ** ပဲ။

လက်ခြေတို့ကို ကွေးရင်, ဆန့်ရင် ကွေးတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ဆန့်တယ်လို့ ရှုမှတ်ရတယ်၊ ကိုယ်အမူအရာ တစ်စုံတစ်ခု ပြုရင် အဲဒါကိုလည်း ရှုမှတ်ရတယ်၊ ဝမ်းဗိုက် ဖောင်းမှု ပိန်မှုမှ စပြီး ကိုယ်အမူအရာ ဟူသမျှဟာ ဝိပဿနာ ရှုကောင်းတာချည်းပဲ၊ မရှုကောင်းတဲ့ ကိုယ်အမူအရာရုပ်ရယ်လို့မရှိဘူး၊ အဲဒီ ကိုယ်အမူအရာတွေကို ရှုတိုင်း ရှုတိုင်း **ကာယာနုပဿနာ သတိပဋ္ဌာန်** ပဲ။

အဲဒီတော့ ဒီသာသနာ့ရိပ်သာမှာ ရှုမှတ် အားထုတ်ကြတဲ့ ယောဂီတွေမှာ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာဆိုတဲ့ သတိပဋ္ဌာန်တရားလေးပါးလုံး ထိုက်သည်အားလျော်စွာ ဖြစ်ပွားနေပါတယ်၊ အဲဒါတွေအားလုံးဟာ မမေ့မှု အပ္ပမာဒတရားချည်းပါပဲ၊ ရှုမှုဝိပဿနာဈာန်တရားချည်းပဲ၊ အဲဒီ အနု

http://www.dhammadownload.com



ပဿနာ လေးပါးထဲက မိမိနှင့်သင့်လျော်တဲ့ အနုပဿနာဖြင့် ဝိပဿ နာဉာဏ်ရင့်သန်ပြီး အရိယမဂ်ဉာဏ်ကို မကြာမီ ရက်ပိုင်းအတွင်း တစ်လ စသည်အတွင်း ရောက်သွားကြပါလိမ့်မယ်။

အဲဒီမဂ်ဉာဏ် ၄-ပါးထဲမှာ သောတာပတ္တိမဂ်ဉာဏ် ရောက် ရင် မမေ့တဲ့ အမှတ်ရမှုသတိဟာ ပိုပြီးကောင်းလာတယ်၊ သောတာ ပန်က တစ်ဆင့်တက်ပြီး ရှုမှတ်သွားရင် သကဒါဂါမိ မဂ်ဉာဏ်ကို ရောက်တယ်၊ အဲဒီကျတော့ အမှတ်ရမှုသတိက ပိုပြီးကောင်းလာ တယ်၊ သကဒါဂါမ်က ရှုမှတ်အားထုတ်တော့ အနာဂါမိမဂ်ဉာဏ်ကို ရောက်တယ်၊ အဲဒီကျတော့ ပျံ့လွင့်တဲ့စိတ်ရယ်လို့ မရှိလောက် အောင် အမှတ်ရမှုက ပိုပြီးကောင်းလာတယ်၊ အနာဂါမ်က ရှုမှတ် အားထုတ်ပြန်လျှင် အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ကိုရောက်ပြီး ရဟန္တာဖြစ်သွားတယ်၊ အဲဒီအခါကျတော့ အမှတ်ရမှု အပ္ပမာဒ တရားက အကုန်လုံးပြည့်စုံ သွားတယ်၊ အမှတ်မရတဲ့ မေ့တဲ့ပမာဒ ဆိုတာ လုံးဝမရှိတော့ဘူး၊ ဒွါရ ၆-ပါးက ပေါ်လာသမျှ အကုန်လုံး ကို အမှတ်ရပြီး သိနေတယ်၊ ဒါကြောင့် ရဟန္တာ၏ သတိဉာဏ်ကို ချီးမွမ်းပြောဆိုတဲ့အရာမှာ '**စရတော စ**-သွားနေစဉ်မှာရော၊ **တိဋ္ဌတော စ**-ရပ်တည်နေစဉ်မှာရော၊ **သုတ္တဿ စ**-အိပ်နေစဉ်မှာ ရော၊ **ဇာဂရဿ စ**-နိုးနေစဉ်မှာရော၊ **တဿ**-ထိုရဟန္တာအား၊ **သတတံ သမိတံ**-အမြဲမပြတ်၊ **ဉာဏဒဿနံ**-ဉာဏ်အမြင်သည်၊ **ပစ္စုပဋ္ဌိတံ**-ရှေးရှုထင်နေတယ်' လို့ ဆိုရပါတယ်တဲ့။

အဲဒီမှာ ချီးမွမ်းထားပုံက သွားနေစဉ်ဖြစ်ဖြစ်၊ ရပ်တည်နေ စဉ်ဖြစ်ဖြစ်၊ အိပ်နေသည်ဖြစ်ဖြစ်၊ နိုးနေစဉ်ဖြစ်ဖြစ်တဲ့ အဲဒီ အခိုက်အတန့် ၄-ခုတည်းနဲ့ ကိုယ်အမူအရာ စိတ်အမူအရာတွေကို အကုန်လုံး သိမ်းကြုံးပြီး ပြဆိုထားပါတယ်၊ ဘယ်လို ကိုယ်အမူအရာ

http://www.dhammadownload.com



ပဲဖြစ်ဖြစ်၊ ဘယ်လို စိတ်အမူအရာပဲဖြစ်ဖြစ်၊ ဘယ်အချိန်မဆို အမြဲ မပြတ် သတိဉာဏ်ထင်နေပါတယ်၊ ဖြစ်ပျက်သမျှ ရုပ်နာမ်တွေကို အကုန်လုံး သိသိနေပါတယ်တဲ့။

အဲဒီမှာ အိပ်နေစဉ်ဆိုတာလည်းပါတယ်၊ အဲဒါကတော့ အိပ်ပျော်ခါနီးအထိ သိတယ်၊ အိပ်ပျော်ရာက နိုးနိုးချင်းသိတယ်လို့ ဒါလောက်ကိုသာ ဆိုလိုပါတယ်၊ အိပ်ပျော်နေတုန်းကတော့ မသိနိုင်ပါဘူး၊ အဲဒီအခါ သိတယ်လို့လည်း မဆိုလိုပါဘူး၊ အဲဒါဟာ "**အပ္ပမာဒေန သမ္ပာဒေထ**-မမေ့တဲ့ သတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြ" လို့မိန့်တော်မူတဲ့ ဘုရားအဆုံးအမတော်နှင့်အညီ အပ္ပမာဒတရားဖြင့် ကိစ္စပြီးသည်အထိ အားထုတ်ပုံပါပဲ၊ ဝိပဿနာ ဈာန် မဂ်ဖိုလ်ဈာန်တို့ကို မဆိတ်မကင်းအောင် အားထုတ်ပုံလို့ လည်း ဆိုနိုင်ပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ဒွါရ ၆-ပါးက ဖြစ်ပေါ်လာသမျှတွေကို ရှုမှတ်နေကြတဲ့ တို့ယောဂီတွေဟာ မြတ်စွာဘုရားမှာလိုပဲ မေ့လျော့မှု ကင်းဝေးအောင် မမေ့တဲ့ အပ္ပမာဒအလုပ်ကို လုပ်နေကြရတယ်၊ ဝိပဿနာဈာန် မဆိတ်အောင် မပြတ်ရှုမှတ်နေကြရတယ်၊ အဲဒါတွေဟာ စဉ်းစားကြည့်ရင် အင်မတန်ဝမ်းသာစရာ ကောင်းပါတယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး တိုးတက်အားထုတ်ကြရမယ်၊ အောက်ထစ်ဆုံးအားဖြင့် သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ရောက်အောင် အားထုတ်ကြရမယ်၊ အဲဒီရောက်သွားရင်တော့ အပါယ်လေးပါးမှ လုံးဝလွတ်မြောက်သွားပြီ၊ ဒါကြောင့် အပါယ်ဘေးမှ စိတ်အေးရပါပြီ၊ ဒါပေမယ့် တတ်နိုင်သေးရင်တော့ အထက်မဂ်ဖိုလ်တွေ ရောက်အောင်လည်း အားထုတ်သွားကြရုံပါပဲ၊ ဒီကနေ့ ဒီတွင်ပဲ ရပ်ကြဦးစို့၊ အလျှင်နေ့က ဆောင်ပုဒ်များပါဆိုပြီး တရားသိမ်းကြစို့။

http://www.dhammadownload.com



**(၁) လပြည့်စက်ဝန်း တက်ထွန်းစင်ကြယ်၊**
**ပန်းရုံဖူးပွင့် နတ်ညည့်ပျော်ဖွယ်။**
**အရှင်ဂေါတမ မည်ရမျိုးနွယ်၊**
**တို့ဘုရား ခုသွားဖူးစို့ကွယ်။**
**(၂) ငါတို့ဘုရား စိတ်ထားကောင်းစွာ၊**
**သူခပ်သိမ်းအား သနားညီညာ၊**
**အာရုံကောင်းဆိုး ကြံမျိုးသုံးဖြာ၊**
**လိုရှိတိုင်း မဆိုင်းပြုနိုင်ပါ။**
**(၃) မပေးဝတ္ထု ယူမှုကင်းကွာ၊**
**ညှဉ်းဆဲသတ်မှု မပြုသည်သာ၊**
**မေ့လျော့ရေးမှ ဝေးလှပေစွာ၊**
**တို့ဘုရား ဈာန်ပွား မဆိတ်ပါ။**

ဤဟေမဝတသုတ္တန်တရားတော်၏ အချီးနိဒါန်းတရားကို ရှိသေစွာ နာကြားကြရသော ဓမ္မသဝန ကုသိုလ်စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ဤဒေသနာတော်၌ ပြဆိုထားသော ဘုရားဂုဏ်တော်တို့ကို ကြည်ညိုသော သဒ္ဓါတရားဖြစ်ပွားစေကြ၍လည်းကောင်း၊ အတုယူ၍ ကျင့်ထိုက်သော တရားတို့ကို ကျင့်သုံးပွားများအားထုတ်ကြ၍လည်းကောင်း ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု

**ဟေမဝတသုတ္တန်တရားတော် ဒုတိယပိုင်းပြီး၏။**

http://www.dhammadownload.com

# ဟေမဝတသုတ္တန်တရားတော်

## တတိယပိုင်း

### ၁၃၂၄-ခုနှစ်၊ တန်ခူးလဆုတ် ၈-ရက် သကြိန်အတက်နေ့ ဟောသည်

### တရားစနှီးသဓန္ဓ

ဟေမဝတသုတ္တန်တရားတော်ကိုဟောလာတာ ၂-ရက်ရှိပြီ၊ အချိန်ဒါန်းက ၅-ဂါထာသာပြီးသေးတယ်၊ ၁၁-ဂါထာ ကျန်သေးတယ်၊ ဒီကနေ့ တတိယမြောက်နေ့ပဲ၊ ဒီကနေ့လည်း ပြီးအောင်ဟောနိုင်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ဒီသုတ်မှာ နိဒါန်းကလည်း မှတ်စရာ၊ကြည်ညိုစရာ၊အတုယူပြီး ကျင့်စရာတရား တွေပါပဲ၊ ဒါကြောင့် **ကာဠီ** ဆိုတဲ့ အမျိုးသမီးကလေးဟာ နိဒါန်းတရားကို ကြားနာပြီး သောတာပန် ဖြစ်သွားတာပဲ၊ သာတာဂိရိနတ်က

http://www.dhammadownload.com



ဟေမဝတနတ်ကို ဘုရာဖူး သွားဖို့ ဖိတ်တော့ ဟေမဝတနတ်က ဘုရားအစစ် ဟုတ်မဟုတ် သိရအောင်လို့ မေးစစ်တယ်၊ သာတာဂိရိနတ်က ပြန်ဖြေပုံကို လွန်ခဲ့တဲ့ ၂-ရက်က ဟောခဲ့တာဟာ-

(၁) **ငါတို့ဘုရား စိတ်ထားကောင်းစွာ၊**
**သူ့ခပ်သိမ်းအား သနားညီညာ၊**
**အာရုံကောင်းဆိုး ကြံမျိုးသုံးဖြာ၊**
**လိုရှိတိုင်း မဆိုင်းပြုနိုင်ပါ။**

(၂) **မပေးဝတ္ထု ယူမှုကင်းကွာ၊**
**ညှဉ်းဆဲသတ်မှု မပြုသည်သာ၊**
**မေ့လျော့ရေးမှ ဝေးလှပေစွာ၊**
**တို့ဘုရား ဈာန်ပွား မဆိတ်ပါ**-ဆိုတဲ့

ဒီ ၂-ပုဒ်ပဲ ပြီးသေးတယ်၊ အဲဒီလို ကာယဒုစရိုက် လုံးဝကင်းကြောင်း ဈာန်ပွားမှုလည်း မကင်းဆိတ်ကြောင်း ဖြေကြားလိုက်တဲ့အခါ ဟေမဝတနတ်က ဝစီဒုစရိုက်နဲ့ မေးပြန်ပါတယ်။

## သင့်ဘုရားက ဝစီဒုစရိုက် ကင်းပါရဲ့လား (စိစစ်ပုံ ၃)

**ကစ္စိ မုသာ န ဘဏတိ၊ ကစ္စိ န ခီဏဗျပ္ပထော။**
**ကစ္စိ ဝေဘူတိကံ နာဟ၊ ကစ္စိ သမ္ဖံ့ နဘာသတိ။**

**သမ္မ**-အဆွေတော် သာတာဂိရိနတ်မင်း၊ **တဝသတ္ထာ**-သင်၏ ဆရာဘုရားသည်၊ **ကစ္စိ**-အသို့နည်း။ **မုသာ**-ချွတ်ယွင်းဖောက်ပြန် မမှန်သောစကားကို၊ **နဘဏတိ**-မပြောဆိုဘဲ အမြဲကြဉ်ရှောင်ပါ၏လော၊ (ချွတ်ယွင်းဖောက်ပြန် မမှန်တာကို အမှန်လုပ်ပြီး လိမ်လည်ပြောဆိုတဲ့ မုသာဝါဒမှ ကင်းပါရဲ့လားလို့ မေးပါတယ်)၊ **ကစ္စိ**- အသို့ နည်း၊ **န ခီဏဗျပ္ပထော**-ရှုတ်ချပြော့ရမ်းသည့်

http://www.dhammadownload.com



ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း ကင်းပါ၏လော၊ (သူတစ်ပါး ကို ရှုတ်ချပုတ်ခတ်လျက် ဆဲရေးကြိမ်းမောင်းတဲ့ ဖရုသဝါစာ စကား ကြမ်းတွေကို ပြောဆိုခြင်းမရှိဘဲ ကင်းပါရဲ့လားလို့မေးပါတယ်)- **ကစ္စိ**-အသို့နည်း **ဝေဘူတိကံ**-ချစ်ခင်ညီညွတ်မှု ပျက်စီးကြောင်း ဖြစ်သော ကုန်းတိုက်စကားကို၊ **န အာဟ**-မပြောဆိုဘဲ ရှိပါ၏လော။

**ဘူတိ**- ဆိုရင် ဖြစ်ခြင်းလို့ အနက်ရှိတယ်၊ **ဝိဘူတိ**-ဆိုတော့ ပျက်စီးခြင်းလို့ အနက်ရတယ်၊ **ဝိဘူတိ**-ပျက်စီးခြင်း၊ **က**-ပြုတတ် သည်၊ **ဝေဘူတိက**-ပျက်စီးစေတတ်သည်၊ အကျိုးစီးပွားကို ပျက်စေ သည့် စကားလို့လည်း ဆိုနိုင်ပါတယ်၊ ဒါပေမယ့် ဒီမှာတော့ တိုက် ရိုက်ထင်ရှားအောင်လို့ ချစ်ခင်မှု၊ ညီညွတ်မှု ပျက်စီးကြောင်း စကား လို့ပြန်လိုက်တယ်၊ ကုန်းတိုက်စကားဟာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်မှု ညီညွတ်မှုကို ပျက်စေတတ်တဲ့စကားပဲ၊ မူလက တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြည်ညိုနေကြရာမှာ ချစ်ခင်ကြည်ညိုမှုပျက်အောင်၊ ညီ ညွတ်နေကြရာမှာ မညီညွတ်အောင်၊ ကွဲပြားကုန်အောင်၊ အချင်း ချင်း အထင်အမြင်လွဲ ကုန်အောင်ပြောတာကို ကုန်းတိုက်တယ်လို့ ခေါ်တယ်၊ အဲဒီလို ကုန်းတိုက်စကားကို မပြောဘဲ ကြဉ်ရှောင်ပါ ရဲ့လားလို့ မေးပါတယ်၊ ဒီလို ကုန်းတိုက်တာကပေမယ့် အကြီး အကျယ်ပြောရတာမဟုတ်ဘဲ ယဉ်ယဉ်ကျေးကျေး စကားကလေး တစ်လုံးနှစ်လုံးလောက် ပြောရုံနဲ့လည်း ကွဲပြားစေနိုင်တယ်။

## ဝဿကာရ၏ ကုန်းတိုက်ပုံ

မြတ်စွာဘုရားလက်ထက်က **အဇာတသတ်မင်း**က ဝဇ္ဇီတိုင်း ပြည်က **လိစ္ဆဝီမင်း**တွေကို တိုက်ခိုက်ပြီး အဲဒီပြည်ကို သိမ်းပိုက်ချင် တယ်၊ **လိစ္ဆဝီမင်း**တွေက စည်းလုံးညီညွတ်ပြီး အားကောင်းနေတဲ့အ

http://www.dhammadownload.com



တွက် အဲဒီမင်းတွေ စိတ်ဝမ်းကွဲပြားကုန်အောင် သူက **ဘေဒပရိယာယ်**ကို သုံးတယ်၊ ဘယ်လိုလည်းဆိုတော့ **ဝဿကာရ** ဆိုတဲ့ သူ့အမတ်ကြီးကို ပြည်နှင်ဒဏ်ပေးတဲ့အနေနဲ့ နှင်ထုတ်လိုက်တယ်၊ **ဝဿကာရ**ဆိုတဲ့ အဲဒီပုဏ္ဏားကြီးက **လိစ္ဆဝီမင်း**တွေထံ ထွက်သွားတယ်၊ အဲဒီအခါ တချို့**လိစ္ဆဝီမင်း**တွေက "**ဝဿကာရ** ပုဏ္ဏားကြီးဟာ အင်မတန် ကောက်ကျစ်စဉ်းလဲတယ်၊ မလာစေနဲ့၊ လက်မခံကြနဲ့" လို့ ဆိုကြ တယ်၊ တချို့ကလည်း "ဒီပုဏ္ဏားကြီးက ငါတို့ဘက်ကထောက်ခံပြီး **အဇာတသတ်မင်း**၏ စကားကို ကန့်ကွက်မိတဲ့အတွက် အနှင်ခံရတာ ဖြစ်တယ်၊ ဒါကြောင့် လက်ခံသင့်တယ်လို့ ဆိုကြတယ်၊ အဲဒီ ဒုတိယအဆိုအရ **ဝဿကာရ**ပုဏ္ဏားကြီးကို လက်ခံလိုက်တယ်၊ လက်ခံပြီးတော့ လိစ္ဆဝီမင်းသားကလေးများအား ပညာသင်ပေးဖို့ ဆရာကြီးအဖြစ် ခန့်ထားလိုက်ကြတယ်။

သူက အစတော့ မင်းသားကလေးတွေကို ကောင်းကောင်းပဲ ပညာသင်ပေးတယ်၊ အဲဒီလို ပညာသင်ပေးလို့ သူ့အပေါ် ယုံကြည်အားကိုးကြတဲ့အခါမှာ မင်းသားတွေ တစ်ဦးနဲ့တစ်ဦး စိတ်ဝမ်းကွဲအောင် ကုန်းတိုက်တယ်၊ သူကုန်းတိုက်ပုံက ယဉ်ယဉ်ကလေးပဲ၊ မင်းသားတစ်ယောက်ကိုခေါ်ပြီး တိုးတိုးတိတ်တိတ် နှစ်ကိုယ်ကြားမေးတယ်၊ "ထမင်းစားပြီးခဲ့ပြီလား၊ ဘာဟင်းနဲ့စားခဲ့သလဲ"တဲ့၊ အဲဒီမင်းသားကို တခြားမင်းသားတွေက "ဆရာကြီးက ဘာပြောသလဲ"လို့ မေးကြတယ်၊ ဘာမှထူးထူးခြားခြား မဟုတ်ပါဘူး၊ ထမင်းစားခဲ့ပြီလား၊ ဘာဟင်းနဲ့စားခဲ့သလဲလို့ မေးတာပါဆိုတဲ့အကြောင်း အမှန်အတိုင်း ပြောပြတယ်၊ အဲဒါကို အခြားမင်းသားတွေက မယုံကြဘူး၊ "ထမင်းစားခဲ့တဲ့ အကြောင်းကိုတော့ နှစ်ကိုယ်ကြား မမေးတန်ရာ၊ ငါတို့အား မသိစေချင်တဲ့ အရေးကြီးသော အချက်တစ်ခု ဖြစ်မှာပဲ"လို့တွေးပြီး

http://www.dhammadownload.com



တော့ အဲဒီ အမေးခံရတဲ့ မင်းသားကို အယုံအကြည်မရှိဘဲ ဖြစ်ကုန်ကြတယ်။

နောက်ပြီးတော့ အခြားမင်းသားတစ်ဦးကို တစ်ယောက်ချင်း ခေါ်ပြီးတော့ မေးပြန်တယ်။ "မင်းတို့အဖေ လယ်ထွန်ရဲ့လား၊ လယ်ထွန်တော့ နွားနှစ်ကောင်တပ်ပြီး ထွန်တာပဲလား"တဲ့၊ အဲဒီမင်းသားကိုလည်း အခြားမင်းသားတွေက မေးကြတယ်၊ အမှန်အတိုင်းပြောပြတဲ့အခါ မယုံကြည်ဘဲ ကွဲပြားကုန်ပြန်တယ်၊ နောက်ပြီးတော့ မင်းသားတစ်ဦးကို ခေါ်ပြီးတော့ မေးတယ်၊"မင်းက ကြောက်တတ်တယ်ဆိုဟုတ်လား"တဲ့၊ "ဘယ်သူကပြောလဲ ဆရာကြီး"၊ "မင့်မိတ်ဆွေဟိုမင်းသားကပြောတယ်"လို့ ဆရာကြီးက သူ့ဟာသူလုပ်ကြံပြီးပြောတယ်၊ ဒီတော့ အဲဒီအမေးခံရတဲ့မင်းသားက သူ့ကို ကြောက်တတ်တယ်လို့ ပြောတယ်ဆိုတဲ့ မင်းသားနဲ့ စိတ်ဝမ်းကွဲသွားတယ်။

ဒီပုံဒီနည်းဖြင့် ဘာမျှမကြီးကျယ်တဲ့ စကားလုံးကလေးများဖြင့် ဝဿကာရပုဏ္ဏားကြီးက ကုန်းတိုက်လိုက်တာ သုံးနှစ်အတွင်းမှာ လိစ္ဆဝီမင်းသားတွေဟာ တစ်ဦးနဲ့တစ်ဦး မျက်နှာချင်းမဆိုင်ချင်အောင် အကြီးအကျယ် ကွဲကုန်ပါသတဲ့၊ အဲဒီအခါ ဝဿကာရက အဇာတသတ်မင်းထံ စစ်ချီလာဖို့ လျှို့ဝှက်စာပေးလိုက်တယ်၊ အဇာတသတ်မင်းက စစ်ချီတတ်လာတဲ့အခါ လိစ္ဆဝီမင်းသားတွေက သူရဲဘောကောင်းတဲ့လူတွေ ထွက်တိုက်ကြလိမ့်မယ်ဆိုပြီး ဘယ်သူမှ ထွက်ပြီး မခုခံမကာကွယ်ကြဘူးတဲ့၊ အဲဒီတော့ အဇာတသတ်မင်းက ဝဇ္ဇီတိုင်းပြည်ကို အလွယ်တကူနဲ့သိမ်းပိုက်သွားပါသတဲ့၊ အဲဒါဟာ သံဝေဂယူစရာလည်း ကောင်းပါတယ်၊ သင်ခန်းစာအဖြစ်နဲ့မှတ်သားပြီး သတိပြုစရာလည်း ကောင်းပါတယ်၊ အဲဒီလို ကွဲပြားအောင် ကုန်းတိုက်စကားကို ပြောဆိုခြင်းမှ သင့်ဆရာဘုရားဟာ ကင်းပါရဲ့

http://www.dhammadownload.com



လားလို့ မေးပါတယ်၊ စတုတ္ထ မေးခွန်းကတော့-

**ကစ္စိ**-အသို့နည်း၊ **သော**-သင့်ဆရာဖြစ်သော ထိုဘုရားသည်၊ **သမ္ဖံ**-အနှစ်သာရမရှိသော အပြိန်အဖျင်းစကားကို၊ **နဘာသတိ**-မပြောဆိုဘဲ ရှိပါ၏လော-တဲ့၊ (အနှစ်သာရမရှိတဲ့ အပြိန်အဖျင်းစကားဆိုတာ တကယ်ဖြစ်ပျက်တဲ့ အကြောင်းအရာမရှိဘဲ ကြံဖန်ပြီးရေးထားတဲ့ ယခုကာလခေတ်ပေါ် ဝတ္ထု ဒဏ္ဍာရီဝတ္ထုမျိုးတွေပါပဲ၊ လိုက်နာကျင့်သုံးစရာမပါတဲ့ နားထောင်ကောင်းရုံမျှပြောဆိုတဲ့ လောကရေးရာ စကားတွေလည်း **သမ္ဖပ္ပလာပ**ထဲမှာ ပါဝင်တယ်၊ အဲဒီလို လောက အကျိုး၊ သံသရာအကျိုးနှင့် မစပ်တဲ့ **သမ္ဖပ္ပလာပစကား**ကို ပြောဆိုခြင်းမှ ကင်းပါရဲ့လားလို့ မေးပါတယ်၊ အဲဒီတော့ သာတာဂိရိနတ်က ဒီလိုဖြေလိုက်ပါတယ်။

## သာတာဂိရိနတ်၏ အဖြေ(၃)

**မုသာ စ သော န ဘဏတိ၊ အထော န ခီဏဗျပ္ပထော။**
**အထော ဝေဘူတိကံ နာဟ၊ မန္တာ အတ္ထံစ ဘာသတိ။**

**သမ္ဘ**-အဆွေတော် ဟေမဝတနတ်မင်း၊ **သော**-ငါတို့ဆရာဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **မုသာစ**-ချွတ်ယွင်းဖောက်ပြန် မမှန်သောစကားကိုလည်း၊ **န ဘဏတိ**-ပြောဆိုတော် မမူပါ၊ **ဝါ**-ပြောဆိုခြင်းမရှိဘဲ အမြဲပင်ရှောင်ကြဉ်ပါ၏။

အဆွေတော် ဟေမဝတနတ်မင်း၊ ငါတို့၏ ဆရာဖြစ်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားဟာ မဟုတ်မမှန်တဲ့ စကားကို ပြောဆိုခြင်းမရှိပါဘူး၊ မုသာဝါဒမှ အမြဲတမ်းရှောင်ကြဉ်တော်မူပါတယ်လို့ ဆိုလိုပါတယ်၊ အဲဒီလို မုသာဝါဒမှ ရှောင်ကြဉ်တာဟာ ဘုရားဖြစ်တော်မူပြီးမှသာ မဟုတ်ပါဘူး၊ နိယတဗျာဒိတ်ရပြီးတဲ့ ဘုရားအ

http://www.dhammadownload.com



လောင်းတော်ဘဝကတည်းကပင် မုသာဝါဒကို ကြဉ်ရှောင်တော်မူခဲ့ပါတယ်၊ တခြားအကုသိုလ်ကတော့ အလောင်းတော် ဘဝတုန်းက မကင်းတာလည်း ရှိနိုင်ပါတယ်၊ ဒါပေမယ့် မုသာဝါဒကတော့ အမြဲတမ်းကင်းခဲ့ပါတယ်၊ သစ္စာစကားကို အမြဲတမ်း စောင့်ရှောက်လာခဲ့ပါတယ်၊ (ဇာ-ဋ္ဌ ၃၊၄၇၅) ဘာကြောင့်လဲဆိုလျှင် သစ္စာစကားကို မစောင့်ရှောက်ဘဲ လိမ်ပြောတတ်တဲ့သူမှာ မပြုကောင်းတဲ့ အကုသိုလ်ရယ်လို့ မရှိဘူးတဲ့၊ ဘာမဆို သူပြုပြီး အမေးခံရတဲ့အခါ မပြုပါဘူးလို့ သူက လိမ်လိုက်မှာပဲ၊ ဒါကြောင့် မုသားပြောတတ်တဲ့သူဟာ ဘယ်လိုအကုသိုလ်အမှုဖြစ်ဖြစ် သူပြုရဲတာချည်းပါပဲတဲ့၊ အဲဒီအကြောင်းကို ဓမ္မပဒ မှာ ဒီလိုဟောထားပါတယ်။

**ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။**

**ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။**

**ဧကံ ဓမ္မံ**-သစ္စာစကားဟူသော တရားတစ်ခုကို၊ **အတီတဿ**-ခုန်ကျော်ပြီးသော၊ **ဝါ**-စွန့်လွှတ်ထားသော၊ **မုသာဝါဒိဿဇန္တုနော**-လိမ်လည်ပြောဆိုလေ့ရှိသောသူအား၊ **ဝိတိဏ္ဏပရလောကဿ**-တမလွန်လောက၌ ကောင်းကျိုးချမ်းသာကို ကျော်လွန်ပြီးသည်ဖြစ်၍၊ **အကာရိယံ**-မပြုလုပ်နိုင်သော၊ **ပါပံ**-မကောင်းမှုသည်၊ **နတ္ထိ**-မရှိချေတဲ့။

သစ္စာစကားကို ခုန်ကျော်တယ်ဆိုတာ သစ္စာစကားကို မရှိသေတာ၊ မစောင့်ရှောက်တာ၊ မပြောတာကို ဆိုတာပါပဲ၊ အဲဒီ သစ္စာလိမ်ပြောတတ်တဲ့သူမှာ မပြုကောင်းတဲ့အကုသိုလ်၊ မပြုရဲတဲ့ အကုသိုလ်ရယ်လို့မရှိဘူး၊ ကိုယ့်အကျိုးကို ငဲ့ပြီး ဘာမဆို သူပြုလိမ့်မယ်၊အဲဒီလို မကောင်းမှုကို လက်ရဲဇက်ရဲနဲ့ ပြုနေတဲ့သူမှာ တမလွန်လောက၌ ကောင်းစားချမ်းသာဖို့ရာ မရှိတော့ဘူး၊ အဲဒါဟာ တမလွန်လောက

http://www.dhammadownload.com



ကို ခုန်ကျော်သည်လည်း မည်ပါတယ်၊ လိုရင်းကတော့ နောင်တမလွန်ကျတော့ ဘယ်လိုပဲဖြစ်ဖြစ်၊ ယခုလောလောဆယ် ကောင်းစားချမ်းသာရင် တော်ပြီဆိုပြီး နောင်တမလွန်လောကကို မငဲ့ဘဲ ပစ္စုပ္ပန်ဘဝ လောက်သာငဲ့ပြီး ပြုနေတဲ့သူလို့ ဆိုလိုပါတယ်၊ အဲဒီလိုလူမှာ မပြုကောင်းတဲ့ အကုသိုလ်၊ မပြုရဲတဲ့ အကုသိုလ်ရယ်လို့ ဘယ်မှာရှိတော့မလဲ၊ ဒါကြောင့် မုသာဝါဒဟာ အကုသိုလ် ဟူသမျှတို့၏ ခေါင်းဆောင်ကြီးလို့ဆိုရင်လည်း မမှားပါဘူး။

အဲဒီလို အပြစ်ကြီးတဲ့အတွက် မုသာဝါဒကို ဘုရားအလောင်းတော်ဟာ**ဘဝများစွာကတည်း**က ကြဉ်ရှောင်တော်မူခဲ့ပါတယ်၊ ဒါပေမယ့် အဲဒီဘုရားအလောင်းတော်ဘဝတုန်းက မုသာဝါဒမှ ကြဉ်ရှောင်နိုင်ခဲ့တာကတော့ **သမ္ပတ္တဝိရတီ, သမာဒါနဝိရတီ**အဖြစ်ဖြင့်သာ ကြဉ်ရှောင်ခဲ့ရတယ်၊ **သမုစ္ဆေဒဝိရတီ** အဖြစ်ဖြင့်တော့ မကြဉ်ရှောင်ခဲ့ရသေးဘူး၊ ယခု ဘုရားဖြစ်တော်မူတဲ့အခါကျတော့မှ **သမုစ္ဆေဒဝိရတီ** အဖြစ်ဖြင့် အမြစ်ပြတ် လုံးဝကြဉ်ရှောင်ခြင်း ကိစ္စပြီးပါတယ်။

ထပ်ပြီးတော့ နည်းနည်းရှင်းပြဦးမယ်၊ ဘုရားအလောင်းတော်မှာ သီလဆောက်တည်ထားခြင်း မရှိသော်လည်း လိမ်ပြောစရာအကြောင်းမရှိတဲ့အခါ လိမ်မပြောဘဲ အမှန်ကိုသာ ပြောတယ်၊ အဲဒါက **သမ္ပတ္တဝိရတီ**ပဲ၊ **မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**-လိမ်လည်ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏လို့ ဆောက်တည်တဲ့သူမှာ အဲဒီလိုဆောက်တည်ထားတဲ့ သီလမပျက်ရအောင် မုသာဝါဒမှ ကြဉ်ရှောင်တဲ့အခါမျိုး၌ သမာဒါနဝိရတီဖြစ်တယ်။

ယခုဗုဒ္ဓသာသနာဝင် မြန်မာတွေမှာတော့ အများအားဖြင့်

http://www.dhammadownload.com



ငါးပါးသီလကို ဆောက်တည်ကြတယ်၊ လိမ်စရာကိစ္စပေါ် လာတဲ့အခါမှာ အဲဒီဆောက်တည်ထားတဲ့သီလကိုငဲ့ပြီး လိမ်မပြောဘဲ ကြဉ်ရှောင်လိုက်ရင် သမာဒါနဝိရတီဖြစ်တယ်၊ မဆောက်တည်ဘဲ ကြဉ်ရှောင်တဲ့သူမှာတော့ သမ္ပတ္တဝိရတီဖြစ်တယ်၊ အဲဒီသမာဒါနဝိရတီ, သမ္ပတ္တဝိရတီတွေကတော့ သူ့သဘာဝအတိုင်းဖြစ်တာမဟုတ်ဘူး၊ ငဲ့စရာအကြောင်းတစ်ခုခုကိုငဲ့ပြီး ဖြစ်တတ်တယ်၊ ငါအရွယ်ကြီးပြီဆိုပြီးတော့ အရွယ်ကိုငဲ့ပြီး ကြဉ်ရှောင်တာလည်းရှိတယ်၊ ငါကဂုဏ်ကြီးတဲ့သူပဲလို့ ဆင်ခြင်ပြီးတော့ ဂုဏ်ကိုငဲ့ပြီး ကြဉ်ရှောင်တာလည်းရှိတယ်၊ ငါတို့အမျိုးထဲ အပေါင်းအသင်းထဲမှာ လိမ်ပြောတဲ့သူမရှိဘူး၊ ငါလည်း လိမ်ရန်မသင့်ဘူးလို့ ဆင်ခြင်ပြီး ကြဉ်ရှောင်တာလည်း ရှိတယ်၊ လိမ်လို့ရှိရင် သူများက ကဲ့ရဲ့ကြလိမ့်မယ်၊ အကုသိုလ်ဖြစ်လိမ့်မယ် စသည်ဖြင့် အပြစ်ကို ဆင်ခြင်ပြီး ကြဉ်ရှောင်တာလည်းရှိတယ်၊ ဘယ်လိုအကြောင်းကြောင့်ပဲ ကြဉ်ရှောင်သည်ဖြစ်စေကောင်းတာချည်းပါပဲ။

ဝိပဿနာရှုလို့ သောတာပတ္တိမဂ်ရောက်တဲ့ အခါကျတော့ မုသာဝါဒကို ကြဉ်ရှောင်ခြင်းကိစ္စ လုံးဝပြီးစီးသွားတယ်၊ အဲဒါကတော့ သမုစ္ဆေဒဝိရတီခေါ် တယ်၊ အဲဒီအခါကျတော့ သူ့သဘာဝအတိုင်းပင် မုသာဝါဒ မပြောဆိုဘဲ အမြဲတမ်းစင်ကြယ်နေတယ်၊ မြတ်စွာဘုရားမှာလည်း သောတာပတ္တိမဂ်ကို ရောက်ကတည်းက မုသာဝါဒမှ ကြဉ်ရှောင်တဲ့ ဒီသမုစ္ဆေဒဝိရတီ ပြီးစီးပြည့်စုံတော်မူခဲ့ပါတယ်၊ အရဟတ္တမဂ်ဖိုလ် ရောက်ပြီး ဘုရားဖြစ်တော်မူတဲ့အခါမှာတော့ အထူးပြောစရာ မလိုတော့ပါဘူး၊ အဲဒါ ဓမ္မစကြာတရားထဲမှာ "အရိယမဂ္ဂသစ္စာကို ပွားစေအပ်ခဲ့ပြီ"ဆိုတဲ့စကားဖြင့် မြတ်စွာဘုရားက ဝန်ခံတော်မူပြီးလည်း ဖြစ်နေပါတယ်၊ ဒါကြောင့် သောတာ

http://www.dhammadownload.com



ဂိရိနတ်က "**မုသာစ**- ချွတ်ယွင်းဖောက်ပြန် မမှန်သောစကား ကိုလည်း၊ **နဘဏတိ**-ပြောဆိုခြင်းမရှိဘဲ အမြဲပင် ရှောင်ကြဉ်တော် မူပါတယ်"လို့ ရဲရဲရင့်ရင့် ဝန်ခံပြီး ဖြေကြားလိုက်ပါတယ်။

နောက်ပြီးတော့ ဒုတိယမေးခွန်းကိုလည်း "**အထော**-ထို့ပြင်၊ **န ခီဏဗျပ္ပထော**-ရှုတ်ချဟော့ရမ်းသည့် ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းလည်း ကင်းပါ၏။ **အထော**-ထို့ပြင်၊ **ဝေဘူတိကံ**- ချစ်ခင်ညီညွတ်မှု ပျက်စီးကြောင်းဖြစ်သော ကုန်းချောစကားကို လည်း၊ **နအာဟ**-ပြောဆိုခြင်းမရှိဘဲ ကင်းရှင်းစင်ကြယ်ပါသည်" လို့ ဖြေကြားပါတယ်။

အဲဒီအဖြေ ၂-ခု ထဲက တတိယအဖြေကို ပထမအဖြေနှင့် တွဲပြီး "လိမ်လည်မပြော ကုန်းချောကင်းသည်"လို့ ဆောင်ပုဒ်စီထား တယ်၊ မြန်မာလင်္ကာအရ ကာရန်လည်းညီလို့ အခြားစုတ္တကိုယ ပါဠိ တော်များမှာလည်း မုသာဝါဒ နောက်မှ **ပိသုဏဝါစာ**ကို ဟောထား လို့ ပထမနဲ့ တတိယတွဲပြီး စီထားခြင်းဖြစ်တယ်၊ ဒုတိယအဖြေကို လည်း "ကြမ်းတမ်းရုန့်ရင်း ဆိုခြင်းပယ်သည်"လို့စီထားတယ်၊ မြတ်စွာ ဘုရားဟာ မုသာဝါဒမှသာ လုံးဝကင်းတာမဟုတ်သေးဘူး၊ မူလက ချစ်ခင်ညီညွတ်နေကြတဲ့ သူတွေရဲ့ ချစ်ခင်ညီညွတ်ခြင်းကို ပျက်စေ တတ်တဲ့ ကုန်းချောစကား **ပိသုဏဝါစာ**မှလည်း လုံးဝကင်းတော် မူပါတယ်၊ နောက်ပြီးတော့ ကြမ်းတမ်းရုန့်ရင်းတဲ့ ဆဲရေးကြိမ်း မောင်းစကား အစရှိတဲ့ နားမချမ်းသာစရာ **ဖရုသဝါစာ**မှလည်း လုံးဝကင်းတော်မူပါတယ်၊ အဲဒါဟာ အမျိုးအနွယ်အရွယ် စသည်ကို ငဲ့ပြီး ကြဉ်ရှောင်ရတာ မဟုတ်ဘူး၊ အရိယမဂ်ဖြင့် အကြွင်းမဲ့ပယ်ပြီး ဖြစ်တဲ့အတွက် သူ့သဘာဝအတိုင်းပင် အဲဒီလို ယုတ်ညံ့တဲ့စကားကို ပြောလိုခြင်းမရှိဘဲ ကင်းဝေးစင်ကြယ်တော်မူပါတယ်၊ အဲဒီလို

http://www.dhammadownload.com



ကုန်းချောစကားရှန့်ရင်းကြမ်းတမ်းတဲ့ ဆဲဆိုစကားမျိုးတွေကို ပြောဆိုတတ်တဲ့ အလေ့အလာ ဝါသနာပါ ကင်းဝေးစင်ကြယ်တော်မူပါတယ်။

ရဟန္တာများမှာ ကိလေသာကင်းပေမယ့် ကိလေသာရှိစဉ်က ပြောနေကျ ပြုနေကျ အလေ့အလာကလေးများကို မပယ်နိုင်တဲ့အတွက် စေတနာမပါဘဲ ဝါသနာအလျောက် ပြောမိ ပြုမိတာ ရှိတတ်ပါတယ်၊ **အရှင်ပိလိန္ဒဝစ္ဆမထေရ်**ဟာ ပုဏ္ဏားဘဝက အလေ့အလာ ဝါသနာအလျောက် တွေ့မြင်ရတဲ့လူကို **ဝသလ**-သူယုတ်လို့ ခေါ်ဝေါ်ပြောဆိုတာမျိုးပေါ့၊ မြတ်စွာဘုရားမှာတော့ ဘဝအဆက်ဆက်က ပါလာတဲ့ အလေ့အလာ ဝါသနာကိုပါ ပယ်ပြီးဖြစ်တဲ့ အတွက် စေတနာမပါဘဲ ဝါသနာအလျောက် ပြောမိတဲ့ အဲဒီလိုစကား ကြမ်းလည်း မရှိဘဲ လုံးဝစင်ကြယ်တော်မူပါတယ်၊ ဒါကြောင့် "လိမ်လည်မပြော၊ ကုန်းချောကင်းသည်၊ ကြမ်းတမ်းရှန့်ရင်း၊ ဆိုခြင်းပယ်သည်" လို့ ဆိုထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

**လိမ်လည်မပြော ကုန်းချောကင်းသည်။**
**ကြမ်းတမ်းရှန့်ရင်း ဆိုခြင်းပယ်သည်။** (ဆို)

**စ**-ထို့ပြင်လည်း၊ **သော**-ငါတို့ဆရာ ဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **အတ္ထံ**-လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို၊ **မန္တာ**-ဉာဏ်ဖြင့် ဆင်ခြင်သိမြင်တော်မူပြီး၍ **ဘာသ တိ**- ပြောသင့်သောစကားကိုသာ သင့်လျော်သောအခါ၌၊ ပြောဆိုတော်မူပါသည်လို့ စတုတ္ထမေးခွန်းကို ဖြေလိုက်ပါတယ်။

အဲဒီအပိုဒ်မှာ **မန္တာ အတ္ထံ စ ဘာသတိ**-လို့ ပါဠိမူမှာရှိတယ်၊ အဲဒီပါဠိအရ **စ**-ပုဒ်ကို **ပက္ခန္တရ** အနက်ပြန်ထားပါတယ်၊ **စ**-ပုဒ်

http://www.dhammadownload.com



အစား အချို့မူများမှာ **သော**-ဟုရှိကြောင်း မူကွဲပြထားတာကိုလည်း တွေ့ရတယ်၊ အဲဒါက အနက်အားဖြင့်တော့ သင့်ပါတယ်၊ သို့သော် ဆန်းဂိုဏ်းအရအားဖြင့် အဲဒီနေရာမှာ ရဿနှင့်ရှိမှ သင့်ပါတယ်၊ ဒါကြောင့် အဲဒီနေရာမှာ **သ**-ဟုရှိလျှင်တော့ သင့်ပါတယ်၊ ဆိုလိုတာကတော့ မြတ်စွာဘုရားဟာ ဉာဏ်ဖြင့် ဆင်ခြင်လို့ အမှန်အတိုင်း မြင်တော်မူပြီး လောကီ အကျိုးစီးပွား၊ လောကုတ္တရာ အကျိုးစီးပွားကိုသာ ဟောကြားညွှန်ပြပြီး ပြောဆိုတော်မူပါတယ်၊ အကျိုးမဲ့ဖြစ်တဲ့ သမ္ဖပ္ပလာပစကားကိုတော့ ပြောဆိုခြင်းလုံးဝမရှိ ကင်းတော်မူပါတယ်လို့ ဆိုပါတယ်၊ အဲဒါကို "ကျိုးစီးပွားရှိ မြင်သိဆိုသည်၊ တို့ဘုရားစကား စင်ကြယ်သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ရှေး၂-ပိုဒ်ပါပေါင်းပြီး ဆိုကြရမယ်။

## သာတာဂိရိ အဖြေဆောင်ပုဒ်(၃)

**လိမ်လည်မပြော ကုန်းချောကင်းသည်။**
**ကြမ်းတမ်းရှန့်ရင်း ဆိုခြင်းပယ်သည်။**
**ကျိုးစီးပွားရှိ မြင်သိဆိုသည်၊**
**တို့ဘုရား စကား စင်ကြယ်သည်။**

စကားအရာ အင်္ဂါလေးတန်လို့ ပြောဆိုလေ့ရှိကြတယ်၊ (၁)မဟုတ်တာကို လိမ်လည်မပြောရဘူး၊ ဟုတ်မှန်တာကိုသာ အမှန်အတိုင်း ပြောရမယ်၊ (၂) ကွဲပြားရေး ကုန်းတိုက်စကားကို မပြောရဘူး၊ ညီညွတ်ရေးစကားကိုသာ ပြောရမယ်၊ (၃) နားမချမ်းသာတဲ့ ဆဲဆိုကြိမ်းမောင်းစကားကို မပြောရဘူး၊ နားဝင်ချိုတဲ့ သာသာယာယာစကားကိုသာ ပြောရမယ်၊ (၄) အကျိုးမဲ့ ဒဏ္ဍာရီစကားမျိုးကိုမပြောရဘူး၊ လောကီ လောကုတ္တရာအကျိုးနှင့် စပ်တဲ့စကားကိုသာပြောရ

http://www.dhammadownload.com



မယ်၊ အဲဒါတွေဟာ စကားကောင်း၏ အင်္ဂါလေးပါးပဲ၊ အဲဒီအင်္ဂါလေး ပါး ညီညွတ်ရင် စကားဟာ သန့်ရှင်းစင်ကြယ်တော့တာပဲ၊ အင်္ဂါ လေးပါးထဲက တစ်ပါးပါးနဲ့ ဆန့်ကျင်ရင် မစင်ကြယ်တဲ့စကားပဲ၊ မြတ်စွာဘုရားမှာတော့ အဲဒီအင်္ဂါလေးပါးနဲ့ ညီညွတ်တဲ့ စကားကို သာ ပြောကြားလေ့ရှိတယ်၊ ဒါကြောင့် "တို့ဘုရား စကားစင်ကြယ် သည်" လို့ နိဂုံးချုပ်လင်္ကာတစ်ပိုဒ်ကိုလည်း ဘုန်းကြီးက ထည့်စီ ထားပါတယ်။

## စကား ၆-ခွန်းတွင် ၂-ခွန်းသာ ပြောသည်

လောကမှာ ပြောဆိုနေကြတဲ့ စကားတွေကို အကျဉ်းချုပ် လိုက်ရင် ၆-ခွန်းသာရှိတယ်၊ ဘာတွေလဲဆိုရင် (၁)မဟုတ်မမှန်ဘူး၊ အကျိုးလည်းမရှိဘူး၊ သူများလည်းမကြိုက်ဘူး ဒီလိုစကားက တစ်မျိုး၊ အဲဒါက ဘယ်လိုစကားလည်းဆိုရင် သီလစင်ကြယ်နေတဲ့ သူကို သီလမရှိတဲ့ သူပဲ၊ ဒုဿီလပုဂ္ဂိုလ်ပဲ စသည်ဖြင့် ပြောတဲ့စကားမျိုးပါပဲ၊ အဲဒါဟာ ဟုတ်လည်းမဟုတ်ဘူး အဲဒီလိုပြောတဲ့အတွက် အကျိုးလည်း မရှိဘူး၊ ပြောတဲ့သူမှာလည်း အကုသိုလ်ဖြစ်တယ်၊ ကြားနာတဲ့သူတွေ မှာလည်း သူပြောတာကိုယုံပြီး အဲဒီသီလစင်ကြယ်နေတဲ့ ပုဂ္ဂိုလ်ကို ပြစ်မှားရင်အကုသိုလ် ဖြစ်တယ်၊ အပြောခံရတဲ့သူမှာလည်း ကြားရရင် စိတ်မချမ်းသာဖွယ်ဖြစ်တယ်၊ အဲဒီလို အကျိုးမဲ့တွေသာ ဖြစ်တယ်၊ အဲဒီလိုစကားကို အပြောခံရတဲ့သူကလည်း မကြိုက်ဘူး၊ ပညာရှိ သူတော်ကောင်းတွေကလည်း မကြိုက်ဘူး၊ ဒါကြောင့် သီလစင်ကြယ် နေတဲ့ ပုဂ္ဂိုလ်ကို ဒုဿီလပုဂ္ဂိုလ်လို့ ပြောတဲ့စကားဟာ "မဟုတ်၊ အကျိုးလည်းမရှိ၊ သူများလည်းမကြိုက်" ဆိုတဲ့ အင်္ဂါ ၃-ချက်ညီတဲ့ စကားပဲ၊ ဒီလိုစကားမျိုးဟာ မပြောသင့် မပြောထိုက်တဲ့စကား

http://www.dhammadownload.com



မပြောကောင်း တဲ့စကားပဲ၊ ဒါကြောင့် ဒီလိုစကားကို မြတ်စွာဘုရားက ပြောဆိုတော်မမူဘူး။

(၂) မဟုတ်မမှန်ဘူး၊ အကျိုးလည်းမရှိဘူး၊ သို့သော် သူများကတော့ ကြိုက်နေတယ်-ဒီလိုစကားက တစ်မျိုးတဲ့၊ အဲဒါက ဘယ်လိုစကားလည်းဆိုရင် ဒဏ္ဍာရီစကား ကုန်းတိုက်စကား၊ မှားယွင်းတဲ့ဘာသာရေးစကား- ဒီစကားမျိုးတွေပါပဲ၊ ဒဏ္ဍာရီပုံပြင် ဝတ္ထုတွေဆိုတာ တကယ်အစစ်အမှန် အဖြစ်အပျက် ဘာမျှမရှိပါဘဲနဲ့ ကြံဖန်ပြီး ရေးသားပြောဆိုထားတာတွေပဲ၊ အဲဒါတွေ နားထောင်ခြင်း၊ ဖတ်ရှုခြင်းဖြင့်လည်း အကျိုးမများဘဲ အကျိုးယုတ်တတ်တယ်၊ ကာမကိလေသာစိတ်တွေ တက်ကြွပြီးတော့လည်း အကျိုးယုတ်တတ်တယ်၊ စိတ်ဆိုးစရာ၊ ဝမ်းနည်းစရာ အခန်းတွေကို ကြားနာဖတ်ရှုပြီးတော့ ဒေါသဖြစ်တတ်တယ်၊ ဝမ်းနည်းပြီး စိတ်ဆင်းရဲတတ်တယ်၊ ဒါပေမယ့် ဒီဒဏ္ဍာရီ ဝတ္ထုတွေကို အများကကြိုက်နေတယ်၊ နောက်ပြီးတော့ ကုန်းတိုက်တယ်ဆိုတာလည်း တစ်ဖက်သား ပုဂ္ဂိုလ်၏ အပြစ်ကို မဟုတ်မမှန်ဘဲ ပြောဆိုရတာကသာ များပါတယ်၊ ယခုခေတ်မှာ ဝါဒဖြန့်တယ်ဆိုတာတွေထဲမှာ အဲဒီလိုမဟုတ်တဲ့ အပြစ်တွေကို ပြောတာ တွေက တော်တော်များနေတတ်ပါတယ်၊ အဲဒီ ကုန်းတိုက်စကားကို ကြားရတဲ့သူမှာ အဲဒီကြားရတဲ့ အချိန်ကစပြီး အလျင်က ချစ်ခင်နေတဲ့ သူအပေါ်မှာ မုန်းပြီး စိတ်ဆင်းရဲတွေများစွာဖြစ်တတ်တယ်၊ ဒါပေမယ့် ကိုယ့်အကျိုးပြောတယ်ထင်ပြီး အဲဒီကုန်းတိုက်တဲ့ စကားကိုလည်း ကြိုက်နေတတ်တယ်။

ဘာသာရေးတရားစကားကိုတော့ ယခုခေတ် ဘာသာရေး ပြောရင် သက်ဆိုင်ရာ ဘာသာဝင်တွေက မခံချင်ကြပေဘူး၊ ဒါကြောင့် ဘုရားလက်ထက်က ပိဋကစာပေကျမ်းဂန်ထဲက ဘာသာ

http://www.dhammadownload.com



ရေး တရားစကားအနည်းငယ်ကို ထုတ်ပြမယ်၊ ဘုရားမပွင့်မီက တည်းက "သတ္တဝါတွေကို သတ်ပြီး ယဇ်ပူဇော်ရင် မကောင်းမှု ပျောက်တယ်၊ ကောင်းမှုဖြစ်တယ်၊ ချမ်းသာကြီးပွားကြောင်း ဖြစ်တယ်" လို့ဆိုတဲ့ ဘာသာရေးတရားရှိလာခဲ့တယ်၊ **ပသေနဒီ ကောသလမင်းကြီး**တောင် တစ်ခါက အဲဒီလိုယဇ်ကြီးကို ပူဇော်ဖို့ ရာ စီမံဖူးတယ်၊ နွားလားဥဿဘ ငါးရာ၊ နွားမတန်း ငါးရာ၊ နွားသိုး ငယ် ငါးရာ၊ ဆိတ် ငါးရာ၊ သိုး ငါးရာ စသည်ဖြင့် ငါးရာ ငါးရာစီ သော သတ္တဝါတွေကို သတ်ပြီးယဇ်ပူဇော်ဖို့ စီမံတယ်။

အဲဒီအခါ **မလ္လိကာဒေဝီ**၏ တိုက်တွန်းချက်အရ **ပသေနဒီ ကောသလမင်းကြီး**က ဗုဒ္ဓမြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မေးမြန်း လျှောက်ထားတယ်၊ မြတ်စွာဘုရားက မင်းကြီးကြားရတဲ့ အသံနိမိတ် များဟာ မင်းကြီးနှင့် ဘာမျှမသက်ဆိုင်ကြောင်း၊ သတ္တဝါတွေကို သတ် ပြီး ယဇ်ပူဇော်လျှင် အကျိုးမများဘဲ အကျိုးယုတ်ကြောင်း၊ သတ်ဖြတ် ခြင်းမရှိဘဲ လှူဒါန်းပူဇော်မှ အကျိုးများကြောင်းတို့ကို ဟောကြား တော်မူလိုက်ပါတယ်၊ **ပသေနဒီကောသလမင်းကြီး**လည်း ယဇ်ပူ ဇော်ဖို့ရာ ချည်နှောင်ထားတဲ့ သတ္တဝါတွေကို ဘေးမဲ့လွှတ်စေလိုက် ပါတယ်၊ အဲဒီမှာ "အခြားသတ္တဝါတွေကို သတ်ပြီး ယဇ်ပူဇော်ခြင်း ဖြင့် ကုသိုလ်ဖြစ်တယ်၊ မကောင်းမှု ပပျောက်တယ်၊ ကောင်းကျိုး ရတယ်" ဆိုတာ ဘာမျှယုတ္တိမရှိဘူး၊ သူတစ်ပါးကို ဆင်းရဲစေတာနဲ့ မိမိမှာ ကောင်းကျိုးရတယ်ဆိုတာ အသင့်ယုတ္တိ လုံးဝမရှိတာဘဲ၊ ဒါပေမယ့် အဲဒီလို တရားကို ကြိုက်နေတဲ့သူတွေကလည်း အများ ကြီးရှိနေတာပဲ။

နောက်ပြီးတော့ ဘုရားလက်ထက်တော်ကပဲ **အဇိတ**ဆိုတဲ့ ဆရာကြီးက "ကုသိုလ်ကံ အကုသိုလ်ကံမရှိ၊ ကုသိုလ်ကံ အကုသိုလ်

http://www.dhammadownload.com



ကံ၏အကျိုး မရှိ တမလွန်ဘဝ မရှိ"စသည်ဖြင့် ဟောနေတယ်၊ အဲဒါလည်း မျက်မှောက်မှာ ကောင်းတဲ့အလုပ်က ကောင်းကျိုး၊ ဆိုးတဲ့အလုပ်က ဆိုးကျိုးပေးနေပုံစသည်နှင့် နှိုင်းချိန်ကြည့်ရင် မမှန်တဲ့ ဝါဒလို့ဆိုရမှာပဲ၊ ဗုဒ္ဓတရားတော်အရအားဖြင့် အဲဒီအယူကို **ဥစ္ဆေဒဒိဋ္ဌိ** ခေါ်တယ်၊ အဲဒီဝါဒကို သဘောကျတဲ့သူဟာ ကောင်းတဲ့အမှုကို မလုပ်ပေဘူး၊ မကောင်းတဲ့အမှုမှလည်း မရှောင်ပေဘူး၊ ဒါကြောင့် အဲဒီလူမှာ ချီးမွမ်းဖွယ်ဂုဏ်မှ ကင်းနေလိမ့်မယ်၊ သေပြီးတဲ့နောက်ကာလမှာ သူယူတဲ့အတိုင်း မဟုတ်ဘဲ ဘဝကရှိနေရင် ယုတ်ညံ့တဲ့ဘဝတွေမှာသာဖြစ်ပြီး ဆင်းရဲဒုက္ခရောက်သွားရလိမ့်မယ်၊ ဗုဒ္ဓတရားတော်ကတော့ "အဲဒီလို အယူရှိတဲ့သူဟာ အဲဒီအတိုင်း ဒုက္ခရောက်သွားရလိမ့်မယ်" လို့ အထင်အရှားဟောထားပါတယ်။

ဒါကြောင့် အဲဒီ အယူတရားစကားဟာ အကျိုးလည်းမရှိဘူး၊ ဒါပေမယ့် အဲဒီလို တရားကို ကြိုက်နေတဲ့လူတွေကလည်း များစွာပင်ရှိနေပါတယ်၊ ဒါကြောင့် "ကံ,ကံ၏အကျိုး မရှိ၊ တမလွန်ဘဝ မရှိ" ဆိုတဲ့ တရားစကားဟာ "ဟုတ်လည်းမဟုတ်၊ အကျိုးလည်းမရှိ၊ သို့သော် အချို့က အဲဒါကို ကြိုက်နေကြတယ်" ဆိုတဲ့ အင်္ဂါ၃-ပါးနဲ့ညီတဲ့ စကားဖြစ်တယ်၊ ယခုပြောခဲ့တာတွေဟာ နိပါတ်စကားထဲက တစ်စိတ်တစ်ဒေသ ပုံစံပြစကားမျှသာ ဖြစ်ပါတယ်၊ အဲဒီစကားမျိုးကို အများက, တချို့က ကြိုက်နေကြပေမယ့် မြတ်စွာဘုရားကတော့ "မဟုတ်မမှန်တဲ့အပြင် အကျိုးလည်း မရှိတဲ့အတွက်ကြောင့်" အဲဒီစကားမျိုးကို ပြောဆိုခြင်းမရှိဘဲ ကြဉ်ရှောင်တော်မူပါတယ်။

(၃) ဟုတ်မှန်တယ်၊ အကျိုးတော့ မရှိဘူး၊ သူများကလည်း မကြိုက်ဘူး၊ ဒီလိုစကားကတစ်မျိုးတဲ့၊ အဲဒါက ဘယ်လိုစကားလည်းဆိုရင် သူခိုးကို သူခိုးလို့ ပြောတဲ့စကား၊ လူလိမ်ကို လူလိမ်လို့

http://www.dhammadownload.com



ပြောတဲ့စကား၊ လူမိုက်ကို လူမိုက်လို့ ပြောတဲ့စကား၊ မျက်မမြင်ကို မျက်စိကန်းလို့ ပြောတဲ့စကား၊ အဲဒီလိုစကားဟာ ဟုတ်တော့ ဟုတ်မှန်တယ်၊ ဒါပေမယ့် အဲဒီလိုပြောတဲ့အတွက်ဘာမျှ အကျိုးမရှိဘူး၊ အပြောခံရတဲ့ သူမှာမခံချင်စိတ်ဖြစ်ပြီး စိတ်ဆင်းရဲရုံမျှပဲရှိတယ်၊ အပြောခံရတဲ့ သူကလည်း မကြိုက်ဘူး၊ အဲဒီလိုစကားဟာ ဟုတ်မှန်ပေမယ့် အကျိုးမရှိတဲ့အတွက် မြတ်စွာဘုရားက အဲဒီလို စကားကို ပြောဆိုတော်မမူဘူး။

(၄) ဟုတ်မှန်တယ်၊ အကျိုးတော့မရှိဘူး သူများကတော့ ကြိုက်နေတယ်- ဒီလိုစကားက တစ်မျိုးတဲ့၊ အဲဒါက ဘယ်လိုစကားလည်းဆိုလျှင် တစ်ဖက်ပုဂ္ဂိုလ်က တကယ်ပြောတဲ့စကားကို ယူပြီး အခြားပုဂ္ဂိုလ်ထံ ကုန်းတိုက်တဲ့စကား မင်းအကြောင်း၊ သူခိုး၊ ဓားပြအကြောင်း၊ မြို့ရွာအကြောင်း စသည်ကို ပြောတဲ့စကား၊ ဒီလိုစကားမျိုးပါပဲ၊ အဲဒီမှာ မှန်ကန်တဲ့ အကြောင်းအရာပြောပြပြီး ကုန်းတိုက်ရင် မှန်တော့ မှန်နေတာပဲ၊ ဒါပေမယ့် အဲဒီစကားကြားရတဲ့ သက်ဆိုင်သူမှာ စိတ်ဆင်းရဲပြီး ကွဲပြားဖို့ရာ ဖြစ်တဲ့အတွက် အကျိုးမရှိဘူး၊ အကျိုးမရှိပေမယ့် သက်ဆိုင်တဲ့သူက မိမိအကျိုးအတွက် ပြောတယ်ထင်ပြီး အဲဒီလိုပြောတဲ့စကားကို သဘောကျတတ်တယ်၊ ကုန်းတိုက်စကား ပြောတဲ့သူကိုလည်း ကျေးဇူးတင်တတ်တယ်၊ ဒါကြောင့် "ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူများက ကြိုက်၏"ဆိုတဲ့ အင်္ဂါ ၃-ပါးနဲ့ ညီတဲ့စကား ဖြစ်တယ်။

ထို့အတူပင် မင်းအကြောင်း အစရှိတဲ့ လောကရေးရာ စကား ကိုလည်း အမှန်အတိုင်းသတင်းရပြီး ပြောရင် ဟုတ်၏- ဆိုတဲ့အင်္ဂါနဲ့ ညီတယ်၊ အဲဒီစကားမျိုးကို အများက ကြားချင်နေကြတယ်၊ ဒါကြောင့် သူများက ကြိုက်၏-ဆိုတဲ့ အင်္ဂါနဲ့လည်း ညီတယ်၊

http://www.dhammadownload.com



ဒါပေမယ့် တရားကျင့်နေတဲ့ ရဟန်းရှင်လူ ယောဂီတွေအတွက် တော့ အကျိုးမများဘူး၊ သမာဓိ ပညာဆုတ်ယုတ်ပျက်ပြားခြင်း၏ အကြောင်းသာဖြစ်တယ်၊ တချို့လောကီစကားဆိုရင် သီလပျက် ခြင်း၏ အကြောင်းတောင်ဖြစ်နိုင်သေးတယ်၊ ဒါကြောင့် အကျိုးမရှိ ဆိုတဲ့ အင်္ဂါနဲ့လည်း ညီတယ်၊ မြတ်စွာဘုရားက အဲဒီ (၄)နံပါတ် စကားမျိုးကို ဟုတ်ပေမယ့် အကျိုးမရှိတဲ့အတွက် ပြောဆိုတော် မမူဘူး။

## မြတ်စွာဘုရား ပြောဆိုတဲ့ စကား၂-ခွန်း

(၅) ဟုတ်မှန်တယ်၊ အကျိုးလည်းရှိတယ်၊ သူများကတော့ မ ကြိုက်ဘူး-ဒီလိုစကားကတစ်မျိုးတဲ့၊ အဲဒါက ဘယ်လိုစကားလည်း ဆိုရင် သင်ဟာ ရှေးဘဝများက ကောင်းမှုမပြုခဲ့ဘဲ မကောင်းမှုကိုပြုခဲ့ တဲ့အတွက် ဆင်းရဲဒုက္ခရောက်နေရတယ်၊ ယခုလည်း ကောင်းမှုမပြုဘဲ မကောင်းမှုကို ပြုနေရင် အပါယ်ဆင်းရဲမှ လွတ်ဖို့ခဲယဉ်းတယ်၊ အပါယ်လေးပါး ကျသွားလိမ့်မယ်၊ စသည်ဖြင့် အကျိုးစီးပွားကို ရှေးရှုပြုပြီး ဆုံးမတဲ့အနေနဲ့ ဟောပြောတဲ့စကားမျိုးပါပဲ၊ အဲဒီလို တိုက်ရိုက်တည့်တိုးကြီးပြောရင် ဟုတ်မှန်ပြီး အကျိုးရှိတဲ့ စကားဖြစ် ပေမယ့်လို့ တချို့က မကြိုက်ဘဲရှိတတ်တယ်၊ ဒါကြောင့် ဒီလိုတရား စကားဟာ "ဟုတ်မှန်၏ အကျိုးရှိ၏၊ သူများမကြိုက်"ဆိုတဲ့ အင်္ဂါ ၃-ပါးနဲ့ ညီတဲ့ စကားဖြစ်တယ်၊ အဲဒီစကားမျိုးကိုတော့ သူများက မကြိုက်ပေမယ့် ဟုတ်မှန်ပြီး အကျိုးရှိတဲ့အတွက် ပြောသင့်တဲ့ အခါ မှာမြတ်စွာဘုရားက ဉာဏ်တော်ဖြင့် ဆင်ခြင်ပြီး ပြောတော်မူတယ်။

http://www.dhammadownload.com



ဒါကြောင့် **သံဃဘေဒကကံ**ကို ပြုတဲ့ **အရှင်ဒေဝဒတ်**ကို "အပါယ်ငရဲ ကျလိမ့်မယ်၊ တစ်ကပ်ပတ်လုံး ငရဲခံရလိမ့်မယ်"စသည် ဖြင့် ပြောကြားတော်မူပါတယ်၊ အဲဒီလို ပြောကြားတာကို **ဒေဝဒတ်** အုပ်စုက မကြိုက်ပေမယ့် အခြားပုဂ္ဂိုလ်တွေမှာ **သံဃဘေဒကကံ** ၏ အပြစ်ကြီးပုံကိုသိပြီး အဲဒီလို ကံကြီးတွေမှ ကြဉ်ရှောင်ခြင်း စသော အကျိုးများကို ရနိုင်ပါတယ်၊ အဲဒီလို ဟုတ်မှန်ပြီး အကျိုးရှိ တဲ့အတွက် ဒေဝဒတ်အုပ်စုက မကြိုက်ပေမယ့် မြတ်စွာဘုရားက အဲဒီလို စကားကို ပြောသင့်တဲ့အခါမှာ ပြောကြားတော်မူပါတယ်၊ အဲဒါဟာ "ဟုတ်၏၊ အကျိုးရှိ၏၊ သူများမကြိုက်"ဆိုတဲ့ အင်္ဂါ ၃- ပါးနဲ့ ညီတဲ့စကားဖြစ်တယ်၊ ဒီလို စကားကတော့ ပြောသင့်တဲ့အခါ ပြောကောင်းတဲ့စကားကောင်းပါပဲ။

(၆) ဟုတ်မှန်တယ်၊ အကျိုးလည်းရှိတယ်၊ သူများကလည်း ကြိုက်တယ်၊ ဒီလိုစကားက တစ်မျိုးတဲ့၊ အဲဒါက ဘယ်လိုစကား လည်းဆိုရင် ဒါနကထာ၊ သီလကထာ၊ ဘာဝနာကထာ၊ အစရှိတဲ့ မှန်ကန်သော တရားစကားပါပဲ၊ အဲဒီလို စကားဟာ မှန်လည်း မှန်တယ်၊ အကျိုးလည်း ရှိတယ်၊ ပညာရှိသူတော်ကောင်းများက ကြားနာလို့အားမရနိုင်အောင် ကြိုက်လည်း ကြိုက်နှစ်သက် ကြတယ်၊ ဒါကြောင့် "ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူများက ကြိုက်၏" ဆိုတဲ့ အင်္ဂါ ၃-ပါးနဲ့ ညီတဲ့စကားဖြစ်တယ်၊ ဒီလို စကားကို ဟော ပြောသင့်တဲ့အခါမှာ မြတ်စွာဘုရားက ဟောပြောတော်မူပါတယ်၊ မြတ်စွာဘုရား ပွင့်တော်မူလာရတာကိုက ဒီလိုစကားကောင်းကို ဟောပြောဖို့ ပွင့်လာရတာပဲ။

ယခုပြောခဲ့တာဟာ စကား ၆-ခွန်း စုံသွားပါပြီ၊ အဲဒီ ၆-

http://www.dhammadownload.com



ခွန်း ထဲက မမှန်တဲ့ အကျိုးလည်းမရှိတဲ့ စကားဆိုရင် သူများက ကြိုက်သည်ဖြစ်စေ, မကြိုက်သည်ဖြစ်စေ၊ မြတ်စွာဘုရားက ပြောဆိုတော်မမူဘူး၊ ဟုတ်မှန်ပေမယ့် အကျိုးမရှိရင်လည်း အဲဒီလိုစကားကို သူများက ကြိုက်သည်ဖြစ်စေ, မကြိုက်သည်ဖြစ်စေ မြတ်စွာဘုရားက ပြောဆိုတော်မမူဘူး၊ အဲဒါဟာ မြတ်စွာဘုရား မပြောဆိုတဲ့ စကား ၄-ခွန်းပဲ၊ ဟုတ်မှန်တယ်၊ အကျိုးလည်းရှိတယ်ဆိုရင်တော့ သူများက ကြိုက်သည်ဖြစ်စေ, မကြိုက်သည်ဖြစ်စေ မြတ်စွာဘုရားက အဲဒီလို စကားကို ပြောဆိုတော်မူပါတယ်၊ ဒါပေမယ့်လို့ ပြောသင့်တဲ့ အချိန်မှာမှ ပြောဆိုတော်မူတယ်၊ မပြောသင့်တဲ့ အချိန်မှာတော့ မပြောဆိုဘူး။

အဲဒီလို ပြောသင့်မပြောသင့်အချိန်ကို ဆင်ခြင်တယ်ဆိုတာ ဟာလည်း အလွန်ပဲအရေးကြီးပါတယ်၊ ဘာကြောင့်လည်းဆိုရင် အကျိုးရှိတဲ့ တရားစကားပေမယ့် ပျော်ပွဲရွှင်ပွဲ ကျင်းပနေရာမှာ သွား ဟောနေရင် မသင့်ပေဘူး၊ မင်္ဂလာဆောင်၊ ရှင်ပြုအလှူ အစ ရှိတဲ့ သုမင်္ဂလကိစ္စမှာ မရဏာနုဿတိကမ္မဋ္ဌာန်းတရား၊ သံဝေဂ နိဗ္ဗိန္ဒ တရားကို ဟောရင်လည်း နေရာမကျပေဘူး၊ အသုဘချာပန ဆွမ်းစင် အစရှိတဲ့ ဒုမင်္ဂလကိစ္စမှာ မင်္ဂလာတရားကို ဟောရင် လည်း နေရာမကျပေဘူး၊ ဒါကြောင့် ဟောသင့်တဲ့အချိန်ကို ဆင် ခြင်ပြီး ဟောတာဟာ အလွန်အရေးကြီးပါတယ်။

အဲဒီတော့ မြတ်စွာဘုရား ပြောဆိုတော်မူတဲ့ စကားဟာ အကျဉ်းချုပ်အားဖြင့် ဟုတ်မှန်ပြီး အကျိုးရှိတဲ့ စကားပါပဲ၊ သူများက ကြိုက်သည်ဖြစ်စေ, မကြိုက်သည်ဖြစ်စေ၊ အဲဒီလိုစကားကို ဉာဏ်ဖြင့် ချင့်ချိန်ပြီး ပြောသင့်တဲ့အခါ ပြောဆိုတော်မူတယ်၊ ဒါကြောင့် "**အတ္ထံ**-လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို၊

http://www.dhammadownload.com



**မန္တာ**-ဉာဏ်ဖြင့်ဆင် ခြင်သိမြင်တော်မူပြီး၍၊ **ဘာသတိ**-ပြောသင့်သော စကားကိုသာ သင့်လျော်သောအခါ၌ ပြောဆိုတော်မူပါသည်" လို့ သာတာဂိရိနတ်က ဖြေကြားပါတယ်။

## သုဂတဂုဏ်တော်

အဲဒီလို ပြောသင့်တဲ့ စကားကောင်းကိုသာ ပြောဆိုတော်မူတတ်တဲ့အတွက်ကြောင့် မြတ်စွာဘုရားဟာ **သုဂတ**ဆိုတဲ့ ဘွဲ့တော်ဂုဏ်တော်ကိုလည်း ရရှိတော်မူပါတယ်၊ အဲဒီ **သုဂတ**ဆိုတဲ့ပုဒ်မှာ **သု**-က ကောင်းသောစကားတဲ့ **ဂဒ**-မှ ဖြစ်လာတဲ့ **ဂတ**-က ပြောဆိုတတ်သည်တဲ့၊ ပေါင်းလိုက်တော့ **သုဂတ**-ကောင်းသော စကားကိုသာ ပြောဆိုတော်မူတတ်သည်-လို့ အနက်ရတယ်၊ အဲဒါဟာ "ယခုပြောခဲ့တဲ့ ဟုတ်မှန်အကျိုးများတဲ့ စကားကောင်းကိုသာ ပြောဆိုတော်မူတယ်" လို့ ဆိုလိုတာပါပဲ၊ ဟုတ်မှန် အကျိုးများတဲ့စကားကလည်း သူများက ကြိုက်တာကတစ်မျိုး၊ မကြိုက်တာကတစ်မျိုး၊ ဒီလို ခွဲလိုက်တော့ စကားနှစ်မျိုးဖြစ်သွားတယ်၊ အဲဒီစကားနှစ်မျိုးလုံးဟာ စကားကောင်းချည်းပါပဲ၊ ဒါကြောင့် "**သုဂတော**-ဟုတ်မှန်ကျိုးများ ကြိုက်မကြိုက်အားဖြင့် နှစ်ပါးသော စကားကောင်းကိုသာ ပြောဆိုတော်မူတတ်ပေသော မြတ်စွာဘုရား"လို့ အနက်ရပါတယ်၊ ကဲ-အဲဒီ ဂုဏ်ပုဒ်ကို ရွတ်ဆိုပြီး ကြည်ညိုကြရအောင်-

**သုဂတော-ဟုတ်မှန်ကျိုးများ ကြိုက်မကြိုက်အားဖြင့် နှစ်ပါးသော စကားကောင်းကိုသာ ပြောဆိုတော်မူတတ်ပေသော မြတ်စွာဘုရား။**

မဟုတ်၊ အကျိုးမရှိ၊ သူများကြိုက်, မကြိုက် စကားနှစ်မျိုး-အဲဒါကို မြတ်စွာဘုရား ပြောဆိုခြင်းမရှိ။ ဟုတ်၏၊ အကျိုးမရှိ၊ သူ

http://www.dhammadownload.com



များ ကြိုက်, မကြိုက် စကားနှစ်မျိုး-အဲဒါကိုလည်း မြတ်စွာဘုရား ပြောဆိုခြင်းမရှိ။ (ဟုတ်၏၊ အကျိုးလည်းရှိ၏၊ သူများ ကြိုက်, မကြိုက် စကားနှစ်မျိုး) အဲဒီစကားကောင်းနှစ်မျိုးကိုသာ မြတ်စွာဘုရား ပြောဆိုတော်မူပါတယ်တဲ့၊ အဲဒါ ကြည်ညိုစရာလည်း ကောင်းတယ်။ အတုယူစရာလည်း ကောင်းတယ်၊ ဒါကြောင့် မြတ်စွာဘုရားကို အတုလိုက်ပြီးတော့ ဟုတ်မှန်ပြီး အကျိုးရှိတဲ့ စကားကိုသာ ပြောဆိုနိုင်အောင် သတိပြုပြီး လေ့ကျင့်သွားကြရမယ်၊ ကဲ-ခုတွင်က အဖြေဆောင်ပုဒ်ကို ဆိုလိုက်ကြဦးစို့။

**လိမ်လည် မပြော ကုန်းချောကင်းသည်၊**
**ကြမ်းတမ်း ရှန့်ရင်း ဆိုခြင်းပယ်သည်၊**
**ကျိုးစီးပွားရှိ မြင်သိ ဆိုသည်၊**
**တို့ဘုရား စကား စင်ကြယ်သည်။**

## သင့်ဘုရားက မနောဒုစရိုက် ကင်းပါရဲ့လား

အဲဒီလို သာတာဂိရိနတ်က မြတ်စွာဘုရားမှာ ဝစီဒုစရိုက် ၄-ပါးလုံးကင်းပြီး စကားစင်ကြယ်တဲ့အကြောင်း ဖြေကြားလိုက်တဲ့ အခါ ဟေမဝတနတ်က မနောဒုစရိုက်နဲ့ မေးမြန်းပါတယ်။

## ဟေမဝတ၏ စိစစ်ပုံ (၄)

**ကစ္စိ န ရဇ္ဇတိ ကာမေသု၊ ကစ္စိ စိတ္တံ အနာဝိလံ။**
**ကစ္စိ မောဟံ အတိက္ကန္တော၊ ကစ္စိ ဓမ္မေသု စက္ခုမာ။**

**သမ္ဘ**-အဆွေတော် သာတာဂိရိနတ်မင်း၊ **သော**-သင့်ဆရာ ဖြစ်သော ထိုဘုရားသည်၊ **ကစ္စိ**-အသို့နည်း၊ **ကာမေသု**-လိုချင်ဖွယ် အာရုံ ကာမဂုဏ်တို့၌၊ **နရဇ္ဇတိ**-မတပ်မက်ဘဲ ရှိပါ၏လော။

http://www.dhammadownload.com



အဲဒီမေးခွန်းဖြင့် "လိုချင်နှစ်သက်ဖွယ် ကာမဂုဏ်အာရုံတွေမှာ လိုချင်နှစ်သက်မှု မက်မောမှု ကင်းပါရဲ့လား"လို့မေးတယ်၊ မနော ဒုစရိုက်၃-ပါးထဲက **အဘိဇ္ဈာ**ဆိုတဲ့ သူ့စည်းစိမ်ကို ရလိုသမှု ရှေးရှုကြံ စည်ခြင်း ကင်းပါရဲ့လားလို့ ဆိုလိုပါတယ်၊ လောကသူ လောကသားတွေဟာ လိုချင်နှစ်သက်စရာတွေ့ရင် လိုချင်တယ်၊ နှစ်သက်တတ်ကြတာပဲ၊ သက်မဲ့ဖြစ်ဖြစ်၊ သက်ရှိဖြစ်ဖြစ် သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်စေ ချင်တတ်ကြတာပဲ၊ ကိုယ်ပိုင် လုပ်ချင်တတ်ကြတာပဲ၊ သာမန်လူတွေသာ မဟုတ်ဘူး၊ ဘုရားအဖြစ် ဝန်ခံနေတဲ့ ဘုရားအတုဆရာကြီးတွေလည်း သူ့ဥစ္စာ လိုချင်မက်မောမှု **အဘိဇ္ဈာ**မှ မကင်းကြဘူး၊ ဒါကြောင့် ဒီမေးခွန်းကို မေးတာပါပဲ။

**ကစ္စိ**-အသို့နည်း၊ **စိတ္တံ**-သင့်ဆရာဘုရား၏ စိတ်သည်၊ **အနာဝိလံ**-သေပျက်စေလိုသော ဗျာပါဒဟူသော အနောက်အကျုကင်း၍ သန့်ရှင်းကြည်လင်ပါ၏လော။

ဒီမေးခွန်းဖြင့် "မနော ဒုစရိုက်သုံးပါးထဲက **ဗျာပါဒ** ကင်းပါရဲ့လား"လို့မေးပါတယ်၊ **ဗျာပါဒ**ဆိုတာ မုန်းတဲ့ပုဂ္ဂိုလ်တွေကို သေပါစေ ပျက်ပါစေလို့ ကြံစည်တောင့်တတဲ့ သဘောပဲ၊ လောကသူ လောကသားတွေဟာ ကိုယ်မလိုတဲ့သူ မုန်းတဲ့သူကို သေပါစေ၊ မြန်မြန်သေပါစေလို့ တောင့်တကြံစည်မိတတ်ကြတယ်၊ တချို့ဆိုရင်တော့ ပါးစပ်ကတောင်ထုတ်ပြီး အဲဒီလို ပြောတတ်ကြသေးတယ်၊ ဟိုခေတ်က ဘုရားအဖြစ် ဝန်ခံနေကြတဲ့ ဆရာကြီးတွေကလည်း အဲဒီ **ဗျာပါဒဒေါသ**မှ မကင်းကြပေဘူး၊ ဒါကြောင့် သူတို့က "သတ္တဝါတွေကို ဘယ်လိုသတ်သတ် အပြစ်မရှိဘူး" စ သည်ဖြင့် ဟောနေကြတာပဲ၊ "သတ္တဝါတွေကို သေအောင် ဒဏ်ခတ် တယ်ဆိုတဲ့"ဘုရားကိုလည်း "ဒီ **ဗျာပါဒ ဒေါသ**မှ ကင်းတယ်"လို့

http://www.dhammadownload.com



မဆိုနိုင်ပေဘူး၊ အဲဒီလို သေစေလို ပျက်စေလိုတဲ့ **ဗျာပါဒ ဒေါသ** ဖြစ်နေရင် စိတ်ဟာ မကြည်လင်တော့ဘူး၊ နောက်ကျုနေတော့တာပဲ၊ ဒါကြောင့် ဟေမဝတနတ်က "သင့်ဆရာဘုရားက စိတ်အနောက်အကျုကင်းပြီး သန့်ရှင်းပါရဲ့လား"လို့ မေးတာပဲ။

**ကစ္စိ**-အသို့နည်း၊ **မောဟံ**-တွေဝေသိမှားမှု မောဟကို၊ **အတိက္ကန္တော**-လွန်မြောက်ပါ၏လော။

**မိစ္ဆာဒိဋ္ဌိ**-မှားသော အယူဆိုတာ အမှန်ကိုမသိဘဲ တွေဝေပြီး အမှားသိတဲ့ မောဟ အဝိဇ္ဇာနဲ့ပူးတွဲပြီး ဖြစ်တာပဲ၊ ဒါကြောင့် မောဟကို လွန်မြောက်ပါရဲ့လားဆိုတာဟာ **မိစ္ဆာဒိဋ္ဌိ** ကင်းပါရဲ့လားလို့ဆိုတာပါပဲ၊ ဒီမေးခွန်းဖြင့်"မနောဒုစရိုက် ၃-ပါးထဲက **မိစ္ဆာဒိဋ္ဌိ** ဆိုတဲ့ ဒုစရိုက်မှ ကင်းပါရဲ့လား"လို့မေးတာပါပဲ၊ ဘုရားကို **မိစ္ဆာဒိဋ္ဌိ** ကင်းပါရဲ့လားလို့ မေးတာဟာ ရိုင်းလွန်းတယ်၊ မသင့်တော်ဘူးလို့ အပြစ်တင်ဖွယ်ရှိသလိုလိုဖြစ်နေပါတယ်၊ ဒါပေမယ့် ဟိုခေတ်တုန်းက ဘုရားအဖြစ် ဝန်ခံနေကြတဲ့ ဘုရားအတု ဂိုဏ်းဆရာကြီးတွေနှင့် နှိုင်းယှဉ်ပြီးမေးတဲ့အတွက် အဲဒီလို အပြစ်တင်ဖွယ် မရှိပါဘူး၊ သင့်လျော်တဲ့မေးခွန်းလို့ပဲ ဆိုရပါတယ်။

## မိစ္ဆာဒိဋ္ဌိကြီး သုံးပါး

အဲဒီခေတ်တုန်းက ဘုရားအနေနဲ့ အပ္ပဋိဉာဉ်ခံနေကြတဲ့ ဂိုဏ်းဆရာကြီးတွေထဲမှာ **ပုရာဏကဿပ** ဆိုတဲ့ ဂိုဏ်းဆရာကြီးက "**ကရောတော န ကရီယတိ ပါပံ**-သတ်ခြင်း, ခိုးခြင်း စသည်ကိုပြုသော်လည်း မကောင်းမှု အကုသိုလ်ကံ မဖြစ်ဘူး၊ ပေးလှူခြင်း စသည်ကို ပြုသော်လည်း ကောင်းမှုကုသိုလ်ကံမဖြစ်ဘူး" စသည်ဖြင့် ဟောနေပါတယ်၊ အဲဒီဟောပြောချက်ထဲမှာ "**န ကရီယတိ** မပြုအပ်

http://www.dhammadownload.com



ပြုအပ်သည် မမည်၊ ပြုမှုမှုကံ မဖြစ်မြောက်"ဆိုတဲ့ စကားအရ အဲဒီအယူကို **အကိရိယဒိဋ္ဌိ** လို့ခေါ်တယ်၊ အဲဒီအယူက အကြောင်းကံကို တိုက်ရိုက်ပယ်တယ်၊ အကြောင်းကံ ပယ်လိုက်တော့ အဲဒီကံ၏ အကျိုးကိုလည်း ပယ်ပြီး ဖြစ်သွားတော့တာပါပဲ၊ ဒါကြောင့် ဒီဆရာကြီး၏ အယူဟာ ကံ၊ ကံ၏ အကျိုးမရှိဘူး-လို့ ယူတဲ့ **မိစ္ဆာဒိဋ္ဌိ** ဖြစ်ပါတယ်။

**အဇိတ**ဆိုတဲ့ ဂိုဏ်းဆရာကြီးကတော့ "**နတ္ထိ ဒိန္နံ**-ပေးလှူတာ အကျိုးမရှိ၊ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးမရှိ၊ သေပြီးနောက် ဘာမျှမရှိတော့ဘဲ လုံးဝပြတ်စဲသွားတယ်" စသည်ဖြင့် ဟောနေပါတယ်၊ အဲဒီဟောပြောချက်ထဲမှာ "**နတ္ထိ**-မရှိဆိုတဲ့ စကားအရ အဲဒီ အယူကို **နတ္ထိကဒိဋ္ဌိ**-လို့ခေါ်တယ်၊ ဒီအယူက အကျိုးဝိပါက်ကို တိုက်ရိုက်ပယ်တယ်၊ အကျိုးကိုပယ်လိုက်တော့ အကြောင်းကံကိုလည်း ပယ်ပြီးဖြစ်သွားတာပါပဲ၊ ဒါကြောင့် ဒီဆရာကြီးရဲ့ အယူကလည်း ကံ၊ ကံ၏ အကျိုး မရှိဘူးလို့ယူတဲ့ **မိစ္ဆာဒိဋ္ဌိ**ပါပဲ။

**မက္ခလိ** ဆိုတဲ့ ဂိုဏ်းဆရာကြီးကတော့ "သတ္တဝါတွေမှာ ညစ်နွမ်းဖို့ ဆင်းရဲဖို့လည်း အကြောင်းမရှိဘူး၊ စင်ကြယ်ဖို့ ချမ်းသာဖို့လည်း အကြောင်းမရှိဘူး၊ (အဟေတူ) အကြောင်းမရှိဘဲ ဆင်းရဲကြရ၊ ချမ်းသာကြရတယ်" စသည်ဖြင့် ဟောနေပါတယ်၊ အဲဒီဟောပြောချက်ထဲမှာ "**အဟေတူ**-အကြောင်းမရှိဘဲ"လို့ဆိုတဲ့ စကားအရ အဲဒီအယူကို **အဟေတုကဒိဋ္ဌိ**-လို့ခေါ်တယ်၊ ဒီအယူကတော့ အကြောင်း ကံကိုရော၊ အကျိုးဝိပါက်ကိုရော ပယ်တယ်လို့ ဆိုပါတယ်၊ ဒါကြောင့် ဒီအယူလည်း ကံ၊ ကံ၏ အကျိုးမရှိဘူးလို့ယူတဲ့ **မိစ္ဆာဒိဋ္ဌိ** ပါပဲ။

**ပကုဓ**ဆိုတဲ့ဂိုဏ်းဆရာကြီးကတော့"သတ္တဝါဆိုတာ ပထဝီ

http://www.dhammadownload.com



ကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ သုခ၊ ဒုက္ခ၊ ဇီဝဆိုတဲ့ ကာယ (၇) ပါးအပေါင်းမျှသာ ဖြစ်တယ်၊ ထိုကာယ (၇)ပါး ဟာ ပျက်စီးခြင်းမရှိ၊ သတ်လို့ ဖျက်ဆီးလို့မဖြစ်"စသည်ဖြင့် ဟောနေပါတယ်၊ ဒီအယူကလည်း "ကာယ (၇) ပါးမျှသာဖြစ်သော သတ္တဝါကို သတ်ခြင်း၊ ထောက်ပံ့ခြင်း စသည်ကြောင့် အကုသိုလ်လည်းမဖြစ်၊ ကုသိုလ်လည်းမဖြစ်"လို့ ဆိုလိုတဲ့အတွက် ကံ၊ ကံ၏ အကျိုး မရှိဘူးလို့ ယူတဲ့ **မိစ္ဆာဒိဋ္ဌိ** ထဲ အတွင်းဝင်တာပါပဲ။

ယခုပြောခဲ့တဲ့ ဘုရားတုဂိုဏ်းဆရာကြီးတွေဟာ အမှန်ကို မသိဘဲ အလွဲအမှားကို သိနေတဲ့ **မောဟအဝိဇ္ဇာ**ကြောင့် **မိစ္ဆာဝါဒ** တရားတွေကို ဟောနေကြတာပဲ၊ ဒါကြောင့် သင့်ဆရာဘုရားမှာ အဲဒီလို မောဟကို လွန်မြောက်ပါရဲ့လား၊ အဲဒီလို မောဟကြောင့် ဖြစ်တဲ့ **မိစ္ဆာဒိဋ္ဌိ**ကင်းပါရဲ့လား-လို့ မေးလိုခြင်းဖြစ်ပါတယ်၊ နောက် တစ်ခုက-

**ကစ္စိ**-အသို့နည်း၊ **သော**-သင့်ဆရာဖြစ်သော ထိုဘုရား သည်၊ **ဓမ္မေသု**-အလုံးစုံသော တရားတို့၌၊ **စက္ခုမာ**-ဉာဏ်မျက်စိနှင့် ပြည့်စုံပါ၏လော-တဲ့။

ရှေ့မေးခွန်း ၃-ခုဖြင့် ဒွါရသုံးပါး၌ ဒုစရိုက်ဆယ်ပါးမှ စင်ကြယ်ပုံကို မေးခဲ့တယ်၊ အဲဒီလို စင်ကြယ်ရုံမျှဖြင့်လည်း **သမ္မာသမ္ဗုဒ္ဓ** ဘုရားအစစ် ဖြစ်ကြောင်း၊ ကေန် မဆုံးဖြတ်နိုင်သေးဘူး၊ ဘာကြောင့် လဲဆိုရင် **ပစ္စေကဗုဒ္ဓါ ရဟန္တာ** များမှာလည်း ဒွါရသုံးပါးလုံးမှာ ဒုစရိုက်ဆယ်ပါးမှ စင်ကြယ်နေတဲ့အတွက်ကြောင့်ပါပဲ၊ ဒါကြောင့် "တရားအလုံးစုံကို သိနိုင်တဲ့ ဉာဏ်မျက်စိနှင့် ပြည့်စုံပါရဲ့လား"လို့ ဒီစတုတ္ထမေးခွန်းဖြင့် မေးပြန်ပါတယ်၊ အဲဒီမေးခွန်း ၄-ခုကို သာတာ ဂိရိနတ်က ဒီလိုဖြေကြားလိုက်ပါတယ်။

http://www.dhammadownload.com



## သာတာဂိရိနတ်၏အဖြေ (၄)

**န သော ရဇ္ဇတိ ကာမေသု၊**
**အထော စိတ္တံ အနာဝိလံ၊**
**သဗ္ဗမောဟံ အတိက္ကန္တော၊**
**ဗုဒ္ဓေါ စက္ခုမာ။**

**သမ္ဗ**-အဆွေတော် ဟေမဝတနတ်မင်း၊ **သော**-ငါတို့ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ **ကာမေသု**- လိုချင်ဖွယ်အာရုံ ကာမဂုဏ်တို့၌၊ **န ရဇ္ဇတိ**-တပ်မက်ခြင်းမရှိဘဲ အမြဲပင် စင်ကြယ်ပါသည်-တဲ့။

## ကာမရာဂလည်း ကင်းတယ်

အဲဒါဟာ "လိုချင်နှစ်သက်ဖွယ်ဖြစ်တဲ့ သူတစ်ပါးစည်းစိမ်အာရုံကာမဂုဏ်တွေမှာ မိမိဥစ္စာအဖြစ် ရလိုသမျှ ရှေးရှု ကြံစည်တဲ့အဘိဇ္ဈာကင်းပါရဲလား"လို့ ဟေမဝတနတ်က မေးတဲ့ (စတုတ္ထမေးခွန်း ၄-ခုထဲက) ပထမမေးခွန်း၏ အဖြေပါပဲ၊ မြတ်စွာဘုရားမှာ ၂၉-နှစ်အရွယ် တောထွက်တော်မူလာသည်မှစပြီး အလောင်းတော်ဘဝကတောင် လောကီအာရုံ ကာမဂုဏ်တွေဆီကို စိတ်ညွှတ်ခြင်း၊ စိတ်သွားခြင်းမရှိဘဲ ကင်းတော်မူခဲ့ပါတယ်၊ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေစဉ်က အလွန်ဆင်းရဲပင်ပန်းနေတဲ့ အချိန်အခါမှာတောင် ရှေးကချမ်းသာစွာ နေခဲ့ဖူးတဲ့ ထီးနန်းစည်းစိမ် အာရုံတွေဆီကို ပြန်လည်ညွှတ်ကိုင်းခြင်း မရှိခဲ့ဘူး၊ သူတစ်ပါးဥစ္စာကို ရလိုသမျှ ရှေးရှုကြံစည်တဲ့ အဘိဇ္ဈာဖြစ်ဖို့ရာကတော့ အလွန်ပင် ဝေးတော့တာပဲ၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးတဲ့ အခါမှာတော့ တပ်မက်သာယာတတ်တဲ့ တဏှာဟူသမျှကို အရဟတ္တမဂ်ဖြင့်

http://www.dhammadownload.com



အကြွင်းမဲ့ပယ်ပြီးဖြစ်နေပါတယ်၊ အဲဒီလို ပယ်ပြီးဖြစ်နေတဲ့ အကြောင်းကိုလည်း ဓမ္မစကြာတရားတော်ထဲမှာ "သမုဒယသစ္စာကို ပယ်အပ်ခဲ့ပြီ" လို့ သိတော်မူတဲ့အကြောင်း ထုတ်ဖော်ဟောကြားခြင်းဖြင့် အထင်အရှား၊ ဝန်ခံထားပြီးလည်း ဖြစ်နေပါတယ်၊ ဒါကြောင့် သာတာဂိရိနတ်က အထက်ပါအတိုင်း ဝန်ခံဖြေကြားလိုက်ခြင်းဖြစ်ပါတယ်။

အဲဒါကို "ကာမဂုဏ်ထဲ တပ်စွဲကင်းသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

**ကာမဂုဏ်ထဲ တပ်စွဲကင်းသည်။** (ဆို)

## ဒေါသလည်း ကင်းတယ်

ဒုတိယမေးခွန်းရဲ့ အဖြေကတော့ "**အထော**-ထို့ပြင်၊ **စိတ္တံ**-ငါတို့ဆရာဘုရား၏ စိတ်နှလုံးတော်သည်၊ **အနာဝိလံ**-နောက်ကျုခြင်း ကင်းလျက် သန့်ရှင်းကြည်လင်တော်မူပါသည်"တဲ့။ မြတ်စွာဘုရားမှာ အားလုံးသော သတ္တဝါတွေအပေါ် ချမ်းသာစေလိုတဲ့ မေတ္တာဓာတ်ဖြင့် စိတ်နှလုံးဟာ ဗျာပါဒ ဒေါသအရိပ်ရောင်မျှမရှိဘဲ အမြဲကြည်လင် သန့်ရှင်းနေပါတယ်၊ **အင်္ဂုလိမာလ**က သန်လျက်ဓားကို ထမ်းပြီးခုတ်သတ်ဖို့ နောက်မှလိုက်လာစဉ်ကလည်း **အင်္ဂုလိမာလ**အပေါ်မှာ မေတ္တာ၊ ကရုဏာဖြင့် စိတ်နှလုံးတော်ကြည်လင်လျက်ပါပဲ၊ **နာဠာဂိရိဆင်ကြီး**က ထိုးဖို့ပြေးလာစဉ်ကလည်း မြတ်စွာဘုရား၏ စိတ်နှလုံးတော်ဟာ မေတ္တာရေစင်ဖြင့် ကြည်လင်လျက်ပါပဲ။

**ဒေဝဒတ်**က ကျောက်တုံးကြီးကို လှိမ့်ချစဉ်ကလည်း **ဒေဝဒတ်** အပေါ်မှာ မေတ္တာ၊ ကရုဏာဖြင့် ကြည်လင်လျက်ပါပဲ၊

http://www.dhammadownload.com



အဲဒီလိုအခါ တွေမှာတောင် မြတ်စွာဘုရား၏ စိတ်နှလုံးတော်ဟာ ကြည်လင်နေရင် အခြားကာလတွေတော့ အထူးပြောစရာမလို တော့ပါဘူး၊ စိတ်ကို နောက်ကျုစေတတ်တဲ့ ဗျာပါဒဒေါသကို အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ပယ်ခဲ့သည့်ပြင် အရဟတ္တမဂ်ဖြင့်လည်း ဒေါသ အလေ့အလာဝါသနာကိုပါ ပယ်ခဲ့ပြီးဖြစ်တဲ့အတွက် မြတ်စွာဘုရား၏ စိတ်နှလုံးတော်ဟာ အမြဲတမ်း ကြည်လင် သန့်ရှင်းလျက်သာ ရှိနေပါတယ်၊ ဒါကြောင့် သာတာဂိရိနတ်ကအထက်ပါအတိုင်း ဝန်ခံဖြေကြားလိုက်ခြင်းဖြစ်ပါတယ်၊ အဲဒါကို "ဒေါသပြတ်စဲ အမြဲစိတ်ကြည်"လို့ ဆောင်ပုဒ်စီထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

**ဒေါသပြတ်စဲ အမြဲစိတ်ကြည်။** (ဆို)

## မောဟလည်း ကင်းတယ်

တတိယမေးခွန်းရဲ့ အဖြေကတော့ "**သော**-ငါတို့ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ **သဗ္ဗမောဟံ**-အလုံးစုံသော တွေဝေသိမှားမှု မောဟအဝိဇ္ဇာဟူသမျှကို၊ **အတိက္ကန္တော**- အရိယမဂ်လေးပါးဖြင့် ပယ်ရှားချေဖျောက်လျက် လွန်မြောက်တော်မူခဲ့ပါပြီ"တဲ့၊ အဲဒီမှာ ဟေမဝတနတ်၏ မေးလိုရင်းကတော့ "မောဟအရင်းခံပြီးဖြစ်တဲ့ ဒုစရိုက် မိစ္ဆာဒိဋ္ဌိကို လွန်မြောက်ပါရဲ့လား"လို့ ဒါလောက်ပဲ မေးလိုရင်း ဖြစ်ပါတယ်၊ သာတာဂိရိနတ်ကတော့ "**သဗ္ဗမောဟံ**-အလုံးစုံသော မောဟကို လွန်မြောက်ပါတယ်"လို့ ဆိုထားတဲ့အတွက် "ဒုစရိုက် မိစ္ဆာဒိဋ္ဌိ၏ အကြောင်းဖြစ်တဲ့ မောဟကိုသာ လွန်မြောက်တာ မဟုတ်သေးဘူး၊ မောဟအဝိဇ္ဇာဟူသမျှကို အကုန်လုံးပင် လွန်မြောက်ပါတယ်"လို့ ဆိုရာရောက်ပါတယ်၊ အပြည့်အစုံ ဖြေလိုက်တဲ့သဘောပါပဲ။

http://www.dhammadownload.com



## နိယတဗျာဒိသ်ရကတည်းက မိစ္ဆာဒိဋ္ဌိကင်းခဲ့တယ်

မြတ်စွာဘုရားသည် နိယတဗျာဒိသ် (ဝိ+အာ+ဒိသ-မှ ဗျာဒိသ-ဟုဖြစ်သည်) ကို ရပြီးတဲ့ အလောင်းတော်ဘဝကတည်း ကပင် ကံ၊ ကံ၏ အကျိုးမရှိဘူးလို့ယူတဲ့ ဒုစရိုက်မိစ္ဆာဒိဋ္ဌိမှလည်း ကင်းခဲ့တယ်၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိမှလည်း ကင်းခဲ့တယ်၊ ဘုရားအဖြစ်သို့ ရောက်ခါနီး သောတာပတ္တိမဂ်ဖြင့် မိစ္ဆာဒိဋ္ဌိ ဟူသမျှဖြင့် အကြွင်းမဲ့ပယ်ခဲ့တယ်၊ အရဟတ္တမဂ်ဖြင့် ဝါသနာနှင့် တကွ မောဟအမှူးရှိသော ကိလေသာဟူသမျှကို အကြွင်းမဲ့ပယ်ခဲ့ တယ်၊ ဒါကြောင့် ဒုစရိုက် မိစ္ဆာဒိဋ္ဌိမှသာ မဟုတ် ကိလေသာဟူသမျှ မှလည်း ကင်းဝေးစင်ကြယ်တော်မူပါတယ်၊ မိမိမှာသာ ကင်းတော်မူ သည်မဟုတ်၊ တပည့်သာဝကများအားလည်း အဲဒီမိစ္ဆာဒိဋ္ဌိ အစ ရှိသော ကိလေသာမှ ကင်းစင်အောင်ကျင့်ဖို့ ဟောကြားတော်မူပါ တယ်၊ **ပုရာဏကဿပ** အစရှိတဲ့ ဂိုဏ်းဆရာကြီးတို့၏ မိစ္ဆာဒိဋ္ဌိဖြစ် လာခြင်းအကြောင်းကို ပြပြီးတော့လည်း အဲဒီဒိဋ္ဌိမျိုး မဖြစ်ရအောင် ညွှန်ကြားတော်မူပါတယ်၊ ညွှန်ကြားပုံကတော့-

"သတ်ခြင်း, ခိုးခြင်းစသော မကောင်းမှုကို ပြုသော်လည်း မကောင်းမှုကံမဖြစ်" စသည်ဖြင့် ယူသောမိစ္ဆာဒိဋ္ဌိသည် ဘာကိုစွဲမှီ၍ ဖြစ်သနည်း၊ ရုပ်ကို စွဲမှီ၍ဖြစ်သည်၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို စွဲမှီ၍ ဖြစ်သည်၊ ရုပ်ကို အနိစ္စ, ဒုက္ခဟုသိလျှင် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို အနိစ္စ, ဒုက္ခဟုသိလျှင် ထိုသို့သော မိစ္ဆာ ဒိဋ္ဌိမဖြစ်နိုင် စသည်ဖြင့် ညွှန်ကြားတော်မူပါတယ်။ **(သံ-ဒု -၁၇၁)**

အထူးအားဖြင့်တော့ မက္ခလိဂိုဏ်းဆရာကြီးကို ငါးထောင်တဲ့ မြုံးကြီးနှင့်တူတဲ့အကြောင်း ပြဆိုပြီးတော့လည်း ဝေနေယျများအား

http://www.dhammadownload.com



မိစ္ဆာအယူကို ပယ်စေခဲ့ပါတယ်၊ မက္ခလိအယူကို နည်းနည်းဖော်ပြဦးမယ်၊ မက္ခလိဆိုတဲ့ ဆရာကြီးက "သတ္တဝါတွေမှာ ဆင်းရဲဖို့ရာလည်း အကြောင်းမရှိဘူး၊ ချမ်းသာဖို့ရာလည်း အကြောင်းမရှိဘူး၊ ချမ်းသာအောင် ဘယ်သူမှ မပြုပြင်နိုင်ဘူး၊ မည်ရွေ့မည်မျှ ဆင်းရဲရမယ်၊ ချမ်းသာရမယ်လို့ ကိန်းသေသတ်မှတ်ထားတဲ့ အတိုင်းသာ ဆင်းရဲကြရတယ်၊ ချမ်းသာကြရတယ်၊ အဲဒီ သတ်မှတ်ချက်အတိုင်းသာ အယုတ်အမြတ်ဘဝတွေမှာ ဖြစ်ပြီး ကျင်လည်ကြရတယ်၊ မိုက်တဲ့ဆိုးတဲ့သူမှာလည်း သံသရာရှည်ခြင်း၊ ဆင်းရဲပို၍များခြင်းမရှိ၊ ပညာရှိ သူတော်ကောင်းမှာလည်း သံသရာတိုခြင်း ချမ်းသာပို၍များခြင်းမရှိ၊ တောင်းဖြင့် ခြင်ထားသကဲ့သို့သော ဆင်းရဲချမ်းသာကို အတိအကျသာလျှင် ခံစားရတယ်၊ အပ်ချည်လုံးကို ချည်စကိုင်ထား၍အမြင့်မှ လှိမ့်ချလိုက်လျှင် အပ်ချည်ဆုံးသည် အထိ လိမ့်သွားပြီးလျှင် ရပ်တန့်သလိုပင် လူမိုက်ဖြစ်ဖြစ်၊ ပညာရှိဖြစ်ဖြစ် ကန့်သတ်ချက်ရှိသလောက် ကျင်လည်ပြီးလျှင် ဆင်းရဲကုန်ငြိမ်းသွားတယ်၊ ပညာရှိလည်း သံသရာတိုအောင် မလုပ်နိုင်၊ လူမိုက်မှာလည်း မိုက်သည့်အတွက် သံသရာပို၍မရှည်"စသည်ဖြင့် ဟောပါတယ်။

## လူသေလူဖြစ်ဆိုတာနဲ့ ကိုက်ညီနေတယ်

သူ့ဝါဒကတော့ မကောင်းမှုကို ပြုပေမယ့် ဆင်းရဲပို၍မဖြစ်၊ ကောင်းမှုပြုပေမယ့် ချမ်းသာပို၍မဖြစ်၊ ကန့်သတ်ချက်ရှိသည့် အတိုင်းသာ ဆင်းရဲချမ်းသာကို ခံစားသွားရမယ်၊ အချိန်တန်သော အခါ သူ့အလိုလိုပင် ရင့်ကျက်ပြီး သံသရာဆင်းရဲမှ လွတ်မြောက်သွားရမှာ ချည်းပဲလို့ ဆိုလိုပါတယ်၊ ကောင်းမှုမပြုချင်တဲ့ လူပျင်း

http://www.dhammadownload.com



တွေ၊ မကောင်းမှု မရှောင်ချင်တဲ့ လူမိုက်တွေ၊ ဒီလိုလူပျင်းလူမိုက်တွေနဲ့တော့ အံကျကိုက်နေမည့် တရားပါပဲ၊ ဒီဝါဒအရ "လူဖြစ်ပြီးရင် လူ့အဆင့်မှလျှောကျဖို့မရှိဘူး၊ ရင့်သွားဖို့သာ ရှိတော့တယ်" ဆိုတော့ မကြာမီက ပေါ်လာတဲ့ "လူသေလူဖြစ်" ဆိုတဲ့ အယူအဆနဲ့လည်း ကိုက်ညီနေပုံရပါတယ်၊ ဒါပေမယ့် မြတ်စွာဘုရားက အဲဒီမက္ခလိဆရာကြီးကို **"မနုဿခိပ္ပ**-လူ့မြုံးကြီးသဖွယ် ဖြစ်တယ်" လို့ ရှုတ်ချမိန့်ဆိုထားပါတယ်၊ ဆိုလိုတော်မူတာကတော့ မြုံးထဲ ဝင်မိတဲ့ငါးတွေဟာ ပြန်မထွက်နိုင်တော့ဘူး၊ သေရုံသာရှိတော့တယ်၊ ဒါလိုပဲ လူတွေဟာ အဲဒီမက္ခလိဆရာကြီး အယူဝါဒကိုကြိုက်နေရင် နတ်ရွာနိဗ္ဗာန်ရောက်ကြောင်းကုသိုလ်တွေ ပြုလုပ်အားထုတ်တော့မှာ မဟုတ်ဘူး၊ အဲဒီလို အားမထုတ်တော့ အဲဒီလူတွေဟာ အပါယ်လေးပါးမှာပဲ ကျရောက်သွားဖို့ ရှိတော့တယ်လို့ ဆိုလိုပါတယ်။

ယခုကာလမှာလည်း "သူတို့ဟောတာသိရင်ပြီးတာပဲ၊ တရားအားထုတ်ဖို့မလိုဘူး" လို့ ဟောနေကြတာကို တစ်ဆင့်ကြားရတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေလည်း **မနုဿခိပ္ပ**-လို့ မိန့်ဆိုတော်မူတဲ့ မြတ်စွာဘုရားစကားတော်ကို အထူးသတိပြုရကောင်းပါတယ်၊ အဲဒီ **မက္ခလိ**ဆရာကြီး၏ အယူဝါဒသာမဟုတ်ပါဘူး၊ ကံ၊ ကံ၏ အကျိုးမရှိဘူးလို့ ဟောပြောတဲ့ **ပုရာဏ**ဆရာကြီး **အဇိတ**ဆရာကြီးတို့၏ အယူဝါဒတွေလဲ နတ်ရွာနိဗ္ဗာန် သွားခွင့်မရအောင် ပိတ်ပင်တဲ့ အယူဝါဒတွေချည်းပါပဲ၊ **မနုဿခိပ္ပ**လို့ ဆိုသင့်တဲ့သူတွေရဲ့ အယူဝါဒတွေချည်းပါပဲ။

http://www.dhammadownload.com



## မိစ္ဆာဒိဋ္ဌိ ဘယ်တော့ကစ၍ ဖြစ်ပေါ်လာခဲ့သလဲ

အဲဒီကံ ကံ၏အကျိုးမရှိလို့ ယူတဲ့ ဒုဇရိုက် မိစ္ဆာဒိဋ္ဌိဟာ ဘယ်ခေတ်ကစပြီး ဖြစ်ပေါ်လာခဲ့သလဲဆိုလျှင်- လူတွေရဲ့ အသက်တမ်း အနှစ်တစ်ထောင်ရှိတဲ့ ခေတ်က ပြန့်ပွားလာခဲ့တဲ့အကြောင်း စက္ကဝတ္တိသုတ်မှာ ဟောထားပါတယ်၊ အဲဒါကို ထောက်ဆကြည့်ရင် အနှစ်တစ်ထောင်အထက် အသက်တမ်းရှိစဉ်တုန်းက လူတွေမှာ လောဘ, ဒေါသ, မောဟတွေ နည်းသေးလို့ ဒီမိစ္ဆာဒိဋ္ဌိ မကြီးပွားသေးဘူး၊ အကြိုက်မများသေးဘူးလို့ ဆိုရမှာပဲ၊ အနှစ်တစ်ထောင်တမ်းမှစပြီး ဒီဘက်မှာ လောဘစသည်တွေ အားကြီးလာတဲ့အတွက် ဒီမိစ္ဆာဒိဋ္ဌိကို အကြိုက်များလာတယ်လို့လည်း ယူရမှာပဲ၊ ဒါပေမယ့် မြတ်စွာဘုရားလက်ထက်တော် အနှစ်တစ်ရာတမ်း ကာလတုန်းကတောင် "ကံ, ကံ ၏အကျိုး မရှိ၊ တမလွန်ဘဝ မရှိ"ဆိုတဲ့ အဲဒီဆရာကြီးတွေ၏ ဝါဒကို သိပ်မကြိုက်ကြသေးဘူး။

ယခုခေတ်မှာတော့ ဒီဝါဒကို ကြိုက်တဲ့လူတွေ အတော်ကို များလာပါပြီ၊ နောက်ဆယ်နှစ်တမ်း ရောက်တဲ့အခါကျတော့ ကုသိုလ် အကုသိုလ်ဆိုတဲ့ အမည်တောင် ရှိတော့မှာမဟုတ်ဘူးလို့ စက္ကဝတ္တိသုတ်မှာလည်း ဟောထားပါတယ်၊ အဲဒီစကားကို ထောက်ကြည့်ရင် အဲဒီ ဆယ်နှစ်တမ်းကျတော့ ဒီဝါဒကို လူတွေ အားလုံးက ကြိုက်ကြမည့် လက္ခဏာရှိပါတယ်၊ အဲဒီလို ကြိုက်ကြတာဟာလည်း တခြားကြောင့်မဟုတ်ပါဘူး၊ လောဘအားကြီးတဲ့အတွက်ကြောင့်ပါပဲ၊ ယခုနေအခါမှာတောင်မှ ကာမဂုဏ်အာရုံတွေက များများလာတယ်၊ အဲဒါကို ခံစားချင်တဲ့ လောဘတွေကလည်း များများလာတယ်၊ ဒါကြောင့် တချို့က အကုသိုလ်အမှုကို ရှောင်နေရင် အလိုရှိတိုင်း မပြီးဘူးလို့လည်း ထင်မြင်နေကြတယ်၊ ကုသိုလ်အမှုတွေပြု

http://www.dhammadownload.com



လုပ်နေရင် အလုပ်ပျက်တယ်လို့လည်း ထင်မြင်နေကြတယ်၊ အဲဒါ ဟာ ကုသိုလ်ကံမရှိ အကုသိုလ်ကံမရှိဆိုတဲ့ အယူဝါဒကို ကြိုက်ခြင်း ၏ အကြောင်းပါပဲ။

## မောဟအားလုံး ကင်းတယ်

အဲဒီ ကံ၊ ကံ၏အကျိုးမရှိဆိုတဲ့ အယူဟာ အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်နေတယ်ဆိုတာမသိတဲ့ မောဟနဲ့ အားကြီးတဲ့လော ဘတို့ကြောင့် ဖြစ်လာတာပါပဲ၊ မြတ်စွာဘုရားကတော့ ဒီအ ကြောင်းအကျိုးတရားတွေကို မိမိကိုယ်တော်တိုင်လည်း သိတော် မူတယ်၊ သတ္တဝါများအားလည်း သိအောင် ဟောကြားတော်မူပါ တယ်၊ အဲဒီလို ဟောကြားတဲ့အတိုင်း လိုက်နာအားထုတ်တဲ့သူတွေ ဟာ အကြောင်းအကျိုး ဆက်စပ်ဖြစ်နေပုံကို ကိုယ်တိုင်တွေ့သိပြီး တော့ အဲဒီမိစ္ဆာအယူမှ ကင်းလွတ်ကြတယ်၊ ဒါကြောင့် "ရှေးဘဝက ကံကြောင့် ယခုဘဝဖြစ်ရတယ်၊ ယခုဘဝ ကံကြောင့် တဏှာမကင်း သေးရင် နောင်ဘဝလည်း ဖြစ်ရမယ်၊ ကံ, ကံ၏ အကျိုးရှိတယ်" ဆိုတဲ့ သမ္မာဒိဋ္ဌိ အယူဟာ ပိုပြီးခိုင်မြဲလာတယ်။

အကြောင်းအကျိုး တရားအလုံးစုံကို သိတော်မူတဲ့ မြတ်စွာ ဘုရားမှာ မိစ္ဆာဒိဋ္ဌိကင်းတယ်ဆိုတာကတော့ ပြောနေစရာတောင် မလိုပါဘူး၊ ဒါပေမယ့် ဟိုခေတ်က ဘုရားအတုဂိုဏ်းဆရာကြီးတွေ နှင့် နှိုင်းယှဉ်ပြီး မေးတဲ့အတွက် သာတာဂိရိနတ်က "မိစ္ဆာဒိဋ္ဌိဖြစ် ကြောင်း မောဟကိုသာ မဟုတ်ပါဘူး၊ မြတ်စွာဘုရားဟာ မောဟ အလုံးစုံကို အကုန်လွှန်မြောက်တော်မူပါတယ်" လို့ ဖြေကြားလိုက်ပါ တယ်၊ အဲဒါကို "မောဟ-သိမှား လွန်သွားလေပြီ"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**မောဟ-သိမှား လွန်သွားလေပြီ။ (ဆို)**

http://www.dhammadownload.com



## ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူပါတယ်

စတုတ္ထမေးခွန်း၏ အဖြေကတော့ **ဗုဒ္ဓေါ**-ငါတို့ဆရာ မြတ် စွာဘုရားသည်၊ **ဓမ္မေသု**-အလုံးစုံသော တရားတို့၌၊ **စက္ခုမာ**-ရှင်းလင်းစွာ မြင်သိသည့် ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူပါသည်တဲ့၊ တရားအလုံးစုံကို အကုန်သိမြင်နိုင်တဲ့ ဉာဏ်မျက်စိနှင့် ပြည့်စုံတော် မူပါတယ်လို့ ဖြေလိုက်ပါတယ်။

## စက္ခုငါးပါး

အဲဒီမှာ စက္ခုအရ မျက်စိဆိုတာက ငါးမျိုးရှိပါတယ်။

(၁) **မံသစက္ခု** ဆိုတဲ့ ပကတိမျက်စိက တစ်မျိုး၊

(၂) **ဒိဗ္ဗစက္ခု** ဆိုတဲ့ အဘိညာဉ်မျက်စိက တစ်မျိုး၊

(၃) **ပညာမျက်စိ** က တစ်မျိုး၊

(၄) **သမန္တစက္ခု** ဆိုတဲ့ ဉာဏ်မျက်စိက တစ်မျိုး၊

(၅) **ဗုဒ္ဓစက္ခု** ဆိုတဲ့ ဘုရားမျက်စိက တစ်မျိုး၊

ဒီငါးမျိုးပါပဲ။ ဒီငါးမျိုးထဲမှာ မြတ်စွာဘုရား၏-

(၁) **ပကတိမျက်စိ** ဟာလည်း အလွန်ကြည်လင်ပြီး အလွန် အမြင်သန်ပါတယ်၊ ပတ်ဝန်းကျင်မှာ တစ်ယူဇနာ အဝေးအထိ မြင်နိုင်ပါတယ်။

(၂) **ဒိဗ္ဗစက္ခု** ဆိုတဲ့ အဘိညာဉ်မျက်စိကတော့ အဝေးအနီး အကြီးအသေး အဆင်းဟူသမျှကိုအကုန်မြင်နိုင်တယ်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တွေကိုလည်း မြင်နိုင်တယ်၊ ငရဲပြည်ကိုလည်း မြင်နိုင်တယ်၊ ပြိတ္တာ, အသူရကာယ်တွေကိုလည်း မြင်နိုင်တယ်၊ အခြား စကြဝဠာတွေကိုလည်း မြင်နိုင်တယ်၊ အလိုရှိလို့ ကြည့်လိုက်ရင် ဘယ်အရာမဆို မြင်နိုင်တယ်၊ မမြင်နိုင်တဲ့အဆင်းဟူ၍ မရှိဘူး၊

http://www.dhammadownload.com



သတ္တဝါတွေ သေပြီးတော့ ကံအားလျော်စွာ ယုတ်ညံ့တဲ့ဘဝ, မြင့်မြတ်တဲ့ဘဝမှာ ဖြစ်ကြပုံတွေကိုလည်း မြင်နိုင်တယ်၊ ဒီ **ဒိဗ္ဗစက္ခုဉာဏ်** ကို မြတ်စွာဘုရားဟာ ဘုရားဖြစ်တော်မူမည့် ညဥ့်က သန်းခေါင်ယံမှာ ရတော်မူပါတယ်၊ ထိုစဉ်အခါက တစ်လောကလုံးမှာ သတ္တဝါတွေ ကံအားလျော်စွာ သေကြ ဖြစ်ကြတာတွေကိုလည်း မြင်တော်မူပါတယ်၊ ချမ်းသာနေကြတဲ့ နတ်ပြဟ္မာတွေကိုလည်း မြင်တော်မူတယ်၊ အလွန်ဆင်းရဲနေကြတဲ့ ငရဲ, ပြိတ္တာ, အသူရကာယ်တွေ အမျိုးစုံကိုလည်း မြင်တော်မူတယ်၊ လူ့လောက, တိရစ္ဆာန်လောကမြင်တော်မူပုံကိုတော့ အထူးပြောစရာ မလိုပါဘူး။

(၃) **ပညာမျက်စိ** ဆိုတာကတော့ ဝိပဿနာပညာ၊ မဂ်ပညာ၊ ပစ္စဝေက္ခဏပညာတွေပါပဲ၊ အထူးအားဖြင့်တော့ အရိယမဂ်ပညာ ၄-ပါးကို ပညာမျက်စိလို့ ခေါ်ပါတယ်၊ **ဓမ္မစက္ခု** လို့လည်း ခေါ်ပါတယ်၊ **ဓမ္မစက္ခု** ဆိုတာ များစွာသောသုတ်များမှ သောတာပတ္တိမဂ်ဉာဏ်ကို ခေါ်တယ်၊ ဖြဟ္မာယုသုတ်မှာ အောက်မဂ်ဉာဏ်သုံးပါးကို **ဓမ္မစက္ခု** လို့ ဆိုတယ်၊ စူဠရာဟုလောဝါဒသုတ်မှာ မဂ်ဉာဏ် ၄-ပါး ကို **ဓမ္မစက္ခု** လို့ဆိုကြတယ်၊ ဓမ္မစကြာသုတ်မှာ **စက္ခုံ ဥဒပါဒိ**-လို့ဆိုရာမှာ ဝိပဿနာဉာဏ် မဂ်ဉာဏ် ပစ္စဝေက္ခဏဉာဏ်များကို **စက္ခု**-ဉာဏ်မျက်စိလို့ဆိုထားပါတယ်၊ အဲဒီ ဉာဏ်မျက်စိများနှင့် ပြည့်စုံတော်မူကြောင်းကိုတော့ ဓမ္မစကြာတရားထဲမှာ ဖော်ပြပြီးဖြစ်တယ်။

(၄) **သမန္တစက္ခု**ဆိုတာကတော့ တရားအလုံးစုံကို အကုန်သိနိုင်တဲ့ သဗ္ဗညုတဉာဏ်ကို ဆိုပါတယ်၊ ထက်ဝန်းကျင် အလုံးစုံကို အကုန်မြင်နိုင်တဲ့ ဉာဏ်မျက်စိလို့ ဆိုလိုပါတယ်၊ အဲဒါကိုလည်း ဓမ္မစကြာတရားထဲမှာ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ကြောင်း

http://www.dhammadownload.com



ဝန်ခံတော်မူခြင်းဖြင့် ဖော်ပြထားပြီးဖြစ်ပါတယ်။

## ဗုဒ္ဓစက္ခု

(၅) ဗုဒ္ဓစက္ခု ဆိုတာကတော့ ဘုရားမျက်စိလို့ အနက်ရှိပါတယ်၊ အဲဒါက ဘာလဲဆိုရင် **ဣန္ဒြိယပရောပရိယတ္တဉာဏ်**နှင့် **အာသယာနုသယဉာဏ်**၊ ဒီ ၂-ပါးပါပဲ၊ ဣန္ဒြိယပရောပရိယတ္တဉာဏ်ဆိုတာ ဝေနေယျသတ္တဝါတို့၏ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့်ကို သိတဲ့ ဉာဏ်ပါပဲ၊ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဆိုတဲ့ ဣန္ဒြေငါးပါး ရင့်ကျက်နေတဲ့သူဟာ သင့်လျော်တဲ့တရားကို နာကြားရလျှင် မကြာခင်ဘဲ မဂ်ဖိုလ်တရားထူးကို ရသွားနိုင်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက ဣန္ဒြိယပရောပရိယတ္တဉာဏ်ဆိုတဲ့ ဒီဘုရားမျက်စိဖြင့် ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်ရှုတော်မူတယ်၊ ဣန္ဒြေတွေက မရင့်ကျက်သေးရင် အဲဒီသတ္တဝါတွေကို မြတ်စွာဘုရားက တရားမဟောသေးဘူး၊ ဣန္ဒြေရင့်မည့်အချိန်ကို စောင့်ဆိုင်းငံ့လင့်ပြီး နေတော်မူတယ်၊ နှစ်ပိုင်း လပိုင်းဖြင့် ငံ့လင့်နေတာလည်းရှိတယ်၊ ရက် ပိုင်း, နာရီပိုင်းဖြင့် ငံ့လင့်နေရတာလည်းရှိတယ်၊ မိနစ်ပိုင်းလောက် ငံ့လင့်နေရတာလည်းရှိတယ်။ ပုံစံထုတ်ပြရလျှင်-

## ဗာဟိယဒါရုစီရိယဝတ္ထု

**ဗာဟိယဒါရုစီရိယ**ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အိန္ဒိယနိုင်ငံ၏ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်း အပရန္တဆိုတဲ့အရပ်၊ သုပ္ပါရကဆိုတဲ့ သင်္ဘောဆိပ်မှ ယူဇနာ ၁၂၀-ဝေးကွာသော သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော် ဘုရားထံသို့ လာခဲ့တယ်၊

http://www.dhammadownload.com



မြတ်စွာဘုရား ဆွမ်းခံကြွနေတုန်း ကျောင်းတော်ရောက်လာတယ်၊ ဆွမ်းခံကြွနေကြောင်း ကြားသိရတဲ့အတွက် မြို့ထဲလိုက်သွားတယ်၊ ဆွမ်းခံကြွနေတဲ့ မြတ်စွာဘုရားကို တွေ့လျှင်တွေ့ချင်း ရှိသေစွာ ရှိခိုးကန်တော့ပြီး တရားဟောဖို့ရာ လျှောက်ထားတောင်းပန်တယ်၊ မြတ်စွာဘုရားက ထိုအခိုက်တွင် သူ့မှာ ဣန္ဒြေမရင့်ကျက်သေးတာကို မြင်တော်မူတဲ့အတွက် "ဆွမ်းခံကြွနေတဲ့အချိန်ဖြစ်၍ တရားဟောရန် မသင့်သေးကြောင်း"ပြောပြပြီး တရားမဟောသေးဘဲ ငံ့လင့်နေတော်မူပါတယ်၊ **ဗာဟိယ**က ၂-ကြိမ်မြောက်လည်း ထပ်ပြီး တောင်းပန်ပြန်တယ်၊ ဣန္ဒြေ မရင့်သေးလို့ တရားမဟောသေးဘဲ ငံ့လင့်နေတော်မူတယ်၊ ၃-ကြိမ် မြောက် လျှောက်ထားတောင်းပန်တဲ့ အခါကျတော့မှ ဣန္ဒြေရင့်တာကို မြင်တော်မူသဖြင့် မြတ်စွာဘုရားက-

> "မြင်သည်၌ မြင်ရုံမျှဖြစ်ငြားအံ့၊ ကြားသည်၌ ကြားရုံမျှဖြစ်ငြားအံ့၊ ရောက်သည်၌ ရောက်ရုံမျှ ဖြစ်ငြားအံ့၊ သိသည်၌ သိရုံမျှဖြစ်ငြားအံ့၊ သို့ဖြစ်လျှင် ထိုမြင်မှု စသည်နှင့်တကွ မဖြစ်၊ ထိုမြင်မှု စသည်၌ မတည်၊ သို့မတည်လျှင် ဤမှာလည်းမရှိ၊ ဟိုမှာလည်းမရှိ၊ နှစ်ရပ်လုံးမှာလည်းမရှိ၊ ဤသို့ မရှိခြင်းသည် ဆင်းရဲ၏အဆုံးဖြစ်သည်"

လို့- ဟောတော်မူပါတယ်၊ **ဗာဟိယ**ဟာ အဲဒီတရားကိုနာစဉ်မှာပင် မဂ်လေးပါး ဖိုလ်လေးပါးကို အစဉ်အတိုင်းတက်ပြီး ရဟန္တာ ဖြစ်သွားပါတယ်၊ အဲဒါဟာ မိနစ်ပိုင်းမျှ ငံ့လင့်ပြီး ဣန္ဒြေရင့်တဲ့အချိန်မှာ သင့်လျော်တဲ့တရားကို နာရတဲ့အတွက် မဂ်ဖိုလ်တရားကို လျင်မြန်စွာ ရသွားပုံပါပဲ။

http://www.dhammadownload.com



## အာသယာနုသယဉာဏ်

အာသယာနုသယဉာဏ်ဆိုတာကတော့ သတ္တဝါတို့၏အလို အကြိုက်ဆိုတဲ့ ပင်ကိုသဘောနှင့်ကိန်းနေတဲ့အနုသယကိလေသာကို သိမြင်တဲ့ ဉာဏ်တော်ပါပဲ၊ စိတ်၏ကိန်းဝပ်ရာ အလိုအကြိုက်ပင်ကိုသဘောကိုအာသယလို့ခေါ်တယ်၊ ဒီအာသယက ဒိဋ္ဌိနှင့်ဉာဏ် ၂-မျိုးရှိတယ်၊ ဝဋ္ဋထဲအပျော်များနေတဲ့ပုဂ္ဂိုလ် တွေရဲ့စိတ်ကဒိဋ္ဌိမှာကိန်းဝပ်တယ်၊ သဿတအယူမှာရင်လည်းတည်တယ်၊ ဉစ္ဆေဒအယူမှာရင်လည်းတည်တယ်၊ သဿတ အယူမှာတည်တဲ့စိတ်ရှိသူက သဿတအယူကိုကြိုက်တယ်၊ ဉစ္ဆေဒအယူကိုမကြိုက်ဘူး၊ "သတ္တဝါဟာ သေပြီးတဲ့နောက်မှာလည်း ရှိမြဲရှိနေတယ်၊ ဘယ်တော့မှ ပျက်စီးခြင်း ပျောက်ပျက်သွားခြင်း မရှိဘူး" ဆိုတဲ့ အယူကိုသာ သဘောကျတယ်၊ ဉစ္ဆေဒအယူမှာ တည်တဲ့စိတ်ရှိသူ ကတော့ ဉစ္ဆေဒအယူကိုသာ ကြိုက်တယ်၊ သဿတအယူကိုမကြိုက်ဘူး၊ "သတ္တဝါဟာ သေပြီးရင် ဘာမှမရှိ တော့ဘဲ လုံးဝပျောက်ကွယ်သွားတယ်" ဆိုတဲ့ဉစ္ဆေဒအယူကိုသာ သဘောကျတယ်။

ဒါကြောင့် သဿတအယူရှိတဲ့သူဟာ တစ်စုံတစ်ခုသောအကြောင်းကြောင့် ဉစ္ဆေဒဝါဒကို လက်ခံနေပေမယ့် တော်တော်ကြာတဲ့အခါ သဿတအယူကိုပဲ ပြန်ရောက်သွားတယ်၊ ထို့အတူပင်ဉစ္ဆေဒ အယူရှိတဲ့သူကလည်း တစ်ရံတစ်ခါ သဿတအယူကိုကြိုက်ပေမယ့် နောက်ကျတော့ သူ့ဉစ္ဆေဒအယူကို ပြန်ရောက်သွားတာပဲ၊ ဥပမာအားဖြင့် ခွေးများဟာ နေ့ပိုင်းအချိန်မှာ ဟိုနေရာဒီနေရာ လျှောက်သွားနေပေမယ့် ညအိပ်ချိန်ကျတော့ သူ့ဝပ်ကျင်းသူပြန်ရောက်လာသလိုပါပဲ၊ မြတ်စွာဘုရားက ဒီပုဂ္ဂိုလ်ဟာသဿတ တည်ရာရှိတယ်၊ ဒီပုဂ္ဂိုလ်ကတော့ ဉစ္ဆေဒတည်ရာ

http://www.dhammadownload.com



ရှိတယ်လို့ ဒီအာသယာနုသယဉာဏ်ဖြင့် မြင်တော်မူပြီးတော့ သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်၊ ဒါကြောင့် မြတ်စွာဘုရား၏ တရားကို နာရတဲ့ ပုဂ္ဂိုလ်တွေဟာ မဂ်ဖိုလ်တရားထူးကို လျင်မြန်စွာ ရသွားကြတယ်။

နောက်ပြီးတော့ ဝဋ်ကင်းရာနိဗ္ဗာန်ကို လိုလားတဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်ကလည်း ဝိပဿနာဉာဏ်မှာ တည်တာလည်း ရှိတယ်၊ အရိယမဂ်ဉာဏ်မှာ တည်တာလည်းရှိတယ်၊ ဝိပဿနာကို ပွားစေခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေရဲ့စိတ်ဟာ အရိယမဂ်ကိုမရောက်သေးရင် မြင်ကြား တွေ့သိရတဲ့ အာရုံတွေကို နိစ္စ, သုခ, အတ္တ အနေဖြင့် ထင်မြင်စွဲလမ်းမှု ရှိနေပေမယ်လို့ မြတ်စွာဘုရား၏ တရားကို နာရသောအခါ စသည်မှာ အနိစ္စ, ဒုက္ခ, အနတ္တ အနေဖြင့် သိမြင်လျက် ပြန်တည်နေတယ်၊ ဝိပဿနာဉာဏ် ကောင်းကောင်း ဖြစ်ဖူးတဲ့ သူတွေမှာ အလွတ်နေတဲ့အခါ သူများလိုပင် မထူးခြားဘူး ထင်ရပေမယ့် ရှုမှတ်ရန် သတိပြုမိတဲ့အခါ ရုပ် နာမ်အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တသဘောကို ပြန်ပြန်သိမြင်နေတတ်တယ်၊ အဲဒါဟာ ဝိပဿနာဆိုတဲ့နေအိမ်မှာ ပြန်ပြီးတည်နေတာပဲ။

နောက်ပြီးတော့ သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တွေမှာ ကာမရာဂ, ဗျာပါဒ မကင်းသေးဘူး၊ ဒါကြောင့် တရားနှလုံးသွင်းမှု ဆင်ခြင်မှုမရှိဘဲ အလွတ်နေတဲ့အခါမှာ သုခ, သုဘ, အနေဖြင့် ထင်မြင်ပြီး ထိုက်သည်အားလျော်စွာ ရာဂ, ဒေါသ, ဖြစ်မှုရှိနေသေးတာပဲ၊ ဒါပေမယ့် သတိပြုမိတဲ့အခါမှာ အနိစ္စ, အနတ္တ သဘောတွေ အထူးထင်ရှားပြီး ဒုက္ခ, အသုဘ, သဘောလည်း ထင်ရှားပေါ်လာတယ်၊ အဲဒါဟာ အရိယမဂ် ခဏက ပြီးစီးခဲ့တဲ့ မဂ်အသိကို ပြန်ရောက်သွားတာပဲ၊ အရိယမဂ်ဆိုတဲ့နေအိမ်ကို ပြန်ရောက်သွား

http://www.dhammadownload.com



တယ်လို့လည်း ဆိုနိုင်ပါ တယ်၊ ဒီနေရာမှာ "အရိယမဂ် တစ်ဖန်ပြန် ဖြစ်တယ်"လို့တော့ အယူမမှားကြပါစေနဲ့၊ "အရိယမဂ်ခဏက ပြီးစီးခဲ့တဲ့ အမှန်သိပြန်ဖြစ်တယ်၊ ရှုမှတ် ဆင်ခြင်ပြီး သိတဲ့အသိ ပြန်ဖြစ်တယ်"လို့သာ ယူရပါမယ်၊ အဲဒါဟာယထာဘူတဉာဏ်ကို အရိယမဂ်ဉာဏ်လို့ဖွင့်ပြတဲ့ ဉာဏဝိဘင်းအဋ္ဌကထာနှင့်အညီ ပြဆို ခြင်းဖြစ်ပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း "အလွတ်နေတဲ့အခါ သူများလိုပင် မထူးခြားပေမယ့် သတိပြုမိ ရှုမှတ်ဆင်ခြင်မိတဲ့အခါ ဝိပဿနာအသိ မျိုး၊ မဂ်ဉာဏ်ဖြင့်ပြီးတဲ့အသိမျိုး ပြန်ပြန်ဖြစ်နေတယ်"ဆိုတာဟာ အနုလောမခန္တီခေါ် တဲ့ ဝိပဿနာအာသယ၊ ယထာဘူတဉာဏ်ခေါ် တဲ့ မဂ်ဉာဏ် အာသယမှာပြန်ပြန်ပြီး ကိန်းနေပုံပါပဲ၊ ဥပမာအားဖြင့် အိမ်ကြီးအိမ်ကောင်းနဲ့တင့်တင့်တယ်တယ်နေတဲ့သူဟာ နေ့ခင်းမှာ အကြောင်းကိစ္စရှိသည်အားလျော်စွာဟိုဟိုဒီဒီ လျှောက်သွားနေရပေ မယ့် ညအိပ်ချိန်ကျတော့ ကိုယ့်နေအိမ်ကို ပြန်ရောက်နေသလိုပဲလို့ မှတ်ယူနိုင်ပါတယ်၊ အဲဒီ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဆိုတဲ့ (စိတ်၏) ကိန်းဝပ်ရာ အာသယကိုလည်း သိမြင်တော်မူပြီးတော့ မြတ်စွာ ဘုရားက သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်၊ ဒါကြောင့် လည်း မြတ်စွာဘုရား၏တရားကို နာကြားရတဲ့ ပုဂ္ဂိုလ်တွေဟာ မဂ်ဖိုလ် တရားထူးကို လျင်မြန်စွာရသွားကြတယ်။

နောက်ပြီးတော့ ကိန်းနေတဲ့ အနုသယကိလေသာ ဆိုတာက"ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ"ဆိုတဲ့ ဒီ(၇)ပါးပါပဲ၊ အဲဒီ (၇)ပါးထဲက ရာဂအားကြီးတဲ့သူ၊ ဒိဋ္ဌိအားကြီးတဲ့သူ စသည်ဖြင့် ခွဲခြားပြီး သိမြင်တော်မူတယ်၊ အဲဒီလိုသိမြင်တော့ သင့်လျော်တဲ့တရားကို ဟောတော်မူတယ်၊

http://www.dhammadownload.com



ဒါကြောင့်လည်း မြတ်စွာဘုရား၏တရားကို နာကြားရတဲ့ပုဂ္ဂိုလ်တွေဟာမဂ်ဖိုလ်တရားထူးတွေကိုလျင်မြန်စွာ ရသွားကြတာပဲ၊ ယခုပြောခဲ့တဲ့ ဣန္ဒြိယပရောပရိယတ္တဉာဏ်နှင့် အာသယာနုသယဉာဏ်ကို ဗုဒ္ဓစက္ခုလို့ခေါ်တယ်၊ မြတ်စွာဘုရားများမှာသာ ပြည့်စုံတဲ့ဉာဏ်မျက်စိဖြစ်တယ်၊ ဘုရားမှတစ်ပါးဆိုလျှင် အရှင်သာရိပုတ္တရာမှာတောင်ဒီဉာဏ် ၂-ပါးမရှိဘူး၊ ဒါကြောင့်အရှင်သာရိပုတ္တရာလည်း သတ္တဝါတို့၏ ဣန္ဒြေအနုအရင့် စသည်ကိုသိပြီး မဟောနိုင်ဘူး။

ဒါကြောင့် တစ်ခါက အရှင်သာရိပုတ္တရာဟာ တပည့်ရဟန်းတစ်ပါးကို အသုဘကမ္မဋ္ဌာန်း ပေးထားတယ်၊ တစ်ဝါတွင်းလုံး အားထုတ်စေသော်လည်း တရားကမတက်နိုင်ဘဲဖြစ်နေတယ်၊ နောက်ဆုံး ဘယ်လိုမှပြုပြင်လို့ မရတဲ့အခါကျတော့ အဲဒီရဟန်းကို မြတ်စွာဘုရားထံခေါ်သွားပြီးတော့ အကြောင်းအရာများလည်း လျှောက်ထားပြီးအပ်လိုက်တယ်၊ **အဲဒီ**အခါ မြတ်စွာဘုရားက အဲဒီ ရဟန်း၏စိတ်သဘောကို ကြည့်တော်မူပြီးတော့ တန်ခိုးဖြင့် ရွှေကြာပန်းကိုဖန်ဆင်းပြီး (လောဟိတကံ လောဟိတကံ)အနီအနီလို့နှလုံးသွင်းပြီး ကြည့်ရှုနေဖို့ ကမ္မဋ္ဌာန်းပေးလိုက်တယ်။

အဲဒီရဟန်းဟာ မြတ်စွာဘုရား ညွှန်ကြားလိုက်တဲ့အတိုင်းနှလုံးသွင်းပြီး ရွှေကြာပန်းကို ကြည့်ရှုနေရင်း လောဟိတကသိုဏ်းနိမိတ်ထင်ပြီး ဈာန် ၄-ပါးကို ရတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ရွှေကြာပန်းကို ညှိုးနွမ်းပြီးညှိုးမည်းသွားအောင် ဖန်ဆင်းလိုက်တယ်၊ အဲဒီရဟန်းဟာ သမာပတ်မှ ထလာတဲ့အခါ ရွှေကြာပန်းဖောက်ပြန်သွားတာကိုတွေ့ရသဖြင့် မိမိကိုယ်လည်း ဒီလိုဖောက်ပြန်ရမှာပဲစသည်ဖြင့်ဆင်ခြင်ပြီး ဝိပဿနာရှုနေတယ်၊ မြတ်စွာဘုရားက ကိုယ်

http://www.dhammadownload.com



တော်ကို ထင်ရှားပြတော်မူပြီး ဂါထာတစ်ပုဒ်ကိုဟောတယ်၊ အဲဒီ ဂါထာကိုကြားနာရင်း ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်ပြီး အရဟတ္တဖိုလ်သို့ ရောက်သွားပါသတဲ့။

ဒီဝတ္ထုမှာ အဲဒီရဟန်းကဘဝပေါင်းငါးရာရွှေပန်းထိမ်သည် ဖြစ်လာခဲ့တဲ့အတွက် အသန့်အပြန့်ကြိုက်နေတယ်၊ ဒါကြောင့် အသုဘကမ္မဋ္ဌာန်းမှာ စိတ်မဝင်စားလို့ သမာဓိတောင် မဖြစ်ဘဲရှိနေတယ်၊ အဲဒီရဟန်း၏ အသန့်အပြန့်ကြိုက်နေပုံကို မသိတဲ့အတွက် အရှင်သာရိပုတ္တရာက အသုဘကမ္မဋ္ဌာန်းကိုပေးတယ်၊ မြတ်စွာဘုရားကတော့ အဲဒီရဟန်း၏စိတ်အကြိုက်အာသယကို သိတော်မူတဲ့အတွက် သန့်ပြန့်တဲ့ ရွှေကြာပန်းကို လောဟိတကမ္မဋ္ဌာန်းအဖြစ် ပေးလိုက်တယ်၊ အဲဒီရွှေကြာပန်း ကမ္မဋ္ဌာန်းဟာ အဲဒီရဟန်း၏ အာသယနှင့် ကိုက်ညီနေတဲ့အတွက် နာရီ အနည်းငယ်အတွင်းမှာ ဈာန် ၄-ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ အဲဒီ ရဟန်း ရောက်သွားပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ဝဋ္ဋနိဿိတ-ဝဋ်ကိုမှီသော ဝဋ်ထဲမှာ အပျော်များသော သတ္တဝါတို့၏စိတ်ကိန်းဝပ်ရာဖြစ်တဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့အာသယနှင့် ဝိဝဋ္ဋနိဿိတ-ဝဋ်ကင်းရာ နိဗ္ဗာန်ကို မှီသော (နိဗ္ဗာန်ကို လိုလားသော) သတ္တဝါတို့၏ စိတ်ကိန်းဝပ်ရာဖြစ်တဲ့ အနုလောမိကခန္တီခေါ် ဝိပဿနာအာသယ၊ ယထာဘူတဉာဏ်ခေါ်တဲ့ မဂ်ဉာဏ်အာသယတို့ကိုသိတဲ့ဉာဏ်၊ ကာမရာဂအစရှိသော အနုသယကိုသိတဲ့ဉာဏ်၊ ဒီဉာဏ် ၂-ပါးကိုပေါင်းပြီးတော့အာသယာနုသယဉာဏ်လို့ခေါ်တယ်၊ မြတ်စွာဘုရားမှာဣန္ဒြိယပရောပရိယတ္တဉာဏ်၊ အာသယာနုသယဉာဏ်ဆိုတဲ့ဒီဗုဒ္ဓစက္ခု-ဘုရား မျက်စိနှင့်လည်း ပြည့်စုံတော်မူပါတယ်။ ဒါကြောင့်သာတာဂိရိနတ်က-

http://www.dhammadownload.com



**ဗုဒ္ဓေါ**-ငါတို့ဆရာ မြတ်စွာဘုရားသည်၊ **ဓမ္မေသု**-အလုံးစုံသော တရားတို့၌၊ **စက္ခုမာ**-ပိုင်းခြားထင်ထင် သိမြင်နိုင်သောဉာဏ်မျက်စိလည်းရှိပါသည်လို့ ဖြေကြားလိုက်ပါတယ်။

ခုတွင်ကပြောခဲ့တဲ့ မျက်စိငါးပါးထဲမှာ မံသစက္ခုဆိုတဲ့ ပကတိမျက်စိကတော့ သဘောတရားသိရေးနှင့်မဆိုင်ဘူး၊ ဒါကြောင့် "တရားတို့၌ သိမြင်တဲ့မျက်စိ"ဆိုတာ ဒိဗ္ဗစက္ခု-နတ်မျက်စိခေါ်တဲ့ အဘိညာဉ်မျက်စိရယ်၊ ပညာစက္ခု-ဉာဏ်မျက်စိခေါ်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ရယ်၊ သမန္တစက္ခု-ထက်ဝန်းကျင်မြင်တဲ့မျက်စိခေါ်တဲ့သဗ္ဗညုတဉာဏ်ရယ်၊ ဗုဒ္ဓစက္ခု-ဘုရားမျက်စိခေါ်တဲ့ဣန္ဒြိယပရောပရိယတ္တဉာဏ်နှင့်အာသယာနုသယဉာဏ်ရယ်၊ ဒီဉာဏ်မျက်စိလေးပါးကိုဆိုတာပါပဲ၊ မြတ်စွာဘုရားဟာဒီဉာဏ်မျက်စိလေးပါးနှင့် ပြည့်စုံတော်မူတဲ့အတွက်ရုပ်နာမ် အဖြစ်အပျက်အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေကို ဝိပဿနာ ပညာမျက်စိဖြင့် မြင်တော်မူတယ်၊ နိဗ္ဗာန်ကို မဂ်ပညာမျက်စိဖြင့် မြင်တော်မူတယ်၊ မဂ်ဖိုလ်စသည်ကို ပစ္စဝေက္ခဏာပညာမျက်စိဖြင့် မြင်တော်မူတယ်။

သတ္တဝါတွေသေပြီး ကံအားလျော်စွာဘဝသစ်မှာဖြစ်ကြပုံကို ဒိဗ္ဗစက္ခုခေါ်အဘိညာဉ်မျက်စိဖြင့် မြင်တော်မူတယ်၊ သတ္တဝါတို့၏ဣန္ဒြေအာသယအနုသယတို့ကို ဗုဒ္ဓစက္ခုခေါ်ဣန္ဒြိယပရောပရိယတ္တဉာဏ်နှင့် အာသယာနုသယဉာဏ်ဆိုတဲ့ ဘုရားမျက်စိဖြင့် မြင်တော်မူတယ်၊ တရားအလုံးစုံ, အကြောင်းအရာအလုံးစုံကို သမန္တစက္ခုခေါ်တဲ့သဗ္ဗညုတဉာဏ်မျက်စိဖြင့် မြင်တော်မူတယ်၊ ဒါကြောင့် "ငါတို့ဘုရားမှာ တရားတို့၌ ဉာဏ်မျက်စိများနှင့်လည်း ပြည့်စုံပါတယ်"ဆိုတဲ့ စကားဖြင့် "တရားအလုံးစုံ, အကြောင်းအရာအလုံးစုံကို သိမြင်နိုင်တဲ့ ဉာဏ်မျက်စိမျိုးစုံနှင့် ပြည့်စုံပါတယ်၊ တရားအလုံးစုံ,

http://www.dhammadownload.com



အကြောင်းအရာအလုံးစုံကို အကုန်သိမြင်တော်မူပါတယ်"လို့ ဖြေဆိုလိုက်ခြင်းဖြစ်ပါတယ်၊ အဲဒါကို "တို့ဘုရား တရားဉာဏ်လင်းကြည်"လို့ ခေါင်းစဉ်ပုဒ်စီ ထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

**တို့ဘုရား တရားဉာဏ်လင်းကြည်။ (ဆို)**

အဲဒီအဖြေဂါထာကို ရွတ်ပြပြီး အတိုချုပ်ထပ်ရှင်းပြဦးမယ်။

**န သော ရဇ္ဇတိ ကာမေသု၊**
**အထော စိတ္တံ အနာဝိလံ၊**
**သဗ္ဗ မောဟံ အတိက္ကန္တော၊**
**ဗုဒ္ဓေါ မေဓွသု စက္ခုမာ။**

**သဗ္ဗ**-အဆွေတော် ဟေမဝတနတ်မင်း၊ **သော**-ငါတို့ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ **ကာမေသု**-လိုချင်ဖွယ်အာရုံ ကာမဂုဏ်တို့၌၊ **န ရဇ္ဇတိ**-တပ်မက်ခြင်းမရှိဘဲ အမြဲပင်စင်ကြယ်ပါသည်၊ (အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့ဖြင့် လိုချင်နှစ်သက် တပ်မက်သာယာတတ်တဲ့ ရာဂဟူသမျှကို အကြွင်းမဲ့ပယ်ပြီး ဖြစ်တဲ့အတွက် မြတ်စွာဘုရားမှာ ဘယ်လိုအာရုံမှာမျှ လိုချင်နှစ်သက် တပ်မက်ခြင်း မရှိဘဲ အမြဲပင် စင်ကြယ်တော်မူပါတယ်လို့ဆိုလိုပါတယ်) **အထော**-ထို့ပြင်၊ **စိတ္တံ**-ငါတို့ဆရာဘုရား၏ စိတ်နှလုံးတော်သည်၊ **အနာဝိလံ**-နောက်ကျူခြင်းကင်းလျက် သန့်ရှင်းကြည်လင်တော်မူပါသည်။

မြတ်စွာဘုရားမှာ စိတ်ဆိုးတတ်၊ ပြစ်မှားတတ်တဲ့ ဗျာပါဒဒေါသကို အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ပယ်ပြီးဖြစ်တယ်၊ ဒေါသ၏အလေ့အလာ ဝါသနာကိုလည်း အရဟတ္တမဂ်ဖြင့် ပယ်ပြီးဖြစ်တယ်၊ ဒါကြောင့် ဘယ်လိုမုန်းစရာ၊ စိတ်ဆိုးစရာ၊ ရွံစရာအာရုံဆိုးတွေနှင့် တွေ့ရပေမယ့် စိတ်ဆိုးခြင်း၊ စိတ်ပျက်ခြင်း၊ နောက်ကျူခြင်းမရှိဘဲ

http://www.dhammadownload.com



စိတ်နှလုံးတော်ဟာ ပကတိအတိုင်း ကြည်လင်မြဲပင် ကြည်လင်အေးမြနေပါတယ်၊ မြတ်စွာဘုရား မပြောနှင့်၊ အရှင်သာရိပုတ္တရာတောင် စိတ်ဆိုးခြင်းမရှိဘဲ ကြည်လင်နေပါတယ်၊ တစ်ချိန်က အရှင်သာရိပုတ္တရာ၏ တပည့်ဒကာများက အရှင်သာရိပုတ္တရာမှာ ဒေါသကင်းကြောင်း, စိတ်မဆိုးတတ်ကြောင်း ချီးမွမ်းပြောဆိုကြတယ်၊ အဲဒီအခါ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတစ်ယောက်က သူမယုံကြည်ကြောင်း ပြောတယ်၊ ဘာသာတရားတစ်ခုကဂုဏ်ကို အခြားဘာသာဝင်တွေက မယုံကြည်တာ အထင်အမြင်သေးတာကတော့ ဓမ္မတာလိုပဲ ဖြစ်နေပါတယ်၊ ဒါကြောင့် အဲဒီပုဏ္ဏားက စိတ်ဆိုးအောင်လုပ်တဲ့သူ မရှိလို့ စိတ်မဆိုးတာ ဖြစ်မှာပါလို့လည်း ချေပပြောဆိုတယ်။

တစ်နေ့တော့ အရှင်သာရိပုတ္တရာ ဆွမ်းခံကြွလာတဲ့အခါ သူက နောက်မှလိုက်ပြီး အရှင်သာရိပုတ္တရာ၏ကျောကို လက်ဖြင့် ပြင်းထန်စွာရိုက်တယ်၊ ဒါပေမယ့် အရှင်သာရိပုတ္တရာက နောက်ကိုလှည့်ပြီးတော့တောင် မကြည့်ဘူး၊ ဣန္ဒြေမပျက် ရှေ့ကိုသာကြွမြဲကြွသွားနေတယ်၊ ဒီတော့မှ ပုဏ္ဏားမှာ ဟုတ်ပေသားပဲလို့ ယုံကြည်ပြီးတော့ သူဖြစ်မှားမိတဲ့အတွက် တစ်ကိုယ်လုံး ပူလောင်ပြီး ကန်တော့တောင်းပန်သတဲ့၊ အရှင်သာရိပုတ္တရာသာမဟုတ်ပါဘူး၊ ရဟန္တာမှန်ရင် ဒေါသကင်းပြီး စိတ်ကြည်လင်နေတာချည်းပါပဲ၊ ထူးတာကတော့ ရဟန္တာမှာ ဒေါသအလေ့အလာ ဝါသနာမကင်းဘဲ ရှိတတ်တယ်၊ မြတ်စွာဘုရားမှာတော့ ဝါသနာပါ ကင်းပြီးတော့ စိတ်နှလုံးတော်ဟာ အလွန်အကဲ ကြည်လင်မြဲကြည်လင်နေပါတယ်၊ ဒါကြောင့် ဆောင်ပုဒ်မှာ "ဒေါသပြတ်စဲ အမြဲစိတ်ကြည်"လို့ ဆိုထားတယ်။

**သော**-ငါတို့ဆရာ ထိုမြတ်စွာဘုရားသည်၊ **သဗ္ဗမောဟံ**-အလုံးစုံသော တွေဝေသိမှားမှု မောဟ အဝိဇ္ဇာဟူသမျှကို၊

http://www.dhammadownload.com



**အတိတ္တန္တော**-အရိယမဂ်လေးပါးဖြင့် ပယ်ရှားချေဖျောက်လျက် လွန်မြောက်တော်မူပါပြီ။

မောဟဆိုတာ သစ္စာလေးပါးကို အမှန်အတိုင်းမသိဘဲ အလွဲသိတာပဲ၊ ဒုက္ခသစ္စာ-ဆင်းရဲအစစ်အမှန်တရားကို ဆင်းရဲလို့ မသိဘူး၊ ဆင်းရဲလို့ မထင်ဘူး၊ ချမ်းသာလို့ ထင်မှတ်နေတယ်၊ အဲဒါအလွဲသိတာပဲ၊ ဘယ်လိုလဲဆိုရင် မြင်တိုင်းမြင်တိုင်း ထင်ရှားတွေ့ရတာတွေဟာ ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားပဲ၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ အတွက် နှစ်သက်သာယာဖွယ်, အားကိုးဖွယ် မဟုတ်ဘူး၊ မနှစ်သက်ဖွယ်, စက်ဆုပ်ဖွယ်, ကြောက်ဖွယ်ဆင်းရဲတရားပဲ၊ အဲဒါကို ဆင်းရဲ မထင်ဘူး၊ ချမ်းသာတယ်၊ ကောင်းတယ်လို့ထင်နေတယ်၊ အဲဒါ အလွဲသိတာပဲ။

ထို့အတူ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ တွေ့ထိတိုင်း၊ ကြံသိတိုင်း၊ ထင်ရှားတွေ့ရတာတွေဟာ ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေချည်းပဲ၊ ဆင်းရဲတရားတွေချည်းပဲ၊ အဲဒါတွေကိုလည်း ချမ်းသာတွေ အကောင်းတွေ ထင်နေတယ်၊ အဲဒါ အလွဲသိတာပဲ၊ နှစ်သက်စရာ အာရုံတွေကို နှစ်သက်သာယာပြီး ကြံနေတာဟာ ဘဝသစ်ဆင်းရဲတွေ ထပ်ခါထပ်ခါ ဖြစ်ပွားဖို့ရာ အကြောင်း သမုဒယသစ္စာပဲ၊ အဲဒါကိုလည်း ဆင်းရဲဖြစ်ပွားကြောင်းလို့မသိဘူး၊ မထင်ဘူး၊ အဲဒီလိုနှစ်သက်သာယာပြီး ကြံနေရတာက ချမ်းသာတယ်၊ ပျော်တယ်၊ ချမ်းသာကြောင်းပဲလို့ ထင်နေတယ်၊ အဲဒါဟာ သမုဒယသစ္စာကို အမှန်အတိုင်းမသိဘဲ အလွဲသိတာ အလွဲထင်တာပဲ၊ မောဟပဲ၊ ဘဝအသစ်မဖြစ်ပေါ်လာဘဲ ချုပ်ငြိမ်းသွားတာကို ကောင်းတယ်လို့ မထင်ဘူး၊ အသေကြီးသေသွားတယ်၊ မကောင်းဘူးလို့ ထင်နေတယ်၊ အဲဒါဟာ နိရောဓသစ္စာကို အလွဲသိတာပဲ။

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ဒါန,သီလ, ဘာဝနာအကျင့်ကို ချမ်းသာကြောင်းအကျင့်လို့ မထင်ဘူး၊ အဲဒါတွေ ကျင့်ရတဲ့အတွက် ပင်ပန်းဆင်းရဲတယ်လို့သာ ထင်နေတယ်၊ အထူးအားဖြင့် ဝိပဿနာ အလုပ်ကို အားထုတ်ရတာ ပင်ပန်းတယ်လို့သာ ထင်နေတယ်၊ အဲဒါ မဂ္ဂသစ္စာကို အလွဲသိတာပဲ၊ မောဟပဲ၊ အဲဒီလို သစ္စာလေးပါးကို အမှန် အတိုင်းမသိဘဲ အလွဲသိတဲ့ မောဟဟူသမျှကို လွန်မြောက်သွားပါပြီ၊ အဲဒီမောဟ အဝိဇ္ဇာတွေ အားလုံးကင်းပါပြီ-လို့ ဆိုလိုပါတယ်၊ အမေး မှာ ဒိဋ္ဌိ၏ မှီရာ မောဟလောက်သာရည်ပြီး မေးတယ်၊ အဖြေမှာ မောဟအလုံးစုံကို လွန်မြောက်ကြောင်း၊ မောဟအားလုံးပင် ကင်း ကြောင်း ဖြေထားပါတယ်၊ အဲဒါကို "မောဟ၊ သိမှား၊ လွန်သွားလေပြီ" လို့ ဆောင်ပုဒ်ကဆိုထားပါတယ်။

ဗုဒ္ဓေါ-ငါတို့ဆရာ မြတ်စွာဘုရားသည်၊ ဓမ္မေသု- အလုံးစုံ သောတရားတို့၌၊ စက္ခုမာ-ပိုင်းခြားထင်ထင် သိမြင်နိုင်သောဉာဏ် မျက်စိများနှင့် ပြည့်စုံတော်မူပါသည်-တဲ့၊ အဲဒီအဖြေဂါထာ ဆောင်ပုဒ် ကို ဆိုကြဦးစို့။

## သာတာဂိရိအဖြေဆောင်ပုဒ် (၄)

**ကာမဂုဏ်ထဲ တပ်စွဲကင်းသည်၊**
**ဒေါသပြတ်စဲ အမြဲစိတ်ကြည်။**
**မောဟသိမှား လွန်သွားလေပြီ၊**
**တို့ဘုရား တရားဉာဏ်လင်းကြည်။**

နောက်ဂါထာတစ်ပုဒ်ကို ဆက်ဟောရင် ပြီးမှာမဟုတ်ပါဘူး၊ ဒါပေမယ့် တရားကြေညာပေးတဲ့အနေနဲ့ နည်းနည်းတော့ စပြီးဟော လိုက်ရဦးမယ်။ ဟေမဝတနတ်က-

http://www.dhammadownload.com



(၁) ဘယ့်နှယ်လဲ အဆွေတော် သာတာဂိရိနတ်မင်း၊ သင့် ဆရာဘုရားဟာ ဝိဇ္ဇာဆိုတဲ့ ဉာဏ်ထူးများနှင့် ပြည့်စုံ ပါရဲ့လား။

(၂) စရဏဆိုတဲ့ အခြေခံအကျင့်များနှင့် ပြည့်စုံပါရဲ့ လား။

(၃) အာသဝေါကိလေသာအားလုံး ကုန်ဆုံးကင်းစင်ပါရဲ့ လား။

(၄) ဘဝတစ်ဖန် ဖြစ်ရန်မရှိတော့ဘဲ ကင်းပါရဲ့လား-လို့ မေးပါတယ်။

သာတာဂိရိနတ်က ဟေမဝတနတ်မင်း မေးတဲ့အတိုင်းပင် ၄-ချက်လုံး ပြည့်စုံတဲ့ အကြောင်းဖြေကြားပါတယ်၊ အဲဒါကို "ဝိဇ္ဇာ ဉာဏ်များ သုံးပါးရှစ်သွယ်၊ စရဏဆယ့်ငါး ကျင့်အားစုံတယ်၊ အာသဝေါခပ်သိမ်း ကုန်ငြိမ်းစင်ကြယ်၊ တရားမင်း ကင်းရှင်း နောင်ဖြစ် ဖွယ်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုပြီး ဒီကနေ့ တရား သိမ်းရမယ်။

**ဝိဇ္ဇာဉာဏ်များ သုံးပါးရှစ်သွယ်၊**
**စရဏဆယ့်ငါး ကျင့်အားစုံတယ်။**
**အာသဝေါ ခပ်သိမ်း ကုန်ငြိမ်းစင်ကြယ်၊**
**တရားမင်း ကင်းရှင်းနောင်ဖြစ်ဖွယ်။**

အဲဒါကို တန်ခူးလကွယ်နေ့ကျမှ ဆက်ပြီးဟောရမယ်၊ အဲဒီ အမေးအဖြေထဲမှာ **ဝိဇ္ဇာစရဏသမ္ပန္န**-ဂုဏ်တော်အရ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးအကြောင်းကိုလည်း ဟောရမယ်၊ အာသဝေါကိလေသာ ကုန်ခန်းပုံ၊ ဘဝအသစ်ဖြစ်ရန်မရှိတော့ဘဲ ကင်း ငြိမ်းပုံများကိုလည်း ဟောရမယ်၊ မှတ်သားဖွယ် ကြည်ညိုဖွယ်တွေ အများကြီးပါပဲ။

http://www.dhammadownload.com



ယနေ့လည်းဟေမဝတသုတ္တန်တရားတော်မှာ အချီးနိဒါန်း တောင်မပြီးသေးဘူး၊ သကြံန်၃-ရက်ကတော့ပြီးသွားပြီ၊ နိဒါန်းဆိုပေမယ့်လို့ နတ် ၂-ဦး အမေးအဖြေတွေက ကြည်ညိုမှတ်သားဖွယ်၊ ကျင့်သုံးဖွယ်တရားစကားကို ကြားနာရတာနဲ့ ရာဇဂြိုဟ်မြို့သူ ကာဠီဆိုတဲ့ အမျိုးသမီးကလေးဟာ သောတာပန်ဖြစ်သွားတာပဲ၊ သောတာပန်ဖြစ်ပုံကို ခန့်မှန်းပြောရရင် ဘုရားဂုဏ်တော်တွေကို ကြားရတော့ ဗုဒ္ဓမြတ်စွာဘုရားဆိုတာ ဒီလို ဒီလို ဂုဏ်ကျေးဇူးတော်တွေနဲ့ ပြည့်စုံတော်မူပါပေတယ်လို့ နှလုံးသွင်းကြည်ညိုရင်း ဝမ်းမြောက်တဲ့ ပီတိတွေဖြစ် လာတယ်၊ အဲဒီပီတိကို ရှုရင်း အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောကို သိမြင်ပြီး ဝိပဿနာဉာဏ် အဆင့်ဆင့် ဖြစ်တယ်၊ အဲဒီလို ဝိပဿနာဉာဏ်တွေ ဖြစ်ပြီးတော့ သောတာပတ္တိမဂ်ဖိုလ်ဉာဏ်များဖြစ်ပြီး သောတာပန် ဖြစ်သွားတယ်လို့ ယူသင့်ပါတယ်။

ယခုယောဂီတွေလည်း တရားနာရင်းဖြစ်စေ၊ ရှုမှတ်နေရင်း ဖြစ်စေ၊ ဖြိုးဖြိုးဖျဉ်းဖျဉ်းနဲ့ ပီတိတွေ ဖြစ်လာတဲ့အခါမှာ အဲဒီပီတိကို ရှုမှတ်ပြီးတော့ မဂ်ဖိုလ်ကို ရောက်နိုင်ပါတယ်၊ အဲဒီ ကာဠီဆိုတဲ့ အမျိုးသမီးဟာ လူမိန်းမထဲက ပထမဆုံးသောတာပန်ဖြစ်တဲ့ အမျိုးသမီးပါပဲ၊ အဲဒီတုန်းက နတ် ၂-ဦး စကားပြောနေတာလည်း ဘုန်းကြီး ယခု ဟောတာလောက် ကြာမှာမဟုတ်ဘူး၊ သူ့မှာ တစ်ဆင့်ကြားမှုဖြင့် တရားထူးရမည့် ပါရမီရှင်ဖြစ်နေတဲ့အတွက် နတ်စကားကိုလည်း ကြားရတယ်၊ အဲဒါကို ကြားပြီး မကြာမီ အတွင်းမှာ သောတာပန်လည်း ဖြစ်သွားရတယ်၊ အံ့သြစရာပါပဲ၊ ကဲ-တရားသိမ်းကြစို့။

ဤဟေဝမတသုတ္တန်တရားတော်၏ အချီးနိဒါန်းတရားကို

http://www.dhammadownload.com



ရှိသေစွာနာကြားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ဤနိဒါန်း ဒေသနာ၌ ပြဆိုထားသော ဘုရားဂုဏ်တော်တို့၌ ကြည်ညိုသော သဒ္ဓါတရားကို ပွားစေကြ၍လည်းကောင်း၊ အတုယူ၍ ကျင့်ထိုက်သောတရားတို့ကို ကျင့်သုံးပွားများ အားထုတ်ကြ၍လည်းကောင်း ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု

**ဟေမဝတသုတ္တန်တရားတော် တတိယပိုင်းပြီး၏။**

http://www.dhammadownload.com

# ဟေမဝတသုတ္တန်တရားတော်
## စတုတ္ထပိုင်း
## ၁၃၂၅-ခုနှစ်၊ တန်ခူးလကွယ်နေ့
## ဟောသည်။

## တရားအနှုသစ္စေ

ဟေမဝတသုတ္တန်တရားတော်ကို ဟောလာတာ ၃-ရက်ရှိပြီ၊ အချီးနိဒါန်းသက်သက်မှာ ၁၆-ဂါထာရှိတဲ့အနက်က ၉-ဂါထာပဲ ပြီးသေးတယ်၊ ၇-ဂါထာကျန်သေးတယ်၊ ဒီကနေ့ စတုတ္ထမြောက်ရက်ပဲ၊ ၁၃၂၅-ခုနှစ်၊ နှစ်ဦးတန်ခူးလကွယ်နေ့ ဖြစ်တယ်၊ ဒီကနေ့ ဟေမဝတနတ်က မေးတဲ့ **ဆယ်ခုမြောက်** ဂါထာကစပြီးဟောရမယ်၊ ရှေးကဖြေခဲ့တဲ့ စကားများဖြင့်ပင် သမ္မာသမ္ဗုဒ္ဓ-ဘုရားအစစ်ဖြစ်ကြောင်း ထင်ရှားနေပါပြီ၊ ဒါပေမယ့် ဟေမဝတနတ်က ဝိဇ္ဇာစရဏသမ္ပန္နဂုဏ် စသည်နဲ့ထပ်ပြီး မေးပြန်ပါတယ်။ သူမေးပုံကတော့-

http://www.dhammadownload.com



## ဟေမဝတနတ်၏ စိစစ်ပုံ (၅)

**ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော၊ ကစ္စိ သံသုဒ္ဓစာရဏော။**
**ကစ္စိ'ဿ အာသဝါ ခီဏာ၊ ကစ္စိ နတ္ထိ ပုနဗ္ဘဝေါ။**

**သမ္မ**-အဆွေတော် သာတာဂိရိနတ်မင်း၊ **ကစ္စိ**-အသို့နည်း၊ **သော**-သင်တို့၏ဆရာဖြစ်သော ထိုဂေါတမဘုရားသည်၊ **ဝိဇ္ဇာယ သမ္ပန္နော**-ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံပါ၏လော၊ **ကစ္စိ**-အသို့နည်း၊ သံသုဒ္ဓ စာရဏော-ကောင်းစွာစင်ကြယ်သော အခြေခံအကျင့်များ စရဏတရားနှင့် ပြည့်စုံပါ၏လော၊ **ကစ္စိ**-အသို့နည်း၊ **အဿ**-သင်တို့ဆရာ ဖြစ်သော ထိုမြတ်စွာဘုရား၏၊ **သန္တာနေ**-သန္တာန်၌၊ **အာသဝါ**-အာသဝေါတရားတို့သည်၊ **ခီဏာ**-ကုန်ခန်းကင်းစင်ပါ၏လော၊ **ကစ္စိ**-အသို့နည်း၊ **အဿ**-သင်တို့ဆရာဖြစ်သော ထိုမြတ်စွာဘုရားအား၊ **ပုနဗ္ဘဝေါ**-တစ်ဖန်ဖြစ်မည့်ဘဝသည်၊ **နတ္ထိ**-မရှိတော့ဘဲ ကင်းပါ၏လောလို့ မေးခွန်းလေးချက်ကို ထပ်ပြီးမေးပြန်ပါတယ်၊ အဲဒီမေးခွန်းလေးချက်ကို သာတာဂိရိနတ်က ဒီလိုဖြေကြားလိုက်ပါတယ်။

## သာတာဂိရိ အဖြေ (၅)

**ဝိဇ္ဇာယ စေဝ သမ္ပန္နော၊ အထော သံသုဒ္ဓစာရဏော။**
**သဗ္ဗ'ဿ အာသဝါ ခီဏာ၊ နတ္ထိ တဿ ပုနဗ္ဘဝေါ။**

**သမ္မ**- အဆွေတော် ဟေမဝတနတ်မင်း၊ **သော**-ငါတို့၏ ဆရာဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **ဝိဇ္ဇာယ စေဝ သမ္ပန္နော**-ဝိဇ္ဇာမည်သော ဉာဏ်ထူးများနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဝိဇ္ဇာဆိုတာ ထူးခြားတဲ့ အသိဉာဏ်တွေပါပဲ၊ အဲဒီ ဝိဇ္ဇာ

http://www.dhammadownload.com



ဉာဏ်ထူးတွေက သုံးပါးလည်းရှိတယ်၊ ရှစ်ပါးလည်းရှိတယ်၊ အဲဒီ သုံးပါး ရှစ်ပါး အပြားရှိတဲ့ ဝိဇ္ဇာဉာဏ်ထူးအားလုံးနဲ့ ပြည့်စုံတော်မူပါတယ်လို့ ဆိုလိုပါတယ်။

**အထော**-ထို့ပြင်၊ **သံသုဒ္ဓစာရဏော**-ကောင်းစွာ စင်ကြယ်သော အခြေခံအကျင့်များ စရဏတရားနှင့်လည်း ပြည့်စုံတော်မူပါပေ၏၊ (မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းဖြစ်တဲ့ အခြေခံ အကျင့်တရားတွေနဲ့လည်း လုံးဝပြည့်စုံတော်မူပါတယ်လို့ ဆိုလိုပါတယ်)

**အဿ**-ငါတို့ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရား၏ **သန္တာနေ**-သန္တာန်၌၊ **သဗ္ဗေအာသဝါ**-အလုံးစုံသော ကိလေသာ အာသဝေါတရားတို့သည်၊ **ခီဏာ**-ကုန်ခန်းကင်းကွာ စင်ကြယ်ပါကုန်၏၊ (မြတ်စွာဘုရား၏ သန္တာန်မှာ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဆိုတဲ့ အာသဝေါ ကိလေသာတရားတွေ အကြွင်းမဲ့အလုံးစုံပင် ကုန်ခန်းစင်ကြယ်နေပါပြီလို့ ဆိုလိုပါတယ်၊) **တဿ**-ငါတို့ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား၊ **ပုနဗ္ဘဝေါ**-တစ်ဖန်ဖြစ်ရမည့် ဘဝသစ်သည်၊ **နတ္ထိ**-မရှိတော့ပါပြီ၊ (ငါတို့ဆရာမြတ်စွာဘုရားမှာ တစ်ဖန်ဖြစ်ရမည့် ဘဝသစ်လည်း မရှိတော့ပါဘူး၊ ဘဝသစ်မှာ တစ်ဖန်ဖြစ်ဖို့ မရှိတော့ပါဘူးလို့ ဖြေကြားလိုက်ပါတယ်။)

အဲဒီအမေးလေးချက်ကို ရဲရဲရင့်ရင့် ဖြေနိုင်တာဟာ ဘာကြောင့်လည်းဆိုရင် ဓမ္မစကြာတရားထဲမှာ မြတ်စွာဘုရားက ဝန်ခံပြီးဟောတော်မူတာကို ကြားနာရတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်၊ ဘယ်လိုလည်းဆိုရင် ဓမ္မစကြာတရားထဲမှာ မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို ပွားစေပြီးဖြစ်ကြောင်း မြတ်စွာဘုရားက ဝန်ခံတော်မူတယ်၊ အဲဒီ မဂ္ဂင် ရှစ်ပါးထဲမှာ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဆိုတာ

http://www.dhammadownload.com



ပညာမဂ္ဂင်ပဲ၊ ဝိဇ္ဇာခေါ်တဲ့ ဉာဏ်ထူးတရားပဲ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဆိုတဲ့ မဂ္ဂင်သုံးပါးက သီလမဂ္ဂင်ပဲ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်သုံးပါးက သမာဓိမဂ္ဂင်ပဲ၊ အဲဒီသီလ,သမာဓိမဂ္ဂင် ၆-ပါးကစရဏခေါ်တဲ့ အခြေခံအကျင့်တရားတွေပဲ၊ နောက်ပြီးတော့ အဲဒီ ဓမ္မစကြာတရားထဲမှာ သမ္မာသမ္ဗုဒ္ဓလို့ ဝန်ခံတော်မူချက်လည်းပါတယ်၊ အဲဒီ ဝန်ခံတော်မူချက်အရ သမ္မာသမ္ဗုဒ္ဓ ဘုရားအစစ်ဖြစ်ရင် ဝိဇ္ဇာ ဉာဏ်ထူးတွေ စရဏ အခြေခံအကျင့်တွေနဲ့ အကုန်လုံး ပြည့်စုံတော့တာပဲ၊ ဒါကြောင့် သာတာဂိရိနတ်က ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူကြောင်း ရဲရဲရင့်ရင့် ဖြေကြားနိုင်ခြင်းဖြစ်ပါတယ်။

နောက်ပြီးတော့ တတိယမေးခွန်းအရ အာသဝေါကိလေသာတွေ ကင်းကြောင်း ဖြေကြားနိုင်တာကလဲ အဲဒီဓမ္မစကြာတရားထဲမှာ သမုဒယသစ္စာကို ပယ်ပြီးဖြစ်ကြောင်း ဝန်ခံတာနဲ့ သမ္မာသမ္ဗုဒ္ဓဖြစ်ကြောင်း ဝန်ခံတာ ဒီ၂-ချက်ကို အမှီပြုပြီး ဖြေကြားနိုင်တာပါပဲ၊ အဲဒီမှာ သမုဒယသစ္စာကို အကြွင်းမဲ့ပယ်လိုက်ရင် အာသဝေါကိလေသာဟူသမျှ အကုန်ကင်းတော့တာပဲ၊ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ရင်လည်း ဝါသနာနှင့်တကွ အာသဝေါကိလေသာတွေ အကုန်ကင်းတော့တာပဲ၊ ဒါကြောင့် မြတ်စွာဘုရားမှာ အာသဝေါ ကိလေသာတွေ ကုန်ခန်းကင်း ကွာတဲ့အကြောင်း သာတာဂိရိနတ်က ရဲရဲရင့်ရင့် ဖြေကြားလိုက်ခြင်း ဖြစ်ပါတယ်။

မြတ်စွာဘုရားမှာ တစ်ဖန်ဖြစ်ရမည့် ဘဝအသစ်မရှိတော့ဘူးဆိုတဲ့ နောက်ဆုံးစတုတ္ထအဖြေကတော့ မြတ်စွာဘုရားက ဓမ္မစကြာတရားထဲမှာ "**ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ**"လို့

http://www.dhammadownload.com



ဝန်ခံတော်မူတဲ့ အတိုင်း ဖြေကြားချက်ပါပဲ၊ အဲဒီမှာ မြတ်စွာဘုရားက"**မေ-ငါ၏၊ ဝိမုတ္တိ**-ကိလေသာမှ လွတ်ခြင်းသည်၊ **ဝါ**-ကိလေသာမှ လွတ်သော အရဟတ္တဖိုလ်သည်၊ **အကုပ္ပါ**-မပျက်နိုင်တော့ပြီ၊ (အခိုက်အတန့်တစ်ခဏမျှလွတ်တဲ့ တဒင်္ဂဝိမုတ္တိမျိုးလည်း မဟုတ်ဘူး၊ အချိန်ကာလအတော် အတန်ကြာရုံမျှ ဝေးကွာနေတဲ့ ဝိက္ခမ္ဘနဝိမုတ္တိမျိုးလည်း မဟုတ်ဘူး၊ အပြီး အငြိမ်း အပြတ်တမ်းလွတ်တဲ့ သမုစ္ဆေဒ၊ ပဋိပ္ပဿဒ္ဓိလွတ်ခြင်းဖြစ်တယ်လို့ ဆိုလိုပါတယ်။)

**အယံ**-ယခုလက်ရှိဘဝသည်၊ **အန္တိမ ဇာတိ**-အဆုံးစွန်ဘဝပေတည်း၊ **ဣဒါနိ**-ယခုအခါ၌၊ **ပုနဗ္ဘဝေါ**-တစ်ဖန်ဖြစ်ရမည့် ဘဝသည်၊ **ဝါ**-ဘဝအသစ်ဖြစ်ရခြင်းသည်၊ **နတ္ထိ**-မရှိတော့ပြီ၊ **ဣတိ**-ဤသို့၊ **မေ-**ငါအား၊ ဉာဏဒဿနံ၊ ဆင်ခြင်၍ မြင်သိသော ပစ္စဝေက္ခဏာဉာဏ် အမြင်သည်၊ **ဥဒပါဒိ**- ထင်ရှားဖြစ်ပေါ်ခဲ့ပေပြီ" လို့ ဒီလိုအထင်အရှား ဝန်ခံတော်မူခဲ့ပါတယ်၊ ဒါကြောင့် သာတာဂိရိနတ်က "ငါတို့မြတ်စွာဘုရားမှာ တစ်ဖန်ဖြစ်ရမည့် ဘဝအသစ် မရှိတော့ဘူး" လို့ ရဲရဲရင့်ရင့် ဖြေကြားလိုက်ခြင်းဖြစ်ပါတယ်၊ အဲဒီ သာတာဂိရိနတ်၏အဖြေကို တိုတိုနဲ့ မှတ်ရအောင် ဆောင်ပုဒ်စီထားတယ်-

**သာတာဂိရိ အဖြေဆောင်ပုဒ် (၅)**

**ဝိဇ္ဇာဉာဏ်များ သုံးပါးရှစ်သွယ်၊**
**စရဏ ဆယ့်ငါး ကျင့်အားစုံတယ်၊**
**အာသဝေါခပ်သိမ်း ကုန်ငြိမ်းစင်ကြယ်၊**
**တရားမင်း ကင်းရှင်း နောင်ဖြစ်ဖွယ်-တဲ့။**

http://www.dhammadownload.com



## ဝိဇ္ဇာသုံးပါး

အဲဒီဆောင်ပုဒ်ထဲမှာဝိဇ္ဇာဉာဏ်များ သုံးပါးရှစ်သွယ်ဆိုတာက ဝိဇ္ဇာဉာဏ်ထူးသုံးပါး၊ ဝိဇ္ဇာဉာဏ်ထူးရှစ်ပါး၊ ရှိတယ်လို့ ဆိုလိုတယ်၊ အဲဒါကို နောက်နားက စုံတယ်ဆိုတဲ့စကားနဲ့ ဆက်စပ်လိုက်တဲ့အခါ အဲဒီ ဝိဇ္ဇာဉာဏ်ထူးသုံးပါး, ရှစ်ပါးတွေဟာ အကုန်လုံး စုံလင်တယ် ပြည့်စုံတယ်လို့ အနက်ရပါတယ်၊ အဲဒီ သုံးပါး, ရှစ်ပါး အရ သရုပ်ဖော်ဖို့လိုပါတယ်၊ ဒါကြောင့် ဆောင်ပုဒ် စာရွက်ထဲမှာ (က) အမှတ်ဖြင့် "သုံးပါးဝိဇ္ဇာ၊ ပု-ဒိ-အာ၊ ပညာဉာဏ်မျက်စိ"လို့ ဖော်ပြထားတယ်၊ အဲဒီမှာ ပု-ဒိ-အာဆိုတာ ဝိဇ္ဇာသုံးပါး၏ အတိုကောက်သင်္ကေတများပဲ၊ အရှည်ကတော့ ပု-အရက ပုဗ္ဗေနိဝါသဉာဏ်တဲ့၊ ဒိ-အရက ဒိဗ္ဗစက္ခု ဉာဏ်တဲ့၊ အာ-အရက အာသဝက္ခယဉာဏ်တဲ့၊ အဲဒီ ဝိဇ္ဇာဉာဏ်သုံးပါးကို တစ်ခုချင်းရှင်းပြသွားမယ်။

## ပုဗ္ဗေနိဝါသဉာဏ်

အက္ခရာ အပြည့်အစုံဆိုရင်တော့ **ပု**-က ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တဲ့၊ **ပုဗ္ဗေ**-ရှေးရှေးဘဝများ၌+ **နိဝါသ**-နေထိုင်ခဲ့ဖူး၊ ဖြစ်ခဲ့ဖူးတာတွေကို+ **အနုဿတိဉာဏ**-တစ်ဖန်ပြန်၍ အောက်မေ့နိုင်သိမြင်နိုင်တဲ့ဉာဏ်-**ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**-ရှေးရှေးဘဝဟောင်းများ၌ နေထိုင်ခဲ့ဖူး, ဖြစ်ခဲ့ဖူးတာတွေကို ပြန်လည်ပြီး အောက်မေ့နိုင်၊ သိမြင်နိုင်တဲ့ဉာဏ်တဲ့။ မြတ်စွာဘုရားဟာ ဒီဉာဏ်ကို ဘုရားဖြစ်တော်မူမည့် ကဆုန်လပြည့်နေ့ ညဦးယံမှာ ရတော်မူပါတယ်၊ အဲဒီအချိန်ကတည်းကစပြီး ရှေးဘဝဟောင်းများက အကြောင်းအရာတွေကို အောက်မေ့ဆင်ခြင်ပြီး သိတော်မူလာခဲ့ပါတယ်။

http://www.dhammadownload.com



## ဒိဗ္ဗစက္ခုဉာဏ်

**ဒိဗ္ဗ**-နတ်ပြည်လောကဌ် ဖြစ်သော+**စက္ခု**-မျက်စိသဖွယ် မြင်နိုင်သော+**ဉာဏ**-အသိဉာဏ်၊**ဒိဗ္ဗစက္ခုဉာဏ**-နတ်မျက်စိကဲ့သို့ ပင် သိမြင်နိုင်သောဉာဏ်တဲ့။ နတ်မျက်စိကို ဥပမာပြု ပြောရတာက တော့ သူ့ထက်ထင်ရှားတဲ့ ဥပမာမရှိလို့ ပြောရတာပါပဲ၊ အမှန်က တော့ ဒီဉာဏ်က နတ်မျက်စိထက် အမြင်သာပါတယ်၊ နတ်မျက်စိ ဖြင့် မမြင်နိုင်တာကိုလည်း ဒီဉာဏ်ဖြင့် မြင်နိုင်ပါတယ်၊ ဒီဉာဏ်ရတဲ့ သူဟာ ဆင်ခြင်ကြည့်လိုက်ရင် ယူဇနာပေါင်း မိုင်ပေါင်း သိန်းသန်း ကုဋေမက ဝေးတဲ့အရပ်က အဆင်းတွေ အရာဝတ္ထုတွေ ပုဂ္ဂိုလ်တွေ ကို မြင်နိုင်တယ်၊ လူ့မျက်စိနဲ့ မမြင်နိုင်တဲ့ အလွန်သိမ်မွေ့တဲ့ ရုပ်တွေကိုလည်း မြင်နိုင်တယ်၊ နံရံ၊ တောင် စသည်ဖြင့် ကွယ်ခြား နေတဲ့ ရုပ်အဆင်း တွေကိုလည်း မြင်နိုင်တယ်၊ ငရဲဘုံ၊ ငရဲသတ္တဝါ တွေကိုလည်း မြင်နိုင်တယ်၊ ပြိတ္တာတွေကိုလည်း မြင်နိုင်တယ်၊ နတ်တွေ ဗြဟ္မာတွေကိုလည်း မြင်နိုင်တယ်၊ အကုသိုလ်ကံရှိတဲ့သူ တွေ သေပြီးတဲ့အခါ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေမှာ ဖြစ်နေကြတာ ကိုလည်း မြင်နိုင်တယ်၊ ကုသိုလ်ကံရှိတဲ့သူတွေ သေပြီးတဲ့အခါ လူ့ ဘဝ နတ်ဘဝမှာ ဖြစ်နေကြတာကိုလည်း မြင်နိုင်တယ်။

ပကတိ လူတို့၏ မျက်စိနဲ့ဆိုရင် အနီးအပါးမှာ ရှိနေကြတဲ့ ရုက္ခစိုးတို့၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ ဆိုတာတွေ တောင် မမြင်နိုင်ဘူး၊ အဲဒီလို မမြင်နိုင်တဲ့အတွက် နတ်ဆိုတာ မရှိဘူးလို့တောင် တချို့ကပြောနေကြသေးတယ်၊ ဒါပေမယ့် အဲဒီလို ပြောတဲ့သူတွေဟာ ခြောက်လှန့်တတ် ပြုစားတတ်တဲ့အရပ်တို့ သစ်ပင်တို့၊ အိမ်တို့၊ အဲဒီလို နေရာများကိုတော့ သွားနေဝံ့ကြမှာ မဟုတ်ပါဘူး၊ အဲဒီလိုနေရာတွေကို မရှိမသေလည်း လုပ်ဝံ့ကြမှာ

http://www.dhammadownload.com



မဟုတ်ပါဘူး၊ နတ်တို့, ဥစ္စာစောင့်တို့, တစ္ဆေတို့ ဆိုတာတွေက တစ်ခါတစ်ရံ ပြကြ ခြောက်ကြတယ်၊ အဲဒီလိုအခါကျမှ တွေ့မြင်ကြရတယ်၊ ခြောက်တယ်ဆိုတာတွေဟာ တချို့လည်း နတ်တွေပါပဲ၊ မေတ္တာသုတ်ဟောရခြင်း၏ အကြောင်းဝတ္ထုထဲမှာ တောကျောင်းနေရဟန်းများကို အမျိုးမျိုး အထွေထွေပြပြီး ခြောက်တယ်ဆိုတာဟာ အဲဒီတောအရပ်က ရုက္ခစိုး နတ်တွေပါပဲ။

ပြိတ္တာတွေက ခြောက်တာလည်းရှိတယ်၊ ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားနှင့်သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းပြီးတဲ့နောက် ညအခါမှာသူ့နန်းတော် အိမ်တော်အတွင်း ခြောက်ကြတယ်ဆိုတာတွေဟာ ပြိတ္တာတွေပဲ၊ အဲဒီပြိတ္တာတွေက ဗိမ္ဗိသာရမင်းကြီးလှူဒါန်းပြီး အမျှဝေတဲ့အခါမှာ စားသုံးဖွယ်တွေကို ရလိမ့်မယ်လို့ ကဿပမြတ်စွာဘုရားထံကကြားရလို့ အဲဒီမင်းကြီး အလှူမှာ သာဓုခေါ်ဖို့လာရောက်ပြီး စောင့်မျှော်နေကြတယ်၊ ဗိမ္ဗိသာရမင်းကြီးကလည်း အကြောင်းမသိလို့အမျှမဝေမိဘူး၊ ဒါကြောင့် သူတို့က သူတို့ရှိနေမှန်းသိအောင် ပြကြ ခြောက်ကြတယ်။

အဲဒီအကြောင်းကို မြတ်စွာဘုရားအားလျှောက်လို့ မြတ်စွာဘုရားက ၉၂-ကမ္ဘာထက်က ဆွေမျိုးတော်ခဲ့ဘူးတဲ့ ပြိတ္တာတွေဖြစ်ကြောင်း၊ ယမန်နေ့ကအလှူမှာ အမျှမပေးဝေခဲ့တဲ့အတွက် ပြကြ ခြောက်ကြခြင်းဖြစ်ကြောင်းများကို အမိန့်ရှိတဲ့အတွက် နောက်နေ့မှာမင်းကြီးက ဘုရားအမှူးရှိတဲ့သံဃာ တော်များအား ဆွမ်းကပ်လှူပြီးအမျှပေးဝေလိုက်တယ်၊ အဲဒီအခါ အဲဒီပြိတ္တာတွေက သာဓုခေါ်ပြီးတော့ချက်ချင်းပဲနတ်ဒ္ဒဖြစ်သော စားသုံးဖွယ်တွေကို ရသွားကြတယ်၊ဒါကြောင့် တစ္ဆေခြောက်တယ် ဆိုတာဟာ နတ်က ခြောက်တာလည်းရှိတယ်၊ ပြိတ္တာက ခြောက်တာလည်းရှိတယ်၊

http://www.dhammadownload.com



ဥစ္စာစောင့်ဆိုတဲ့ နတ်တစ်မျိုးကလည်းတစ်ခါတစ်ရံပြတတ်ကြတယ်၊ ခြောက်လည်းခြောက်တတ်ကြတယ်၊ အဲဒီလို နတ်တွေ ပြိတ္တာတွေ တစ္ဆေတွေဟာ အနီးအပါးမှာ ရှိနေပေမယ့်လို့ လူ့မျက်စိနဲ့တော့ မမြင်နိုင်ဘူး၊ ဒိဗ္ဗစက္ခုခေါ်တဲ့ အဘိညာဉ်မျက်စိနဲ့မှ မြင်နိုင်တယ်။

## ဒိဗ္ဗစက္ခုဖြင့် ပြိတ္တာတွေကို မြင်သည်

မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက အရှင်မဟာ **မောဂ္ဂလာန်**ဟာ **အရှင်လက္ခဏ**နှင့်အတူ **ဂိဇ္ဈကုဋ်တောင်**မှ ဆွမ်းခံကြွဖို့ ဆင်းလာစဉ် လမ်းခုလတ်မှာ ပြိတ္တာတွေကို မြင်ရတယ်၊ အရိုးစု ပြိတ္တာလည်းရှိတယ်၊ အသားစုသက်သက် ပြိတ္တာလည်းရှိတယ်၊ မီးလောင်ခံနေရတဲ့ ပြိတ္တာလည်းရှိတယ်၊ ပြိတ္တာတွေ အမျိုးစုံပါပဲ၊ အရိုးစု, အသားစုပြိတ္တာတွေကို သူတို့၏ ကံအားလျော်စွာ ဖြစ်နေကြတဲ့ ကျီးအထူးတွေ၊ လင်းတအထူးတွေ၊ စွန်အထူးတွေက လိုက်ပြီး ထိုးကြ ဆိတ်ကြတယ်၊ ပြိတ္တာတွေက နာကျင်လွန်းလို့ ဟစ်အော်မြည်တမ်းပြီး ကောင်းကင်မှာ ပြေးသွားနေကြတယ်၊ အဲဒါတွေကို မြင်ရတော့ **အရှင်မဟာမောဂ္ဂလာန်**က မိမိမှာ ဒီလိုဆင်းရဲရမည့် ဘဝမျိုး ကင်းပေပြီလို့ ဆင်ခြင်မိတဲ့အတွက် ဝမ်းမြောက်ပြီး ပြုံးမိပါသတဲ့၊ အဲဒီလိုပြုံးတဲ့အခါ **အရှင်လက္ခဏ**က ဘာကြောင့်ပြုံးပါသလဲလို့ မေးတယ်၊ သူကတော့ ပြိတ္တာ တွေကိုမမြင်ရလို့ မသိတဲ့အတွက် မေးတာပါပဲ၊ ဒီတော့ **အရှင်မဟာမောဂ္ဂလာန်**က ဆွမ်းခံပြန်ပြီးတဲ့နောက် မြတ်စွာဘုရားထံရောက်မှ မေးပါလို့ပြောပြီး ဆွမ်းခံဖို့ သွားမြဲပဲ ဆက်ပြီးကြွသွားတယ်။

ဆွမ်းခံခြင်း၊ ဆွမ်းဘုဉ်းပေးခြင်းကိစ္စများပြီးတဲ့နောက် မြတ်စွာဘုရားထံရောက်တဲ့အခါ**အရှင်လက္ခဏ**က "**ဂိဇ္ဈကုဋ်တောင်**မှ

http://www.dhammadownload.com



အဆင်းမှာ ဘာကြောင့်ပြုံးပါသလဲ"လို့ မေးတယ်၊ **အရှင်မဟာမောဂ္ဂလာန်**က ထူးဆန်းတဲ့ပြိတ္တာသတ္တဝါကို မြင်ရလို့ ပြုံးတဲ့ အကြောင်း ဖြေကြားတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက ဒီလို မိန့်တော်မူပါတယ်၊ "ငါ၏တပည့်သာဝကများဟာပညာမျက်စိနှင့် ပြည့်စုံကြပါပေတယ်၊ ပကတိမျက်စိဖြင့် မမြင်နိုင်တဲ့ ဒီလိုပြိတ္တာသတ္တဝါကို သိပါပေတယ်၊ မြင်ပါပေတယ်၊ ပြိတ္တာအကြောင်း ဟောဖို့ရာ မျက်မြင်သက်သေခံခြင်းကို ပြုနိုင်ပါပေတယ်၊ အဲဒီ ပြိတ္တာသတ္တဝါကို ဘုရားဖြစ်မည့်ညဥ့်က ဗောဓိပင်အောက်အပရာဇိတပလ္လင်ထက်မှာ ထိုင်နေခဲ့စဉ်ကပင် ငါမြင်ခဲ့ပြီးဖြစ်တယ်၊ သို့သော် မယုံတဲ့သူတွေမှာ ပြစ်မှားပြီး အကုသိုလ်ပွားလျက် ဒုက္ခရောက်ကြမည်ကိုငဲ့ပြီး ဒီပြိတ္တာအကြောင်းကို မဟောခဲ့သေးဘူး ထိုသတ္တဝါဟာ ဣရာဇဂြိုဟ်မြို့၌ပင် နွားသတ် သမားဖြစ်ခဲ့တယ်၊ ထိုမကောင်းမှုကြောင့် ငရဲ၌ အနှစ်သိန်းပေါင်းများစွာ ခံခဲ့ရပြီးနောက် ထိုကံကြွင်းကြောင့် ဒီလိုဆင်းရဲတဲ့ ပြိတ္တာ ဖြစ်နေရတယ်၊ **မောဂ္ဂလာန်** ပြောတဲ့အတိုင်း မှန်ပေတယ်"လို့ မြတ်စွာဘုရားက မိန့်မြွက်ဟောကြားတော်မူပါတယ်။

အဲဒီလို **အရှင်မောဂ္ဂလာန်** ပြုံးတဲ့အကြောင်းနှင့်စပ်ပြီး ပြထားတဲ့ ပြိတ္တာတွေကတော့ အမျိုးပေါင်း နှစ်ဆယ်တောင်မကဘူး အများကြီးပါပဲ၊ တချို့ပြိတ္တာမှာ ဓား၊ လှံ၊ လက်နက်တွေ၊ မြားတွေ အပ်တွေက သူတို့ကိုယ်ပေါ်ကျရောက်ပြီး သူတို့ကိုယ်ကိုဖောက်ထွင်းဖောက်ထွင်းသွားတယ်၊ တချို့ပြိတ္တာမှာ သံတုံးသံခဲတွေက သူ့ကိုယ်ပေါ်ကျကျပြီး သူတို့ကိုယ်ကို ဖောက်ထွင်းဖောက်ထွင်းသွားတယ်၊ အဲဒီလို ပြိတ္တာတွေဟာ အလွန်နာကျင်တဲ့အတွက် မခံမရပ်နိုင်ဖြစ်ပြီး

http://www.dhammadownload.com



ဟစ်အော်မြည်တမ်းရင်း ပြေးသွားနေရတယ်၊ အဲဒါကို အဲဒီအရပ်မှာ ရှိနေတဲ့လူတွေက မမြင်ကြဘူး၊ **အရှင်လက္ခဏ**ကလည်း မမြင်ဘူး၊ အဲဒီ လက်နက်တွေမြားတွေ အပ်တွေ ခဲတွေဆိုတာလည်း လူတွေ အပေါ်တော့ မကျဘူး၊ အဲဒီပြိတ္တာတွေအပေါ်မှာသာ ကျတယ်၊ နောက်ပြီးတော့ အဲဒီလိုပြိတ္တာတွေဟာ **ဂိဇ္ဈကုဋ်တောင်**မှာသာ ရှိတာမဟုတ်ဘူး၊ တခြားအရပ်တွေမှာလည်း အလားတူ မကောင်းမှုပြုကြတဲ့သူတွေဟာ သူတို့ ပြုရာအရပ်မှာ ပြိတ္တာတွေဖြစ်ပြီး ရှိနေနိုင်တာပဲ၊ ဒါပေမယ့် ပကတိမျက်စိနဲ့တော့ မမြင်နိုင်ဘူး၊ အဘိညာဉ်မျက်စိနဲ့သာ မြင်နိုင်တယ်။

ဒိဗ္ဗစက္ခု အဘိညာဉ်မျက်စိကတော့ ပြိတ္တာတွေသာ မဟုတ်ဘူး၊ ငရဲသတ္တဝါတွေရော နတ်ပြဟ္မာတွေရော အခြားသတ္တဝါတွေ အရာဝတ္ထုတွေရော မြင်နိုင်တယ်၊ **အရှင်အနုရုဒ္ဓါ**ဟာ ဒီအဘိညာဉ်မျက်စိဖြင့် စကြဝဠာတစ်ထောင်ကို တစ်ပြိုင်နက် မြင်နိုင်တယ်၊ မြတ်စွာဘုရားကတော့ အလိုရှိလို့ ကြည့်လိုက်ရင် အနန္တစကြဝဠာတွေကို မြင်နိုင်တယ်၊ မြတ်စွာဘုရားဟာ ဒီအဘိညာဉ်ကို ကဆုန်လပြည့်နေ့ဘုရားဖြစ်မည့် ညသန်းခေါင်ယံအချိန်မှာ ရတော်မူခဲ့ပါတယ်။ ဒါကြောင့် ဒီအဘိညာဉ် ဝိဇ္ဇာဉာဏ်ထူးနဲ့လည်း ပြည့်စုံတော်မူပါတယ်။

## အာသဝက္ခယဉာဏ်

အာသဝက္ခယဉာဏ်ဆိုတာကတော့ အာသဝေါကိလေသာတွေကို ကုန်စေတတ်တဲ့ အရိယမဂ်ဉာဏ်ပဲ၊ အရိယမဂ်ဉာဏ်ဆိုတာ လေးပါးရှိတယ်၊ သောတာပတ္တိမဂ်ဉာဏ်, သကဒါဂါမိမဂ်ဉာဏ်, အနာဂါမိမဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ် ဒီလေးပါးပါပဲ။

http://www.dhammadownload.com



ဒီလေးပါးထဲမှာ သောတာပတ္တိမဂ်ဉာဏ်က ဒိဋ္ဌိနဲ့ အဆင့်အတန်းတူတဲ့ အာသဝေါကိလေသာတို့ကို ကုန်ခန်းစေတယ်၊ သကဒါဂါမိမဂ်ဉာဏ်က ကြမ်းတမ်းတဲ့ ကာမရာဂနဲ့ အဆင့်အတန်းတူတဲ့ အာသဝေါကိလေသာတို့ကို ကုန်ခန်းစေတယ်၊ အနာဂါမိမဂ်ဉာဏ်က သိမ်မွေ့တဲ့ ကာမရာဂနဲ့ အဆင့်အတန်းတူတဲ့ အာသဝေါကိလေသာတို့ကို ကုန်ခန်းစေတယ်၊ အရဟတ္တမဂ်ဉာဏ်က ကြွင်းကျန်တဲ့ အာသဝေါကိလေသာတို့ကို ကုန်ခန်းစေတယ်၊ ဒါကြောင့် ဒီမဂ်ဉာဏ်လေးပါးကို အာသဝက္ခယဉာဏ်လို့ခေါ်တယ်၊ ဒါပေမယ့် အရဟတ္တမဂ်ဉာဏ်ဖြင့်သာ အာသဝေါကိလေသာဟူသမျှကို အကြွင်းမဲ့ ကုန်ခန်းစေနိုင်တဲ့အတွက် ပဓာနအားဖြင့် အရဟတ္တမဂ်ဉာဏ်ကိုသာ အာသဝက္ခယဉာဏ်လို့ခေါ်ရတယ်၊ အဲဒီ အာသဝက္ခယဉာဏ်ကို မြတ်စွာဘုရားဟာ ကဆုန်လပြည့်နေ့ည ပစ္ဆိမယာမ်အဆုံး အရုဏ်တက်ခါနီးမှာ ရတော်မူခဲ့ပါတယ်။

ရပုံကတော့ အဲဒီညသန်းခေါင်ယံလွန်တဲ့အခါမှာ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆင်ခြင်တော်မူပြီးတော့ အာနာပါနစျာန်မှ ထတော်မူကာ ဉပါဒါနက္ခန္ဓာ ငါးပါးတရားတို့၏ ဉဒယဗ္ဗယခေါ်တဲ့ အဖြစ်အပျက်ကို ရှုတော်မူပါတယ်၊ ယခု ယောဂီတွေ မြင်မှုကြားမှုတွေ့မှု သိမှုစသည်ကို ရှုမှတ်ပြီး သိနေတာမျိုးပါပဲ၊ ထူးတာကတော့ မြတ်စွာဘုရားမှာ စျာန်သမာပတ်တွေကိုလည်း အကုန်လုံး ဝင်စားပြီး ရှုတော်မူတယ်၊ ကိုယ်တွင်းကိုယ်ပ ရုပ်နာမ်တရားဟူသမျှကိုလည်း အကုန်လုံးရှုတော်မူတယ်၊ မရှုနိုင်တဲ့ ကြွင်းကျန်နေတဲ့ တရားရယ်လို့ မရှိဘူး၊ အဲဒီလိုကတော့ ထူးခြားပါတယ်၊ အဖြစ်အပျက်ကို ရှုတာချင်းကတော့ တူပါတယ်။

မြတ်စွာဘုရားဟာ အဲဒီလို ဉပါဒါနက္ခန္ဓာ ငါးပါးတို့၏ အ

http://www.dhammadownload.com



ဖြစ်အပျက်ကို ရှုပြီးတော့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး အရိယမဂ်ဉာဏ်လေးပါးကို အစဉ်အတိုင်း ရောက်တော်မူခဲ့ပါတယ်၊ အဲဒီ အရိယမဂ်ဉာဏ်လေးပါးထဲက အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သိမြင်တဲ့အခါမှာ အလုံးစုံကို သိနိုင်တဲ့ သဗ္ဗညုတဉာဏ်အစရှိသော ဘုရားဂုဏ်တော်အကုန်လုံးနှင့်လည်း ပြည့်စုံပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်၊ အဲဒါကို မြတ်စွာဘုရားက ဓမ္မစကြာတရားထဲမှာ သစ္စာလေးပါးကို သိသင့်သည့်အတိုင်း သိပြီးဖြစ်ကြောင်း၊ သမ္မာသမ္ဗုဒ္ဓလို့ ဝန်ခံတော်မူကြောင်းများဖြင့် ဖော်ပြခဲ့ပါ တယ်၊ ဒါကြောင့် သာတာဂိရိနတ်က ပု-ဒိ-အာ-ဆိုတဲ့ ဝိဇ္ဇာဉာဏ်ထူး သုံးပါးနှင့် ပြည့်စုံကြောင်းကိုလည်း ဝန်ခံပြီး ဖြေကြားပါ တယ်၊ အဲဒီဝိဇ္ဇာသုံးပါးကို "သုံးပါးဝိဇ္ဇာ၊ ပု-ဒိ-အာ၊ ပညာဉာဏ်မျက်စိ" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

**သုံးပါးဝိဇ္ဇာ၊ ပု-ဒိ-အာ၊ ပညာဉာဏ်မျက်စိ။ (ဆို)**

## ဝိဇ္ဇာရှစ်ပါး

ဝိဇ္ဇာဉာဏ်သုံးပါးအကြောင်းကတော့ ပြည့်စုံသွားပါပြီ၊ ဝိဇ္ဇာရှစ်ပါးဖြစ်အောင် ဘာတွေကို ထည့်ယူရမလဲဆိုရင် ဝိ-မ-ဣ-စေ-ဒိ -ဆိုတဲ့ ဉာဏ်ငါးပါးကို ထည့်သွင်းပြီး ယူရမယ်၊ အဲဒါကို "ရှစ်ပါးအရ၊ ထည့်သွင်းကြ၊ ဝိ-မ-ဣ-စေ-ဒိ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ရှစ်ပါးအရ၊ ထည့်သွင်းကြ၊ ဝိ-မ-ဣ-စေ-ဒိ။ (ဆို)**

အဲဒီမှာ **ဝိ**-ဆိုတာက **ဝိပဿနာဉာဏ်**၊ **မ**-ဆိုတာက **မနောမယိဒ္ဓိဉာဏ်**၊ **ဣ**-ဆိုတာက **ဣဒ္ဓိဝိဓဉာဏ်**၊ **စေ**-ဆိုတာက **စေ**

http://www.dhammadownload.com



**တောပရိယညာဏ်**၊ **ဒိ**-ဆိုတာက **ဒိဗ္ဗသောတညာဏ်**တဲ့၊ (အဲဒီငါးပါး ထဲက စေ-နှင့် ဒိ-ကို ဒေသနာအစဉ်အားဖြင့် ဒိ-စေ-လို့ ပြန်ပြီး မှတ်ရမယ်၊) အဲဒီညာဏ်ငါးပါးကို တစ်ခုချင်း ရှင်းပြသွားမယ်။

## ဝိပဿနာညာဏ်

ဝိပဿနာညာဏ်ဆိုတာအနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာ တို့ဖြင့် ရုပ်နာမ်တရားတွေကို ရှုမြင်တဲ့ သမ္မသနညာဏ် အစရှိတဲ့ ညာဏ်တွေပါပဲ၊ ဒါပေမယ့် အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာတွေ ကစပြီး ရှုလို့တော့ ဖြစ်တာမဟုတ်ဘူး၊ နာမရူပပရိစ္ဆေဒညာဏ် ဖြစ်အောင် ဖြစ်ဆဲ ဖြစ်ဆဲ ရုပ်နာမ်တွေကစပြီး ရှုရတယ်၊ ဒါကြောင့် မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိသိတိုင်း, ကြံသိတိုင်း ပေါ်လာသမျှ ရုပ်နာမ်တွေကို လိုက်ပြီး ရှုရတယ်၊ အဲဒီလို ပေါ်လာ သမျှတွေကို အကုန်လိုက်ပြီး မရှုနိုင်သေးခင် အားထုတ်ခါစမှာတော့ ထင်ရှားပေါ်တဲ့ ဘူတရုပ်တစ်ခုခုက စပြီးရှုရတယ်၊ ဒါကြောင့် မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ်မှာ **ဂစ္ဆန္တော ဝါ ဂစ္ဆာ မီတိ ပဇာနာတိ**-စသည်ဖြင့် ဟောတော်မူခဲ့ပါတယ်။

**ဂစ္ဆန္တော ဝါ**-သွားသည်ရှိသော်မူလည်း၊ **ဂစ္ဆာမီတိ**-သွား သည်ဟူ၍၊ **ပဇာနာတိ**-သိ၏၊ သိပါ၊ သိအောင်ရှုပါတဲ့၊ အဲဒါဟာ သွားနေခိုက်မှာ ထောက်ကန်တောင့်တင်းတဲ့, တွန်းကန်လှုပ်ရှားတဲ့ ဝါယောဓာတ်ကို သိအောင်ရှုဖို့ ညွှန်ကြားတာပဲ၊ ထိုင်နေတဲ့အခါ ကျတော့လည်း **နိသိန္နော ဝါ**-ထိုင်နေသည်ရှိသော်မူလည်း၊ **နိ သိန္နော အမှိတိ**-ထိုင် သည်ဟူ၍၊ **ပဇာနာတိ**- သိ၏၊ **သိပါ**- သိ အောင် ရှုပါတဲ့။

ဒါကြောင့် ထိုင်နေတဲ့အခါမှာ တစ်ကိုယ်လုံးကို စူးစိုက်ပြီး

http://www.dhammadownload.com



ထိုင်တယ်၊ ထိုင်တယ်လို့ ရှုနေရတယ်၊ အဲဒီလို ရှုနေရင်း ကိုယ်အမူအရာ စိတ်အမူအရာ ဝေဒနာ တစ်စုံတစ်ခု ထင်ရှားပေါ်လာရင်လည်း အဲဒီထင်ရှားပေါ်လာတာကို ရှုရတယ်၊ ကွေးရင် ကွေးတယ်လို့ ရှုရတယ်၊ ဆန့်ရင် ဆန့်တယ် ဆန့်တယ်လို့ ရှုရတယ်၊ လှုပ်ရင် လှုပ်တယ် လှုပ်တယ်လို့ ရှုရတယ်၊ ဝမ်းဗိုက်က လှုပ်တာကိုတော့ အများအားဖြင့် ဖောင်းတယ် ပိန်တယ်လို့ခေါ်ဝေါ်ပြောဆိုလေ့ရှိကြတယ်၊ ဒါကြောင့် အဲဒါကို ဘုန်းကြီးတို့က ဖောင်းတယ် ပိန်တယ်လို့ပဲ လွယ်လွယ်အမှတ်ခိုင်းပါတယ်။

အဲဒါ ကိုယ်အမူအရာဟူသမျှကို ရှုမှတ်ရန်အတွက်လည်း မဟာသတိပဋ္ဌာနသုတ်ပါဠိတော်မှာ **ယထာ ယထာ ဝါ ပနဿ** စသည်ဖြင့် အကုန်သိမ်းရုံးပြီး ဟောထားပါတယ်၊ **ဝါ ပန**-တစ်နည်းအားဖြင့် ရှုပုံကား- **ယထာယထာ**-အကြင်အကြင် အခြင်းအရာအားဖြင့်၊ **ကာယော ပဏိဟိတော ဟောတိ**- ကိုယ်သည် တည်နေခြင်း ဖြစ်ငြားအံ့၊ **တထာ-တထာ** ထိုထိုတည်နေတိုင်းသော အခြင်းအရာအားဖြင့်၊ **နံ**-ထိုကိုယ်ကို၊ **ပဇာနာတိ**-သိ၏၊ သိပါ၊ သိအောင်ရှုပါတဲ့၊ အဲဒီ ဒေသနာတော်ကို မှီငြမ်းပြုပြီးတော့ ငြိမ်ပြီးထိုင်နေတဲ့အခါ ဝမ်းဗိုက်က ဖောင်းတယ် ပိန်တယ်ကို ရှုမှတ်နေဖို့ ဘုန်းကြီးတို့က ညွှန်ကြားနေပါတယ်။

အဲဒီလို ညွှန်ကြားတဲ့အတိုင်း ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေတဲ့အခါမှာ ကြားထဲ အားလပ်တဲ့ အခိုက်အတန့်ရှိတယ်လို့ ထင်ရင် ထိုင်တာကိုလည်း ထည့်ပြီးမှတ်ရတယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ်လို့ ဒီလို မှတ်နေရတယ်၊ အဲဒီလိုမှတ်နေရင်း ပြုပြင်လှုပ်ရှားမှု ကိုယ်အမူအရာတစ်ခုခုပေါ်လာရင် အဲဒါကိုပဲ မှတ်ရတယ်၊ အဲဒီလို

http://www.dhammadownload.com



ဖောင်းတာ ပိန်တာမှစပြီး ကိုယ်အမူအရာဟူသမျှတွေကို ရှုမှတ်နေတာက **ကာယာနုပဿနာ သတိပဋ္ဌာန်**ပဲ။

အဲဒီလို ရှုမှတ်နေရင်း ကိုယ်ထဲက ညောင်းမှု, ပူမှု, နာကျင်မှု စသော ဝေဒနာတစ်ခုခုပေါ်လာရင် အဲဒါကိုလည်း မှတ်ရတယ်၊ အဲဒါက ဝေဒနာနုပဿနာပဲ၊ စိတ်ကူးကြံစည်မှုတစ်ခုခု ပေါ်လာရင် အဲဒါကိုလည်း မှတ်ရတယ်၊ အဲဒါက **စိတ္တာနုပဿနာ**ပဲ၊ မြင်မှု, ကြားမှု စသော သာမန် သဘောတရား ပေါ်လာရင် အဲဒါကိုလည်း မြင်တယ်, ကြားတယ် စသည်ဖြင့် မှတ်ရတယ်၊ အဲဒါက **ဓမ္မာနုပဿနာ**ပဲ၊ ဒါကြောင့် ဖောင်းမှု, ပိန်မှုကစပြီး ပေါ်ရာပေါ်ရာ လိုက်ပြီး ရှုမှတ်နေတာဟာ သတိပဋ္ဌာန် တရားလေးပါးလုံးကို ပွားနေတာပါပဲ။

အဲဒီလို သတိပဋ္ဌာန်လေးပါးလုံးကို ပွားနေရင်း သမာဓိအား ကောင်းလာတဲ့အခါကျတော့ စိတ်ဟာ ဘယ်ကိုမှ မသွားတော့ဘူး၊ မှတ်ရာမှတ်ရာ အာရုံမှာသာ ကပ်ခနဲ ကပ်ခနဲ တည်တည်နေတယ်၊ ရှုမှတ်တဲ့ဘာဝနာစိတ်ချည်း မပြတ်ဖြစ်နေတယ်၊ အဲဒါဟာ **စိတ္တဝိသုဒ္ဓိ** ဖြစ်ပြီး စိတ်စင်ကြယ်နေတာပါပဲ၊ အဲဒီလို စိတ်စင်ကြယ်ပြီး ရှုမှတ်ကောင်းနေတဲ့အခါမှာ မှတ်သိရတဲ့ အာရုံနဲ့ မှတ်သိတဲ့စိတ်၊ ဒီနှစ်မျိုးကို ခွဲခြားပြီးသိတယ်၊ ဖောင်းတယ်လို့ မှတ်လိုက်တဲ့ အခါမှာ ဖောင်းတဲ့သဘောက တခြား၊ မှတ်သိတာကတခြား ခွဲခြား ပြီးသိတယ်၊ ပိန်တယ်လို့ မှတ်တဲ့အခါမှာ ပိန်တဲ့သဘောက တခြား၊ မှတ်သိတာက တခြား ခွဲခြားပြီးသိတယ်၊ ကွေးတယ်, ဆန့်တယ်, လှုပ်တယ်စသည် ဖြင့် တခြားကိုယ်အမူအရာတွေကို ရှုမှတ်ရာမှာလည်း သိရတဲ့ သဘောနဲ့ သိတဲ့သဘော ဒီနှစ်ခုကို ခွဲခြားပြီးသိတယ်။

ဒါကြောင့် ယောဂီက ရှုမှတ်နေရင်း "မသိတတ်တဲ့ ရုပ်သ

http://www.dhammadownload.com



ဘောနဲ့ သိတတ်တဲ့ နာမ်သဘော ဒါကလေးနှစ်ခုရှိတာပဲ"လို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သဘောကျပြီး သိလာတယ်၊ အဲဒါဟာ **နာမရူပ ပရိစ္ဆေဒ** ခေါ်တဲ့ဉာဏ်ပဲ၊ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီး သိတဲ့ဉာဏ်ပဲ၊ မရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေမှာ စိတ်, စေတသိက်, ရုပ်တရားတွေကို သရုပ်သချ်ာနှင့်တကွ ပြောနိုင်အောင် သိနေပေမယ့်လို့ ကိုယ်ပိုင်ဉာဏ်အားဖြင့်တော့ ဒီလို ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားပြီး မသိဘူး၊ ဒီ **နာမရူပပရိစ္ဆေဒဉာဏ်** က တိုက်အိမ်များမှာ အုတ်မြစ်လိုပဲ အလွန်အရေးကြီးပါတယ်၊ ဒီဉာဏ်က အချိုးတကျ မဖြစ်သေးရင် အထက်ဉာဏ်တွေဆိုတာ မဖြစ်နိုင်ဘူး၊ ဒီဉာဏ်က အချိုးကျလာရင်တော့ ပေါ်လာသမျှကို ဆက်ပြီးရှုမှတ်နေရင် အထက်အထက် ဝိပဿနာဉာဏ်တွေဟာ အစဉ်အတိုင်း ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် ဒီဉာဏ်တွေ ရင့်သန်ပြည့်စုံလာတဲ့အခါမှာ ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, မြင်တယ်, ကြားတယ်, ကြံတယ် စသည်ဖြင့် ရှုနေရင်း "လှုပ်ချင်စိတ်ကြောင့် လှုပ်ရှားရုပ်ဖြစ်တယ်" စသည်ဖြင့် ရုပ်၏အကြောင်းကိုလည်း ပိုင်းခြားပြီး သိလာတယ်၊ "သိစရာ အာရုံရှိလို့ သိမှုဖြစ်တယ်၊ မြင်စရာရှိလို့ မြင်မှုဖြစ်တယ်" စသည်ဖြင့် နာမ်၏အကြောင်းကို ပိုင်းခြားပြီး သိလာတယ်၊ အဲဒီလိုအခါမှာ အကြောင်းအကျိုး ရုပ်နာမ်မျှရှိတယ်လို့လည်း သဘောကျပြီး သိလာတယ်၊ အဲဒါက **ပစ္စယပရိဂ္ဂဟ**ခေါ်တဲ့ဉာဏ်ပဲ၊ အကြောင်းကို သိမ်းဆည်းတဲ့ဉာဏ်လို့အနက်ရပါတယ်၊ အချို့ အဋ္ဌကထာကျမ်းများမှာ **သပစ္စယပရိဂ္ဂဟဉာဏ်** လို့လည်း ပြဆိုထားပါတယ်။ အကြောင်းနှင့်တကွ အကျိုးရုပ်နာမ်တွေကို သိမ်းဆည်းတဲ့, သိတဲ့ဉာဏ်လို့ ဆိုလိုပါတယ်။

အဲဒီကနောက်ဆက်ပြီးရှုမှတ်နေရင်မှတ်ရတဲ့ ရုပ်နာမ်များ

http://www.dhammadownload.com



၏ အစကိုရော၊ အဆုံးကိုရော သိလာတယ်၊ ပထမအစမှာတော့ သန္တတိခေါ်တဲ့ အမျိုးတူ ရုပ်နာမ်များ၏ အစနှင့် အဆုံးကိုသာ သိနိုင်သေးတယ်၊ ဥပမာ ကိုယ်ထဲမှာ နာကျင်မှုပေါ်လာတဲ့အခါ နာတယ်, နာတယ်လို့ မှတ်ရတယ်၊ အဲဒီလိုမှတ်တဲ့အခါ နာမှုကလေး စပြီး ပေါ်လာတာကိုလည်း သိရတယ်၊ နာတယ်, နာတယ်လို့ မှတ်နေရင်းအဲဒီ နာတာကလေး တဖြည်းဖြည်း လျော့လျော့ပြီးတော့ ပျောက်သွားတယ်၊ အဲဒီလို ပျောက်သွားတာကိုလည်း သိရတယ်၊ အဲဒါဟာ တစ်ချက်တည်းမှတ်ရုံနဲ့ ပျောက်သွားတာ မဟုတ်သေးဘူး၊ လေးငါးဆယ်ချက်လောက် မှတ်မှ ပျောက်သွားတာလည်း ရှိတယ်၊ အချက်ပေါင်း နှစ်ဆယ်, သုံးဆယ်စသည်ဖြင့် မှတ်မှ ပျောက်သွားတာလည်း ရှိတယ်၊ အဲဒါဟာ အမျိုးတူ နာမှုအစဉ် သန္တတိ၏ အစ-ဖြစ်မှု နှင့် အဆုံး-ပျက်မှုကို သိပုံပါပဲ။

ဖောင်းတယ်, ပိန်တယ်, ကွေးတယ်, ဆန့်တယ် စသည်ဖြင့် မှတ်ရာတွေမှာလည်း အစပေါ်လာတာနဲ့ အဆုံးပျောက်သွားတာကို ရှင်းရှင်းလင်းလင်းသိရတယ်၊ ဒါလည်း သန္တတိအားဖြင့် အစဖြစ်မှု နဲ့အဆုံးပျက်မှုကို သိတာပါပဲ၊ ဒီလို အမျိုးတူ ရုပ်အစဉ်, နာမ်အစဉ် သန္တတိအားဖြင့် အစပေါ်လာတာနဲ့ အဆုံးပျောက်သွားတာကို သိရရင် ဖြစ်ပေါ်လာပြီးတော့ ပျောက်သွားလို့ မမြဲဘူးဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သဘောကျပြီး သိသွားတော့တာပဲ၊ အဲဒါဟာ အနိစ္စာနုပဿနာဉာဏ်အစစ်ပဲ၊ ဒီလို အနိစ္စကိုသိရင် ဒုက္ခ, အနတ္တ ကိုလည်း သိတော့တာပဲ၊ အဲဒါတွေက ဒုက္ခာနုပဿနာ အနတ္တာ နုပဿနာဉာဏ်တွေပဲ၊ ဒါတွေဟာ ဝိပဿနာဉာဏ်တွေပဲ၊ ယခုဒီမှာ အားထုတ်ကြရတာဟာ ဒီဝိပဿနာဉာဏ်တွေ ဖြစ်အောင်လို့ အားထုတ်နေကြရတာပဲ။

http://www.dhammadownload.com



ဒီဉာဏ်တွေ ဖြစ်ပြီးတဲ့နောက် ဆက်ပြီး ရှုမှတ်နေရင် အသိတွေက မြန်လာတယ်၊ ဒါကြောင့် မှတ်ရတဲ့ရုပ်နာမ်၏ အဖြစ်အပျက်ကို ခဏအားဖြင့် ပိုင်းခြားပြီးသိလာတယ်၊ ဘယ်လိုလည်းဆိုရင် ဖြစ်ပေါ်လာတဲ့စိတ်ကို မှတ်လိုက်တဲ့အခါ အဲဒီစိတ်ကလေးဟာ ဖြစ်ပေါ်လာပြီး ချက်ချင်းပဲ ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်၊ နာကျင်မှုဝေဒနာကို နာတယ် နာတယ်လို့ မှတ်နေရင် မှတ်တိုင်း, မှတ်တိုင်း နာတာကလေးတွေဟာ တစ်ပိုင်းစီ တစ်ပိုင်းစီ ပြတ်ပြတ်သွားတာကို သိရတယ်၊ တစ်ဆက်တည်း နာနေတာရယ်လို့ မရှိဘူး၊ နာလိုက်, ပျောက်လိုက်, နာလိုက်, ပျောက်လိုက်နဲ့ တစ်နာချင်း, တစ်နာချင်း အစနဲ့ အဆုံး ပိုင်းခြားပြီး သိရတယ်၊ အဲဒါဟာ ဖြစ်ခိုက်ပျက်ခိုက်ခဏအားဖြင့် ပိုင်းခြားပြီးသိတာပဲ၊ ဖောင်းတယ်, ပိန်တယ်, ကွေးတယ်, ဆန့်တယ် စသည်ဖြင့် မှတ်ရာတွေမှာလည်း ထို့အတူပဲ တစ်ရွေ့ချင်း တစ်ရွေ့ချင်း ပိုင်းခြားပြီးသိတယ်၊ တစ်ဖောင်း တစ်ပိန်, တစ်ကွေး တစ်ဆန့်အတွင်းမှာပင် တစ်ပိုင်းစီ တစ်ပိုင်းစီ အဖြစ်အပျက်တွေကို အများကြီးတွေ့ရတယ်၊ အဲဒါဟာ ခဏအားဖြင့် အဖြစ်အပျက်ကို သိတာပါပဲ။

အဲဒီလို ပေါ်ပေါ်ပြီး ချက်ချင်းချက်ချင်း ပျောက်ပျောက်သွားတာကို ခဏအားဖြင့် ပိုင်းခြားပြီးသိရတဲ့အခါမှာ "**ဟုတွာ**-ဖြစ်ပေါ်လာပြီး၍၊ **အဘာဝဒ္ဒေန**-မရှိခြင်း၊ ကွယ်ပျောက်သွားခြင်းဟူသော အနက်သဘောကြောင့်၊ **အနိစ္စ**-မမြဲကုန်"လို့ ဆိုထားတဲ့ ကျမ်းဂန်နှင့်အညီ ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားလို့ မမြဲဘူးလို့ပဲ အသိဉာဏ်ဟာ သာပြီးရှင်းလင်းထက်သန်လာတာပဲ၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲတွေချည်းပဲလို့ သိတဲ့ဉာဏ်လည်းသာပြီး ရှင်းလင်းထက်သန်လာတယ်၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ အနတ္တ

http://www.dhammadownload.com



သဘောတရားမျှပဲလို့ သိတဲ့ဉာဏ်လည်းသာပြီး ရှင်းလင်းထက်သန်လာတယ်၊ အဲဒီလို သိမြင်တာတွေဟာ ဝိပဿနာဉာဏ်တွေပါပဲ၊ ဒီဝိပဿနာဉာဏ်တွေ ဖြစ်အောင်လို့ ယခု ယောဂီတွေ ရှုမှတ်နေကြရတယ်၊ တချို့မှာဆိုရင် ဒီလိုအသိဉာဏ်တွေဟာ ကိုယ်တိုင်တွေ့အားဖြင့် ရှင်းလင်းပြည့်စုံနေပါပြီ။

ယခုပြောခဲ့တာတွေကတော့ သာမန်ယောဂီတွေမှာ ဝိပဿနာဉာဏ်ဖြစ်ပုံပါပဲ၊ မြတ်စွာဘုရားမှာတော့ စောစောပိုင်းကပင် ဈာန် အဘိညာဉ်တွေကိုရလို့ စိတ္တဝိသုဒ္ဓိဆိုတာက ပြည့်စုံပြီးသားဖြစ်နေပါတယ်၊ ဒါကြောင့် ဘုရားဖြစ်မည့်ည နောက်ဆုံးယံအချိန်မှာ ဈာန်တစ်ပါးပါးကို ဝင်စားဝင်စားပြီးတော့ ဈာန်မှထတဲ့အခါ အဲဒီဈာန်ကိုလည်း ရှုတယ်၊ ဈာန်မှတစ်ပါး အခြားရုပ်နာမ်တွေကိုလည်း ရှုတယ်၊ သမာဓိက ပြည့်စုံပြီးဖြစ်နေတဲ့အတွက် ဈာန်ကိုရှုလိုက်ရင် ဈာန်စိတ် စေတသိက် တွေရော ဈာန်၏ မှီရာရုပ်တွေရော အဲဒါတွေဖြစ်ပေါ်လာပြီး ချက်ချင်းပျောက်ပျောက်သွားတာကို တွေ့မြင်လျက် အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေကို သိမြင်တဲ့ ဝိပဿနာဉာဏ်တွေဟာ အလွယ်တကူနဲ့ပင် ဖြစ်သွားတယ်လို့ မှတ်ယူရပါတယ်၊ ဈာန်မှတစ်ပါး အခြားရုပ်နာမ်တွေ ရှုတဲ့အခါလည်း နည်းတူပဲ အလွယ်တကူနဲ့ အနိစ္စ, ဒုက္ခ, အနတ္တ အသိဉာဏ်တွေ ဖြစ်သွားတယ်လို့ ယူရပါတယ်၊ အဲဒီလို ရှုတိုင်း ရှုတိုင်း အလွယ်တကူနဲ့ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေကို သိသိသွားတာဟာ ဝိပဿနာဆိုတဲ့ ဝိဇ္ဇာဉာဏ်ထူး ပါပဲ၊ ဒီဝိပဿနာဉာဏ် ပြည့်စုံပြီးတဲ့နောက် အရိယမဂ်ဉာဏ်လေးပါး အစဉ်အတိုင်းဖြစ်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်၊ ဒါကြောင့် ဒီဝိပဿနာဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံကြောင်းကိုတော့ အထူးပြောနေစရာမလိုတော့ပါဘူး။

http://www.dhammadownload.com



## မနောမယိဒ္ဓိနှင့် ဣဒ္ဓိဝိဓဉာဏ်

မနောမယိဒ္ဓိနှင့် ဣဒ္ဓိဝိဓဉာဏ်ဆိုတာတွေကတော့ တန်ခိုးဖန်ဆင်းတဲ့ ဉာဏ်ချည်းပါပဲ၊ ထူးတာကတော့ မနောမယိဒ္ဓိဉာဏ်က မိမိကိုယ်နှင့် ပုံတူဖြစ်အောင် ဖန်ဆင်းတယ်၊ ဣဒ္ဓိဝိဓဉာဏ်ကတော့ အမျိုးမျိုးအထွေထွေ အလိုရှိရာကို ဖန်ဆင်းတယ်၊ ဒီလိုဖန်ဆင်းတဲ့ အခြင်းအရာလောက်သာ ကွဲပါတယ်။

ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ဖန်ဆင်းပုံကတော့ အင်မတန်ကျယ်ပြန့်ပါတယ်၊ ကောင်းကင်ကို မြေကြီးဖြစ်အောင် ဖန်ဆင်းနိုင်တယ်၊ ကောင်းကင်မှာ မြေပြင်လမ်းဖန်ဆင်းပြီး လမ်းလျှောက်နိုင်တယ်၊ မိမိကိုယ်ကို ဝါဂွမ်းလိုပေါ့အောင် ဖန်ဆင်းပြီး လေဖြင့်အလိုရှိရာ တိုက်သွားအောင်လည်း ဖန်ဆင်းနိုင်ပါတယ်၊ မြေကြီးကို ရေဖြစ်အောင် လိုဏ်ခေါင်းလမ်းဖြစ်အောင် ဖန်ဆင်းပြီး ငုပ်လျှိုးသွားနိုင်တယ်၊ အဲဒါမျိုးကို မြေလျှိုးမိုးပျံတယ်လို့ ပြောကြတာပဲ၊ တစ်ပါးတည်းကို အများဖြစ်အောင်၊ အများကို တစ်ပါးတည်းဖြစ်အောင်၊ ကိုယ်ပျောက်သွားအောင် စသည်ဖြင့် ဘာမဆိုအလိုရှိရာကို ဖန်ဆင်းနိုင်တယ်၊ အဲဒီလို အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းနိုင်တဲ့ စတုတ္ထဈာန်နှင့် ယှဉ်တဲ့ အဘိညာဉ်ဉာဏ်ကို ဣဒ္ဓိဝိဓဝိဇ္ဇာဉာဏ်ခေါ်တယ်။

## စေတောပရိယဉာဏ်

အဲဒီကနောက် စေတောပရိယဉာဏ်ဆိုတာကတော့ သူတစ်ပါး၏စိတ်ကူးကို သိနိုင်တဲ့ဉာဏ်ပါပဲ၊ဒါလည်း စတုတ္ထဈာန်နှင့်ယှဉ်တဲ့ အဘိညာဉ်ထူးပါပဲ၊ ဒီဉာဏ်ရတဲ့ပုဂ္ဂိုလ်က သူတစ်ပါး၏ စိတ်အကြံတွေကို ဆင်ခြင်ကြည့်လိုက်ရင် လွန်ခဲ့တဲ့ ခုနစ်ရက်အတွင်း ဖြစ်ခဲ့

http://www.dhammadownload.com



တာတွေကိုလည်း သိနိုင်တယ်၊ လာမည့် ခုနစ်ရက်အတွင်းဖြစ်မည့် စိတ်ကူးကိုလည်း သိနိုင်တယ်၊ ယခုဖြစ်နေဆဲ စိတ်သိတာကိုတော့ အထူးပြောစရာမလိုပါဘူး။ ဒီတော့ ဒီစေတောပရိယအဘိညာဉ် ရတဲ့ ပုဂ္ဂိုလ်နဲ့အတူနေဖို့ရာဟာ တော်တော်ဝန်လေးပါတယ်၊ တစ်နည်းအားဖြင့်ဆိုရင်လည်း သူတစ်ပါးစိတ်သိတဲ့ ပုဂ္ဂိုလ်နဲ့ အတူ နေရရင် အကုသိုလ်အဖြစ်နည်းဖွယ် ရှိပါတယ်၊ အဲဒါနဲ့စပ်ပြီး မာတိကမာတာဆိုတဲ့ ဒကာမကြီးအကြောင်း ပြောရဦးမယ်။

## အဘိညာဉ်ရတဲ့ မာတိကမာတာ ဒကာမကြီး

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ် တစ်ချိန်က ရဟန်းတော် ၆၀-ကျိပ်ဟာ မြတ်စွာ ဘုရားထံက ကမ္မဋ္ဌာန်းယူပြီး သင့်လျော်တဲ့ဌာနကို လိုက်ရှာနေကြ တယ်၊ အဲဒီလို ရှာနေကြရင်း **မာတိက**ဆိုတဲ့ ရွာကို ရောက်သွားကြ တယ်၊ အဲဒီရွာမှာ အကြီးအကဲဖြစ်သူ၏မိခင်ကို **မာတိကမာတာ**လို့ ခေါ်တယ်၊ အဲဒီ **မာတိကမာတာ** ဆိုတဲ့ ဒကာမကြီးက ကြွလာတဲ့ အဲဒီ ရဟန်းတော် ၆၀-ကျိပ်ကို အဲဒီရွာမှာ ဝါကပ်ပြီး သီတင်းသုံးကြဖို့ ပင့်လျှောက်တယ်၊ နေစရာကျောင်းများကိုလည်း ပြုပြင်ပေးတယ်၊ ဒါကြောင့် အဲဒီ ရဟန်းတော် ၆၀-ကျိပ်ဟာ အဲဒီရွာတောကျောင်းမှာ ပဲ ဝါကပ်ပြီး နေထိုင်ကြတယ်။

တစ်နေ့သောအခါမှာ စည်းဝေးပြီး အချင်းချင်း ဒီလိုသြဝါဒ ပေးကြတယ်၊ **အာဝုသော**-ငါ့ရှင်တို့၊ **အမှေဟိ**-ငါတို့သည်၊ **ပမာဒစာရံ စရိတုံ**-မေ့မေ့လျော့လျော့နေခြင်းငှာ၊ **နဝဋ္ဋတိ**- မသင့်ပါ၊ **ဟိ**-မှန်ပေ၏၊ **အမှာကံ**-ငါတို့အား၊ **အဋ္ဌမဟာနိရယာ**- ရှစ်ခုသော ငရဲကြီးတို့သည်၊ **သကဂေဟံ ဝိယ**-ကိုယ်ပိုင်အိမ်ကဲ့သို့

http://www.dhammadownload.com



**ဝိဝရဒွါရာယေဝ**-တံခါးအသင့်ဖွင့်ထားလျက် ရှိကုန်သည်သာ တည်း။ **မယံ**-ငါတို့သည်၊ **ဓရမာနကဗုဒ္ဓဿ**-သက်တော်ထင်ရှား မြတ်စွာဘုရား၏၊ **သန္တိကေ**-အထံတော်၌၊ **ကမ္မဋ္ဌာနံ ဂဟေတွာ**-ကမ္မဋ္ဌာန်းကို ယူခဲ့၍၊ **အာဂတာ**-လာကြကုန်၏။ **ဗုဒ္ဓါစနာမ**-ဘုရားတို့ မည်သည်မှာလည်း၊ **သဌေန**-မဖြောင့်မမှန်ဘဲ စဉ်းလဲ ကောက်ကျစ်သောသူသည်၊ **ပဒါနုပဒိကံ ဝိစရန္တေနာပိ**-နောက်မှ ထက်ကြပ်မကွာလိုက်၍ နေပါသော်လည်း၊ **အာရာဓေတုံနသက္ကာ**-အားရကျေနပ်စေရန် မစွမ်းနိုင်ချေ။ **ယထာဇ္ဈာ-သယေနေဝ**-အလိုတော်အတိုင်း ပြုကျင့်သောသူသည်သာလျှင်၊ **အာရာဓေတုံ သက္ကာ**အားရကျေနပ်စေရန် စွမ်းနိုင်ပေ၏၊ **အပ္ပမတ္တာ**- မမေ့ မလျော့ကုန်သည်၊ **ဟောထ**-ဖြစ်ကြပါကုန်လော့၊ **ဧကဋ္ဌာနေ**-တစ်ခုသောအရပ်၌၊ **ဒွိဟိ**-နှစ်ပါးတို့သည်၊ **န ဌာတဗ္ဗံ န နိသီဒိတဗ္ဗံ**-ရပ်နေခြင်း, ထိုင်နေခြင်းကို မပြုရာ စသည်ဖြင့် ဩဝါဒ ကတိကဝတ်ကို ပြုပြီး ကျင့်သုံးအားထုတ်နေကြတယ်။

တစ်နေ့သောအခါမှာ မာတိကမာတာ ဒကာမကြီးက ထောပတ်, ဆီ, တင်လဲ စသော လှူဖွယ်များကို ယူစေပြီး အခြွေအရံ များနှင့်တကွ ညနေချမ်းအချိန် ကျောင်းသို့သွားတယ်၊ ကျောင်း ရောက်တော့ ရဟန်းတွေကို မတွေ့ရတာနဲ့ ဘယ်ကြွကုန်သလဲလို့ မေးကြည့်တယ်၊ သိတဲ့သူများက ရဟန်းတော်တွေဟာ ညဥ့်သန့်စင် ရာ နေ့သန့်စင်ရာများ၌ နေကြတဲ့အကြောင်း၊ တုံးခေါက်လိုက်ရင် တော့ အားလုံးပင် စုဝေးလာကြမည့်အကြောင်းကို ပြောတယ်၊ ဒီတော့ ဒကာမကြီးက တုံးခေါက်စေတယ် တုံးခေါက်သံကြားတဲ့ အခါ တစ်ပါးပါး နေမကောင်း ထိုင်မသာ မကျန်းမမာဖြစ်လို့ တုံးခေါက်တယ် ထင်မှတ်ပြီးတော့ ရဟန်းတွေက သူတို့နေရာ

http://www.dhammadownload.com



အသီးသီးမှ တစ်ပါးချင်း ကြွလာကြတယ်။

အဲဒီလို တကွဲတပြားစီ ကြွလာတာကို မြင်ရတော့ ဒကာမကြီးက အထင်လွဲသွားတယ်၊ ဒါကြောင့် "အရှင်ဘုရားတို့၊ ရန်များဖြစ်ထားကြပါသလား"လို့မေးလျှောက်တယ်၊ ရန်ဖြစ်ခြင်းမရှိကြောင်း ရဟန်းတော်များက ဖြေကြားတဲ့အခါ ဒကာမကြီးက "ဒါဖြင့် တပည့်တော်မတို့အိမ်သို့ ဆွမ်းခံကြွလာကြသလို ဘာကြောင့် တစ်စုတစ်ဝေးတည်း မလာကြတာပါလဲ" လို့ မေးလျှောက်ပြန်တယ်၊ "ဒကာမကြီး သမဏဓမ္မခေါ်တဲ့ ရဟန်းတရားကို အားထုတ်နေကြတယ်၊ ဒါကြောင့် တစ်ပါးချင်း တစ်ပါးချင်း နေကြရတယ်" လို့ ဖြေကြားကြတယ်၊ ဟုတ်တယ်၊ ရဟန်းတရားဆိုတာ တစ်ယောက်ချင်း အားထုတ်ရင် ပိုပြီးကောင်းတယ်၊ သမာဓိလည်း ရလွယ်တယ်၊ ဉာဏ်လည်း ဖြစ်လွယ်တယ်၊ ဒါပေမယ့် ယခုအခါ ကမ္မဋ္ဌာန်းရိပ်သာများမှာတော့ နေရာက မပြည့်စုံတာကြောင့် သင့်တော်သလိုပဲ အားထုတ်နေကြရတာ။

**မာတိကမာတာ** ဒကာမကြီးက "**သမဏဓမ္မ**-ရဟန်းတရားဆိုတာ တစ်ခါမှ မကြားဖူးဘူး၊ ဒါကြောင့် ရဟန်းတရားဆိုတာ ဘယ်လိုဟာပါလည်းဘုရား" လို့မေးလျှောက်တယ်၊ "ဆံပင်၊ အမွေးအစရှိတဲ့ **ဒွတ္တိံသာကာရ** ကို ရွတ်ဆိုကြရတယ်၊ မိမိကိုယ်၌ ကုန်ခြင်းပျက်ခြင်းကို ထင်မြင်အောင် နှလုံးသွင်းကြရတယ် ဒကာမကြီး"လို့ ရဟန်းတော်များက ပြောကြတယ်၊ ဒီတော့ ဒကာမကြီးက "အဲဒီရဟန်းတရားကို အရှင်ဘုရားတို့သာ အားထုတ်ကောင်းပါသလား၊ သို့မဟုတ် တပည့်တော်မတို့ လူဝတ်ကြောင်များလည်း အားထုတ်ကောင်းပါသလား"လို့ မေးလျှောက်ပြန်တယ်။

မည်သူမဆို အားထုတ်ကောင်းတဲ့အကြောင်း ရဟန်းတော်

http://www.dhammadownload.com



များက ပြောကြတယ်၊ ဒါဖြင့်ဘုရား“အဲဒီရဟန်းတရားကို တပည့်တော်မလည်း အားထုတ်ရအောင် သင်ကြားပေးပါလို့ ဒကာမကြီးက လျှောက်ထားတောင်းပန်တယ်၊ ရဟန်းတော်များက သင်ကြားပေးလိုက်တယ်၊ **အဲဒီလို သင်ကြားပေးတာဟာ ဘယ်လောက်ကြာမယ် ထင်ကြသလဲ၊ တစ်နာရီ, နှစ်နာရီထက်တော့ ပိုပြီးကြာမှာမဟုတ်ပါဘူး၊ အဲဒါကိုလည်း အထူးသတိပြုထားကြရမယ်၊ တချို့က အဘိဓမ္မာ သဘောတရားတွေ ခန္ဓာ, အာယတန, ဓာတ်, သစ္စာပဋိစ္စ သမုပ္ပါဒ်တွေကို သင်ကြားနားလည်ပြီးမှ အားထုတ်ကောင်းသယောင်ယောင် ပြောဟောနေကြတယ်၊ အဲဒါဟာ တရား အားထုတ်ချင်တဲ့သူတွေ စိတ်ဓာတ်ပျက်ပြားအောင် ပြောနေကြတာပဲ၊ ဘာမျှ အကျိုးမရှိတဲ့စကားပဲ။**

ယခု ဒီ **မာတိကမာတာ** ဒကာမကြီး အားထုတ်ပုံကို ကြည့်ပါ၊ ဒီဒကာမကြီးဟာ ရဟန်းတော်များထံမှ သင်ယူလာခဲ့တဲ့အတိုင်း သူ့အိမ်တွင်ပဲ အားထုတ်နေတယ်၊ အဲဒါ ရက်ပေါင်း ဘယ်လောက်ကြာတယ်လို့တော့ တိတိကျကျ မသိရဘူး၊ ဒါပေမယ့် အဲဒီ ဆရာရဟန်းတွေ တရားထူးမရသေးခင် သူက အလျင်ရတယ်၊ ဘာတွေရသလဲဆိုရင် အနာဂါမိမဂ်ဖိုလ်အထိ ရတယ်၊ အဲဒီ အနာဂါမိမဂ်ကို ရသည်နှင့် တစ်ပြိုင်နက် ပဋိသမ္ဘိဒါဉာဏ်လေးပါးကိုလည်း ရတယ်၊ ယခုပြောနေတဲ့ အဘိညာဉ်ဝိဇ္ဇာဉာဏ်ထူးတွေကိုလည်း ရတယ်၊ ဒါကြောင့် မာတိကမာတာ ဒကာမကြီးက သူ့ဆရာ ရဟန်းတော်တွေဟာ သူရထားတဲ့ တရားမျိုးကို ဘယ်တုန်းက ရထားကြသလဲလို့ အဘိညာဉ်ဖြင့်ကြည့်လိုက်တဲ့အခါ အဲဒီရဟန်းတွေ သန္တာန်မှာ ဈာန်သမာဓိနဲ့ ဝိပဿနာမျှတောင် မရသေးကြောင်း တွေ့ရပါသတဲ့။

http://www.dhammadownload.com



ဘာကြောင့်လဲလို့ ဆင်ခြင်တဲ့အခါ အစာအာဟာရ မပြည့်စုံ တဲ့အတွက်ကြောင့် ဆိုတာကိုသိရတဲ့အတွက် သင့်လျော်တဲ့ ယာဂုခဲ ဖွယ်ဘောဇဉ်တွေကို ပြည့်စုံအောင်ပြုပြင်ပြီး ကပ်လှူတယ်၊ အဲဒီအခါမှာ သင့်လျော်တဲ့ အာဟာရကို သုံးဆောင်ကြရတဲ့အတွက် အဲဒီရဟန်းတော် ၆-ကျိပ်ဟာ အဲဒီဝါတွင်းမှာပဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်တော်မူကြပါသတဲ့၊ အဲဒါကို ထောက်ဆကြည့်ရင် သင့်လျော်တဲ့အာဟာရကလည်း အရေးကြီး ကြောင်း သိရပါတယ်၊ ဒါပေမယ့် ယခုမြန်မာပြည်မှာတော့ ဒကာ, ဒကာမတွေက သဒ္ဓါ တရားကောင်းကြတဲ့အတွက် ဆွမ်းဘောဇဉ် အာဟာရဘက်ကတော့ လိုပုံမရပါဘူး၊ အားထုတ်တဲ့ ပုဂ္ဂိုလ်များ ဘက်ကသာ လိုဖို့ရှိပါတယ်။

အဲဒီ ၆-ကျိပ်သော ရဟန်းတော်များဟာ ဝါကျွတ်တဲ့အခါ မြတ်စွာဘုရားထံ ဖူးမြော်ကန်တော့ရန် ကြွသွားကြတယ်၊ ဇေတဝန် ကျောင်းတော် ရောက်တဲ့အခါ မာတိကမာတာ ဒကာမကြီး၏ ဂုဏ် ကျေးဇူးတွေကို ချီးကျူးပြောဆိုကြတယ်၊ **အဲဒီဒကာမကြီးက ရဟန်း တို့၏ စိတ်အလိုအကြံကိုသိပြီး သင့်လျော်တဲ့ ခဲဖွယ်ဘောဇဉ် များကို ပြုပြင်ပြီး ကပ်လှူတဲ့အကြောင်း၊ အဲဒီလို ကပ်လှူတဲ့ အာဟာရကို သုံးဆောင်ရလို့ သူတို့မှာ သမာဓိဉာဏ်တရားထူး တွေ တိုးတက်တဲ့ အကြောင်းများကို ပြောကြတယ်၊ အဲဒီ သတင်း စကားကိုကြားရတဲ့အတွက် ရဟန်းတစ်ပါးက အဲဒီရွာ တော ကျောင်းသွားပြီး တရားအားထုတ်နေထိုင်လိုတဲ့ဆန္ဒ ဖြစ်လာ တယ်၊ ဒါကြောင့် အဲဒီရဟန်းက မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်း တောင်းပြီးတော့ အဲဒီတောကျောင်းသို့ ကြွသွားပါသတဲ့။**

http://www.dhammadownload.com



## စိတ်ကူးအကြံများတဲ့ရဟန်း

အဲဒီကျောင်း ရောက်တဲ့နေ့မှာပဲ သူက ကြံစည်တယ်၊ ဒီကျောင်းအမကြီးဟာ ကြံစည်တိုင်းသော စိတ်ကို သိသတဲ့၊ ငါလည်း ဒီကနေ့ ခရီးပန်းလာတယ်၊ ကျောင်းကို အမှိုက်လှည်းသုတ်သင်ရန် မစွမ်းနိုင်ဘူး၊ ကျောင်းအမကြီးက အမှိုက်လှည်း သုတ်သင်ဖို့ လူတစ်ယောက် လွှတ်လိုက်ရင် ကောင်းမှာပဲ-လို့ ကြံလိုက်ပါသတဲ့၊ မာတိကမာတာ ဒကာမကြီးက အိမ်ကနေပြီး ဆင်ခြင်ကြည့်ရင်း အဲဒီအကြောင်းကို သိရတဲ့အတွက် ကျောင်းကို သုတ်သင်ဖို့ လူတစ်ယောက် လွှတ်လိုက်တယ်၊ အဲဒီကနောက် ရဟန်းက ရေဆာတဲ့အတွက် "ဖျော်ရည်အချိုကလေး အပို့ခိုင်းလိုက်ရင် ကောင်းမှာပဲ"လို့ ကြံစည်မိတယ်၊ အဲဒါကိုလည်း ဒကာမကြီးက အပို့ခိုင်းလိုက်တယ်။

နောက်တစ်နေ့နံနက်စောစောကျတော့ "အသားလက်သုပ်ကလေးများနဲ့ နူးညံ့တဲ့ယာဂုကို ပို့လိုက်စေချင်တယ်"လို့ ကြံစည်မိ တယ်၊ ဒကာမကြီးက သူကြံတဲ့အတိုင်းပဲ ပို့စေလိုက်တယ်၊ ယာဂု သောက်ပြီးပြန်တော့ "ဒီလို မုန့်ခဲဖွယ်ကို အပို့ခိုင်းလိုက်ရင် ကောင်းမှာပဲ" လို့ ကြံပြန်တယ်၊ အဲဒါကိုလည်း ဒကာမကြီးဟာ ငါကြံတိုင်း ကြံတိုင်းကို ပို့စေလိုက်တယ်၊ ဒီဒကာမကြီးကို တွေ့ချင်ပါဘိ၊ အမျိုးမျိုးသော အရသာကောင်းတဲ့ စားဖွယ်တွေကို ယူခဲ့စေပြီး သူကိုယ်တိုင်လာရင်ကောင်းမှာပဲ" လို့ကြံစည်လိုက်ပြန်သတဲ့၊ ဒီတော့ ကျောင်းအမကြီးက "သြော်. . . ငါ့သားတော် ရဟန်းက ငါ့ကို တွေ့ချင်နေပြီ၊ ငါတိုယ်တိုင်လာတာကို တောင့်တနေတယ်" လို့ သိပြီးတော့ ဆွမ်းဘောဇဉ်ကို ယူစေပြီး ကျောင်းသို့ သွားတယ်၊ ဆွမ်းကပ်တယ်။

ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အဲဒီရဟန်းက "**မာတိကမာတာ**

http://www.dhammadownload.com



ဆိုတာ ဒကာမကြီးပဲလား"လို့မေးတယ်၊ ဟုတ်ပါတယ် သားတော်လို့ ဖြေတယ်၊ ဒကာမကြီးဟာ သူတစ်ပါးရဲ့စိတ် သိပါသလားလို့ မေးတယ်၊ တပည့်တော်မကို ဘာကြောင့်မေးသလဲ သားတော်လို့ ပြန်မေးလိုက်တယ်၊ ဦးပဉ္ဇင်းက ကြံတိုင်းကြံတိုင်း ဒကာမကြီးက ပြုလုပ်ဆောင်ရွက်တယ်၊ ဒါကြောင့် မေးတာပါလို့ ရဟန်းက ဆိုတယ်။

**သူတစ်ပါး၏ စိတ်ကိုသိတဲ့ ရဟန်းတော်တွေဟာ အများကြီးရှိပါတယ် သားတော်လို့ ဒကာမကြီးက ရှောင်လွှဲပြီး ဖြေတယ်၊ ဦးပဉ္ဇင်းက သူများကို မေးတာမဟုတ်ပါဘူး၊ သင် ဒကာမကြီးကို မေးတာပါလို့ ရဟန်းက ဆိုတယ်၊ ဒါပေမယ့် ဒကာမကြီးကတော့ သိပါတယ်လို့ တိုက်ရိုက်ဝန်မခံဘဲနဲ့ "သူတစ်ပါးစိတ်ကို သိတဲ့သူတွေဟာ ဒီလိုပြုတတ်ကြတာပါပဲ" လို့ ပရိယာယ်ဖြင့် ပြောဆိုပါသတဲ့၊** တရားထူးကို တကယ်ရထားတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ မိမိရထားတဲ့ တရားထူးကို သူတစ်ပါးအား ရစေချင်တယ်၊ ဒါပေမယ့် မိမိတို့ ဂုဏ်ကိုတော့ မဖော်ပြလိုကြဘူး၊ အဲဒါဟာ အရိယာများ၏ အလိုနည်းတဲ့ဂုဏ်ပဲ၊ မလွှဲမရှောင်သာလို့တဲ့အခါ ပြောရရင်လည်း ဒီလိုပဲ ပရိယာယ်ဖြင့်သာ ပြောလေ့ရှိကြပါတယ်၊ ဒါ့ကြောင့် မာတိကမာတာဒကာမကြီးက ပရိယာယ်ဖြင့်သာ ပြောလိုက်ခြင်း ဖြစ်ပါတယ်။

အဲဒီလို ပြောလိုက်တဲ့အခါ အဲဒီရဟန်းက လေးလေးနက်နက် စဉ်းစားမိတယ်၊ ဒီဒကာမကြီး၏ ကျောင်းမှာ နေမည့်ကိစ္စဟာ အလွန်ဝန်လေးတာပဲ၊ ပုထုဇဉ်တွေဆိုတာ ကောင်းတာသင့်တော်တာလည်း ကြံမိကြတယ်၊ မကောင်းတာ မသင့်တော်တာလည်း ကြံမိတတ်ကြတာပဲ၊ အကယ်၍ ငါဟာ မသင့်တော်တာကိုများ ကြံမိရင် ခိုးထုပ် ခိုးထည်နှင့်တကွ ခိုးသူကို သျှောင် (ယောင်)

http://www.dhammadownload.com



ဆွဲပြီး နှိပ်စက်သလို အရှက်တကွဲ အကဲ့ရဲ့ အပြောအဆို ခံရလိမ့်မယ်လို့ ကြံတွေးပြီး ကြောက်လာတယ်၊ ဒါကြောင့် "ဦးပဥ္စင်းသွားတော့မယ် ဒကာမကြီး" လို့ ရဟန်းကပြောတယ်။

ဘယ်ကိုသွားမှာလည်း အရှင်ဘုရားလို့ မေးတယ်၊ ဆရာဘုရားထံသွားမယ်လို့ပြန်ကြားတယ်၊ ဒီကျောင်းမှာပဲ နေပါဦး အရှင်ဘုရားလို့ ဒကာမကြီးက လျှောက်တယ်၊ မနေတော့ဘူး ဒကာမကြီး၊ သွားတော့မယ်ဆိုပြီး အဲဒီရဟန်းက အတင်းထွက်သွားတယ်၊ အတော်ကို ကြောက်ဟန်တူပါတယ်၊ ကြောက်မယ်ဆိုရင်လည်း ကြောက်စရာပေပဲ၊ သူက စိတ်ကူးအကြံအစည်များပါဘိနဲ့၊ မတော်တာကြံမိရင် အကြပ်ကျနေပေလိမ့်မယ်။

မြတ်စွာဘုရားထံ ရောက်တဲ့အခါ ဘာ့ကြောင့်ပြန်လာသလဲလို့ မြတ်စွာဘုရားက မေးတော်မူတယ်၊ မနေဝံ့လို့ ပြန်လာတဲ့အကြောင်း လျှောက်တယ်၊ ဘာ့ကြောင့် မနေဝံ့သလဲလို့ မေးတော်မူတဲ့အခါ အဲဒီက မာတိကမာတာဆိုတဲ့ ကျောင်းအမကြီးဟာ တပည့်တော် ကြံတိုင်း ကြံတိုင်း စိတ်အကြံကို သိနေပါတယ်၊ မတော်တာကို ကြံမိရင် ခိုးထုပ်ခိုးထည်နှင့်တကွ မိထားတဲ့သူခိုးလို ဖြစ်နေတော့မှာပဲလို့ စဉ်းစားမိပြီး ကြောက်လို့မနေဝံ့တဲ့အကြောင်း လျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက အဲဒီရဟန်းနှင့် သင့်လျော်တဲ့အရပ်ကို ဆင်ခြင်ကြည့်တော်မူတယ်၊ ဆင်ခြင်ကြည့်လိုက်တဲ့အခါ အဲဒီနေရာကိုပင် အသင့်လျော်ဆုံးအနေနဲ့ မြင်တော်မူလိုက်တယ်၊ အဲဒီရဟန်းက **စိတ်ကူးကြံစည်မှုတွေက များနေတော့ သူ့စိတ်ကိုသိတဲ့ ပုဂ္ဂိုလ်ရှိတဲ့နေရာမှာနေမှ စိတ်ကူးကြံစည်မှုနည်းပြီး သမာဓိဉာဏ်ဖြစ်လွယ်မယ်၊** ယခုတရားအားထုတ်နေကြတဲ့ ယောဂီတွေလည်း စိတ်အကြံကိုသိတဲ့ ကမ္မဋ္ဌာန်းဆရာထံမှာဆိုရင် ပိုပြီးကောင်း

http://www.dhammadownload.com



မယ်၊ တချို့ယောဂီ တွေက စိတ်မကူးပါနဲ့၊ မှတ်ရုံသာမှတ်နေပါလို့ ဆိုပေမယ့်၊ ဆရာက သိလိမ့်မယ်မထင်တော့ စိတ်ကူးတွေ များနေတတ်တယ်၊ တချို့က စိတ်ကူးရုံတင်တောင် မဟုတ်သေးဘူး၊ အချင်းချင်းစကားပြောပြီးတော့တောင် ပေါ့ပေါ့လျော့လျော့ နေလိုက်ကြသေးတယ်။

ကမ္မဋ္ဌာန်းဆရာက ရိပ်မိလို့ မေးမြန်းကြည့်လိုက်တဲ့အခါကျတော့မှ သူတို့အမှုတွေ အရိပ်အမြွက်လောက်ပေါ်လာတယ်၊ သေသေချာချာသိပြီး မေးစစ်နိုင်ရင်တော့ အဲဒီလို စိတ်ကူးဝံ့ကြ၊ စကားပြောဝံ့ကြမှာမဟုတ်ဘူး၊ ယခုပြောနေတဲ့ ရဟန်းမှာလည်း စိတ်အကြံအစည်တွေက များနေတော့ သူ့စိတ်ကိုသိတဲ့ အဲဒီဒကာမကြီးရှိရာအရပ်ဟာ အသင့်တော်ဆုံးဖြစ်နေတယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားက အဲဒီ ကျောင်းကိုပဲ ပြန်သွားဖို့ အမိန့်ပေးတယ်၊ အဲဒီရဟန်းက မသွားဝံ့တဲ့အကြောင်း ထပ်ပြီး လျှောက်ပြန်တယ်၊ **ဒီတော့ မြတ်စွာဘုရားက စိတ်တစ်ခုသာ စောင့်ရှောက်နေပါ၊ စိတ်ကို ရှုမှတ်ပြီး စောင့်ရှောက်နေရင် ဘာမျှကြောက်စရာ မရှိဘူး** ဆိုတဲ့အကြောင်း မိန့်တော်မူပြီးတော့ စိတ္တာနုပဿနာနှင့် ဆိုင်တဲ့ ဂါထာတစ်ပုဒ်ကို ဟောကြားတော်မူပါတယ်။

**ဒုန္နိဂ္ဂဟဿ လဟုနော၊**
**ယတ္ထကာမနိပါတိနော။**
**စိတ္တဿ ဒမထော သာဓု၊**
**စိတ္တံ ဒန္တံ သုခါဝဟံ။**

**ဒုန္နိဂ္ဂဟဿ**-နှိမ်နိုင်ခဲသောစိတ်တဲ့ (စိတ်ဆိုတာ နှိမ်ဖို့ ခက်တယ်၊ ဒီလိုဟာ မကြံပါနဲ့ဆိုမှ အဲဒီလိုဟာတွေကို ထပ်တလဲလဲ လျှောက်ပြီး ကြံနေတတ်တယ်၊ သူ့ကို ရိုက်နှက်ဆုံးမလို့လည်း

http://www.dhammadownload.com



ဖြစ်တာမဟုတ်ဘူး၊ ဒါကြောင့် နှိမ်နိုင်ခဲတယ်လို့ ဆိုထားပါတယ်၊) **ဒုန္နိဂ္ဂဟဿ**-နှိမ်နိုင်ခဲသော၊**လဟုနော**-လျင်မြန် စွာဖြစ်လေ့ရှိသော စိတ်တဲ့၊ (စိတ်ဆိုတာ အင်မတန်မြန်တယ်၊ ရှုမှတ် ခါစဆိုရင် သူ့ကို မိအောင် လိုက်ပြီး မမှတ်နိုင်တော့ဘူး၊ ဒီက မှတ်လိုက်ရင် ဟိုရောက်သွားတယ်၊ ဟိုကမှတ်လိုက်ပြန်ရင်လည်း ဒီရောက် လာပြန်တယ်၊ ဖြုတ်ခနဲ ဖြုတ်ခနဲ အင်မတန်အဖြစ်မြန်တယ်၊ ဒါကြောင့်) **လဟုနော**- လျင်မြန်စွာ ဖြစ်လေ့ရှိသော၊ **ယတ္ထ ကာမနိ ပါတိနော**- အလိုရှိရာရာ အာရုံများသို့ ကျရောက်သွား တတ်သောစိတ်တဲ့၊ (စိတ်ဆိုတာက ရုပ်များလို တားထားလို့ ပိတ်ဆို့ ထားလို့ရတာ မဟုတ်ဘူး၊ ရုပ်ကိုတော့ အခန်းထဲ တံခါးပိတ်ထားရင် ဘယ်ကိုမှ မသွားနိုင်ဘူး၊ ကြိုးစသည်နဲ့ ချည်တုပ်ထားရင် လှုပ် တောင် မလှုပ်နိုင်ဘူး၊ စိတ်ကတော့ အဲဒီလို တားထားလို့ ပိတ်ထား လို့မရဘူး၊ ကမ္မဋ္ဌာန်းကျောင်းထဲ ရောက်နေပေမယ့် သူကအပြင် ဘက်လည်း ထွက်သွားတယ်၊ အရပ်ထဲလည်း သွားတယ်၊ သူအလိုရှိ ရာ အာရုံတွေဆီ သွားသွားနေတာပဲ၊ ဒါကြောင့် **ယတ္ထကာမနိ ပါတိနော**- အလိုရှိရာရာ အာရုံများသို့ ကျရောက်သွားတတ်သော၊ **စိတ္တဿ**- စိတ်ကို၊ **ဒမထော**-ယဉ်ကျေးအောင် ဆုံးမ, ခြင်းသည်၊ **သာဓု**-ကောင်း၏။ (ဘယ်လိုကောင်းသလဲဆိုတော့) **ဒန္တံ**-ယဉ်ကျေး အောင် ဆုံးမ, အပ်ပြီး သည်ရှိသော်၊ **ဝါ**-ဆုံးမ၍ ယဉ်ကျေးပြီးသော၊ **စိတ္တံ**-စိတ်သည်၊ **သုခါဝဟံ**-ချမ်းသာကိုဆောင်ပေးတတ်ပေ၏။

ဆုံးမပေးလို့ ဒီစိတ်ကလေးက ယဉ်ကျေးလာရင်ချမ်းသာကို ဆောင်ပေးတတ်ပါတယ်၊ ရစေတတ်ပါတယ်တဲ့၊ အဲဒီတော့ ဒီစိတ် ကလေးကို ယဉ်ကျေးအောင် ဆုံးမ,ဖို့ရာ အလွန်ပဲ အရေးကြီး ပါတယ်၊ ဘာ့ကြောင့်လဲဆိုရင် လူတွေဟာ ချမ်းသာချင်ကြတာ

http://www.dhammadownload.com



ချည်းပဲ၊ ဆင်းရဲ ချင်တဲ့လူရယ်လို့ မရှိဘူး၊ ချမ်းသာချင်ရင် ချမ်းသာကြောင်းအလုပ်ကို လုပ်ရလိမ့်မယ်၊ အဲဒီအလုပ်က ဘာလဲဆိုရင် မိမိတို့၏ စိတ်ကလေးကို ယဉ်ကျေးအောင် ဆုံးမဖို့ပါပဲ၊ တရားနာပြီးတော့လည်း ဆုံးမရမယ်၊ ယောနိသောမနသိကာရနဲ့ သင့်လျော်အောင် နှလုံးသွင်းဆင်ခြင်ပြီးတော့လည်း ဆုံးမရမယ်၊ တရားအားထုတ်ပြီးတော့လည်း ဆုံးမရမယ်၊ နည်းနည်းယဉ်ကျေးရင် ချမ်းသာကို နည်းနည်းတော့ ဆောင်ပေးပါလိမ့်မယ်၊ များများ ယဉ်ကျေးရင် များများဆောင်ပေးပါလိမ့်မယ်၊ အပြည့်အစုံ ယဉ်ကျေးရင်တော့ ချမ်းသာကို အပြည့်အစုံပဲ ဆောင်ပေးပါလိမ့်မယ်။

အောက်ထစ်ဆုံးအားဖြင့် ဘုရား, တရား, သံဃာကို အရိုအသေပြုနိုင်အောင်, သရဏဂုံတည်အောင် ယဉ်ကျေးရင်ကို လူ့ဘဝနတ်ဘဝမှာဖြစ်ပြီး လူ့ချမ်းသာနတ်ချမ်းသာကို ဆောင်ပေးနိုင်ပါတယ်၊ တချို့လူတွေမှာ စိတ်ကို မဆုံးမ,နိုင်လို့ ဘာမှမယဉ်ကျေးဘူး၊ ဘုရားကို အရိုအသေ မပြုနိုင်ဘူး၊ ရှိမခိုးနိုင်ဘူး၊ တရား, သံဃာကို အရိုအသေ မပြုနိုင်ဘူး၊ အဲဒီလို လူတွေမှာ စိတ်က မယဉ်ကျေးတဲ့ အတွက် ဂါရဝကုသိုလ်လည်း မဖြစ်ဘူး၊ သရဏဂုံကုသိုလ်လည်း မဖြစ်ဘူး၊ ဒါကြောင့် အဲဒီကုသိုလ်တွေနဲ့ စပ်ဆိုင်တဲ့ ကောင်းကျိုး ချမ်းသာကို မရဘူး၊ ဘုရား, တရား, သံဃာကို ပစ်မှားမိရင် အဲဒီ အကုသိုလ်ကြောင့် အပါယ်လေးပါး ကျရောက်ပြီး ဆင်းရဲဖို့သာ ရှိတယ်၊ အဲဒါဟာ စိတ်မယဉ်ကျေးလို့ပဲ။

သရဏဂုံ တည်တဲ့အပြင် ငါးပါးသီလထဲက တစ်ပါးနှစ်ပါးစသည်ကို ဆောက်တည်ကျင့်သုံးနိုင်ရင် သာပြီး ယဉ်ကျေးလာတာပဲ၊ သီလသိက္ခာ ငါးပါးလုံးကို ကျင့်သုံးနိုင်ရင် သာပြီး ယဉ်ကျေးလာတာပဲ၊ ဒါနကုသိုလ်ပြုနိုင်ရင်လည်းယဉ်ကျေးတာပဲ၊ မိမိပစ္စည်းကို သူတစ်ပါးအား ဝေငှပြီးလှူနိုင်တယ်ဆိုတာ စိတ်က ယဉ်ကျေးလို့ပေါ့၊

http://www.dhammadownload.com



အဲဒီလို သီလကုသိုလ်၊ ဒါနကုသိုလ်ပြုနိုင်အောင် ယဉ်ကျေးရင် လူချမ်းသာ, နတ်ချမ်းသာတွေကို သာပြီး ဆောင်ပေးတတ်ပါတယ်။

အဲဒါတွေထက် ဘာဝနာဖြင့် ယဉ်ကျေးစေတာက သာပြီး ကောင်းတယ်၊ ဘာဝနာနှစ်ပါးထဲမှာလည်း သမထဘာဝနာဖြင့် ယဉ်ကျေးစေလျှင် ရူပဘုံ,အရူပဘုံတွေရောက်ပြီးတော့ ကမ္ဘာပေါင်းများစွာ ချမ်းသာစေနိုင်ပါတယ်၊ ဝိပဿနာဖြင့် ယဉ်ကျေးစေလျှင်တော့ အရဟတ္တမဂ်ဖိုလ်အထိ ရောက်ပြီး အကောင်းဆုံးအမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရစေနိုင်ပါတယ်၊ ယခုဒီဂါထာမှာ ဆိုလိုရင်းကတော့ အဲဒီဝိပဿနာနဲ့ ဆုံးမဖို့ပါပဲ၊ ဒါ့ကြောင့် သတိပဋ္ဌာန်လေးပါးထဲက စိတ္တာနုပဿနာအရ စိတ်ကလေးကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီးရှုနေမယ်လို့ ဆိုလိုပါတယ်၊ အဲဒီလို ဖြစ်တိုင်း ဖြစ်တိုင်း စိတ်ကိုရှုမှတ်ပြီး စောင့်ရှောက်နေရင် မတော်မသင့်တဲ့ စိတ်ဟာ ဖြစ်ခွင့်မရတော့ဘူး၊ တစ်ခါတစ်ရံ သတိလစ်ပြီး မတော်တဲ့စိတ်ကူး ဖြစ်လာတောင်မှ ရှုမှတ်ပြီး ပယ်လိုက်တာနဲ့ ချက်ချင်းပဲ ပျောက်ကင်းသွားတယ်။

ဒါပေမယ့် အားထုတ်စ ပုဂ္ဂိုလ်မှာတော့ တစ်ကြိမ်လောက် ရှုမှတ်ရုံနဲ့ မပျောက်ဘဲလည်း ရှိနေတတ်သေးတယ်၊ အဲဒီလို မပျောက်သေးရင် နှစ်ကြိမ်, သုံးကြိမ်စသည်ဖြင့် မပျောက်မချင်း ရှုမှတ်ရတယ်၊ စိတ်ဆိုတာ အနှိမ်နင်းရ, အဆုံးမရခက်ပါတယ်၊ အလွန်လည်း လျင်မြန်ပါတယ်၊ သူအလိုရှိရာ အာရုံတွေဆီကို ဖြုတ်ခနဲ ဖြုတ်ခနဲ ရောက်ရောက်သွားတတ်ပါတယ်၊ အဲဒါကို ယခုလို ရှုမှတ်နေတဲ့ ယောဂီတွေဟာ အသိဆုံးပါပဲ၊ အဲဒီလို လျင်လျင်မြန်မြန် သူသွားချင်ရာ ရောက်ရောက်သွားတတ်တဲ့ စိတ်ကို ရှုမှတ်ပြီး နိုင်နင်းအောင် ဆုံးမ,ဖို့ရာ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်၊ အဲဒါကို မြန်မာလို လွယ်လွယ်နဲ့ မှတ်ရအောင် ဘုန်းကြီး

http://www.dhammadownload.com



က ဆောင်ပုဒ်စီထားတယ်။

**နှိမ်နိုင်ခဲစွ၊ လျှင်မြန်လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊**
**ဝိညာဏသွမ်း၊ စိတ်သရမ်းကို ၊ စောင့်ဖမ်းရှုရေး၊**
**ဆုံးမ,ပေး၍၊ ယဉ်ကျေးလိမ္မာ၊ သူဖြစ်လာသော်၊**
**ချမ်းသာဆောင်ပေးတတ်သတည်း-တဲ့။**

ဒီဆောင်ပုဒ်ကို စီပြီးဟောခဲ့ဖူးတာ ကြာပါပြီ၊ အဲဒီမှာ နှိမ် နိုင်ခဲစွ၊ လျှင်မြန်လှ၍- ဆိုတဲ့နှစ်ပုဒ်က **ဒုန္နိဂ္ဂဟဿ လဟုနော**-ဆိုတဲ့ နှစ်ပုဒ်၏ ဘာသာပြန်ပါပဲ၊ သူကျလိုရာ၊ ကျတတ်ပါသည့်-ဆိုတဲ့ နှစ်ပုဒ်ကတော့ **ယတ္ထကာမနိပါတိနော**-ပုဒ်၏ ဘာသာပြန် ပါပဲ၊ ဝိညာဏသွမ်း၊ စိတ်သရမ်းကို ဆိုတဲ့နှစ်ပုဒ်ကတော့ **စိတ္တဿ**-စိတ်ကိုဆိုတဲ့ ပုဒ်၏ ဆိုလိုတဲ့အနက်ပါပဲ၊ အဲဒီမှာ ဆုံးမ,ရမည့်စိတ် ဆိုတော့ မယဉ်ကျေးသေးတဲ့စိတ်ပဲ၊ နှိမ်နိုင်ခဲတယ်-သူကျလိုရာ ကျတယ်လို့ ဆိုထားတဲ့အတွက် ဆိုးသွမ်းတဲ့စိတ်ပဲ၊ သရမ်းတဲ့စိတ်ပဲလို့ လည်း ထင်ရှားပါတယ်၊ နောက်ပြီးတော့ စောင့်ပြီးဖမ်းရမယ်ဆိုတဲ့ စကားနဲ့လည်း ကာရန်ရအောင်လို့ အဲဒီစိတ်ဝိညာဏ်ကို သွမ်းတယ်၊ သရမ်းတယ်လို့လည်း ဖြည့်စွက်ပြီး ဆိုထားပါတယ်။

**ဒမထော**-ဆုံးမ,ခြင်းဆိုတာကလည်း ဒီနေရာမှာ ဖြစ်တိုင်း ဖြစ်တိုင်းကို စောင့်ပြီး ဖမ်းပြီး ရှုမှတ်သောအားဖြင့် ဆုံးမ,ခြင်းဖြင့် ရည် ရွယ်ပါတယ်၊ ဒါ့ကြောင့် **ဒမထောသာဓု**-အရ စောင့်ဖမ်းရှုရေး၊ ဆုံးမ,ပေး၍ လို့စီထားတယ်၊ ယဉ်ကျေးလိမ္မာ၊ သူဖြစ်လာသော်၊ ချမ်းသာဆောင်ပေးတတ်သတည်း၊ ဆိုတာကတော့ **စိတ္တံ**-စိတ်သည်၊ **ဒန္တံ**-ဆုံးမပေး၍ ယဉ်ကျေးသည်ရှိသော်၊ **သုခါဝဟံ**-ချမ်းသာကို ဆောင်ပေးတတ်ပေ၏ လို့ဆိုတဲ့စကားအရ စီထားတာပါပဲ၊ ဒါက တော့ ရှင်းပါတယ်၊ ကဲ အဲဒီဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

http://www.dhammadownload.com



**နှိမ်နိုင်ခဲစွ၊လျှက်မြန်လှ၍၊သူကျလိုရာ၊ကျတတ်ပါသည့်၊**
**ဝိညာဏသွမ်း၊ စိတ်သရမ်းကို ၊ စောင့်ဖမ်းရှုရေး၊**
**ဆုံးမ,ပေး၍၊ ယဉ်ကျေးလိမ္မာ၊ သူဖြစ်လာသော်၊**
**ချမ်းသာဆောင်ပေးတတ်သတည်း-တဲ့။**

အဲဒီဂါထာကအရ "စိတ်ကိုနှိမ်နိုင်ခဲတယ်"ဆိုတာကလည်း ရှုမှတ်နေတဲ့ ယောဂီတွေမှာ လက်တွေ့အားဖြင့်ပဲ ထင်ရှားပါတယ်၊ လျင်မြန်တယ်ဆိုတာလည်း ထင်ရှားတာပဲ၊ သူကျလိုရာ အာရုံဆီ ကျကျသွားတတ်တယ်-ဆိုတာလည်း ထင်ရှားတာပဲ၊ ဒီအာရုံကို ကြံဖို့တန်တယ်, မတန်ဘူးလို့ စိတ်က ဆင်ခြင်နေတာမဟုတ်ဘူး၊ ကိုယ်နဲ့မတန်မရာကို လည်း လျှောက်ပြီးကြံနေတာပဲ၊ အဲဒါကတော့ တရားအားထုတ်ခြင်း၊ ရှုမှတ်ခြင်းမရှိတဲ့သူတွေမှာတောင် ထင်ရှား ပါတယ်၊ အရွယ်ကြီးရင့်နေတဲ့သူကပေမယ့် ကိုယ်နဲ့မတန်တာတွေ ကို လျှောက်ကြံနေတတ်တယ်၊ အလွန်အောက်တန်းကျတဲ့သူကပေ မယ့် သူနဲ့မတန်တာတွေကို လျှောက်ကြံနေတတ်တယ်၊ ဒါပေမယ့် တစ်ဖက်သားပုဂ္ဂိုလ်တွေက မသိလို့တော်ပါသေးရဲ့၊ သိသွားမယ် ဆိုရင်တော့ တော်တော့်ကို ဒုက္ခဖြစ်စေနိုင်မည့် စိတ်ကူးမျိုးတွေပဲ၊ အဲဒီလို သူကျလိုရာ ကျရောက်သွားတတ်တဲ့ စိတ်ရိုင်းကို ယဉ်ကျေး အောင် စောင့်ရှောက်ဆုံးမပေးဖို့လိုပါတယ်၊ မဆုံးမဘဲ သူ့ သဘော အတိုင်း လွှတ်ထားရင် သူကမတော်တာတွေကို ကြံတတ် တယ်၊ မတော်တာတွေကို ပြုဖို့ တိုက်တွန်းတတ်တယ်၊ သူတစ်ပါးကို ညှဉ်း ဆဲဖို့, သတ်ဖို့လည်း ကြံတတ်, တိုက်တွန်းတတ်တယ်၊ သူတစ်ပါးဥစ္စာ ကို ခိုးဖို့, လုဖို့လည်း ကြံတတ်တိုက်တွန်းတတ်တယ်၊ မပိုင်တဲ့ ကာမ ဂုဏ်တွေကို ကျူးလွန်ဖို့လည်း ကြံတတ်တိုက်တွန်းတတ်တယ်၊ အဲဒီ လို ကြံစည်တိုက်တွန်းပြီးတော့ သူက ဆင်းရဲဒုက္ခတွေကို ဆောင်ပေး

http://www.dhammadownload.com



တတ်တယ်၊ ငရဲဆင်းရဲကိုလည်း ပေးတတ်တယ်၊ ပြိတ္တာဆင်းရဲကို လည်းပေးတတ်တယ်၊ ခုတွင်က ပြောခဲ့တဲ့ ပြိတ္တာဆင်းရဲမျိုးတွေပေါ့။

ဒါကြောင့်စိတ္တေန နီယျတေ လောကောစိတ်က သတ္တဝါဆို တဲ့ လောကကို ဆောင်တယ်လို့ ဟောထားတာပဲ၊ ကောင်းတဲ့စိတ်က ကောင်းရာဘုံဘဝများသို့ ဆောင်တယ်၊ မကောင်းတဲ့စိတ်ကတော့မ ကောင်းရာဘုံဘဝများသို့ ဆောင်တယ်၊ဒါကြောင့် အဲဒီလို မကောင်း ရာဆောင်မည့် စိတ်ကို ယဉ်ကျေးအောင်ရှုမှတ်ပြီး ဆုံးမရတယ်။

အဲဒီလိုဆုံးမ,ပေးဖို့ရန်အတွက် ဝိညာဏသွမ်း၊ စိတ်သရမ်း ကို စောင့်ဖမ်းရှုရေး ဆုံးမ,ပေး၍ လို့ဆိုထားတယ်၊ ဒါကြောင့်ဖောင်း တယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် ရှုမှတ်နေရင်းစိတ် ကလေးက တခြားထွက်သွားရင် ရှုမှတ်ပြီးပယ်လိုက် ရမယ်၊ အဲဒီ ရှုမှတ်ပြီး ပယ်ဖန်များလာတော့ စိတ်ကလေးက နူးညံ့ သိမ်မွေ့ လာတယ်၊ ကိုယ်ထားလိုရာမှာ ထားနိုင်တယ်၊ သင်္ခါရုပေက္ခာဉာဏ် ရောက်တဲ့အခါ ဒီစိတ်ကလေးနူးညံ့သိမ်မွေ့ပုံ, ယဉ်ကျေးလာပုံဟာ အင်မတန် ထင်ရှားပါတယ်၊ အဲဒီလို သိမ်မွေ့ ယဉ်ကျေးလာရင် မကြာမီမှာပဲ သောတာပတ္တိမဂ်ချမ်းသာ, ဖိုလ်ချမ်းသာ အထိလည်း ဆောင်ပေးတတ်တယ်၊ အရဟတ္တ မဂ်ဖိုလ်ချမ်းသာ အထိလည်း ဆောင်ပေးတတ်တယ်၊ ဒါကြောင့် ဝိညာဏသွမ်း၊ စိတ် သရမ်းကို စောင့်ဖမ်းရှုရေး ဆုံးမပေး၍ ယဉ်ကျေးလိမ္မာ သူဖြစ်လာသော်၊ချမ်း သာ ဆောင်ပေးတတ်သတည်းလို့ ဆောင်ပုဒ်က ဆိုထားတာပဲ၊ မူရင်းဂါထာကို ပြန်ရွတ်လိုက်ဦးမယ်။

**ဒုန္နိဂ္ဂဟဿ လဟုနော၊**
**ယတ္ထကာမနိပါတိနော။**
**စိတ္တဿ ဒမထော သာဓု၊**
**စိတ္တံ ဒန္တံ သုခါဝဟံ။**

http://www.dhammadownload.com



**ဒုန္နိဂ္ဂဟဿ**-နှိမ်နိုင်ခဲသော၊ **လဟုနော**-လျင်မြန်စွာ ဖြစ်လေ့ရှိသော၊ **ယတ္ထကာမနိပါတိနော**-ကျလိုရာရာ အာရုံများသို့ ကျရောက်သွားတတ်သော၊ **စိတ္တဿ**-စိတ်ကို၊ **ဒမထော**-ယဉ်ကျေးအောင်ဆုံးမခြင်းသည်၊ **သာဓု**-ကောင်းပေ၏၊ **ဒန္တံ**-ယဉ်ကျေးအောင် ဆုံးမပြီးသည်ရှိသော်၊ **ဝါ**-ဆုံးမ၍ ယဉ်ကျေးပြီးသော၊ **စိတ္တံ**-စိတ်သည်၊ **သုခါဝဟံ**- ချမ်းသာကို ဆောင်ပေးတတ်၏။

**မာတိကမာတာ** ဒကာမကြီး၏ ကျောင်းသို့ မသွားရဲဘဲ ကြောက်နေတဲ့ရဟန်းအား မြတ်စွာဘုရားက ဒီတရားဂါထာမန္တာန်ဖြင့် ရဲဆေးတင်ပေးလိုက်တယ်၊ အဲဒီရဟန်းကလည်း မြတ်စွာဘုရား ဆုံးမတော်မူလိုက်တဲ့အတိုင်း ဘုရားထံမှ ထွက်ခွာသွားကတည်းက စိတ်တိုင်း စိတ်တိုင်း ရှုမှတ်သွားတယ်၊ တခြားတစ်ပါးထွက်သွားရင်လည်း အဲဒီ စိတ်ကိုရှုမှတ်ပြီး ပယ်တယ်၊ မာတိကရွာ တောကျောင်းရောက်တဲ့အခါလည်း သူ့စိတ်ကိုသာ မပြတ်ရှုမှတ်နေတယ်၊ အလျင်တစ်ခါကလို ကြံစည်စိတ်ကူးခြင်းကို မပြုတော့ဘူး။

**မာတိကမာတာဒကာမကြီး**ကလည်း အဘိညာဉ်ဖြင့် ကြည့်ပြီး အဲဒီရဟန်း ပြန်ကြွလာတာကို မြင်တယ်၊ သင့်လျော်တဲ့ ဆွမ်းခဲ ဖွယ်ဘောဇဉ်များကို ပြုပြင်ပြီး ကပ်လှူတယ်၊ ဒါ့ကြောင့် (ကတိပါဟေနဝ) သုံးလေးငါးရက်အတွင်း ရက်အနည်းငယ်ဖြင့်ပင် အရ ဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်တော်မူပါသတဲ့၊ ဒီဝတ္ထုထဲမှာ ပြောလိုရင်းကတော့ သူတစ်ပါးစိတ်ကိုသိတဲ့ **စေတောပရိယအဘိ ညာဉ်**ကို မြတ်စွာဘုရားသာမဟုတ်၊ **မာတိကမာတာ**ဆိုတဲ့ ဒကာမကြီးတောင်ရတဲ့အကြောင်းရယ်၊ သူတစ်ပါးစိတ်ကိုသိတဲ့ အဲဒီဒကာမကြီးကို အကြောင်းပြုပြီး မတော်တဲ့စိတ်ကူးကို ပယ်နိုင်ပြီး တရားထူးရလွယ်တာရယ် အဲဒီ ၂-ချက်ဟာ ပြောလိုရင်းပါပဲ။

http://www.dhammadownload.com



## စိတ်အကြံသိသူနားမှာနေရင် မတော်တာ မကြံဝံ့ဘူး

ဟုတ်တယ်၊ သူတစ်ပါးစိတ်ကိုသိတဲ့ ပုဂ္ဂိုလ်အနီးမှာ နေရရင် စိတ်က မတော်တာကို မကြံဝံ့ဘူး၊ တစ်ခါက ဘုန်းကြီးဟာ သုသာန်မှာသွားနေဖူးတယ်၊ ၁၂၉၃-ခုနှစ်၊ ရဟန်းဝါရှစ်ဝါရတုန်းကပါပဲ အဲဒီတုန်းက သတိပဋ္ဌာန်အမှတ်တရားကို အားမထုတ်ရသေးပါဘူး၊ တရားအားထုတ်ဖို့ရာ သင့်တော်တဲ့နေရာနဲ့ သင့်တော်တဲ့နည်း၊ သင့်တော်တဲ့ဆရာကို ရှာနေရင်း အဲဒီတုန်းက ကျော်ကြားနေတဲ့ ဘုန်းတော်ကြီး ဦးအုန်းခိုင်ထံ ရောက်သွားတယ်၊ ဦးအုန်းခိုင်ကျောင်းက သထုံခရိုင် ဒုံဝန်းဘူတာ အရှေ့မြောက်ဘက်တွင် ရွှေရောက်ပြတောင်ဆိုတဲ့ အရပ်မှာရှိတယ်၊ အဲဒီဘုန်းတော်ကြီးက ဓုတင်ကျင့်ဝတ်တွေကို အမြဲတမ်းဆောင်ပြီး ကျင့်နေတယ်၊ အထူးအားဖြင့် သုသာန်ဓုတင်ကို ဆောင်နေတယ်၊ ညဥ့်ဆိုရင် သုသာန်မှာသာ နေလေ့ရှိတယ်၊ ပတ်ဝန်းကျင်ရှိ ဆွမ်းခံရွာများဆိုင်ရာ သုသာန်များသို့ အလှည့်ကျသွားပြီးနေတယ်။

ဘုန်းကြီး အဲဒီရောက်တဲ့ အခါတုန်းက ဘုန်းတော်ကြီး ဦးအုန်းခိုင်က နောက်ပါတပည့်တစ်ပါးနဲ့ သုသာန်တစ်ခုသို့ သွားတယ်၊ အခြားရဟန်းတော်များနဲ့ ရသေ့များက အခြားသုသာန်တစ်ခုသို့ သွားကြတယ်၊ ဘုန်းကြီးလည်း အဲဒီအများစုနဲ့အတူ လိုက်သွားတယ်၊ နေဝင်ခါနီးမှာ သုသာန်သို့ ရောက်သွားတယ်၊ ရောက်သွားလို့ မကြာခင်ဘဲ မလှမ်းမကမ်းရွာ သုသာန်တစ်ခုက လာပြီးပင့်တယ်၊ အကြောင်းကတော့ ၁၅-နှစ်အရွယ် ကလေးမတစ်ယောက် ကြိုးဆွဲချပြီး သေဆုံးသွားလို့ အဲဒီကလေးမအလောင်းကို မြှုပ်ထားရာမှာ အစောင့်အရှောက်ရစေရန် ရည်ရွယ်ပြီး ပင့်တာပါပဲ၊ အဲဒီလို အစိမ်းသေအလောင်းကို ပယောဂဆရာတွေက တူး

http://www.dhammadownload.com



ဖော်ပြီး လက်ဖျန် ရိုးစတဲ့ အစိတ်အပိုင်းကို ပယောဂပညာအတွက် အသုံးချတတ်ကြပါတယ်၊ အဲဒီလို အန္တရာယ်မှ ကင်းဝေးဖို့ပါပဲ။

ဘုန်းကြီးတို့ ရောက်နေတဲ့ သုသာန်မှာလည်း ၂-ညဥ့်နေပြီးလို့ နောက်ဆုံးညဥ့်ဖြစ်နေတာကတစ်ကြောင်း နောက်တစ်ညဥ့်မှာ အဲဒီ သုသာန်မှာနေဖို့ အလှည့်ကျနေတာကလည်းတစ်ကြောင်း၊ သက်ဆိုင်ရာ ဒကာများက ပင့်တာကလည်းတစ်ကြောင်းကြောင့် အဲဒီသုသာန်သို့ ပြောင်းရွှေ့သွားကြရပါတယ်၊ နေမဝင်ခင်ဘဲ ရောက်သွားပါတယ်၊ ဘုန်းကြီးတို့အဖွဲ့က ရှစ်ပါးလောက်ရှိပါတယ်၊ အဲဒီရောက်တော့ အသီးသီးနေရာယူကြပါတယ်၊ ဒကာများက ကောက်ရိုးများ ခင်းပေးထားတယ်၊ ဟိုချုံပုတ်နားမှာ တစ်နေရာ၊ ဒီချုံပုတ်နားမှာ တစ်နေရာ ခပ်လှမ်းလှမ်းမှာခွဲပြီး ခင်းပေးထားပါတယ်၊ သောက်ရေအိုးများလည်း တည်ထားပါတယ်။

နေရာယူကြတဲ့အခါ အခြားပုဂ္ဂိုလ်များကတော့ အစိမ်းသေကလေးမ အလောင်းမြှုပ်ထားတဲ့ နေရာနဲ့ ခပ်လှမ်းလှမ်းနေရာများကို ယူကြတယ်၊ ဘုန်းကြီးမှာတော့ အဲဒီအစိမ်းသေအလောင်းမြေပုံနဲ့ အနီးဆုံးနေရာကိုရတယ်၊ ဘယ်လောက်နီးသလဲဆိုရင် ၂-တောင်ထွာလောက်ပဲ ကွာပါတယ်၊ ကပ်လျက်ပဲ ဖြစ်နေပါတယ်၊ ဘုန်းကြီးဟာ တစ်ခါမှ သုသာန်မှာ မနေဖူးဘူး၊ အခြားပုဂ္ဂိုလ်တွေကတော့ သုသာန်မှာ နေသားကျပြီး ရိုးနေပါပြီ၊ ဘုန်းကြီးမှာ အဆန်းဖြစ်နေတော့ ကြောက်စိတ်ပေါ်လာတယ်၊ ခက်တော့တာပဲ၊ နေရာချင်းလဲဖို့ဆိုရင်လည်း ကိုယ်ကအဲဒီအစုထဲမှာ ဝါအကြီးဆုံးဖြစ်နေတဲ့အတွက် မတော်ဘူးလို့ စသည်ဖြင့် ဆင်ခြင်ပြီး အဲဒီနေရာမှာပဲ နေရတယ်။

အခြားပုဂ္ဂိုလ်တွေကတော့ ပရိတ်မေတ္တာများ ပွားများပြီးတော့ လဲလျောင်းပြီး အိပ်ကြတယ်၊ ဘုန်းကြီးကတော့ သုသာန်မှာ

http://www.dhammadownload.com



လည်း လျှောင်းမအိပ်ချင်တာနဲ့ နိသဇ္ဇဓုတင်ဆောင်ပြီး ထိုင်နေပါတယ်။ "သူသေအလောင်းနားမှာ ဘီလူးတွေ လာနေတတ်ကြတယ်" လို့ဆိုတဲ့ ဝိသုဒ္ဓိမဂ်စကားကို အမှတ်ရတာနဲ့ ဘီလူးများရှိနေရင် အဲဒီဘီလူးများနဲ့ မတိုက်မိအောင် အထူးသတိပြု၍ ခပ်ငြိမ်ငြိမ်ပဲ နေရတယ်၊ အဲဒီသုသာန်မှာ လေးညတိတိ နေခဲ့ပါတယ်။

အဲဒီတုန်းက သုသာန်စောင့်နတ်တွေ့ဘီလူးတွေက အနီးမှာရှိနေရင်လည်း သူတို့ကလည်း လူ့စိတ်ကူးကို သိနေမယ်ဆိုရင် အဲဒီ နတ်တွေ ဘီလူးတွေက ခြောက်လှန့်မှာကိုကြောက်လို့ မသင့်လျော်တဲ့ စိတ်ကူးမျိုးကို မကြံဝံ့ဘူး၊ စိတ်ကူးနယ်ပယ်ဟာ အတော်ကျဉ်းနေခဲ့ပါတယ်၊ အဲဒီကိုယ်တွေ့နဲ့ နှိုင်းယှဉ်ပြီးတော့ ယခုပြောနေတဲ့ ဝတ္ထုကြောင်းထဲက ရဟန်းကလည်း မာတိကမာတာ ဒကာမကြီးကို အကြောင်းပြုပြီးတော့ မသင့်တော်တဲ့စိတ်ကူး မဖြစ်ဘဲ စိတ်စင်ကြယ်ပြီး အရဟတ္တဖိုလ်တရားထူးကို လျင်မြန်စွာ ရသွားဟန် လက္ခဏာရှိတယ်လို့ ယူဆမိတယ်၊ စေတောပရိယအဘိညာဉ်အကြောင်းကတော့ တော်လောက်ပါပြီ။

## ဒိဗ္ဗသောတဉာဏ်

ယခု ဝိ-မ-က္က-စေ-ဒိ ဆိုတဲ့ ဉာဏ်ငါးပါးထဲက နောက်ဆုံးဖြစ်တဲ့ ဒိဗ္ဗသောတဉာဏ်ကို ပြောရမယ်၊ ဒိဗ္ဗစက္ခုဉာဏ်က အနီးအဝေး၊ အကြီးအသေး အဆင်းဟူသမျှကို မြင်နိုင်သလိုပင် ဒိဗ္ဗသောတဉာဏ်ကလည်း အသံစကားဟူသမျှကို ကြားနိုင်တယ်၊ လူ့ပြည်က အသံသာမဟုတ်၊ နတ်ပြည်ဗြဟ္မာ့ပြည်က အသံတွေလည်း ကြားနိုင်တယ်၊ အခြား စကြဝဠာတွေက အသံများကိုလည်း ကြားနိုင်တယ်၊ အလွန်သိမ်မွေ့တဲ့ အသံကိုလည်း ကြားနိုင်တယ်၊ ထည့်

http://www.dhammadownload.com



သွင်းရမယ့် ဝိ-မ-က္က-စေ-ဒိ အကြောင်းလည်း စုံသွားပြီ၊ ဒီဝိဇ္ဇာ ငါးပါးနဲ့ ပု-ဒိ-အာ ဆိုတဲ့ ဝိဇ္ဇာသုံးပါးကို ပေါင်းလိုက်ရင် ဝိဇ္ဇာရှစ်ပါး ဖြစ်တယ်၊ အဲဒီဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးနဲ့ ပြည့်စုံတဲ့အကြောင်း သာတာဂိရိနတ်က ဖြေကြားပါတယ်။

**သမ္ပ**-အဆွေတော်ဟေမဝတနတ်မင်း၊ **သော**-ငါတို့၏ဆရာ ဖြစ်တော်မူသော ထိုဂေါတမမြတ်စွာဘုရားသည်၊ **ဝိဇ္ဇာယစေဝ သမ္ပန္နော**-ဝိဇ္ဇာမည်သော ဉာဏ်ထူးသုံးပါး၊ ဉာဏ်ထူးရှစ်ပါးနှင့် လည်းပြည့်စုံတော်မူပါပေ၏၊ **အထော**-ထို့ပြင်၊ **သံသုဒ္ဓစာရဏော**-ကောင်းစွာစင်ကြယ်သော အခြေခံအကျင့်များ စရဏ တရားနဲ့ လည်း ပြည့်စုံတော် မူပါပေ၏လို့ ဖြေကြားလိုက်ပါတယ်၊ အဲဒါကို-

ဝိဇ္ဇာဉာဏ်များ၊ သုံးပါးရှစ်သွယ်၊ စရဏဆယ့်ငါး၊ ကျင့်အား စုံတယ်-လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ဝိဇ္ဇာဉာဏ်များ သုံးပါး ရှစ်သွယ်၊ (ဆို)**
**စရဏဆယ့်ငါး၊ ကျင့်အား စုံတယ်။(ဆို)**

## စရဏတစ်ဆယ့်ငါးပါး

ဟေမဝတနတ်က စရဏနဲ့လည်း ပြည့်စုံပါရဲ့လားလို့မေးတဲ့ အတွက် သာတာဂိရိနတ်က စရဏခေါ်တဲ့ အခြေခံအကျင့်များနှင့် လည်း ပြည့်စုံတဲ့အကြောင်းဖြေပါတယ်၊ အဲဒါကို ဒီမှာ-"စရဏဆယ့် ငါး ကျင့်အားစုံတယ်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒီ စရဏ ဆယ့်ငါးပါးကိုလည်း အသေးစိတ် သရုပ်အားဖြင့် လွယ်လွယ်နဲ့ မှတ်ရအောင် ဒီမှာ-

သီ-က္ခန်-ဘော-ဇာ၊ ဈာန်လေးဖြာ၊ သဒ္ဓါဝီရိယ။
သတိ ပညာ၊ ဟိ-သြ-ဗာ၊ မှတ်ပါ စရဏ-လို့

http://www.dhammadownload.com



ဆောင်ပုဒ် ၂-ခုစီထားတယ်၊ အဲဒီ ၂-ပုဒ်ထဲက ပထမပုဒ်ကို ဆိုကြရမယ်။

**သီ-ဣန်-ဘော-ဇာ၊ ဈာန်လေးဖြာ၊ သဒ္ဓါဝီရိယ။(ဆို)**

**သီ**-ဆိုတာက ပါတိမောက္ခသံဝရသီလပဲ (၁)၊ **ဣန်**-ဆိုတာက ဣန္ဒြိယသံဝရသီလ (၂)၊ **ဘော**-ဆိုတာက ဘောဇနေမတ္တညုတာ (၃)၊ **ဇာ**-ဆိုတာက ဇာဂရိယာနုယောဂ(၄)၊ **ဈာန်လေးဖြာ**-ဆိုတာက ရူပဈာန်လေးပါးကို ဆိုတယ်(၅-၈)၊ **သဒ္ဓါနှင့်ဝီရိယ**ဆိုတာကတော့ ထင်ရှားနေပါပြီ (၉-၁၀)၊ ဒီတော့ ဒီပထမ ဆောင်ပုဒ်ထဲမှာ စရဏတရား ဆယ်ပါးပါဝင်တယ်၊ အဲဒါကို တစ်ပါးချင်းရှင်းပြီးပြောသွားမယ်။

(၁) **ပါတိမောက္ခသံဝရသီလ** ဆိုတာ သူ့ကို စောင့်ရှောက်ရင် အဲဒီစောင့်ရှောက်တဲ့သူကို လောကဘေး, သံသရာဘေးများမှ လွတ်စေနိုင်တဲ့ ပိတ်ဆို့စောင့်စည်းမှုသီလလို့ အနက်အဓိပ္ပါယ်ရှိပါတယ်၊ လူများမှာ ငါးပါးသီလဟာ ပါတိမောက်သီလပဲ၊ ရဟန်းများမှာတော့ အကျဉ်းအားဖြင့် ၂၂၇-ပါး၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော် သီလတွေဟာ ပါတိမောက်သီလပဲ၊ အဲဒီသီလကို ရိုရိုသေသေစောင့် ထိန်းနေရင် လောကမှာ အကဲ့ရဲ့ခံရမည့်ဘေးနဲ့ မင်းဘေးတို့မှ လွတ်စေနိုင်ပါတယ်၊ အပါယ်လေးပါး အစရှိသော သံသရာဘေးများမှ လည်းလွတ်မြောက်စေနိုင်ပါတယ်၊ ဒါ့ကြောင့် ပါတိမောက္ခသံဝရသီလ လို့ ခေါ်ပါတယ်။

(၂) **ဣန္ဒြိယသံဝရသီလ** ဆိုတာကတော့ မြင်မှုစသည်မှာ အစိုးရတဲ့အတွက် မျက်စိအစရှိတဲ့ ဒွါရ ၆-ပါးကို ဣန္ဒြေလို့ ခေါ်တယ်၊ ဒါ့ကြောင့် ဣန္ဒြေ ၆-ပါးဆိုတာ ဒွါရ ၆-ပါးပါပဲ၊ အဲဒီဒွါရ ၆-ပါးက မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားသိတိုင်း, ထိသိတိုင်း

http://www.dhammadownload.com



ကြံသိတိုင်း အဘိဇ္ဈာဆိုတဲ့ လိုချင်မက်မောမှုမဖြစ်ရအောင် စောင့်ရှောက်တာကို ဣန္ဒြိယသံဝရသီလ ခေါ်တယ်၊ ဒီသီလကတော့ ဘာဝနာတစ်ခုခုကို မပြတ်ပွားများနေပါမှ ကောင်းကောင်းပြည့်စုံနိုင်ပါတယ်၊ သာမန်ပုဂ္ဂိုလ်တွေမှာတော့ အတော်အသင့်လောက်သာ ပြည့်စုံနိုင်ပါတယ်။

(၃) **ဘောဇနေမတ္တညုတာ** ဆိုတာကတော့ စားသုံးတဲ့ ဘောဇဉ်နဲ့စပ်ပြီး အတိုင်းအရှည်သိတာပါပဲ၊ အလှူခံရာမှာလည်း အတိုင်း အရှည်သိပြီး သင့်တော်လောက်ရုံသာ အလှူခံရတယ်၊သုံးဆောင်ရာမှာလည်း ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ပြီးသင့်တော်လောက်ရုံသာ စားသုံးရတယ်၊ ဆွမ်းကို စားတဲ့အခါမှာ ဆင်ခြင်ဖို့ရာ မြတ်စွာဘုရားက **"ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝတိ နေဝ ဒဝါယ"** စသည်ဖြင့် ဟောထားပါတယ်၊ ကောင်းတာကို စားရတဲ့အခါ နှစ်သက်သာယာမှုဖြစ်တတ်တယ်၊ မကောင်းတာကို စားရတဲ့အခါ စိတ်ပျက်မှု နှလုံးမသာမှု ဖြစ်တတ်တယ်၊ ကောင်းတာကို တောင့်တမှုလည်း ဖြစ်တတ်တယ်၊ အဲဒီလို နှစ်သက်သာယာမှု၊ တောင့်တမှုလောဘ၊ စိတ်ပျက်မှုဒေါသ၊ နှလုံးမသာမှု ဒေါမနဿ ဆိုတာတွေ မဖြစ်ရအောင် ဒီလိုဆင်ခြင်ပြီး စားပါတဲ့။

ဆွမ်းကို စားရတာဟာ ပျော်မြူးနိုင်အောင် စားတာမဟုတ်၊ မာန်ယစ်နိုင်အောင် စားတာမဟုတ်၊ အသားအရေ ကြည်လင်ပြည့်ဖြိုးပြီး လှပတင့်တယ်အောင် စားတာမဟုတ်၊ ဒါဖြင့် ဘာအတွက်လဲ ဆိုရင် ဒီရုပ်ကိုယ်ကြီး တည်မြဲတည်နေအောင် စားရတယ်၊ ဆာလောင်ခြင်း ကင်းအောင် စားရတယ်၊ ဆာလောင်ခြင်းကြောင့်ဖြစ်စေ၊ ဒုက္ခဝေဒနာတွေ မဖြစ်ရအောင် စားရတယ်၊ ကျန်းမာရေး ပြည့်စုံအောင် စားရတယ်၊ ကျန်းမာပြီး နေသာထိုင်သာရှိနေတော့

http://www.dhammadownload.com



ဘာလုပ်ဖို့လဲဆိုရင် မြတ်စွာဘုရား၏ အဆုံးအမ အကျင့်သိက္ခာတွေကို ကျင့်နိုင်အောင် စားရတယ်လို့ ဒီလိုဆင်ခြင်ပြီး စားရတယ်၊ ဆွမ်းကိုသာ မဟုတ်ဘူး၊ သင်္ကန်းစသည်ကိုလည်း မချမ်းရအောင် မပူရအောင် ခြင်မှက်မြွေ, ကင်း စသည် မကိုက်ရအောင် ဝတ်ရုံရ, သုံးဆောင်ရတယ် စသည်ဖြင့် ဆင်ခြင်ပြီး သုံးဆောင်ရတယ်၊ အဲဒီလို ဆင်ခြင်ပြီး သုံးဆောင်သောအားဖြင့် အတိုင်းအရှည်ကို သိတာဟာ "ပစ္စဝေက္ခ ဏာဉာဏ်ဖြင့် ဆင်ခြင်ပြီး သုံးဆောင်ဖွယ် ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်း" ဆိုတဲ့ ဘောဇနေမတ္တညုတာပဲ။

(၄) **ဇာဂရိယာနုယောဂ** ဆိုရာမှာ **ဇာဂရိယ**-နိုးကြားခြင်းကို **အနုယောဂ**-အားထုတ်ပြုလုပ်ခြင်း-တဲ့၊ အအိပ်အနေနည်းပြီး နိုးကြားမှုများအောင် အားထုတ်ခြင်းပါပဲ၊ ဒါပေမယ့် ဘာဝနာအလုပ်ကို အားမထုတ်ဘဲ နိုးကြားနေတာကတော့ အကျိုးမများတာလည်း ရှိတယ်၊ တစ်ခါက ဘုန်းကြီးတစ်ပါးက ပြောဖူးတယ်၊ သူ့မှာတော့ နိုးနေရင် အကုသိုလ်စိတ်တွေ များလွန်းလို့ အကုသိုလ်အဖြစ်နည်းအောင် အချိန်များများ အိပ်နေရပါတယ်သတဲ့။

အင်း-သူ့ဟာလည်း ဟုတ်တုတ်တုတ်ပဲ၊ နိုးနေတဲ့ အချိန်မှာ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေကို ကြံနေလျှင် အကုသိုလ်တွေ အဖြစ်များနေမှာပဲ၊ အိပ်ပျော်နေတဲ့ အချိန်မှာတော့ အဲဒီလို အကုသိုလ်ဝိတက်တွေ မဖြစ်နိုင်ဘူး၊ ဒါကြောင့် အိပ်နေတာက အကုသိုလ်အဖြစ်နည်းတယ်ဆိုတာ ဟုတ်တုတ်တုတ်ပဲ၊ ဒါပေမယ့် ဒီဇာဂရိယာနုယောဂအရ နိုးနေတာကတော့ အဲဒီလို ဘာဝနာလက်မဲ့ နိုးနေတာကို မဆိုလိုပါဘူး၊ ဘာဝနာဖြင့် နီဝရဏ ကိလေသာတွေကို ပယ်လျက် နိုးနေတာကိုသာ ဆိုလိုပါတယ်၊ အဲဒီမှာ ဟောထားပုံကတော့-

http://www.dhammadownload.com



**ဒိဝသံ**-တစ်နေ့ပတ်လုံး၊ **စင်္ကမေန နိသဇ္ဇာယ**-စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့်၊ **အာဝရဏီယေဟိ ဓမ္မေဟိ**-ကုသိုလ်ကို တားမြစ်တတ်သည့် နီဝရဏတရားတို့မှ၊ **စိတ္တံ**-စိတ်ကို၊ **ပရိသောဓေတိ**-ထက်ဝန်းကျင်စင်ကြယ်စေ၏-တဲ့၊ စင်္ကြံသွားလိုက်၊ ထိုင်လိုက်၊ ဒီဣရိယာပုထ်နှစ်ပါးဖြင့် ကာမစ္ဆန္ဒအစရှိတဲ့ နီဝရဏ ကိလေသာတွေ ကင်းပြီး စိတ်စင်ကြယ်အောင် အားထုတ်နေရမယ်တဲ့၊ အဲဒီမှာ အသွားနှင့်အထိုင်၊ အထိုင်နှင့်အသွားတို့၏ စပ်ကြားမှာ ရပ်တဲ့ဣရိယာပုထ်လည်း ပါဝင်ပါတယ်၊ လဲလျောင်းအိပ်တဲ့ ဣရိယာပုထ်ကိုတော့ ပြမထားဘူး၊ ဒါကြောင့် တင်းတင်းရင်းရင်း အားထုတ်ရင် တစ်နေ့လုံး ရံခါထိုင်၊ ရံခါစင်္ကြံသွား၊ ရံခါရပ်ခြင်းဆိုတဲ့ ဣရိယာပုထ်သုံးပါးဖြင့် နီဝရဏကင်းအောင် ဘာဝနာတစ်ပါးပါးဖြင့် အားထုတ်နေရမယ်၊ အဲဒီတစ်ရက်မှာ ၆-ပိုင်းရှိတဲ့အနက်က သန်းခေါင်ယာမ် တစ်ပိုင်းလောက်သာ အိပ်ပြီး ကျန်တဲ့ ၅-ပိုင်းမှာ ဘာဝနာတစ်ပါးပါးဖြင့် နိုးကြားနေတာကို ဇာဂရိယာနုယောဂ ခေါ်တယ်။

(၅-၈) **ချာန်လေးဖြာ** အရကတော့ ရူပဈာန်လေးပါးဖြစ်ကြောင်း အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်၊ အဲဒီမှာ ရူပဈာန်များကို စတုတ္ထဈာန်ထဲ သွင်းယူလျှင်လည်း သင့်စရာရှိပါတယ်။

(၉-၁၀) **သဒ္ဓါနှင့် ဝီရိယ**အကြောင်းကတော့ အထူးချဲ့ထွင်ပြီး ပြောစရာမလိုပါဘူး၊ ဒီတော့ သီ-ဣန်-ဘော-ဇာ၊ ဈာန်လေးဖြာ သဒ္ဓါဝီရိယ-ဆိုတဲ့ ဒီပထမဆောင်ပုဒ်ထဲမှာ စရဏတရား ၁၀-ပါး၊ ပါဝင်သွားပြီး ဒုတိယဆောင်ပုဒ်က "သတိပညာ၊ ဟိ-ဩ-ဗာ၊ မှတ်ပါ စရဏ"တဲ့၊ အဲဒါကို ဆိုကြရမယ်။

**သတိပညာ၊ ဟိ-ဩ-ဗာ၊ မှတ်ပါစရဏ။ (ဆို)**

http://www.dhammadownload.com



ဒီဆောင်ပုဒ်ထဲက **သတိ** ဆိုတာက အမှတ်ရမှုပဲ (၁၁)၊ **ပညာ** ဆိုတာက အသိဉာဏ်ပဲ (၁၂)၊ **ဟိ**-ဆိုတာက ဟိရီ-တဲ့၊ မကောင်းမှု အကုသိုလ်မှ ရှက်ခြင်းပါပဲ (၁၃)၊ **ဩ**-ဆိုတာက ဩတ္တပ္ပတဲ့၊ မကောင်းမှု အကုသိုလ်မှ ကြောက်လန့်ခြင်းပါပဲ (၁၄)၊ **ဗာ**-ဆိုတာက ဗာဟုသစ္စ၊ အကြားအမြင်များခြင်းတဲ့ (၁၅)။

ဒီ ဗာဟုသစ္စ-အကြားအမြင်များခြင်းဆိုရာမှာ အကြားဆိုတာက မြတ်စွာဘုရားဟောထားတဲ့ တရားတော်တွေကို ကြားနာမှတ်မိတာပါပဲ၊ ယခုလို တရားနာရင်း တစ်လုံးမှတ်မိ၊ နှစ်လုံးမှတ်မိ စသည်ဖြင့် မှတ်သားမိတာကို **အာဂမသုတ**-အကြားလို့ခေါ်တယ်၊ တရားအားထုတ်ရင်း ကိုယ်ပိုင်ဉာဏ်ဖြင့်တွေ့ပြီး သိမြင်တာကို **အဓိဂမသုတ**-အမြင်လို့ခေါ်တယ်၊ အဲဒီအကြားရော၊ အမြင်ရော၊ ပြည့်စုံတာ များတာကို **ဗာဟုသစ္စ**-အကြားအမြင် များခြင်းလို့ ဆိုတယ်။

ဘယ်လောက်များဖို့ လိုသလဲဆိုရင် သာမန်သာဝကများမှာ မိမိတစ်ကိုယ်တည်း လွတ်မြောက်ရေးအတွက်ဆိုရင် ဂါထာတစ်ပုဒ်လောက်ကြားနာပြီး ကျင့်ရုံသိရုံမျှဖြင့်လည်း အကြားအမြင်များတယ် ပြည့်စုံတယ်လို့ ဆိုရပါတယ်၊ သူတစ်ပါးတွေအား ဟောပြောမည့် ဆရာဆိုရင်တော့ မြတ်စွာဘုရားဟောတဲ့ တရားတွေကို များများတတ်သိလေလေ ကောင်းလေပါပဲ၊ ဒီနေရာမှာ မေးစရာရှိတယ်၊ ဘယ်လိုလဲဆိုရင် "မြတ်စွာဘုရားမှာတော့ သူတစ်ပါးထံမှ ကြားနာမှတ်သားခြင်း မရှိပါဘဲ ဘယ်လိုအကြားအမြင်သုတနှင့် ပြည့်စုံပါသလဲ"လို့ မေးစရာ ရှိပါတယ်။

အဖြေကတော့ အကြားအမြင်ဆိုတဲ့ သုတနှစ်မျိုးထဲက **အဓိဂမသုတ** ဆိုတဲ့ အမြင်သုတဟာ မြတ်စွာဘုရားမှာ အကြွင်းမဲ့

http://www.dhammadownload.com



ပြည့်စုံတော်မူပါတယ်၊ အဲဒီလို အကြွင်းမဲ့အလုံးစုံကို သိနေတဲ့အတွက် မသိသေးတဲ့အရာကို သူတစ်ပါးထံမှ ကြားနာမှတ်သားစရာမလိုတော့ပါဘူး၊ ဥပမာအားဖြင့်ပြောရရင် ကိုယ့်အိမ်တွင်းမှာရှိတဲ့ အရာဝတ္ထုတွေ အကြောင်းကို ကိုယ်တိုင်တွေ့မြင်ပြီး သိနေကြတဲ့အတွက် အဲဒီအကြောင်းအရာတွေကို သိဖို့ရာ သူတစ်ပါးထံမှာ ကြားနာဖို့ မလိုသလိုပါပဲ၊ ဒါကြောင့် မြတ်စွာဘုရားမှာ ကိုယ်ပိုင်ဉာဏ်ဖြင့် အကြွင်းမဲ့ အလုံးစုံကိုသိမြင်တဲ့ **အဓိဂမသုတ**နှင့် လုံးဝပြည့်စုံတော်မူတဲ့အတွက် **ဗာဟုသစ္စ** ဆိုတဲ့ အကြားအမြင်များခြင်းဟာ အလွန်အကဲ အမြင့်အမြတ်ဆုံး အပြည့်စုံဆုံး ဖြစ်ပါတယ်။

**သတိ ပညာ၊ ဟိ-ဩ-ဗာ၊ မှတ်ပါ စရဏ** ဆိုတဲ့ ဒုတိယဆောင်ပုဒ်ထဲမှာ စရဏငါးပါး ပါဝင်တယ်၊ ပထမဆောင်ပုဒ်က ဆယ်ပါးနှင့် ပေါင်းလိုက်ရင် စရဏတရား တစ်ဆယ့်ငါးပါး ဖြစ်တယ်၊ ဒီတစ်ဆယ့်ငါးပါးထဲမှာ သဒ္ဓါက စပြီး နောက်ပိုင်းခုနစ်ပါးဟာ သဒ္ဓမ္မခေါ်တဲ့ သူတော်ကောင်းတရားတွေပဲ၊ ဒေသနာအစဉ်အားဖြင့် ဆိုရင်တော့ သဒ္ဓါ,ဟိရီ,ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, သတိ, ပညာ-လို့ ဒီလိုဟောထားပါတယ်၊ ဆောင်ပုဒ်မှာ ဒေသနာအစဉ်အတိုင်း မဟုတ်ဘဲ၊ လင်္ကာသွားအရ ကာရန်ရသည်အားလျော်စွာ ခုနစ်ပါး သရုပ်ပြည့်ရုံမျှစီထား ပါတယ်။

ယခုပြောခဲ့တာဟာ ဝိဇ္ဇာရော စရဏရော စုံသွားပါပြီ၊ အဲဒီဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးပါးတို့နှင့် မြတ်စွာဘုရားမှာ ပြည့်စုံတော်မူကြောင်းကို သာတာဂိရိနတ်က ရဲရဲရင့်ရင့်ဝန်ခံပြီး ဖြေကြားလိုက်ပါတယ်၊ အဲဒါ အလွန်ကြည်ညိုဖွယ်ကောင်းတဲ့အတွက်ကြောင့် ထပ်ပြီးဆိုလိုက်ကြပါဦးစို့။

http://www.dhammadownload.com



**ဝိဇ္ဇာဉာဏ်များ သုံးပါးရှစ်သွယ်၊ (ဆို)**
**စရဏ ဆယ့်ငါး ကျင့်အားစုံတယ်။ (ဆို)**
**သုံးပါးဝိဇ္ဇာ၊ ပု-ဒိ-အာ၊ ပညာဉာဏ်မျက်စိ။(ဆို)**
**ရှစ်ပါးအရ၊ ထည့်သွင်းကြ၊ ဝိ-မ-ဣ-စေ-ဒိ။(ဆို)**
**သီ-ဣန်-ဘော-ဇာ၊ ချာန်လေးဖြာ၊ သဒ္ဓါ ဝီရိယ။ (ဆို)**
**သတိပညာ၊ ဟိ-ဩ-ဗာ၊ မှတ်ပါစရဏ။ (ဆို)**

အဲဒီဘုရားဂုဏ်တော်တွေကို **နတ်နှစ်ဦး** မေးဖြေနေကြရာ ဌာနဟာ ရာဇဂြိုဟ်မြို့ပေါ်က **ကောင်းကင်အရပ်မှာ** ဖြစ်တယ်၊ အဲဒီ အခါက (ကုရရဃရမြို့သားနဲ့ **အိမ်ထောင်ကျပြီး** ကုရရဃရမြို့မှာ လိုက်နေလို့ ကုရရဃရရိကာ- ကုရရဃရမြို့သူလို့ ဆိုရတဲ့) ကာဠီဟာ ရာဇဂြိုဟ်မြို့က သူ့**မိဘတိုက်မှာ** မီးဖွားရန် ရောက်နေခိုက်ဖြစ်တယ်၊ အဲဒီ ကာဠီဆိုတဲ့ **အမျိုးသမီးက** လေသာပြတင်းကို ဖွင့်ပြီး၊ လေညင်းခံနေခိုက်မှာ **အဲဒီ နတ်နှစ်ဦး** စကားပြောသံကို ကြားရတယ်၊ ဒီအသံဟာ **ကောင်းကင်ကလာတဲ့** အသံပဲ၊ လူအသံတော့ မဟုတ်ဘူး၊ နတ်တွေ **စကားပြောတဲ့** အသံဖြစ်မှာပဲလို့ စဉ်းစားပြီး နားထောင်နေတယ်၊ **အဲဒီလိုနတ်တွေပြောတဲ့** စကားသံကို ကြားရတယ်ဆိုတာကလည်း ဘုန်းကံ ပါရမီထူးရှိတဲ့သူမို့ ကြားရတာ၊ တခြားလူတွေကတော့ **အဲဒီတုန်းက** ဘယ်သူမျှ ကြားကြမှာ မဟုတ်ဘူး။

**ကာဠီ** ကတော့ ပါရမီထူးရှိတဲ့အတွက် အဲဒီနတ်တွေပြောတဲ့ စကားကို ကြားလည်းကြားရတယ်၊ သူတို့ပြောတာကို နားလည်းလည်တယ်၊ ဒါကြောင့် သူ့မှာ အဲဒီနတ်တွေပြောတာကို နားထောင်ရင်း ဘုရားဂုဏ်တော်တွေကို အာရုံပြုပြီး ကြည်ညိုတဲ့ သဒ္ဓါတရား

http://www.dhammadownload.com



တွေ ထက်သန်စွာဖြစ်လာတယ်၊ **"ငါတို့ဘုရား၊ စိတ်ထား ကောင်းစွာ၊ သူခပ်သိမ်းအား သနားညီညာ၊ အာရုံကောင်းဆိုး၊ ကြံမျိုးသုံးဖြာ၊ လိုရှိတိုင်း မဆိုင်းပြုနိုင်ပါ"** တဲ့။

ယခုပွင့်နေတဲ့ မြတ်စွာဘုရားဟာ စိတ်ကို **ကောင်းစွာထား** နိုင်သတဲ့၊ သတ္တဝါအားလုံးအပေါ်မှာ ညီတူပင် ချစ်ခင်ခြင်း, သနားခြင်း ရှိသတဲ့၊ အာရုံအကောင်းအဆိုးနောက်ကို မလိုက်ဘဲ အလိုတော်ရှိတဲ့ အတိုင်း နှလုံးသွင်းကြံစည်နိုင်သတဲ့ စသည်ဖြင့် အာရုံပြုပြီး ကြည်ညိုတဲ့ သဒ္ဓါတရားတွေ တဖွားဖွားဖြစ်နေတယ်၊ ဝိဇ္ဇာဉာဏ်များ၊ သုံးပါးရှစ်သွယ်၊ စရဏာဆယ့်ငါး၊ ကျင့်အားစုံတယ်" တဲ့၊ ဝိဇ္ဇာဉာဏ်ထူးသုံးပါး ပု-ဒိ-အာဆိုတဲ့ ဉာဏ်ထူးများနှင့်လည်း ပြည့်စုံသတဲ့၊ ဝိ-မ-ဣ-ဒိ-စေ-ပု-ဒိ-အာဆိုတဲ့ ဝိဇ္ဇာဉာဏ်ထူးရှစ်ပါး နှင့်လည်း ပြည့်စုံသတဲ့၊ အခြေခံ အကျင့် စရဏ တစ်ဆယ့်ငါးနှင့်လဲ ပြည့်စုံသတဲ့ စသည်ဖြင့် အာရုံပြု ပြီး ကြည်ညိုသဒ္ဓါတရားတွေ တဖွားဖွားဖြစ်နေတယ်။

## ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ အမြတ်ဆုံးပဲ

ဝိဇ္ဇာစရဏနှင့် ပြည့်စုံတယ်ဆိုတာဟာ အလွန်ပင် ကြည်ညို ဖွယ်ကောင်းပါတယ်၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ အမြတ်ဆုံး ဖြစ်ကြောင်း ဒီလိုဟောထားပါတယ်။

**ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊**
**ယေ ဂေါတ္တပဋိသာရိနော။**
**ဝိဇ္ဇာစရဏသမ္ပန္နော၊**
**သော သေဋ္ဌော ဒေဝမာနုသေ**-တဲ့။

**ဇနေတသ္မိံ**-လောက၌၊ **ဝါ**-လူအများထဲ၌၊ **ယေ**-အကြင်သူ

http://www.dhammadownload.com



တို့သည်၊ **ဂေါတ္တပဋိသာရိနော**-အမျိုးအနွယ်ကို အစဉ်လျှောက်၍ အယုတ်အမြတ် ဆုံးဖြတ်လေ့ရှိကုန်၏။ **တေသု**-ထိုသူတို့တွင်၊ **ခတ္တိယော**- မင်းမျိုးဖြစ်သောသူသည်၊ **သေဋ္ဌော**-အထူးသဖြင့် ချီးမွမ်း အပ်၍ မြင့်မြတ်လှပါပေ၏။

အိန္ဒိယနိုင်ငံမှာ အမျိုးအနွယ်စိစစ်ပြီး အယုတ်အမြတ်ခွဲခြား လေ့ရှိကြပါတယ်၊ ဗြာဟ္မဏအမျိုးကမြတ်တယ်၊ ခတ္တိယမျိုးက မြတ်တယ်၊ ဝေဿမျိုးက သုဒ္ဒမျိုးတွေက ယုတ်ညံ့တယ်လို့ ဒီလို အမျိုးဇာတ်အားဖြင့် ခွဲခြားကြတယ်၊ အဲဒီအထဲမှာလည်း အနွယ် အားဖြင့် ကောသိယ အနွယ်,ဘာရဒွါဇနွယ်က ယုတ်ညံ့တယ်၊ ဂေါတမအနွယ် မောဂ္ဂလာနအနွယ်, ကစ္စာနအနွယ်က မြတ်တယ် စသည်ဖြင့် အနွယ်အားဖြင့် လည်းခွဲခြားကြတယ်။

ဘယ်လောက်အထိ ခွဲခြားထားသလဲဆိုရင် အမျိုးအနွယ် မြတ်တယ်လို့ အသိအမှတ်ပြုထားတဲ့သူတွေက ဒွန်းစဏ္ဍား, ပန်း မှိုက်သွန်အစရှိတဲ့ အမျိုးညံ့တွေနဲ့ မထိရဘူး၊ ထိမိသွားရင် အသရေ ယုတ်ညံ့ပျက်စီးသွားတယ်လို့ ယူဆထားကြတယ်၊ ဒါကြောင့် ဒွန်း စဏ္ဍား အမျိုးညံ့တွေဟာ မြို့ပြင်မှာ သီးသန့်ရွာ တည်ပြီး နေရတယ်၊ မြို့ထဲလာတဲ့အခါလည်း သူ့ကိုအမျိုးယုတ် သူမှန်းသိပြီး တိမ်းနိုင်ရှောင်နိုင်အောင်လို့ တုတ်နှစ်ချောင်းနဲ့ ဒေါက်ဒေါက် ဒေါက်ဒေါက် အသံပြုပြီးလာရသတဲ့၊ မတော်တဆ ထိမိခိုက်မိရင် အသရေယုတ်သွားမှာကို ကာကွယ်နိုင်အောင် သတိပေးတဲ့သဘော ပါပဲ၊ ကျွန်တော်အမျိုးယုတ်သူ လာပါတယ်၊ အမျိုး မြတ်တဲ့ အရှင် မြတ်တွေ ရှောင်ကြပါလို့ ဆိုလိုတဲ့သဘောပါပဲ၊ မာတင်္ဂဇာတ်ထဲမှာ ဒိဋ္ဌမင်္ဂလိကာဆိုတဲ့ သူဌေးသမီးက မာတင်္ဂ သူတောင်းစားကို မြင်တဲ့အတွက် အမင်္ဂလာဖြစ်တယ်လို့ ယူဆပြီး သူ့အခြေ

http://www.dhammadownload.com



အရံတွေက မာတင်ကို ဝိုင်းပြီးရိုက်ကြတာဟာ ဒီအမျိုး အယုတ် အမြတ် ခွဲခြားတဲ့ သဘောပါပဲ၊ အဲဒါတွေကတော့ ဟိုရှေးခေတ် တုန်းက ခွဲခြားပုံတွေပါပဲ၊ ယခုခေတ်မှာလည်း အဲဒီလောက်မဆိုး ပေမယ့် ခွဲခြားမှုကတော့ ရှိနေသေးတာပဲ။

ရှိပုံကို တစ်ဆင့်စကား ကြားသိရတာကတော့ မကြာမီက ပျံလွန်တော်မူသွားတဲ့ ဗဟန်းထဲက ဝေဠုဝန်ဆရာတော်ကြီးက သူ့ကိုယ်တွေ့ကို ပြောဖူးတယ်၊ ရှေးပြီတိသျှခေတ်တုန်းက အဲဒီဆရာ တော်ကြီးက အိန္ဒိယ၊ သီဟိုဠ်ကို ဘုရားဖူးသွားတဲ့အခါ သူ့ဒကာများ နဲ့စပ်ပြီး ကုလားသူဌေးကြီးတစ်ဦးအိမ်မှာ ဝင်ရောက်ပြီး တည်းခို ပါသတဲ့၊ အဲဒီအခါ ကုလားသူဌေးကြီးက ဘာပြောသလဲဆိုတော့ "ခင်ဗျား၊ ကျုပ်အိမ်မှာ တည်းနိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားနေ့ သွားတဲ့နေရာမှာ ကျုပ်တို့နေလို့မဖြစ်ဘူး၊ ဒါကြောင့် နေရာ သီးသန့်လုပ်ပေးမယ်လို့လည်း ပြောပါသတဲ့၊ အိမ်သာကိုလည်း ခင်ဗျားတက်သွားရင် ကျုပ်တို့တက်လို့ မဖြစ်ဘူး၊ ဒါကြောင့် အိမ်သာကိုလည်း သီးသန့်လုပ်ပေးမယ်လို့ ပြောပါသတဲ့။

ဒါတောင် မြန်မာပြည်ကမို့ ဒါလောက်အခွင့်ပေးသေးတာ၊ သူတို့ဆီက ဇာတ်နိမ့်တွေဆိုရင် ဒါလောက်တောင် အခွင့်ရမှာ မဟုတ်ဘူး၊ အဲဒီဇာတ်နိမ့်တွေကို သူတို့အလေးအမြတ်ပြုတဲ့ ဘုရား ရှိခိုးကျောင်းထဲတောင် မဝင်စေရဘူးတဲ့၊ သူတို့၏ အယူအဆအား ဖြင့် အမျိုးညံ့က မွေးလာရင် မြင့်မြတ်အောင် ပြုပြင်လို့မရတော့ဘူး၊ တစ်ဘဝလုံး ယုတ်ညံ့သွားတော့တာပဲ၊ အမျိုးမြတ်က မွေးလာရင် လည်း ဘာလုပ်နေနေ မြင့်မြတ်နေတယ်လို့ပဲ ယူဆကြတယ်၊ ဒီလိုအယူအဆ တွေကတော့ သူတို့၏ ကျမ်းစာတွေမှာလည်း ရှိ တယ်၊ ဗုဒ္ဓသာသနာဝင် ပိဋကတ်ကျမ်းတွေထဲမှာလည်း ရှိတယ်။

http://www.dhammadownload.com



သီဟိုဠ်မှာလည်း အမျိုးအယုတ်အမြတ်ခွဲခြားမှုဟာ အိန္ဒိယ လောက်မပြင်းထန်ပေမယ့် အတော်အတန်တော့ရှိတာပဲ၊ ဒါကြောင့် သီဟိုဠ်မှာ အမျိုးညံ့ထဲက ဖြစ်လာတဲ့ ရဟန်းကို အမျိုးမြတ်တဲ့သူတွေ က မရိုမသေ မဆည်းကပ် မကိုးကွယ်ကြလိုကြဘူး၊ အမျိုးမြတ်တဲ့လူ ကို အမျိုးညံ့တဲ့ ရဟန်းက ကြောက်ရွံ့သလိုလိုနဲ့ ဖြစ်နေတယ်၊ မြန်မာပြည်မှာတော့ ဒီလိုအမျိုးနဲ့စပ်ပြီး အယုတ်အမြတ်ခွဲခြားတာ ထင်ထင်ရှားရှားမရှိပါဘူး၊ ပစ္စည်းရှိတဲ့လူ၊ အာဏာရှိတဲ့လူကို ရိုသေကြတာပဲ၊ ယခုဒီမှာ ဟောထားတဲ့တရားကတော့ အိန္ဒိယမှာ ဟောတဲ့ တရားဖြစ်တဲ့အတွက် အိန္ဒိယအခြေအနေအရ ဟောတဲ့ တရားဖြစ်ပါ တယ်။

ဒါကြောင့် အမျိုးအနွယ်နှင့်စပ်ပြီး ငါတို့အမျိုးအနွယ်က မြတ်တယ်၊ သူတို့အမျိုးအနွယ်က ယုတ်တယ် စသည်ဖြင့် စိစစ်ရွေး ချယ်လေ့ရှိတဲ့ လူတွေထဲမှာ ခတ္တိယခေါ်တဲ့ မင်းမျိုးက အမြတ်ဆုံးပါ ပဲတဲ့၊ ဘာကြောင့်လဲဆိုရင် အဲဒီရှေးတုန်းက ခတ္တိယမင်းမျိုးတွေဟာ သူတို့၏ အမျိုးအနွယ်ကို စောင့်ရှောက်လေ့ရှိကြတယ်၊ ညံ့တဲ့သူ တွေနဲ့ အိမ်ထောင်ဖက်မပြုကြဘူး၊ ဒါကြောင့် အမျိုးအနွယ်အားဖြင့် လည်း စင်ကြယ်တယ်၊ နောက်ပြီးတော့ အဲဒီမင်းမျိုးတွေက သူ့ အမျိုး၊ သူ့နိုင်ငံအတွက် ရွပ်ရွပ်ချွံချွံလည်း တိုက်ခိုက်ပြီး ကာကွယ် စောင့်ရှောက်တတ်တယ်၊ အာဏာလည်းရှိတယ်၊ ဒါတွေကြောင့် လောကအနေအားဖြင့် မြင့်မြတ်တယ်လို့ ဆိုတာပါပဲ၊ ဒါကြောင့်-

**တေသု**-အမျိုးအနွယ်ကို အစဉ်လျှောက်၍ အယုတ်အမြတ် ဆုံးဖြတ်ခွဲခြားလေ့ရှိသော ထိုလူတို့တွင်၊ **ခတ္တိယော**- မင်းမျိုး ဖြစ်သော သူသည်၊ **သေဋ္ဌော**-အထူးသဖြင့် ချီးမွမ်းအပ်၍ မြင့်မြတ် ပါပေ၏လို့ ဆိုပါတယ်၊ နောက်ပြီးတော့ **ယော**-အကြင်ပုဂ္ဂိုလ်သည်၊

http://www.dhammadownload.com



**ဝိဇ္ဇာစရဏ သမ္ပန္နော**- ဝိဇ္ဇာမည်သော ဉာဏ်ထူးများ, စရဏမည်သော အခြေခံ တရားတို့နှင့် ပြည့်စုံပါပေ၏၊ **သော**-ထိုပုဂ္ဂိုလ်သည်၊ **ဒေဝမာနုသေ**-နတ်လူအများထဲ၌၊ **ဝါ**-တစ်လောကလုံး၌၊ **သေဋ္ဌော**-အထူးသဖြင့် ချီးမွမ်းအပ်၍ မြင့်မြတ်လှပါပေတော့၏-တဲ့။

လောကဘက်ကနေပြီး ကြည့်ရင် မင်းမျိုးဖြစ်သူကို အမြတ်ဆုံးလို့ ဆိုရသလိုပင် တရားဘက်ကနေပြီးကြည့်ရင်တော့ ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတဲ့သူဟာ အမြတ်ဆုံးပါပဲတဲ့၊ ဒီဂါထာကို ပထမစပြီးရွတ်ဆိုတာကတော့ **သဟမ္ပတိ**ဆိုတဲ့ အရိယာဗြဟ္မာကြီးပဲ၊ အဲဒီဗြဟ္မာကြီးရွတ်ဆိုတာကို မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်လိုက်တဲ့အခါ ဗြဟ္မာကြီးဆိုတဲ့အတိုင်း ဟုတ်မှန်ကြောင်းကို တွေ့ရတဲ့အတွက် မြတ်စွာဘုရားကလည်း သဘောတူအခွင့်ပြုတဲ့အနေဖြင့် ဒီဂါထာကို ထောက်ခံပြီး ဟောတော်မူပါတယ်။

လောကအနေအားဖြင့် မင်းမျိုးတို့ မင်းတို့ဆိုတာ မြတ်တယ်ဆိုပေမယ့် မသေမီကာလ အာဏာရှိစဉ်ကာလလောက်သာ မြတ်တယ်လို့ဆိုနိုင်ပါတယ်၊ အာဏာလက်မဲ့ဖြစ်နေတဲ့အခါ, သေပြီးတဲ့အခါများကျတော့ ဘာမျှအားကိုးစရာမရှိတော့ပါဘူး၊ ဝိဇ္ဇာစရဏနှင့်ပြည့်စုံတဲ့ လူကတော့ အစဉ်ထာဝရကောင်းမြတ်ပါတယ်၊ နည်းနည်းပြည့်စုံရင် နည်းနည်းတော့ မြင့်မြတ်တာပဲ၊ များများပြည့်စုံရင် များများမြင့်မြတ်တာပဲ၊ ပြည့်စုံလေလေ မြင့်မြတ်လေလေပဲ။

ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် တန်ခိုးဖန်ဆင်းပြနိုင်မယ်ဆိုရင် မြေလျှိုးမိုးပျံ ပြနိုင်မယ်ဆိုရင် ယခုနေခါ လူတွေက သိပ်ပြီးအလေးအမြတ် ပြုကြမှာပဲ၊ စေတောပရိယဉာဏ်ဖြင့် သူတစ်ပါးစိတ်ကိုသိပြီး ပြောနိုင်ရင်လည်း အလေးအမြတ်ပြုကြမှာပဲ၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေသွားတဲ့လူတွေရဲ့ ဖြစ်ရာဘဝမှာ ပြောနိုင်ရင်လည်း အလေး

http://www.dhammadownload.com



အမြတ်ပြုကြမှာပဲ၊ ဒိဗ္ဗသောတဉာဏ် ဒိဗ္ဗစက္ခုဉာဏ်များဖြင့် အကြားအမြင်ပေါက်ပြီးပြော ဟောနိုင်ရင်လည်း သိပ်အလေး အနက်ပြုကြမှာပဲ၊ ဝိပဿနာရှုမှတ်နေရင်း သမာဓိ အထူးကောင်းတဲ့ အချို့ပုဂ္ဂိုလ်မှာ အဲဒီအဘိညာဉ်များနဲ့ ခပ်တူတူပဲ အကြား အမြင် ရတန်သလောက် ရနေတာရှိတယ်။

(ပခုက္ကူခရိုင် ကျွန်းထဲက ဒကာမကြီးတစ်ယောက်ဟာ ဘုန်းကြီးတို့ ညွှန်ကြားနေတဲ့နည်းအတိုင်း ရှုမှတ်အားထုတ်ပြီး အကြား အမြင်တွေ ရနေတယ်လို့ဆိုတယ်၊ တစ်ခါက သူ့ညီမအိမ်မှာ လက်ဝတ်လက်စား ရွှေတွေပျောက်သွားလို့ အဲဒီဒကာမကြီးကို မေးကြည့်သတဲ့၊ ဒကာမကြီးက မပြောချင်ပါဘူးလို့ ငြင်းပယ်နေပေမယ့် အထပ်ထပ် တွယ်ကပ်ပြီး မေးနေတာနဲ့ နောက်ဆုံးတော့ သူက တရားနှလုံးသွင်းပြီးကြည့်လိုက်တဲ့အခါ ပစ္စည်းရှင်အိမ်မှ အိမ်ဖော်ကလေးမက ယူသွားပြီး အဲဒီကလေးမရဲ့ အိမ်မီးဖိုးချောင်က ကျပ်ခိုးစင်ပေါ်မှာ အိုးကလေးထဲ ထည့်ပြီးတင်ထားတာကို တွေ့မြင်ပါသတဲ့၊ အဲဒီတော့ သူတွေ့မြင်တဲ့အတိုင်း ပြောလိုက်တဲ့အခါ ပစ္စည်းရှင်ဒကာမကြီးက ရဲပုလိပ်ကို ခေါ်ပြီး အဲဒီကလေးမ အိမ်လိုက်သွားတယ်၊ အဲဒီရောက်တော့ တစ်ခါ တည်း မီးဖိုချောင်ထဲ ဝင်သွားပြီး ကျပ်ခိုးစင်ပေါ်က အိုးကလေးကို ဖွင့်ကြည့်ပြီးတော့ သူ့ပစ္စည်းဖြစ်ကြောင်း သိတာနဲ့ ယူပြီးပြန်လာခဲ့ပါသတဲ့၊ အဲဒါကို တွေ့မြင်ရတော့ ရဲပုလိပ်ကတောင် အံ့ဩသွားပါသတဲ့။

အဲဒါဟာ ရှုမှတ်အားထုတ်ရုံမျှနဲ့ သမာဓိ၏အစွမ်းဖြင့် အကြားအမြင်ရတာလည်း ရှိတယ်ဆိုတာ ယခုခေတ်သက်သေ သာဓကတစ်ခုပါပဲ၊ အဲဒီလို အကြားအမြင်ရတာနဲ့စပ်ပြီး အခြား သာဓကများလည်းရှိပါတယ်၊ အဘိညာဉ်တွေ အကုန်ရပြီးတော့

http://www.dhammadownload.com



တန်ခိုးပြပြီး ပြောဟောနိုင်မယ်ဆိုရင် လူတွေက အလွန့်အလွန် အလေးအမြတ် ပြုကြမှာပဲ။)

အရေးကြီးတာကတော့ အဲဒီဝိဇ္ဇာဉာဏ်ထူးတွေထဲမှာ ဝိပဿနာဉာဏ်နဲ့ အာသဝက္ခယဉာဏ်က ပိုပြီးအရေးကြီးပါတယ်၊ ဝိပဿနာဉာဏ်နဲ့ ပြည့်စုံနေရင် စူဠသောတာပန်ဖြစ်ပြီး ဂတိမြဲတယ်လို့ ယုံကြည်ရပါတယ်၊ အာသဝက္ခယဉာဏ်ခေါ်တဲ့ မဂ်ဉာဏ်လေးပါးထဲက သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံရင် သောတာပန်ဖြစ်ပြီး အပါယ်သံသရာကို လွတ်မြောက်သွားပြီ၊ ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်ရမည့် ဘဝဆင်းရဲတွေလည်း ကင်းသွားပြီ၊ ခုနစ်ဘဝအတွင်းမှာ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကို ဝင်စံရတော့မယ်၊ ဒါကြောင့် ကောင်းမြတ်လှပါပြီ၊ အထက် မဂ်ဉာဏ်များနှင့် ပြည့်စုံရင်တော့ ကောင်းမြတ်ကြောင်း အထူးပြောစရာမလိုပါဘူး။

နောက်ပြီးတော့ လူ့လောက နတ်လောက ဗြဟ္မာလောကမှ အထက်တန်းရောက်ပြီး ကြီးပွားချမ်းသာနေကြတဲ့ လူတွေ,နတ်တွေ, ဗြဟ္မာတွေဟာ သီလအစရှိသော စရဏတရားနှင့် ပြည့်စုံတဲ့ လူတွေပဲ၊ အထူးအားဖြင့် သဒ္ဓါအစရှိသော သူတော်ကောင်းတရားများနှင့် ပြည့်စုံတဲ့သူတွေပဲ၊ သဒ္ဓါတရားရှိတဲ့သူတွေက ဒါနအစရှိသော ကုသိုလ်ကောင်းမှုတွေကို ပြုကြတယ်၊ အဲဒီကောင်းမှုရှိတဲ့ သူတွေပဲ လူ့လောက နတ်လောကမှာဖြစ်ပြီး ကြီးပွားချမ်းသာနေကြတယ်၊ ယခုလို တရားနာတယ်၊ တရားအားထုတ်တယ်ဆိုတာဟာလည်း သဒ္ဓါအစရှိသော စရဏတရားနှင့်ပြည့်စုံတဲ့သူတွေပဲ၊ အရိယမဂ်ဖိုလ်ဉာဏ်ကို ရောက်တယ်, ရတယ်ဆိုတဲ့သူတွေလည်း ဒီစရဏတရားနှင့် ပြည့်စုံတဲ့လူတွေပဲ၊ ဒါကြောင့် စရဏတရားနှင့် ပြည့်စုံတဲ့သူဟာလည်း မြင့်မြတ်ပါပေတယ်။

http://www.dhammadownload.com



ယခုပြောခဲ့တဲ့အတိုင်း ဝိဇ္ဇာရော, စရဏရော နှစ်ပါးစလုံးနှင့် ပြည့်စုံရင် သာပြီးမြတ်တာပဲ၊ ဒါကြောင့် **သော**-ထိုဝိဇ္ဇာစရဏနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်၊ **ဒေဝမာနုသေ**- နတ်လူအများထဲ၌၊ **သေဋ္ဌော**-အထူးသဖြင့် ချီးမွမ်းအပ်၍ မြင့်မြတ်လှပါပေတော့၏-လို့ မိန့်ဆိုထားတာပါပဲ။

## ယခုယောဂီတွေလည်း ဝိဇ္ဇာစရဏနှင့် ပြည့်စုံတယ်

ယခုတရားအားထုတ်နေကြတဲ့ ယောဂီတွေထဲမှာလည်း **ဝိ-မ- ဣ-ဒိ-စေ-ပု-ဒိ-အာ** ဆိုတဲ့ ဝိဇ္ဇာရှစ်ပါးထဲက **ဝိ**-ဆိုတဲ့ ဝိပဿနာဉာဏ် ဝိဇ္ဇာနဲ့ပြည့်စုံနေတယ်၊ အရိယမဂ်ကို ရောက်သူမှာတော့ အာသဝက္ခယဉာဏ်နှင့်လည်း ပြည့်စုံတယ်၊ စရဏဆယ်ငါးပါးထဲကလည်း သီလနှင့်လည်း ပြည့်စုံတယ်၊ မပြတ်ရှုမှတ်နေတဲ့အတွက် ဣန္ဒြေကိုစောင့်စည်းမှုလည်း ပြည့်စုံတယ်၊ ရှုမှတ်ပြီးစားတဲ့အတွက် ဘောဇဉ်၌အတိုင်းအရှည်သိမှုလဲ ပြည့်စုံနိုင်တယ်၊ လေးနာရီလောက်သာ အိပ်ချိန်ထားပြီး မပြတ်ရှုမှတ်နေတဲ့အတွက် နိုးကြားမှုလည်း ပြည့်စုံနေတယ်၊ သဒ္ဓါအစရှိသော သူတော်ကောင်းတရားတွေနဲ့ ပြည့်စုံတာကိုတော့ အထူးပြောစရာမလိုပါဘူး။

ဒါကြောင့် ယခုဒီသာသနာ့ရိပ်သာမှာ ကြိုးကြိုးစားစား အားထုတ်နေကြတဲ့ယောဂီတွေဟာလည်း ဝိဇ္ဇာစရဏတွေနဲ့ ထိုက်သည့်အားလျော်စွာ ပြည့်စုံနေကြပါတယ်၊ ဝိဇ္ဇာစရဏနှင့်ပြည့်စုံတဲ့သူဟာ အထူးသဖြင့်ချီးမွမ်းအပ်တဲ့သူ၊ မြင့်မြတ်တဲ့သူပဲလို့ ဟောထားတဲ့ ဒေသနာတော်နှင့် ကိုက်ညီနေပါတယ်၊ အဲဒါကို ဆင်ခြင်ကြည့်ရင် အင်မတန်ဝမ်းသာစရာကောင်းပါတယ်၊ အဲဒီလို ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပြည့်စုံသည်ထက် ပြည့်စုံအောင်

http://www.dhammadownload.com



ရှုမှတ်အားထုတ် သွားကြဖို့ပါပဲ။

မြတ်စွာဘုရားမှာတော့ ယခုပြောခဲ့တဲ့ ဝိဇ္ဇာဉာဏ်ထူးသုံးပါး၊ ဝိဇ္ဇာဉာဏ်ထူးရှစ်ပါး၊ စရဏတရား တစ်ဆယ့်ငါးပါးတို့ဖြင့် လုံးဝဥဿုံ အကြွင်းမဲ့ပြည့်စုံတော်မူပါတယ်၊ ဒါကြောင့် ဂုဏ်တော်ကိုးပါးထဲမှာ ဝိဇ္ဇာစရဏ သမ္ပန္နောလို့ ဂုဏ်တော်တစ်ပုဒ်အဖြစ်ဖြင့် ဖော်ပြထားတယ်၊ အဲဒီဂုဏ်ပုဒ်ကို ရွတ်ဆိုပြီး ကြည်ညိုကြရအောင် လိုက်ဆိုကြရမယ်။

**ဝိဇ္ဇာစရဏသမ္ပန္နော**-ဝိဇ္ဇာမည်သော ဉာဏ်ထူးသုံးပါး၊ ဉာဏ်ထူးရှစ်ပါး၊ စရဏမည်သော အခြေခံအကျင့်တရား တစ်ဆယ့်ငါးပါးတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

## သုပ္ပဗုဒ္ဓဝတ္ထု

ဒီနေရာမှာ ဝိဇ္ဇာစရဏနှင့် ပြည့်စုံရင် မြတ်တဲ့အကြောင်းနှင့် စပ်ပြီး သုပ္ပဗုဒ္ဓဆိုတဲ့ သူဆင်းရဲတစ်ယောက်အကြောင်းကို ထုတ်ပြဦးမယ်၊ မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက ရာဇဂြိုဟ်မြို့မှာ သုပ္ပဗုဒ္ဓဆိုတဲ့ သူဆင်းရဲတစ်ယောက်ရှိတယ်၊ သူ့မှာ ငယ်ရွယ်စဉ်ကတည်းက မိဘများက စွန့်ပစ်သွားကြလို့ ခွက်လက်စွဲပြီး တောင်းရမ်းစားနေရတယ်၊ တစ်ကိုယ်လုံးမှာ နူနာရောဂါကလည်း စွဲကပ်နှိပ်စက်နေတယ်၊ အိပ်ရာနေရာကလည်းမရှိဘူး၊ အိမ်ကြားလမ်းကြား သင့်တော်ရာမှာ မှီကပ်ပြီးအိပ်ရတယ်၊ ညအခါဆိုရင် နူနာရောဂါကနှိပ်စက်လို့ အလွန်နာကျင်တဲ့အတွက် ညည်းညူဟစ်အော်နေရတယ်၊ ပတ်ဝန်းကျင်ကလူတွေဟာ သူ့ညည်းညူသံကြောင့် အိပ်ပျော်နေရာက နိုးကြရတယ်၊ ဒါကြောင့် သူ့ကို သုပ္ပဗုဒ္ဓလို့ခေါ်ကြတယ်၊ အိပ်နေတဲ့သူတွေကို ကောင်းကောင်းနိုးစေသူလို့

http://www.dhammadownload.com



အနက်ရပါတယ်။

တစ်နေ့သောအခါ သုပ္ပဗုဒ္ဓဟာ စားစရာကို တောင်းရမ်းရှာဖွေနေရင်း ပရိသတ်အစုအဝေးကို မြင်တာနဲ့ အဲဒီမှာ စားစရာရလိမ့်မယ်ထင်ပြီး အဲဒီပရိသတ်ရှိရာသို့ သွားတယ်၊ ပရိသတ်အစွန်ရောက်တော့မှ မြတ်စွာဘုရားတရားဟောနေကြောင်း သိရတယ်၊ အဲဒီအခါ သူလည်း တရားနာလိုတဲ့ စိတ်ရှိတာနဲ့ ရှိသေစွာတရားနာနေတယ်၊ မြတ်စွာဘုရားက ဗုဒ္ဓစက္ခုခေါ်တဲ့ ဉာဏ်ဖြင့်ကြည့်လိုက်တဲ့အခါ သုပ္ပဗုဒ္ဓတရားထူးရမည့်အကြောင်းကို မြင်တော်မူရတဲ့အတွက် ဒါနကထာ သီလကထာ စသည်ကို အစဉ်အတိုင်းဟောတော်မူပါတယ်၊ အဲဒီတရားကို ကြားနာနေရင်း သုပ္ပဗုဒ္ဓမှာ သဒ္ဓါတရားဖြစ်လာတယ်၊ ဒါကြောင့် မြတ်စွာဘုရားက သီလအကြောင်းဟောတဲ့အခါသတ်ခြင်း ခိုးခြင်းစသော အကုသိုလ်ကြဉ်ရှောင်ဖို့ သူကစိတ်ကိုဆောက်တည် လိုက်တယ်၊ ဒါနသီလ၏ အကျိုးတွေ ကာမဂုဏ်၏ညစ်နွမ်းပုံတွေ ကာမဂုဏ်ကို စွန့်လွှတ်ပုံတွေ စသည်ကိုကြားနာရတဲ့အခါ သူ့မှာဝမ်းမြောက်တဲ့ ပီတိပါမောဇ္ဇတွေဖြစ်နေတယ်၊ အဲဒီအခါမှာ နီဝရဏကင်း နေတဲ့အခါပဲ၊ ဒါကြောင့် မြတ်စွာဘုရားက အဲဒီအခါမှာ ဒုက္ခ သမုဒယ နိရောဓမဂ္ဂဆိုတဲ့ သစ္စာလေးပါးတရားကို ဟောတော်မူတယ်၊ သုပ္ပဗုဒ္ဓဟာ အဲဒီသစ္စာလေးပါးတရား ကြားနာရင်းဝိပဿနာရှုပြီး သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်သွားတယ်၊ သောတာပန်ဖြစ်သွားတယ်။

မြတ်စွာဘုရားက တရားဒေသနာကို အပြီးသတ်လိုက်တဲ့အခါ တရားနာပရိသတ်တွေဟာ ထပြီးပြန်ကြတယ်၊ သုပ္ပဗုဒ္ဓလည်း အများနဲ့အတူ လိုက်သွားပြီးတဲ့နောက် မြတ်စွာဘုရားထံ ပြန်လာခဲ့တယ်၊ သူ့ရည်ရွယ်ချက် သူသိတဲ့တရားကို မြတ်စွာဘုရားအား

http://www.dhammadownload.com



လျှောက်ထားတင်ပြလိုတဲ့အတွက်ပါပဲ။ အဲဒါကို သိကြားမင်းက မြင်တွေ့တော့ တကယ်ဟုတ်မဟုတ် စုံစမ်းလိုတဲ့အတွက် လမ်းခုလတ်က ဆီးပြီး ဒီလိုပြောတယ်၊ ဟေ့ သုပ္ပဗုဒ္ဓ၊ သင်ဟာအဆင်းရဲဆုံး အမွဲဆုံး လူတစ်ယောက်ဖြစ်တယ်၊ နူနာတွေလဲ စွဲလို့အတိဒုက္ခ ရောက်နေတယ်၊ ငါပြောတာကို လိုက်နာရင် သင့်အားစည်းစိမ်ဥစ္စာတွေကိုလည်း အများကြီးပေးမယ်၊ ရောဂါဝေဒနာတွေကိုလည်း ပျောက်ကင်းစေမယ်လို့ပြောတယ်။

ခင်ဗျားက ဘယ်သူလဲ ဘာကို လိုက်နာရမှာလဲလို့ သုပ္ပဗုဒ္ဓက မေးတယ်၊ ငါက နတ်တို့အရှင်သိကြားမင်းပေါ့၊ သင်လိုက်နာရမှာကတော့ တခြားမဟုတ်ဘူး၊ ယခုဟောပြောနေတဲ့ ဂေါတမဗုဒ္ဓဆိုတာ ဗုဒ္ဓအစစ်မဟုတ်ဘူး၊ ဗုဒ္ဓဟောတဲ့တရားလဲ တရားကောင်းတရားစစ် မဟုတ်ဘူး၊ ဗုဒ္ဓ၏တပည့်အပေါင်း သံဃာဟာလည်း သံဃာအစစ်မဟုတ်ဘူး၊ "ငါသည် ဘုရားဖြင့် အလိုမရှိ၊ တရားဖြင့်မလိုမရှိ၊ သံဃာဖြင့် အလိုမရှိ"လို့ ဒီလိုပြောဆိုရမယ်လို့ သိကြားမင်းက ပြောတယ်။

ဒီတော့ သုပ္ပဗုဒ္ဓက "ခင်ဗျားဟာ သိကြားမင်းဆိုပြီး တယ်ရိုင်းစိုင်းတာပဲ၊ မပြောသင့်တဲ့စကားတွေ ပြောတာပဲ၊ ခင်ဗျားဟာကျုပ် နဲ့စကားပြောဖို့တောင် မထိုက်မတန်ပါဘူး။နောက်ပြီးတော့ ခင်ဗျားက ကျုပ်ကို အလွန်ဆင်းရဲတယ်၊ အားကိုးရာမရှိဘူးလို့ စွပ်စွဲပြောဆိုတယ်၊ ဘာ့ကြောင့် ဒီလိုဆိုရတာလဲ၊ ကျုပ်က ယခုမြတ်စွာဘုရား၏ သားကောင်းအစစ်ဖြစ်နေပါတယ်၊ မဆင်းရဲပါဘူး၊ အမြတ်ဆုံးချမ်းသာဖြင့် ချမ်းသာနေပါတယ်၊ ပြည့်စုံကြွယ်ဝနေပါတယ်၊ ဘာ့ကြောင့်လဲဆိုရင် မြတ်စွာဘုရားက သဒ္ဓါ သီလ ဟိရိ ဩတ္တပ္ပ သုတ စာဂ ပညာ ဆိုတဲ့ သူတော်ကောင်းဥစ္စာ ခုနစ်ပါးနှင့်

http://www.dhammadownload.com



ပြည့်စုံတဲ့သူကို ပြည့်စုံ ကြွယ်ဝတဲ့သူလို့ ဟောထားပါတယ်။ အဲဒီ သူတော်ကောင်းဥစ္စာတွေဟာ ကျုပ်မှာလည်း ပြည့်စုံနေပါတယ်၊ ဒါကြောင့် ကျုပ်ဟာအလွန်ပြည်စုံ ကြွယ်ဝနေပါတယ်၊ ခင်ဗျားဟာ ကျုပ်နဲ့စကားပြောရန်မထိုက်ပါဘူး၊ သွားပါလို့ဆိုပြီး နှင်ထုတ် လိုက်ပါတယ်။

အဲဒီကနောက် ဘုရားထံသွားပြီး သူသိမြင်ပုံကို လျှောက် တယ်၊ တရားအထူးတွေ့တဲ့သူက သူတွေ့ပုံကို မြတ်စွာဘုရားအား လျှောက်ထားချင်တယ်၊ ယခုကာလမှာလဲ ယောဂီတွေဟာ ရှုမှတ်လို့ ကောင်းပြီး အထူးကိုတွေ့လာရင် ကမ္မဋ္ဌာန်းဆရာကို လျှောက်ချင် ကြတာပဲ၊ ဒါကြောင့် သုပ္ပဗုဒ္ဓကလဲ သူတွေ့ပုံသိပုံကို မြတ်စွာဘုရား အား လျှောက်တာပါပဲ၊ အဲဒီလို လျှောက်ပြီးပြန်သွားတဲ့အခါ ရှေး ဘဝက သူပြုခဲ့ဖူးတဲ့ အကုသိုလ်ကံကြောင့် သားငယ်ရှိတဲ့ နွားမက ဝှေ့လို့ သေဆုံးသွားရှာတယ်၊ သေသည်နှင့်တစ်ပြိုင်နက် တာဝတိံ သာနတ်ပြည်မှာ အလွန်တင့်တယ်ပြည့်စုံတဲ့ နတ်သားသွားဖြစ်တယ်၊ အဲဒီနတ်ဘဝရောက်တော့သာသနာပ-က ကုသိုလ်ကြောင့်နတ်ပြည် ရောက်နေကြတဲ့ နတ်များထက် သူကပိုပြီး တန်ခိုးကြီးနေတယ်။

ဒါကြောင့် အဲဒီတန်ခိုးနည်းတဲ့ နတ်တွေက သူ့ကိုမနာလို ဖြစ်ပြီး ကဲ့ရဲ့စကားပြောကြသတဲ့၊ ဒီအကောင်ဟာလူ့ဘဝတုန်းက အင်မတန် အောက်တန်းကျတဲ့ လူစုပ်လူနုပ်ကလေးပဲ၊ သူက ယခု တော့ ငါတို့အထက် ရောက်နေတယ်စသည်ဖြင့် ကဲ့ရဲ့စကားပြော ကြသတဲ့၊ အဲဒါကို ကြားရလို့ သိကြားမင်းက အဲဒီမနာလိုတဲ့ နတ်တွေကို ဩဝါဒစကားပြောကြားရတယ်၊ အချင်းနတ်သားတို့ သုပ္ပဗုဒ္ဓနတ်သားကို မနာလိုဝန်တိုမရှိကြပါနဲ့၊ သူ့ကုသိုလ်နဲ့သူ အကျိုးပေးနေတာပါ၊ မနာလိုဖြစ်စရာအကြောင်းမရှိပါဘူး၊ သူက

http://www.dhammadownload.com



လူ့ဘဝတုန်းကနောက်ဆုံးအချိန်မှာ မြတ်စွာဘုရား၏ တရားတော်ကို နာပြီးတော့ သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့ သူတော်ကောင်းတရားတွေကို ဆောက်တည်ပွားများခဲ့တယ်၊ ဒါကြောင့် ယခုအခါမှာ သူက အဆင်းအခြေအရံစသည်ဖြင့် သင်တို့ထက် သာလွန်တဲ့နတ်ဖြစ်နေတာပါပဲ၊ သူ့ကံ နဲ့သူ အကျိုးပေးနေတာပါ၊ မနာလို ဝန်တိုမရှိကြပါနဲ့လို့ ဩဝါဒ စကားပြောကြားရပါသတဲ့။

အဲဒီ ဝတ္ထုထဲမှာ လူ့ဘဝတုန်းက အောက်တန်းအကျဆုံး အဆင်းရဲဆုံး လူဖြစ်ပေမယ့် သဒ္ဓါ သီလ အစရှိသော သူတော်ကောင်းတရားနဲ့ ပြည့်စုံနေရင် မြင့်မြတ်တဲ့ အကြောင်း၊ အဲဒီသဒ္ဓါ စသည်တွေက စရဏတရားတွေပဲ၊ တရားနာ ပြီး ဝိပဿနာဉာဏ်တွေ ရသွားတာက ဝိဇ္ဇာဉာဏ်ထူးတွေကို ရသွားတာပဲ၊ ဒါကြောင့် သုပ္ပဗုဒ္ဓက သေခါနီး နာရီအနည်းငယ် လောက်အတွင်းမှာ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသွားလို့ မြင့်မြတ်သွား တယ်ဆိုတဲ့အကြောင်း-ဒါတွေက ဒီမှာ ပြောလိုရင်းပါပဲ၊ အဲဒီဝတ္ထု မှာ နူနာတွေစွဲကပ်ပြီး လူဆင်းရဲဖြစ်ရတာကတော့ ရှေးဘဝတစ်ခု က သူဌေးဖြစ်စဉ်မှာ တဂရသိခီဆိုတဲ့ ပစ္စေကဗုဒ္ဓါကို နူနာရှိသူလို့ ဆဲရေးပြီး မရိုမသေပြုခဲ့ဖူးလို့တဲ့၊ နွားမဝှေ့ အသတ်ခံရတာကတော့ သူဌေးသားဖြစ်စဉ် အခြားဘဝတုန်းက ပြည့်တန်ဆာမတစ်ယောက် ကို ပစ္စည်းယူပြီးလူလည်း သတ်ခဲ့ဖူးလို့တဲ့၊ အဲဒါတွေအကြောင်းပြုပြီး မြတ်စွာဘုရားက အဲဒီအကြောင်းတွေကို အမိန့်ရှိစဉ်မှာပင် မျက်စိ မြင်တဲ့လူဟာ ဆူးငြောင့်ခလုတ် ကျင်းချိုင့် များကို ရှောင်သလိုပင် မကောင်းမှုကို ရှောင်သင့်ကြောင်း ဥဒါန်း စကားမြွက်ကြားတော် မူပါတယ်။

ယခုပြောခဲ့တဲ့ သုပ္ပဗုဒ္ဓဝတ္ထုဖြင့် မကောင်းမှုဟူသမျှကို

http://www.dhammadownload.com



ရှောင်သင့်ကြောင်း အဲဒီလိုမကောင်းမှုကြောင့် အလွန်ယုတ်ညံ့တဲ့ ဘ၀ကို ရောက်နေတာတောင်မှ ဝိဇ္ဇာစရဏနှင့် ပြည့်စုံလျှင် မြင့်မြတ်သွားတဲ့အကြောင်းများကို သိပြီးတော့ ယခုလို ဝိဇ္ဇာစရဏနှင့် ပြည့်စုံအောင် ဝိပဿနာအလုပ်ကို အားထုတ်နေကြရတာဟာ အကောင်းဆုံး အမြတ်ဆုံးအလုပ်ကို အားထုတ်နေကြရတာပဲလို့ နှလုံးသွင်းဆင်ခြင်ပြီး တိုးတက်သည်ထက် တိုးတက်သွားအောင် အားထုတ်ကြဖို့ပါပဲ။

## နောက်ဆုံးအဖြေ ၂-ချက်

ဝိဇ္ဇာစရဏနှင့် ပြည့်စုံပုံအကြောင်းကတော့ တော်လောက်ပါပြီ၊ ယခု ဟေမဝတနတ်က "ဘယ်နှယ်လဲ သင့်ဆရာဘုရားမှာ အာသဝေါ ကိလေသာများ ကုန်ပါရဲ့လား၊ ကင်းပါရဲ့လား၊ ဘ၀ အသစ်ဖြစ်ခြင်းကင်းပါရဲ့လား" လို့မေးထားတဲ့ မေးခွန်းနှစ်ချက် ဖြေပုံကို ထပ်ပြီး ရှင်းပြရမယ်၊ ဒါကတော့ သိပ်လွယ်နေတဲ့အတွက် အကျယ်ချဲ့နေဖို့ မလိုပါဘူး၊ အစပထမက ပြောခဲ့တဲ့စကားဖြင့်ပင် ပြည့်စုံနေပါပြီ၊ ယခု ပြောရမှာကတော့ အစဉ်ကျရောက်နေတဲ့ အဖြေကို နိဂုံးချုပ်အနေနဲ့ ပြောရုံမျှပါပဲ၊ အဲဒီမေးခွန်းနှစ်ချက်ကို သာတာဂိရိနတ်က-

**သမ္မ**-အဆွေတော် ဟေမဝတနတ်မင်း၊ **အဿ**-ငါတို့ဆရာ ဖြစ်တော်မူသော ထိုမြတ်စွာဘုရား၏၊ **သန္တာနေ**-သန္တာန်၌၊ **သဗ္ဗေအာသဝါ**-အလုံးစုံသော ကိလေသာအာသဝေါတရားတို့သည်၊ **ခီဏာ**-ကုန်ခမ်းကင်းကွာစင်ကြယ်ကြပါကုန်၏၊ **အဿ**-ငါတို့ ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား၊ **ပုနဗ္ဘဝေါ**-တဖန်ဖြစ်ရမည့် ဘ၀သစ်သည်၊ **နတ္ထိ**-မရှိတော့ပြီ"လို့ ဖြေကြားလိုက်ပါတယ်။

http://www.dhammadownload.com



အဲဒီ အာသဝေါကိလေသာ ကုန်ကင်းတာနဲ့ ဘဝအသစ်မဖြစ်ရတာဟာ အရေးအကြီးဆုံးပဲ၊ ဝိဇ္ဇာစရဏနှင့် အတော်အတန်ပြည့်စုံနေပေမယ်လို့ အာသဝေါကိလေသာ မကင်းသေးရင် ဘဝအသစ်ဖြစ်ပြီး ဇာတိ ဒုက္ခ စသည်ကို တွေ့ရပေလိမ့်ဦးမယ်၊ အာသဝေါကိလေသာခပ်သိမ်း အကုန်ကင်းငြိမ်းရင်တော့ ဘဝအသစ်မဖြစ်ရတော့ဘူး၊ ဘဝအသစ်မဖြစ်ရင် ဒုက္ခခပ်သိမ်း အကုန်ငြိမ်းတော့တာပဲ၊ ဒါကြောင့် အရေးကြီးဆုံး ဖြစ်တဲ့အတွက် ဒီအချက်နှစ်ခုကို နောက်ဆုံးပိတ်အနေဖြင့် မေးတယ်၊ သာတာဂိရိနတ်ကလည်း အာသဝေါခပ်သိမ်း အကုန်ငြိမ်းကြောင်း ဖြစ်ရမည့်ဘဝအသစ်မရှိတော့ကြောင်း ဖြေကြားလိုက်ပါတယ်၊ အဲဒါကို ဘုန်းကြီးက "အာသဝေါခပ်သိမ်းကုန်ငြိမ်းစင်ကြယ် တရားမင်း ကင်းရှင်းနောင်ဖြစ်ဖွယ်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို အစကစပြီး ဆိုကြဦးစို့။

**"ဝိဇ္ဇာဉာဏ်များ သုံးပါး ရှစ်သွယ်၊**
**စရဏဆယ့်ငါး ကျင့်အားစုံတယ်၊**
**အာသဝေါခပ်သိမ်း ကုန်ငြိမ်းစင်ကြယ်၊**
**တရားမင်းကင်းရှင်း နောင်ဖြစ်ဖွယ်"။**

## တစ်ဆင့်ကြားကာမျှဖြင့် ကြည်ညိုသူထဲက အမြတ်ဆုံး

အဲဒီလို နတ်နှစ်ဦး မေးဖြေနေကြတဲ့ ဘုရားဂုဏ်တွေကိုကြားနာနေတဲ့ ကာဠီဆိုတဲ့ အမျိုးသမီးမှာ ကြားနာရင်း ပီတိတွေတဖြန်းဖြန်းနဲ့ ဖြစ်နေတယ်၊ အဲဒီလို ဖြစ်ပွားနေတဲ့ ပီတိကို အမှတ်သတိပြုရင်း ကုန်ကုန်သွားတာကို သိသိသွားတယ်၊ အဲဒီလို သိရင်း ဝိပဿနာဉာဏ်တွေ တစ်ခဏချင်း အစဉ်အတိုင်း တက်ပြီး၊ သော

http://www.dhammadownload.com



တာပတ္တိမဂ်ဖိုလ်ရောက်ကာ သောတာပန်ဖြစ်သွားပါသတဲ့၊ အဲဒီလို သောတာပန်ဖြစ်ပြီးတဲ့နောက် အဲဒီအမျိုးသမီးဟာ သောဏကုဋိကဏ္ဏမထေရ်၏ အလောင်းအလျာဖြစ်တဲ့ သားဦးရတနာကို ဖွားမြင်ပါသတဲ့၊ အဲဒီကာဠီဟာ လူအမျိုးသမီးထဲမှာ ပထမဆုံး သောတာပန်ဥပါသိကာမ ဖြစ်ပါတယ်၊ နတ်တွေထံမှ တစ်ဆင့်ကြားစကားဖြင့် သောတာပန်ဖြစ်သည်အထိ သဒ္ဓါတရား အင်အားကောင်းမှု ထူးချွန်တဲ့အတွက် တစ်ဆင့်ကြားကာ မျှဖြင့် ဘုရားကို ကြည်ညိုတဲ့ အမျိုးသမီးလောကထဲမှာ အမြင့်အမြတ်ဆုံး ဧတဒဂ်ဂုဏ်ထူးဖြင့် နောင်ကာလမှာ မြတ်စွာဘုရားက ချီးကျူး ချီးမြှင့်တော်မူပါတယ်။

ဟေမဝတနတ်မှာလည်းသာတာဂိရိနတ်၏ဖြေ ဆိုချက်များဖြင့် မြတ်စွာဘုရားအပေါ်မှာ သက်ဝင်ယုံကြည်တဲ့ သဒ္ဓါထက်သန်စွာဖြစ်လာပါတယ်၊ ဒါ့ကြောင့် "မြတ်စွာဘုရား၏ စိတ်နှလုံးတော်လည်း ပြည့်စုံစင်ကြယ်ပါသည်၊ ကိုယ်အမှုနှုတ်အမှုလည်း ပြည့်စုံ စင်ကြယ်ပါပေသည်၊ ထိုသို့ ကိုယ်နှုတ်နှလုံး သုံးပါးလုံး စင်ကြယ်၍ ဝိဇ္ဇာစရဏနှင့်ပြည့်စုံ တော်မူသော မြတ်စွာဘုရားကို အမှန်အတိုင်း ချီးကျူးပါပေသည်"လို့ ဟေမဝတနတ်က သာတာဂိရိနတ်ကို ချီးမွမ်း စကားပြောကြားပါတယ်၊ အဲဒါကတော့ နောက်သီတင်းကျမှ ဆက်ပြီး ဟောရမယ်၊ ဒီကနေ့တော့ ဒီတွင်ပဲရပ်ပြီး တရားသိမ်းကြစို့။

ဤဟေမဝတ သုတ္တန်တရားတော်ကို ရိုသေစွာနာခံမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် သုတ္တန်တရားတော်၌ ပါဝင်သော ဝိဇ္ဇာစရဏတရားတို့နှင့်

http://www.dhammadownload.com



ထိုက်သည့်အားလျော်စွာ ပြည့်စုံအောင် ကျင့်ကြံအားထုတ်ကြ၍ ဝိပဿနာဉာဏ်အစဉ်၊ အရိယာမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု-သာဓု-သာဓု

**ဟေမဝတသုတ္တန်တရားတော် စတုတ္ထပိုင်းပြီး၏။**

http://www.dhammadownload.com

# ဟေမဝတသုတ္တန်တရားတော်

## ပဥ္စမပိုင်း

၁၃၂၅-ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်

ဟောသည်။

## တရားအစနှသစွေ

ဟေမဝတသုတ္တန်တရားတော်ကို ဟောလာတာ ၄-ရက်ရှိသွားပြီ၊ အဲဒီ၄-ရက်အတွင်းမှာ နိဒါန်းပိုင်းကတော့ ပြည့်စုံသလောက် ရှိသွားပါပြီ၊ အနည်းငယ်လောက် ကျန်ပါတော့တယ်၊ အဲဒီနိဒါန်း အကျန်က စပြီးဟောရမယ်။

http://www.dhammadownload.com



## အပြန်အလှန်ချီးမွမ်း ဖိတ်ခေါ်ခြင်း

တစ်နေ့က ပြောခဲ့တဲ့အတိုင်း ဝိဇ္ဇာစရဏနှင့် ပြည့်စုံကြောင်း အာသဝေါကိလေသာတွေ အကုန်ကင်းငြိမ်း ကြောင်း၊ တစ်ဖန် ဖြစ်ရန် ဘဝအသစ် မရှိကြောင်းများကို သာတာဂိရိနတ်ကဝန်ခံ ဖြေကြားလိုက်သောအခါ ဟေမဝတနတ်က ကောင်းကောင်းကြီး သဘောကျ ကျေနပ်သွားပါတယ်၊ သာတာဂိရိနတ်ပြောတဲ့ ဘုရားဟာ ရှေးကပွင့်ခဲ့တဲ့ ကဿပဘုရားလိုပင် ဘုရားအစစ်အမှန် ဟုတ်ပါပေတယ်လို့ ဆုံးဖြတ်ချက်ချပြီးတော့ သူက ဒီလိုချီးမွမ်း လက်ခံပါတယ်။

**သမ္ပန္နံ မုနိနော စိတ္တံ၊**
**ကမ္မုနာ ဗျပ္ပထေန စ။**
**ဝိဇ္ဇာစရဏ သမ္ပန္နံ၊**
**ဓမ္မတော နံ ပသံသသိ။**

**သမ္မ**-အဆွေတော် သာတာဂိရိနတ်မင်း၊ **မုနိနော**-အသင်နတ်မင်း ချီးကျူးပြောပြနေသော မြတ်စွာဘုရား၏၊ **စိတ္တံ**-စိတ်နှလုံးတော်သည်၊ **သမ္ပန္နံ**-"ငါတို့ဘုရား စိတ်ထားကောင်းစွာ"စသည်ဖြင့် သင်ပြောဆိုသည့်အတိုင်းပင် ပြည့်စုံ စင်ကြယ်လှပါပေ၏၊ **ကမ္မုနာ စ**-ကိုယ်ဖြင့်ပြုသည့် ကာယကံအမှုအားဖြင့်လည်း၊ **သမ္ပန္နံ**-"မပေး ဝတ္ထုယူမှုကင်းကွာ"စသည်ဖြင့် သင်ပြောဆိုသည့်အတိုင်းပင် ပြည့်စုံစင် ကြယ်လှပါပေ၏၊ **ဗျပ္ပထေနစ**-ပြောဆိုမှု ဝစီကံအားဖြင့်လည်း၊ **သမ္ပန္နံ**-"လိမ်လည်မပြော ကုန်းချောကင်းသည်"စသည်ဖြင့် သင်ပြောဆိုသည့် အတိုင်းပင် ပြည့်စုံစင်ကြယ်လှပါပေ၏၊ **ဝိဇ္ဇာစရဏသမ္ပန္နံ**-ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူသော၊ **နံထိုမြတ်စွာ** ဘုရားကို၊ **တွံ**-သင်သည်၊ **ဓမ္မတော**-အဟုတ်အမှန်အားဖြင့်၊ **ဝါ**-

http://www.dhammadownload.com



အမှန်အတိုင်း၊ **ပသံသသိ**-ချီးကျူး ပြောပြပါပေ၏-တဲ့။

အဲဒါဟာ ဟေမဝတနတ်က လက်ခံပြီး သူ့မိတ်ဆွေသာတာဂိရိနတ်ကို ချီးမွမ်းပုံပဲ၊ ဆိုလိုတာကတော့ မိတ်ဆွေသာတာဂိရိ ချီးကျူး ပြောပြတဲ့ မြတ်စွာဘုရားဟာ မိတ်ဆွေက ဝန်ခံပြီးပြောပြသည့် အတိုင်းပင် ကာယကံ၊ ဝစီကံ၊ မနောကံ အကုန်လုံးစင်ကြယ်ပါပေတယ်၊ ဝိဇ္ဇာစရဏနှင့်ပြည့်စုံလို့ တကယ်ချီးကျူးထိုက်တဲ့ဘုရားကို ချီးကျူးပေတာပဲ၊ အဲဒါကို ဝမ်းမြောက်ဝမ်းသာမှုနဲ့ လက်ခံပါတယ်၊ သာဓုခေါ်ပါတယ်၊ အနုမောဒနာပြုပါတယ်-လို့ ဆိုလိုပါတယ်၊ အဲဒီတော့ သာတာဂိရိနတ်ကလည်း ဟေမဝတနတ်ကို တုံ့ပြန်ပြီး ဒီလိုချီးကျူးပါတယ်။

**သမ္ပန္နံ မုနိနော စိတ္တံ၊**
**ကမ္မုနာ ဗျပ္ပထေန စ။**
**ဝိဇ္ဇာစရဏသမ္ပန္နံ၊**
**ဓမ္မတော အနုမောဒသိ။**

**သမ္ပ**-အဆွေတော် ဟေမဝတနတ်မင်း၊ **မုနိနော**-ငါတို့ဆရာ မြတ်စွာဘုရား၏၊ **စိတ္တံ**-စိတ်နှလုံးတော်သည်၊ **သမ္ပန္နံ**-ကျွန်ုပ်ဝန်ခံ ပြောပြသည့်အတိုင်းပင် ပြည့်စုံစင်ကြယ်လှပါပေ၏၊ **ကမ္မုနာ ဗျပ္ပထေန စ**-ကာယကံ၊ ဝစီကံ အားဖြင့်လည်း၊ **သမ္ပန္နံ**-ကျွန်ုပ် ဝန်ခံ ပြောပြသည့် အတိုင်းပင် ပြည့်စုံစင်ကြယ်လှပါပေ၏၊ **ဝိဇ္ဇာစရဏ သမ္ပန္နံ**-ဝိဇ္ဇာစရဏနှင့်ပြည့်စုံသော မြတ်စွာဘုရားကို၊ **တွံ**-သင်ဟေမဝတနတ်မင်းသည်၊ **ဓမ္မတော**-ဟုတ်မှန်သည့်အတိုင်း၊ **အနုမောဒသိ**-ဝမ်းမြောက်ဝမ်းသာလက်ခံကာဖြင့် စိတ်ပါသမှုထင်စွာပြု၍ သာဓုခေါ်နိုင်ပါပေ၏၊

အဲဒီလို တုံ့ပြန်ချီးမွမ်းပြီးတော့ ဘုရားဖူးရန် ထပ်မံပြီးဖိတ်

http://www.dhammadownload.com



ခေါ်ပြန်တယ်။

**သမ္ဗုဒ္ဓံ မုနိနော စိတ္တံ၊**
**ကမ္မုနာ ဗျပ္ပထေန စ။**
**ဝိဇ္ဇာစရဏ သမ္ပန္နံ၊**
**ဟန္ဒ ပဿာမ ဂေါတမံ။**

**သမ္ဗ**-အဆွေတော်ဟေမဝတနတ်မင်း၊ **မုနိနော**-ကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရား၏၊ **စိတ္တံ**-စိတ်နှလုံးတော်သည်၊ **သမ္ပန္နံ**-ပြည့်စုံစင်ကြယ်လှပါပေ၏၊ **ကမ္မုနာ ဗျပ္ပထေန စ**-ကာယကံ ဝစီကံအားဖြင့်လည်း၊ **သမ္ပန္နံ**-ပြည့်စုံစင်ကြယ်လှပါပေ၏၊ **ဝိဇ္ဇာစရဏ သမ္ပန္နံ**-ဝိဇ္ဇာစရဏနှင့် လုံးဝပြည့်စုံတော်မူသော၊ **ဂေါတမံ**-ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို၊ **ဟန္ဒ**-ယခု၊ **ပဿာမ**-သွား၍ ဦးတိုက်ဖူးလိုက်ကြပါကုန်စို့-လို့ ထပ်မံပြီးဖိတ်ခေါ်တယ်၊ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်။

## နောက်ဆုံးဖိတ်ခေါ်ပုံ ဆောင်ပုဒ်

**ကိုယ်ရောနှုတ်ရော မနောစင်ကြယ်၊**
**ဝိဇ္ဇာစရဏ စုံလှပေတယ်။**
**အရှင်ဂေါတမ မည်ရမျိုးနွယ်၊**
**တို့ဘုရား ခုသွားဖူးစို့ကွယ်**-တဲ့။

အဲဒါကိုဆိုကြရမယ်။

**ကိုယ်ရောနှုတ်ရော မနောစင်ကြယ်၊**
**ဝိဇ္ဇာစရဏ စုံလှပေတယ်။**
**အရှင်ဂေါတမ မည်ရမျိုးနွယ်၊**
**တို့ဘုရား ခုသွားဖူးစို့ကွယ်။**

http://www.dhammadownload.com



အဲဒီလို ဖိတ်မန်တာကို ဟေမဝတနတ်က ဝမ်းမြောက်စွာနဲ့ ဒီလို ချီးကျူးပြီး လက်ခံပါတယ်။

**ဧဏိဇင်္ဃံ ကိသံ ဝီရံ၊**
**အပ္ပါဟာရံ အလောလုပံ။**
**မုနိံ ဝနသ္မိံ ဈာယန္တံ၊**
**ဧဟိ ပဿာမ ဂေါတမံ။**

**သမ္မ**-အဆွေတော် သာတာဂိရိနတ်မင်း၊ **ဧဏိဇင်္ဃံ**-ဧဏိ မည်သော တောဆိတ်နက်၏ခြေသလုံးကဲ့သို့ ချောပြေသော ခြေသလုံး ရှိတော်မူသော၊ (မြတ်စွာဘုရား၏ ခြေသလုံးတော်ဟာ ကြွက်သားအဖုအထစ်မရှိဘဲ အရင်းမှအဖျားသို့ ညီညီညာညာ လုံးပြီး အစဉ်အတိုင်းသေးငယ်လျက် ချောပြေနေသဖြင့် ဧဏိခေါ်တဲ့ တောဆိတ်နက်၏ ခြေသလုံးနှင့် တူတယ်လို့ ချီးကျူး ထားပါတယ်၊) **ကိသံ**-အသား အရေမပြည့်မဝ ပိန်ကျုလျက်ရှိသော၊ (ဒုက္ကရစရိယအကျင့်ကို ကျင့်စဉ်က ပိန်ကြုံနေတဲ့ အခြေအနေကို ရည်ပြီးဆိုဟန် လက္ခဏာရှိပါတယ်၊ တစ်နည်းအားဖြင့် ကြံဆရရင် ဒုက္ကရစရိယအကျင့်က ထွက်ပြီးတဲ့ နောက် ၂-လကျော်လောက်သာ ရှိသေး၍ ထိုစဉ်အခါက အသားအရေပြည့်သလောက် မပြည့်သေး တာကို ရည်ပြီးဆိုတာလည်း ဖြစ်နိုင်ပါတယ်၊ သုတ္တနိပါတ် အဋ္ဌ ကထာကတော့ မြတ်စွာဘုရားများမှာ ရှည်သင့်တိုသင့် အညီ အညွတ် လုံးသင့်ရာတို့၌ ထိုသို့ သဘောရှိသည့် ကိုယ်အင်္ဂါတို့နှင့် ပြည့်စုံကြတယ်၊ လူဝကြီးများလို ဝတုတ်ကြီးများ မဟုတ်ကြဘူး၊ ဒါကြောင့် **ကိသံ**-ပိန်တယ်လို့ဆိုကြောင်း ဖွင့်ပြထားပါတယ်၊) **ဝီရံ**-မတွန့်ဆုတ်ဘဲ ရဲရင့်သောလုံ့လနှင့် ပြည့်စုံတော်မူပေသော၊ **အလောလုပံ**-လိုချင်မက်မောခြင်း ကင်းသည်ဖြစ်၍၊ **အပ္ပါ ဟာရံ**-

http://www.dhammadownload.com



နည်းသောအစာအာဟာရ ရရှိတော်မူသော- ဒီပုဒ်က ဒုက္ကရစရိယာကျင့်တုန်းက အခြေအနေကို ရည်ပြီးချီးမွမ်းပုံရပါတယ်၊ သုတ္တနိပါတ် အဋ္ဌကထာမှာတော့ တစ်ကြိမ်သာဘုဉ်းပေးလေ့ရှိခြင်း၊ မျှတလောက်ရုံအတိုင်းအရှည်ဖြင့် ဘုဉ်းပေးလေ့ရှိခြင်းကြောင့် နည်းသော အာဟာရ ရရှိတယ်လို့ ဆိုကြောင်း ဖွင့်ပြထားပါတယ်၊ မြတ်စွာဘုရားဟာ ခရီးကြွစရာစသည် အကြောင်းထူးမရှိရင် ကိုယ်တော်မြတ် ကိုင်စွဲနေသည့် သပိတ်ဖြင့် တစ်သပိတ်မျှ ဘုဉ်းပေးကြောင်း ခရီးသွားစရာ စသည်အကြောင်းထူးရှိတဲ့ အခါမှာတော့ အဲဒါထက် အနည်းငယ်ပိုပြီး ဘုဉ်းပေးကြောင်း၊ တပည့်သာဝကအချို့က ဆွမ်းဦးခွက်ငယ်တစ်ခုစာမျှဖြင့်ဖြစ်စေ၊ ထိုခွက်ငယ်ထက်ဝက်စာမျှဖြင့်ဖြစ်စေ၊ ဥသျှစ်သီးတစ်လုံးစာဆွမ်းဖြင့်ဖြစ်စေ၊ ဥသျှစ်သီးထက်ဝက်ခန့် ဆွမ်းဖြင့်ဖြစ်စေ မျှတနေကြကြောင်း ထိုသို့သောတပည့်များက အာဟာရနည်းခြင်းကြောင့်ဆိုလျှင် မြတ်စွာဘုရားကို အလေးပြုဖွယ်မရှိကြောင်း၊ အခြားအကြောင်းကြောင့်သာလျှင် ထိုသို့သော တပည့်တို့က အလေးပြုကြကြောင်းများကိုပြသော ဘုရားစကားတော်ကိုလည်း ထိုအဋ္ဌကထာ၌ ထုတ်ပြထားပါတယ်၊ ဒါပေမယ့် အဲဒီစကားတော်၏ အဖွင့်မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာမှာတော့ မြတ်စွာဘုရားဟာ ဒုက္ကရစရိယာ ကျင့်စဉ်ကရော ဝေရဥ္ဇာပြည်နှင့် ပါလိလေယျကတောမှာဝါကပ်စဉ်ကရော အပ္ပါဟာရ-အာဟာရနည်းပါးဖူးသေးကြောင်း ပြဆိုထားပါတယ်၊ဒါ့ကြောင်ဒုက္ကရစရိယာကျင့်စဉ်ကို ရည်ပြီး ဆိုတယ်လို့ ယူတာကသာပြီးသင့်ဖွယ်ရှိပါတယ်၊ ဂါထာအစက ပြန်ပြီး အနက်ပေး လိုက်ဦးမယ်)

**သမ္မ**-အဆွေတော် သာတာဂိရိနတ်မင်း၊ **ဇောဝယီ**-ဇော

http://www.dhammadownload.com



မည်သော တောဆိတ်နက်၏ ခြေသလုံးကဲ့သို့ချောပြေသော ခြေသလုံးရှိတော်မူသော၊ **ကိသံ**-အသားအရေမပြည့်မဝ ပိန်ကျုလျက်ရှိသော၊ **ဝီရံ**-မတွန့်ဆုတ်ဘဲ ရဲရင့်သော လုံ့လနှင့် ပြည့်စုံတော်မူပေသော၊ **အလောလုပံ**-လိုချင်မက်မောခြင်း ကင်းသည်ဖြစ်၍၊ **အပ္ပါဟာရံ**-နည်းသောအစာအာဟာရ ရရှိတော် မူသော၊ **ဝနသ္မိံ**-ဥရုဝေလစသော တောအရပ်၌ ဈာန်တရားဖြင့် ရှုပွားဝင်ရောက်၍ နေလေ့ရှိသော၊ **ဂေါတမံ မုနိံ**-ဂေါတမနွယ်ဖွား မြတ်ဘုရားကို၊ **ပဿာမ**-ဖူးမြော်ကြပါစို့-**ဟေ**-လာ လိုက်ခဲ့ပါ တော့လော့လို့ ဆိုပြီးတော့ မြတ်စွာဘုရားထံသို့သွားပြီး မေးမြန်း လျှောက်ထားဖို့ရာလည်း အားလုံးနတ်ပရိသတ်များကို ဒီလို ပြောကြားလိုက်ပါတယ်။

**သီဟံဝေကစရံ နာဂံ၊**

**ကာမေသု အနပေက္ခိနံ။**

**ဥပသင်္ကမ္မ ပုစ္ဆာမ၊**

**မစ္စုပါသပ္ပမောစနံ။**

**မာရိသာ**-အချင်းနတ်များတို့၊ **သီဟံဝ**-ခြင်္သေ့မင်းကဲ့သို့ ချဉ်းကပ်ရန် ခဲယဉ်းလှပေသော၊ **ဧကစရံ**-တစ်ဆူချင်းသာ ပွင့်ထွန်းတော်မူပေသော၊ **ဝါ**-ကိလေသာအဖော်မပါဘဲ တစ်ကိုယ်တည်း နေလေ့ရှိသော၊ **နာဂံ**-မကောင်းမှုကို ပြုခြင်းကင်းတော်မူသော၊ **ကာမေသု အနပေက္ခိနံ**-ကာမဂုဏ်တို့၌ ငဲ့ကွက်တွယ်တာခြင်း ကင်းတော်မူသော မြတ်စွာဘုရားကို၊ **ဥပသင်္ကမ္မ**- ချဉ်းကပ်ကြ၍၊ **မစ္စုပါသပ္ပမောစနံ**- သေမင်း၏ကြော့ကွင်းကို ဖြေရှင်းရာဖြစ်သော နိဗ္ဗာန်ကို၊ **ဝါ**-ဖြေရှင်းနိုင် ကြောင်း နည်းလမ်းကောင်းကို၊ ပုစ္ဆာမ-မေးကြကုန်စို့-လို့သာတာဂိရိနတ်နှင့်တကွ သူတို့၏ အခြွေအရံနတ်တွေကို ဖိတ်ခေါ်ပြီးမြတ်စွာဘုရားထံသွားပါတယ်၊

http://www.dhammadownload.com



ဒီအထိ ၁၇-ဂါထာကတော့ ဒီသုတ်၏ နိဒါန်းသက်သက်ပါပဲ၊ မြတ်စွာဘုရားထံ ရောက်တဲ့အခါကျတော့ ဟေမဝတနတ်က မြတ်စွာဘုရားကို ဒီလိုစပြီး ခွင့်တောင်းလျှောက်ထားပါတယ်။

**မြတ်စွာဘုရားထံ ခွင့်တောင်းပုံ**

**အက္ခာတာရံ ပဝတ္တာရံ၊**
**သဗ္ဗဓမ္မာန ပါရဂုံ။**
**ဗုဒ္ဓံ ဝေရဘယာတီတံ၊**
**မယံ ပုစ္ဆာမ ဂေါတမံ။**

**အက္ခာတာရံ**-သစ္စာလေးပါး မြတ်တရားကို အကျဉ်းအားဖြင့် ဟောကြားတော်မူတတ်ပေသော၊ **ပဝတ္တာရံ**-အကျယ်အားဖြင့်လည်း ဝေဖန်သောအားဖြင့် ဟောကြားတော်မူတတ်ပေသော၊ **သဗ္ဗ ဓမ္မာနံ**-အလုံးစုံသောတရားတို့၏၊ **ပါရဂုံ**-တစ်ဖက်ကမ်းရောက် ထွင်းဖောက်သိမြင်တော်မူသော၊ **ဝေရဘယာတီတံ**-ရန်ဘေး ခပ်သိမ်း ကင်းငြိမ်းကျော်လွန်တော်မူပြီးသော၊ **ဗုဒ္ဓံ**-တရားအလုံးစုံကို အကုန်သိမြင်တော်မူသော၊ **ဂေါတမံ**-ဂေါတမနွယ်ဖွား မြတ်ဘုရားကို၊ **မယံ**-အကျွန်ုပ်တို့သည်၊**ပုစ္ဆာမ**-မေးမြန်းလျှောက်ထားလိုကြပါသည် အရှင်ဘုရား-လို့ဒီလိုမြတ်စွာဘုရားအား အခွင့်တောင်းပါတယ်။

အဲဒါဟာ မင်းများ၊ဂုဏ်အသရေရှိလူကြီးများ၊ ပညာရှိများ၏ ယဉ်ကျေးမှုအလေ့အလာပါပဲ၊ ယဉ်ကျေးတဲ့ပညာရှိတွေ၊ အထက်တန်းပုဂ္ဂိုလ်တွေဟာ မေးမြန်းချင်ရင် ဒီလိုပဲ ရှေးဦးစွာ အခွင့်တောင်းကြပါ တယ်၊ အခွင့်ပြုမှ မေးကြပါတယ်၊ ကောင်းမြတ်တဲ့ ယဉ်ကျေးမှုပါပဲ၊ သုတနည်းပါးတဲ့သူတွေကတော့ သူတို့မေးချင်ရင် အခွင့်မတောင်းဘဲ တစ်ခါတည်းမေးတတ်ကြတယ်၊ အဲဒါက

http://www.dhammadownload.com



မယဉ်ကျေးတဲ့သဘောကို ပြရာရောက်ပါတယ်၊ ဖြေရမည့်ပုဂ္ဂိုလ်မှာ အချိန်အခွင့်ရှိမရှိ မသိဘဲနဲ့ အဲဒီလို တစ်ခါတည်း မေးတာမျိုးက တော့ မရှိသေရာလည်း ရောက်တယ်၊ ဒီဟေမဝတနတ်ကတော့ ရှေးဘဝကလည်း ကျမ်းဂန်တတ်မထေရ်ကြီး ဖြစ်ခဲ့တယ်၊ ယခုလည်း ယက္ခရာဇာဆိုတဲ့ နတ်ဘီလူးမင်းဖြစ်နေတယ်၊ ဒါကြောင့် ယဉ်ကျေး သော အထက်တန်းပုဂ္ဂိုလ်တို့၏ ယဉ်ကျေးမှုအ ရအားဖြင့် ရှေးဦး စွာ ခွင့်တောင်းပါတယ်၊ မြတ်စွာဘုရားက ခွင့်ပြုလိုက်တော့မှ ဒီလို မေးလျှောက်ပါတယ်။

## ဟေမဝတ၏ အမေး(၁)

**ကိသ္မိံ လောကော သမုပ္ပန္နော၊**
**ကိသ္မိံ ကုဗ္ဗတိ သန္ထဝံ။**
**ကိဿ လောကော ဥပါဒါယ၊**
**ကိသ္မိံ လောကော ဝိဟညတိ။**

**ဘန္တေ**-မြတ်စွာဘုရား၊ **ကိသ္မိံ သတိ**-အဘယ်အရာရှိလတ် ဖြစ်လတ်သော်၊ **လောကော**-သတ္တဝါဟူသော လောကသည်၊ **သမုပ္ပန္နော**-ဖြစ်ပေါ်ပါသနည်း အရှင်ဘုရား၊ (အဘယ်မျှသော အ ကြောင်း တရားအရာဝတ္ထုတွေ ဖြစ်ပေါ်လျှင် ရှိလျှင် သတ္တဝါလို့ ခေါ်ရတဲ့ လောက၊ လောကလို့ခေါ်ရတဲ့ သတ္တဝါဖြစ်ပါသလဲတဲ့)၊ **လောကော**-သတ္တဝါဟူသော လောကသည်၊ **ကိသ္မိံ**-အဘယ်၌၊ **သန္ထဝံ**-ပေါင်းသင်းဆက်ဆံခြင်းကို၊ **ကုဗ္ဗတိ**-ပြုနေပါသနည်း အရှင်ဘုရား၊ (လောကဆိုတဲ့ သတ္တဝါဟာ ဘယ်မှာပေါင်းသင်းနေပါ သလဲ၊ ဘာနဲ့အဖော်လုပ်နေ ပါသလဲတဲ့)၊ **ကိဿဥပါဒါယ**- အဘယ် ကိုစွဲမှီ၍ **လောကော**-လောကမည်ပါသနည်း၊ အရှင်ဘုရား၊ (ဘာကို

http://www.dhammadownload.com



အစွဲပြုပြီး လောကလို့ သတ္တဝါ လို့ ခေါ်ဆိုရပါသလဲတဲ့)၊ **လော ကော**-သတ္တဝါဟူသော လောကသည်၊ **ကိသ္မိံ- အဘာယ်၌၊ ဝိဟ ညတိ**-အနှိပ်စက်ခံနေရပါသနည်း၊ ဆင်းရဲ ပင်ပန်းနေပါသနည်း အရှင်ဘုရား။ (လောကဆိုတဲ့သတ္တဝါတွေ ပင်ပန်းဆင်းရဲ နေတာ ဟာ ဘယ်မှာပါလဲ၊ ဘာနှင့်စပ်ပြီး ပင်ပန်းဆင်းရဲ နေရပါသလဲတဲ့၊

ဒီလို ပြဿနာ ၄-ချက်ကို ဟေမဝတနတ်က မေးတယ်၊ အလွန်နက်နဲပါတယ်၊ သာမန်နတ်ဆိုရင် ဒါလောက်နက်နဲတဲ့ ပြဿ နာကို မမေးနိုင်ပါဘူး၊ သူကတော့ ကဿပမြတ်စွာဘုရား လက် ထက်တော်ကာလတုန်းက ပိဋကတ် ကျမ်းဂန်တတ် မထေရ် ကြီးဖြစ် ခဲ့ဖူးတဲ့အတွက် ဒီလိုနက်နဲတဲ့ ပြဿနာတွေကို မေးနိုင်တာပါ၊ အဲဒီပြဿနာ ၄-ချက်ကို မြတ်စွာဘုရားက ဒီလိုဖြေတော်မူပါတယ်။

## မြတ်စွာဘုရား အဖြေ (၁)

**ဆသု လောကော သမုပ္ပန္နော၊**
**ဆသု ကုဗ္ဗတိ သန္ထဝံ။**
**ဆန္နမေဝ ဥပါဒါယ၊**
**ဆသု လောကော ဝိဟညတိ။**

**ယက္ခ**-ဟေမဝတနတ်မင်း၊ (ယက္ခဆိုတာ နတ်ဘီလူးပါပဲ) ဒါပေမယ့် ဘီလူးဆိုတဲ့အသံက မြန်မာတို့နားမှာ ကြောက်စရာလို ဖြစ်နေတယ်၊ ဒါကြောင့် နားဝင်ချိုအောင် နတ်လို့ပဲ အနက်ပြန်ပါ တယ်) **ယက္ခ**-ဟေမဝတနတ်၊ **ဆသုသန္တေသု**-ခြောက်ပါးတို့ ရှိကြ ဖြစ်ကြလျှင်၊ **လောကော**-သတ္တဝါဟူသော လောကသည်၊ **သမုပ္ပန္နော**-ဖြစ်ပေါ်ပေသည်၊ **လောကော**-သတ္တဝါဟူသော လော ကသည်၊ **ဆသု**-ခြောက်ပါးတို့၌၊ **သန္ထဝံ**-ပေါင်းသင်းခြင်းကို၊

http://www.dhammadownload.com



**ကုဗ္ဗတိ**-ပြုနေပေသည်၊ **ဆန္နမေဝဥပါဒါယ**-ခြောက်ပါးတို့ကို သာ လျှင် စွဲမှီ၍၊ **လောကော**- လောကဟုခေါ်သော သတ္တဝါမည်ပေ သည်၊ **လောကော**-လောကဟု ခေါ်သော သတ္တဝါသည်၊ **ဆသု**-ခြောက်ပါးတို့၌၊ **ဝိဟညတိ**-အနှိပ်စက်ခံရလျက် ဆင်းရဲပင်ပန်းနေ ပေသည်-လို့ ဖြေကြားတော်မူပါ တယ်။

အဲဒီ အဖြေလေးချက်လုံး၌ ခြောက်ပါးအရကို သုတ္တနိပါတ် အဋ္ဌကထာက အတွင်းအာယတန ၆-ပါးနှင့် အပြင်အာယတန၆-ပါး လုံးကိုချည်း ဖွင့်ပြတယ်၊ သဂါထာဝဂ်သံယုတ် အဋ္ဌကထာမှာ တော့ အတွင်းအာယတန၆-ပါးကို ချည်းဖွင့်ပြတယ်၊ အရှင်မဟာ ဗုဒ္ဓဃောသအလိုအားဖြင့်တော့ ပထမနှင့်တတိယနှစ်ဌာနမှာ အပြင် အာယတန ၆-ပါးကိုပြထားတယ်၊ အဲဒီပြပုံက ပိုပြီးရှင်း ပါတယ်၊ ဒီမှာ ရှင်းပြသွားမယ်၊ ယခုအဲဒီ အဖြေလေးချက်ကို အမေး လေးချက်နှင့် ယှဉ်တွဲပြီး အသီးအသီး ရှင်းပြသွားတယ်။

## (က) ခြောက်ပါးရှိက လောကဖြစ်သည်

ကိသ္မိံ လောကော သမုပ္ပန္နော-အဘယ်အရာရှိလျှင် လောကမည်သော သတ္တဝါဖြစ်ပေါ်ပါသလဲ-ဆိုတဲ့ ပထမမေးခွန်းကို မြတ်စွာဘုရားက ဆသုလောကောသမုပ္ပန္နော-လို့ ဖြေကြားတော်မူ ပါတယ်၊ ဆသု-ခြောက်ပါးတို့သည်၊ ဥပ္ပန္နေသု-ဖြစ်ကုန်လတ်ရှိ ကုန်လတ်သော် (သန္တေသု-နှင့်အရတူပင်) လောကော-လောက သည်၊ ဝါ-သတ္တဝါသည်၊ **သမုပ္ပန္နော**ဖြစ်ပေါ်ပေသည်တဲ့၊ အဲဒါကို ဘုန်းကြီးက "ခြောက်ပါးရှိက လောကဖြစ်သည်"လို့ ခေါင်းပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ခြောက်ပါးရှိက လောကရှိသည်။ (ဆို)**

http://www.dhammadownload.com



ခြောက်ပါးဆိုတာ မျက်စိ, နား, နှာ, လျှာ, ကိုယ်,စိတ်ဆိုတဲ့ အတွင်းအာယတန ၆-ပါးပါပဲ၊လောကဆိုတာ ဒီနေရာမှာ သတ္တဝါကိုပဲဆိုလိုပါတယ်၊ ဒါကြောင့် မျက်စိအစရှိသော အာယတန ၆-ပါးရှိလျှင် လောကခေါ်တဲ့ သတ္တဝါဖြစ်တယ်လို့ ဆိုလိုပါတယ်၊ သတ္တဝါပုဂ္ဂိုလ် အသက်ရှင်နေတဲ့ အကောင်ဆိုတာဟာ မျက်စိလည်းရှိရမယ်၊ နားလည်းရှိရမယ်၊ နှာခေါင်းလည်းရှိရမယ်၊ လျှာလည်းရှိရမယ်၊ ကိုယ်လည်းရှိရမယ်၊စိတ်လည်းရှိရမယ်၊ ဒီခြောက်ပါးရှိရင်သတ္တဝါ ဖြစ်တော့တာပဲ၊ သစ်သား, ကျောက်, အုတ်, အင်္ဂတေများဖြင့် လူရုပ်လုပ်ထားတာတွေရှိတယ်၊ အဲဒီလူရုပ်မှာ မျက်စိသဏ္ဌာန်ရှိပေမယ့် မြင်နိုင်တဲ့မျက်စိရုပ်အစစ်ကလည်း မရှိဘူး၊ ထို့အတူ နားပုံသဏ္ဌာန် စသည်ရှိပေမယ့် ကြားနိုင်တဲ့ နားရုပ်အစစ်လည်းမရှိဘူး၊ နံနိုင်တဲ့နှာခေါင်းရုပ်အစစ် လည်းမရှိဘူး၊ အရသာကို သိနိုင်တဲ့လျှာရုပ်လည်းမရှိဘူး၊ တွေ့ထိနိုင်တဲ့ကိုယ်ရုပ်လည်း မရှိဘူး၊ အာရုံသိနိုင်တဲ့ စိတ်လည်းမရှိဘူး၊ ဒါကြောင့် အဲဒီလူရုပ်ဟာ အသက်ရှင်နေတဲ့ သတ္တဝါအကောင် မဖြစ်ဘူး၊ မြင်နိုင်တဲ့မျက်စိ စသည်ရှိမှသာ အသက်ရှင်နေတဲ့ သတ္တဝါဖြစ်တယ်။

မြင်နိုင်တဲ့ မျက်စိရှိရင်တော့ ၆-ပါးစလုံး မပြည့်စုံပေမယ့် လေးပါးငါးပါးပြည့်စုံနေရင်လည်း သတ္တဝါဖြစ်တာပဲ၊ ဘယ်လိုလည်း ဆိုရင် မျက်စိချို့တဲ့သူမှာ ငါးပါးမျှသာရှိတယ်၊ မျက်စိရော နားရော ချို့တဲ့ သူမှာ နှာခေါင်းစသည် လေးပါးမျှသာရှိသည်၊ အဲဒီလို လေးပါးငါးပါးမျှရှိရင်လည်း သတ္တဝါဖြစ်တာပဲ၊ နှာခေါင်းအင်္ဂါချို့တဲ့ သူလည်း ရှိတတ်ပါတယ်၊ လွန်ခဲ့တဲ့အနှစ်၃၀လောက်က နှာခေါင်း အင်္ဂါချို့တဲ့သူ ကိုယ်တော်တစ်ပါးကို တွေ့ရဖူးတယ်၊ သူ့မှာ မွှေး ကတည်းက ကလေးဘဝကတည်းက ဘာနံ့မျှ မနံဖူးဘူး၊ ရေမွှေးတို့

http://www.dhammadownload.com



ပန်းတို့ကို နှာခေါင်းနားကပ် ထားပေမယ့် ဘာအနံ့ကိုမှ မသိရဘူးတဲ့၊ အဲဒါဟာ ဃာနပသာဒခေါ် တဲ့ နှာခေါင်းရုပ် မပါဘဲ ချို့တဲ့နေတာပဲ၊ အဲဒီလို နှာခေါင်းရုပ်ချို့တဲ့ပြီး မျက်စိ, နား, နှာခေါင်း သုံးပါးချို့ပြီး လျှာ,ကိုယ်,စိတ်သုံးပါးရှိနေရင်လည်း သတ္တဝါဖြစ်တာပဲ၊ ပင်လယ်ရေထဲက အချို့သတ္တဝါတွေဟာ သတ္တဝါနဲ့ မတူဘဲ သစ်ပင်လိုလို, မှိုလိုလိုဖြစ်နေတာတွေ ရှိပါတယ်၊ အဲဒီလို သတ္တဝါမှာ မျက်စိ, နား, နှာခေါင်း ရှိပုံမရပါဘူး၊ ဒါပေမယ့် သက်ရှိသတ္တဝါတော့လည်း ဟုတ်နေတာပဲ၊ ဒါကြောင့် အောက်ထစ်ဆုံးအားဖြင့် ကာမဘုံမှာ လျှာရယ် ကိုယ်ရုပ်ရယ် စိတ်ရယ် ဒီသုံးပါးကတော့ မုချ ရှိရမယ်၊ ဒီသုံးပါးရှိရင် သတ္တဝါဖြစ်နိုင်ပါတယ်။

ရူပဗြဟ္မာဘုံမှာ နှာခေါင်း,လျှာ,ကိုယ် ဆိုတဲ့ ပသာဒအာယတနသုံးပါးမရှိဘူး၊ မျက်စိ, နား, စိတ်ဆိုတဲ့ ဒီအာယတနသုံးပါးဖြင့် သတ္တဝါဖြစ်နေတယ်၊ အရူပဘုံမှာတော့ စိတ်ဆိုတဲ့ မနာယတန တစ်ပါးတည်းဖြင့် သတ္တဝါဖြစ်နေတယ်၊ သညာမရှိ,စိတ်မရှိတဲ့ အသညသတ်ဘုံမှာတော့ မျက်စိလည်းမရှိဘူး၊ နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်,ဆိုတာတွေလည်းမရှိဘူး၊ အတွင်းအာယတန ၆-ပါးလုံးမရှိဘူး၊ သတ္တဝါတော့လည်း ဟုတ်နေတာပဲ၊ ဒါပေမယ့် အဲဒီ သညာမရှိတဲ့ သတ္တဝါဟာ ၆-ပါးမှာ ပေါင်းသင်းခြင်းလည်း မရှိဘူး၊ ၆-ပါးနှင့်စပ်ပြီး ဆင်းရဲပင်ပန်းခြင်းလည်း မရှိဘူး၊ ဒါ ကြောင့် ဒီဒေသနာမှာ အဲဒီ အသညသတ်သတ္တဝါကိုတော့ မရည်ရွယ်ဘူးလို့ပဲ ယူသင့်ပါတယ်၊ ဒါကြောင့် အနည်းဆုံးအားဖြင့် စိတ်ဆိုတဲ့မနာယတနတစ်ပါးရှိလျှင် သတ္တဝါဖြစ်တယ်၊ အာယတနသုံးပါး လေးပါး ငါးပါးရှိလျှင် သတ္တဝါဖြစ်တယ်၊ ၆-ပါးလုံး အပြည့်အစုံ ရှိလျှင်တော့ သတ္တဝါဖြစ်ကြောင်း အထူးပြောနေစရာ မလိုတော့

http://www.dhammadownload.com



ပါဘူး၊ အဲဒီရှိရမည့် အာယတနတစ်ပါး သုံးပါး လေးပါး ငါးပါး ဆိုတာတွေက ၆-ပါးထဲမှာပဲ ပါဝင်နေပါတယ်၊ ဒါကြောင့် ဒီဒေသနာမှာ အားလုံးခြုံမိအောင် ၆-ပါးရှိက လောကဖြစ်သည်လို့ ဥက္ကဋ္ဌနည်းဖြင့် သိမ်းပြီး ဆိုထားပါတယ်။

အတွင်းအာယတန ၆-ပါးရှိလျှင် သတ္တဝါ ဖြစ်ပုံကတော့-လူ့လောကမှာ အမိဝမ်းထဲ ပဋိသန္ဓေစိတ်ဖြစ်ကတည်းက ကိုယ်ရုပ်ဆိုတဲ့ ကာယာယတနလည်းပါတယ်၊ ဒါကြောင့် အဲဒီပဋိသန္ဓေခဏကတည်းက ပဋိသန္ဓေစိတ်ဆိုတဲ့ မနာယတနနှင့် ကိုယ်ရုပ်ဆိုတဲ့ ကာယာယတနအားဖြင့် ဒီအာယတန ၂-ပါးရှိတဲ့အတွက် သတ္တဝါဖြစ်သည် မည်တယ်၊ မွေးဖွားပြီးတဲ့နောက်မှာ မျက်စိဖြင့် မြင်တဲ့အခါမှာ မျက်စိ အာယတနနှင့် မြင်သိမနာယတနဆိုတဲ့ ဒီအာယတန ၂-ပါးရှိတဲ့အ တွက် သတ္တဝါဖြစ်သည်မည်တယ်၊ နားဖြင့်ကြားတဲ့အခါမှာ နားနှင့် ကြားသိစိတ်ဆိုတဲ့ ဒီအာယတန ၂-ပါးရှိတဲ့အတွက် သတ္တဝါဖြစ်သည် မည်တယ်၊နှာခေါင်းဖြင့် နံတဲ့အခါမှာ နှာခေါင်းနှင့်နံသိစိတ်ဆိုတဲ့ ဒီ အာယတန ၂-ပါး ရှိတဲ့အတွက် သတ္တဝါဖြစ်သည်မည်တယ်၊ လျှာဖြင့် စားသိတဲ့အခါမှာ လျှာနှင့် အရသာသိစိတ်ဆိုတဲ့ ဒီအာတယန ၂-ပါး ရှိတဲ့အတွက် သတ္တဝါဖြစ်သည်မည်တယ်၊ ကိုယ်ဖြင့် ထိသိတဲ့အခါမှာ ကိုယ်ရုပ်နှင့် ထိသိစိတ်ဆိုတဲ့ ဒီအာယတန ၂-ပါးရှိတဲ့အတွက် သတ္တဝါဖြစ်သည်မည်တယ်၊ စိတ်ကူးစဉ်းစားကြံသိနေတဲ့အတွက် ကြံသိစိတ် မနာယတနရှိတဲ့အတွက် သတ္တဝါဖြစ်သည်မည်တယ်၊ အတိုချုပ်အား ဖြင့်တော့ မျက်စိရှိလို့ မြင်သိတယ်၊ မြင်သိလို့ သတ္တဝါခေါ်ရတယ်၊ နားရှိလို့ကြားသိတယ်၊ ကြားသိလို့ သတ္တဝါခေါ်ရတယ်၊ နှာခေါင်းရှိလို့ နံသိတယ်၊ နံသိလို့

http://www.dhammadownload.com



သတ္တဝါခေါ်ရတယ်၊ လျှာရှိလို့ အရသာသိ တယ်၊ အရသာသိလို့ သတ္တဝါခေါ်ရတယ်၊ ကိုယ်အကြည်ရုပ်ရှိလို့ ထိသိတယ်၊ ထိသိလို့ သတ္တဝါခေါ်ရတယ်၊ စိတ်ရှိလို့ ကြံတွေးစဉ်းစား သိတယ်၊ ကြံတွေး စဉ်းစားသိလို့ သတ္တဝါခေါ်ရတယ်။

အကယ်၍ မျက်စိမရှိလို့မမြင်ဘူး၊ နားစသည်မရှိလို့ မကြား ဘူး၊ မနံဘူး၊ မစားမသိဘူး၊ မထိမသိဘူး၊ မကြံမသိတတ်ဘူးဆိုရင် အဲဒီလိုဟာကို လူ့လောကမှာ သတ္တဝါလို့ မခေါ်ရဘူး၊ လူအသေ ကောင်ကိုကြည့်ပါ၊ သေပြီးခါစဆိုရင် မသေခင်ကနဲ့ အတူတူလိုပဲ ထင်ရတယ်၊ ဒါပေမယ့် ထူးတာကတော့ ကံကြောင့်ဖြစ်တဲ့ စက္ခုပသာ ဒဆိုတဲ့ မျက်စိရုပ်ဟာ မသေခင်ကသာ ရှိတယ်၊ သေပြီးတဲ့အခါ မရှိ တော့ဘူး၊ ထို့အတူပဲ နား, နှာ, လျှာ,ကိုယ်,ဆိုတဲ့ ပသာဒရုပ် တွေလည်း မသေခင်ကသာရှိတယ်၊ သေပြီးတဲ့အခါမရှိတော့ဘူး၊ စိတ်ဟာလည်း မသေခင်ကသာရှိတယ်၊ သေပြီးတဲ့အခါမရှိတော့ဘူး၊ ဒါကြောင့် သူသေကောင်ဟာ မမြင်နိုင်၊ မကြားနိုင်တော့ဘူး၊ အနံ့ ကိုလည်း မနံနိုင် အရသာကိုလည်းမစားမသိနိုင်တော့ဘူး၊ ဘာကိုမျှ မထိမသိ နိုင်တော့ဘူး၊ ဘာကိုမျှ မကြံမသိနိုင်တော့ဘူး၊ ဒါကြောင့် အသေကောင်ကို သတ္တဝါ လို့မဆိုရတော့ဘူး၊ အဲဒီအသေကောင်ကို အပိုင်းပိုင်းခုတ်ဖြတ်ပေမယ့် သတ္တဝါမဟုတ်တဲ့အတွက် ပါဏာတိ ပါတကံမထိုက်ဘူး၊ သို့ပေမယ့် မသေမီက သီလစသည်နှင့် ပြည့်စုံ တဲ့သူ၏အလောင်းကို မရိုမသေပြုလုပ်ရင်တော့ အကုသိုလ်ကံ ဖြစ်တယ်၊ အပြစ်ကြီးတယ်၊ တချို့မှာ သေပြီးခါစ မဖောက်ပြန်သေး ခင်တော့ မစွန့်ရက်နိုင်အောင်လည်း အမြတ်တနိုးပြုနေတတ် ကြပါတယ်၊ ဒါပေမယ့် မျက်စိစသော အတွင်းအာယတန ၆-ပါး မရှိတော့တဲ့အတွက် သတ္တဝါလို့တော့ မဆိုရတော့ပါဘူး။

http://www.dhammadownload.com



သေတယ်ဆိုတာ တချို့က "အသက်ရှင်နေတဲ့အကောင် ထွက်သွားတယ်၊ အကောင်လိုက်ပျက်စီးသွားတယ်၊ ပျောက်ကွယ်သွား တယ်"လို့ ဒီလိုထင်နေကြတယ်၊ အမှန်ကတော့ သေတတ်တဲ့အ ကောင်ရယ်လို့ မရှိပါဘူး၊ မျက်စိအစရှိတဲ့ ဒီအာယတန၆-ပါးသာ ရှိတာပဲ၊ ဒီအာယတန ၆-ပါး အဆက်မပြတ်ဖြစ်နေရင် အသက်ရှင် နေတယ်လို့ဆိုရတာပဲ၊ နောက်ဆုံးအချိန်ကျတော့ ဒီအာယတန ၆- ပါးဟာ လက်ရှိရုပ်နာမ်အစဉ်မှာ အသစ်မပေါ်လာတော့ဘဲ ချုပ်သွား တယ်၊ အထူးအားဖြင့် ခဏမစဲ ဖြစ်လိုက်ပျက်လိုက်နဲ့ မပြတ်ဖြစ်ပျက် နေတဲ့ စိတ်ကလေးဟာ ချုပ်ပျောက်သွားတယ်၊ နောက်ထပ် မဖြစ်လာ တော့ဘူး၊ အဲဒီအခါမှာ သတ္တဝါသေသွားတယ်လို့ ဆိုရတာပဲ၊ အဲဒီ လို နောက်ဆုံးချုပ်သွားတဲ့စိတ်ကလေး ချုပ်ပျောက်လိုက်သည်နှင့်တစ် ပြိုင်နက် ကိလေသာမကင်းသေးတဲ့ သူမှာဆိုရင် ဌာနအသစ်မှာ စိတ် အသစ်ဆက်ပြီး ဖြစ်ပေါ်သွားတယ်။

အဲဒီဖြစ်ရာမှာ ဘဝဟောင်းက နောက်ဆုံးစိတ်ကလေးကို ထိုဘဝမှ ရွေ့လျားသွားတဲ့သဘောရှိတဲ့အတွက် စုတေစိတ်လို့ခေါ် တယ်၊ မြန်မာလိုတော့ ရွေ့လျားတဲ့စိတ်လို့ ဆိုလိုပါတယ်၊ ဌာနအသစ် မှာဆက်ပြီး ဖြစ်သွားတဲ့စိတ်ကို ရှေးဘဝနဲ့ တစ်စပ်တည်း ဆက်စပ်ပြီး ဖြစ်လို့ ပဋိသန္ဓေစိတ်လို့ခေါ်တယ်၊ မြန်မာလိုတော့ ဆက်စပ်တဲ့စိတ် လို့ဆိုလိုပါတယ်၊ အဲဒီ ပဋိသန္ဓေစိတ်ဟာ မနာယတနပဲ၊ အဲဒီစိတ်နဲ့ တစ်ပေါင်းတည်း တစ်ပြိုင်နက်ဖြစ်တဲ့ ရုပ်တွေလည်းရှိတယ်၊ အဲဒီရုပ်တွေထဲမှာ ကာယာယတနလို့ခေါ်တဲ့ ကိုယ်ရုပ်ကတော့ မုချပါစမြဲပဲ၊ သံသေဒဇ ဥပပါတ်ပဋိသန္ဓေဆိုရင် မျက်စိ, နား, နှာ, လျှာ ဆိုတဲ့ အာယတနတွေလည်း ပါတယ်၊ ဒါကြောင့် အဲဒီပဋိသန္ဓေ ခဏကတည်းက အာယတနနှစ်ပါးဖြစ်စေ၊ သုံးပါး, လေးပါး,

http://www.dhammadownload.com



ငါးပါးဖြစ်စေ၊ ခြောက်ပါးလုံး ဖြစ်စေ၊ ဖြစ်ပေါ်လာတယ်၊ အဲဒီ အာယတနတွေ ဖြစ်ပေါ်သည့်အချိန်ကစပြီး ဘဝအသစ်သတ္တဝါ အသစ် ဖြစ်ပေါ်လာတယ်လို့ ဆိုရတယ်၊ ဒါကြောင့် "ခြောက်ပါးရှိက လောကဖြစ်သည်"လို့ ဆိုထားတယ်၊ ဒါပေမယ့် အဲဒီသတ္တဝါဟာ ယခုမှ အသစ်ဖြစ်လာတာလည်းမဟုတ်ဘူး၊ အမှန်ကတော့ ရှေးဘဝတစ်ခုခုကပြုခဲ့ဖူးတဲ့ ကံကြောင့် ယခုဘဝမှာအသစ်ဖြစ် ပေါ်လာတဲ့ အာယတန ၆-ပါးမျှသာ ရှိတယ်၊ အာယတန ၆-ပါးမှအလွတ် အသက်ရှင်နေတဲ့ သတ္တဝါအကောင်ရယ်လို့ မရှိဘူး၊ ရေစီးနေတဲ့ ချောင်းထဲက ရေတွေဟာ အသစ်အဟောင်းပြောင်းလဲ နေတာလို အသစ်အဟောင်းပြောင်းလဲပြီး မပြတ်ဖြစ်ပျက်နေတဲ့ အာယတန၆-ပါးမျှသာ ရှိတယ်၊ အဲဒါကို ဝိပဿနာဉာဏ်အမြင်မရှိ သေးတဲ့သူတွေက အမြဲတည်နေတဲ့အကောင်လို့ ထင်နေကြတယ်။

မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း ပေါ်လာသမျှကို မပြတ်လိုက်ပြီး ရှုမှတ်နေတဲ့ ယောဂီကတော့ သမာဓိဉာဏ်ရင့်သန် လာတဲ့အခါ ဒီအာယတန၆-ပါး ခဏမစဲဖြစ်ပျက်နေတာတွေကို ကိုယ် တိုင်ဉာဏ်ဖြင့် သိမြင်နိုင်ပါတယ်၊ ထိတယ် ထိတယ် စသည်ဖြင့် ရှုမှတ် နေရင်း ထိသိ ထိသိပြီး ပျောက်ပျောက်သွားတဲ့ ထိသိစိတ် မနာယတန ကိုလည်း ထင်ရှားတွေ့ရတယ်၊ ထိသိရာဌာန ကိုယ်ရုပ်ဆိုတဲ့ အာယတန ပျောက်ပျောက်သွားတာကိုလဲ ထင်ရှားတွေ့ရတယ်၊ စိတ်ကူးကြံသိတိုင်း စိတ်ကူးတယ်, ကြံတယ်, သိတယ်စသည်ဖြင့် ရှုမှတ်ရင်း အဲဒီ ကြံသိစိတ် မနာယတန ပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်၊ ကြားတယ် ကြားတယ်လို့ရှုမှတ်ရင်း ကြားသိတဲ့ မနာယတနရော ကြားသိရာဌာန နားရုပ်ဆိုတဲ့ သောတာယတနရော ချက်ချင်း ပျောက်ပျောက်သွားတာကို

http://www.dhammadownload.com



ထင်ရှားတွေ့ရတယ်၊ မြင်တယ် မြင်တယ် စသည်ဖြင့် ရှုမှတ်နေရင်း မြင်သိတဲ့ မနာယတနရော မြင်သိရာဌာန မျက်စိဆိုတဲ့ စက္ခာယတနရော ချက်ချင်းပျောက် ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်၊ နံသိခိုက်, စားသိခိုက်မှာ ရှုမှတ်နေရင်း နံသိ, စားသိတဲ့ မနာယတနနှင့် နံသိစား သိရာဌာန နှာ, လျှာဆိုတဲ့ အာယတနများကို ထိုက်သည့်အားလျော်စွာ ထင်ရှားတွေ့ရတယ်၊ ဒီတော့လူဆိုတာ ခဏမစဲ ဖြစ်ပျက်နေတဲ့ ဒီအာယတန ၆-ပါးမျှပဲ၊ မမြဲတဲ့ တရားသဘောတရားမျှပဲဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် သဘောပေါက်ပြီး သိနိုင်ပါတယ်၊ အဲဒီလို အမှန်အတိုင်းသိရအောင်လို့ ဒီမှာ ဆသု **လောကောသမုပ္ပန္နော**-လို့ဟောထားပါ တယ်၊ အဲဒါကို ဘုန်းကြီးက "ခြောက်ပါးရှိက လောကဖြစ်သည်" လို့ ဆောင်ပုဒ်စီ ထားတယ်၊ အဲဒါကိုထပ်ပြီး ဆိုလိုက်ကြဦး။

**ခြောက်ပါးရှိက လောကဖြစ်သည်။ (ဆို)**

## (ခ) ခြောက်ပါးမှာချည်း ပေါင်းသင်းနေသည်

**ကိသ္မိံ ကုဗ္ဗတိ သန္ထဝံ**-လောကမည်သော သတ္တဝါဟာ အဘယ်မှာ ပေါင်းသင်းဆက်ဆံခြင်းကို ပြုနေပါသလဲ-ဆိုတဲ့ ဒုတိယ မေးခွန်းကို မြတ်စွာဘုရားက **ဆသု ကုဗ္ဗတိ သန္ထဝံ**-လို့ ဖြေကြားတော်မူပါတယ်၊ **လောကော**-လောကဟူသော သတ္တဝါသည်၊ **ဆသု**-ခြောက်ပါးတို့၌၊ **သန္ထဝံ**-ပေါင်းသင်းဆက်ဆံခြင်းကို၊ **ကုဗ္ဗတိ**-ပြုနေပေသည်တဲ့၊ အဲဒါကို ဘုန်းကြီးက "ခြောက်ပါးမှာချည်း ပေါင်းသင်းနေသည်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ခြောက်ပါးမှာချည်း ပေါင်းသင်းနေသည်။(ဆို)**

http://www.dhammadownload.com



ဒီအပိုဒ်မှာ ခြောက်ပါးဆိုတာကတော့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘောအာရုံဆိုတဲ့ အပြင် အာယတန ၆-ပါးပါပဲ၊ အာရုံခြောက်ပါးလို့လည်း ဆိုနိုင်ပါတယ်၊ မျက်စိ, နား, နှာ, လျှာ ကိုယ်, စိတ်,ဆိုတဲ့ အတွင်းအာယတန ၆-ပါးက အဆင်း, အသံ, အနံ့,အရသာ, အတွေ့ သဘောအာရုံဆိုတဲ့ အပြင်အာယတန ၆-ပါး (အာ ရုံ ၆-ပါး)နှင့် ပေါင်းသင်းဆက်ဆံနေတယ်လို့ ဆိုလိုပါတယ်၊ ပေါ် လွင်အောင် ပြောရရင် အတွင်း အာယတန ၆-ပါးဆိုတဲ့ ပုဂ္ဂိုလ် သတ္တဝါက အပြင်အာတယနဆိုတဲ့ သက်ရှိ သက်မဲ့ သတ္တဝါတွေနဲ့ ပေါင်းသင်းဆက်ဆံနေတယ်လို့ ဆိုလိုတာပါ၊ အဲဒါကို အသေးစိတ် ရှင်းပြပါဦးမယ်။

## မျက်စိနှင့်မြင်သိစိတ်က အဆင်းနှင့်ပေါင်းသည်

ယောကျ်ားမိန်းမလို့ဆိုရတဲ့မျက်စိနှင့်မြင်သိစိတ်ကမိန်းမ, ယောကျ်ားစသည်ဖြင့် ခေါ်ရတဲ့ အဆင်းအာရုံနှင့် ပေါင်းသင်းနေတယ်၊ အဲဒီအဆင်းအာရုံကို မြင်သိစိတ်က ပွေ့ပိုက်ပြီး သိမ်းယူလိုက်သလိုပင် ရင်းရင်းနှီးနှီး ဆက်ဆံနေတယ်၊ မိန်းမ,ယောကျ်ားစသည်ဖြင့် ခေါ်ရတဲ့အဲဒီအဆင်းအာရုံကိုလက်ခံပြီးသိမ်းပိုက်ထားတယ်၊ တစ်ခါမြင်ပြီးလျှင် မနာယတနဆိုတဲ့စိတ်က ထပ်ခါထပ်ခါနှလုံးသွင်း ဆင်ခြင် နေတယ်၊ မြင်ခိုက်က အဆင်းကတော့ အဲဒီမြင်ဆဲ ကာလမှာပဲ ချုပ်ပျောက်သွားခဲ့ပါပြီ၊ နောက်ကာလမှာ မရှိတော့ပါဘူး၊ ဒါပေမယ့် မနာယတနက လက်ခံသိမ်းယူထားတဲ့ အတွက် ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း အဲဒီအာရုံက အသုံးခံအဖြစ်နဲ့ ပေါ်နေတယ်၊ ဟိုမြင်ခဲ့စဉ်က မိန်းမ, ယောကျ်ား အရာဝတ္ထုအနေနဲ့ ပဲ ပေါ်နေတယ်၊ ထိုင်နေခဲ့တာ မြင်ခဲ့ရင် ထိုင်နေတဲ့အတိုင်း ပေါ်နေ

http://www.dhammadownload.com



တယ်၊ ရပ်နေတာ လှုပ်ရှားနေတာ, ပြုံး, ရယ်နေတာ, မျက်မှောင်ကုတ်နေတာစသည်ကို မြင်ခဲ့ရင်လည်း အဲဒီအတိုင်းပဲ ပေါ်နေတယ်၊ ယခုလူတွေတစ်ယောက်နဲ့ တစ်ယောက်ကြည့် ကြည့်ပြီး ဆက်ဆံနေကြတာဟာ အဲဒီမျက်စိနဲ့ မြင်သိစိတ် အာယတနက မြင်ရတဲ့အဆင်းအာယတနနဲ့ပေါင်းသင်း နေတာပါပဲ၊ အဲဒါသေသေချာချာစဉ်းစားကြည့်ရင် မြင်တဲ့ အခိုက်မှာရော ထပ်ခါ ထပ်ခါဆင်ခြင်နေတဲ့အခိုက်မှာရော ဘာနဲ့ဘာတွေဆက်ဆံ နေကြသလဲဆိုရင် မျက်စိဆိုတဲ့ စက္ခာယတနရယ်၊ မြင်သိ ကြံသိ ဆိုတဲ့ မနာယတန ရယ်၊ မြင်ရတဲ့ အဆင်းဆိုတဲ့ ရူပါယတနရယ်၊ အဲဒီအာယတနသုံးခုပဲ ပဓာနအားဖြင့် ရှိတယ်၊ ဒီသုံးခုပဲ အချင်းချင်းဆက်ဆံနေတယ်၊ ပုဂ္ဂိုလ်ဝတ္ထုအနေနဲ့ပေါင်းသင်း နေတဲ့ ယောကျ်ား,မိန်းမ,ဝတ္ထုပစ္စည်းဆိုတာတွေကတော့ ပရမတ္ထအားဖြင့် ရှိတာမဟုတ်ဘူး၊ အဲဒါ သေသေ ချာချာစဉ်းစားကြည့်ပါ၊ မြင်ပြီး ဆက်ဆံနေကြတာဟာ စက္ခာယတနမနာယတနတို့က ရူပါယတန နှင့် ဆက်ဆံနေကြတာချည်းပဲဆိုတာ ထင်ရှားပေါ်လာပါလိမ့်မယ်၊ မြင်တိုင်း၊ မြင်ပြီးကို ပြန်ပြီးဆင်ခြင်မိတိုင်းရှုမှတ်နေတဲ့ယောဂီမှာ တော့ အဲဒီလိုတောင်စဉ်းစားမနေရပါဘူး၊သမာဓိဉာဏ် ရင့်သန် နေတဲ့ အခါဆိုရင် မြင်တယ်ဆိုတာနဲ့ မျက်စိနဲ့ အဆင်းမြင်သိမှုမျှပဲ လို့လည်း မှတ်ရင်းမှတ်ရင်းပင် သိသွားနိုင်ပါတယ်၊ မြင်ပြီးကို ဆင်ခြင်တဲ့အခါလည်း မြင်ခဲ့တဲ့အဆင်းနဲ့ ဆင်ခြင်တဲ့ စိတ်မျှပဲလို့ လည်း သိသိသွားနိုင်ပါတယ်၊ အဲဒီလိုသိပုံကို ရည်ပြီးတော့ "ခြောက်ပါးရှိက လောကဖြစ်သည်၊ ခြောက်ပါးမှာချည်း ပေါင်းသင်း နေသည်" လို့ဆိုထားတာပါပဲ။

http://www.dhammadownload.com



## နားနှင့်ကြားသိစိတ်က အသံနှင့်ပေါင်းသည်

ယောက်ျား, မိန်းမလို့ ခေါ်ဆိုရတဲ့ နားနှင့်ကြားသိစိတ်က မိန်းမအသံ, ယောက်ျားအသံ စသည်ဖြင့် ခေါ်ရတဲ့ အသံအာရုံနှင့် ပေါင်းသင်းနေတယ်၊ အဲဒီအသံကိုလက်ခံပြီး သိမ်းပိုက်ထားတယ်၊ တစ်ခါကြားပြီးရင် မနာယတနဆိုတဲ့စိတ်က အဲဒီအသံကိုထပ်ကာ ထပ်ခါနှလုံးသွင်းဆင်ခြင်နေတယ်၊ ကြားခိုက်က အသံကတော့ ချုပ်ပျောက်သွားခဲ့ပါပြီ၊ အဲဒီလို ဆင်ခြင်နေတဲ့အခါမှာ မရှိတော့ပါဘူး၊ ဒါပေမယ့် မနာယတနဆိုတဲ့စိတ်က လက်ခံသိမ်းယူထားတဲ့အတွက် ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း အဲဒီအသံအာရုံက အသုံးခံအဖြစ်နဲ့ ပေါ်နေတယ်၊ အသံဆိုပေမယ့် အသံသက်သက်တွင်မဟုတ်ဘူး၊ ပြောဆိုတဲ့ အသံရှင်မိန်းမ,ယောက်ျား ပုဂ္ဂိုလ်တွေကိုပါ ကြားခိုက်တုန်းကအတိုင်း ရှိနေတဲ့အနေဖြင့် အာရုံပြုနေတယ်၊ နားဝင်ချိုအောင် ပြောနေပုံ, နားမခံသာအောင် ပြောနေပုံအားဖြင့် ထင်မြင်နေတယ်၊ သေသေချာချာစဉ်းစားကြည့်ရင်တော့ ကြားတုန်းကလည်း နားရယ်, အသံရယ်ကြားသိစိတ်ရယ် ဒီသုံးခုပဲ ရှိခဲ့တာပဲ၊ အဲဒီ သုံးခု အချင်းချင်းဆက်ဆံနေတာပဲ၊ ပြန်ပြီးဆင် ခြင်နေတဲ့ အခါမှာလည်း ကြားခဲ့တဲ့အသံရယ်, ဆင်ခြင်တဲ့စိတ်ရယ် ဒီ အာယတန၂-ခုရှိတာပဲ၊ အဲဒါ နှစ်ခုအချင်းချင်းဆက်ဆံနေတာပဲ၊ အသံရှင်ဆိုတဲ့ ပုဂ္ဂိုလ်ဆိုတာ ပရမတ္ထအားဖြင့် ရှိတာမဟုတ်ဘူး၊ ဒါကြောင့် အသံရှင်နဲ့ငါတွေ့ နေတယ်လို့ ထင်ရပေမယ့် အမှန်အားဖြင့်တော့နားနဲ့ စိတ်အာယတန ကအသံနဲ့တွေ့ပြီး ပေါင်းသင်းဆက်ဆံနေခြင်းမျှသာဖြစ်ကြောင်း ထင်ရှားပါတယ်၊ ကြားတိုင်း, ပြန်ပြီးဆင်ခြင်တိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ်ရင့်သန်နေတဲ့အခါဆိုရင် နားနဲ့အသံမျှ ကြားသိစိတ်,

http://www.dhammadownload.com



ကြားသိစိတ်မျှသာ ရှိကြောင်း ထင်ရှားသိနိုင်ပါတယ်၊ အဲဒီလို သိပုံကိုလဲ ရည်ပြီးတော့ "ခြောက်ပါးရှိက လောကဖြစ်သည်၊ ခြောက်ပါးမှာချည်း ပေါင်းသင်းနေသည်"လို့ ဆိုထားတာပါပဲ။

## နှာခေါင်းနှင့်နံသိစိတ်က အနံ့နှင့်ပေါင်းသည်

ယောက်ျား, မိန်းမလို့ ခေါ်ဆိုရတဲ့ နှာခေါင်းနှင့်နံသိစိတ်က မိန်းမအနံ့, ယောက်ျားအနံ့၊ မည်သူကပေးလိုက်တဲ့ ပန်းနံ့သာနံ့စသည်ဖြင့် ခေါ်ရတဲ့ အနံ့အာရုံနဲ့ ပေါင်းသင်းနေတယ်၊ အဲဒီအနံ့ကို စိတ်ဖြင့်သိမ်းပိုက်ထားတယ်၊ မွှေးဖူး, နံဖူးတဲ့ အနံ့ကို မနာယတန ဆိုတဲ့ စိတ်က ထပ်ခါ ထပ်ခါ နှလုံးသွင်းဆင်ခြင်နေတယ်၊ အဲဒါဟာ အနံ့ဆိုတဲ့ ဂန္ဓာယတနနဲ့ လူလို့ခေါ်ရတဲ့ ဃာနာယတန, မနာယတနတို့က ပေါင်းသင်းနေတာပဲ၊ အဲဒီမှာလည်း အနံ့ဆိုပေမယ့် အနံ့သက်သက်တွင်မဟုတ်ဘူး၊ အနံ့ရှင် မိန်းမ, ယောက်ျား, ပုဂ္ဂိုလ်ပါ အာရုံပြုပြီး ပေါင်းသင်းနေတာပဲ၊ သေသေချာချာ စဉ်းစားကြည့်ရင် တကယ်ရှိတာကတော့ နှာခေါင်းရုပ်ရယ်, အနံ့ရုပ်ရယ်, နံသိစိတ်ရယ် ဒီသုံးခုမျှ သာရှိတာပဲ၊ ဒီသုံးခုက အချင်းချင်း ပေါင်းသင်းနေတာပဲ၊ ချစ်စနိုး ဖြစ်တဲ့ကိုယ့် သားငယ်ကလေးကို နမ်းလိုက်တဲ့သူမှာ ငါ့သားကို ငါနမ်းတယ်လို့ထင်ရပေမယ့် နမ်းရှုတတ်တဲ့ငါလည်း စင်စစ်တော့မရှိဘူး၊ အနမ်းအရှုခံရတဲ့ သားလည်းမရှိဘူး၊ နှာခေါင်းရုပ်ဆိုတာဃာနာယတန နှင့်နံသိစိတ်ဆိုတဲ့ မနာယတနတို့က အနံ့ရုပ်ဆိုတဲ့ ဂန္ဓာယတနနှင့် ပေါင်းသင်းဆက်ဆံခြင်း မျှသာ ဖြစ်တယ်၊ ပြန်လည်စဉ်းစားတဲ့အခါ မှာလည်း နံသိခဲ့ရတဲ့ အနံ့နဲ့ စဉ်းစားနေတဲ့စိတ် ဒီနှစ်ခုမျှသာရှိတာပဲ၊ မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ ပန်းနံ့, ဟင်းနံ့ စသည်နံတဲ့အခါ နံတယ်

http://www.dhammadownload.com



နံ့တယ်လို့ ရှုမှတ်နေရင် အနံ့ရုပ်နဲ့ နှာခေါင်းကနေပြီး သိတဲ့ နံ့သိစိတ်-ဒီသဘော များသာရှိတယ်လို့ သိရတယ်၊ အဲဒီလို သိပုံကိုလဲ ရည်ပြီးတော့ "ခြောက်ပါးရှိက လောကဖြစ်သည်၊ ခြောက်ပါးမှာချည်း ပေါင်းသင်းနေသည်" လို့ဆိုထားတာပါပဲ။

## လျှာနဲ့ စားသိစိတ်က အရသာနှင့်ပေါင်းသည်

ယောကျ်ား, မိန်းမလို့ ခေါ်ဆိုရတဲ့ လျှာနဲ့ စားသိစိတ်က မိန်းမ, ယောကျ်ားပုဂ္ဂိုလ်က ပြုပြင်ပေးတယ်လို့ အလေးပြုအပ်တဲ့ စားဖွယ်အရသာ၊ သာမန်အရသာနှင့် ပေါင်းသင်းနေတယ်၊ အဲဒီ အရသာကို စိတ်ကသိမ်းပိုက်ထားတယ်၊ ဘယ်သူက ပြုပြင်ပေးတဲ့ စားစရာလေးကကောင်းလိုက်တာ၊ ကြက်သားဟင်းလေးက ကောင်းလိုက်တာ စသည်ဖြင့် ထပ်ခါ ထပ်ခါ ပြန်ပြီးဆင်ခြင် နေတတ်တယ်၊ အဲဒါဟာ အရသာနှင့်ပေါင်းသင်းနေတာပါပဲ၊ စားရတဲ့ အရသာကတော့ မျိုချလိုက်ကတည်းက မရှိတော့ပါဘူး၊ ဒါပေမယ့် အဲဒီအရသာကိုရော ပြုပြင်ပေးတဲ့သူကိုရော ရှိနေတဲ့ အနေအားဖြင့် ပင်ထင်မှတ်နေတယ်၊ ရှုမှတ်နေတဲ့ယောဂီမှာတော့ ဝါးတယ် စားတယ် လို့ရှုမှတ်နေရင်း အရသာပေါ်လာရင် အဲဒီ အရသာကိုလည်း ချိုတယ် ဆိမ့်တယ် စသည်ဖြင့် ရှုမှတ်ပြီး သိတယ်၊ အဲဒီအရသာဟာ ချက်ချင်းပဲ ပျောက်သွားတာကိုလဲသိတယ်၊ ဒါ ကြောင့် စားတယ်ဆိုတာ လျှာရုပ်နဲ့ စားသိစိတ်က အရသာကိုသိသိ သွားရုံမျှပဲ၊ စားတတ်တဲ့ငါဆိုတာလည်း မရှိဘူး၊ ဝက်သား, ကြက်သားတို့ ပြုပြင်ပေးတဲ့သူဆိုတာကို လည်းမစွဲလမ်းဘူး၊ အရသာနှင့်သိမှုဟာ ချက်ချင်းပျောက်ပျောက် သွားလို့ မမြဲတဲ့ သဘောတွေလို့သာ သိသွားတယ်၊အဲဒီလိုသိပုံကိုလည်း ရည်ပြီး

http://www.dhammadownload.com



တော့ "ခြောက်ပါးရှိက လောကဖြစ်သည်၊ ခြောက်ပါးမှာ ချဉ်း ပေါင်းသင်းနေသည်" လို့ဆိုထားတာပါပဲ။

## ကိုယ်ရုပ်နှင့် ထိသိစိတ်က ထိစရာနှင့်ပေါင်းသည်

ယောက်ျား, မိန်းမလို့ခေါ်တဲ့ ကိုယ်ရုပ်နှင့်ထိသိစိတ်က ထိစရာအာရုံနှင့် ပေါင်းသင်းနေတယ်၊ တွေ့ထိစရာအာရုံက ကိုယ်အကြည်ရုပ်ကို တိုက်ခိုက်တယ်၊ အဲဒီလို တိုက်ခိုက်လာတဲ့ အတွေ့အာရုံကို ကာယာဝိညာဏ်ခေါ်တဲ့ ထိသိစိတ်က သိသွားတယ်၊ အဲဒါဟာ ကိုယ်ရုပ်နဲ့ ထိသိစိတ်ဆိုတဲ့ အတွင်းအာယတန ၂-ခုက အတွေ့ဆိုတဲ့ အပြင်အာယတနနဲ့ ပေါင်းသင်းတာပဲ၊ အတွေ့ဆိုတာပထဝီ, တေဇော, ဝါယောဆိုတဲ့ ဓာတ်သုံးပါးပါပဲ၊ ခက်မာကြမ်းတမ်းတယ်၊ နူညံ့ချောညက်တယ်ဆိုတာတွေဟာ ပထဝီအတွေ့ပဲ၊ပူတယ်, အေးတယ်, နွေးတယ်ဆိုတာ တေဇောအတွေ့ပဲ၊ တောင့်တင်းတယ် တွန်းကန်တယ် လှုပ်ရှားတယ်ဆိုတာ ဝါယောအတွေ့ပဲ၊အဲဒီ အတွေ့က ကိုယ့်ကိုယ် ထဲမှာလဲ ရှိတယ်၊ လက်အချင်းချင်းတွေ့ထိတာ ခြေအချင်းချင်းတွေ့ထိတာ၊ လက်ခြေနဲ့ကိုယ်နဲ့တွေ့ထိတာ, လျှာနဲ့နှုတ်ခမ်းအာခေါင်နဲ့တွေ့ထိတာ၊ အသားအသွေးထဲက တွေ့ထိတာ၊ အူ အသည်းနှလုံးစသည်ကတွေ့ထိတာ ဒီလိုအတွေ့တွေဟာ ကိုယ့်ကိုယ်ထဲတွင်တွေ့ရတာတွေပဲ၊ အပြင်ကသူတစ်ပါး ကိုယ်နဲ့အဝတ် အိပ်ရာစသည်နဲ့တွေ့ရတာလဲရှိတယ်၊ဘာနဲ့ပဲ တွေ့တွေ့ ငါကတွေ့ထိရတယ်၊ အဝတ်ကိုတွေ့ထိရတယ်၊ အိပ်ရာကိုတွေ့ထိရတယ်၊ လူကိုတွေ့ထိရတယ် စသည်ဖြင့် ထင်မှတ်နေကြတာပဲ၊ အဲဒီတွေ့ထိရတဲ့ အာရုံကို စိတ်ဆို တဲ့ မနာယတနက မှတ်စွဲပြီး သိမ်းပိုက်ထားတယ်၊ တွေ့ထိရတဲ့ အာရုံ

http://www.dhammadownload.com



ကတော့ တွေ့ထိပြီးကတည်းက ချုပ်ပျောက်သွားခဲ့ပါပြီ၊ ဒါပေမယ့် မနာယတနဆိုတဲ့ စိတ်က အဲဒီအတွေ့အာရုံကို ထပ်ခါထပ်ခါနှလုံးသွင်းဆင်ခြင်ပြီး အသုံးပြုနေတယ်၊ တွေ့ထိရတဲ့အာရုံတွေ့ထိရတဲ့ပုဂ္ဂိုလ်ဟာ အမြဲရှိနေတဲ့အနေအားဖြင့်ပဲ သူက နှလုံးသွင်းနေတယ်၊ ပေါင်းသင်းနေတာပါပဲ၊ ဝိပဿနာရှုနေတဲ့ ယောဂီကတော့ ဒီအတွေ့အထိကို အများဆုံးရှုမှတ်ရတယ်။

ဒါကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်အရာမှာ **ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ**-စသည်ဖြင့် မြတ်စွာဘုရားက ဟောထားတယ်၊ သွားရင်လည်း သွားတယ်လို့သိပါသတဲ့၊ အဲဒါဟာ သွားတဲ့ လှုပ်ရှားတဲ့ ကိုယ်အစိတ်အပိုင်းက ထောက်ကန်တောင့်တင်း လှုပ်ရှားတဲ့ အတွေ့အထိ ဝါယောဓာတ်ရုပ်တွေကို အမှန်အတိုင်း သိအောင်ရှုဖို့ ညွှန်ကြားတာပါပဲ၊ ထို့အတူ သွားရာက ရပ်ရင်လည်း ရပ်တယ်လို့သိပါ တဲ့၊ ရပ်ရာက ထိုင်ရင်လည်း ထိုင်တယ်လို့ သိပါသတဲ့၊ ထိုင်ရာက လဲလျောင်းရင်လည်း လဲလျောင်းအိပ်တယ်လို့ သိပါ သတဲ့၊ နောက်ပြီးတော့ အဲဒီမှာ **ယထာ ယထာ ဝါပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ**-လို့ အကျဉ်းချုပ်လည်း ဟောထားပါတယ်၊ တည်မြဲတိုင်း ထားမြဲတိုင်းသော ကိုယ်အမူအရာဟူသမျှကိုလဲ သိပါတဲ့၊ အဲဒီစကားကတော့ သွား ရပ် ထိုင် လျောင်း ဣရိယာပုထ် အမူအရာပဲဖြစ်ဖြစ်၊ ကွေးခြင်း ဆန့်ခြင်း လှုပ်ရှားခြင်းအစရှိတဲ့ ကိုယ်အမူအရာ တစ်မျိုးမျိုးပဲဖြစ်ဖြစ် ကိုယ်အမူအရာဟူသမျှကို သိပါလို့ ညွှန်ကြားတာပါပဲ။ ဘာ့ကြောင့် ကိုယ်အမူအရာဟူသမျှကို သိရန် ညွှန်ကြားသလဲ ဆိုရင် ကိုယ်အမူအရာ တစ်စုံတစ်ခုကို မသိရင် အဲဒီ မသိတဲ့ ကိုယ်အ တွေ့အထိနှင့်စပ်ပြီးတော့ မသိမှု အဝိဇ္ဇာ

http://www.dhammadownload.com



ကစပြီး ကိလေသာတွေဖြစ် နိုင်တယ်၊ အဲဒီကိလေသာမှတစ်ဖန် အကုသိုလ်ကံ ကုသိုလ်ကံဖြစ်နိုင် တယ်၊ အဲဒီကံက အပါယ်ဘဝ တွေကိုလည်း ဖြစ်စေလိမ့်မယ်၊ လူ့ဘဝ နတ်ဘဝစသည်ကိုလည်း ဖြစ်စေမယ်၊ အဲဒီဖြစ်ရာဘဝမှာ အိုခြင်း နာခြင်း သေခြင်း အစ ရှိသော ဆင်းရဲတွေကို ကြုံတွေ့ခံစားရလိမ့်မယ်၊ ကိုယ် အမူအရာ ဟူသမျှကို ရှုမှတ်ပြီး ရုပ်နာမ်မျှပဲ၊ အနိစ္စ ဒုက္ခ အနတ္တမျှပဲလို့ အမှန်အတိုင်းသိရင်တော့ အဲဒီသိရတဲ့ ကိုယ်အမူအရာ ရုပ်နာမ်နှင့် စပ်ပြီး ခုတင်ကပြောခဲ့တဲ့ ကိလေသာတွေ၊ ကံနှင့်ဘဝအကျိုးတွေဆို တာ ဖြစ်ခွင့်မရဘဲငြိမ်းသွားတယ်၊ အဲဒီလို ရှုပြီး အရိယာမဂ်ဉာဏ် ရောက်တဲ့အခါကျတော့ အဲဒီလို ကိလေသာ ကံဘဝဆင်းရဲတွေ အကုန်ကင်းငြိမ်းသွားတယ်၊ ဒါကြောင့် အဲဒီဖြစ်နိုင်တဲ့ ကိလေသာ ကံ ဝိပါက် ဘဝဆိုတဲ့ ဝဋ်သုံးပါး ဆင်းရဲ ငြိမ်းရအောင်လို့ မြတ်စွာ ဘုရားက သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း အစရှိသော ကိုယ်အမူအရာဟူသမျှတွေကို ရှုပြီးသိဖို့ ညွှန်ကြားတော်မူခြင်း ဖြစ်ပါတယ်။

## ဖောင်းတာ ပိန်တာဟာ ကိုယ်အမူအရာပဲ မဟုတ်ပါလား

ဒီနေရာမှာ စဉ်းစားကြည့်ကြစေချင်ပါတယ်၊ ဘာကိုလည်း ဆိုရင် ကိုယ်အမူအရာဟူသမျှကို ရှုရမယ် သိရမယ်ဆိုတဲ့ စကားထဲ မှာ ဝမ်းဗိုက်က ဖောင်းလိုက် ပိန်လိုက်နဲ့ လှုပ်ရှားနေတဲ့ အမူအရာ ပါသလား မပါဘူးလားဆိုတာကို စဉ်းစားကြည့်ကြစေချင်ပါတယ်၊ သိနားလည်တဲ့၊ ဆင်ခြင်ဉာဏ်ရှိသူတိုင်းက ပါတယ်လို့ချည်းပဲ သိမြင် သဘော ပေါက်ကြပါလိမ့်မယ်၊ ဒါကြောင့် ဘုန်းကြီးတို့က ကာယာနုပဿနာ ဒေသနာတော်အရ ဝမ်းဗိုက်က ဖောင်းလိုက်

ပိန်လိုက်နဲ့ တောင့်တင်း လှုပ်ရှားနေတဲ့ ကိုယ်အမူအရာကို ရှုမှတ်ဖို့ ညွှန်ကြားနေပါတယ်၊ ဖောင်းတယ် ပိန်တယ်ဆိုတဲ့ ဝေါဟာရ ကတော့ ခေါ်ဝေါ်ပြောဆိုရန် လွယ်အောင်လို့ပါပဲ၊ အမှန်စင်စစ် ကတော့ ရှုမှတ်နေတဲ့ယောဂီဟာ သမာဓိရလာတဲ့အခါမှာ ဗိုက်ထဲ က တောင့်တင်းလှုပ်ရှားပြီး တွေ့ထိမှု ကို သိနေပါတယ်၊ အဲဒါဟာ ကိုယ်နှင့်စိတ်ဆိုတဲ့ အတွင်းအာယတန ၂-ပါးက အတွေ့အထိ ဖောဋ္ဌဗ္ဗာယတနနှင့် ပေါင်းသင်းနေတယ်ဆိုတဲ့ ဒီဒေသနာနှင့်လည်း သက်ဆိုင်ပါတယ်။

ဘာ့ကြောင့်လည်းဆိုရင် ဖောင်းတယ်ပိန်တယ်လို့ ရှုမှတ်နေ တဲ့ ယောဂီဟာ သမာဓိဉာဏ်ရင့်သန်လာတဲ့အခါမှာ တောင့်တင်း လှုပ်ရှားတာနဲ့ သိတာ ဒီသဘော ၂-မျိုးသာရှိတယ်လို့ သိနိုင်တဲ့ အတွက်ကြောင့်ပါပဲ၊ အဲဒီလိုသိတော့ တွေ့ထိသိနေတဲ့ ငါဆိုတာ မရှိဘူး၊ အချင်းချင်းဆက်ဆံနေတဲ့ အတွေ့အာရုံနဲ့ သိတဲ့သဘော မျှသာပဲဆိုတာ ရှင်းလင်းစွာသိနိုင်ပါတယ်၊ နောက်ပြီးတော့ အခြား တွေ့ထိမှုဟူသမျှ တွေမှာလဲ ငါကတွေ့ထိတာမဟုတ်၊ မိန်းမကို တွေ့ထိတာ ယောကျ်ား ကိုတွေ့ထိတာမဟုတ် လူတစ်ယောက်နဲ့ တစ်ယောက်တွေ့ထိပြီး သိ ကျွမ်းတာမဟုတ်၊ ကိုယ်အကြည်ရုပ်နဲ့ ထိသိရုပ်က အတွေ့အာရုံကို ထိသိရုံမျှပဲလို့လည်း သဘောပေါက် နိုင်ပါတယ်၊ အဲဒီလို သိပုံကိုလည်း ရည်ပြီးတော့ "ခြောက်ပါးရှိက လောကဖြစ်သည်၊ ခြောက်ပါးမှာချဉ်းပေါင်းသင်းနေသည်" လို့ဆိုထားတာပါပဲ။

## စိတ်ကူးက သဘောအာရုံနှင့်ပေါင်းသည်

ယောကျ်ားမိန်းမလို့ခေါ်ဆိုရတဲ့ စိတ်ကူးမနာယတန-က

http://www.dhammadownload.com



ဓမ္မာယတနခေါ်တဲ့ သဘောအာရုံနှင့်ပေါင်းသင်းနေတယ်၊ အလိုရှိရာ အာရုံတွေကို စိတ်ဖြင့်ကြံစည်ပြီး ယူနေတဲ့သဘောပါပဲ၊ လောကအနေဖြင့် “ငါက ဘယ်သူ့ကို အာရုံပြုနေတယ်၊ ဘယ်သူနဲ့စိတ်ကူးထဲမှာ တွေ့နေတယ်၊ အိပ်မက်ထဲမှာတွေ့ရတယ်”စသည်ဖြင့် ပြောလေ့ရှိကြတယ်၊ အမှန်ကတော့ ဘယ်သူကမှ ဘယ်သူနဲ့တွေ့တာမဟုတ်ဘူး၊ စိတ်ကူးဆိုတဲ့ မနာယတန-က သဘောအာရုံတွေကို အာရုံပြုပြီးတော့ အဲဒီစိတ်ကူးအာရုံတွေနဲ့ မိတ်ဖွဲ့ပြီး ပေါင်းသင်းနေခြင်းမျှသာဖြစ်တယ်၊ ဒီလိုစိတ်ကူးကတော့ နိုးနေတဲ့အခါဆိုရင် ပြတ်စဲနေတယ်လို့ မရှိဘူး၊ တစ်မျိုးပြီးတစ်မျိုး ဆက်ကာဆက်ကာ စိတ်ကူးကြံစည်နေတာပါပဲ၊ မကြံသင့်တာတွေလဲ သူကကြံတာပဲ၊ ကြံတိုင်း ကြံတိုင်း သူ့မှာအာရုံကရနေတယ်၊ အဲဒီအာရုံတွေနဲ့ သူကပေါင်းသင်းဆက်ဆံနေတာပဲ၊ အဲဒီလို စိတ်ကူးကြံစည်ပြီး အာရုံအမျိုးမျိုးနဲ့ပေါင်းသင်းနေရမှလဲ စိတ်ကပျော်တယ်၊ “တခြားအာရုံကိုစိတ်မကူးရဘူး၊ ကမ္မဋ္ဌာန်းအာရုံတစ်ခုခုကိုသာ ရှုနေပါ”ဆိုရင် စိတ်က တယ်မကြိုက်ဘူး၊ ချုပ်ချယ်တယ်လို့ ထင်တယ်။

တချို့တရားဟောနေတဲ့ ဆရာကြီးတွေကတောင် ကမ္မဋ္ဌာန်းအလုပ်ကို စိတ်ချုပ်ချယ်တဲ့အလုပ်လို့ အပြစ်တင်ပြီး စိတ်ကိုလွတ်လွတ်လပ်လပ် အငြိမ်းစားထားဖို့ ဟောနေသေးတယ်၊ သူတို့အဆိုက ကမ္မဋ္ဌာန်းအာရုံကို ရှုနေရင် ပင်ပန်းရုံမျှပဲတဲ့၊ ဗုဒ္ဓ၏တရားယောင်ယောင်နဲ့ ဗုဒ္ဓ၏တရားတော်ကိုပြောင်းပြန်လုပ်ပြီး ဖျက်ဆီးတဲ့ ပြောဟောချက်ပါပဲ၊ ဒီလိုဟောပြောတာကို သဘောကျလို့ ဘာမျှမလုပ်ဘဲ စိတ်ကို လွတ်လွတ်လပ်လပ် အငြိမ်းစားထားနေရင် စိတ်အလိုရှိရာတွေကြံပြီး ကာမသုခလ္လိကအကျင့် ဖြစ်နေမယ်၊ သူ့မှာ ကာမဂုဏ်အာရုံတွေ စင်စစ်အားဖြင့် မရှိတောင်မှ သူ့စိတ်ထဲမှာတော့ သူအလိုရှိတဲ့ မိန်းမ

http://www.dhammadownload.com



ယောကျ်ားအစရှိတဲ့ ကာမဂုဏ်တွေကို စိတ်ကူးကြံစည်ပြီး ပျော်ပွဲခံနေမှာပဲ၊ "ဘိန်းစားများမှာ စိတ်ကူးတိုင်းအလိုရှိတာတွေပေါ်ပြီး ပျော်နေတယ်"လို့ကြားရဘူးတယ်၊ အဲဒီဘိန်းစားလိုပဲ စိတ်ကိုမထိန်းသိမ်းနိုင်ဘဲလွှတ်ထားရင် သူအလိုရှိတာတွေကို ကြံကြံပြီးခံစားနေမှာပဲ၊ ဒီဟေမဝတသုတ်ဒေသနာမှာ "မနာယတနဆိုတဲ့စိတ်က ဓမ္မာယတနဆိုတဲ့သဘောအာရုံနဲ့ ပေါင်းသင်းနေတယ်" ဆိုတာနဲ့လဲ အင်မတန်ဆီလျော်နေတာပါပဲ၊ ဒါကြောင့် စိတ်ကိုမထိန်းသိမ်းနိုင်ဘဲ လွှတ်ထားတာကို ကာမသုခလ္လိက အကျင့်ဖြစ်နေတယ်လို့ဆိုပါတယ်၊ မိန်းမယောကျ်ားအစရှိတဲ့ ကာမဂုဏ်တွေက တကယ်ရှိပြီးကိုယ်တွေ့အားဖြင့် ခံစားနေရင်တော့ ကာမသုခလ္လိကအကျင့်ဖြစ်ကြောင်း အထူးပြောစရာမလိုပါဘူး၊ ဒါကြောင့် မြတ်စွာဘုရား၏ ဩဝါဒအရဆိုရင် စိတ်ကိုတခြားတစ်ပါးအာရုံတွေနှင့် မပေါင်းသင်းရအောင် သမထဝိပဿနာ ကမ္မဋ္ဌာန်းတစ်ခုခုဖြင့် မပြတ်ရှုမှတ်နေစေရမယ်၊ အဲဒီလို ရှုနေရင်းထဲကတောင် သမာဓိအားမကောင်းသေးရင် စိတ်က အပြင်ပအာရုံတွေနဲ့ သွားသွားပြီး ပေါင်းသင်းနေသေးတာပဲ၊ အဲဒါဟာယောဂီတွေရဲ့ ကိုယ်တွေ့ပါပဲ။

တချို့ ဆရာတု ဆရာယောင်တွေကလဲ အဲဒီလို စိတ်ကိုနိုင်နင်းအောင် သမထ ဝိပဿနာအလုပ် အားထုတ်နေတာကို ကိုယ်ပင်ပန်းအောင်လုပ်တဲ့ အတ္တကိလမထအကျင့်လို့ အပြစ်တင်ပြီး ပြောဟောနေကြပြန်တယ်၊ အဲဒီလို ပြောတာလဲ မြတ်စွာဘုရား၏စကားတော်ကို ပယ်ဖျက်တာပါပဲ၊ အဲဒီလို အဖျက်သမားကို လက်ခံသဘောကျနေတဲ့သူဟာ ဗုဒ္ဓမြတ်စွာဘုရား၏ အလိုတော်အတိုင်း တရားနည်းလမ်းမှန်ကို အားထုတ်မှာမဟုတ်ဘူး၊ အားမထုတ်တဲ့အတွက် ယခုဘဝတွင်လဲ ရသင့်ရထိုက်တဲ့တရားထူးကိုမရဘဲနဲ့ တစ်ဘဝလုံး ဆုံးရှုံးသွား

http://www.dhammadownload.com



လိမ့်မယ်၊ နောက်ပြီးတော့ မြတ်စွာဘုရား၏ အလိုတော်နှင့်အညီ ကြိုး ကြိုးစားစားအားထုတ်နေတဲ့ အရိယာ သူတော်ကောင်းတွေကို ပြစ်မှား ပြီး အရိယူပဝါဒကံကြီးလည်း ထိုက်သွားဖို့ရာ နီးစပ်နေပါတယ်၊ ဒါကြောင့် အဲဒီလို တရားအားထုတ်မှုကို အပြစ်ပြောတဲ့ ဆရာကြီးတွေကို ဝေးဝေးရှောင်ဖို့ အရေးကြီးပါတယ်၊ "အသေဝနာ စ ဗာလနံ"လူမိုက် များကို မမှီဝဲဘဲ ရှောင်ကြဉ်တာ မင်္ဂလာလို့ ဆိုတဲ့ စကားထဲမှာ အဲဒီလို ဆရာတုဆရာယောင်တွေကို ရှောင်ကြဉ်တာလည်း ပါဝင်ပါတယ်။

## ကိုယ်ပင်ပန်းတိုင်း အတ္တကိလမထအကျင့်မဟုတ်

အမှန်ကတော့ အတ္တကိလမထ-ကိုယ်ပင်ပန်းအောင်ပြုတဲ့ အကျင့်ဆိုတာ သီလ သမာဓိ ပညာဖြစ်ရေးနှင့် ဘာမျှမဆိုင်ဘဲ ကိုယ်ပင်ပန်းရုံမျှ ကျင့်တာမျိုးကိုသာဆိုပါတယ်၊ "ကိုယ်ပင်ပန်းနေတဲ့အခါ ကာမ ဝိတက် စသည်ကို မကြံနိုင်ဘူး၊ ကိလေသာငြိမ်းတယ်"လို့ ယုံကြည်ယူဆပြီး ကိုယ်ပင်ပန်းအောင် ပြုကျင့်တာမျိုးကိုသာ အတ္တကိလမထအကျင့်ခေါ်တယ်၊ သီလ သမာဓိ ပညာဖြစ်အောင် ကျင့်တဲ့အရာမှာတော့ ကိုယ်ပင်ပန်းပေမယ့် အတ္တကိလမထလို့ မဆိုရဘူး၊ ကျင့်လို့ ပင်ပန်းပြီး မတော်တဆသေသွားတောင် အတ္တကိလမထလို့ မဆိုရဘူး၊ အပြစ်မတင်ရဘူး၊ စဉ်းစားကြည့်ပါ၊ အရက်တို့ ဘိန်းတို့ ကြိုက်တဲ့သူဟာ ငါးပါးသီလစောင့်ရှောက်ပြီး သူကြိုက်တဲ့ အရက်တို့ ဘိန်းတို့ကို မသုံးဆောင်ရရင် ကိုယ်ပင်ပန်းမှုမဖြစ်ပေဘူးလား၊ အဲဒီလို ပင်ပန်းခံပြီး သီလကိုမစောင့်ရှောက်တဲ့အတွက် သီလကုသိုလ်မဖြစ်ပေဘူးလား၊ ဒီလို သီလစောင့်တာကို ဘုရားက ကဲ့ရဲ့ပါမလား၊ မကဲ့ရဲ့ပါဘူး၊ ချီးမွမ်းဖို့သာရှိပါတယ်။

http://www.dhammadownload.com



နောက်ပြီးတော့ ကိုယ်မပိုင်ဆိုင်တဲ့ ကာမဂုဏ်တွေမှာ ကျူး လွန်ချင်ပါလျက်နဲ့ သီလကို ရိုသေသောအားဖြင့် ရှောင်ကြဉ်နေရတဲ့ သူမှာ ပင်ပန်းဆင်းရဲခြင်း မဖြစ်ပေဘူးလား၊ အဲဒီလို အပင်ပန်း ဆင်းရဲ ခံပြီး ရှောင်ကြဉ်နေတဲ့အတွက် သီလကုသိုလ်မဖြစ်ပေဘူးလား၊ အဲဒီ လို သီလစောင့်တာကိုလည်း မြတ်စွာဘုရားက ကဲ့ရဲ့ပါမလား၊ မကဲ့ရဲ့ပါ ဘူး၊ ချီးမွမ်းဖို့သာရှိပါတယ်၊ ရှစ်ပါးသီလ စောင့်နေတဲ့သူ မှာ ညစာမစားရတဲ့အတွက် ကိုယ်ပင်ပန်းဆင်းရဲခြင်း မဖြစ်ပေဘူး လား၊ အဲဒါကိုလည်း မြတ်စွာဘုရားက ကဲ့ရဲ့ပါမလား၊ မကဲ့ရဲ့ပါဘူး၊ ချီးမွမ်းဖို့သာရှိပါတယ်၊ အနာထပိဏ်သူဌေးအိမ်က အလုပ်သမား တစ်ယောက်ဟာ နေမွန်းလွဲမှာ ဉပုသ်စောင့်တယ်၊ အစာမစားရလို့ လေနာနှိပ်စက်ပြီး သေသွားတယ်၊ သေပြီးတော့ အဲဒီသီလကုသိုလ် ကြောင့် ရုက္ခစိုးနတ် ကြီးဖြစ်သွားတဲ့အကြောင်း အဋ္ဌကထာများမှာ ပြဆိုထားပါတယ်၊ အတ္တကိလမထအကျင့် ဆိုရင်တော့ ဒီလို နတ်ဖြစ်ဖို့ အကြောင်းရှိမှာ မဟုတ်ပါဘူး၊ သီလနှင့်စပ်ပြီး စောင့် ရှောက်စရာတွေကတော့ အသက်အသေခံပြီး ကျင့်တာကိုတောင် မြတ်စွာဘုရားက-

"**တံ**-ငါဘုရား ပညတ်ထားသည့် ထိုသိက္ခာပုဒ်ကို၊ **မမသာ ဝကာ**-ငါဘုရား၏ တပည့်တို့သည်၊ **ဇီဝိတဟေတုပိ**-အသက်ဟူ သော အကြောင်းကြောင့်သော်လည်း၊ **နာတိက္ကမန္တိ**-မကျော်လွန် မဖောက်ဖျက်ကြဘူး"လို့ ဒီလိုချီးမွမ်းပြီး ထားပါသေးတယ်၊ (အံ ၃၊၄၁-မှာ ကြည့်ပါ။)

သမထဝိပဿနာ ဘာဝနာအလုပ်ကိုလည်း ကိုယ်ခန္ဓာမငဲ့ ဘဲ ပြင်းပြင်းထန်ထန်အားထုတ်ဖို့ရာ မြတ်စွာဘုရားက ဒီလို တိုက်တွန်းထားပါတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရား၏ တိုက်တွန်းတော်မူပုံ

"**သရီရေ**-ကိုယ်ထဲ၌၊ **တစော စ နှာရု စ အဋ္ဌိ စ**-အရေ အကြောအရိုးမျှသာ၊ **ကာမံ အဝ သိဿတု**-ကျန်လိုက ကျန်ပေစေ၊ **မံသလောဟိတံ**-အသားအသွေးသည်၊ **ဥပသုဿတု**-ခန်းခြောက် လိုက ခန်းခြောက်သွားပေစေ၊ **ယံ တံ**-အကြင်တရားထူးကို၊ **ပုရိသ ထာမေန ပုရိသဝီရိယေန ပုရိသပရက္ကမေန**-ယောကျ်ားတို့၏ အားစွမ်းလုံ့လ အဆင့်ဆင့် အားထုတ်မှုဖြင့် **ပတ္တဗ္ဗံ**-ရောက်အပ်၏၊ ရောက်နိုင်ကောင်း၏၊ **တံ**-ထိုတရားထူးသို့၊ **အပါပုဏိတွာ**-မရောက်မူ၍၊ **ဝါ**-မရောက်သေးမချင်း၊ **ဝီရိယဿ သဏ္ဌာနံ**-အား ထုတ်မှု၏၊ ရပ်တန့်ခြင်းသည်၊ **န ဘဝိဿတီတိ**-မဖြစ်ရလတ္တံ့ ဟူ၍၊ **ဧဝံ ဟိ**-ဤသို့ ပင်လျှင်၊ **ဝေါ**-သင်တို့သည်၊ **သိက္ခိတဗ္ဗံ ဘိက္ခဝေ**- ကျင့်ရမည် ရဟန်းတို့"တဲ့။

ဒါဟာ မြတ်စွာဘုရားကိုယ်တိုင်က ပြင်းပြင်းထန်ထန် အား ထုတ်ဖို့ တိုက်တွန်းတော်မူတဲ့စကားပါပဲ၊ (အံ ၁-၅၂မှာကြည့်ပါ) မူလ ပဏ္ဏာသ ပါဠိတော် မဟာဂေါသိင်္ဂသုတ်မှာလည်း မြတ်စွာဘုရားက မိမိ ကဲ့သို့ပင် တင်းတင်းရင်းရင်း အားထုတ်လျှင် ကောင်းကြောင်းဒီလို မိန့်တော်မူပါတယ်။

> "**သာရိပုတ္တ**-သာရိပုတြာ၊ **ဣဓ ဘိက္ခု**-ဤသာသနာတော် ၌ ရဟန်းသည်၊ **ပစ္ဆာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တော**- ဆွမ်းကိစ္စ ပြီးသည့်နောက်ကာလ၌ ဆွမ်းစားရာမှ ဖဲခွာခဲ့ပြီးလျှင် **မေ**-ငါ၏၊ **စိတ္တံ**-စိတ်သည်၊ **အနုပါဒါယ**- မစွဲလမ်းမူ၍၊ **အာသဝေဟိ**-အာသဝေါတရားတို့မှ၊ **ယာဝန ပရိမုစ္စတိ**-အကြင်မျှ လောက်ကာလပတ်လုံး မလွတ်မြောက်သေး၊ **တာဝ**-ထိုမျှ လောက်ကာလပတ်လုံး၊

http://www.dhammadownload.com



**ဣမံ ပလ္လင်္ကံ**-ဤထက်ဝယ်ဖွဲ့ ခွေထိုင်နေခြင်းကို၊ **န အဟံ ဘိန္ဒိဿာမိ**-ငါမဖျက်အံ့၊ **ဣတိ**-ဤသို့ အဓိဋ္ဌာန်ပြု၍၊ **ပလ္လင်္ကံ အာဘုဇိတွာ**- ထက်ဝယ်ဖွဲ့ခွေ၍၊ **ပရိမုခံ သတိံ ဥပဋ္ဌပေတွာ**-ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု သတိကို ဖြစ်စေ၍၊ **နိသီဒတိ**-ထိုင်နေ၏၊ **သာရိပုတ္တ**- သာရိပုတြာ၊ **ဝေ ရူပေန**-ဤသို့သဘောရှိသော၊ **ဘိက္ခုနာ**-ရဟန်းသည်၊ **ဂေါသိင်္ဂသာလဝနံ**-ဂေါသိင် အင်ကြင်းတောကို၊ **သောဘေယျ**-တင့်တယ်စေနိုင်ရာပေသည်" လို့ မိန့်တော်မူပါတယ်။

ဒါတွေကို ထောက်ဆကြည့်ရင် သမာဓိပညာဖြစ်အောင် အားထုတ်ရာမှာ ကိုယ်ခန္ဓာကိုငဲ့ညှာပြီး အချောင်ခိုအားထုတ်တာကို မြတ်စွာဘုရားက မနှစ်သက်ဘူး၊ ကိုယ်နဲ့အသက်ကို မငဲ့ကွက်ဘဲ ပြင်းပြင်းထန်ထန် အားထုတ်ခြင်းကို မြတ်စွာဘုရားက နှစ်သက်တော်မူတယ်ဆိုတာကို ထင်ရှားသိရပါတယ်၊ အဲဒီလို ပြင်းပြင်းထန်ထန် အားထုတ်တဲ့အတွက် ပင်ပန်းဆင်းရဲတာ အကြောင်းပြုပြီး အတ္တကိလမထ အကျင့်လို့ မဆိုရကြောင်းလဲ ထင်ရှားပါတယ်၊ ဒါကြောင့် သီလ သမာဓိ ပညာဖြစ်စေနိုင်တဲ့အကျင့်ကို အပင်ပန်းအဆင်းရဲခံပြီး ကျင့်ပေမယ့် အဲဒီအကျင့်လမ်းမှန်ကျင့်တာကိုတော့ အတ္တကိလမထအကျင့်လို့ မဆိုကောင်းဘူးဆိုတာ မြဲမြဲစွာ မှတ်ထားကြရမယ်၊ အဲဒီအကျင့်လမ်းမှန်ကို အတ္တကိလမထအကျင့်အနေဖြင့် ကဲ့ရဲ့ရှုတ်ချပြီး ပြောဟောနေတဲ့ ဆရာအတုအယောင်တွေကိုလဲ ပဋိပတ္တိ ပဋိဝေဓသာသနာတော်၏ ရန်သူများ အဖျက်သမားလို့ မှတ်ထားကြရမယ်၊ အဲဒီလို အတုအယောင်ဆရာတွေကို ဝေးဝေးကလဲရှောင်ကြဉ်ရမယ်၊ မရှောင်ရင် သူတို့နှင့် အတူ မတော်ရာကို ဆောင်သွားလိမ့်မယ်၊ အပြင်

http://www.dhammadownload.com



အာယတန သဘောအာရုံနှင့် ပေါင်းသင်းဆက်ဆံနေတဲ့စိတ်ကို မထိန်းသိမ်းဘဲ သူ့အလိုအတိုင်းလွှတ်ထားရင် ကာမသုခလ္လိက ဖြစ်ကြောင်း ပြောပြရာ အတ္တကိလမထအကျင့်ဖြစ်မဖြစ် စိစစ်ပြီး ပြောနေတာ အတော် အချိန်ကုန်သွားပြီ၊ အဲဒါကို အတိုချုပ်မှတ်ရ အောင် ဆောင်ပုဒ်ကလေးတွေ စီထားတယ်၊ လိုက်ဆိုကြရမယ်။

**စိတ်အလိုကျ၊ လွှတ်ထားက၊ ကာမသုခါနုယောဂါ။ (ဆို)**

## ကာမသုခလ္လိကနှင့် အတ္တကိလမထ ခွဲပုံ

သမထဝိပဿနာဖြင့် စိတ်ကိုမထိန်းသိမ်းဘဲ အောက်ထစ်ဆုံးအားဖြင့် ပစ္စဝေက္ခဏာဆင်ခြင်မှုဖြင့်တောင် မထိန်းသိမ်းနိုင်ဘဲ သူ့အလိုအတိုင်းလွှတ်ထားရင် ကာမသုခလ္လိကာနုယောဂအကျင့်ဖြစ် သွားတယ်၊ ရဟန်းတော်များမှာ အဲဒီအကျင့်မှလွတ်ကင်းအောင် ဆွမ်း စသည်ကို သုံးဆောင်တဲ့အခါ အောက်ထစ်ဆုံးအားဖြင့် ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်ပြီးသုံးဆောင်ရတယ်၊ အဲဒီလို ဆင်ခြင်ပြီး သုံးဆောင်ဖို့ရာ မြတ်စွာဘုရားက ဒီဃနိကာယ် ပါထိကဝဂ် ပါသာဒိကသုတ် စသည်မှာ ညွှန်ကြားထားပါတယ်၊ ကာမဝိတက် စသည်ဖြစ်ပြီး **ကာမသုခလ္လိကာနုယောဂ**အကျင့်မဖြစ်ရအောင် သမထဝိပဿနာအလုပ် အားထုတ်ဖို့ ပြထားတာတွေက သုတ် တိုင်းလိုလိုပင် ရှိပါတယ်၊ အထူး အားဖြင့် ဓျာယထ ဘိက္ခဝေ မာ ပမာဒတ္ထ-ရဟန်းတို့ရှုကြကုန်လော့၊ မမေ့ကြကုန်လင့် စသည်ဖြင့် သတိပဋ္ဌာနသံယုတ် စသည်မှာ အထင် အရှားညွှန်ပြတိုက်တွန်း တော်မူခဲ့ပါတယ်၊ အဲဒီဘုရားအမိန့်တော်များ နှင့်အညီ သီလ သမာဓိ ပညာဖြစ်အောင် ကျင့်ကြံအားထုတ်လို့ပင် ပန်းတာကိုတော့ အတ္တကိလမထအကျင့်လို့မဆိုရဘူး၊ မဆိုကောင်းဘူး၊ အဲဒီလိုဆိုရင်

http://www.dhammadownload.com



ဘုရားသာသနာတော်ကို ဖျက်ဆီးရာရောက်တယ်၊ အမှန်စင်စစ်ကတော့ သီလလဲမဖြစ်၊ သမာဓိပညာလဲမဖြစ်ဘဲ အစာ ငတ်ခြင်း အဝတ်မဝတ်ဘဲ နေခြင်း၊ မီးကင်ခြင်း၊ နေလှန်းခြင်း၊ ရေအေးစိမ်ခြင်း၊ စသည်ဖြင့် ကိုယ်ပင်ပန်းရုံမျှ သာသနာပအကျင့်မျိုးကိုသာ အတ္တကိလမထာနုယောဂအကျင့်လို့ ဆိုရတယ်၊ အဲဒါကိုလဲ တိုတိုနဲ့ မှတ်ရအောင် ဆောင်ပုဒ်စီထားတယ်၊ "ပင်ပန်းရုံမျှ၊ အားထုတ်က၊ အတ္တကိလမထာနုယောဂါ-" တဲ့၊ အဲဒါကို ဆိုကြရမယ်။

**ပင်ပန်းရုံမျှ၊ အားထုတ်က၊ အတ္တကိလမထာနုယောဂါ။ (ဆို)**

သီလ သမာဓိ ပညာမဖြစ်ဘဲ ကိုယ်ပင်ပန်းရုံမျှ အားထုတ်မှုဟူသမျှကို အတ္တကိလမထာနုယောဂ အကျင့်ခေါ်တယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာတော်မှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ရှင်သာမဏေသီလ၊ ရဟန်းသီလအကျင့်များကို အားထုတ်ရတဲ့အတွက် ပင်ပန်းပေမယ့် အတ္တကိလမထာနုယောဂအကျင့်မဟုတ်ဘူး၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်အကျင့်ဖြစ်တဲ့အတွက် မဇ္ဈိမပဋိပဒါအကျင့်သာဖြစ်ပါတယ်၊ ခဏိကသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိဖြစ်အောင် သမာဓိကမ္မဋ္ဌာန်းကို အားထုတ်နေတဲ့အတွက် ပင်ပန်းပေမယ့် အတ္တကိလမထာနုယောဂအကျင့်မဟုတ်ဘူး၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ သမာဓိမဂ္ဂင်အကျင့်ဖြစ်တဲ့အတွက် မဇ္ဈိမပဋိပဒါအကျင့်သာဖြစ်ပါတယ်၊ ဝိပဿနာပညာ မဂ်ဖိုလ်ပညာဖြစ်အောင် ရုပ်နာမ်ခန္ဓာတွေကို မပြတ်ရှုနေတဲ့အတွက် ပင်ပန်းပေမယ့် အတ္တကိလမထာနုယောဂအကျင့်မဟုတ်ဘူး၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်အကျင့်ဖြစ်တဲ့အတွက် မဇ္ဈိမပဋိပဒါအကျင့်သာ ဖြစ်ပါတယ်။

http://www.dhammadownload.com



## သမထနှင့် ဝိပဿနာ ခွဲပုံ

သီလအကျင့် သမာဓိအကျင့် ပညာအကျင့်ဆိုတဲ့ အဲဒီ မဇ္ဈိမပဋိပါဒအကျင့်သုံးပါးထဲမှာ သီလအကျင့်ကတော့ ထင်ရှားပါတယ်၊ ပြောဖို့မလိုပါဘူး၊ သမာဓိအကျင့်နှင့် ဝိပဿနာအကျင့်ကိုတော့ ခွဲပြောဦးမယ်၊ ဝင်လေထွက်လေ အစရှိတဲ့ သမထကမ္မဋ္ဌာန်း အာရုံတစ်ခုခုမှာ စိတ်တည်ငြိမ်ရုံမျှ ရှုနေတာကို သမထအကျင့် ခေါ်တယ်၊ အဲဒါကို "တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဘာဝနာ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဘာဝနာ။ (ဆို)**

နှာသီးဖျားထိရာက စူးစိုက်ပြီး ရှူတိုင်း ရှိုက်တိုင်း အသက်ရှူလေကို ဝင်တယ်ထွက်တယ်လို့ မပြတ်ရှုနေတာက အာနာပါန သမထ ဘာဝနာပဲ၊ အဲဒီလို ရှုလို့ ရှူရှိုက်တဲ့လေအာရုံ၌သာ စိတ်က တည်နေတာကို သမာဓိဖြစ်တယ်လို့ ဆိုရတယ်၊ ဒီပြင် ကသိုဏ်း အသုဘအစရှိ သော သမထကမ္မဋ္ဌာန်းတွေမှာ ရှုရာအာရုံ၌သာ စူးစိုက်ပြီး တည်နေတာကို သမာဓိဖြစ်တယ်လို့ပဲ၊ ဆိုရတယ်၊ အဲဒီလို စိတ်တည်နေရုံမျှ ရှုရတာက သမထဘာဝနာပဲ၊ အဲဒီသမထ ဘာဝနာသက်သက်ဖြင့် ရုပ် နာမ်ကိုလည်း ခွဲခြားပြီးမသိဘူး၊ အဖြစ်အပျက်ကိုလည်း မသိဘူး၊ အနိစ္စ ဒုက္ခ အနတ္တသဘောကိုလည်း မသိဘူး၊ စိတ်တည်ရုံမျှပဲ၊ အဲဒီလို စိတ်တည်ရုံမျှ ရှုတာကို သမထ ဘာဝနာခေါ်တယ်၊ အဲဒီ သမထဘာဝနာဖြင့်လည်း စိတ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ရာ မြတ်စွာဘုရားက ညွှန်ကြားတော်မူခဲ့ပါတယ်။

နောက်ပြီးတော့ ဒွါရ ၆-ပါးက မြင်တိုင်း ကြားတိုင်း သိတိုင်း ရှုပြီးသိတာက ဝိပဿနာပဲ၊ အဲဒါကိုလည်း "ခြောက်ဒွါရက၊

http://www.dhammadownload.com



ပေါ်သမျှ၊ သိက ဝိပဿနာ”လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ခြောက်ဒွါရက၊ ပေါ်သမျှ၊ သိက ဝိပဿနာ။ (ဆို)**

ခြောက်ဒွါရက ဖြစ်ပေါ်လာသမျှကို ရှုမှတ်ပြီး သိတာက ဝိပဿနာတဲ့၊ ဘယ်လိုသိရမှာလည်းဆိုရင် အစမှာတော့ ရုပ်နာမ် တို့၏ သဘာဝလက္ခဏာဆိုတဲ့ သူ့ပင်ကိုသဘောကို အမှန်အတိုင်း သိရမယ်၊ နောက်ကျတော့ ပေါ်လာတဲ့ ရုပ်နာမ်တွေရဲ့ အစနှင့် အဆုံး၊ အဖြစ်နှင့်အပျက်တို့ကို တွေ့မြင်ပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောကို သိရမယ်၊ အဲဒီလိုသိတာက အနိစ္စ အစရှိသော အထူးထူးသော အခြင်းအရာတို့ဖြင့် ရှုမြင်မှုဖြစ်သောကြောင့် ဝိပဿနာမည်ပါသတဲ့၊ နားမလည်တဲ့သူတွေက ဝိပဿနာအရာ မှာလည်း သမထမှာလိုပဲ အာရုံတစ်ခုတည်းကိုသာ ရှုရတယ်လို့ အထင်မှားပြီး အလွဲမှားတွေကို ပြောဟောနေတတ်ကြတယ်၊ အဲဒီလို မဟုတ်ဘူး၊ အသိဉာဏ်ဆိုတာ သိသင့် သမျှကိုအကုန်သိရတယ်၊ ဒါကြောင့် မြတ်စွာဘုရားက-

“**သဗ္ဗံ အဘိ ညေယျံ**-ဒွါရ ၆-ပါးက ပေါ်လာသမျှအလုံးစုံကို ရှေးရှုပြုပြီးသိရမယ်”လို့လဲဟောထားပါတယ်၊ “**သဗ္ဗံ အဘိညေ ယျံ**-ဒွါရ ၆-ပါးက ပေါ်လာသမျှအလုံးစုံကို အနိစ္စစသည်ဖြင့် ပိုင်းခြား၍ သိရမယ်”လို့လဲဟောထားပါတယ်၊ ဒါကြောင့် ဒွါရ ၆-ပါးက ပေါ်လာသမျှကို မှတ်ပြီး သိသိနေတဲ့ ဝိပဿနာဖြင့်လည်း စိတ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ရာ မြတ်စွာဘုရားက ထောင် သောင်းများစွာသော သုတ်ဒေသနာတို့၌ ညွှန်ကြားတော်မူခဲ့ ပါတယ်၊ အဲဒီလို ညွှန်ကြားတော်မူတဲ့အတိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီဟာ ယောကျ်ား မိန်းမ စသည်ဖြင့် ခေါ်ဆိုရတဲ့၊ အတွင်း

http://www.dhammadownload.com



အာယတန ၆-ပါးက မိန်းမယောကျ်ား စသည်ဖြင့် ခေါ်ဆိုရတဲ့ အပြင်အာယတန ၆-ပါးအာရုံများနှင့် ပေါင်း သင်းဆက်ဆံနေပုံကို ထင်ရှားသိနိုင်ပါတယ်၊ လူတွေက လူလူချင်း ပေါင်းသင်းနေတယ်လို့ ထင်နေကြပေမယ့် အမှန်မှာတော့ တည်ရာ မျက်စိနှင့် မြင်သိစိတ် အစရှိတဲ့ အတွင်းအာယတနများက အဆင်းအ စရှိတဲ့အပြင် အာယတနတွေနဲ့ မြင်လိုက်ကြားလိုက်စသည်ဖြင့် ပေါင်း သင်းနေခြင်းမျှပဲဆိုတာကို ထင်ရှားသိနိုင်ပါတယ်၊ အဲဒီလိုသိနိုင်ပုံကို ရည်ပြီးတော့ "ခြောက်ပါးရှိက လောကဖြစ်သည်၊ ခြောက်ပါးမှာ ချည်းပေါင်းသင်းနေသည်"လို့ ဆိုထားတာပဲ။

## နယ်မကျွံစေရ

ဒီနေရာမှာ နယ်မကျွံဖို့ကလဲ အရေးကြီးပါတယ်၊ ပညာနယ် ကသီလနယ်ကို မကျူးကျော်စေရဘူး၊ တချို့က အာယတနဓာတ်သ ဘောတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် တကယ်မသိပါဘဲနဲ့ ကြားနာ ပြီးသိတဲ့ သုတသိမျှဖြင့် အထင်ကြီး အပြောကြီးနေကြတယ်၊ ဘယ်လို လည်းဆိုရင် အာယတနအချင်းချင်း ဓာတ်အချင်းချင်းမျှပဲ၊ ဗူးသီး လည်း ဓာတ်ပဲ၊ ကြက်လည်း ဓာတ်ပဲ၊ ဗူးသီးကို ဓားနဲ့လှီးရင် အပြစ် မရှိသလို ကြက်ကို လည်လှီးရင်လည်း မပြစ်မရှိဘူးတဲ့၊ ဖျော်ရည် လည်း အာပေါဓာတ်ပဲ၊ အရက်လည်း အာပေါဓာတ်ပဲ၊ ဖျော်ရည် သောက်ရင် အပြစ်မရှိသလို၊ အရက်သောက်ရင်လည်း အပြစ်မရှိ ဘူးတဲ့၊ ယောကျ်ား၏ ကိုယ်အတွေ့လည်း ဖောဋ္ဌဗ္ဗပဲ၊ မိန်းမ၏ ကိုယ် အတွေ့လည်း ဖောဋ္ဌဗ္ဗပဲ၊ ယောကျ်ားအချင်းချင်းတွေ့ထိရင် အပြစ် မရှိသလို မိန်းမကိုယ်နဲ့တွေ့ထိတာလည်း အပြစ်မရှိဘူးတဲ့၊ အိပ်ရာ ခေါင်းအုံးတို့ကို တွေ့ထိပြီး သုံးဆောင်တာလည်း အပြစ်မရှိဘူး၊

http://www.dhammadownload.com



ဒီလို အလွန်အကျွံ မိုက်မိုက်ကန်းကန်းပြောနေတာတွေကို ကြားရတယ်၊ မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက အရိဋ္ဌဆိုတဲ့ ရဟန်း၏ မိစ္ဆာအယူမျိုးပါပဲ။

## အရိဋ္ဌရဟန်း၏ မိစ္ဆာအယူ

**အရိဋ္ဌ**ဆိုတဲ့ ရဟန်းက လူဝတ်ကြောင်တွေဟာ ကာမဂုဏ်အာရုံတွေ ခံစားနေလျက်ပင် သောတာပန် သကဒါဂါမ် ဖြစ်ကြတယ်၊ ရဟန်းများတော့ ကာမဂုဏ်အာရုံကို ဘာကြောင့် မခံစားရသလဲ၊ ရဟန်းများမှာ နူးညံ့တဲ့အိပ်ရာကို သုံးဆောင်ကောင်းပါလျက် မာတုဂါမအတွေ့ကို ဘာ့ကြောင့်မသုံးဆောင်ရပါသလဲ၊ အတွေ့အာယတန ချင်းအတူတူပဲ၊ သုံးဆောင်ကောင်းတယ် အပြစ်မရှိဘူး စသည်ဖြင့် ဒီလိုယူဆပြောဆိုနေပါသတဲ့၊ အခြားသူတော်ကောင်း ပညာရှိရဟန်းတော်များက သူ့ကိုအမျိုးမျိုး ဟောပြောသော်လဲ သူက သူ့အယူဟာ ဘုရားဟောပဲ၊ ဘုရားဟောတော်မူတဲ့အတိုင်း သူသိပြီး သဘောကျနေပါတယ်လို့ သူက ဇွတ်အတင်းငြင်းပယ်နေတဲ့အတွက် သူ့ကို မြတ်စွာဘုရားထံခေါ်သွားကြတယ်၊ မြတ်စွာဘုရားက မေးတဲ့အခါလည်း သူကဒီအတိုင်းပဲပြောနေတယ်၊ မြတ်စွာဘုရားဟောတဲ့အတိုင်း သူယူဆပါတယ်လို့ပဲ အခိုင်အမြဲပြောဆိုနေတယ်၊ ဒီတော့ မြတ်စွာဘုရားက ဒီတရားမျိုး ငါမဟောဖူးဘူး၊ မောဃပုရိသ-မင်ဖိုလ်မမှီး အချည်းနှီးယောကျာ်း၊ ဒီတရားမျိုး ဘယ်သူ့အားငါဟောတာ သင်ကြားဖူးသလဲ၊ ငါဟောတဲ့တရားကို မှားယွင်းစွာယူပြီးတော့ ငါ့ဘုရားကိုသင်စွပ်စွဲတာပဲ၊ စသည်ဖြင့် ဆိုဆုံးမတော်မူပါတယ်၊ ဒါပေမယ့် **အရိဋ္ဌ**ရဟန်းက သူ့အယူကိုမစွန့်ဘူးတဲ့၊ ခုတွင်က ပြောခဲ့တဲ့အတိုင်း ယခုခေတ်မှာ

http://www.dhammadownload.com



နယ်လွန်ပယ်လွန်ပြောနေတဲ့ လူတွေဟာလည်း အဲဒီ **အရိဋ္ဌ** ရဟန်း၏ ညီတော် သားတော် မြေးတော်တွေလို့ ဆိုဖွယ်ရာပဲ ရှိပါတယ်၊ အဲဒီလူတွေကလည်း သူတို့အယူတွေဟာ ဘုရားဟောနဲ့ အညီပဲလို့ ပြောကြတာပဲ၊ ဘုရားကို စွပ်စွဲတာပါပဲ။

သူတို့အား စဉ်းစားဖို့ သတိပေးစရာစကားကတော့ ဖျော်ရည်နဲ့အရက်အတူတူဆိုရင် အရက်နဲ့သေးလည်း အတူတူပါပဲ၊ သောက်နိုင်ပါမလား၊ ဗူးသီးနဲ့ကြက်အတူတူဆိုရင် ကြက်နဲ့သူ့သားသမီးလည်း အတူတူပါပဲ၊ သားသမီး၏လည်ကို လှီးနိုင်ပါမလား၊ ကိုယ့်လည်ကို သူများက လှီးမယ်ဆိုရင်ကော ခံနိုင်ပါမလား၊ အိပ်ရာခေါင်းအုံး အတွေ့များနှင့် မာတုဂါမအတွေ့ အတူတူဆိုရင် အိမ်ထောင်ရှိတဲ့ အဲဒီလူဟာ ကိုယ့်အိမ်သူနဲ့ အတူတူမနေပဲ အိပ်ရာခေါင်းအုံးနဲ့ချည်း တစ်သက်လုံးနေသွားနိုင်ပါ့မလား စသည်ဖြင့် မေးကြည့်နိုင်ပါတယ်၊ မှန်ကန်တဲ့ အဖြေ ထွက်လာပါလိမ့်မယ်၊ အာယတနဓာတ်သဘောကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်သိနေကြတဲ့ ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်များကတော့ သီလနယ်ပယ်ကို ကျူးကျော်ခြင်းမရှိဘဲ ရိုရိုသေသေ ထိန်း သိမ်းစောင့်ရှောက်တော်မူကြပါတယ်၊ သောတာပန်ပုဂ္ဂိုလ်များတောင်မှ သီလနယ်ကို မကျူးလွန်ဘူး၊ ရိုရိုသေသေ စောင့်ရှောက်ထိန်းသိမ်းကြတာပဲ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် မသိဘဲ သုတအသိဖြင့် အထင်ကြီးနေတဲ့ သူတွေကသာ ပညာနယ်က သီလနယ်ကိုကျူးကျော်ပြီးပြောဆိုနေကြတယ်၊ ပြောရုံတွင် မဟုတ်ဘဲ သူတို့၏ယုံကြည်ချက်အတိုင်း ကိုယ်ထိ လက်ရောက် ကျူးလွန်မှုတွေလည်း ရှိကြမှာပါပဲ၊ အဲဒီလိုကျူးကျော်ရင်တော့ မီးခဲကိုမပူဘူးထင်လို့ ကိုင်မိရင်လဲ မီးခဲကပူလောင်တာလို အကုသိုလ်အပြစ်တွေကတော့ ချမ်းသာခွင့်ပေးမှာမဟုတ်ဘူး၊ သူ့အစွမ်း

http://www.dhammadownload.com



ရှိသမျှ မကောင်းကျိုးတွေ ပေးသွားမှာပဲ၊ မပူပေဘူးထင်လို့ တင်းတင်း ကြပ်ကြပ် ဆုပ်ကိုင်မိတဲ့ မီးခဲက ပိုပြီးပူလောင်တာလိုရှိမှာပါပဲ။

## သမာဓိနယ်ကိုလည်း မကျော်စေရ

တချို့ကလဲ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင် ၂-ပါးဖြင့် စဉ်းစားဆင်ခြင်ပြီး သိရင်ပြီးတာပဲ၊ သမာဓိဖြစ်အောင် အပင်ပန်းခံပြီး အားထုတ်ဖို့ မလိုပါဘူးဆိုပြီး ဖြစ်ခိုက် ရုပ်နာမ်ကို မရှုဘဲ ဆင်ခြင်ရုံမျှဖြင့်ပြီးတယ်လို့ ဟောပြောနေကြတယ်၊ အဲဒါဟာ သမာဓိနယ်ပယ်ကိုကျူးကျော်တာပဲ၊ အမှန်ကတော့ ဘာဝနာအစစ်ဆိုတာဟာ သမာဓိရှိမှဖြစ်တာပဲ၊ ဈာန်သမာဓိရှိရင် အကောင်းဆုံးပဲ၊ ဈာန်သမာဓိမရှိရင် ဉပစာရ သမာဓိဖြစ်စေ၊ ဉပစာရနှင့်တူညီတဲ့ ခဏိကသမာဓိဖြစ်စေ ရှိဖို့လိုပါတယ်၊ အဲဒီသမာဓိသုံးမျိုးထဲက တစ်ပါးပါးမှ မရှိရင်တော့ ဝိပဿနာပညာအစစ် မဖြစ်နိုင်ဘူး၊ ဒါကြောင့် မြတ်စွာဘုရားက-

**သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ကိဉ္စ ယထာဘူတံ ပဇာနာတိ၊ စက္ခုံ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ၊ ရူပါအနိစ္စာတိ ယထာဘူတံ ပဇာနာတိ၊ စက္ခု ဝိညာဏံ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။**

**(သံယုတ်ပါဠိ ဒုတိယ ၃၂)**

**ဘိက္ခဝေ**-ရဟန်းတို့၊ **သမာဓိံ**-သမာဓိကို၊ **ဘာဝေထ**-ဖြစ်စေကြ ပွားစေကြကုန်လော့၊ **ဘိက္ခဝေ**- ရဟန်းတို့၊ **သမာဟိတော**-စိတ်တည်ကြည်သော၊ **ဘိက္ခု**- ရဟန်းသည်၊ **ယထာဘူတံ**-ဟုတ်တိုင်းမှန်စွာ၊ **ပဇာနာတိ**-သိ၏၊ **ကိဉ္စ ယထာဘူတံ ပဇာနာတိ**-

http://www.dhammadownload.com



အဘယ်ကို ဟုတ်တိုင်းမှန်စွာ သိသနည်းဟူမူ၊ **စက္ခုံအနိစ္စန္တိ**-မျက်စိသည် မမြဲဟူ၍၊ **ယထာဘူတံ ပဇာနာတိ**-ဟုတ်တိုင်းမှန်စွာ သိ၏၊ **ရူပါ အနိစ္စာတိ**-အဆင်းတို့သည် မမြဲကုန်ဟူ၍၊ **ယထာဘူတံ ပဇာနာတိ**-ဟုတ်တိုင်း မှန်စွာသိ၏၊ **စက္ခုဝိညာဏံ အနိစ္စန္တိ**-မြင်သိမှု စက္ခုဝိညာဏ်သည် မမြဲဟူ၍၊ **ယထာဘူတံ ပဇာနာတိ**-ဟုတ်တိုင်းမှန်စွာ သိ၏ အစရှိသဖြင့် ဟောတော်မူပါတယ်။

နောက်ပြီးတော့ **သမ္မာသမာဓိမှိ အသတိ**-သမ္မာသမာဓိ မရှိလျှင်၊**သမ္မာသမာဓိ ဝိပန္နဿ**-သမ္မာသမာဓိ ပျက်စီးကင်းကွာနေသောသူအား၊ **ယထာဘူတ ဉာဏဒဿနံ**-ယထာဘူတ ဉာဏ်အမြင်ဟုဆိုအပ်သော ဝိပဿနာဉာဏ်သည်၊ **ဟတူပနိသံ**-ပျက်စီးသောကင်းသောအကြောင်းရှိသည်၊ **ဟောတိ**-ဖြစ်၏၊ စသည်ဖြင့် သမာဓိမရှိလျှင် ဝိပဿနာဉာဏ် မဂ်ဖိုလ်ဉာဏ်မှာ မဖြစ်နိုင်ကြောင်းကိုလည်း ဟောတော်မူပါတယ်။

အဲဒီ ဘုရားဟော ပါဠိတော်များကို ထောက်သောအားဖြင့် သမာဓိမရှိဘဲ သိနေတာကို ဝိပဿနာဉာဏ်မဟုတ်ဘူးလို့လည်း ဆုံးဖြတ်နိုင်ပါတယ်၊ အဲဒီလို သိရုံမျှဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရနိုင်ဘူးလို့လည်း ဆုံးဖြတ်နိုင်ပါတယ်၊ အဲဒီလို ကြားနာပြီး သိတာမျိုးကတော့ ဗုဒ္ဓသာသနာဝင်မဟုတ်တဲ့ အခြားပုဂ္ဂိုလ်တွေမှာလည်း အဘိဓမ္မာတရားသဘောအကြောင်း လေ့လာရင် ဖြစ်နေတာပါပဲ၊ ဒါကြောင့် သုတအသိမျှဖြင့် အထင်ကြီးပြီး အားရမနေကြဘဲ မိမိတို့သန္တာန်မှာ တကယ်ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တွေကို ရှုမှတ်ပြီးကိုယ်ပိုင်ဉာဏ်ဖြင့် အာယတနဓာတ်သဘောများကို ပိုင်ပိုင်နိုင်နိုင်သိအောင် အားထုတ်ကြဖို့ လိုပါတယ်၊ ဒီဟေမဝတသုတ် ဒေသနာမှာ "ခြောက်ပါးရှိက လောကရှိသည်၊ ခြောက်ပါးမှာ

http://www.dhammadownload.com



ချဉ်း ပေါင်းသင်းနေသည်"လို့ဆိုထားတဲ့ အတိုင်းသိတာဟာလည်း ဘာ၀နာဉာဏ်ဖြင့် သိတာကိုသာဆိုလိုပါတယ်။

## (ဂ) ခြောက်ပါးကိုစွဲ လူပဲခေါ်သည်

**ကိသ္မိ လောကော ဥပါဒါယ**-အဘယ်ကိုစွဲမှီ၍ လောကလို့ ခေါ်ရပါသလဲ-ဆိုတဲ့ တတိယမေးခွန်းကို မြတ်စွာဘုရားက **ဆန္နမေဝ ဥပါဒါယ**-လို့ ဖြေကြားတော်မူပါတယ်၊ **ဆန္နမေဝ**-ခြောက်ပါးတို့ကိုပင်လျှင်၊ **ဥပါဒါယ**-စွဲမှီ၍၊ **လောကော**- လောကမည်ပါတယ်၊ လောကဟု ခေါ်ရပါတယ်-တဲ့၊ အဲဒါကို "ခြောက်ပါးကိုစွဲ လူပဲခေါ်သည်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ခြောက်ပါးကိုစွဲ လူပဲခေါ်သည်။ (ဆို)**

ဒီတတိယအမေးနှင့်အဖြေကတော့ ခြောက်ပါးရှိက လောကရှိသည်-ဆိုတဲ့စကားနဲ့ အနက်အရအားဖြင့် အတူတူပါပဲ၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်,ဆိုတဲ့ ဒီအတွင်း အာယတန ၆-ပါးကို စွဲမှီပြီး လောကလို့ သတ္တဝါလို့ ခေါ်ရတယ်လို့ဆိုလိုပါတယ်၊ ဒါကြောင့် ဒီအပိုဒ်ကိုတော့ အကျယ်ပြောနေဖို့ မလိုပါဘူး၊ ယခု စတုတ္ထအပိုဒ်ကို ပြောကြစို့။

## (ဃ) ခြောက်ပါး၌ အားစိုက်ပင်ပန်းသည်

**ကိသ္မိံ လောကော ဝိဟညတိ**-လောကဆိုတဲ့ သတ္တဝါသည် အဘယ်၌ အနှိပ်စက်ခံရပြီး ဆင်းရဲပင်ပန်းနေရပါသလဲဆိုတဲ့ စတုတ္ထမေးခွန်းကို မြတ်စွာဘုရားက **ဆသု လောကော ဝိဟညတိ** လို့ ဖြေကြားတော်မူပါတယ်၊ **လောကော**-လောကလို့ ဆိုရတဲ့ သတ္တဝါသည်၊ **ဆသု**-ခြောက်ပါးတို့၌၊ **ဝိဟညတိ**-အနှိပ်စက်ခံရ၏၊

http://www.dhammadownload.com



**ဝါ**-ကြောင့်ကြ စိုက်လျက် ပင်ပန်းနေသည်၊ ဒီမှာ ၆-ပါးဆိုတာက အဆင်း, အသံ, အနံ့, အရသာ, အတွေ့သဘော, အာရုံဆိုတဲ့ အပြင်အာယတန ၆-ပါး၊ အာရုံ ၆-ပါးပါပဲ၊ သုတ္တနိပါတ်အဋ္ဌကထာမှာ ဖွင့်ပြပုံကတော့ အဆင်းစသော အာရုံ ၆-ပါးက မျက်စိစသော ဒွါရ ၆-ပါးကို တိုက်ခိုက်ပြီး နှိပ်စက်ကြောင်း ဖွင့်ပြထားပါတယ်၊ အဲဒီလိုဆိုရင် ပါဠိမှာ **ဆသု**-ပုဒ်က၊ **ဆဟိ**-ခြောက်ပါးတို့၌-ဟု သူ့ရှိရင်းအတိုင်းပဲပိုပြီး ထင်ရှားတယ်လို့ ထင်ပါတယ်၊ ဘယ်လိုလဲ ဆိုလျှင် အဆင်းအသံအစ ရှိသော အာရုံ ၆-ပါးတို့၌၊ တဏှာက သာယာတပ်မက်စေပြီးတော့ သတ္တဝါကို နှိပ်စက်နေတယ်၊ သတ္တဝါဟာ အနှိပ်စက်ခံရပြီး ဆင်းရဲပင်ပန်းနေတယ်လို့ ဒီလိုယူရင် ပိုပြီး ထင်ရှားတယ်၊ ပိုပြီး ကောင်းတယ်လို့ ထင်ပါတယ်၊ ဒါကြောင့် သူ့ရှိရင်း ပါဠိအနက်အတိုင်း ဖွင့်ပြသွားတယ်။

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ အတွင်းအာယတန ၆-ပါးကိုစွဲမှီပြီး လောကလို့ခေါ်ရတဲ့ သတ္တဝါဟာ အဆင်း, အသံ, အစရှိသော အာရုံ ၆-ပါးတို့၌ သာယာတပ်မက်ပြီး ပင်ပန်း ဆင်းရဲနေရတယ်၊ ယခုလူတွေဟာ အဆင်းလှတဲ့ သက်ရှိသက်မဲ့အာရုံဝတ္ထုတွေရအောင် နေ့ရောညပါ မပြတ်ကြောင့်ကြစိုက်ပြီး ရှာနေကြရတယ်၊ မရသေးရင်လည်း ရအောင် ရပြီးဖြစ်ရင်လည်း မပျောက်ပျက် မဆုံးရှုံးရအောင် ကြောင့်ကြစိုက်နေကြရတယ်၊ အသံကောင်း အာရုံဝတ္ထုတွေရ အောင် အနံ့ကောင်း အာရုံဝတ္ထုတွေရအောင် ကြောင့်ကြစိုက်နေကြရတယ်၊ စားဖွယ်အရသာကောင်းတွေရအောင် ကြောင့်ကြစိုက်နေကြရတယ်၊ အတွေ့အထိအာရုံကောင်းတွေရအောင် ကြောင့်ကြစိုက်နေကြရတယ်၊ အသက်ရှည်အောင် ကျန်းမာအောင် ချမ်းသာပျော်ရွှင်နိုင်အောင်

http://www.dhammadownload.com



သက်ရှိသက်မဲ့ အာရုံတွေကို ကြောင့်ကြစိုက်ပြီး ရှာကြံနေကြရ တယ်၊ ရရှိပြီးတွေလည်း မပျောက်မပျက်အောင် ကြောင့်ကြစိုက်နေကြရတယ်၊ ကိုယ့်အတွက်လည်း ကြောင့်ကြစိုက်နေကြရတယ်၊ သူများအတွက်လည်း ကြောင့်ကြစိုက်နေကြရတယ်၊ အဲဒီလို ရှာကြံနေရတာ ကြောင့်ကြစိုက်နေကြရတာဟာ ပင်ပန်းဆင်းရဲနေတာပဲ၊ ရလာတဲ့ အာရုံတွေက ကိုယ်မျှော်လင့်သလို အမြဲတည်နေတာ မဟုတ်ဘူး၊ မြင်ပြီးရင် ပျောက်သွား ကြားပြီးရင်ပျောက်သွား စသည်ဖြင့် တစ်ခဏကလေးအတွင်း ပျောက်ပျောက်သွားကြတာချည်းပဲ၊ တစ်ခါတစ်ရံကျတော့ ဘေးရန်အန္တရာယ်တွေနဲ့ တွေ့ပြီးတော့ အကုန်လုံးလည်း ပျောက်ပျက်သွားတယ်၊ အဲဒီလိုအခါမှာတော့ ကိုယ်ရောစိတ်ပါ အလွန်အမင်း ဆင်းရဲရတယ်၊ လူ့ဘဝမှာသာမဟုတ်ဘူး၊ နတ်ဘဝရောက်ဖို့ နတ်စည်းစိမ်ချမ်းသာ ရဖို့အတွက် မိမိတို့ယုံကြည်ချက်အတိုင်း ကောင်းမှု ဆိုတာကိုပြုကြတယ်၊ ကောင်းမှုမှန်ကြောင့် နတ်ဘဝရောက်ပြန်ရင်လည်း အလိုပြည့်တယ်လို့ မရှိဘူး၊ အာရုံတွေခံစားပြီး ပင်ပန်းနေတာပဲ၊ ဘာမျှ အားကိုးစရာအနှစ်သာရရယ်လို့ ကျန်နေတာမရှိဘူး။

သူတစ်ပါးအသက်ကိုသတ်၍ ယဇ်ပူဇော်ခြင်း စသည်ဖြင့် မကောင်းမှုများကိုပြုမိရင်တော့ အပါယ်ဆင်းရဲတွေနဲ့ တွေ့ကြုံခံစားပြီး ပင်ပန်းဆင်းရဲရတယ်၊ မိမိကိုယ်တိုင် ကြီးပွားချမ်းသာအောင် မိမိနှင့် စပ်သူတွေ ချမ်းသာအောင် ရည်ရွယ်ပြီး သတ်ခြင်း ခိုးခြင်း စသည်ကို ပြုမိရင်လည်း အပါယ်လေးပါးရောက်ပြီး ပင်ပန်းဆင်းရဲရတယ်၊ ဒီပုံဒီ နည်းဖြင့် သတ္တဝါဟာ အာရုံ၆-ပါးနှင့်စပ်ပြီး ပင်ပန်းဆင်းရဲနေကြရတယ်၊ ကောင်းတယ်ဆိုတဲ့အာရုံတွေကို ကြည့်ရှုနားထောင်ခြင်း စသည်ဖြင့် ခံစားနေရတာလည်း ကိုယ်စိတ်

http://www.dhammadownload.com



ပင်ပန်းနေတာပဲ၊ မယုံရင် လက်တွေ့စမ်းကြည့်ပါ၊ ထမင်းဟင်း အရသာကောင်းကို ဝအောင်စား ပြီးတဲ့နောက်လည်း ဆက်ပြီးစား နေရမယ်ဆိုရင် မပင်ပန်းပေဘူးလား၊ ထို့အတူပဲ လှပတယ်ဆိုတဲ့ အဆင်းကို မပြတ်ကြည့်နေရမယ်ဆိုရင် မပင်ပန်းပေဘူးလား၊ သာယာတဲ့အသံကို မပြတ်နားထောင်နေရမယ်ဆိုရင် မပင်ပန်းပေ ဘူးလား၊ အတွေ့အထိကောင်းနဲ့ပေမယ့် အမြဲမပြတ်တွေ့ထိနေရ ဆိုရင် မပင်ပန်းပေဘူးလား၊ ပင်ပန်းမှာသေချာပါတယ်၊ အာရုံတွေ ကို ကောင်းတယ်လို့ ထင်နေကြတာက ခဏလောက်သာသုံးဆောင် ကြရတာကလည်း တစ်ကြောင်း၊ သာယာတပ်မက်မှု ရှိနေတာက လည်း တစ်ကြောင်းကြောင့်သာ ပင်ပန်းမှန်းမသိဘဲ ဖြစ်နေကြ တာပဲ၊ အမှန်ကတော့ အာရုံတွေအတွက် ကြောင့်ကြစိုက်နေရတာ လည်း ပင်ပန်းဆင်းရဲတယ်၊ သုံးဆောင်နေရတယ်၊ ပင်ပန်းဆင်းရဲ တယ်၊ ဒါကြောင့် "ခြောက်ပါး၌ အားစိုက်ပင်ပန်းသည်"လို့ ဆိုထား တာပဲ၊ ကဲ အဲဒီဆောင်ပုဒ်ကို အစကစပြီး ဆိုကြရမယ်။

**မြတ်စွာဘုရား အဖြေဆောင်ပုဒ် (၁)**

**ခြောက်ပါးရှိက လောကဖြစ်သည်၊ (ဆို)**
**ခြောက်ပါးမှာချည်း ပေါင်းသင်းနေသည်၊ (ဆို)**
**ခြောက်ပါးကိုစွဲ လူပဲခေါ်သည်၊ (ဆို)**
**ခြောက်ပါး၌ အားစိုက်ပင်ပန်းသည်၊ (ဆို)**

အဲဒီလို မြတ်စွာဘုရားက ဖြေတော်မူတဲ့အခါမှာ ဟေမဝတ နတ်က နှစ်သက်သဘောကျပြီးတော့ နောက်ထပ်မေးခွန်းကို မေးပြန်ပါတယ်။

http://www.dhammadownload.com



## ဟေမဝတနတ်၏ အမေး (၂)

**ကတမံ တံ ဥပါဒါနံ၊**
**ယတ္ထ လောကော ဝိဟညတိ။**
**နိယျာနံ ပုစ္ဆိတော ဗြူဟိ၊**
**ကထံ ဒုက္ခာ ပမုစ္စတိ။**

**ဘန္တေ**-မြတ်စွာဘုရား၊ **ယတ္ထ**-အကြင်ခြောက်ပါး၌၊ **လောကော**-လောကမည်သော သတ္တဝါသည်၊ **ဝိဟညတိ**-အနှိပ်စက်ခံရ၏၊ **ဝါ**-အနှိပ်စက်ခံရ၍ ပင်ပန်းဆင်းရဲ၏၊ **ဥပါဒါနံ**-ငါ ငါ့ဥစ္စာဟု စွဲလမ်းအပ်သော၊ **တံ**-ထိုတရားသည်၊ **ကတမံ**-အဘယ်ပါနည်း၊ **နိယျာနံ**-ထွက်မြောက်နိုင်ကြောင်း၊ နည်းလမ်းကောင်းကို၊ (ပုစ္ဆာမိ၊ မေးလျှောက်ပါ၏၊) **ပုစ္ဆိတော**-မေးအပ်သော၊ **ဝါ**-အမေးခံဖြစ်၍ ဖြေရန်တာဝန်ရှိသော၊ **တွံ**-အရှင်ဘုရားသည်၊ **ဗြူဟိ**- ဖြေဆိုဟောကြားတော်မူပါလော့၊ **ကထံ**-အဘယ်သို့လျှင်၊ **ဝါ**-အဘယ်သို့ ပြုကျင့်လျှင်၊ **ဒုက္ခာ**-ဆင်းရဲမှ၊ **ပမုစ္စတိ**-လွတ်မြောက်ပါသနည်း အရှင်ဘုရား။

ဒီအမေးဂါထာဖြင့် မေးပုံအတိုချုပ်ကတော့ ခြောက်ပါး၌ အားစိုက်ပင်ပန်းသည်-လို့ ဖြေကြားရာမှာ အားစိုက်ပင်ပန်းရာ ၆-ပါးဟာ စွဲလမ်းအပ်တဲ့တရားပဲ၊ အဲဒီစွဲလမ်းအပ်တဲ့တရားက ဘယ်ဟာပါလဲ၊ အဲဒါကို စွဲလမ်းနေရင် ဘဝထဲမှာ ထပ်ခါ ထပ်ခါ ဖြစ်ပြီး ပင်ပန်းဆင်းရဲနေမှာပဲ၊ အဲဒီဆင်းရဲမှ လွတ်အောင် ဘယ်လို ကျင့်ရပါမလဲလို့ မေးလိုရင်းပါပဲ၊ (သုတ္တနိပါတ် အဋ္ဌကထာ ဖွင့်ပုံကတော့ ပင်ပန်းရာ ၆-ဌာနဆိုတဲ့ စွဲလမ်းအပ်တဲ့တရားဆိုတာ ဘယ်ဟာပါလဲ၊ ဒီပထမအမေးဖြင့် ဒုက္ခသစ္စာကို မေးပါသတဲ့၊ ဒုတိယမေးခွန်းဖြင့် အဲဒီဒုက္ခမှ လွတ်မြောက်အောင် ဘယ်လို

http://www.dhammadownload.com



ကျင့်ရပါမလဲလို့ မေးပါ သတဲ့) အဲဒီအမေး ၂-ရပ်ကို မြတ်စွာဘုရား က ဒီလိုဖြေကြားတော်မူ ပါတယ်။

## မြတ်စွာဘုရားအဖြေ (၂)

**ပဉ္စ ကာမဂုဏာ လောကေ၊**
**မနောဆဋ္ဌာ ပဝေဒိတာ။**
**ဧတ္ထ ဆန္ဒံ ဝိရာဇေတွာ။**
**ဧဝံ ဒုက္ခာ ပမုစ္စတိ။**

**ယက္ခ**-ဟေမဝတနတ်၊ **လောကေ**-လောက၌၊ **မနော ဆဋ္ဌာ**- စိတ်လျှင် ၆-ခုမြောက်ရှိကုန်သော၊ **ပဉ္စကာမဂုဏာ**-ငါးပါး သောကာမဂုဏ်တို့ကို၊ ပဝေဒိတာ၊ ငါငါ့ဥစ္စာဟု စွဲလမ်းအပ်သော တရားဟူ၍ ဟောကြားအပ်ကုန်၏။

ကာမဂုဏ်ငါးပါးဆိုတာ နှစ်သက်လိုချင်ဖွယ်ဖြစ်တဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ဆိုတဲ့ဒီငါးပါးပဲ၊ အဲဒီ ငါးပါးကိုယူလိုက်ရင် အဲဒီငါးပါး၏ထင်ပေါ်ရာဖြစ်တဲ့ မျက်စိ,နား, နှာ, လျှာ,ကိုယ်,ဆိုတဲ့ ဒွါရငါးပါးလည်း ပါဝင်သွားတယ်၊ ဘာကြောင့် လဲဆိုရင် မျက်စိစသည်မရှိလျှင် အဆင်းအစရှိတဲ့ ကာမဂုဏ်တွေကို မခံစားနိုင် မစွဲလမ်းနိုင်ဘူး၊ မျက်စိစသည်ရှိမှ ခံစားနိုင်တယ်၊ စွဲလမ်းနိုင်တယ်၊ ဒါကြောင့်ပါပဲ၊ နောက်ပြီးတော့ စိတ်ကို ယူလိုက် တာနဲ့ စိတ်၏အာရုံဖြစ်တဲ့ ဓမ္မာယတန သဘောအာရုံတွေလည်း ပါဝင်တယ်၊ ဒါကြောင့် စိတ်လျှင်ခြောက်ခု မြောက်ရှိတဲ့ ကာမဂုဏ် ငါးပါးဆိုတဲ့ စကားဖြင့် အတွင်းအာယတန ၆-ပါး၊ အပြင်အာယ တန ၆-ပါးအကုန်လုံးကို ငါ ငါ့ဥစ္စာလို့ စွဲလမ်းအပ်တဲ့တရား ဖြစ်ကြောင်းပြတယ်၊ အဲဒါဟာ စွဲလမ်းအပ်သော ထို တရားကား

http://www.dhammadownload.com



ဘယ်ဟာပါလဲဆိုတဲ့ ပထမမေးခွန်း၏အဖြေပဲ၊ အဲဒါကို ဘုန်းကြီးက "ငါးဖြာကာမ ဆဋ္ဌစိတ်တွင်၊ ငါ့ဟာ ငါပဲ ယူစွဲထင်မြင်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ငါးဖြာကာမ ဆဋ္ဌစိတ်တွင်၊**

**ငါ့ဟာ ငါပဲ ယူစွဲထင်မြင်။ (ဆို)**

အဆင်း, အသံ, အနံ့, အရသာ, အတွေ့ဆိုတဲ့ ကာမဂုဏ် အာရုံငါးပါးရယ်၊ အဲဒီအာရုံငါးပါးကိုခံယူရာဖြစ်တဲ့ မျက်စိ, နား, နှာ, လျှာ, ကိုယ် ဆိုတဲ့ ဒွါရငါးပါးရယ်၊ နောက်ပြီးတော့ စိတ်ဆိုတဲ့ မနာယတနနှင့် သူ၏အာရုံဖြစ်တဲ့ ဓမ္မာယတနရယ် ဒီအတွင်း အပြင် အာယတန ၁၂-ပါးကို ငါ့ဟာလို့ ငါလို့ စွဲလမ်းတယ်၊ အဲဒီ ၁၂-ပါးဟာ စွဲလမ်းအပ်တဲ့ တရားပါပဲလို့ ဆိုလိုတယ်၊ စွဲလမ်းပုံ ကတော့ မျက်စိဖြင့် အဆင်းကို မြင်ရတဲ့အခါ ရှုမှတ်ခြင်း မရှိတဲ့ သူတွေမှာ မျက်စိကိုလည်း ငါလို့ထင်တယ်၊ ငါ့မျက်စိလို့လည်း ထင်တယ်၊ ငယ်ရွယ်သူဆိုရင် ငါ့မျက်စိကောင်းတယ်၊ ကြည်လင် တယ်လို့ထင်တယ်၊ အရွယ်ကြီးသူဆိုရင် ငါ့မျက်စိမှုန်တယ်လို့ ထင်တယ်၊ မထင်ပေဘူးလား၊ ထင်တယ်၊ အဲဒီလိုထင်တာဟာ မျက်စိရုပ်ကို ငါငါ့ဥစ္စာလို့ စွဲလမ်းတာပဲ၊ နောက်ပြီးတော့ မြင်သိတဲ့ စိတ်ကိုလည်း ငါကမြင်တယ်၊ မြင်တာငါပဲလို့လဲစွဲလမ်းတယ်၊ ငါ့စိတ် ငါ့ အမြင်လို့လည်း စွဲလမ်းတယ်၊ ဒါလည်း ငါ ငါ့ဥစ္စာလို့ စွဲလမ်း တာပဲ၊ နောက်ပြီးတော့ မြင်ရတဲ့အဆင်းကိုလည်း ကိုယ့်လက်ခြေ စသည် မြင်တဲ့အခါ ငါ့လက်ကို ငါ့ခြေကို မြင်တယ်လို့ထင်တယ်၊ ငါ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းတာပါပဲ၊ မိန်းမ ယောကျ်ား သူတစ်ပါး ကို မြင်တဲ့အခါမှာ မိန်းမ ကိုမြင်တယ်၊ ယောကျ်ားကိုမြင်တယ်၊ မည်သူ့ကိုမြင်တယ်၊ စသည်ဖြင့် ထင်တယ်၊ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့

http://www.dhammadownload.com



စွဲလမ်းတာပဲ၊ ကိုယ့်ကိုယ်ကို ငါလို့ စွဲလမ်းတာမျိုးပါပဲ၊ လှပတင့်တယ်တယ်လို့ ထင်ပြီးတော့လည်း အဲဒီ မြင်ရတဲ့သူကို နှစ်သက်တတ်တယ်၊ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းတာပဲ၊ နှစ်သက်ရင် ကိုယ်ပိုင်မဟုတ်ပေမယ့် ကိုယ့်ဥစ္စာအနေနဲ့ပဲ စိတ်ထဲက အာရုံပြုသွားတယ်။

ဥပမာ ဈေးဆိုင်သွားကြည့်တဲ့အခါ အင်္ကျီ၊ လုံချည်ကိုသဘောကျရင်စိတ်ဖြင့်ဝတ်ကြည့်တာပဲ၊ဖိနပ်ဆိုရင်လဲ စိတ်ဖြင့်စီးကြည့်တာပဲ၊ အဲဒါဟာ ငါ့ဥစ္စာလို့နှစ်သက်စွဲလမ်းတဲ့ သဘောပါပဲ၊ မြင်တာကတော့ လူ၏အပေါ်ယံအဆင်းကိုသာမြင်တယ်၊ ဒါပေမယ့် အဲဒီအဆင်းကို မြင်တာနဲ့ အတွင်းသားတွေပါ သိမ်းပိုက်ပြီး လူ့တစ်ကိုယ်လုံးကို နှစ်သက်တပ်စွဲသွားတာပဲ၊ အခု ပြောခဲ့တာဟာ ကိုယ့် သန္တာန် သူ့သန္တာန်က အဆင်းကိုမြင်ရာမှာ မျက်စိနှင့် မြင်သိစိတ်ဆိုတဲ့ အတွင်းအာယ တန ၂-ပါး၊ အဆင်းဆိုတဲ့ အပြင် အာယတန ၁-ပါး၊ ဒီအာယတန ၃-ပါးကို ငါ ငါ့ဥစ္စာအနေနဲ့ စွဲလမ်းပုံပါပဲ။

ကြားရာမှာလည်း ငါ့နားကောင်းတယ်၊ ငါ့နားလေးတယ်၊ ငါက ကြားတယ်၊ မည်သူပြောတာကိုကြားတယ်၊ အသံကောင်းတယ် စသည်ဖြင့် စွဲလမ်းတယ်၊ ငါ့ ငါ့ဥစ္စာအနေနဲ့စွဲလမ်းတာပါပဲ၊ ထို့အတူပင် နံရာကလည်း စွဲလမ်းတယ်၊ စားသိရာကလည်း စွဲလမ်းတယ်၊ ထိသိရာကလည်း စွဲလမ်းတယ်၊ ငါ့ကိုယ်က ထိသိတယ်၊ ငါ့ကိုယ်ကို သူကထိတယ်၊ ငါက ထိတယ်၊ ငါညောင်းတယ်၊ ပူတယ်၊ နာတယ်၊ ထိလို့ကောင်းတယ်၊ ထိတာ၊ ညောင်းတာ၊ ပူတာ၊ နာတာဟာ ငါပဲ၊ ထိတွေ့ပြီးကောင်းတာ ဟာငါပဲ၊ ငါက သူ့ကို ကိုင်တယ် ထိတယ် စသည်ဖြင့် ထင်မြင်စွဲလမ်းတယ်၊ ငါ ငါ့ဥစ္စာအနေနဲ့ စွဲလမ်းတာပါပဲ၊ စိတ်ကူးကြံစည်တဲ့အခါမှာလည်း ငါကြံနေတယ်၊ စဉ်းစားနေတယ်၊ ပျော်နေတယ် ပျင်းနေတယ် ဝမ်းသာတယ်

http://www.dhammadownload.com



စိတ်ညစ်တယ် ငါကတတ်သိတယ် စသည်ဖြင့်လည်း စွဲလမ်းတယ်၊ မည်သူပဲ ချစ်စရာကောင်းတယ် မုန်းစရာကောင်းတယ်၊ စသည်ဖြင့် လည်း စွဲလမ်းတယ်၊ ငါ ငါ့ဥစ္စာအနေနဲ့ စွဲလမ်းတာပါပဲ၊ အဲဒီလို ဒွါရ ၆-ပါးလုံး အာရုံ ၆-ပါးလုံးကို ငါ ငါ့ဥစ္စာအနေနဲ့ စွဲလမ်းနေ ကြတာကို ရည်ပြီးတော့ "ငါးဖြာကာမ ဆန္ဒစိတ်တွင်၊ ငါ့ဟာငါပဲ ယူစွဲထင်မြင်"လို့ ဆိုထားတာပဲ၊ အဲဒီမှာ ငါးဖြာကာမလို့ ဆိုတာ ကတော့ နှစ်သက်ဖွယ်အဆင်းအစရှိတဲ့ အာရုံတွေမှာ နှစ်သက် သာယာပြီးစွဲ လမ်းတာက များတဲ့အတွက် ကာမဂုဏ်ကို ပဓာနပြုပြီး ဆိုတာပါပဲ၊ အပ္ပဓါနအားဖြင့်တော့ သာမန်အဆင်းစသည်တွေရော အကုန်လုံးကို ပင် စွဲလမ်းတယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့်-

**ယက္ခ**-ဟေမဝတနတ်၊ **လောကေ**-လောက၌၊ **မနောဆဋ္ဌာ**- စိတ်လျှင် ၆-ခုမြောက်ရှိကုန်သော၊ **ပဉ္စ ကာမဂုဏာ**-ငါးပါးသော ကာမဂုဏ်တို့ကို၊ **ပဝေဒိတာ**-ငါ ငါ့ဥစ္စာဟု စွဲလမ်းအပ်သော တရားတို့ဟူ၍ ဟောကြားအပ်ဆိုအပ်ကုန်၏၊ **ဧတ္ထ**- စိတ်မနာ ယတနနှင့်တကွ ကာမဂုဏ်ငါးပါးဟူသော ဤတရားတို့၌၊ **ဝါ**- ဤအာရုံ ၆-ပါးတရား တို့၌၊ (အာရုံ ၆-ပါးထဲမှာ အာယတန၁၂- ပါး အကုန်ပါဝင်ပါတယ်၊ ဒါကြောင့်) **ဧတ္ထ**-စိတ်နှင့်တကွ ကာမဂုဏ် ငါးပါးဟူသော ဤတရားတို့၌၊ **ဝါ**-ဤအာရုံ ၆-ပါးတို့၌၊ **ဆန္ဒံ**- ဖြစ်ထိုက်သော နှစ်သက်တပ်စွဲမှု တဏှာကို-**ဝိရာဇေတွာ**- ပျက်ပြယ်ကင်းကွာစေ၍၊ **ဧဝံ**-ဤသို့ နှစ်သက်တပ်စွဲမှု တဏှာကို ပျက်ပြယ်အောင် ကျင့်ခြင်းဖြင့်၊ **ဒုက္ခာ**-ဆင်းရဲအပေါင်းမှ၊ **ပမုစ္စတိ**- ကောင်းစွာမချွတ် ကင်းလွတ်လေတော့ပေသည်-လို့ မြတ်စွာ ဘုရားက ဖြေကြားတော်မူပါတယ်။

အကျဉ်းချုပ် ပဓာနအားဖြင့် စိတ်နှင့်တကွ ကာမဂုဏ်အာရုံ

http://www.dhammadownload.com



ငါးပါး၊ အကျယ်အပြည့်အစုံအားဖြင့် အာရုံ ၆-ပါးတို့၌ ဖြစ်ထိုက်တဲ့ နှစ်သက်တပ်စွဲမှု တဏှာကို ပျက်ပြယ်သွားအောင် ကျင့်ရမယ်၊ အဲဒီလိုကျင့်ပြီး ပယ်လိုက်ရင် ဆင်းရဲဟူသမျှမှ လွတ်မြောက်တယ်လို့ ဆိုလိုပါတယ်၊ အဲဒါကိုဘုန်းကြီးက "ထိုမှာဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင်၊ ဆင်းရဲမှ လွတ်ရယောဂီရှင်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ထိုမှာဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင်၊**
**ဆင်းရဲမှ လွတ်ရ ယောဂီရှင်။ (ဆို)**

"ထိုမှာ ဖြစ်ထိုက် နှစ်ခြိုက်"ဆိုတာ ရှေး ၂-ပိုဒ်ကပြောခဲ့တဲ့ ထိုအာရုံ ၆-ပါးမှာ ဖြစ်ထိုက်တဲ့ နှစ်ခြိုက်မှုလို့ ဆိုလိုပါတယ်၊ နှစ်ခြိုက်ဆိုတာ နှစ်သိမ့်အားရမှု ပီတိကို ဆိုလေ့ရှိပါတယ်၊ ဒါပေမယ့် ဒီမှာတော့ နှစ်သက်မှုတဏှာကိုပဲ ဆိုလိုပါတယ်၊ ဖြစ်ထိုက်ဆိုတဲ့ ရှေ့စကားနဲ့ကာရန်ညီအောင် နှစ်သက်ကိုပဲ နှစ်ခြိုက်လို့ ဆိုထားပါတယ်၊ အာရုံခြောက်ပါးမှာ နှစ်သက်မှုတဏှာက ဘယ်လိုဖြစ်ထိုက်သလဲ၊ ဘယ်လိုပယ်ရမလဲဆိုရင် အဲဒါကို ယခုရှင်းပြီးပြောပြ သွားမယ်၊ အကျဉ်းချုပ်အားဖြင့် ခုတင်ကပြောခဲ့တဲ့ စွဲလမ်းပုံ အတိုင်းပင် နှစ်သက်မှုတဏှာက ဖြစ်နေပါတယ်၊ အဲဒါကို ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ပယ်ရမယ်၊ ဒါပါပဲ။

အကျယ်အားဖြင့် ပြောရရင်တော့ ပကတိလူတွေမှာ မြင်ရာကလဲ နှစ်သက်မှုတဏှာဖြစ်နေတယ်၊ ကြားရာ နံရာ စားသိရာ ထိသိရာ ကြံသိရာတွေကလည်း နှစ်သက်မှုတဏှာဖြစ်နေတယ်၊ ဖြစ်ပုံကတော့ မြင်ရာမှာ မြင်ရတဲ့အဆင်းအာရုံကိုလဲ လှပတင့်တယ်တယ်ထင်ပြီး နှစ်သက်မှုတဏှာဖြစ်မယ်၊ အဆင်းဆိုပေမယ့် အပေါ်ယံအဆင်းက လေးမျှတွင်မဟုတ်ဘူး၊ အဲဒီအဆင်းကလေး

http://www.dhammadownload.com



နှင့်တစ်ပေါင်းတည်း လူ့တစ်ကိုယ်လုံး အထည်ဝတ္ထုတစ်ခုလုံးကို နှစ်သက်တယ်၊ မြင်သိတဲ့ စိတ်ကိုလဲ နှစ်သက်တယ်၊ မျက်စိနှင့်တကွ မိမိကိုယ် တစ်ကိုယ်လုံးကို နှစ်သက်တယ်၊ အဲဒီလို နှစ်သက်မှုဖြစ်တာ ဘာကြောင့်လဲဆိုရင် အဲဒီ မြင်ရတဲ့အဆင်း မြင်သိမှုနှင့် မျက်စိဆိုတဲ့ အာယတနတွေ အမှန်အတိုင်း မသိလို့ပါပဲ၊ ဥပမာအားဖြင့် ပြောရရင် စိတ်ဖောက်ပြန်နေတဲ့ အရူးများဟာ အကောင်းအဆိုး အသုံးကျမကျ အဖိုးတန်မတန်ကို မသိဘူး၊ ဒါကြောင့် အရူးဟာ အသုံးမကျတာတွေကိုလည်း အသုံးကျတယ် အဖိုးတန်တယ်ထင်ပြီး သိမ်းထားတယ်၊ အသုံးမကျတဲ့ စက္ကူစုတ်တွေကိုလည်း သူ့အိတ်ထဲ ထည့်ထားတယ်၊ တုတ်ချောင်းတွေ အမှိုက်တွေကိုလည်း သူ့အိတ်ထဲ ထည့်ထားတယ်၊ အဲဒီလိုအရူးကို အများအားဖြင့် မြင်ဖူးကြပါလိမ့်မယ်၊ အရူးသာမဟုတ်ဘူး၊ လူကောင်းတွေလည်း အထင်လွဲရင် ဒီလိုဖြစ်တတ်တာပဲ။

ဒုတိယကမ္ဘာစစ်ပြီးခါနီး လပိုင်းလောက်ဆီမှာ ဂျပန်ငွေစက္ကူတွေကိုသိတဲ့လူတွေက အဆမတန်ပေးပြီးထုတ်ကြတယ်၊ လဲလှယ်ကြတယ်၊ မသိတဲ့လူတွေက အဲဒီငွေစက္ကူတွေကို အသုံးကျလိမ့်ဦးမယ်ထင်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့သိမ်းပိုက်ကြတယ်၊ အဲဒီနောက် တစ်ရက်ထက်တစ်ရက် ကြာလေကြာလေ အဲဒီငွေစက္ကူတွေဟာ တန်ဖိုးမရှိဘဲဖြစ်ဖြစ်သွားတယ်၊ နောက်ဆုံးကျတော့ဘာမှအသုံးမကျတော့ဘူး၊ အဲဒီမှာအသုံးမကျဖြစ်မည့် ဂျပန်ငွေစက္ကူတွေကို လက်ခံသိမ်းယူတဲ့သူတွေဟာ အမှန်ကိုမသိလို့နှစ်နှစ်သက်သက်နဲ့ လက်ခံကြတာပါပဲ။

နောက်ပြီးတော့ ဂိုဏ်းဆရာလူလိမ်က သဲတွေကိုအိုးနဲ့ထည့်ထားရမယ်၊ တစ်နှစ်ကြာတဲ့အခါ ရွှေဖြစ်လိမ့်မယ်လို့ပြောတာ

http://www.dhammadownload.com



ကို ယုံကြည်ပြီးတော့ သဲတွေကို အိုးထဲထည့်ထားကြတာကို ဘုန်းကြီးတို့ ငယ်ငယ်တုန်းက တွေ့ရဖူးတယ်၊ အဲဒီသဲက ရွှေဖြစ်လိမ့်မယ် အထင်မှားလို့ပါပဲ၊ ယခုပြောခဲ့တဲ့ ဥပမာတွေထဲက အရှူးဟာ တစ်နည်းနည်းဖြင့် အရူးပျောက်သွားတဲ့အခါ သူ့အိတ်ထဲကဟာ တွေ အသုံးမကျမှန်းသိပြီးစွန့်ပစ်လိုက်နိုင်တယ်၊ မြတ်စွာဘုရား လက်ထက်တော်ကပဋာစာရာဆိုတာအဝတ်တောင် ဝတ်ရမှန်းမသိ အောင်ရူးနေတယ်၊ သူပြုလုပ်တာတွေကိုအကောင်းချည်း ထင်နေ တယ်၊ မြတ်စွာဘုရားထံ ရောက်သွားလို့ မြတ်စွာဘုရားက **သတိံ ပဋိလဘ ဘဂိနီ**-ညီမအရှယ် သူငယ်မ သတိရပါအမှတ်ရပါ-လို့သတိပေးလိုက်ရုံနဲ့ကျွတ်တမ်းဝင်ရမည့် ပါရမီရှင်ဖြစ်တဲ့အတွက် မြတ်စွာဘုရား၏ မေတ္တာကရုဏာတော် တို့၏ အာနုဘော်ကြောင့် အရူး ပျောက်သွားတယ်၊ အဲဒီတော့မှ သူမဟာ အဝတ်လိုနေမှန်း သိလာ တယ်၊ ဟီရိဩတ္တပ္ပဖြစ်လာတယ်၊ အနီးအပါးမှာရှိတဲ့ လူတစ်ယောက် ကအပေါ်ရုံအဝတ်ကို ပေးလိုက်တယ်၊ အဲဒီအဝတ် ကို ဝတ်ပြီး တရားနာရင်း သောတာပန်ဖြစ်သွားတယ်၊ ရဟန်းမိန်းမ ဖြစ်ပြီး တရားအားထုတ်လို့ ရဟန္တာမဖြစ်သွားတယ်၊ အဲဒါဟာ အရူးပျောက်တော့ အမြင်မှန်ရပြီး အသုံးမကျတာတွေကို မစွဲ လမ်းဘဲစွန့်လွှတ်နိုင်ပုံ ဥပမာတစ်ခုပါပဲ။

နောက်ပြီးတော့ ခုတင်ကပြောခဲ့တဲ့ ဂျပန်စက္ကူတွေ သဲတွေ ကို သိမ်းထားတဲ့သူတွေဟာလည်း သူ့အချိန်မကျခင်တော့ အဲဒါ တွေ စွန့်လိုက်ပါပြောပေမယ့် မစွန့်နိုင်ဘူး၊ သူအချိန်ကျလို့ မျှော် လင့်ခဲ့တဲ့အတိုင်း မဟုတ်မှန်းသိတဲ့အခါကျတော့ အဲဒီစက္ကူတွေကိုလဲ တွယ် တာခြင်းမရှိဘဲ စွန့်လိုက်ကြတယ်၊ သဲတွေကိုလည်း သွန်ပစ်လိုက် ကြတယ်၊ အဲဒါလိုပါပဲ၊ မြင်တိုင်းမြင်တိုင်း ရှုမှတ်လို့

http://www.dhammadownload.com



မြင်သိတာရော မြင်ရတဲ့အဆင်းရော မှတ်မိတာရော ခဏမစဲ ပျက်ပျက်သွားတဲ့ သဘောတရားတွေပဲလို့ အမှန်အတိုင်းသိတဲ့အခါကျတော့ သိတိုင်းသိတိုင်းသောသဘောတရားနှင့် စပ်ပြီးတော့ နှစ်သက်မှု တပ်မက်မှုမဖြစ်နိုင်တော့ဘူး၊ မြင်ခိုက်က တွေ့ခဲ့တာကို ပြန်လည်စဉ်းစားခြင်းလည်း မရှိဘူး၊ ရှုမှတ်စဉ်က သိတဲ့အတိုင်းပင် တစ်ခဏချင်းပျက် သွားတဲ့အနေနဲ့သာ ထင်ပေါ်နိုင်တယ်၊ အဲဒါဟာမြင်ရပေမယ့် မမြင်ရတာနဲ့ တူတဲ့အခြေအနေရောက်သွားတဲ့သဘောပါပဲ၊ ယခုမြင်တိုင်းမြင်တိုင်း ရှုမှတ်နေကြရတာဟာ အဲဒီသဘော ရောက်အောင်လို့ပါပဲ။

## မာလုကျပုတ္တရဟန်းအား တရားပေးပုံ

မြတ်စွာဘုရားက **မာလုကျပုတ္တ**ရဟန်းအား တရားပေးခါနီးမှာ ဒီလိုမေးတော်မူပါတယ်။

**မာလုကျပုတ္တ** သင်မမြင်ဖူးသေးတဲ့ အဆင်းများ ယခုမြင်ဆဲလဲ မဟုတ်တဲ့အဆင်းများ၊ နောင်အခါ မြင်ရလိမ့်မယ်လို့တောင် စိတ်ကူးထဲမှာ မပေါ်လာတဲ့ အဆင်းများ အဲဒီလို အဆင်းရူပါရုံများနှင့်စပ်ပြီး ချစ်ခင် နှစ်သက် တပ်မက်သာယာခြင်း ဖြစ်နိုင်ပါမလားလို့ မေးတော်မူပါတယ်။

မဖြစ်နိုင်ပါ အရှင်ဘုရားလို့ မာလုကျပုတ္တရဟန်းက ဖြေပါတယ်။

ယခု တရားနာပရိသတ်ကြီးကို ဘုန်းကြီးဒီအတိုင်းမေးရင် အဲဒီ မာလုကျပုတ္တလို ဖြေကြားရမှာပဲ၊ ယခုလူတွေ သာယာတပ်မက်နှစ်သက်နေကြတာဟာ မြင်ဖူးသိဖူးလို့ရင်လည်း ဖြစ်တယ်၊ မြင်ဆဲဖြစ်နေလို့ရင်လည်း ဖြစ်တယ်၊ သို့မဟုတ် စိတ်ကူးထဲ ပေါ်လာလို့

http://www.dhammadownload.com



ရင်လည်းဖြစ်တယ်၊ လုံးလုံးမမြင်ဖူး မသိဖူးတဲ့လူ၊ စိတ်ကူးထဲမှာ တောင် မထင်ပေါ်လာဖူးတဲ့လူ အဲဒီလိုလူကို အာရုံပြုပြီး ချစ်ခြင်း မုန်းခြင်းဆိုတာ ဖြစ်လာနိုင်ပါ့မလား၊ မဖြစ်နိုင်ပါလို့ ဖြေရမှာပဲ၊ အဲဒီလို မမြင်ဖူး မသိဖူးတဲ့လူက ဘယ်မှာရှိနေသလဲဆိုရင် မိမိတို့ ကိုယ်တိုင်မရောက်ဖူး မသိဖူးတဲ့မြို့ရွာနိုင်ငံတွေမှာ အများကြီး ရှိပါတယ်။ အဒီလိုမမြင်ဖူးတဲ့ လူကို ဘာကြောင့် ချစ်ခြင်း မုန်းခြင်း မဖြစ်သလဲလို့ မေးရင်-မမြင်ဖူးလို့ မသိဖူးလို့ပါပဲ ဖြေရလိမ့်မယ်၊ အဲဒီတော့မြင်ရသိရတဲ့ အာရုံမှာလည်း အဲဒီ မမြင်ရ,မသိရတဲ့ အာရုံလို ဖြစ်အောင် ရှုလိုက်ရင်၊ မြင်ကာမျှ သိကာမျှ ဖြစ်အောင် ရှုလိုက်ရင်၊ ချစ်ခြင်း မုန်းခြင်း အစရှိတဲ့ကိလေသာတွေ မဖြစ်နိုင်ဘူး ဆိုတာ ထင်ရှားပေါ်လာနိုင်ပါတယ်၊ အဲဒါကို တိုတိုနဲ့သိနား လည်ရအောင်လို့ ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ စီထားတယ်၊ အဲဒါတွေကို တစ်ပုဒ်ချင်းဆိုကြရမယ်။

**မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်။(ဆို)**

မမြင်ရ မသိရတဲ့ အာရုံနဲ့စပ်ပြီး ကိလေသာ မဖြစ်ဘူး၊ အဲဒါကတော့ ဝိပဿနာဖြင့် ပယ်ရတာမဟုတ်ဘူး၊ သူ့အလိုလို ငြိမ်းနေတာ၊ အဲဒီလို ငြိမ်းတဲ့အတွက် ဘာကုသိုလ်မှ မဖြစ်ဘူး၊ အကုသိုလ်မဖြစ်ရုံမျှဘဲလို့ ဆိုလိုတယ်၊ ထင်ရှားပါတယ်။

**မြင်ရရာမှာ ကိလေသာ ကိန်းကာဖြစ်နိုင်သည်။ (ဆို)**

မြင်ရတဲ့ အာရုံမှာတော့ မြင်ဆဲမှာလည်း ကိလေသာဖြစ် နိုင်တယ်၊ မြင်ပြီးတဲ့နောက်လည်း ပြန်လည်စဉ်းစားပြီး ကိလေသာ ဖြစ်နိုင်တယ်၊ အဲဒါဟာ ဘာကြောင့်လည်း မြင်ရတဲ့အာရုံကို ဓာတ်ပုံ ရိုက်ယူထားသလို ထင်ထင်ရှားရှား မှတ်စွဲထားလို့ပဲ၊ အဲဒါကို နောက် အကြောင်း ညီညွတ်တဲ့အခါ ကိလေသာဖြစ်ဖို့ကိန်းတယ်လို့

http://www.dhammadownload.com



အနုသယ ယမိုက် အစရှိတဲ့ ဒေသနာတော်က ဆိုပါတယ်၊ ဒါ့ကြောင့် အဲဒီလို ကိလေသာ ကိန်းမှုမဖြစ်အောင် ရှုပြီးပယ်ဖို့လိုပါတယ်။

**မြင်တိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်။ (ဆို)**

ကိလေသာကိန်းမှု စွဲလမ်းမှုမဖြစ်ရအောင် မမြင်ရတဲ့အာရုံလို ဖြစ်သွားအောင်၊ ရှုဖို့လိုတယ်၊ ဒါ့ကြောင့် မြင်တိုင်း မြင်တိုင်း ရှုမှတ်ပြီး ကိလေသာကိန်းမှုကို ပယ်သင့်တယ်-ဆိုတဲ့ အကြောင်းကို မြတ်စွာဘုရားက "မမြင်ရ မသိရတဲ့ အာရုံမှာ ချစ်ခင်နှစ်သက်ခြင်း ဖြစ်နိုင်ပါ့မလား"ဆိုတဲ့ မေးခွန်းဖြင့်ပင် **မာလုကျပုတ္တ**အား သိနားလည်စေပါတယ်။

**မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။ (ဆို)**

အဲဒီလို မေးခွန်းဖြင့် ပေါ်လွင်စေပြီးတဲ့အခါ မြတ်စွာဘုရားက **မာလုကျပုတ္တ** အား **ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ**-မြင်သည်၌ မြင်ရုံမျှ ဖြစ်လတ္တံ့.- မြင်ရုံမျှ ဖြစ်စေရမည်-စသည်ဖြင့် ကမ္မဋ္ဌာန်း ပေးတော်မူပါတယ်။

## မြင်ရာ၌ ဖြစ်ထိုက်သည့် တဏှာကိုပယ်ပုံ

အဲဒီ ဒေသနာတော်နည်းအရအားဖြင့် ထင်ရှားမြင်ရတဲ့ အာရုံကို မြင်တယ်မြင်တယ်လို့ မြင်ရုံမျှတွင် တည်အောင်ရှုမှတ်ရတယ်၊ ဒါကတော့ ဒေသနာစဉ်အရအားဖြင့် ပြောတာပါ။ **ပဋိပတ္တိဗ္ဗမ**-ကျင့်စဉ်အရအားဖြင့်တော့ ဘယ်အာရုံမဆို ထင်ရှားပေါ်ရာကစပြီး ရှုရပါတယ်၊ ယေဘုယျအားဖြင့် တွေ့ထိရတဲ့ ခတ်လေးပါး ထင်ရှားတတ်ပါတယ်၊ ဒါ့ကြောင့် **ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ**-သွားလျှင်လည်း သွားသည်ဟုသိ၏၊ စသည်ဖြင့် ဟောတော်မူတဲ့ သတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ ရှုမှတ်ပုံကို

http://www.dhammadownload.com



စတုတ္ထပိုင်းတုန်းက အကျယ်ပြောခဲ့ပါပြီ၊ အဲဒီနည်းအတိုင်း ရှုမှတ်လို့ သမာဓိဉာဏ် ရင့်သန်တဲ့အခါကျတော့ မြင်မြင်သမျှဟာ မြင်ပြီး ပျောက်သွား မြင်ပြီးပျောက်သွားနဲ့ မြင်ရုံမျှမှာပဲ တည်ပါ တယ်၊ ဒါကလည်း ဉာဏ်ထက်သန်တဲ့ ပုဂ္ဂိုလ်များမှာမှ သာပြီး ရှင်းတတ် ပါတယ်၊ အဲဒီလို မြင်ရုံမျှ တည်တဲ့အခါမှာ မြင်မှုနှင့်စပ်တဲ့ မျက်စိ အဆင်းမြင်သိစိတ်ဆိုတဲ့ အာယတနသုံးပါးမှာ နှစ်သက်မှု တဏှာ ဟာ မဖြစ်နိုင်တော့ဘူး၊ ရှုမှတ်ပြီး သိတိုင်း သိတိုင်း အဲဒီ အမြင်နှင့် စပ်ပြီးတော့ တဏှာမဖြစ်ထိုက်တော့ဘူး၊ ဒါဟာ "ထိုမှာ ဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင်" ဆိုတဲ့ ဆောင်ပုဒ်အရ မြင်ရာမှာ ဖြစ်ထိုက်တဲ့ နှစ်သက်သာယာမှုတဏှာကို ရှုမှတ်မှု ဝိပဿနာဖြင့် ပယ်တာပါပဲ၊ ကြားရာ စသည်မှာလည်း ရှုမှတ်မှု ဝိပဿနာဖြင့် ပယ်ပုံဟာနည်း တူပါပဲ၊ အတိုချုပ်ပဲ ပြောသွားတော့မယ်။

## ကြားရာစသည်၌ ဖြစ်ထိုက်မှု တဏှာကို ပယ်ပုံ

ကြားခိုက်မှာ မရှုမမှတ်နိုင်တဲ့သူတွေ၊ ရှုမှတ်သော်လဲ ဝိပဿ နာဉာဏ် ကောင်းကောင်းမဖြစ်သေးတဲ့သူတွေမှာ ကြားရတာကို လည်း နှစ်သက်မှုဖြစ်နိုင်တယ်၊ ကြားသိမှုကိုလည်း နှစ်သက်မှု ဖြစ် နိုင်တယ်၊ နားနှင့်တကွ တစ်ကိုယ်လုံးကိုလည်း နှစ်သက်မှု ဖြစ်နိုင် တယ်၊ ဝိပဿနာဉာဏ် ရင့်သန်နေတဲ့ယောဂီမှာတော့ ကြားတိုင်း ကြားတိုင်း ကြားတယ်လို့ ရှုမှတ်ပြီး ကြားလိုက်ပျောက်လိုက် ကြားလိုက် ပျောက်လိုက် တစ်ခဏချင်း ပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်၊ တချို့ယောဂီမှာဆိုရင် အသံက နားကိုလာပြီး တိုက်ခိုက်တာကိုတောင် ထင်ထင်ရှားရှားသိရတယ်၊ ယာဘက် နားကကြားတာ၊ ဘယ်ဘက်နားကကြားတာကိုလည်း ခွဲခြားပြီး

http://www.dhammadownload.com



သိရတယ်၊ အဲဒီလို ကြားတိုင်းကြားတိုင်း ချက်ချင်းပဲ ပျောက်ပျောက် သွားတာကိုသာ တွေ့သိရတဲ့ယောဂီမှာ ကြားမှုနှင့်စပ်ပြီး ကိလေသာ မဖြစ်နိုင်တော့ဘူး၊ အဲဒါဟာ "ထိုမှာဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင်" ဆိုတဲ့ ဆောင်ပုဒ်အရ ကြားရာမှာ ဖြစ်ထိုက်တဲ့ နှစ်သက်သာယာမှု တဏှာကို ဝိပဿနာဖြင့် ပယ်တာပါပဲ။

ဝိပဿနာဉာဏ်ရင့်သန်နေတဲ့ ယောဂီမှာ နံတိုင်းနံတိုင်း ရှုမှတ်ပြီး နံလိုက် ပျောက်လိုက်၊ နံလိုက် ပျောက်လိုက်နဲ့ တစ်ခဏ ချင်း ပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်၊ စားတဲ့ အခါမှာလည်း ရှုမှတ်ပြီး အရသာကို သိလိုက် ပျောက်လိုက်၊ သိလိုက် ပျောက်လိုက်နဲ့ တစ်ခဏချင်းပျောက်ပျောက်သွားတာကို ထင်ရှား တွေ့ရတယ်၊ ဒါကြောင့် စားရတဲ့အရသာနဲ့ စပ်ပြီး နှစ်သက်မှု မဖြစ်နိုင်တော့ဘူး၊ တချို့မှာဆိုရင် ရှုမှတ်ပြီးစားရတော့ စားလို့ မကောင်းဘူး၊ မမှတ်ဘဲ စားရင် ကောင်းမှာပဲလို့ တွေးထင်မိတတ် သေးတယ်၊ အဲဒီတွေးထင် တဲ့အတိုင်းလဲ ဟုတ်ပေတယ်၊ ရှုမှတ်ပြီး စားနေတော့ အရသာကို မခံစားဘူး၊ သိရင်း ပျောက်ရင်း၊ သိရင်း ပျောက်ရင်းနဲ့ ပျောက်ပျောက်သွားတာကိုသာ တွေ့ရလို့ သာယာမှု မဖြစ်တဲ့အတွက် မကောင်းဘဲဖြစ်နေတာပါပဲ။

ထိသိတာကိုတော့ အများဆုံးလိုပဲ မှတ်သိနေရတယ်၊ ဘာမှ အထူးမှတ်စရာမရှိရင် ဖောင်းတယ် ပိန်တယ် ထိုင်တယ် သိတယ် စသည်ဖြင့် မှတ်နေရတယ်၊ ဒုက္ခဝေဒနာပေါ်လာတဲ့အခါလဲ ပူတယ် နာတယ် အောင့်တယ် ယားတယ် စသည်ဖြင့်မှတ်နေရတယ်၊ အဲဒီလို မှတ်ရာတွေမှာလဲ ထိသိမှု မခံသာမှုကလေးတွေဟာ သိရင်း ပျောက်ရင်း၊ သိရင်း ပျောက်ရင်းနဲ့ တစ်ခဏချင်း ပျောက်ပျောက် သွားတာကို သာတွေ့ရတယ်၊ ဖောင်းတယ် ပိန်တယ် ကွေးတယ်

http://www.dhammadownload.com



ဆန့်တယ်,ကွေးတယ်,လှမ်းတယ်,ချတယ်လို့ မှတ်တဲ့အခါများမှာ တစ်ရွေ့ချင်းတစ်ရွေ့ချင်းရွေ့တာရော မှတ်သိတာရော တစ်စုံတစ်စုံ ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ တစ်နေရာကအခြား တစ်နေရာကို မရောက်ဘဲ ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ အဲဒါဟာ "ခြေတစ်လှမ်း တစ်လှမ်းကို ခြောက်ပိုင်းခွဲပြီးတော့ တစ်ပိုင်းမှ တစ်ပိုင်းသို့မရောက်ဘဲ လျှပ်ရှပ်နဲ့ရှုသိနာမ်တွေ ချုပ်ပျောက်သွားပုံကို ပြဆိုထားတဲ့ အဋ္ဌကထာအဆိုနဲ့အညီ သိနေတာပါပဲ၊ ခြေတစ်လှမ်းတစ်ကွေး တစ်ဆန့် အတွင်းမှာ ၆-ပိုင်း ထက်ပိုပြီးတော့လဲ သိနိုင်ပါတယ်၊ အဲဒီလို သိနေတဲ့အတွက် "ထိရတဲ့အာရုံ၊ ထိသိမှု၊ ထိသိရာ ကိုယ်အကြည် ရုပ်ဆိုတဲ့ " ဒီ အာယတန သုံးပါးနဲ့ စပ်ပြီး နှစ်သက်သာယာမှု တဏှာဟာ မဖြစ်နိုင်တော့ဘူး၊ မှတ်သိတိုင်း မှတ်သိတိုင်း ကင်းတယ်၊ အဲဒါဟာ ဝိပဿနာဖြင့် ဖြစ်ထိုက်တဲ့တဏှာဖြစ်ခွင့်မရဘဲ ကင်းသွားတာပါပဲ၊ ရှုမှုဝိပဿနာဖြင့် တဏှာကို ပယ်တာပါပဲ။

စိတ်ကူးစဉ်းစားကြံစည်တာကတော့ မှတ်လိုက်ရင် ပျောက်ပျောက်သွားတာ သာပြီးထင်ရှားပါသေးတယ်၊ ဖောင်းတယ် ပိန်တယ်,ထိုင်တယ်,ထိတယ်,စသည်ဖြင့် ရှုမှတ်နေရင်းစိတ်က အပြင်ထွက်လိုက်ရင် ထွက်တယ်သွားတယ်လို့ မှတ်လိုက်တာနဲ့ တစ်ခါတည်းပျောက်သွားတယ်၊ အမှတ်အသိကောင်းနေတဲ့အခါမှာ စိတ်က အပြင်ထွက်တာအလွန်နည်းပါတယ်၊ တစ်ခါတစ်ရံထွက်ရင်လည်း အဲဒါကို ချက်ချင်းပဲမှတ်နိုင်တယ်၊ မှတ်လိုက်တာနဲ့ချက်ချင်းပဲပျောက်သွားတယ်၊ အဲဒီတော့ ပဌမစိတ်ကူးနဲ့ ဒုတိယမှတ်စိတ်ဟာ အတွဲလိုက်အစုံလိုက် ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်၊ တစ်ခါတစ်ရံမှာဖောင်းတာ,ပိန်တာ,ထိုင်တာ,ထိတာလဲ မ

http://www.dhammadownload.com



ပေါ်၊ ကိုယ်ကြီး တစ်ကိုယ်လုံးလည်း မထင်ရှားဘဲ ပျောက်နေလို့ သိတဲ့စိတ်ကိုသာ သိတယ်သိတယ်လို့ အဆင့်ဆင့် ရှုမှတ်နေရတဲ့ အခါလည်းရှိတယ်၊ အဲဒီလိုအခါမှာ ရှေ့ နောက်အသိစိတ် အဆင့် ဆင့်ဟာ သိရင်းပျောက်ရင်း သိရင်းပျောက်ရင်းနဲ့ ချက်ချင်း ပျောက်ပျောက်သွား တာကိုချည်း တွေ့နေရတယ်၊ အဲဒီလိုအခါမှာ မူလကသိစိတ်ရော မှတ်သိတဲ့စိတ်ရော နှစ်သက်သာယာဖွယ် မရှိ ကြောင်းထင်ရှားနေပါတယ်၊ ဒါ့ကြောင့် သိရတဲ့အာရုံစိတ်နဲ့ မှတ်သိ တဲ့စိတ်ဆိုတဲ့ ဒီမနာယတနနှစ်ပါးလုံးမှာ နှစ်သက်မှုတဏှာက ဖြစ် ခွင့်မရဘဲကင်းနေပါတယ်၊ အဲဒါဟာ ဝိပဿနာဖြင့် ကြံသိမှု မနာ ယတနမှာ ဖြစ်ထိုက်တဲ့တဏှာကို ပယ်တာပဲ။

တစ်ခါတစ်ရံ ရှုမှတ်နေရင်း လူပုံ၊ ရဟန်းပုံ၊ ဥယျာဉ်ပုံ စသည် အမျိုးမျိုးသောအာရုံတွေ ပေါ်လာတတ်တယ်၊ အဲဒါတွေကို မြင်တယ် မြင်တယ် စသည်ဖြင့် မှတ်ရတယ်၊ တစ်ရွေ့ချင်း ရွေ့ရွေ့ ပြီးတော့လည်း ပျောက်သွားတတ်တယ်၊ မှေးမှိန်သေးသိမ် ပြီးတော့ လည်း ပျောက်သွားတတ်တယ်၊ ဉာဏ်ရင့်နေတဲ့ အခါမှာ တော့ တစ်ခါ လောက်မှတ်လိုက်ရုံနဲ့ လွင့်သွားသလိုပဲ ပျောက်သွားတတ် တယ်၊ အဲဒီမှာ အာရုံက ပညတ် မမွာရုံပါပဲ၊ စင်စစ်အားဖြင့် ရှိတာ မဟုတ်ဘူး၊ သို့ပေမယ့် မြင်နေသလို ထင်နေရတဲ့ စိတ်မနာယတန ကတော့ ရှိတဲ့တရားပါပဲ၊ ပျောက်သွားတာလည်း အဲဒီ မနာယတန ပျောက်သွားတာပါပဲ၊ အဲဒီလိုအာရုံကို မရှုဘဲထားရင် နှစ်သက် သာယာမှုလည်း ဖြစ်တယ်၊ ရှုမှတ်လိုက်လို့ ပျောက်သွားတာ တွေ့ ရတော့ အဲဒီအာရုံနဲ့စပ်ပြီး နှစ်သက်သာယာမှုမဖြစ် နိုင်တော့ဘူး၊ နောက်ပြီးတော့ နတ်က လာပြောသလိုလို ဆရာက လာပြော သလိုလိုနဲ့ စိတ်ဖြင့်ကြားရတဲ့အသံကိုလဲ ကြားတယ်၊ ကြားတယ်

http://www.dhammadownload.com



လို့မှတ်ရတယ်၊ မမှတ်ဘဲ လက်ခံထားရင် အဲဒီလို ကြားရတဲ့ အတွက် နှစ်သက်ပြီး အထင်ကြီးမှုတွေလဲ ဖြစ်တတ်တယ်၊ ရှုမှတ်လိုက်တော့ အဲဒီစိတ်ကူးဖြင့် ကြားတဲ့အသံကိုလည်း ကြားလိုက်ပျောက်လိုက် ကြားလိုက် ပျောက်လိုက်နဲ့ နောက်ဆုံးမှာ မကြားတော့ဘဲ လုံးလုံးပျောက်သွားတယ်၊ စိတ်ကူးထဲမှာ ဝမ်းသာစရာပေါ်လာရင်လည်း ရှုမှတ်လိုက်ရင် ချက်ချင်း ပျောက်သွားတာပဲ၊ နှလုံးမသာမယာ ပေါ်လာရင်လဲ ရှုမှတ်လိုက်ရင် ချက်ချင်းပျောက်သွားတာပဲ၊ ဒါကြောင့် စိတ်ထဲပေါ်လာတဲ့ အာရုံနဲ့စပ်ပြီး နှစ်သက်မှုဟာ ဖြစ်ခွင့်မရဘဲ ကင်းနေတယ်၊ အဲဒါတွေလည်း မနာယတနနှင့် ဓမ္မာယတန သဘောအာရုံမှာ ဖြစ်ထိုက်တဲ့ နှစ်သက်မှုကို ဝိပဿနာဖြင့်ပယ်တာပဲ။

အဲဒီလို ရှုလို့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့သွားတယ်၊ အဲဒီအခါကျတော့ သက်ဆိုင်ရာ တဏှာတွေဟာ အဲဒီမဂ်ဉာဏ်များ၏ အစွမ်းကြောင့် ဖြစ်ပေါ်နိုင်စွမ်း လုံးဝမရှိတော့ဘဲ ချုပ်ငြိမ်းပျောက်ကင်းသွားတယ်၊ အဲဒီလိုဖြစ်ထိုက်တဲ့တဏှာ ချုပ်ငြိမ်းအောင် ဝိပဿနာ ပညာ မဂ်ပညာတို့ဖြင့် ပယ်ပုံကိုရည်ပြီးတော့ "ထိုမှာ ဖြစ်ထိုက်နှစ်ခြိုက် ပယ်လျှင်"လို့ဆိုထားပါတယ်၊ အရဟတ္တမဂ်ပညာဖြင့် အဲဒီလိုပယ်ပြီးတဲ့အခါမှာ အဲဒီယောဂီဟာ ဘဝအသစ်ဖြစ်ရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း အစရှိသော ဆင်းရဲဟူသမျှမှ လုံးဝလွတ်မြောက်သွား ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက-

**ဧတ္ထ**-စိတ်နှင့်တကွ ကာမဂုဏ်ငါးပါးဟူသော ဤတရားတို့၌ **ဝါ**- ဤအာရုံ ၆-ပါးတရားတို့၌၊ **ဆန္ဒံ** - ဖြစ်ထိုက်သော နှစ်သက်တပ်စွဲမှု တဏှာကို၊ **ဝိရာဇေတွာ**-ပျက်ပြယ်ကင်းကွာစေ၍၊ **ဧဝံ**-

http://www.dhammadownload.com



ဤသို့ တဏှာပျက်ပြယ်အောင် ကျင့်ခြင်းဖြင့်၊ **ဒုက္ခာ**-ဆင်းရဲအပေါင်းမှ၊ **ပမုစ္စတိ**-ကောင်းစွာမချွတ် ကင်းလွတ်ရပေသည်လို့ ဖြေရှင်းဟောကြားတော်မူပါတယ်၊ ဘုန်းကြီးကလည်း အဲဒီအနက်ကို ယူပြီးတော့ "ထိုမှာဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင် ဆင်းရဲမှ လွတ်ရယောဂီရှင်"လို့ ဆောင်ပုဒ် စီထားပါတယ်၊ အဲဒါကို ရှေ့၂-ပုဒ်ပါ ပေါင်းပြီးဆိုကြရမယ်။

**မြတ်စွာဘုရား အဖြေဆောင်ပုဒ် (၂)**

**ငါးဖြာကာမ ဆန္ဒစိတ်တွင်၊**
**ငါ့ဟာငါပဲ ယူစွဲထင်မြင်။**
**ထိုမှာဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင်၊**
**ဆင်းရဲမှ လွတ်ရယောဂီရှင်။**

အဲဒါကို မြတ်စွာဘုရားက ဒီလိုလဲ နိဂုံးချုပ်ပြီးမိန့်တော်မူပါသေးတယ်။

**ဒုတိယအဖြေ၏နိဂုံး**

**ဧတံ လောကဿ နိယျာနံ၊**
**အက္ခာတံ ဝေါ ယထာတထံ။**
**ဧတံ ဝေါ အဟမက္ခာမိ၊**
**ဧဝံ ဒုက္ခာ ပမုစ္စတိ။**

**ယက္ခာ**- ဟေမဝတအမျိုးရှိသော နတ်ဘီလူးတို့၊ **လောကဿ**- လောကမည်သော သတ္တဝါ၏၊ **နိယျာနံ**-ထွက်မြောက်ကြောင်းဖြစ်သော၊ **ဧတံ**-အာရုံခြောက်ပါး၌ ဖြစ်ထိုက်သော တဏှာကိုပယ်နိုင်သည့် ဝိပဿနာနှင့်အရိယမဂ်ဟူသော ဤအကျင့်လမ်းကို၊ **ဝေါ**-

http://www.dhammadownload.com



သင်တို့အား၊ **ယထာတတံ**-ဟုတ်တိုင်းမှန်စွာ၊ **အက္ခာတံ**-ပြောကြား အပ်ပြီ၊ **ဝေါ**- သင်တို့အား၊ **တံ**-ဤဝိပဿနာနှင့် မဂ်အကျင့် ကိုသာလျှင်၊ **အဟံ**-ငါသည်၊ **အက္ခာမိ**-နောက်ထပ်မေးလျှင်လည်း ဖြေကြားရပေမည်၊ **ဧဝံ**-ဤသို့ တဏှာပျက်ပြယ်အောင် ကျင့်ခြင်း ဖြင့်သာလျှင်၊ **ဒုက္ခာ**-ဆင်းရဲအပေါင်းမှ၊ **ပမုစ္စတိ**-ကေန်မချွတ် ကင်းလွတ်ထွက်မြောက်နိုင်ပေသည်-လို့ နိဂုံးချုပ် မိန့်တော်မူပါ တယ်၊ အဲဒီနိဂုံးချုပ် စကားဖြင့် နောက်ထပ်မေးရင်လည်း ဒီအတိုင်း ဖြေမှာပဲ၊ ဒီနည်းဖြင့်သာလျှင် ဆင်းရဲမှ လွတ်မြောက်နိုင်တယ်လို့ ဆိုလိုကြောင်း အဋ္ဌကထာက ဖွင့်ပြထားပါတယ်၊ ဒါကြောင့် **တံ**-ဤဝိပဿနာနှင့် မဂ်အကျင့်ကို သာလျှင်၊ **အဟံ**-ငါသည်၊ **အက္ခာမိ**-နောက်ထပ်မေးလျှင်လည်း ဖြေကြားရပေမည်၊ **ဧဝံ**-ဤသို့ တဏှာ ပျက်ပြယ်အောင် ကျင့်ခြင်းဖြင့်သာလျှင်၊ **ဒုက္ခာ**- ဆင်းရဲအပေါင်းမှ၊ **ပမုစ္စတိ**-ကေန်မချွတ် ကင်းလွတ်ထွက် မြောက်နိုင်ပေသည်-လို့ ပေါ်ပေါ်လွင်လွင် ဖြည့်စွက်ပြီး အနက်ပြန် ဆိုလိုက်ပါတယ်။

အဲဒီအဖြေဂါထာ ၂-ပုဒ်ဟာ အရဟတ္တဖိုလ်တိုင်အောင် ရောက်စေနိုင်တဲ့ အကျင့်လမ်းစဉ်ကို အပြည့်အစုံပြတဲ့တရား ဖြစ် ကြောင်းကိုလည်း အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်၊ ဒါပေမယ့် ဟေမဝတနတ်ဘီလူးနှင့် သာတာဂိရိနတ်ဘီလူးတို့က သောတာပန် လောက်သာ ဖြစ်ဖို့ ဥပနိဿယအကြောင်းရှိတဲ့အတွက် အဲဒီအဖြေ ၂-ဂါထာ တရားကို နာရင်းသူတို့နဲ့ အခြွေအရံ နတ်ဘီလူးများပါ ဝိပဿနာဉာဏ်အစဉ်အတိုင်း တက်ပြီး သောတာပတ္တိမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သောတာပန်မျှသာ ဖြစ်သွားကြပါ သတဲ့၊ ရှေ့ ပိုင်းများက ပြောခဲ့တဲ့ ကာဠီဆိုတဲ့အမျိုးသမီးကတော့ နတ် ၂-ဦး သူတို့အချင်းချင်း မေးဖြေကြတာကို နာရတဲ့အတွက်

http://www.dhammadownload.com



သူတို့ထက်အရင် သောတာပန်ဖြစ်ခဲ့တယ်၊ တယ်ထူးတဲ့ အမျိုးသမီးပဲ၊ ကဲ ကနေ့ ဒီတွင်ပဲ ရပ်ကြဦးစို့၊ ဆောင်ပုဒ်များကို ဆိုပြီးတရားသိမ်းကြစို့။

**ခြောက်ပါးရှိက လောကဖြစ်သည်။ (ဆို)**

မျက်စိ, နား, နှာ, လျှာ,ကိုယ်,စိတ်,ဆိုတဲ့ အတွင်းအာယတန ခြောက်ပါးရှိရင် လောကလို့ ခေါ်တဲ့ သတ္တဝါဖြစ်တယ်တဲ့။

**ခြောက်ပါးမှာချဉ်း ပေါင်းသင်းနေသည်။ (ဆို)**

မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်,ဆိုတဲ့ သတ္တဝါဟာ အဆင်း, အသံ, အနံ့, အရသာ, အတွေ့သဘော,အာရုံ,ဆိုတဲ့ ဒီအပြင် အာယတန ၆-ပါး အာရုံ ၆-ပါးနဲ့ ပေါင်းသင်းနေတယ်၊ လူလူချင်း ပေါင်းသင်းနေတယ်လို့ ထင်ရပေမယ့် စင်စစ်အားဖြင့်တော့ အာယတနအချင်း ချင်း ပေါင်းသင်းဆက်ဆံနေခြင်းမျှသာ ဖြစ်တယ်၊ အဲဒါကို သူတို့ထင်ရှား ဖြစ်ခိုက်မှာ ရှုပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း သိရမယ်လို့ ဆိုလိုပါတယ်။

**ခြောက်ပါးကိုစွဲ လူပဲခေါ်သည်။ (ဆို)**

မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်,ဆိုတဲ့ ဒီ ၆-ပါးကိုပဲ အစွဲပြုပြီးတော့ လူလို့ ခေါ်ရတယ်၊ ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်ရတယ်၊ မိန်းမလို့ ယောကျ်ားလို့ ခေါ်ရတယ်၊ ဒီအတွင်း အာယတန ၆-ပါးမှ အလွတ်ဖြစ်တဲ့ အသက်ရှင်နေသူ လူရယ် ပုဂ္ဂိုလ်ရယ် သတ္တဝါရယ် မိန်းမရယ် ယောကျ်ားရယ် အတ္တကောင်ရယ်လို့ မရှိဘူးလို့ ဆိုလိုပါတယ်။

**ခြောက်ပါး၌ အားစိုက်ပင်ပန်းသည်။ (ဆို)**

http://www.dhammadownload.com



အဆင်း, အသံ, အနံ့, အရသာ, အတွေ့သဘော, အာရုံ ဆိုတဲ့ ဒီအပြင်အာယတန ၆-ပါးကိုပင် မိန်းမ ယောကျ်ားပဲ အကောင်းအမြတ်တွေပဲလို့ ထင်ပြီးတော့ အဲဒီအာရုံ ခြောက်ပါး အတွက် ကြောင့်ကြစိုက်ပြီး ဆင်းရဲပင်ပန်းနေကြတယ်၊ မျက်မှောက် ဘဝတွင်လည်း မိမိ အလိုရှိတိုင်း ပြီးမြောက်အောင် ရှာကြံပြီး ဆင်းရဲပင်ပန်းနေကြတယ်၊ နောင်တမလွန်မှာလည်း အကုသိုလ် ကံကြောင့် အပါယ်လေးပါးကျ ရောက်ပြီးတော့လည်း ဆင်းရဲနေကြ တယ်၊ လူ့ဘဝ နတ်ဘဝ ရောက်တဲ့ အခါလည်း အိုရ နာရ သေရ အလိုမပြည့်ရ စသည်ဖြင့် ဆင်းရဲနေကြတယ်လို့ ဆိုလိုပါတယ်။

**ငါးဖြာ ကာမ ဆန္ဒစိတ်တွင်။ (ဆို)**

**ငါ့ဟာ ငါပဲ ယူစွဲထင်မြင်၊ (ဆို)**

အသိစိတ်နှင့် ကာမဂုဏ်ငါးပါးဆိုတဲ့အာရုံတွေကို ငါတို့ လည်း ထင်မြင်စွဲလမ်းတယ်၊ ငါ့ဥစ္စာလို့လည်း ထင်မြင်စွဲလမ်းတယ်၊ ကြည်လင်တဲ့ မျက်စိဟာ ငါပဲ၊ ငါ့မျက်စိပဲ၊ မြင်တာဟာ ငါပဲ၊ ငါ့အမြင်ပဲ၊ ငါ့ကိုယ်က လှတယ်၊ သူ့ကိုယ်က လှတယ်၊ ငါ့ဥစ္စာ စသည်ဖြင့် ထင်မြင်နေကြ ပါတယ်၊ စွဲလမ်းနေကြပါတယ်တဲ့။

**ထိုမှာ ဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင်။ (ဆို)**

**ဆင်းရဲမှ လွတ်ရ ယောဂီရှင်။ (ဆို)**

အဲဒီ အတွင်းအပြင် အာရုံခြောက်ပါးမှာ မရှုမသိလျှင် နှစ် သက်တပ်စွဲမှုတဏှာ ဖြစ်နိုင်တယ်၊ ရှုမှတ်ပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောမျှပဲလို့ အမှန်အတိုင်းသိနေရင်တော့ အဲဒီဖြစ်ထိုက်တဲ့ တဏှာဟာ ဖြစ်ခွင့်မရဘဲ ကင်းငြိမ်းသွားတယ်၊ အဲဒီလို ကင်းငြိမ်း အောင် ရှုသွားလျှင် ကိလေသာတဏှာ လုံးဝချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို အရိယမဂ်ဖိုလ်ဖြင့် မျက်မှောက်တွေ့မြင်ရတယ်၊ အဲဒီလို တွေ့မြင်

http://www.dhammadownload.com



လျှင် အိုခြင်း သေခြင်း အစရှိတဲ့ ဆင်းရဲဟူသမျှ လွတ်မြောက်တယ်လို့ ဆိုပါတယ်၊ ကဲတရားသိမ်းကြစို့။

ဤဟေမဝတသုတ္တန် တရားဒေသနာတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်း အာနုဘော်ကြောင့် ယခုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဤသုတ်၌ ဟောကြားထားသော လောကသတ္တဝါ ခေါ် သည့်အတွင်း အာယတနခြောက်ပါးတို့ကိုလည်းကောင်း၊ပေါင်းသင်းဆက်ဆံရာ အပြင်အာယတန ခြောက်ပါးတို့ကိုလည်းကောင်း၊ အမှန်အတိုင်းသိအောင် ရှုနိုင်ကြ၍ ထိုခြောက်ပါးသောတရားတို့၌ ဖြစ်ထိုက်သော နှစ်သက်တပ်စွဲမှု တဏှာကို ပယ်နိုင်သော ဝိပဿနာပညာ အရိယမဂ်ပညာတို့ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြု နိုင်ကြပါစေ။

သာဓု-သာဓု-သာဓု။

**ဟေမဝတသုတ္တန် ပဉ္စမပိုင်းပြီး၏။**

http://www.dhammadownload.com

# ဟေမဝတသုတ္တန် တရားတော်

## ဆဋ္ဌမပိုင်း

**၁၃၂၅-ခုနှစ်၊ ကဆုန်လပြည့်နေ့ ဟောသည်။**

### တရားအစနုသစ္စ

ဒီကနေ့ ၁၃၂၅-ခုနှစ်၊ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ဖြစ်တယ်၊ ဟောရမည့်တရားကတော့ တန်ခူးလဆုတ် ၆-ရက်သကြ္ကန်အကျနေ့ကစပြီး ဟောလာခဲ့တဲ့ ဟေမဝတသုတ္တန်တရားတော်ပါပဲ၊ ဒီတရားကို ဟောလာခဲ့တာ ၅-ကြိမ်ရှိခဲ့ပြီ၊ ဒီကနေ့ ၆-ကြိမ်မြောက်ပဲ၊ ဒီကနေ့တော့ ဒီတရားကို အပြီးသတ်ရမယ်၊ ဒီသုတ်မှာ ဂါထာ ၃၀-ရှိတဲ့အ နက်က ၂၂-ဂါထာကို ဟောပြီးခဲ့ပါပြီ၊ ရှစ်ဂါထာပဲ ကျန်တော့တယ်၊ အဲဒီရှစ်ဂါထာမှာလဲ အကျယ်ချဲ့ပြီး

http://www.dhammadownload.com



ဟောရမည့် ဂါထာကတော့ ၃-ဂါထာပဲရှိပါတယ်၊ အဲဒီ ၃-ဂါထာထဲမှာ ပထမဂါထာက ဟေမဝတ နတ်၏ အမေးဖြစ်ပါတယ်၊ ဟေမဝတနတ်က ဟိုသီတင်းနေ့က ပြောခဲ့တဲ့အတိုင်း သောတာပန်ဖြစ်ပြီးပေမယ်လို့ တရားကို အလေးပြုတဲ့အတွက် ဒီလိုထပ်ပြီး မေးပြန်ပါတယ်။

## ဟေမဝတ၏ အမေး (၃)

**ကောသု’ ဓ တရတိ ဩဃံ၊**
**ကော’ဓ တရတိ အဏ္ဏဝံ၊**
**အပ္ပတိဋ္ဌေ အနာလမ္ဗေ၊**
**ကော ဂမ္ဘီရေ န သီဒတိ။**

**ဘန္တေ**-မြတ်စွာဘုရား၊ **ဣဓ**-ဤလောက၌၊ **ကော**-အဘယ်သို့သောသူသည်၊ **ဩဃံ**-ရေစီးအသွင် ကိလေသာရေအလျဉ်ကို၊ **တရတိ**- ကူးမြောက်ကျော်လွန်နိုင်ပါသနည်း။

လောကမှာ ချောင်းတွေ မြောင်းတွေထဲက ရေစီးကြောင်း ရေအယဉ်တွေဆိုတာ မြင်ဖူးနေကြတာပဲ၊ အဲဒီရေစီးကြောင်းထဲ ရောက်သွားရင် မျောပါသွားတတ်တယ်၊ ရေကူးကျွမ်းကျင်တဲ့သူမှ အဲဒီလို ရေစီးကြောင်း ရေအလျဉ်ကိုဖြတ်ပြီး ကူးနိုင်ကျော်နိုင်တယ်၊ အဲဒီလိုပဲ သံသရာမှာလည်း ကိလေသာရေစီးကြောင်း ရေအလျဉ်တွေဆိုတာရှိတယ်၊ အဲဒီ ကိလေသာရေအလျဉ်ကို ဘယ်လိုပုဂ္ဂိုလ်ဟာ ကူးမြောက် ကျော်လွန်ပါသလဲတဲ့။

**ဣဓ**-ဤလောက၌၊ **ကော**-အဘယ်သို့သောသူသည်၊ **အဏ္ဏဝံ**-ရေပြင်နက်ကျယ် မြစ်ပင်လယ်ကို၊ **တရတိ**-ကူးမြောက်ကျော်လွန်နိုင်ပါသနည်း။

http://www.dhammadownload.com



**အဏ္ဏဝံ**-ဆိုတဲ့ ပါဠိက ပင်လယ်သမုဒ္ဒရာကို ဟောတယ်၊ ဒါကြောင့် ယခုခေတ်လူငယ်တွေက ပင်လယ်ကို အဏ္ဏဝါလို့တောင် ရေးသားပြောဆိုနေကြပါတယ်၊ ဒီမှာတော့ ရေပြင်ကျယ်ကြီး နက်လည်း နက်တဲ့ မြစ်ကြီးတွေ အင်းအိုင်ကြီးတွေကိုလဲ အဏ္ဏဝါလို့ ဆိုပါတယ်၊ ဒါကြောင့် အဲဒီပုဒ်ကို ဒီမှာ "ရေပြင်နက်ကျယ် မြစ်ပင်လယ်"လို့ အနက်ပြန်ပါတယ်၊ အဲဒါကလည်း တင်စားပြီး ပြောတဲ့စကားပါပဲ၊ ဆိုလိုတာကတော့ ရုပ်နာမ်ခန္ဓာတို့၏ မပြတ်ဖြစ်နေတဲ့ အစဉ်သံသရာကို ဆိုလိုပါတယ်၊ ဒီသံသရာပင်လယ်က တစ်စိတ်တစ်ပိုင်းတွင် မဟုတ် ဘူး၊ အကုန်လုံးကျော်လွှန်ရမှာမို့ ကူးမြောက်ဖို့ရာ သာပြီးခဲယဉ်းပါ တယ်၊ ဒါကြောင့်-

**အပ္ပတိဋ္ဌေ**- အောက်၌လည်း တည်ရာထောက်ရာ မရှိသော၊ **အနာလမ္ဗေ**-အထက်၌လည်း ဆွဲကိုင်ထားစရာမရှိသော၊ **ဂမ္ဘီရေ**-နက်ကျယ်လှစွာ သံသရာပင်လယ်၌၊ **ကော**-အဘယ်သို့သော သူသည်၊ **န သီဒတိ**-မနစ်မြုပ်ဘဲရှိပါသနည်း အရှင်ဘုရား-လို့ ဆက်ပြီးလျှောက်ပါတယ်။

အဲဒီအမေးကို မြတ်စွာဘုရားက ဒီလိုဖြေတော်မူပါတယ်။

## မြတ်စွာဘုရား၏ အဖြေ (၃-ဏ)

**သဗ္ဗဒါ သီလသမ္ပန္နော၊**
**ပည ဝါ သုသမာဟိတော။**
**အဇ္ဈတ္တစိန္တီ သတိမာ၊**
**ဩဃံ တရတိ ဒုတ္တရံ။**

**ယက္ခ**-ဟေမဝတနတ်၊ **သဗ္ဗဒါ**-အခါခပ်သိမ်း၊ **သီလသမ္ပန္နော**-သီလနှင့်ပြည့်စုံသည် သီလစင်ကြယ်သည်ဖြစ်၍၊ **သတိ**

http://www.dhammadownload.com



**မာ**-အမှတ်ရမှု သတိရှိလျက်၊ **သုသမာဟိတော**-ကောင်းစွာ တည်ကြည်သော သမာဓိ ရှိသည်ဖြစ်၍၊ **အဇ္ဈတ္တစိန္တီ**-ကိုယ်တွင်းတရားကို ကြံစည်ရှုမှတ်လျက် **ပညဝါ**-လောကီလောကုတ္တရာထူးသော ဉာဏ်ပညာနှင့်ပြည့်စုံသော သူသည်၊ **ဒုတ္တရံ**-ကူးမြောက်နိုင်ခဲသော၊ **ဩဃံ**-ဩဃလေးဖြာ သံသရာရေအယဉ်ကို၊ **တရတိ**-ကျော်လွှန်ထုတ်ချောက် ကူးမြောက်နိုင်ပေ၏-လို့ ရှေ့ပိုင်းမေးခွန်းကို ဖြေကြားတော်မူပါတယ်။

လောကမှာ တသွင်သွင်စီးသွားတဲ့ ရေစီးကြောင်း ရေအလျဉ်ကို ပါဠိဘာသာဖြင့် ဩဃလို့ခေါ်တယ်၊ ဩဃခေါ်တဲ့ အဲဒီရေစီးကြောင်း ရေအလျဉ်တွေကို ရေကူးသန်တဲ့သူများသာ ကူးသန်းကျော်လွှန်နိုင်တယ်၊ ရေမကူးတတ်တဲ့ သူဟာ အဲဒီရေစီးကြောင်းထဲ ရောက်သွားရင် မျောပါသွားပြီးသေတတ်တယ်၊ အဲဒါလိုပဲ သံသရာမှာလည်း **ဩဃခေါ်တဲ့ ကိလေသာရေအလျဉ်ကြီး လေးမျိုး** ရှိတယ်၊ **ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ** ဆိုတဲ့ ဒီလေးမျိုးပါပဲ။

## ကာမရေစီးကြောင်း

နှစ်သက်ဖွယ် ကာမရေစီးကြောင်း ကာမရေအလျဉ်ခေါ်တဲ့ နှစ်သက်ဖွယ် ကာမဂုဏ်အာရုံတွေကို လိုချင်နှစ်သက် တပ်မက်တဲ့ တဏှာကို **ကာမောဃ**-ကာမရေစီးကြောင်း ကာမရေအလျဉ် ခေါ်တယ်၊ နှစ်သက်ဖွယ် ကာမအာရုံတွေကို လိုချင်နှစ်သက် တပ်မက်သာယာနေတဲ့သူတွေဟာ ဒီကာမရေလျဉ်ကြောမှာ မျောနေကြတယ်၊ ဘယ်လိုလဲဆိုရင် နှစ်သက်ဖွယ်ဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ မိန်းမ၊ ယောက်ျား၊ အသုံးဆောင်၊ ကာမဂုဏ်ဝတ္ထု

http://www.dhammadownload.com



တွေကို သာယာနှစ်သက်နေတဲ့သူတွေဟာ အဲဒီအာရုံဝတ္ထုတွေကို ရအောင် အားထုတ်ရတယ်၊ ရပြီးတော့လည်းမပျောက်ပျက်အောင် စောင့်ရှောက်ရတယ်၊ ယခုလောလောဆယ်မှာ ပြည့်စုံအောင် သတ်ခြင်း ခိုးခြင်း လုယက်ခြင်း သူတစ်ပါးအိမ်ရာကို ပြစ်မှားခြင်း လိမ်ခြင်းအစရှိတဲ့ မကောင်းမှုကိုပြုပြီး ရှာကြံစောင့်ရှောက်ကြတာ တွေလည်း ရှိတယ်၊ ကာမအာရုံသာယာ နှစ်သက်မှုကြောင့် အဲဒီလို မကောင်းမှုပြုမိလျှင် အဲဒီမကောင်းမှုက အပါယ်လေးဘုံကို ရောက် စေတတ်တယ်၊ အဲဒါဟာ ကာမရေစီးကြောင်းထဲ မျောပါပြီး အပါယ် ဘုံတွေ ရောက်သွားတာပဲ၊ အပါယ်ဘုံမှာ နစ်မြုပ်ပြီး ဆင်းရဲရတာပဲ၊ တချို့က နောက်ဘဝတွေမှာ လူချမ်းသာ နတ်ချမ်းသာရအောင် ဒါန သီလ အစရှိတဲ့ ကုသိုလ်ကိုပြုကြတယ်၊ အဲဒီကုသိုလ်ပြုတဲ့သူကို သူ့ကုသိုလ်က လူ့ဘဝ နတ်ဘဝ၌ ဖြစ်စေတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ လူချမ်းသာ နတ်ချမ်းသာတွေကို ခံစားပြီးတော့ အခိုက်အတန့် အားဖြင့် ချမ်းသာနေတယ်၊ အဲဒါဟာလည်း ကာမရေစီးကြောင်းဖြင့် မျောပါပြီး လူ့ဘုံ နတ်ဘုံ ရောက်သွားတာပဲ၊ သို့ပေမယ့် အဲဒီ ဖြစ်ရာဘဝမှာ အိုရမယ် သေရမယ် စိုးရိမ်ပူဆွေးခြင်းကိုလည်း ထိုက်သည့်အားလျော်စွာ တွေ့ရမယ်၊ အလိုမပြည့်တဲ့ ဆင်းရဲကို လည်း တွေ့ရမယ်၊ ဒါလဲ သံသရာမှာ နစ်မြုပ် နေတာပါပဲ။

## ဘဝရေစီးကြောင်း

နောက်ပြီးတော့ ဘဝကို သာယာနှစ်သက်နေတာက **ဘဝေါဃ**-ဘဝရေစီးကြောင်းပဲ၊ တချို့က ရူပဘဝဆိုတဲ့ ဘဝကောင်း ဘဝမြတ်တွေကို ရချင်တာနဲ့ **ရူပ**-အရူပဈာန်တွေကို ရအောင်အား ထုတ်ရတယ်၊ အဲဒီလို အားထုတ်လို့ **ရူပ**-အရူပဈာန်ရတဲ့သူများကို

http://www.dhammadownload.com



အဲဒီရူပဘုံအရူပဘုံများသို့ သူ့ရဲ့စျာန်ကုသိုလ်က ရောက်စေတယ်၊ ကမ္ဘာနဲ့ချီပြီး၊ အသက်ရှည်ကာ ချမ်းသာနေရတယ်၊ ဒါပေမယ့် အသက်တမ်းကုန်တဲ့အခါ အဲဒီဘုံက စုတေရပြန်တာပဲ၊ စုတေတဲ့အခါ လူ့လောက နတ်လောက ရောက်ပြီးသူများလိုပဲ ဆင်းရဲ ရပြန်တာပဲ၊ အဲဒါဟာ ဘဝရေစီးကြောင်းထဲမျောပါပြီး ခေတ္တမျှ သက်သာရာရရုံ မျှပါပဲ။

## ဒိဋ္ဌိရေစီးကြောင်း

နောက်ပြီးတော့ မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူမှားတွေဟာ ဒိဋ္ဌောဃ ဆိုတဲ့ ဒိဋ္ဌိရေစီးကြောင်းပဲ၊ အဲဒီဒိဋ္ဌိရေစီးကြောင်းတွေကတော့ အလွန်များပြားပါတယ်၊ ဟိုလူမျိုးက အယူဝါဒတစ်မျိုး၊ ဒီလူမျိုးက အယူဝါဒတစ်မျိုး၊ ဟိုအရပ်ကတစ်မျိုး၊ ဒီအရပ်ကတစ်မျိုး၊ အကွဲကွဲအပြားပြား အများကြီးပါပဲ၊ ဒါပေမယ့် အကျဉ်းချုပ်လိုက်ရင်တော့ သတ္တဝါဟာ ဘယ်တော့မှ မပျက်စီးဘဲ အမြဲတည်ရှိနေတယ်လို့ ယူတဲ့ **သဿတ** ဒိဋ္ဌိနဲ့ သေပြီးလျှင် ဘာမျှမရှိတော့ဘဲ ပျောက်သွားတယ်ဆိုတဲ့ **ဥစ္ဆေဒဒိဋ္ဌိ** ဒီအယူ ၂-မျိုးသာ အရင်းခံရှိပါတယ်၊ **ဥစ္ဆေဒ** အယူရှိတဲ့သူမှာ အကုသိုလ်ရယ်လို့ ကြဉ်ရှောင်စရာမလိုပါဘူး၊ သူအလိုရှိရာ လုပ်နိုင်တယ်၊ လောကအပြစ် ရာဇဝတ်အပြစ်ကင်းမယ်ဆိုရင် ဘာမဆို သူ့မှာ လုပ်နိုင်တယ်၊ ကုသိုလ်ရယ်လို့လည်း ပြုစရာမလိုဘူး၊ ဒါကြောင့် အဲဒီအယူရှိတဲ့သူမှာ ကုသိုလ်ကောင်းမှုမရှိဘူး၊ အကုသိုလ်ကံတွေပဲ အလွန်များနေတယ်၊ သေတဲ့အခါမှာ အဲဒီအကုသိုလ်တွေကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်ရွာသွားဖို့ပဲရှိတယ်၊ လူ့ဘဝ တဖန်ပြန်လာဖို့ရာလည်း အလွန်ခဲယဉ်းပါလိမ့်မယ်၊အဲဒါဟာ မိစ္ဆာဒိဋ္ဌိရေစီးကြောင်းထဲ မျောပြီး ဒုက္ခရောက်ရတာပဲ၊ ယခုနေအခါမှာ

http://www.dhammadownload.com



ဗုဒ္ဓတရားတော်ကို ပြောင်းပြန်လှန်ပြီး တချို့က ဟောနေကြတယ်၊ သူတို့ဟောပုံက ဒါန သီလ ကုသိုလ်ကို မလုပ်နဲ့၊ လုပ်ရင် ဒုက္ခရောက်မယ်တဲ့၊ သမထ ဝိပဿနာအလုပ်ကို အားမထုတ်နဲ့၊ အားထုတ်ရင် ဒုက္ခရောက်မယ်တဲ့၊ ဗုဒ္ဓတရားတော်နဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်တဲ့ သာသနာဖျက်တရားပါပဲ၊ အဲဒီတရားကို သဘောကျလက်ခံနေတဲ့သူတွေမှာ ဒါန သီလ ကုသိုလ်ကို မပြုတော့ အကုသိုလ်တွေချည်းဖြစ်နေမှာပဲ၊ အကုသိုလ်စိတ်တွေ အမြဲလိုပဲ ဖြစ်ပွားနေပေလိမ့်မယ်၊ အဲဒီအယူရှိတဲ့ သူတွေဟာလည်း သူတို့၏ အကုသိုလ်ကံအားလျော်စွာ အပါယ်လေးပါး သွားဖို့ရှိတာပဲ၊ ဒါလည်း ဒိဋ္ဌိရေစီးကြောင်းထဲ မျောပါသွားတာပဲ။

သတ္တဝါဟာ ဘယ်တော့မှမပျက်စီးဘူး၊ အမြဲတမ်းတည်ရှိနေတယ်လို့ ယူတဲ့လူတွေမှာတော့ နောင်ဘဝမှာ ကောင်းစားရအောင် သူတို့၏ယုံကြည်ချက်အားလျော်စွာ ပြုလုပ်တဲ့ကောင်းမှုဆိုတာ ရှိပါတယ်၊ ဒါပေမယ့် သတ္တဝါကိုသတ်ပြီး ပူဇော်တာမျိုးကတော့ ဗုဒ္ဓတရားတော်အရအားဖြင့် မကောင်းမှုတွေသာ ဖြစ်နေတယ်၊ဒါကြောင့် ဆေးမှားသောက်မိရင် ရောဂါတိုးတက်လာလို့ အပါယ်လေးပါးရောက်ပြီး ဆင်းရဲဖို့သာရှိပါတယ်၊ ဒါလည်း ဒိဋ္ဌိရေစီးကြောင်းထဲ မျောပြီး ဆင်းရဲရတာပါပဲ၊ တချို့ကလည်း ဘုရားသခင်ကို ယုံကြည်ကိုးကွယ်နေရင် စိတ်ချရတယ်လို့ ယူဆပြီး အကုသိုလ်လဲမရှောင်၊ ကုသိုလ်လည်း မပြုဘဲ နေကြတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေမှာလည်း အကုသိုလ်က အခွင့်ရလို့ အကျိုးပေးတဲ့အခါ အပါယ်လေးပါး ရောက်ဖို့ပဲ ရှိပါတယ်၊ ဒါလဲ ဒိဋ္ဌိ ရေစီးကြောင်းထဲ မျောသွားတာပါပဲ၊ အတိုချုံးပြောရရင်"သမထ ဝိပဿနာအလုပ်ကို အားထုတ်ဖို့ မလိုဘူး၊ အားထုတ်ပေမယ့် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဘူး"လို့

http://www.dhammadownload.com



အယူရှိတဲ့လူတွေဟာ သံသရာမှ မလွတ်မြောက် နိုင်ဘူး၊ သံသရာထဲမှာသာ လည်နေမယ်၊ အဲဒါလည်း ဒိဋ္ဌိရေစီးကြောင်းထဲ မျောနေတာပဲ၊ အဲဒီဒိဋ္ဌိတွေထဲမှာ သံသရာမှ လွတ်မြောက်ကြောင်း မဟုတ်တဲ့ အကျင့်ဟူသမျှ ယုံကြည်စွဲလမ်းတာကို **သီလဗ္ဗတ ပရာမာသဒိဋ္ဌိ** ခေါ်တယ်၊ နေ, လ, တော, တောင်, နတ်, ဘုရားသခင်စသည်ကို ယုံကြည်ကိုးကွယ်ရုံမျှနဲ့ ဆင်းရဲကင်းပြီး ချမ်းသာသွားမယ်လို့ ယုံကြည်ယူဆတာလည်း ရှိတယ်၊ အစာမစားဘဲနေခြင်း၊ အဝတ် မဝတ်ခြင်း၊ နေပူခံခြင်း၊ ရေစိမ်ခြင်း စသည်ဖြင့် ကိုယ်ပင်ပန်းအောင် ပြုရုံမျှဖြင့် ဆင်းရဲမှ လွတ်မြောက်မယ်လို့ ယုံကြည်ယူဆတာလည်း ရှိတယ်၊ စိတ်ကိုအလုပ်မပေးဘဲ ဘာမျှမလုပ်ဘဲ နေရုံမျှဖြင့် ဆင်းရဲမှ လွတ်မြောက်မယ်လို့ ယုံကြည်ယူဆတာလည်း ရှိတယ်၊ သီလသမာဓိ ပညာဖြစ်အောင် မကျင့်ဘဲ အဲဒီလို အလေ့အကျင့်များဖြင့် ဆင်းရဲမှ လွတ်မြောက်ပြီး အမြဲတမ်း ချမ်းသာသွားလိမ့်မယ်လို့ ယုံကြည်ယူဆတာတွေဟာ သီလဗ္ဗတပရာမာသဒိဋ္ဌိချည်းပဲ၊ အဲဒီလို အယူရှိတဲ့လူတွေလဲ သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ဘူး၊ သံသရာဘဝထဲမှာသာ ကံအားလျော်စွာ ထပ်ခါထပ်ခါ ဖြစ်နေရမှာပဲ၊ ဒါလည်း ဒိဋ္ဌိရေစီးကြောင်းထဲ မျောနေတာပါပဲ၊ ဒိဋ္ဌိရေစီးကြောင်းကလည်း အလွန်ကြောက်စရာ ကောင်းပါတယ်။

## အဝိဇ္ဇာရေစီးကြောင်း

နောက်ပြီးတော့ **အဝိဇ္ဇောဃ**-အဝိဇ္ဇာရေစီးကြောင်းဆိုတာ သစ္စာလေးပါးကို အမှန်အတိုင်းမသိဘဲ ပကတိသိနေကျအတိုင်း အလွဲသိနေတဲ့ မောဟပါပဲ၊ အကျဉ်းဆုံးချုံးပြီးပြောရရင် ဒုက္ခသစ္စာဆိုတဲ့

http://www.dhammadownload.com



ဆင်းရဲအစစ်ကို ဆင်းရဲလို့ မထင်ဘဲ ချမ်းသာထင်နေတာပါပဲ၊ ယခု လူတွေမှာ မြင်တိုင်း ကြားတိုင်း နံ့တိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ထင်ရှားပေါ်နေတာဟာ အမှန်အားဖြင့် ရုပ်နာမ်နှစ်ပါး ဒုက္ခသစ္စာ ဆင်းရဲအမှန်တရားတွေချည်းပဲ၊ ဒါပေမယ့် အများစုလူတွေက ချမ်းသာတွေ အကောင်းတွေလိုထင်နေကြတယ်၊ မထင်ပေဘူးလား၊ ကိုယ်ကြည့်ချင်တာ ကြည့်ရမြင်ရတာပဲ ကောင်းတယ်လို့ထင်တယ်၊ ကြားချင်တာကို ကြားရတာ၊ နံ့ချင်တာကို နမ်းရှူတ်ရတာ၊ စားချင်တာ စားရတာတွေလည်း ကောင်းတယ်လို့ ထင်တယ်၊ ထိချင်တာနဲ့ ထိရတွေ့ ရတာတွေလည်း ကောင်းတယ်လို့ထင်တယ်၊ ကြံစည်စဉ်းစားနေရတာလည်း ကောင်းတယ်လို့ထင်တယ်၊ အဲဒီလို အထင်လွဲတာတွေဟာ မောဟအဝိဇ္ဇာချည်းပဲ၊ ဒီအဝိဇ္ဇာကောင်းတယ်ထင်တော့ အဲဒါကိုနှစ်သက်လိုချင်တယ်၊ တဏှာဖြစ်လာတာပဲ၊ အဲဒါကို စွဲလမ်းတယ်၊ ဥပါဒါန်ဖြစ်လာတာပဲ၊ စွဲလမ်းတဲ့အတိုင်း ပြည့်စုံရအောင် ပြုလုပ်အားထုတ်တယ်၊ ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်တာပဲ၊ အဲဒီကံကြောင့် ဘဝကောင်း ဘဝဆိုးတွေမှာ ထပ်ခါထပ်ခါ ဖြစ်နေရတယ်၊ ဘုံသုံးဆယ့်တစ်ဆိုတာမှာ ဖြစ်နေကြရတာဟာ ဒီအဝိဇ္ဇာကြောင့်ပဲ၊ အထူးအားဖြင့် သုဒ္ဓါ ဝါသ ငါးဘုံကို ချန်ထားပြီး ကျန်တဲ့ နှစ်ဆယ့်ခြောက်ဘုံမှာ ဖြစ်နေကြ တာဟာ ဒီအဝိဇ္ဇာကြောင့်ပဲ၊ ဒီအဝိဇ္ဇာရေစီးကြောင်းက အောက်လည်း အဝီစိငရဲအထိစီးသွားတယ်၊ အထက်လည်း ဘဝဂ်ဆိုတဲ့ နေဝသညာ နာသညာ ဘုံအထိ စီးသွားတယ်၊ သုံးဆယ့်တစ်ဘုံမှာ ရှိသမျှသတ္တဝါတွေဟာ အထူးအားဖြင့် ခုတွင်က ပြောခဲ့တဲ့ နှစ်ဆယ့်ခြောက်ဘုံမှာ ရှိသမျှသတ္တဝါတွေဟာ ဒီအဝိဇ္ဇာရေစီးကြောင်းထဲမှာ မျောပါနေကြရတာပဲ၊ ဘူရိဒတ်ဇာတ် စမ္မေယျဇာတ်များမှာ

http://www.dhammadownload.com



ဘုရားအလောင်းတော်ဟာ နဂါးမင်းစည်းစိမ်ကို ကောင်းတယ် ထင်ပြီး တောင့်တမိလို့ မြွေနဂါးဖြစ်သွားတယ်၊ အဲဒါဟာ အဝိဇ္ဇာ ရေစီးကြောင်းထဲ မျောပါသွားတာပဲ၊ ဒီရေစီးကြောင်းကလည်း အလွန်ကြောက်စရာကောင်းပါတယ်။

ဒီ **ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ** ဆိုတဲ့ ဩဃလေးဖြာ သံသရာရေစီးကြောင်းတွေကို ကူးမြောက်ကျော်လွှန်ဖို့ရာ မလွယ်ပါဘူး၊ ကူးမြောက်နိုင်အောင် စွမ်းရည်သတ္တိတွေ လိုပါတယ်၊ ဒါကြောင့် ဟေမဝတနတ်က ဒီဩဃလေးပါးကို အဘယ်သို့သော သူသည် ကူးမြောက်ကျော်လွှန်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်၊ အဲဒီအမေးကို ဖြေရာမှာ မြတ်စွာဘုရားက ကူးမြောက်ကျော်လွှန်နိုင်မည့် ပုဂ္ဂိုလ်၏ စွမ်းရည်သတ္တိတွေကို ဒီလိုဖော်ပြတော်မူပါတယ်၊ အဲဒီအထဲမှာ ပထမဆုံး ဖော်ပြတော်မူတဲ့ စွမ်းရည်သတ္တိအရည်အချင်းကတော့-

## ကူးမြောက်နိုင်ရန် ပထမအရည်အချင်း

**သဗ္ဗဒါသီလသမ္ပန္နော**-အခါခပ်သိမ်း သီလပြည့်စုံစင်ကြယ်ရမယ်တဲ့၊ အဲဒီအရည်အချင်းဟာ တကယ်လိုတဲ့အတွက် မြတ်စွာဘုရားက ဖော်ပြထားတာပဲ၊ ဒါကြောင့် မြတ်စွာဘုရား၏ စကားတော်ကို ယုံကြည်တဲ့သူဆိုရင် “သီလစင်ကြယ်မှ ဩဃ လေးပါးကို လွန်မြောက်နိုင်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်တယ်၊” ဆိုတာကို ကိန်းသေ မှတ်ထားရမယ်၊ ဒီနေရာမှာ **သန္တတိ** အမတ်ကြီးအစရှိတဲ့ တချို့ ပုဂ္ဂိုလ်များဟာ စောစောက သီလမစင်ကြယ်ဘဲနဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို ရကြတယ်မဟုတ်လားလို့ မေးစရာ ရှိပါတယ်၊ အဲဒီလို ပါရမီထူးရှိလို့ တရားထူးက အလွယ်တကူနဲ့ ရတယ်ဆိုတာက

http://www.dhammadownload.com



ဘုရားလက်ထက်တော်ကတောင် များများ ရှိတာမဟုတ်ဘူး၊ တစ်သိန်းမှာတောင် တစ်ယောက်ရှိတာမဟုတ်ဘူး၊ အဲဒီလို ရတာက လည်း မြတ်စွာဘုရားက အဲဒီပုဂ္ဂိုလ်ရဲ့ အာသ ယ အနုသယ စသည်ကိုသိပြီး ဟောတော်မူတဲ့ အတွက်ရတာပဲ၊ အဲဒါလည်း ပုဂ္ဂိုလ် တိုင်းကို ရစေနိုင်တာမဟုတ်ဘူး၊ ဓမ္မစကြာတရားကို ဟောတော် မူစဉ်တုန်းက **ပဥ္စဝဂ္ဂီ** ထဲက **အရှင်ကောဏ္ဍည** တစ်ပါးတည်းသာ နာရုံနဲ့တရားထူးကိုရတယ်၊ ကျန်တဲ့လေးဦးဟာ တစ်ရက် နှစ်ရက် သုံးရက် လေးရက် အသီးသီးအားထုတ်ပြီးမှ သောတာပတ္တိ မဂ်ဖိုလ် ကို ရကြတယ်၊ အဲဒါဟာ တရားနာရုံနဲ့ တရားထူးကို မရနိုင်ကြတဲ့ အတွက် အဲဒီပဥ္စဝဂ္ဂီလေးဦးကို တရားအားထုတ်စေရတာပါပဲ၊ အဲဒီအချက်ကို အထူးသတိပြုထားကြရမယ်။

ဒါ့ကြောင့် တရားနာရုံနဲ့ တရားထူးကို မရနိုင်တဲ့ ပုဂ္ဂိုလ်များ မှာ နာရီပိုင်းဖြင့်ဖြစ်စေ၊ ရက်ပိုင်းလပိုင်းဖြင့်ဖြစ်စေ၊ နှစ်ပိုင်းဖြင့်ဖြစ် စေ ကြာရှည်စွာ အားထုတ်ရတယ်၊ အဲဒီလို ကြာရှည်စွာအားထုတ်ရတဲ့ ပုဂ္ဂိုဟ်မှာ ရှေးဦးစွာ သီလပြည့်စုံစင်ကြယ်ဖို့ လိုတယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားက ဒီဒေသနာမှာ"အခါခပ်သိမ်း သီလစင်ကြယ် ရမယ်"ဆိုတဲ့ အရည်အချင်းကို ရှေးဦးစွာသတ်မှတ်ပြီး ပြတော်မူ ပါတယ်၊ ဝိသုဒ္ဓိမဂ်မှာလည်း **သီလေပတိဋ္ဌာယ**-သီလ၌ တည်၍ဆို တဲ့ ဘုရားစကားတော်ကို အမှီပြုပြီးတော့ သီလစင်ကြယ်အောင် ကျင့်ပုံကို **သီလနိဒ္ဒေသ** ဆိုတဲ့ အပိုင်းဖြင့် တခမ်းတနားပြထားခြင်း ဖြစ်ပါတယ်။

**သဗ္ဗဒါသီလသမ္ပန္နော**-အခါခပ်သိမ်းသီလပြည့်စုံစင်ကြယ်ရ မယ်ဆိုတဲ့ မြတ်စွာဘုရား၏ စကားတော်ထဲမှာ အခါခပ်သိမ်းဆိုတာ က တရားအားမထုတ်မီ အားထုတ်ခါနီးကစပြီး နေ့ရောညဉ့်ရော

http://www.dhammadownload.com



အခါခပ်သိမ်း သီလစင်ကြယ်နေစေရမယ်လို့ ဆိုလိုပါတယ်၊ အဲဒီလို အခါခပ်သိမ်းစင်ကြယ်နေပါမှ မိမိသီလကို ဆင်ခြင်မိရင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သမာဓိဖြစ်နိုင်တယ်၊ သီလမစင်ကြယ်ရင်တော့ အဲဒါကို သတိရပြီးတော့ နှလုံးမသာဖြစ်ပြီး ကုက္ကုစ္စ ဖြစ်တယ်၊ အဲဒီလို ကုက္ကုစ္စဖြစ်ပြီး စိတ်ပူပန်နေရင် သုခမဖြစ်နိုင်တဲ့အတွက် သမာဓိတောင် မဖြစ်နိုင်တော့ဘူး၊ သမာဓိမဖြစ်တော့ ယထာဘူတဉာဏ်ဆိုတဲ့ ဝိပဿနာဉာဏ်လည်း မဖြစ်နိုင်ဘူး၊ မဂ်ဖိုလ်ဉာဏ်ဖြစ်ဖို့ကတော့ အလွန်ပဲ ဝေးနေပါတယ်၊ ဒါကြောင့် တရားအားထုတ်သူဟာ လူဆိုရင် အောက်ဆုံးထစ် ငါးပါးသီလပြည့်စုံစေရမယ်၊ ရဟန်းကတော့ သာပြီး အရေးကြီးပါတယ်၊ အားမထုတ်မီကတည်းက ပါတိမောက် သီလကို စင်ကြယ်စေရမယ်၊ ဒါကြောင့် မြတ်စွာဘုရားက "**သဗ္ဗဒါ သီလ သမ္ပန္နော**-အခါခပ်သိမ်းသီလနှင့် ပြည့်စုံသည် သီလစင်ကြယ်သည်ဖြစ်၍" လို့ တစ်နံပါတ် အရည်အချင်းကို ပြတော်မူပါတယ်။

## ကူးမြောက်နိုင်ရန် ဒုတိယအရည်အချင်း

နောက်ပြီးတော့ ဒုတိယပြည့်စုံဖို့လိုတဲ့ အရည်အချင်းက တော့ သမာဓိပဲ၊ ဒါပေမယ့် ဂါထာမှာ ဂါထာ၏လက္ခဏာနှင့် ညီဖို့လိုတဲ့အတွက် ပညာဝါပုဒ်ကို ဆက်ဟောထားခြင်းဖြစ်ပါတယ်၊ **ဒေသနာ**-နည်းနှင့်လျော်အောင်၊ ဒီမှာ **သတိမာ**-အမှတ်ရမှု-သတိရှိလျက်၊ **သု သမာဟိတော**-ကောင်းစွာတည်ကြည်သော သမာဓိရှိသည်ဖြစ်၍၊ သမာဓိက္ခန္ဓာချင်းတူတဲ့ သတိနှင့်သမာဓိကို တစ်ပေါင်းတည်းပူးတွဲပြီး အနက်ပြန်ထားပါတယ်၊ ဆိုလိုတာကတော့ တတ်စွမ်းနိုင်လို့ရှိရင် သီလစင်ကြယ်ပြီးတဲ့နောက် ဈာန်သမာဓိနဲ့ ပြည့်စုံ

http://www.dhammadownload.com



အောင် အားထုတ်ရမယ်၊ ဈာန်သမာပတ်ရှစ်ပါးလုံးဖြစ်စေ၊ တစ်ပါးနှစ်ပါးစသည်ဖြစ်စေ၊ ပြည့်စုံအောင် အားထုတ်ရမယ်လို့ ဆိုလိုပါတယ်၊ အဲဒါဟာ အထက်တန်းစား သာဝကတို့၏ ကျင့်စဉ်ပါပဲ၊ အပ္ပနာဈာန်ရအောင် အားမထုတ်နိုင်ရင်လည်း ဥပစာရသမာဓိဖြစ်စေ၊ ဥပစာရနှင့်တူညီတဲ့ ခဏိကဝိပဿနာသမာဓိဖြစ်စေ၊ အားထုတ်ရမယ်၊ အောက်ထစ်ဆုံးအားဖြင့် ဒီသမာဓိလောက်တော့ ပြည့်စုံပါမှ စိတ္တဝိသုဒ္ဓိ ပြည့်စုံပြီး ဝိပဿနာဉာဏ်ဖြစ်နိုင်တယ်၊ မဂ်ဖိုလ်ဉာဏ်များသို့လည်း ရောက်နိုင်တယ်၊ ဒီဥပစာရသမာဓိဝိပဿနာ ခဏိကသမာဓိလောက်မှ မပြည့်စုံရင်တော့ စိတ္တဝိသုဒ္ဓိ မပြည့်စုံတဲ့အတွက် ဝိပဿနာဉာဏ်အစစ်မဖြစ်နိုင်ဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ပြည့်စုံရမယ့် နှစ်နံပါတ်အရည်အချင်းကို "**သတိမာ**-အမှတ်ရမှု သတိရှိလျက်၊ **သုသမာဟိတော**-ကောင်းစွာတည်ကြည်သော သမာဓိရှိသည်ဖြစ်၍"လို့ သတ်မှတ်ပြီး ပြတော်မူပါတယ်။

## ကူးမြောက်နိုင်ရန် တတိယအရည်အချင်း

နောက်ပြီးတော့ ပြည့်စုံရမည့် တတိယအရည်အချင်းအင်္ဂါကတော့ **ပညာ** ပဲ၊ အဲဒီ **ပညာ** ဖြစ်အောင် ရှုပုံနှင့်တကွ ပြတော်မူလိုတဲ့အတွက် ဒီမှာ **အဇ္ဈတ္တစိန္တီ**-ကိုယ်တွင်းတရားကို ကြံစည်ရှုမှတ်လျက် ဆိုတဲ့ပုဒ်ကိုလည်း ဖော်ပြထားတယ်၊ ဒီနေရာမှာ အဇ္ဈတ္တအရ **နိယကဇ္ဈတ္တ** ဖြစ်ကြောင်း အဋ္ဌကထာက ဖွင့်ပြထားပါတယ်၊ **နိယကဇ္ဈတ္တ** ဆိုတာ ဝိပဿနာရှုသူ၏ကိုယ်တွင်း၌ တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားပဲ၊ အဲဒီကိုယ်တွင်းတရားကို ရှုမှ အမှန်အတိုင်းသိနိုင်တာ၊ သူတစ်ပါး သန္တာန်ကတရားကို ကြံဆပြီး ရှုလျှင်

http://www.dhammadownload.com



အမှန်အတိုင်းမသိနိုင်ဘူး၊ စဉ်းစားကြည့်ပါ၊ လူတစ်ယောက် ဝမ်းသာနေတယ်လို့ ထင်ပေမယ့် ထိုသူ့မှာ စိတ်နှလုံးမသာ ဖြစ်နေဆဲလည်း ဖြစ်နိုင်တယ်၊ ကုသိုလ်ဖြစ်နေတယ်လို့ ထင်ရပေမယ့် ထိုသူမှာ အကုသိုလ်ဖြစ်နေဆဲလည်း ဖြစ်နိုင်တယ်၊ ကိုယ်တွင်းတရားကတော့ မိမိသန္တာန်ထင်ရှားနေတာမို့ အမှန်အတိုင်း သိနိုင်ပါတယ်၊ ရှုရင်သိနိုင်တာ သေချာပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက "**အဇ္ဈတ္တစိန္တ**-ကိုယ်တွင်းတရားကိုကြံစည်ရှုမှတ်လျက်"လို့ ရှုရမည့်တရားကို ဖော်ပြထားပါတယ်၊ အဲဒီမှာ ကြံစည်ဆိုပေမယ့် ခက်ခက်ခဲခဲ ကြံနေရတာ မဟုတ်ပါဘူး၊ **သတိပညာ** ဖြင့် စူးစိုက်ပြီး ရှုနေရင် ထင်ရှားသိတော့တာပါပဲ၊ ရှုတယ်ဆိုတာ **ဈာယတိ**-ပုဒ်၏ အနက်ပဲ၊ စိန္တေတိနှင့် ဈာယတိ ဒီနှစ်ပုဒ်ဟာ အနက်အတူတူပါပဲ၊ မြတ်စွာဘုရားက **ဈာယထ မာပမာဒတ္ထ**-ရှုကြ မေ့မနေကြနဲ့လို့ ဩဝါဒပေးလေ့ရှိတယ်၊ နောက်ပြီးတော့ "**သလ္လက္ခဏာ**-မှတ်ခြင်းဟူသည်မှာ ဝိပဿနာ ရှုခြင်းပင်ဖြစ်သည်"လို့ ဖွင့်ပြထားတဲ့ ဝိသုဒ္ဓိမဂ်နှင့်အညီ ရှုတယ်ဆိုတာနဲ့ မှတ်တယ်ဆိုတာလည်း အနက်တူပါပဲ၊ ဒါကြောင့် "**အဇ္ဈတ္တစိန္တ**-ကိုယ်တွင်းတရားကို ကြံစည်ရှုမှတ်လျက်" လို့ မြန်မာပြန်ထားပါတယ်။

## ဧကောဝမ္မော အရမ်းပြောနေကြသည်

ဈာန်ရတဲ့ ပုဂ္ဂိုလ်မှာ ဈာန်ဝင်စားပြီး အဲဒီဈာန်ကို ရှုရတယ်၊ အဲဒီကနောက် မြင်မှု ကြားမှု အစရှိသော ပေါ်ရာပေါ်ရာ **ပကိဏ္ဏက**-ပြိုးပြွမ်းတရားကိုလည်း ရှုရတယ်၊ ဈာန်မရတဲ့ ပုဂ္ဂိုလ်မှာတော့ ဈာန်မရှိတဲ့အတွက် ဈာန်ကိုမရှုနိုင်ဘူး၊ မြင်မှုကြားမှု အစရှိသော မိမိကိုယ်ထဲက ပေါ်ရာပေါ်ရာတရားတွေကိုသာလိုက်ပြီး ရှုနေ

http://www.dhammadownload.com



ရတယ်၊ အဲဒီဟာ ပကိဏ္ဏက သင်္ခါရခေါ်တဲ့ ပြိုးပြွမ်းရုပ်နာမ်တွေကို
ရှုနေတာပါပဲ၊ တချို့ က ဒီလို ပေါ်ရာပေါ်ရာလိုက်ရှုနေတာကို
သမာဓိပျက်တယ် ပျံ့လွင့်တယ်လို့လည်း အပြစ်တင်ပြီး ပြောနေ
ကြတယ်၊ **ဧကော ဓမ္မော** မဖြစ်ဘူးလို့လည်း ပြောနေကြတယ်၊
အဲဒီပြောနေတဲ့သူတွေဟာ ဝိပဿနာရှုပုံအကြောင်း နားမလည်လို့
ပြောနေကြတာပါပဲ။

အမှန်ကတော့ ဝိပဿနာဆိုတာ တရားတစ်ခုတည်းကိုသာ
ရှုရတာမဟုတ်ဘူး၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ရှား
ရာကို ရှုရတယ်၊ အဲဒီလို မရှုရင် အဲဒီထင်ရှားတဲ့တရားကို နိစ္စ
သုခ အတ္တ အနေအားဖြင့် ထင်မှတ်စွဲလမ်းတယ် စွဲလမ်းတဲ့ ဥပါဒါန်
ကြောင့် ကံဖြစ်ပြီး ဘဝသစ်ရုပ်နာမ်ဆင်းရဲတွေ ဖြစ်ပွားတယ်၊
ဝိပဿနာ ရှုတယ်ဆိုတာ အဲဒီမှားတဲ့ ထင်မှတ်စွဲလမ်းမှုတွေ ကင်းပြီး
ကံတို့ ဘဝသစ် ဆင်းရဲတို့ မဖြစ်အောင် ရှုရတာပဲ၊ ဒါကြောင့်
မိမိသန္တာန်မှာ ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တရားတွေကို အနိစ္စ
ဒုက္ခ အနတ္တသ ဘောမှန်အတိုင်းသိအောင် ရှုမှတ်ရတယ်၊ အဲဒီလို
ပေါ်လာသမျှကို အကုန်လုံးရှုပြီးသိဖို့ရာ မြတ်စွာဘုရားက **သဗ္ဗံ
အဘိဉ္ဉေယျံ**-အလုံးစုံကို ရှေ့ရှုသိရမယ်-လို့ ဟောတော်မူခဲ့ပါတယ်၊
**ဧကော ဓမ္မော**-တရားတစ်ခုတည်းကိုသာ ရှုမှတ်ရမယ်လို့
ဆိုတာကတော့ ပါဠိတော်လည်း မရှိဘူး၊ အဋ္ဌကထာဋီကာလည်း
မရှိဘူး၊ အင်္ဂုတ္တရပါဠိနှင့် ဒသုတ္တရ သုတ်များမှာ တစ်ခုသောတရား
ကို ပွားစေရမယ်လို့ ဟောထားတာ ရှိပါ တယ်၊ အဲဒါကလည်း
ကာယဂတာ သတိကိုပွားစေဖို့ ဟောတာပဲ၊ တစ်ခုတည်းသော
တရားကိုသာ ရှုဖို့ ဟောတာမဟုတ်ဘူး၊ အဲဒီသုတ်များမှာ ဒွေဓမ္မာမှ
**ဒသမဓမ္မာ**-တိုင်အောင်လည်း ပွားစေရမည့် တရား သိရမည့်

http://www.dhammadownload.com



တရားတို့ကို ၁၀-ပါးအထိ ဟောထားတာရှိပါတယ်၊ ဒါကြောင့် ယခု လူတွေက **ဧကော ဓမ္ဗော၊ ဧကော ဓမ္ဗော** လို့ ပြောနေကြတာ ဟာ ဘာမျှမသိဘဲနဲ့ ရမ်းပြီးပြောနေခြင်း မျှသာ ဖြစ်တယ်၊ အဲဒီလို ရမ်းပြီး မပြောမိအောင်လည်း သတိပြုကြရမယ်။

ယခုပြောခဲ့တဲ့အတိုင်း ကိုယ်တွင်းတရားတွေကို ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးရှုမှတ်နေလျှင် သမာဓိပြည့်စုံတဲ့အခါမှာ ရုပ်နာမ် ၂-ပါးကို ပိုင်းခြားသိတဲ့ ပညာလည်း ဖြစ်တယ်၊ အကြောင်းနဲ့အကျိုးကို ပိုင်းခြားသိတဲ့ ပညာလည်းဖြစ်တယ်၊ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ပိုင်းခြားသိတဲ့ ဝိပဿနာလဲဖြစ်တယ်၊ အဲဒီ ဝိပဿနာ ပညာ ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ် လေးပါးထဲ အစဉ်အတိုင်းဖြစ်တယ်၊ ဒါကြောင့် **အဇ္ဈတ္တစိန္တီ**-ကိုယ်တွင်းတရားကို ကြံစည်ရှုမှတ်လျက်၊ **ပညဝါ**- လောကီ ဝိပဿနာပညာနှင့် လောကုတ္တ ရာအရိယမဂ်ပညာ ဟူသော ထူးသော ဉာဏ်ပညာနှင့် ပြည့်စုံသူ သည် ဒုက္ခရဲ-ကူးမြောက်နိုင်ခဲသော၊ **ဩဃံ**-ဩဃလေးဖြာ သံသရာ ရေလျဉ်ကို၊ **တရတိ**- ကျော်လွှန် ထုတ်ချောက် ကူးမြောက်နိုင်ပေသည်- လို့ မြတ်စွာဘုရားက ဖြေကြားတော်မူပါတယ်။

အဲဒီဂါထာကို ဘုန်းကြီးက "သီလသန့်ရှင်း အတွင်းမှာပင်၊ ကြံရှုမှုရှိ သတိထင်လျှင် စိတ်တည်ကြည်ရင်း ဉာဏ်လင်းသိမြင် ဩဃ များ ကူးသွားယောဂီရှင်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါဆိုကြရမယ်။

http://www.dhammadownload.com



## အဖြေဆောင်ပုဒ် (၃-က)

**သီလသန့်ရှင်း အတွင်းမှာပင်၊**
**ကြံရှုမှုရှိ သတိထင်လျှင်၊**
**စိတ်တည်ကြည်ရင်း ဉာဏ်လင်းသိမြင်၊**
**ဩဃများ ကူးသွားယောဂီရှင်။**

အဲဒီမှာ သီလသန့်ရှင်း-ဆိုတဲ့စကားဖြင့် သီလပြည့်စုံ စင်ကြယ်ရမယ်လို့ ဆိုလိုပါတယ်၊ အတွင်းမှာပင် ဆိုတဲ့စကားကိုကြံရှုမှုဆိုတဲ့စကားနဲ့ ဆက်စပ်ယူရမယ်၊ ဒါကြောင့် "အတွင်းမှာပင် ကြံ ရှုမှုရှိ သတိထင်လျှင်" ဆိုတဲ့စကားဖြင့် "အမှတ်သတိထင်ပြီး ကိုယ်တွင်းတရားကို ကြံမှု ရှုမှုရှိနေလျှင်" အနက်ဖော်ရမယ်၊ အဲဒီလို အမှတ်သတိထင်ပြီး ရှုနေတော့ ဘာဖြစ်လာမလဲဆိုရင် စိတ်တည်ကြည်မှု သမာဓိဖြစ်လာမယ်၊ စိတ်တည်ကြည်တော့ ရုပ်နာမ်တရားတွေကို သိမြင်တဲ့ဉာဏ်လည်း ဖြစ်လာမယ်၊ နိဗ္ဗာန်ကိုမြင်တဲ့ အရိယမဂ်ဉာဏ်လည်း ဖြစ်လာမယ်၊ ဒါကြောင့် စိတ်တည်ကြည်ရင်း ဉာဏ်လင်းသိမြင်လို့ဆိုထား ပါတယ်၊ အဲဒီလိုသိမြင်တော့ ဘာဖြစ်သလဲဆိုရင် လေးပါးသော ဩဃတို့ကို ကျော်လွှန် ကူးမြောက်သွားတယ်၊ အဲဒါကို "ဩဃများ ကူးသွားယောဂီရှင်"လို့ ဆိုထားပါတယ်။

ကူးသွားပုံကတော့- သောတာပတ္တိမဂ်ဉာဏ်ဖြ[illegible]ဗ္ဗာန်ကို မြင်ရင် ဒိဋ္ဌိရေစီးကြောင်း **ဒိဋ္ဌောဃ**ကို ကူးမြောက်ကျော်လွှန်သွားတယ်၊ ဒါကြောင့် သောတာပန်မှာ အတ္တကောင် အသက်ကောင် တကယ်ရှိတဲ့အနေအားဖြင့် ထင်မြင်စွဲလမ်းမှုမရှိတော့ဘူး၊ သတ္တဝါဟာ ပျက်စီးခြင်းမရှိဘဲ၊ အမြဲတည်နေတယ်ဆိုတဲ့ **သဿတဒိဋ္ဌိ** တည်မြဲ အယူမှားလည်း မရှိတော့ဘူး၊ သေပြီးရင် ဘာမျှမရှိတော့ဘဲ ပြက်စဲသွားတယ်ဆိုတဲ့ **ဥစ္ဆေဒဒိဋ္ဌိ** ပြတ်စဲအယူမှားလည်း မရှိ တော့

http://www.dhammadownload.com



ဘူး၊ သီလသမာဓိ ပညာဖြစ်အောင် မကျင့်ဘဲ အလေ့အကျင့် တစ်စုံ တစ်ခုမျှဖြင့် သံသရာဆင်းရဲမှ လွတ်တယ်လို့ ယုံကြည်တဲ့ **သီလဗ္ဗတ ပရာမာသဒိဋ္ဌိ** လည်း မရှိတော့ဘူး၊ ဒါကြောင့် သောတာပန်မှာ ဘုရား တရား သံဃာ အစစ်အမှန်ကို ယုံကြည်မှု ကြည်ညိုမှုဟာ ဘယ်တော့မှ မပျက်တော့ဘူး၊ သီလ သမာဓိဖြစ်အောင် ကျင့်ရ တဲ့ အကျင့်သိက္ခာနှင့်စပ်ပြီး ယုံမှားမှုလည်း မဖြစ်တော့ဘူး၊ မိမိ၏ အကျင့်သိက္ခာကို ခိုင်ခိုင်မြဲမြဲ ယုံကြည်နေတော့တာပဲ၊ သောတာပန် မဖြစ်သေးတဲ့သူတွေမှာတော့ ဟိုအယူက ဟုတ်နိုးနိုး၊ ဒီအယူကဟုတ် နိုးနိုး၊ ဟိုဆရာက သိနိုးနိုး၊ ဒီဆရာက သိနိုးနိုးနဲ့ ယုံကြည်မှုသဒ္ဓါ လည်း မခိုင်ဘူး၊ အယူလည်း မခိုင်ဘူး၊ ဒါကြောင့် မိစ္ဆာအယူတွေ ဆရာအတုတွေကိုလည်း အဟုတ်ထင်ပြီး လိုက်နာကျင့်သုံး ရတဲ့ အတွက် သံသရာတစ်လျှောက်လုံးမှာ ဒုက္ခတွေကို အများကြီး တွေ့ နေရတယ်၊ သောတာပန်မှာ အဲဒီလို ဒုက္ခတွေလည်း ကင်းသွား ပြီး အပါယ်ဆင်းရဲတွေမှ လွတ်သွားပြီ၊ ခုနစ်ဘဝထက် ပိုလွန်ပြီးဖြစ် မည့် ဘဝဆင်းရဲတွေလည်း ကင်းသွားပြီ၊ ဒါကြောင့် ဒီ ဒိဋ္ဌိရေစီး ကြောင်းကို လွန်မြောက်ရုံနဲ့ပဲ ကျေးဇူးများလှပါပြီ။

သောတာပန်ဖြစ်ပြီးတဲ့နောက် အထက်မဂ်ဖိုလ်များကိုရ အောင် ကိုယ်တွင်းတရားကို ဆက်ပြီးရှုနေရင် ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ သကဒါဂါမိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့ မြင်တယ်၊ အဲဒီအခါမှာ ကျန်တဲ့ရေစီးကြောင်း ၃-ခုထဲက ကာမရာဂ ဆိုတဲ့ ရေစီးကြောင်းကို အားနည်းစေရုံလောက်ပဲ ကျော်လွန်နိုင် တယ်၊ ကြမ်းတမ်း ပြင်းထန်တဲ့ ကာမရေစီးကြောင်းကို ကျော်လွန် သွားတယ်လို့ ဆိုလိုပါတယ်၊ ဒါပေမယ့် သိမ်မွေ့တဲ့ကာမရေစီး ကြောင်းကတော့ ကျန်နေသေးတာပဲ၊ အဲဒါကို ကျော်လွန်အောင် ကူးဖို့လိုပါတယ်။

http://www.dhammadownload.com



သကဒါဂါမ်က ကိုယ်တွင်းတရားကို ဆက်လက်ရှုလို့ အနာဂါမိမဂ်ဖိုလ်ရောက်ပြီး အနာဂါမ်ဖြစ်သွားရင် ကာမရေစီးကြောင်းကို ကျော်လွန်သွားတယ်၊ ကာမဂုဏ်အာရုံတွေနဲ့စပ်ပြီး နှစ်သက်သာယာမှုမရှိတော့ဘူး၊ ဘယ်လိုအစာကိုစားချင်တယ်၊ဘယ်လိုအစာကို မစားရရင် မနေနိုင်ဘူးဆိုတာမျိုး မရှိတော့ဘူး၊ ဆေးလိပ်တို့ ကွမ်းတို့ စွဲလမ်းတာမျိုးလည်း မရှိတော့ဘူး၊ ကာမဂုဏ်အာရုံတွေနဲ့စပ်ပြီး စိတ်ကူးကြံစည်မှု တောင့်တမှုမရှိတဲ့အတွက် တော်တော်ကို ချမ်းသာသွားပြီ၊ ဗျာပါဒဒေါသဆိုတာလည်း ကင်းနေတဲ့အတွက် စိတ်ဆင်းရဲ လည်း မရှိတော့ဘူး၊ ကာမဘဝ၌ ဖြစ်ခြင်းမရှိတဲ့အတွက် ကာမဘုံ နှင့်စပ်တဲ့ ဆင်းရဲတွေလည်း ငြိမ်းသွားပြီ၊ ဒါပေမယ့် ဘဝကို တွယ်တာတဲ့ ဘဝရာဂရေစီး ကြောင်းကတော့ ရှိနေသေးတာပဲ။

ဒါကြောင့် အဲဒီဘဝတဏှာရေစီးကြောင်းကို လွန်မြောက်ရအောင် ကိုယ်တွင်းတရားကိုဆက်ပြီးရှုနေရင် ဉာဏ်ရင့်သန်ပြည့်စုံတဲ့အခါမှာ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်၊ အဲဒီအခါမှာ ဘဝတဏှာရေစီးကြောင်းနှင့် အဝိဇ္ဇာရေစီးကြောင်းကို ကျော်လွန်သွားတယ်၊ ဩဃခေါ်တဲ့ ရေစီးကြောင်း ၄-ခုလုံးကို ကူးမြောက်ကျော်လွန်သွားတာပဲ၊ အဲဒီလို ကျော်လွန်ပုံကို ရည်ပြီးတော့ "သီလသန့်ရှင်း အတွင်းမှာပင်၊ ကြံရှုမှုရှိ သတိထင်လျှင်၊ စိတ်တည်ကြည်ရင်း ဉာဏ်လင်းသိမြင်၊ ဩဃများ ကူးသွားယောဂီရှင်"လို့ ဆိုထားပါတယ်၊ အဲဒီဂါထာဖြင့် အရဟတ္တမဂ်ရောက်အောင် သေက္ခပုဂ္ဂိုလ်၏ အားထုတ်ပုံကိုပြတဲ့အကြောင်း အဋ္ဌကထာမှာပြဆိုထားပါတယ်၊ အဲဒီလို အားထုတ်ပုံကို ပြပြီးတော့ ရဟန္တာဖြစ်တဲ့အခါ သံသရာ ပင်လယ်ကို ကျော်လွန်ပြီး အဲဒီပင်လယ်ထဲ မနစ်တော့တဲ့ အကြောင်းကို ဒီလိုဖြေ ရှင်းဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရား အဖြေ (၃-၁)

**ဝိရတော ကာမသညာယ၊**
**သဗ္ဗသံယောဇနာတိဂေါ။**
**နန္ဒီဘဝပရိက္ခီဏော၊**
**သော ဂမ္ဘီရေ န သီဒတိ။**

**ယက္ခ**-ဟေမဝတနတ်၊ **ကာမသညာယ**- ကာမအာရုံ၌ မှတ်စွဲလျက်ဖြစ်သောကာမသညာမှ၊**ဝိရတော**- ကြဉ်ရှောင်ကင်းကွာသည် ဖြစ်၍၊ **သဗ္ဗသံယောဇနာတိဂေါ**-သံယောဇဉ် ခေါ်သည့် ချည်နှောင် ကြိုးအားလုံးကို လွန်မြောက်ပြီးသော၊ **သော**-ထိုသို့သော ရဟန္တာပုဂ္ဂိုလ်သည်၊ **နန္ဒီဘဝပရိက္ခီဏော**-နှစ်သက်တပ်စွဲသည့် နန္ဒီရာဂနှင့်ဖြစ်ရမည့် ဘဝအားလုံးကုန်ဆုံးပြီးသည်ဖြစ်၍၊ **ဂမ္ဘီရေ**-စွဲကိုင်စရာလည်း ကင်းသည် ထောက်တည်စရာလည်း ကင်းပ နက်လှစွာသော သံသရာပင်လယ်ထဲ၌၊ **နသီဒတိ**- မနစ်မြုပ်တော့ဘဲ အမြဲပေါ်ကာ ချမ်းသာလျက် ရှိပေတော့သည်တဲ့။

ပထမဂါထာအရ အရိယမဂ်လေးပါး ရသည့်တိုင်အောင် ရှုမှတ်အားထုတ်ခဲ့ပြီးသော ပုဂ္ဂိုဟ်ဟာ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်နေပါတယ်၊ အဲဒီရဟန္တာပုဂ္ဂိုဟ်မှာ မဂ်လေးပါးဖြင့် အသီးသီးပယ်ခဲ့ပြီဖြစ်သောကြောင့် ကာမဂုဏ်မှာ တပ်စွဲတဲ့ ကာမရာဂ သံယောဇဉ်လည်း မရှိတော့ဘူး၊ ဘဝရာဂအစရှိသော အခြားသံယောဇဉ်လည်း မရှိတော့ဘူး၊ ဒါကြောင့် ကာမဘဝ ရူပဘဝ အရူပဘဝဆိုတဲ့ ဘဝ သုံးပါးမှာနှစ်သက်သာယာပြီး ပျော်မွေ့တဲ့ နန္ဒီရာဂလည်း ကင်းနေပြီ၊ အဲဒီနန္ဒီရာဂကင်းနေတဲ့အတွက် ဘဝအသစ်လည်း ထပ်ပြီးမဖြစ်တော့ဘူး၊ ဖြစ်ထိုက်သည့် ဘဝတွေကလည်း လုံးဝကုန်နေပြီ၊ ဒါကြောင့် အဲဒီရဟန္တာ ပုဂ္ဂိုဟ်ဟာ

http://www.dhammadownload.com



အထက်မှာလည်း စွဲကိုင်ထားစရာမရှိတဲ့ပြင် အောက်မှာလည်း ထောက်တည်စရာမရှိတဲ့ အလွန်လဲနက်ကျယ်တဲ့ အဲဒီ သံသရာ ပင်လယ်ထဲမှာ မနစ်မြုပ်တော့ဘူး၊ လုံးဝလွတ်မြောက်သွားပြီ၊ ရဟန္တာသာ လွတ်မြောက်တာမဟုတ်ဘူး၊ အနာဂါမ်လည်း တစ်စိတ် တစ်ပိုင်းတော့ လွတ်မြောက်တယ်၊ ကာမသံသရာထဲမှာ မနစ်မြုပ်ဘဲ တစ်စိတ်တစ်ဒေသတော့ လွတ်မြောက်တယ်လို့ ဆိုနိုင်ပါတယ်၊ သကဒါဂါမ်လဲ ကာမဘုံမှာ ၂-ဘဝထက်ပိုလွန်ပြီးဖြစ်မည့် သံသရာ မှ လွတ်မြောက်တယ်၊ သောတာပန်လည်း ကာမဘုံမှာ ခုနစ်ဘဝ ထက်ပိုလွန်ပြီးဖြစ်မည့် ဘဝသံသရာမှ လွတ်မြောက်တယ်၊ အပါယ် သံသရာမှတော့ လုံးဝပဲ လွတ်မြောက်တယ်၊ အပါယ်သံသရာမှာ မနစ်မြုပ်တော့ဘူး၊ ပုထုဇဉ်မှာတော့ ဘယ်လိုကုသိုလ် ကောင်းမှု မျိုးနှင့် ပြည့်စုံနေပေမယ့်လို့ စိတ်မ ချရဘူး၊ အပါယ် ဘဝလည်း ကျသွားနိုင်သေးတာပဲ၊ အဲဒါဟာ အထက်မှာလည်း ဆွဲကိုင်ထား စရာမရှိလို့ အောက်မှာလည်း ထောက်တည်စရာ ကျောက်ဆောင် စသည် မရှိလို့ နစ်မြုပ်သွားနိုင်တဲ့ ပင်လယ်ကြီးလို နက်ကျယ်တဲ့ အင်းအိုင်ကြီး မြစ်ကြီးလိုပင် ပုထုဇဉ်တွေအတွက် အင်မတန် ကြောက်စရာကောင်းတဲ့ သံသရာပင်လယ်ကြီးပါပဲ၊ ဒါကြောင့် ယခု နေအခါဟာ အဲဒီကြောက်စရာကောင်းတဲ့ သံသရာပင်လယ်ကြီးမှ လွတ်မြောက်ရအောင် ကြိုးစားအားထုတ်ဖို့ အလွန်ပင် သင့်လျော် နေတဲ့ အချိန်ကောင်း ကာလကောင်းကြီးပါပဲ။

အောက်ထစ်ဆုံးအားဖြင့် အပါယ်သံသရာပင်လယ်ထဲ မနစ်မြုပ်ရအောင် ကြိုးစားသင့်တယ်၊ တတ်နိုင်ရင်တော့ ဘဝသုံး ပါး ဘုံသုံးဆယ့်တစ်ဆိုတဲ့ သံသရာပင်လယ်ကြီး အကုန်လုံးမှာ မနစ် မြုပ်နိုင်တော့ဘဲ လုံးဝလွတ်မြောက်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်

http://www.dhammadownload.com



ရောက်အောင်ကြိုးစားအားထုတ်ဖို့ပါပဲ၊ အရဟတ္တဖိုလ်ရောက်လို့ ရဟန္တာဖြစ်သွားရင်တော့ ကာမသညာလည်း ကင်းတယ်၊ အခြား သံယောဇဉ် ဟူသမျှလည်း ကင်းတယ်၊ နန္ဒီရာဂလည်း ကင်းတယ်၊ ဒါကြောင့် ဘယ်ဌာနမှာမှ ဘဝ အသစ်မဖြစ်တော့ဘူး၊ သံသရာ ပင်လယ်မှာ မနစ်မြုပ်တော့ဘူး၊ အဲဒီအနက်ကို ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်၊ "ကာမဂုဏ်ထဲ တပ်စွဲရှောင်ကြဉ်၊ (ကာမ သညာဆိုတဲ့ ကာမရာဂကင်းတယ်လို့ပဲ ဆိုလိုပါတယ်) သံယောဇဉ် များ လွန်သွားလေလျှင် (နှောင်ကြိုးများနှင့် အလားတူတဲ့ သံယောဇဉ်များ အကုန်ကင်းတယ်လို့ပဲ ဆိုလိုပါတယ်) နန္ဒီ ရာဂဘဝကုန်စင်၊ (ထိုထိုရရာ အာရုံရောက်ရာဘဝမှာ နှစ်သက် ပျော်မွေ့တတ်တဲ့ နန္ဒီရာဂလည်း ကုန်သွားပြီ ကင်းသွားပြီ ဒါကြောင့် ဖြစ်ရမည့်ဘဝလည်း ကုန်သွားပြီ ကင်းသွားပြီလို့ ဆိုလိုပါတယ်) ပင်လယ် မြစ်မနစ်ယောဂီရှင်၊ (အထက်မှာလည်း ဆွဲကိုင်စရာ မရှိဘူး၊ အောက်မှာလည်း ထောက်တည်စရာ မရှိဘူး၊ အလွန်နက် အလွန်ကျယ်တဲ့ ပင်လယ်ကြီး မြစ်ကြီး အင်းအိုင်ကြီးလို့ တင်စားပြီး ခေါ်ရတဲ့ သံသရာထဲမှာ မနစ်မြုပ်တော့ဘူး၊ အဲဒီ သံသရာပင်လယ် ကြီး မြစ်ကြီးမှ လုံးဝလွတ် မြောက်သွားပြီလို့ ဆိုလိုပါတယ်)၊ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

**အဖြေဆောင်ပုဒ် (၃-၁)**

**ကာမဂုဏ်ထဲ တပ်စွဲ ရှောင်ကြဉ်၊**
**သံယောဇဉ်များ လွန်သွားလေလျှင်၊**
**နန္ဒီရာဂ ဘဝကုန်စင်၊**
**ပင်လယ်မြစ် မနစ်ယောဂီရှင်။**

http://www.dhammadownload.com



ဟေမဝတသုတ်မှာ မြတ်စွာဘုရားဟောကြားတဲ့တရားသားကတော့ ပြည့်စုံသွားပါပြီ၊ ဟေမဝတနတ် ချီးကျူးတဲ့စကားနဲ့ ဝမ်း မြောက်ဝမ်းသာကြွေးကြော်တဲ့စကားလောက်သာ ကျန်ပါတော့တယ်၊ မြတ်စွာဘုရား၏စကားကိုကြားနာရပြီး တရားထူးကိုရလို့ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးများကိုလည်း ဉာဏ်ဖြင့် တွေ့မြင်ရတဲ့အတွက် ဟေမဝတနတ်က အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မြတ်စွာဘုရား အားဒီလိုချီးကျူးပါတယ်။

**ဟေမဝတ၏ချီးကျူးပုံ**

**ဂမ္ဘီရပညံ နိပုဏတ္ထဒဿိံ၊**
**အကိဉ္စနံ ကာမဘဝေ အသတ္တံ။**
**တံ ပဿထ သဗ္ဗဓိ ဝိပ္ပမုတ္တံ၊**
**ဒိဗ္ဗေ ပထေ ကမမာနံ မဟေသိံ။**

**မာရိသာ**-အချင်းနတ်တို့၊ **ဂမ္ဘီရပညံ**-နက်နဲသောပညာနှင့်ပြည့်စုံတော်မူသော၊ **နိပုဏတ္ထဒဿိံ**-သိမ်မွေ့နက်နဲသိနိုင်ခဲသော အကြောင်းအရာဟူသမျှကို မြင်တော်မူသော၊ **အကိဉ္စနံ**-ရာဂစသည်ဖြင့် ကြောင့်ကြမှု ကင်းတော်မူသော၊ **ကာမဘဝေ**-နှစ်ပါးသောကာမ၊ သုံးပါးသောဘဝ၌၊ **အသတ္တံ**-ငြိကပ်ခြင်းမရှိသဖြင့် တွယ်တာခြင်း ကင်းတော်မူသော၊ **သဗ္ဗဓိ**-အလုံးစုံသော ခန္ဓာစသည်တို့၌၊ **ဝိပ္ပမုတ္တံ**- ကင်းလွတ်တော်မူသော၊ **ဒိဗ္ဗေပထေ**-သမာပတ်ရှစ်ပါးဟူသော ဒိဗ္ဗ ဝိဟာရလမ်း၌၊ **ဝါ**-ဝိသုဒ္ဓိနတ်မည်သော ရဟန္တာတို့၏ ငြိမ်သက်သော ဝိဟာရဟူသော ဖလသမာပတ်လမ်း၌၊ **ကမမာနံ**-ကွန့်မြူးကြွသွား နေတော်မူသော၊ **တံ မဟေသိံ**-ထိုမြတ်စွာဘုရားကို၊ **ပဿထ**-ဖူးမြင်ကြပါကုန်လော့။

http://www.dhammadownload.com



**အနောမနာမံ နိပုဏတ္ထဒဿိံ၊**
**ပညာဒဒံ ကာမာလယေ အသတ္တံ။**
**တံ ပဿထ သဗ္ဗဝိဒုံ သုမေဓံ၊**
**အရိယေ ပထေ ကမမာနံ မဟေသိံ။**

**မာရိသာ**-အချင်းနတ်တို့၊ **အနောမနာမံ**-မြင့်မြတ်သော ဂုဏ်တို့နှင့်စပ်သည့် အမည်ရှိတော်မူသော၊ **နိပုဏတ္ထဒဿိံ**-သိမ်မွေ့နက်နဲသိနိုင်ခဲသော အကြောင်းအရာဟူသမျှကို မြင်တော်မူသော၊ **ပညာဒဒံ**-လောကီလောကုတ္တရာဉာဏ်ပညာကို ပေးတော်မူတတ်သော၊ **ကာမာလယေအသတ္တံ**-ကာမတို့၌ တွယ်တာသော တဏှာဒိဋ္ဌိ၌ မငြိတွယ်လျှင် ကင်းရှင်းတော်မူသော၊ **ဝါ**-တွယ်တာဖွယ် ကာမဂုဏ်၌ မငြိမတွယ်စင်ကြယ်တော်မူသော၊ **သဗ္ဗဝိဒုံ**-အလုံးစုံကို သိတော်မူသော၊ **သုမေဓံ**- ကောင်းသောပညာနှင့် ပြည့်စုံတော်မူသော၊ **အရိယေ ပထေ ကမမာနံ**- အရိယာတို့၏ လမ်း၌ ကြွမြန်းကွန့်မြူးလျက်ရှိသော၊ **တံ မဟေသိံ**-ထိုမြတ်စွာဘုရားကို၊ **ပဿထ**-ဖူးမြင်ကြပါကုန်လော့။

**သုဒိဋ္ဌံ ဝတ နော အဇ္ဇ၊**
**သုပ္ပဘာတံ သုဟုဋ္ဌိတံ။**
**ယံ အဒ္ဒသာမ သမ္ဗုဒ္ဓံ၊**
**ဩဃတိဏ္ဏမနာသဝံ။**

**ဩဃတိဏ္ဏံ**-ဩဃလေးဖြာ သံသရာရေလျဉ်ကို ကူးမြောက်တော်မူပြီးသော၊ **အနာသဝံ**-အာသဝေါလေးဖြာ ကင်းကွာတော်မူသော၊ **သမ္ဗုဒ္ဓံ**-မြတ်စွာဘုရားကို၊ **ယံ အဒ္ဒသာမ**-ဖူးမြင်ကြရသောကြောင့်၊ **အဇ္ဇ**-ယနေ့၊ **နော**-ငါတို့မှာ၊ **သုဒိဋ္ဌံ ဝတ**-ကောင်းစွာမြင်တွေ့ရပါပေစွတကား၊ **သုပ္ပဘာတံ**- ကောင်းစွာမိုးလင်းပါပေစွ

http://www.dhammadownload.com



တကား၊ **သုဟုဋ္ဌိတံ**-ကောင်းစွာထရခြင်းပါပေတကား။

**ကုမ္မေ ဒသ သတာ ယက္ခာ၊**

**ကုဏ္ဍိမန္တော ယသဿိနော။**

**သဗ္ဗေ တံ သရဏံ ယန္တိ၊**

**တွံ နော သတ္ထာ အနုတ္တရော။**

**ဘန္တေ**-မြတ်စွာဘုရား၊ **ကုဏ္ဍိမန္တော**-ကမ္ဘဇိဒ္ဓိနှင့်ပြည့်စုံကုန်သော၊ **ယသဿိနော**-များစွာသော အခြွေအရံရှိကုန်သော၊ **သဗ္ဗေ**-အလုံးစုံကုန်သော၊ **ကုမ္မေ ဒသ သတာ ယက္ခာ**-ဤတစ်ထောင်သော နတ်ဘီလူးတို့သည်၊ **တံ**-အရှင်ဘုရားကို၊ **သရဏံ ယန္တိ**-ကိုးကွယ်ရာဟု ဆည်းကပ်ပါကုန်၏၊ **တွံ**-အရှင်ဘုရားသည်၊ **နော**- အကျွန်ုပ်တို့၏၊ **အနုတ္တရောသတ္ထာ**-အမြတ်ဆုံးဆရာသခင် ဖြစ်ပါသည် အရှင်ဘုရား။

ဒီဂါထာမှာ နတ်ဘီလူးတစ်ထောင်ဆိုတာ အခြွေအရံငါးရာစီနှင့်တကွ သူတို့ နတ်ဘီလူးနှစ်ဦးကို ရည်ရွယ်ပြီးဆိုတဲ့စကားပါပဲ၊ ဒီနတ်ဘီလူးတစ်ထောင်ဟာ မြတ်စွာဘုရားက ဖြေရှင်းဟောကြားလိုက်တဲ့ တရားဂါထာ ၃-ပုဒ်ကို ကြားနာရုံနဲ့ လျှင်မြန်စွာ တရားထူးရကြတာ ဘာ့ကြောင့်လဲဆိုတဲ့အကြောင်းကို ပြောရဦးမယ်။

## ဟေမဝတတို့၏ အတိတ်အကြောင်း

ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် ဓာတ်တော်များကို ရွှေစေတီကြီးတည်၍ ဌာပနာကာ စေတီတော်ကြီး တည်ပြီးတဲ့အခါကာလမှာ **သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ**-သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်း အကျိုးငှာဆိုတဲ့ ရည်ရွယ်ချက်ဖြင့် အမျိုးသားနှစ်ယောက် ကဿပ

http://www.dhammadownload.com



မြတ်စွာဘုရား သာသနာ တော်မှာ ရဟန်းပြုကြတယ်၊ အဲဒီလို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိမ့်မယ်လို့ ယုံကြည်ပြီး သာသနာတော်ကို ဝင်လာတဲ့ရဟန်း ကို **သဒ္ဓါပဗ္ဗဇိတ**-သဒ္ဓါ ယုံကြည်၍ပြုတဲ့ရဟန်းလို့ ခေါ်ရတယ်၊ မင်း ဘေး ခိုးသူဘေး စားဝတ်နေရေး မပြည့်စုံတဲ့ဘေးများကြောင့် ပြုရတဲ့ ရဟန်း ကိုတော့ **ဘယာပဗ္ဗဇိတရဟန်း**လို့ ခေါ်ရတယ်၊ အဲဒီ **ဘယာ ပဗ္ဗဇိတရဟန်း** ကတော့ အများအားဖြင့် သာသနာတော်ကို ညစ်နွမ်း ပျက်စီးစေတတ်တယ်၊ သို့ပေမယ့် ဆရာကောင်းတို့၏ အဆုံးအမရ ပြီး သဒ္ဓါတရားဖြစ်လာရင်တော့ သူ၏ အကျိုးကိုရော သာသနာ၏ အကျိုးကိုရော ဆောင်ရွက်နိုင်ပါသေးရဲ့၊ ယခုပြောနေတဲ့ **သဒ္ဓါပဗ္ဗဇိ တ** ရဟန်းမျိုးကတော့ မူလကသဒ္ဓါယုတ်လျော့ ပျက်စီးမသွားရင် သူ့အကျိုးရော သာသနာအကျိုးရော ဖြစ်ပွားစေတတ်ပါတယ်၊ ဒါကြောင့် အဲဒီ သဒ္ဓါပဗ္ဗဇိတ ရဟန်းငယ်နှစ်ပါးဟာ မိမိတို့၏ သဒ္ဓါတရားအလျောက် သာသနာတော်မှာ ပြုသင့်တဲ့ တာဝန် ဝတ္တရားများကို ဆရာသမားများအား မေးလျှောက်ကြတယ်၊ အဲဒီ အခါ ဆရာမထေရ်ကြီးများက ဂန္ထဓုရနဲ့ ဝိပဿနာဓုရဆိုတဲ့ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန် နှစ်ခုရှိကြောင်း မိန့်ကြားတော် မူကြပါတယ်၊ မြတ်စွာဘုရားဟော ကြားထားတဲ့တရားတော်များကို သင်ယူပြီး သူတစ်ပါးအား ပို့ချထားတာကို ဂန္ထဓုရလို့ ခေါ်တယ်၊ ယခုထက်ထိ မြတ်စွာဘုရား၏ တရားတော်တွေကို မပျောက်ပျက် ဘဲ တည်တံ့နေတာဟာ ဒီဂန္ထဓုရကို အဆက်ဆက် ဆောင်ရွက် လာခဲ့ကြလို့ပါပဲ၊ ဒါကြောင့် ဒီဂန္ထဓုရလုပ်ငန်းဟာ သာသနာတော် အရှည်တည်တံ့ရေးမှာ အလွန်အရေးပါပါတယ်။

ဝိပဿနာဓုရဆိုတာကတော့ ရဟန်းဖြစ်ပြီးတဲ့နောက်

http://www.dhammadownload.com



ဝိနည်းကျင့်ဝတ်များကို သင်ကြားပြီး သမထဝိပဿနာတရားကို အားထုတ်မှုပါပဲ၊ ယခုဘုရားလက်ထက်မှာ ဒီဝိပဿနာခုရကို (သာသနာတော်မှာ အစဦးဆုံးရဟန်းပြုခဲ့ကြတဲ့) ပဉ္စဝဂ္ဂီငါးဦး ကစပြီး အားထုတ်ခဲ့ကြတယ်၊ အဲဒီနောက်က ယသသူဌေးသားနှင့် သူ့မိတ်ဆွေ ၅၄-ဦးပေါင်း ၅၅-ဦးဟာ သာသနာတော်မှာ ရဟန်းအဖြစ်ဖြင့် ဝင်ရောက်ပြီး ဝိပဿနာခုရကို အားထုတ်ကြတယ်၊ အားလုံးရဟန္တာတွေဖြစ်ကြတယ်၊ အဲဒီကနောက် ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်၊ အဲဒီကနောက် ဥရုဝေလကဿပအမှူးရှိသော ရသေ့ တစ်ထောင် ရဟန်းပြုပြီး ဝိပဿနာခုရဖြင့် ရဟန္တာဖြစ်ကြတယ်၊ အဲဒီကနောက် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အမှူးရှိသော ပရိဗိုဇ် ၂၅၀-ရဟန်းပြုပြီး ဝိပဿနာခုရဖြင့် ရဟန္တာဖြစ်ကြတယ်၊ အဲဒီနောက်လည်း ရဟန်းပြုပြီး ဝိပဿနာခုရဖြင့် ရဟန္တာဖြစ်ကြတာတွေ အများကြီးပါပဲ၊ အဲဒီအထဲမှာ သောဏ သူဌေးသား ရဟန်းပြုပြီး အားထုတ်ပုံကတော့ အထူးခြားဆုံးလို့ ဆိုရပါပဲ။

အဲဒီ သောဏသူဌေးသားဟာ အလွန်နူးညံ့ပါတယ်၊ မြေကြီးပေါ် ခြေမချဖူးတဲ့၊ သူ့ခြေထောက်မှာ အမွေးတွေတောင် ပေါက်နေသတဲ့၊ အဲဒီလောက် နူးညံ့တဲ့ သူဌေးသားဟာ ရဟန်းပြုပြီးကျင့်မှ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မယ်လို့ ယုံကြည်တဲ့သဒ္ဓါတရားဖြင့် ရဟန်းပြုပြီးတော့ အလွန်ပြင်းထန်စွာ တရားအားထုတ်ပါတယ်၊ စင်္ကြံလျှောက်ပြီး အားထုတ်လိုက်တာ သူ့ခြေဖဝါးက ပွန်းပဲ့ပြီးသွေးတွေထွက်လို့ သူ့စင်္ကြံလမ်းမှာ သွေးများလူးပေပြီး နီရဲနေတယ်၊ ဒါပေမယ့် မလျှော့ဘဲ အတင်းအားထုတ်နေရာက တရားထူးကိုမရနိုင်တဲ့အတွက် စိတ်အားလျှော့ပြီး တရားကိုမရနိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်သလားလို့ ကြံတွေးပြီး လူ့ဘောင်ပြန်လည်ဖို့ ကြံစည်မိတယ်၊ အဲဒီအခါ

http://www.dhammadownload.com



မြတ်စွာဘုရားက သူ့ဥာဏ်နှင့် ကိုယ်တိုင်ကြွရောက်ပြီးတော့ မလျော့ မတင်း အလယ်အလတ်အားထုတ်ဖို့ ညွှန်ကြားတော်မူပါတယ်၊ အဲဒီ ညွှန်ကြားချက်အတိုင်း လွန်ကဲနေတဲ့ဝီရိယကို လျော့ပြီး မလျော့ မတင်း အလယ်အလတ်အညီအမျှ အားထုတ်တဲ့အခါ မကြာခင်ဘဲ ရဟန္တာဖြစ်သွားပါတယ်၊ အဲဒီလို ဝိပဿနာဓုရဖြင့် အားထုတ်ပြီး ရဟန္တာဖြစ် ကြတာတွေဟာ မရေမတွက်နိုင်အောင် များစွာပင် ရှိခဲ့ပါတယ်၊ အနာဂါမ်လောက် ဖြစ်တာတွေလည်း ရှိခဲ့တယ်၊ သကဒါဂါမ်သောတာပန်လောက် ဖြစ်တာတွေလည်း ရှိခဲ့တယ်၊ အဲဒီလို ဝိပဿနာဓုရကို အားထုတ်မှသာလျှင် မြတ်စွာဘုရား အလိုတော်ကို ပြည့်စေပြီးတော့ သာသနာတော်ကို အပြည့်အစုံထွန်းလင်း စေနိုင်ပါတယ်၊ ဒါကြောင့် အဲဒီ ဟေမဝတ၊ သာတာဂီရိတို့၏ အလောင်းဖြစ်တဲ့ ရဟန်းနှစ်ပါးက ဒီလို စဉ်းစားမိကြပါသတဲ့၊ “ဓုရနှစ်ပါးထဲက ဝိပဿနာဓုရသာလျှင် သာလွန်၍ မြင့်မြတ်ပေတယ်၊သို့ ပေမယ့် ငါတို့အရွယ်အားဖြင့် ငယ်ကြသေးတယ်၊ အရွယ်ကြီးတဲ့အခါကျမှ ဝိပဿနာဓုရကိုဖြည့်ကျင့်ကြမယ်၊ ယခုငယ်စဉ်မှာတော့ဂန္ထဓုရကို ဆောင်ရွက်ကြစို့”လို့ စဉ်းစားတိုင်ပင်ပြီးတော့ ပရိယတ်တရားတော်ကို သင်ယူကြတယ်၊ အဲဒီလို သင်ယူတဲ့အခါမှာ ဉာဏ်ထက်ကြတဲ့အတွက် မကြာမီပင် ပိဋကတ်သုံးပုံ အလုံးစုံကို တတ်မြောက်ကြတယ်၊ ဝိနည်းဘက်မှာ အထူးသဖြင့် ကျွမ်းကျင်တော်မူကြပါသတဲ့၊ အဲဒီလို ပိဋကတ်ကျမ်းဂန်တွေကို တတ်မြောက်ပြီးတဲ့အခါ သူတို့နှစ်ပါးက ပိဋကတ်ကျမ်းဂန်တွေကို သင်ကြားပို့ချပေး နေကြတယ်၊ သူတို့ထံမှာ တပည့်ခံပြီး သင်ယူကြတဲ့ တပည့်ရဟန်းတွေဟာလည်း တစ်ပါးတစ်ပါးမှာ ငါးရာစီရှိတယ်၊ အလွန်ထင်ရှားကျော်စောတဲ့ ဝိနည်းမိုရ်ရ ဂိုဏ်းချုပ်ဆရာတော်ကြီးများ ဖြစ်နေကြပါတယ်။

http://www.dhammadownload.com



အဲဒီရဟန်းတော်နှစ်ပါး၏စဉ်းစားချက်ထဲက ငယ်ရွယ်စဉ်မှာ စာပေပရိယတ္တိကို သင်ကြားလေ့လာမယ်၊ ကြီးမှ ဝိပဿနာဓုရ အလုပ်ကို လုပ်မယ်ဆိုတဲ့ စဉ်းစားပုံဟာ သဘာဝကျတဲ့ စဉ်းစားချက်လို့ပဲ ဆိုဖွယ်ရှိပါတယ်၊ ဒါပေမယ့် ငယ်ရွယ်စဉ်မှာ မသေစေရဘူးလို့ ဘယ်သူက တာဝန်ခံမလဲ၊ အဲဒါကိုလည်း စဉ်းစားသင့်ပါတယ်၊ တချို့မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ပျံတော်မူသွားကြတာလည်း ရှိတယ်၊ အများအားဖြင့် တော့ ကြီးမှ အားထုတ်မယ်လို့ ဆိုင်းငံ့နေရင်း တရားအားမထုတ်ဖြစ်ဘဲ ပျံတော်မူသွားကြတာတွေက အများဆုံးပါပဲ၊ မြတ်စွာဘုရားအလိုတော်ကတော့ ငယ်ရွယ်စဉ်က အားထုတ်တာကိုသာပြီး လိုလားတော်မူပါတယ်။ ဒါကြောင့်

**ငယ်ရွယ်စဉ် တရားအားထုတ်လျှင် သာ၍ကောင်းသည်**

**ယော ဟဝေ ဒဟရော ဘိက္ခု၊**
**ယုဉ္ဇတိ ဗုဒ္ဓသာသနေ၊**
**သောမံ လောကံ ပဘာသေတိ၊**
**အဗ္ဘာ မုတ္တောဝ စန္ဒိမာ**-လို့

ဟောတော်မူပါတယ်၊ အနက်ကတော့-

**ဗုဒ္ဓသာသနေ**-မြတ်စွာဘုရား၏သာသနာတော်၌၊ **ယော ဘိက္ခု**-အကြင်ရဟန်းသည်၊ **ဒဟရော**-ငယ်ရွယ်စဉ်၊ **ဟဝေ ယုဉ္ဇတိ**-စင်စစ်အားထုတ်၏၊ **ဝါ**-မင်္ဂဖိုလ်ကို ရည်မှန်းလျက် တကယ်တမ်း အားထုတ်၏၊ **သော**-ငယ်ရွယ်စဉ်အားထုတ်သော ထိုရဟန်းသည်၊ **ဣမံလောကံ**-မိမိ၏ခန္ဓာငါးပါးဟူသော ဤလောကကို၊ **ပဘာသေတိ**-ထွန်းလင်းစေ၏၊ **ကိံဗိဝ**-အဘယ်ကဲ့သို့နည်းဟူမူ၊ **အဗ္ဘာ**-တိမ်တိုက်မှ၊ **မုတ္တော**-လွတ်သော၊ **စန္ဒိမာ**-လမင်းသည်၊ **ဣမံ**

http://www.dhammadownload.com



**လောကံ**-ဤကမ္ဘာ လောကကို၊ **ပဘာ သေတိ ဣဝ**-လင်းစေဘိ သကဲ့သို့ပင်တည်း-တဲ့။

တိမ်တိုက်ဆိုတာ ကမ္ဘာကြီးပတ်လည်မှာ တစ်ခါတစ်ရံရှိနေတယ်၊ အဲဒီလို တိမ်ရှိနေတဲ့အခါမှာ လရောင်က မြေပြင်ကို မလင်းစေနိုင်ဘူး၊ တိမ်တွေရဲ့ အထက်ကကောင်းကင်မှာတော့ လင်းနေပါတယ်၊ ဒါပေမယ့် ကြားထဲမှာတိမ်တွေက ခံနေတဲ့အတွက် မြေပြင်မှာတော့ မလင်းဘူး၊ တိမ်တိုက်တွေ အလွန်ထူနေတဲ့အခါ လတို့ နေတို့ကို မြင်တောင်မမြင်ရဘူး၊ အဲဒီလို တိမ်ကွယ်နေရာမှ လွတ်လာတဲ့အခါ လပြည့်ဝန်းကြီးဟာ မြေပြင်တစ်လောကလုံးကို လင်းစေတယ်၊ သစ်ပင်တောတောင်တွေ၊ အိမ်တွေလမ်းတွေ အကုန်လုံးကိုလင်းစေတယ်၊ အဲဒါလိုပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ဝိပဿနာတရားကို အားထုတ်သူကလည်း သူ့သန္တာန်က ခန္ဓာငါးပါးဆိုတဲ့ လောကကို ပေါ်လွင်စေပါတယ်၊ ထင်လင်းစေပါတယ်တဲ့၊ လင်းစေပုံကတော့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် ရှုမှတ်နေတဲ့ယောဂီဟာ ရှေးကမသိခဲ့ဘူးသေးတဲ့ ရုပ်ခန္ဓာကိုသိရတယ်၊ မရှုမမှတ်မီကဆိုရင် ဖောင်းတာ ပိန်တာ ထိုင်တာ စသည်တွေကို ငါတစ်ယောက်တည်းပဲလို့ ထင်မှတ်နေခဲ့တယ်၊ ရှုမှတ်လို့ သမာဓိဉာဏ်ရင့်သန်အားကောင်းတဲ့အခါကျတော့ ဖောင်းတဲ့ရုပ်ကတခြား၊ ပိန်တဲ့ရုပ်ကတခြား၊ ထိုင်ရုပ်ကတခြား၊ သွားရုပ်ကတခြား၊ ကွေးရုပ်စသည်ကတခြား ခွဲခြားပြီးသိလာတယ်၊ အဲဒါဟာ အစဆုံး ရုပ်ခန္ဓာကိုသိပုံပဲ။

ဖောင်းတယ် ပိန်တယ်စသည်ဖြင့် ရှုမှတ်နေရင်း ကိုယ်ထဲက ညောင်းတာ နာတာ ယားတာ စသည်ပေါ်လာရင် အဲဒါကိုလည်း ရှုမှတ်ရတယ်၊ စိတ်ညစ်တယ်၊ စိတ်နှလုံးမသာတာ စသည် ပေါ်လာ

http://www.dhammadownload.com



ရင် အဲဒါကိုလည်း ရှုမှတ်ရတယ်၊ အဲဒါတွေက ဒုက္ခဝေဒနာတွေပဲ၊ ကိုယ်ထဲက နေထိုင်ကောင်းတာ ထင်ရှားပေါ်လာရင် အဲဒါကိုလည်း ရှုမှတ်ရတယ်၊ စိတ်ထဲက ဝမ်းသာတာ ချမ်းသာတာ ထင်ရှား ပေါ်လာရင် အဲဒါကိုလည်း ရှုမှတ်ရတယ်၊ အဲဒါတွေက သုခဝေဒ နာတွေပဲ၊ အဲဒီလိုရှုမှတ်နေရင်း အဲဒီဝေဒနာတွေအကြောင်း သဘောပေါက်လာတယ်၊ မရှုမမှတ်မီကဆိုရင် မခံသာတာ ဆင်းရဲ တာလည်း ငါပဲ၊ ခံသာတာ ချမ်းသာတာလည်း ငါပဲလို့ ထင်မှတ် နေခဲ့တယ်၊ ရှုမှတ်နေတဲ့အခါကျတော့ မခံသာတာလည်း ခံစားတဲ့ သဘောမျှပဲ၊ ခံသာတာ ကောင်းတာလည်း ခံစားတဲ့သဘောမျှပဲ၊ ခံစားတတ်တဲ့ ငါရယ်လို့မရှိဘူးဆိုတာ သဘောပေါက်လာတယ်၊ အဲဒါ ဝေဒနာက္ခန္ဓာကို သိပုံပါပဲ၊ ထို့အတူပင် တစ်စုံတစ်ခုကို မမေ့အောင် မှတ်သားတဲ့အခါ သညာက္ခန္ဓာကိုသိတယ်၊ တစ်စုံ တစ်ခုကို ပြုမယ် ပြောမယ်ကြံတဲ့အခါ အဲဒီကြံစည်အားထုတ်မှု သင်္ခါရက္ခန္ဓာကို သိတယ်၊ စဉ်းစားကြံစည်မိတဲ့အခါ အဲဒီစိတ်ကို ရှုမှတ်ပြီး ဝိညာဏက္ခန္ဓာ ကိုသိတယ်၊ အဲဒါ ခန္ဓာငါးပါးကို သိပုံ အကျဉ်းချုပ်ပါပဲ၊ အကျယ်က တော့ ရှေ့ပိုင်းတွေက ပြောခဲ့ပါပြီ၊ ဝိပဿနာဉာဏ် အထူးရင့်သန် လာတဲ့အခါကျတော့ အဲဒီရှုမိတဲ့ ရုပ်နာမ်တွေ တစ်ခဏချင်း ဖြစ်ပျက် သွားတာကိုတွေ့ပြီး အနိစ္စ, ဒုက္ခ, အနတ္တသဘောများကိုလည်း သိရတယ်၊ အဲဒါဟာ လပြည့် ဝန်းအရောင်က မြေပြင်ကိုလင်းစေတာလို ခန္ဓာငါးပါးလောကကို လင်းစေတာပါပဲ။

ဒီနေရာမှာအရွယ်ကြီးသူတွေလည်း ဒီလိုရှုရင်ဒီလိုပဲ သိနိုင် မယ်၊ မဟုတ်လားလို့ မေးစရာရှိပါတယ်၊ သိနိုင်တာကတော့ မှန်ပါ တယ်၊ ဒါပေမယ့် ငယ်ရွယ်စဉ်အားထုတ်တာလောက်တော့ အသိမ

http://www.dhammadownload.com



မြန်ဘဲ အသိမရှင်းဘဲ ရှိနေတတ်ပါတယ်၊ လူတစ်ယောက်ဟာ အသက်နှစ်ဆယ်သုံးဆယ်လောက်အတွင်းက အားထုတ်ရင် တစ်လလောက်နဲ့ရောက်နိုင်တဲ့ဉာဏ်မျိုးကို အသက်၆၀-ကျော် ၇၀-ကျော်လောက်မှာ အားထုတ်ရင် ၂-လ ၃-လလောက်အားထုတ်မှ ရောက်တတ်ပါတယ်၊ အသိရှင်းပုံချင်းလည်း ကွဲပြားနိုင်ပါတယ်၊ ဘာကြောင့်လည်းဆိုရင် ငယ်တဲ့သူမှာ ကျန်းမာရေးလည်းကောင်းတယ်၊ သတိနဲ့ ဉာဏ်လည်း ထက်မြက်တယ်၊ ကြောင့်ကြမှုလည်း နည်းတယ်၊ ကြီးတဲ့သူမှာ ကြီးလေလေ ကျန်းမာရေးကလည်း ချွတ်ယွင်းလေလေပဲ၊ သတိနှင့် ဉာဏ်များကလည်း ထိုင်းသွားတတ်တယ်၊ ကိစ္စတာဝန်တွေက များပြီးကြောင့်ကြမှု စိုးရိမ်မှုတွေကလည်း များနေတတ်တယ်၊ ဒါ့ကြောင့် ငယ်ရွယ်စဉ်မှာ အားထုတ်တဲ့သူအား အသိဉာဏ်လင်းပုံကို မြတ်စွာဘုရားက ချီးမွမ်းတော်မူတာပါပဲ။

## ရဟန်းဖြစ်ခါစ အားထုတ်နိုင်လျှင် ပိုပြီးကောင်းသည်

ရဟန်းဆိုရင်တော့ ရဟန်းဖြစ်ခါစက အားထုတ်နိုင်ရင် ပိုပြီးကောင်းတယ်၊ ဘာ့ကြောင့်လည်းဆိုတော့ ရဟန်းဖြစ်ခါစမှာ ငယ်ရွယ်တာကလည်းတစ်ကြောင်း၊ သဒ္ဓါတရားကောင်းနေခိုက်ကလည်း တစ်ကြောင်း၊ သီလနှင့်စပ်ပြီး သံသယဖြစ်ဖွယ်ရာ မရှိတာကလည်း တစ်ကြောင်း၊ ဒီအကြောင်းများကြောင့်ပါပဲ၊ ဒါ့ကြောင့် ပရိယတ္တိဘက်က ဘယ်လောက်အရေးကြီးနေပေမယ်လို့ ရဟန်းဖြစ်ပြီးခါစမှာ အနည်းဆုံး ၃-လလောက်တော့ တရားအားထုတ်ရင် ပိုပြီး ကောင်းတယ်လို့ ဘုန်းကြီးကတော့ ထင်မြင်နေပါတယ်၊ တချို့မှာကြီးမှ တရားအားထုတ်ဖို့ ကြံရွယ်ထားပေမယ့် အားမထုတ်ဖြစ်ဘဲ ပျံတော်မူသွားကြတာတွေလည်း ရှိနေပါတယ်၊ ယခုပြောနေ

http://www.dhammadownload.com



တဲ့ ဟေမဝတ သာတာဂိရိအလောင်းရဟန်းတော်များလည်း အဲဒီလို ပဲ တရားအားမထုတ်ဖြစ်ခဲ့ဘဲ ပျံလွန်တော်မူလာ ကြဟန်လက္ခဏာ ရှိပါတယ်၊ အဲဒီအကြောင်းအရာကို ယခုဆက်ပြီး ပြောပြမယ်။

## ဟေမဝတတို့၏ အကြောင်းအဆက်

ခုတွင်က ပြောခဲ့တဲ့အတိုင်း မထေရ်ကြီးနှစ်ပါးဟာ စာပေ ကျမ်းဂန်ပို့ချပြီး ဝိနည်းမိုရ်ဆရာတော်ကြီးများ ဖြစ်နေတဲ့အခါမှာ အဲဒီ မထေရ်ကြီးနှစ်ပါးကို ရဟန်းရှင်လူများက အလွန်ရိုသေ လေးစားကြတယ်၊ သာသနာတော်ကလည်း ဘုရားရှိတော်မူစဉ် ကလိုပဲ ထွန်းလင်းနေပါသတဲ့၊ အဲဒီအခါမှာ တောရွာတစ်ခုက ကျောင်းတစ်ကျောင်းမှာ ရဟန်းငယ်နှစ်ပါး အတူနေထိုင်ကြတယ်၊ တစ်ပါးက အမှန်ကို ပြောဆိုတတ်တဲ့ ဓမ္မဝါဒီဖြစ်တယ်၊ တစ်ပါးက အမှားကိုပြောဆိုတတ်တဲ့ အဓမ္မဝါဒီဖြစ်တယ်၊ အဓမ္မဝါဒီရဟန်းက ဝိနည်းနဲ့ မလျော်တာကို ပြုလုပ်တယ်၊ ဓမ္မဝါဒီရဟန်းက အဲဒီလို မပြုရန် တားမြစ်ပြောဆိုတယ်၊ အဲဒီလိုပြောဆိုတော့ အဓမ္မဝါဒီ ရဟန်းက လက်မခံဘူး၊ အရှင်ဘုရားက ဘာမြင်လို့လည်း ဘာကြား လို့လည်း စသည်ဖြင့်ရှောင်လွှဲပြီးပြောနေတယ်၊ ဒီတော့ ဓမ္မဝါဒီ ရဟန်းက ဝိနည်းမိုရ်မထေရ်များ သိတော်မူကြပါလိမ့်မယ်လို့ပြောတယ်။

ရဟန်းများမှာသီတင်းကျွတ်တဲ့အခါ ပဝါရဏာပြုကြရတယ်၊ ပဝါရဏာဆိုတာ အချင်းချင်းဖိတ်မန်ပန်ကြားရတာပါပဲ၊ ကိုယ့်အပြစ် ဆိုတာ ကိုယ်တိုင်မြင်ခဲတယ်၊ ဒါကြောင့် မြင်သည်ဖြစ်စေ၊ ကြားသည် ဖြစ်စေ၊ မယုံသင်္ကာရှိလျှင်ဖြစ်စေ ပြောကြားဖို့ သံဃာတော်အား ပန် ကြားကြရတယ်၊ အဲဒီပန်ကြားတာကို ပဝါရဏာပြုတယ်လို့ခေါ်တယ်၊ သီတင်းကျွတ်လပြည့်နေ့မှာ သံဃာတော်များ စုဝေးပြီး ပဝါရဏာ

http://www.dhammadownload.com



ပြုကြတာကို မြင်ဖူးကြပါလိမ့်မယ်၊ အဲဒါကို တချို့လူတွေက ဘာဝနာပွဲလို့ခေါ် နေကြတယ်၊ ဘာဝနာပွဲမဟုတ်ဘူး၊ ပဝါရဏာပွဲပဲ၊ အဲဒီလို အချင်းချင်း ဖိတ်မန်ထားတဲ့အတွက် မတော်မသင့်တာ ပြုတဲ့ရဟန်းကို အခြားသူတော်ကောင်းရဟန်းက ပြောရတယ်၊ အပြောခံတဲ့ရဟန်းက လဲ ဝမ်းမြောက်ဝမ်းသာနဲ့လက်ခံပြီး ရှောင်ကြဉ်ရတယ်၊ အဲဒီလို ရှောင်ကြဉ်နိုင်ပြီး သာသနာတော် စင်ကြယ်အောင်လို့ မြတ်စွာဘုရားက ဝါကျွတ်တဲ့အခါ ပဝါရဏာပြုရန် သိက္ခာပုဒ်ပညတ်ထားတာပဲ။

အမှန်ကတော့ ကိုယ့်အပြစ်ပြောတဲ့သူကို ကျေးဇူးတင်သင့်ပါတယ်၊ သူပြောပေလို့ ငါ့အပြစ်ကိုသိရပေတယ်လို့ နှလုံးသွင်းပြီး ကျေးဇူးတင်စရာပါပဲ၊ ဥပမာအားဖြင့် ပြောရရင် လူတစ်ယောက်ဟာ လူထုပရိသတ်ထဲ သွားခါနီးမှာ သူ့မျက်နှာ အမည်းကွက်ရှိနေတာကို အခြားလူတစ်ယောက်က ပြောတယ်ဆိုပါတော့၊ အဲဒါကို အပြောခံရတဲ့သူကကျေးဇူးတင်ရတယ်၊ အမည်းကွက်ရှိမှန်းမသိတာနဲ့ မျက်နှာကို မသုတ်သင်ဘဲ လူထုပရိသတ်ထဲသွားမိရင် အများက ရယ်ကြလိမ့်မယ်၊ အရှက်ရလိမ့်မယ်၊ သူတစ်ပါးကပြောတဲ့အတွက် အမည်းကွက်ရှိမှန်းသိရလို့ မျက်နှာကိုသုတ်သင်ပြီးမှသွားရင် ကဲ့ရဲ့ဖွယ် ကင်းလွတ်တယ်၊ ဒါကြောင့် ပြောတဲ့သူကို ကျေးဇူးတင်ရတယ်၊ အဲဒီ အမည်းကွက်က သိပ်အရေးမကြီးလှပါဘူး၊ ရဟန်းများမှာ အာပတ်အပြစ်က သာပြီးအရေးကြီးပါတယ်၊ အာပတ်အပြစ်ရှိမှန်းမသိလို့ မကုစားဘဲ အာပတ်ရှိလျက်နဲ့သေသွားရင် အပါယ်ဘုံ ကျရောက်နိုင်တယ်၊ သူတစ်ပါးကပြောပြလို့ အာပတ်အပြစ်ရှိမှန်းသိပြီး ကုစားလိုက်ရင် အပြစ်ကင်းပြီး သီလစင်ကြယ်သွားတယ်၊ အဲဒီ အချိန်မှာ တရားအားထုတ်ရင် သမာဓိဉာဏ်အထူးတွေကို ရနိုင်တယ်၊ သေသွားရင်လည်း သုဂတိကို ရောက်နိုင်တယ်၊ ဒါကြောင့်

http://www.dhammadownload.com



မိမိအပြစ်ကို ပြောတဲ့သူအား ကျေးဇူးတင်စရာပဲ၊ ဒါပေမယ့် သူယုတ်မာကတော့ကျေးဇူးမတင်တဲ့အပြင် မုန်းတတ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက "**သော**-ထိုသူတစ်ပါးအပြစ်ကို စိတ်သဘော ရှိုးဖြင့် ပြောဆိုတတ်သော သူတော်ကောင်းကို၊ **သတံပိယော**-သူတော်ကောင်းတို့က ချစ်ကြ ကြည်ညိုကြပေသည်။**အသတံအပ္ပိ ယော**-သူယုတ်မာတို့က မုန်းတတ်ကြပေသည်"လို့ဟောထားပါတယ်။

ယခု အပြောခံရတဲ့ အဓမ္မဝါဒီ ရဟန်းကလည်း သူယုတ်မာဖြစ်တဲ့အတွက် လက်မခံဘဲနဲ့ ဆန့်ကျင်ဘက်ကိုပြုနေတယ်၊ ဓမ္မဝါဒီရဟန်းက ဝိနည်းမိုရ်များထံ တိုင်ကြားမယ်ဆိုတော့ သူက အကြံထုတ်တယ်၊ ငါ့အမှုဟာ သေးတဲ့အမှုမဟုတ်ဘူး၊ ဝိနည်းမိုရ်မထေရ်များက အမှန်အတိုင်းဆုံးဖြတ်လိုက်ရင် ငါ့မှာ သာသနာတော်၌ ထောက်တည်ရာ ရှိမှာမဟုတ်ဘူးလို့ ကြံတွေးပြီးတော့ သူက ဝိနည်းမိုရ်မထေရ်များထံ သက်နိုး၊ သပိတ်၊ ပရိက္ခရာ၊ လှူဖွယ်တွေနဲ့ သွားပြီးကန်တော့တယ်၊ အဲဒီမထေရ်ကြီးတို့ထံမှာ နိဿရည်း ယူပြီးနေတယ်၊ ဝတ်ကြီးဝတ်ငယ်တွေကို လိုလေသေးမရှိအောင် ပြုတယ်၊ တစ်နေ့သောအခါမှာ မထေရ်ကြီးများအား ဝတ်ပြုပြီးသွား ချိန်တန်ပေမယ့် မသွားဘဲနဲ့ဝပ်ပြီးအရိုအသေပြုနေတယ်၊ ဒီတော့မထေရ်ကြီးများက ဘယ်လိုအကြောင်းကိစ္စရှိသလဲလို့လည်းမေးတယ်၊ တပည့်တော်၏ ချွတ်ယွင်းမှုကိုအကြောင်းပြုပြီး အတူနေရဟန်း တစ်ပါးနှင့် အငြင်းခုံဖြစ်နေတယ်၊ အဲဒီအမှုကို ဆရာတော်ကြီးများထံ ရောက်လာလျှင် အဆုံးအဖြတ်မပေးဘဲထားစေလိုပါတယ်ဘုရားလို့ သူကလျှောက်တယ်၊ မထေရ်ကြီးများက မဆုံးဖြတ်ဘဲ ထားလို့မဖြစ်ဘူးလို့ လမ်းမှန်အတိုင်း မိန့်တော်မူကြပါတယ်၊ ဒီတော့ အဲဒီအဓမ္မဝါဒီရဟန်းက အဲဒီလိုဆုံးဖြတ်လိုက်ရင်တော့

http://www.dhammadownload.com



တပည့်တော်ဟာ သာသနာ့တော်မှာ ထောက်တည်ရာ ရတော့မှာမဟုတ်ပါ၊ တပည့်တော်၏မကောင်းမှုအပြစ်ဟာ တပည့်တော်၏အပြစ်အတိုင်းပဲရှိပါစေ၊ ဒီအမှုတော့ မဆုံးဖြတ်တော်မူကြပါနဲ့လို့ အတင်းအကြပ်ပေကပ်ပြီး တောင်းပန်နေတယ်၊ မထေရ်ကြီးတွေမှာ သူလှူတဲ့ပစ္စည်းတွေကိုလည်း လက်ခံထားမိပြီ၊ သူပြုတဲ့ဝတ်ကြီးဝတ်ငယ်ကိုလဲ ရင်းရင်းနှီးနှီးနဲ့လက်ခံခဲ့မိပြီ၊ ဒါကြောင့် အားနာပြီး အဲဒီအဓမ္မဝါဒီရဟန်း၏ တောင်းပန်ချက်ကို လက်ခံလိုက်ကြပါသတဲ့၊ အဲဒီလို အားနာပြီး ငဲ့ပြီးမပြုသင့်တာပြုတာမျိုးကို ဆန္ဒာဂတိခေါ်တာပဲ၊ အဂတိလေးပါးထဲက တစ်ပါးပေါ့၊ တံစိုးလက်ဆောင်စားပြီး တရားဆုံးဖြတ်မှားကြတာတွေဟာ ဒီဆန္ဒာဂတိကြောင့်ချည်းပဲ၊ အင်မတန် ကြောက်စရာကောင်းပါတယ်။

အဲဒီလို ဝိနည်းမိုရ်ဆရာတော်ကြီးများထံက အဆုံးအဖြတ်မပေးမည့် ဝန်ခံချက်ကိုရသွားတော့ အဓမ္မဝါဒီရဟန်းက စိတ်ချပြီး သူ့ကျောင်းကိုပြန်သွားတယ်၊ ဟိုရောက်တော့ ဓမ္မဝါဒီရဟန်းကို ရှေးကထက် မထီမဲ့မြင်ပြုပြီး ကြမ်းကြမ်းတမ်းတမ်း ပြောဆိုပါသတဲ့၊ ဒီတော့ ဓမ္မဝါဒီရဟန်းဟာ "ဒီအဓမ္မဝါဒီရဟန်းဟာ ရွံ့ရှာခြင်းမရှိဘဲ ရဲရဲတင်းတင်းပြောနေတယ်၊ သွားပြီးစုံစမ်းလိုက်ဦးမှပဲ"လို့ကြံပြီး ဝိနည်းမိုရ်ဆရာတော်ကြီးများ၏ အခြွေအရံရဟန်းတော်များမှ စုံစမ်းကြည့်တယ်၊ "ဘယ်နှယ့်လဲ အရှင်ဘုရားတို့ ဝိနည်းမိုရ်ဆရာတော်ကြီးများထံ အမှုတစ်ခု တင်ထားတာကြာပါပြီ၊ ရောက်လာတဲ့အမှုကို တရားသဖြင့် ဆုံးဖြတ်သင့်တယ်မဟုတ်ပါလား၊ သို့မဟုတ်ရင်လည်း တရားခွင်သို့ မသွင်းဘဲ အချင်းချင်းညီညွတ်သင့်အောင် ပြုပေးသင့်တယ်မဟုတ်ပါလား၊ ယခုတော့ အရှင်ဘုရားတို့၏ ဆရာတော် မထေရ်ကြီးနှစ်ပါးဟာ အဲဒီနှစ်မျိုးလုံး

http://www.dhammadownload.com



ဘာကိုမျှ မပြုလုပ်ဘဲ နေကြတာဟာ ဘယ်လိုသဘောပါလဲ"လို့ စုံစမ်းတဲ့အနေနဲ့ စောဒနာ ကြည့်တယ်၊ တပည့်တွေ ဆိုတာ ဆရာကိုကျော်လွန်ပြီး ဘယ်မှာပြောဝံ့ကြမလဲ၊ ဆရာတော်ကြီးများ က မြင်ထားတဲ့ အကြောင်းတော့ ရှိကောင်းရှိလိမ့်မယ်လို့ စဉ်းစားပြီး တော့ ဆိတ်ဆိတ်သာနေကြပါသတဲ့။

အဲဒီအခါ အဓမ္မဝါဒီရဟန်းကအခွင့်ကောင်းယူပြီးတော့ ဓမ္မဝါဒီရဟန်းကို ဖိနှိပ်ပြီးပြောဆိုတယ်၊"သင်ဟာလေ ပထမတုန်း က ဝိနည်းမိုရ်မထေရ်များ သိတော်မူကြပါလိမ့်လို့ ပြောခဲ့တယ်မ ဟုတ်လား၊ယခုဝိနည်းမိုရ်မထေရ်ကြီးများထံ အမှုအခင်းကိုသွားပြီး တင်ပြပါတော့လား စသည်ဖြင့် နှိမ်နင်းပြောဆိုပြီးတော့ "ယနေ့ ကစပြီး သင်ဟာအမှုရှုံးပြီ၊ ဒါကြောင့် အဲဒီကျောင်းကို ပြန်မလာနှင့် တော့"လို့လည်း ပြောပြီးထွက်ခွာသွားပါသတဲ့၊ ဒီတော့ဓမ္မဝါဒီ ရဟန်းက ဝိနည်းမိုရ်ဆရာတော်ကြီးများထံသွား ရောက်ပြီးတော့ လျှောက်တယ်၊အရှင်ဆရာတော်ကြီးများဟာ သာသနာတော်ကိုမငဲ့ ကြဘူး၊ မိမိတို့အားပြုစုလုပ်ကျွေးတဲ့သူကိုသာငဲ့ကြတယ်၊ ဘုရား သာသနာတော်ကိုမငဲ့ဘဲ ပုဂ္ဂိုလ်ကိုသာငဲ့ကြတယ်၊ ကဿပမြတ်စွာ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် အရှင်ဆရာတော်ကြီးများ ပေါ်လာတဲ့အတွက် ရဟန်းရှင်လူအများက ဘုရားတစ်ဆူပွင့်လာ သလိုပင်အားကိုးနေကြပါတယ်၊ယခုတော့ အရှင်ဆရာတော်ကြီး များဟာ ဝိနည်းအရာမှာဆုံးဖြတ်ရန် မသင့်တော့ပါဘူး၊ ယနေ့ပင် ကဿပဘုရားပရိနိဗ္ဗာန် စံတော်မူသွားပြီ သာသနာတော်လည်း ပျက်သွားပြီလို့မှတ်ယူရပါတော့မယ်ဘုရား"လို့ ကျယ်လောင်စွာ သောအသံဖြင့် ငိုကြွေးမြည်တမ်းလျက် လျှောက်ထားပါတယ်၊ အဲဒီ လိုလျှောက်ထားပြီးတော့ အဲဒီရဟန်းတော်ကလေးဟာ ငိုကြွေးမြည်

http://www.dhammadownload.com



တမ်းလျက် ပြန်သွားရှာပါသတဲ့၊ သာသနာတော်အမြင်နဲ့ ကြည့်ရင် သိပ်ဝမ်းနည်းစရာကောင်းတာပါပဲ။

အဲဒီအခါကျတော့မှ ဝိနည်းမိုရ်ဆရာတော်ကြီး ၂-ပါးက သတိရပြီး နောင်တပူပန်မှုဖြစ်ကြတယ်၊ အဲဒီဆရာတော်ကြီးများဟာ ပကတိက အလွန်စိတ်နှလုံးကောင်းမြတ်တဲ့ ဆရာတော်ကြီးများ ဖြစ်ကြပါတယ်၊ သူယုတ်မာရဟန်းကိုအကြောင်းပြုပြီးတော့ အားနာ တာနဲ့ မှားယွင်းသွားကြခြင်းဖြစ်ပါတယ်၊ ဒါကြောင့် အဲဒီ ဆရာတော်ကြီးနှစ်ပါးမှာ သူယုတ်မာတပည့်ကို ငဲ့ပြီး ငါတို့ မှားသွား ပြီ၊ဘုရားသာသနာကို ချောက်ကြားထဲ ပစ်ချလိုက်သလို ပြုမိကြပြီ လို့ ဆင်ခြင်ပြီး အလွန်ပင် နှလုံးမသာဖြစ်ကြပါသတဲ့၊ မြတ်စွာ ဘုရား၏ အဆုံးအမသာသနာတော်ဆိုတာ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီတော်တွေကို ဖြည့်ကျင့်ပြီးမှ တည်ထောင်နိုင်တဲ့ သာသနာတော်ပဲ၊ ဒါလောက်ရခဲတဲ့ သာသနာတော်ကို ငါတို့က ဘာမျှအဖိုးမတန်တဲ့ သက်နီး သပိတ် ပရိက္ခရာလောက် ဝတ်ပြုတာ ကလေးလောက်ကိုငဲ့ပြီး ပျက်စီးဆုတ်ယုတ်အောင်ပြုမိပြီလို့ ဆင်ခြင်ပြီး အလွန်ပင် စိတ်နှလုံးပူပန်ကြရပါသတဲ့၊ အဲဒါမျိုးကို ပါဠိလို ကုက္ကုစ္စခေါ်တယ်။

**အကတံ ဝတ မေ ကလျာဏံ ကတံ ပါပံ။**

**မေ**-ငါသည်၊ **ကလျာဏံ**-ကောင်းသောအမှုကို၊ **အကတံ ဝတ**-မပြုမိဘဲ ရှိလေစွတကား၊ **ပါပံ**-မကောင်းမှုကို၊ **ကတံ ဝတ**-ပြုမိလေစွတကားလို့ နှလုံးသွင်းပြီး စိတ်ပူပန်တဲ့သဘောပါပဲ၊ အဲဒီ ဝိနည်းမိုရ်ဆရာတွေမှာ ဝိနည်းနှင့်အညီ ဆုံးဖြတ်ပေးရမည့် ကိစ္စက ကောင်းမှုပဲ၊ အဲဒီကောင်းမှုကို ပြုသင့်ပါလျက်နဲ့ သူတို့မပြုမိခဲ့ဘူး၊ အဆုံးအဖြတ်မပေးဘဲ လျစ်လျူရှုပြီး သူယုတ်မာရဟန်း၏ အလို

http://www.dhammadownload.com



အတိုင်းနေတာက မကောင်းမှုပဲ၊ အဲဒီမကောင်းမှုကို သူတို့ပြုမိခဲ့ကြတယ်၊ အဲဒီဝိနည်း မိုရ်ဆရာနှစ်ပါးဟာ အနှစ် နှစ်သောင်းတန်းကဆိုတော့ ရဟန်းမဖြစ်မီက အနှစ်တစ်ထောင် နှစ်ထောင်လောက်နှုတ်လိုက်ဦးတော့ နှစ်ပေါင်းနှစ်သောင်းနီးပါးမျှ ရဟန်းသီလတွေကိုရှိရှိသေသေ ကျင့်သုံးလာခဲ့ကြတယ်၊ စာပေ၊ ပိဋကတ်တွေကိုလည်းပို့ချလာခဲ့ကြတယ်၊ သမထ ဝိပဿနာတရား အားထုတ်မှုကတော့ အဋ္ဌကထာမှာ ဖော်ပြထား ခြင်းမရှိလို့ သေသေချာချာမသိရဘူး၊ အနည်းအကျဉ်းတော့ ရှိ ကောင်းရှိလိမ့်မယ်၊ ဒါပေမယ့် သူတို့မှာဖြစ်ပေါ်နေတဲ့စိတ်ပူပန်မှု ကုက္ကုစ္စကြီးနဲ့ဆိုတော့ သမာဓိဖြစ်ဖို့ခဲယဉ်းပါလိမ့်မယ်၊ အဲဒီလောက် အရေးမကြီးလှတဲ့ အသေးအဖွဲပြောမှားမှု ပြုမှားမှုကလေးများရှိရင်တောင်မှ တရားအားထုတ်တဲ့အခါ ပေါ်ပေါ်လာတတ်တယ်၊ အဲဒီ စိတ်ပူပန်မှု ကုက္ကုစ္စဖြစ်ပေါ်လာရင် အဲဒါကိုရှုမှတ်ပြီး ပယ်ရတယ်၊ မပယ်နိုင်ရင် သူ့ကျွန်ခံရသလိုပဲ၊ သမာဓိ ပညာဆိုတဲ့ အကျိုးစီးပွား တွေကို ဖြစ်အောင်မလုပ်နိုင်ဘူး၊ ဒါကြောင့် အဲဒီ အနက်အဓိပ္ပါယ်ကို ဘုရားဟောဒေသနာတော်နှင့်အညီ ဘုန်းကြီးက ဆောင်ပုဒ်တစ်ခု စီထားတယ်၊ "ပျံ့လွင့်ပူပန်၊ သူ့ကျွန်ခံ၊ အမြန်ပယ်ဖျောက်လေ"တဲ့။ ကဲ-အဲဒါကလေး ဆိုကြရမယ်။

**ပျံ့လွင့်ပူပန်၊ သူ့ကျွန်ခံ၊ အမြန်ပယ်ဖျောက်လေ။ (ဆို)**

စိတ်တွေ ဟိုရောက်ဒီရောက်နဲ့ ပျံ့လွင့်နေတာဟာ ဥဒ္ဓစ္စတဲ့၊ ပြောမှားခဲ့တယ်၊ ပြုမှားခဲ့တယ်လို့ ထပ်ခါထပ်ခါ ကြံတွေးပြီး နှလုံးပူ ပန်နေတာဟာ ကုက္ကုစ္စတဲ့၊ အဲဒီ ပျံ့လွင့်မှုနှင့် စိတ်ပူပန်မှုဟာ သူတစ်ပါး၏ကျွန်ခံနေတာနဲ့ တူပါသတဲ့၊ ရှေးခေတ်တုန်းက အရှင်သခင်နဲ့ ကျွန်ဆိုတဲ့စနစ်ရှိတယ်၊ တချို့မှာ ငွေသုံးလေးဆယ်

http://www.dhammadownload.com



လောက်အကြွေးမဆပ်နိုင်တာနဲ့လည်း ကျွန်ခံရတယ်၊ ကျွန်ကမွေး လာတဲ့ သားသမီးတွေလည်း အကုန်ကျွန်ဖြစ်ရတယ်၊ အဲဒီကျွန်ဟာ အရှင်သခင်ခိုင်းတာကို လုပ်ရတယ်၊ ထားရာမှာ နေရတယ်၊ အရှင်သခင်ပေးတဲ့ အစား၊ အဝတ်၊ အသုံးအဆောင်ကိုသာ စားရ ဝတ်ရသုံးရတယ်၊ ကိုယ်သွားလိုရာ မသွားနိုင်ဘူး၊ ကိုယ့်အတွက် စီးပွားရေး ကြီးပွားရေး မလုပ်နိုင်ဘူး၊ အရှင်သခင်က ရိုက်နှက်လို့ သေသွားရင်လည်း အရှင်သခင်မှာဘာမျှအပြစ်မရှိဘူး၊ အရှင် သခင်က သူ့ကျွန်ကိုရောင်းစား ချင်ရင်လည်း ရောင်းစားနိုင်တယ်၊ ယခုကာလ နွားကျွဲများလို ဖြစ်နေပါတယ်၊ အလွန်ကြောက်စရာ ကောင်းတဲ့ ကျွန်စနစ်ကြီးပါပဲ၊အဲဒီ ကျွန် စနစ်ဆိုးကြီးကို ဥရောပက ပညာရှိတွေက ဥပဒေပြုပြီးပယ်ဖျက်လိုက် တာနဲ့ ယခုအခါမှာ တော့ ထင်ထင်ရှားရှားမရှိတော့ပါဘူး၊ အဲဒီလို ပြုပြင်ကြတဲ့ ပညာရှိ တွေဟာ အလွန်ပင်ချီးကျူးစရာကောင်းပါပေတယ်၊ ဒါပေမယ့် ယခု ခေတ်မှာလည်း တချို့အရပ်ဒေသနိုင်ငံများမှာ အုပ်ချုပ်သူတွေက အရှင်သခင်ဖြစ်ပြီး အများလူထုက ကျွန်သဖွယ် ဖြစ်နေတာလည်း ရှိသေးတယ်လို့ကြားရတယ်၊ ကြားရတဲ့အတိုင်း ဟုတ်မှန်ရင်တော့ အဲဒီစနစ်ဟာလည်း ကြောက်စရာကောင်းတာပဲ၊ အဲဒီကျွန်မှာ ကိုယ် အကျိုးဖြစ်အောင် ကြီးပွားချမ်းသာအောင် လုပ်ကိုင်နိုင်ခွင့် မရှိတာ လိုပဲ စိတ်ပျံ့လွင့်နေရင် စိတ်ပူပန်နေရင် သမာဓိပညာဆိုတဲ့ အကျိုးစီးပွားကို ဖြစ်ထွန်းအောင် မလုပ်နိုင်ဘူး၊ ဒါကြောင့် စိတ်ပျံ့ လွင့်ရင် စိတ်ပူပန်ရင် ကျွန်ခံရတာပဲလို့ ဆင်ခြင်ပြီး အဲဒီစိတ်ပျံ့ လွင့်မှု စိတ်ပူပန်မှုကို ပယ်ရမယ်၊ ဘယ်လိုလုပ်ပြီး ပယ်ရမှာလဲဆိုရင် အဲဒီပျံ့ လွင့်တဲ့စိတ် ပူပန်တဲ့စိတ်ကို ရှုမှတ်ပြီး ပယ်လိုက်ရုံပါပဲ။

ယခုပြောနေတဲ့ ဟေမဝတ သာတာဂိရိတို့၏ အလောင်း

http://www.dhammadownload.com



ဖြစ်ကြတဲ့ ဝိနည်းမိုရ်ဆရာတော်ကြီး ၂-ပါးမှာတော့ ဒီစိတ်ပူပန်မှုကုက္ကုစ္စကိုလုံးဝကင်းပျောက်သွားအောင်မပယ်နိုင်ကြဘူး၊ ဒါကြောင့်ပျံတော်မူခါနီးပေါ်လာတယ်၊ သူတို့မှာအနှစ်နှစ်သောင်းနီးပါးကာလပတ်လုံးကျင့်သုံးခဲ့တဲ့ ရဟန်းသီလကုသိုလ်တွေလည်းရှိတယ်၊ စာပေပို့ချတဲ့ကုသိုလ်တွေလည်းရှိတယ်၊ အဲဒီကုသိုလ်တွေဟာစတုမဟာရာဇ်,တာဝတိံသာ,ယာမာအစရှိတဲ့ နတ်ပြည်ခြောက်ထပ်ကိုရောက်နိုင်တဲ့သတ္တိရှိကြပါတယ်၊ ဒါပေမယ့် အဲဒီစိတ်ပူပန်မှုကြောင့်အထက်နတ်ပြည်တွေကိုမရောက်ကြရဘူး၊ပျံတော်မူပြီးတဲ့အခါ တစ်ပါးကဟိမဝန္တာတောင်၌ ယက္ခခေါ်တဲ့ဘီလူးမျိုးထဲမှာဖြစ်ရတယ်၊ သူ့ကိုဟေမဝတလို့ခေါ်တယ်၊တစ်ပါးကဇမ္ဗူဒိပ်ကျွန်းလို့ခေါ်တဲ့ အိန္ဒိယအလယ်ပိုင်းက ရာဇဂြိုဟ်ရဲ့တောင်ဘက်ဆီကသာတဆိုတဲ့တောင်မှာ ယက္ခမျိုးပဲဖြစ်ရတယ်၊ပင်လယ်ကမ်းခြေဆီက ဥဒယဂိရိ၊ ဒန္တဂိရိ ဆိုတဲ့တောင်မျိုးတွေထဲက ဖြစ်ဖွယ်ရှိပါတယ်၊ သာတတောင်မှာဖြစ်လို့သူ့ကိုသာတာဂိရိနတ်လို့ခေါ်ပါတယ်၊ သူတို့နှစ်ဦးလုံးဟာ ကုဝေရနတ်မင်းကြီး၏ယက္ခသေနာပတိ၊ ဘီလူးစစ်ဗိုလ်ကြီး ၂၈-ဦးထဲကအပါအဝင် ယက္ခရာဇာခေါ်တဲ့ဘီလူးနတ်မင်းများ ဖြစ်ကြပါတယ်၊နတ်မျိုးထဲကပါပဲ၊ ဒါပေမယ့်ယက္ခဘီလူးမျိုးဆိုတော့ အထက်နတ်များလိုအရုပ်အဆင်းကတော့ လှပပုံမရဘူး၊ ခပ်ကြမ်းကြမ်းဖြစ်ဟန်တူပါတယ်၊ သူတို့၏အခြွေအရံငါးရာစီ သောရဟန်းများလည်းသူတို့နှင့်အတူ နတ်ဘီလူးများပင်ဖြစ်ကြရတယ်။

တစ်နေ့သောအခါ နတ်သဘင်အစည်းအဝေးမှာ ဟေမဝတနတ်မင်းနှင့် သာတာဂိရိနတ်မင်းတို့ ဆုံမိကြတဲ့အခါ အချင်းချင်းမေးမြန်းပြီးသိကြရတဲ့အတွက် နှလုံးမသာဖြစ်ပြီး ဝမ်းနည်းစကားပြောကြတယ်၊ ကျုပ်တို့ဗျာ အနှစ်နှစ်သောင်းပတ်လုံး ရဟန်းတရားကို

http://www.dhammadownload.com



ကျင့်သုံးခဲ့ကြပါလျက်နဲ့ သူယုတ်မာတပည့်တစ်ယောက်အတွက် ကြောင့် နှစ်နာကြရသဗျာ၊ အထက်နတ်ပြည်တွေမှာ ဖြစ်နိုင်လောက်တဲ့ ကုသိုလ်တွေရှိပါလျက်နဲ့ အဲဒီမှာတောင် မဖြစ်ကြရဘဲ ယက္ခမျိုးထဲမှာဖြစ်ကြရတာ သိပ်နာတာပဲဗျာ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ဆိုတာကတော့ ဝေးနေတာပဲ၊ ကျုပ်တို့ကို ကိုးကွယ်လျှဒါန်းနေကြတဲ့ ဒကာဒကာမတွေကတော့ အထက်နတ်ပြည်ရောက်နေကြရတယ်၊ ယခု ကျုပ်တို့က သူတို့အောက်ရောက်နေကြရတယ်၊ သိပ်နစ်နာတာပဲ စသည်ဖြင့် ဝမ်းနည်းစကားပြောကြတယ်၊ အဲဒီလို ပြောပြီးတော့ အချင်းချင်း ဒီလို ကတိကဝတ်ပြုကြတယ်၊ ဟိမဝန္တာတောင်မှာ ထူးထူးဆန်းဆန်းပေါ်လာရင်လည်း ဟေမဝတနတ်က သတင်းစကားပြောကြားဖို့၊ အိန္ဒိယအလယ်ပိုင်းဆိုတာ ဘုရားအစရှိသော ပုဂ္ဂိုလ်ထူးများ ဖြစ်ပေါ်ရာဌာနဖြစ်တဲ့အတွက် အထူးအဆန်း ဖြစ်ပေါ်လာတဲ့အခါ သာတာဂိရိနတ်က သတင်းစကားပြောကြားဖို့ဆိုတဲ့ ကတိကဝတ် ပြုထားကြတယ်။

အဲဒီနောက် ကဿပမြတ်စွာဘုရား သာသနာတော်ကွယ်ခဲ့တယ်၊ လူတို့၏အသက်တမ်းဟာ အနှစ်နှစ်သောင်းမှ ဆုတ်ယုတ်ပြီး ဆယ်နှစ်တမ်းရောက်ခဲ့တယ်၊ အဲဒီမှာ ကပ်ဆိုးကြီးနဲ့ လူတွေ ကုန်လုနီးပါး သေကြေပျက်စီးကြရတယ်၊ ဒါကြောင့် ကျန်တဲ့လူတွေက သံဝေဂဖြစ်ပြီး မေတ္တာအစရှိတဲ့ ကုသိုလ်တရားကို ပွားကြတဲ့အတွက် လူတို့၏သက်တမ်းဟာ တဖြည်းဖြည်းတိုးတက်ပြီး အသင်္ချေယျ သက်တမ်းကိုရောက်တယ်၊ တစ်ဖန်လူတွေက ကိုယ်ကျင့်တရားဆုတ်ယုတ်တဲ့အတွက် အသက်တမ်းဟာ ဆုတ်ယုတ်လာပြန်တယ်၊ အနှစ်တစ်ရာတမ်းရောက်တဲ့အခါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၅၂-နှစ်မြောက်က ဒီလိုကဆုန်လပြည့်နေ့မှာ ဘုန်းကြီးတို့၏ ကိုးကွယ်ရာ ဂေါတမမြတ်စွာဘုရား

http://www.dhammadownload.com



ပွင့်တော်မူလာတယ်၊ ပွင့်တော်မူပြီးတဲ့နောက် ၂-လမြောက် ဝါဆိုလ ပြည့်နေ့မှာ မြတ်စွာဘုရားက ဓမ္မစက္ကပဝတ္တနသုတ်ကိုတရားဦးအဖြစ် ဖြင့် ဟောကြားတော်မူပါတယ်။

အဲဒီတရားကိုကြားနာပြီး လူသားထဲက **အရှင်ကောဏ္ဍည** သောတာပတ္တိမဂ်ဖိုလ်တရားထူးကို ရတယ်၊ ဗြဟ္မာတွေက ၁၈-ကုဋေ၊ နတ်တွေကတော့ မရေမတွက်နိုင်အောင် များစွာပင်တရားထူးကို ရကြတယ်၊ သာတာဂိရိနတ်ကတော့ တရားနာနေရင်း သူ့မိတ်ဆွေ ဟေမဝတနတ်ကို သတိရတာနဲ့ လျှောက်ပြီးကြည့်လိုက်တဲ့အခါမှာ မတွေ့ရလို့ ဘာကြောင့်မလာပါလိမ့် စသည်ဖြင့် စိတ်ပျံ့လွင့်နေတဲ့ အတွက် အဲဒီတုန်းက တရားထူးကိုမရခဲ့ဘဲ အစနားပိုင်းက ပြောခဲ့တဲ့အတိုင်းဟေမဝတနတ်ကိုဖိတ်ခေါ်ပြီး ဒုတိယအကြိမ်လာ တော့မှ မြတ်စွာဘုရားဖြေကြားတဲ့ တရားကိုကြားနာပြီး အခြွေအရံ နတ်ဘီလူး တစ်ထောင်တို့နှင့်တကွ နတ်မင်းနှစ်ဦးလုံး သောတာ ပတ္တိမဂ်ဖိုလ်တရားထူးကိုရကြပါတယ်၊ အဲဒီလိုတရားထူးရပြီးတဲ့ နောက် ဟေမဝတနတ်ကဂါထာတစ်ပုဒ်ဖြင့် တစ်ဖန်မေးလျှောက် တယ်၊ အဲဒီလို မေးလျှောက်ပြီးတဲ့အခါ အလွန်ကြည်ညိုဝမ်းသာပြီး မြတ်စွာဘုရားကို ချီးကျူးပူဇော်တယ်၊ နောက်ဆုံးမှာ ဒီလိုလည်း ဝမ်းမြောက်ဝမ်းသာနဲ့ ကြေညာပြောကြားပါတယ်။

## ဟေမဝတ၏ ကြေညာချက်

**တေ မယံ ဝိစရိဿာမ၊**
**ဂါမာ ဂါမံ နဂါ နဂံ။**
**နမဿမာနာ သမ္ဗုဒ္ဓံ၊**
**ဓမ္မဿ စ သုဓမ္မတံ-တဲ့။**

http://www.dhammadownload.com



**တေမယံ**-မြတ်စွာဘုရားထံမှ တရားနာကြ၍ တရားထူးကို သိကြရသော ထိုငါတို့သည်၊ **သမ္ဗုဒ္ဓံ**-မြတ်စွာဘုရားကို၊ **နမဿမာနာ**-ရှိခိုးပူဇော်ကုန်လျက်၊ **ဓမ္မဿ**-တရားတော်၏၊ **သုဓမ္မတံစ**-ကောင်းသောတရား၏ အဖြစ်ကိုလည်း၊ **နမဿမာနာ**-ပူဇော် ဟောပြောကုန်လျက်၊ **ဂါမာ ဂါမံ**-တစ်ရွာမှ တစ်ရွာသို့၊ **နဂါနဂံ**-တစ်တောင်မှ တစ်တောင်သို့၊ **ဝိစရိဿာမ**-လှည့်လည်သွားကာ ကြေညာကြပါကုန် အံ့သတည်း-လို့ ကြေညာပြောကြားပါတယ်။

အဲဒါ ဟေမဝတနတ်က တရားထူးကို သိရတဲ့အတွက် ဘုရားနှင့်တရားတော်ကို အလွန်ကြည်ညိုသဒ္ဓါဖြစ်ပြီးတော့ ဘုရားဂုဏ်တရားဂုဏ်များကို တစ်ရွာမှတစ်ရွာ တစ်တောမှတစ်တော တစ်တောင်မှတစ်တောင်သို့ လှည့်လည်သွားလာပြီး ကြော်ငြာမယ် ကြွေးကြော်မယ်လို့ ကြေညာလိုက်တဲ့စကားပါပဲ၊ အဲဒီတုန်းက သံဃာမထင်ရှားသေးလို့ သံဃာကိုတော့ ဖော်မထားဘူးလို့ ယူရမယ်၊ တရားစစ် တရားမှန်သိသွားတဲ့သူက ဘုရား တရား သံဃာဂုဏ်ကို အမှန်တိုင်းသိသွားတော့ ဒီလိုပဲ ဝမ်းမြောက်ဝမ်းသာနဲ့ ပြောဆိုလေ့ရှိပါတယ်၊ မိမိလိုပင် သူတစ်ပါးတွေအားလည်း တရားမှန်ကို သိစေလိုတဲ့အတွက် တိုက်တွန်းပြောကြားလိုတယ်၊ ဒါက ဓမ္မတာပါပဲ၊ အဲဒီဟေမဝတနတ် ချီးကျူးပုံကို ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်၊ "ဘုရားတရား ဂုဏ်များချီးကာ၊ တစ်ရွာမှသွား တခြားမြို့ရွာ၊ (နတ်ဘီလူးရွာတွေ တစ်ရွာဝင် တစ်ရွာထွက်သွားမယ်လို့ ဆိုလိုပါတယ်) တောတောင်သစ်ဟောင်း ရွှေ့ပြောင်းသွားလာ၊ ငါတို့များ လှည့်သွားနေတော့မှာ"တဲ့၊ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com



**ဟေမဝတ၏ ကြေညာချက် ဆောင်ပုဒ်**

**ဘုရားတရား ဂုဏ်များချီးကာ၊**
**တစ်ရွာမှသွား တခြားမြို့ရွာ။**
**တောတောင်သစ်ဟောင်း ရွှေ့ပြောင်းသွားလာ၊**
**ငါတို့များ လှည့်သွားနေတော့မှာ။**

ဟေမဝတသုတ်တရားတော်ကတော့ ပြည့်စုံသွားပါပြီ၊ နောက်တစ်ကြိမ်ဟောဖို့ အစဉ်ကျနေတာကတော့ အနတ္တလက္ခဏ သုတ်ပဲ၊ အဲဒီသုတ်ကိုဟောဖို့ လျှောက်ထားချက်လည်းရှိတယ်၊ အဲဒီသုတ်ကိုလည်း ဒီသုတ်လိုပဲ ဖြည်းဖြည်းချင်း ပြည့်ပြည့်စုံစုံ ဟော ရမယ်၊ ဒီကနေ့တော့ ဒီသုတ်မှာ မြတ်စွာဘုရား ဖြေရှင်းဟောကြား တဲ့ ဂါထာ ၄-ပုဒ်ရဲ့ ဆောင်ပုဒ်များကို ရွတ်ဆိုပူဇော်ပြီး တရားသိမ်း ကြစို့။

**ခြောက်ပါးရှိက လောကဖြစ်သည်၊**
**ခြောက်ပါးမှာချဉ်း ပေါင်းသင်းနေသည်။**
**ခြောက်ပါးကိုစွဲ လူပဲခေါ်သည်၊**
**ခြောက်ပါး၌ အားစိုက်ပင်ပန်းသည်။**

**ငါးဖြာကာမ ဆန္ဒစိတ်တွင်၊**
**ငါ့ဟာငါပဲ ယူစွဲထင်မြင်။**
**ထိုမှာဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင်၊**
**ဆင်းရဲမှ လွတ်ရယောဂီရှင်။**

http://www.dhammadownload.com



သီလသန့်ရှင်း အတွင်းမှပင်၊
ကြံ့ရှုမှုရှိ သတိထင်လျှင်။
စိတ်တည်ကြည်ရင်း ဉာဏ်လင်းသိမြင်၊
ဩဃ များ ကူးသွားယောဂီရှင်။

ကာမဂုဏ်ထဲ တပ်စွဲ ရှောင်ကြဉ်၊
သံယောဇဉ်များ လွန်သွားလေလျှင်။
နန္ဒီရာဂ ဘဝကုန်စင်၊
ပင်လယ်မြစ် မနစ်ယောဂီရှင်။

ဟေမဝတရဲ့ ကြေညာပုံကိုလည်း ဆိုကြဦးစို့။

ဘုရားတရား ဂုဏ်များချီးကာ၊
တစ်ရွာမှသွား တခြားမြို့ရွာ။
တောတောင်သစ်ဟောင်း ရွှေ့ပြောင်းသွားလာ၊
ငါတို့များ လှည့်သွားနေတော့မှာ။

http://www.dhammadownload.com



## နိဂုံးချုပ်တရားသိမ်းဆုတောင်း

ဤဟေမဝတသုတ္တန်တရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာပရိသတ် အပေါင်းသူတော်ကောင်းတို့သည် ဤဒေသနာတော်၌ လာရှိသည့်အတိုင်း ဩဃလေးပါး ရေစီးကြောင်း ရေလျဉ်များကို ကျော်လွှားကူးမြောက်နိုင်သဖြင့် သံသရာနက်ကျယ် မြစ်ပင်လယ်၌ မနစ်မြုပ်ရန် ဒွါရခြောက်ပါး၌ ကျရောက်လာသော အာရုံခြောက်ပါးတို့ကို မှန်စွာသိအောင် ရှုမှတ်သောအားဖြင့် ယင်းအာရုံတို့၌ ဖြစ်ထိုက်သော နှစ်သက်တပ်စွဲမှု နန္ဒီရာဂကို ပယ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းအကုန်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု-သာဓု-သာဓု

**ဟေမဝတသုတ္တန်တရားတော် ဆဋ္ဌမပိုင်းပြီး၏။**

**ဟေမဝတသုတ္တန်တရားတော် အလုံးစုံပြီး၏။**

http://www.dhammadownload.com

## သံဃဥပုသ်ပြုရာ၌
### တစ်ပါးတည်း ဥတ်ထား၍ စိစစ်ပုံ

**သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထော ပန္နရသော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။**

ယခုအခါ ကိုသံဃဿ **ပုဗ္ဗကိစ္စံ**-ဟူသော နိဒါန်းပါဠိ၊ **ယဒိ သံဃဿ ပတ္တကလ္လံ**-ဟူသော ဥတ်ပါဠိတော်တို့နှင့်အညီ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကို စိစစ်လျှောက်ကြားပြီးလျှင် ပတ္တကလ္လအင်္ဂါတို့ကိုလည်း စိစစ်လျှောက်ကြားပါမည် အရှင်မြတ်တို့ဘုရား။

**သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။**

**ဥပေါသထဿ ဧတာနိ ပုဗ္ဗကရဏန္တိ ဝုစ္စတိ**-ဟူ၍ အဋ္ဌကထာ ဆရာမဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့် အညီ-

http://www.dhammadownload.com



(၁) ဥပုသ်ပြုရာသိမ်တွင်း၌ တံမြက်လှည်းခြင်း ကိစ္စပြီးပါပြီ (အရှင်ဘုရား)။

(၂) ယခုအခါ နေ၏အရောင်အလင်းကို ရဆဲဖြစ်သောကြောင့် မီးထွန်းဖွယ်ကိစ္စမရှိ ပြည့်စုံပါပြီ (အရှင်ဘုရား)။

(၃) သောက်ရေ သုံးရေ တည်ထားခြင်းကိစ္စ ပြီးပါပြီ (အရှင်ဘုရား)။

(၄) နေရာခင်းခြင်းကိစ္စ ပြီးပါပြီ (အရှင်ဘုရား)

ဤလေးပါးသော အမှုကိစ္စတို့ကို သံဃာမစည်းဝေးမီ ရှေးအဖို့က ကြိုတင်၍ပြုအပ်သောကြောင့် **ပုဗ္ဗကရဏ**-ဟု ခေါ်ဆိုအပ်ပါသည် အရှင်မြတ်တို့ဘုရား။

**ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။**

**ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ**- ဟူ၍ - အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ-

(၁) ယခု ဥပုသ်ပြုရာ ဤသိမ်အတွင်း၌ သံဃာ့အစည်းအဝေးသို့ မလာရောက်နိုင်သော ရဟန်းများ မရှိသောကြောင့် ဆန္ဒကို ဆောင်ဖွယ်လျှောက်ကြားဖွယ် မရှိ ပြည့်စုံပါပြီ (အရှင်ဘုရား)

(၂) ပါရိသုဒ္ဓိကိုလည်း ဆောင်ဖွယ် လျှောက်ကြားဖွယ်မရှိ ပြည့်စုံနေပါပြီ (အရှင်ဘုရား)

(၃) ဥတုသည် ဟေမန္တဥတု ဂိမန္တဥတု ဝဿန္တဥတု-ဟူ၍ သုံးပါးအပြားရှိပါသည်၊ ထိုသုံးပါးတို့တွင် ယခုရောက်

http://www.dhammadownload.com



ဆဲ ဥတုသည် (ဝဿန္တဥတု)မိုးဥတုဖြစ်ပါသည်၊ ဤဥတု၌ ရှစ်ပက္ခရှိသည်တို့တွင် ယခုရောက်ဆဲပက္ခသည် (အစဆုံး ပဌမပက္ခဖြစ်၍ လွန်ပြီးမရှိ ခုနစ်ပက္ခကြွင်းကျန်ပါသေးသည်) (နှစ်ခုမြောက် ဒုတိယပက္ခဖြစ်၍ တစ်ပက္ခ လွန်ခဲ့ပါပြီ၊ ခြောက်ပက္ခကြွင်းကျန်ပါသေးသည်၊ နောက်ဆုံး ဆဋ္ဌမပက္ခဖြစ်၍ ခုနစ်ပက္ခလွန်ခဲ့ပါပြီ၊ အကြွင်းပက္ခမရှိတော့ပါ) (အရှင်ဘုရား)။ (ဝါထပ်မည့်နှစ် ဗွေဥတုဖြစ်လျှင် "ရှစ်ပက္ခရှိသည်တို့တွင်" ဟူ ရာ၌ "ဝါထပ်၍ ဆယ်ပက္ခရှိသည်တို့တွင်" ဟုပြင်၍ ရောက်ဆဲပက္ခ အားလျော်စွာ ပြောဆိုရာ၏။)

(၄) ယခုအခါ ဤသိမ်အတွင်း၌ ဥပုသ်ပြုရန် စည်းဝေးတည်နေလျက်ရှိသော ရဟန်းတော်အရေအတွက်မှာ (ငါးကျိပ်ကိုးပါး) ရှိပါသည် (အရှင်ဘုရား)

(၅) ယခုအခါ သာသနာတော်၌ ဘိက္ခုနီမတို့ ထင်ရှားမရှိသောကြောင့် ဘိက္ခုနီမတို့၏ ဩဝါဒခံရန် တောင်းပန်သော စကားကို သံဃာတော်အား လျှောက်ကြားဖွယ် မရှိပြည့်စုံပါပြီ (အရှင်ဘုရား)။

ဤငါးပါးသော အမှုကိစ္စတို့ကို သံဃာစည်းဝေးပြီးနောက် ဥပုသ်မပြုမီ (ပါတိမောက် ရွတ်ဆိုမပြုမီ) ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ-ဟုခေါ်ဆိုအပ်ပါသည် အရှင်ဘုရား။

**ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊**
**သဘာဂါ ပတ္တိယော စ န ဝိဇ္ဇန္တိ၊**

http://www.dhammadownload.com



**ဝဋ္ဋနိယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊**
**ပဏ္ဍကလ္လန္တိ ဝုစ္စတိ**-ဟူ၍. . .

အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ. .

(၁) ဥပုသ်သည် သာမည လက္ခဏာအားဖြင့် တစ်ပါးတည်းသာ ဖြစ်ပါသည်၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား **စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ်**-ဟူ၍ နေ့၏အစွမ်း အားဖြင့်သုံးပါး၊ **သံဃာ့ဥပုသ်၊ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်** ဟူ၍ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သုံးပါး၊ **သုတ္တုဒ္ဒေသဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ်** ဟူ၍ ပြုအပ်သော အချင်းအရာ ကာတဗ္ဗာကာရ၏အစွမ်းအားဖြင့်သုံးပါး ဤသို့အားဖြင့် ၉-ပါး အပြားရှိသည်၊ ထို ၉-ပါးတို့တွင် ယခုပြုလတ္တံ့သော ဥပုသ်သည် နေ့၏အစွမ်းအားဖြင့် (ပန္နရသီဥပုသ်)(စာ တုဒ္ဒသီဥပုသ်) ဖြစ်ပါသည်၊ ပြုတတ်သော ကာရကာ ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သံဃာဥပုသ်ဖြစ်ပါသည်၊ ပြု အပ်သော အချင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသဥပုသ် ဖြစ်ပါသည်(အရှင်ဘုရား)။

(၂) ဤသုတ္တုဒ္ဒေသ သံဃာဥပုသ်ကို ပြုရာဝယ် လေးပါး လေးပါးထက် အလွန်ဖြစ်သော ရဟန်းတော်တို့သည် တစ်ခုတည်းသော သိမ်အတွင်း၌ ဖခြင်းချင်း ၂-တောင့်ထွာ ဟတ္ထပါသ် ဆက်စပ်လျက် ကာယသာ

http://www.dhammadownload.com



မဂ္ဂိပေး၍ စည်းဝေးတည်နေကြလျှင် ဤသံဃဥပုသ်ကံအား လျှောက်ပတ်ပါသည်၊ ယခုအခါ (လေးပါးသော) (လေးပါးထက်အလွန် ငါးကျိပ်ကိုးပါးသော) ရဟန်း တော်တို့သည် တစ်ခုတည်းသော သိမ်အတွင်း၌ အချင်းချင်း ၂-တောင့်ထွာ ဟတ္ထပါသ် ဆက်စပ်လျက် ကာယသာမဂ္ဂီပေး၍ စည်းဝေးတည် နေကြပါကုန်ပြီ (အရှင်ဘုရား)။

(၃) စည်းဝေးတည်နေကြသော ထိုရဟန်းတို့သည် ဒေသနာ ပြောကြားကြပြီးဖြစ်၍ သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်မှ ကင်းစင်ကြပါကုန်ပြီ (အရှင်ဘုရား)။

(၄) လူ,ဘိက္ခုနီ အစရှိသော နှစ်ကျိပ်တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို သံဃာတော်၏ ၂-တောင့်ထွာ ဟတ္ထပါသ်မှ အပပြုသောအားဖြင့် ကြဉ်အပ်ပါကုန်ပြီ (အရှင်ဘုရား)။

ဤလေးပါးသော အင်္ဂါတို့ဖြင့် ရေတွက်အပ်သော ဥပုသ်ကံကို လျှောက်ပတ်သောအခါ ရှိသော ပတ္တကလ္လ-ကံ-ဟုခေါ်ဆိုအပ်ပါသည် အရှင်ဘုရား။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ။

သာဓု-သာဓု-သာဓု

***

http://www.dhammadownload.com



# ပါဠိမောက်ပြပုံအကျဉ်း

ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ။ ပ။ဝေမေတံ ဓာရယာမိ။

တတြိမေ စတ္တာရော ပါရာဇိကာ ဓမ္မာ။ ပ။ ဝေမေတံ ဓာရယာမိ။

ဣမေ ခေါ ပနာယသ္မန္တော တေရသ သံဃာဒိသေသာ။ ပ။ ဓာရယာမိ။

ဣမေ ခေါ ပနာယသ္မန္တော ဒွေ အနိယတာ ဓမ္မာ။ ပ။ ဓာရယာမိ။

(အကြွင်းသုတဖြင့် သိမ်းပုံ)

ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။ ပ။ ဥဒ္ဒိဋ္ဌာ ဒွေ အနိယတာ ဓမ္မာ။ သုတာ ခေါပနာယသ္မန္တေဟိ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ သုတာဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ၊ သုတာစတ္တာရော ပါဋိဒေသနီယာ ဓမ္မာ၊ သုတာ သေခိယာ ဓမ္မာ၊ သုတာ သတ္တအဓိကရဏာ သမထာ ဓမ္မာ၊ ဧတ္တကံ တဿ ဘဂဝတော။ ပ။ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ။

အနိယတုဒ္ဒေသော စတုတ္ထော။

သာဓု-သာဓု-သာဓု

**(ပါဠိမောက်ပြပုံ အကျဉ်းပြီး၏။)**

(ဝိတ္ထာရုဒ္ဒေသပြပုံကိုလည်း နည်းမှီ၍ သိနိုင်ပြီ)

***

http://www.dhammadownload.com



# သံဃပဝါရဏာပြုပုံအကျဉ်း

တစ်ပါးတည်း ဉတ်ထားစိစစ်၍ သံဃပဝါရဏာအကျဉ်းပြု လိုလျှင် အောက်ပါအစီအစဉ်အတိုင်း ပြုရာ၏။

သုဏာတုမေ ဘန္တေ (အာဝုသော) သံဃော၊ အဇ္ဇပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ။

ယခုအခါ ကို သံဃဿ ပုဗ္ဗကိစ္စံ- ဟူသော ပါတိမောက် နိဒါန်းပါဠိ၊ ယဒိ သံဃဿ ပတ္တကလ္လံ-ဟူသော ဉတ်ပါဠိတို့နှင့် အညီ။ ပ။ စိစစ်လျှောက်ကြားပါသည် အရှင်ဘုရားတို့။

သမ္မဇ္ဇနီ။ပ။ ပဝါရဏာယ တောနိ ။ပ။ နှင့်အညီ--

(၁) ယခု ပဝါရဏာပြုရာ သိမ်အတွင်း၌ တံမြက်လှည်း ခြင်း ကိစ္စပြီးပါပြီ။ ပ။ ပုဗ္ဗကရဏ-ဟုခေါ်ဆိုအပ် ပါသည် အရှင်ဘုရား။

ဆန္ဒပဝါရဏာ ဥတုက္ခာနံ။ ပ။ ပဝါရဏာယ တောနိ။ ပ။နှင့်အညီ--

(၁) ယခု ပဝါရဏာပြုရာ သိမ်အတွင်း၌။ ပ။ ပြည့်စုံပါပြီ (အရှင်ဘုရား)

(၂) ပဝါရဏာကိုလည်း ဆောင်ဖွယ် လျှောက်ကြားဖွယ် မရှိ ပြည့်စုံပါပြီ (အရှင်ဘုရား)။

(၃) ဥတုသည်။ ပ။ ယခုရောက်ဆဲ ဥတုသည် ဝဿာန- မိုးဥတုဖြစ်ပါသည်၊ ဤဥတု၌ ရှစ်ပက္ခရှိသည်တို့တွင် ယခုရောက်ဆဲ ပက္ခသည် ခြောက်ခုမြောက် ဆဋ္ဌမပက္ခဖြစ်၍ ငါးပက္ခလွန်ခဲ့ပါပြီ၊ နှစ်ပက္ခကြွင်း ကျန်ပါသေးသည် (အရှင်ဘုရား)။

http://www.dhammadownload.com



(၄) ယခုအခါ ဤသိမ်အတွင်း၌ ပဝါရဏာပြုရန် စည်းဝေးတည်နေလျက်ရှိသော ရဟန်းတော်အရေ အတွက်မှာ ( ) ပါးရှိပါသည် (အရှင်ဘုရား)။

(၅) ယခုအခါ သာသနာတော်၌ ဘိက္ခုနီမတို့။ပ။ပြည့်စုံ ပါပြီ (အရှင်ဘုရား)

ဤငါးပါးသော အမှုကိစ္စတို့ကို သံဃာစည်းဝေးပြီးနောက် ပဝါရဏာမပြုမီ ရှေးအဖို့၌ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ-ဟုခေါ်ဆို အပ်ပါသည် အရှင်ဘုရား။

ပဝါရဏာ ယာဝတိကာ စ။ ပ။ ပတ္တကလ္လန္တိ ဝုစ္စတိ-ဟူ၍-

အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ် သည်နှင့်အညီ-

(၁) ပဝါရဏာသည် သာမညလက္ခဏာအားဖြင့် တစ်ပါး တည်းသာဖြစ်ပါသည်၊ ဝိသေသလက္ခဏာ အားဖြင့်သော်ကား စာတုဒ္ဒသီပဝါရဏာ ပန္နရသီပဝါရဏာ သာမဂ္ဂီပဝါရဏာ -ဟူ၍ နေ့၏ အစွမ်းအားဖြင့်သုံးပါး၊ သံဃပဝါရဏာ ဂဏပဝါရဏာ ပုဂ္ဂလပဝါရဏာ-ဟူ၍ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏ အစွမ်း အားဖြင့် သုံးပါး၊ တေဝါစိကပဝါရဏာ ဒွေဝါစိကပဝါရဏာ ဧက ဝါစိကပဝါရဏာ သမာန ဝဿိကပဝါရဏာ-ဟူ၍ ပြုအပ်သော အချင်းအရာ ကာတဗ္ဗာကာရ၏အစွမ်းအားဖြင့် လေးပါး ⁼ ဤသို့ အားဖြင့် ဆယ်ပါးအပြား ရှိပါသည်၊ ထိုဆယ်ပါးတို့တွင် ယခုပြု လတ္တံ့သော ပဝါရဏာသည် နေ့၏အစွမ်းအားဖြင့် ပန္နရသီပဝါ ရဏာဖြစ်ပါသည်၊ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သံဃပဝါရဏာဖြစ်သည်၊ ပြုအပ်သော အချင်းအရာ ကာတဗ္ဗာ ကာရ၏ အစွမ်းအားဖြင့် သုံးကြိမ်တိုင်တိုင် လျှောက်ဆိုဖိတ်ကြား

http://www.dhammadownload.com



လျက် ပြုအပ်သော တေဝါစိက ပဝါရဏာ ဖြစ်ပါသည် (အရှင်ဘုရား)။

(၂) ဤသံဃပဝါရဏာကိုပြုရာဝယ် ငါးပါး ငါးပါးထက် အလွန်ဖြစ်သော ရဟန်းတော်တို့သည် တစ်ခုတည်းသော သိမ် အတွင်း၌ အချင်းချင်း ၂-တောင့်ထွာ ဟတ္ထပါသ် ဆက်စပ်လျက် ကာယသာမဂ္ဂီပေး၍ စည်းဝေးတည်နေကြလျှင် ဤသံဃပဝါရဏာ ကံအား လျောက်ပတ်ပါသည်၊ ယခုအခါ (ငါးပါးသော) (ငါးပါးထက် အလွန်ပါးသော)ရဟန်းတော်တို့သည် တစ်ခုတည်းသော သိမ် အတွင်း၌။ပ။ ကြဉ်အပ်ပါကုန်ပြီ (အရှင်ဘုရား)

ဤလေးပါးသော အင်္ဂါတို့ဖြင့် ရေတွက်အပ်သော ပဝါရဏာကံကို လျောက်ပတ်သောအခါရှိသော ပတ္တကလ္လကံ-ဟုခေါ်ဆို အပ်ပါသည် အရှင်ဘုရား။

ပုဗ္ဗကရဏ- ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရဏံ ကာတုံအာရာဓေနံ ကရောမ။

သာဓု-သာဓု-သာဓု

သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။ ဒုတိယမ္ပိ တတိယမ္ပိ အာဝုသော သံဃံ ပဝါရေမိ။ ပ။ ပဋိကရိဿာမိ။

သံဃံ ဘန္တေ ပဝါရေမိ။ ပ။ ပဋိကရိဿာမိ၊ ဒုတိယမ္ပိ. . . တတိယမ္ပိ ဘန္တေ သံဃံ ပဝါရေမိ။ ပ။ ပဋိကရိဿာမိ။

***

http://www.dhammadownload.com



# သံဃပဝါရဏာပြုပုံအကျယ်

ဉတ်ထားခြင်းနှင့် အမေးအဖြေတို့ကို ၂-ပါးဆောင်ရွက်၍ သံဃပဝါရဏာ အကျယ်ပြုလိုလျှင် အောက်ပါအစီအစဉ်အတိုင်း ပြုရာ၏။

## (အဇ္ဈေသကသမ္မုတိ ဉတ်ထားရန်)

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (ကုသလ်) ပဝါရဏာ ဉတ္တိံဌပနံ အဇ္ဈေသေယျံ။

## (တောင်းပန်ရန်)

သံဃော ဘန္တေ အာယသ္မန္တံ (ကုသလ်) ပဝါရဏာ ဉတ္တိ ဌပနံ အဇ္ဈေသတိ၊ ဌပေတု ဘန္တေ အာယသ္မန္တ (ကုသလ်) ပဝါရဏာ ဉတ္တိံ။ ဒုတိယမ္ပိ။ တတိယမ္ပိ။

အာမ ဌပေဿာမဟံ အာဝုသော ပဝါရဏာ ဉတ္တိံ ဟုဝန်ခံ၍ အောက်ပါအတိုင်း တေဝါစိကပဝါရဏာဉတ်ကို ထားရာ၏။

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ။ (တေဝါစိကပဝါရဏာဉတ်)

## (ပုစ္ဆက သမ္မုတိဉတ်ထားရန်)

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (သုမနံ) ဝိနယံ ပုစ္ဆေယျံ။

## (ဝိဿဇ္ဇကသမ္မုတိ ဉတ်ထားရန်)

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (ကုသလေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

(မေး) သမ္ဗဟုလာနိ ပဒီပေါစ။ပ။ ပဝါရဏာယ တောနိ ပုဗ္ဗကရဏာနိ ဝုစ္စတိ-ဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆို

http://www.dhammadownload.com



တော်မူအပ်သည်နှင့်အညီ- ပဝါရဏာပြုရာ သိမ်အတွင်း၌ တံမြက်လှည်းခြင်းကိစ္စ ပြီးပါပြီလော။

(ဖြေ) ပြီးပါပြီ အရှင်ဘုရား။ (၁)

(မေး) မီးထွန်းခြင်းကိစ္စ ပြီးပါပြီလော။

(ဖြေ) ပြီးပါပြီ အရှင်ဘုရား။ (၂)

(မေး) သောက်သုံးရေ တည်ထားခြင်းကိစ္စ ပြီးပါပြီလော။

(ဖြေ) ပြီးပါပြီ အရှင်ဘုရား။ (၃)

(မေး) နေရာခင်းခြင်းကိစ္စ ပြီးပါပြီလော။

(ဖြေ) ပြီးပါပြီ အရှင်ဘုရား။ (၄)

(သံဃာအားလျှောက်) ဤလေးပါးသော အမှုကိစ္စတို့ကို သံဃာမစည်းဝေးမီ ရှေးအဖို့က ကြိုတင်၍ပြုအပ်သောကြောင့် ပုဗ္ဗကရဏ-ဟု ခေါ်ဆိုအပ်ပါသည် အရှင်မြတ်တို့ဘုရား။

(မေး) ဆန္ဒပဝါရဏာဥတုက္ခာနံ။ပ။ ပဝါရဏာယ တောနိ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ-ဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူသည်နှင့်အညီ ပဝါရဏာပြုရာ သိမ်အတွင်း၌ သံဃာအစည်းအဝေးသို့ မလာရောက်နိုင်သော ရဟန်းများရှိနေလျှင် ထိုရဟန်းတို့၏ဆန္ဒနှင့် ပဝါရဏာကိုဆောင်ယူ၍ သံဃာတော်အား လျှောက်ကြားရသည်၊ သို့ဖြစ်၍ ထိုသို့သော ရဟန်းတို့၏ဆန္ဒကို ဆောင်ယူ၍ သံဃာတော်အား လျှောက်ကြားအပ်ပါပြီလော။

(ဖြေ) ယခုပဝါရဏာပြုရာ ဤသိမ်အတွင်း၌ သံဃာအစည်းအဝေးသို့ မလာရောက်နိုင်သော ရဟန်းများမရှိသောကြောင့် ဆန္ဒကို ဆောင်ဖွယ်လျှောက်ကြားဖွယ်မရှိ ပြည့်စုံပါပြီ အရှင်ဘုရား။ (၁)

(မေး) ပဝါရဏာကို ဆောင်ယူ၍ လျှောက်ကြားအပ်

http://www.dhammadownload.com



ပါပြီလော။

(ဖြေ) ပဝါရဏာကိုလည်း ဆောင်ဖွယ်လျှောက်ကြားဖွယ် မရှိ ပြည့်စုံပါပြီ အရှင်ဘုရား။ (၂)

(မေး) ဥတုသည် ဟေမန္တဥတု။ ပ။ သုံးပါးအပြားရှိ၏။ ထို သုံးပါးတို့တွင် ယခုရောက်ဆဲဥတုသည် အဘယ်ဥတုပါနည်း။

(ဖြေ) ဝဿာန-မိုးဥတုဖြစ်ပါသည် အရှင်ဘုရား။ (၃-က)

(မေး) ဤဥတု၌ ရှစ်ပက္ခရှိသည်၊ ထိုရှစ်ပက္ခတို့တွင် ယခု ရောက်ဆဲကား အဘယ်ပက္ခပါနည်း။

(ဖြေ) ခြောက်ခုမြောက် ဆဋ္ဌမပက္ခ ဖြစ်ပါသည် အရှင် ဘုရား။ (၃-ခ)

(မေး) အဘယ်မျှသော ပက္ခများ လွန်ခဲ့ပါပြီနည်း။

(ဖြေ) ငါးပက္ခလွန်ခဲ့ပါပြီ အရှင်ဘုရား။ (၃-ဂ)

(မေး) အဘယ်မျှ ကြွင်းကျန်ပါသေးသနည်း။

(ဖြေ) ၂-ပက္ခကြွင်းကျန်ပါသေးသည် အရှင်ဘုရား(၃-ဃ)

(မေး) ယခုအခါ ဤသိမ်အတွင်း၌ ပဝါရဏာပြုရန် စည်း ဝေးတည်နေလျက်ရှိသော ရဟန်းတော်တို့သည် အဘယ်မျှရှိပါသ နည်း။

(ဖြေ) ( . . . . )ပါးရှိပါသည် အရှင်ဘုရား။ (၄)

(မေး) ဘိက္ခုနီမတို့က ဩဝါဒခံယူရန် တောင်းပန်သော စကားကို သံဃာတော်အား လျှောက်ကြားအပ်ပါပြီလော။

(ဖြေ) ယခုအခါ သာသနာတော်၌ ဘိက္ခုနီမတို့ ထင်ရှား မရှိသောကြောင့် ထိုသို့သော ဩဝါဒ တောင်းပန်စကားကို လျှောက်ကြားဖွယ်မရှိ ပြည့်စုံပါပြီ အရှင်ဘုရား။ (၅)

(လျှောက်) ဤငါးပါးသော အမှုကိစ္စတို့ကို သံဃာအစည်း

http://www.dhammadownload.com



အဝေးပြီးနောက် ပဝါရဏာမပြုမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ-ဟုခေါ်ဆိုအပ်ပါသည် အရှင်မြတ်တို့ဘုရား။

(မေး) ပဝါရဏာ ယာဝတိကာစ။ပ။ ဝုစ္စတိ-ဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့် အညီ-ပဝါရဏာသည် သာမည လက္ခဏာအားဖြင့် တစ်ပါးတည်းသာဖြစ်သည်၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား စာတုဒ္ဒသီ ပဝါရဏာ။ပ။ နေ့၏အစွမ်းအားဖြင့် သုံးပါးအပြားရှိသည်၊ ထိုသုံးပါးတို့တွင် ယခုပြုမည့် ပဝါရဏာသည် အဘယ်ပဝါရဏာဖြစ်ပါသနည်း။

(ဖြေ) ပန္နရသီ ပဝါရဏာဖြစ်ပါသည် အရှင်ဘုရား။(၁-က)

(မေး) သံဃပဝါရဏာ။ ပ။ ကာရက ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သုံးပါးအပြားရှိသည်၊ ထိုသုံးပါးတို့တွင် ယခုပြုမည့် ပဝါရဏာသည် အဘယ်ပဝါရဏာဖြစ်ပါသနည်း။

(ဖြေ) သံဃပဝါရဏာဖြစ်ပါသည် အရှင်ဘုရား။ (၁-ခ)

(မေး)တေဝါစိကပဝါရဏာ။ ပ။ ကာတဗ္ဗာကာရ၏အစွမ်းအားဖြင့် လေးပါးအပြားရှိသည်၊ ထိုလေးပါးတို့တွင် ယခုပြုမည့် ပဝါရဏာသည် အဘယ်ပဝါရဏာဖြစ်ပါသနည်း။

(ဖြေ) သုံးကြိမ်တိုင်တိုင် လျှောက်ဆိုဖိတ်ကြားလျက် ပြုအပ်သော တေဝါစိကပဝါရဏာဖြစ်ပါသည် အရှင်ဘုရား။ (၁-ဂ)

(မေး) ဤသံဃပဝါရဏာကိုပြုရာဝယ် ငါးပါး။ ပ။ စည်းဝေးတည်နေကြလျှင် ဤသံဃပဝါရဏာကံအား လျှောက်ပတ်ပေသည်၊ ယခုအခါ ထိုမျှလောက်သော ရဟန်းတော်တို့သည် တစ်ခုတည်းသောသိမ်အတွင်း၌ အချင်းချင်း ၂-တောင့်ထွာ ဟတ္ထပါသ်ဆက်စပ်လျက် ကာယသာမဂ္ဂီပေး၍ စည်းဝေးတည်နေကြပါကုန်ပြီလော။

http://www.dhammadownload.com



(ဖြေ) ယခုအခါ ငါးပါးထက်အလွန်(. . .)ပါးသော ရဟာန်း တော်တို့သည်။ ပ။ တည်နေကြပါကုန်ပြီ အရှင်ဘုရား။ (၂)

(မေး) စည်းဝေးတည်နေကြသော ထိုရဟာန်းတို့သည် သဘောတူ ဝတ္ထုကြောင့် သင့်သောအာပတ်မှ ကင်းစင်ကြပါကုန်ပါ ပြီလော။

(ဖြေ) ဒေသနာပြောကြားကြပြီး ဖြစ်၍ ကင်းစင်ကြပါကုန် ပြီ အရှင်ဘုရား။ (၃)

(မေး) လူ ဘိက္ခုနီ အစရှိသော နှစ်ကျိပ်တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို သံဃာတော်၏ ၂-တောင့်ထွာ ဟတ္ထပါသ်မှ အပ ပြုသောအားဖြင့် ကြဉ်အပ်ပါကုန်ပြီလော။

(ဖြေ) ကြဉ်အပ်ပါကုန်ပြီ အရှင်ဘုရား။ (၄)

(လျှောက်) ဤလေးပါးသော အင်္ဂါတို့ဖြင့် ရေတွက်အပ် သော ပဝါရဏာကံကို လျှောက်ပတ်သောအခါရှိသော ပတ္တကလ္လ ကံ- ဟုခေါ်ဆိုအပ်ပါသည် အရှင်မြတ်တို့ဘုရား။

**(ပုစ္ဆကပုဂ္ဂိုလ်က နောက်ဆုံးကျေညာရန်)**

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရဏံ ကာတုံ အာရာဓနံ ကရောမ။

သာဓု-သာဓု-သာဓု

(ထို့နောက် သံဃမထေရ်ကြီးကစ၍ အစဉ်အတိုင်း ပဝါရဏာ ပြုရာ၏)

**သံဃပဝါရဏာပြုပုံ ပြီး၏။**

***